
http://www.dhammadownload.com

အရှင်ပညာဇောတ

# ဗုဒ္ဓ၏သက်သတ်လွတ်



http://www.dhammadownload.com







http://www.dhammadownload.com

# ဗုဒ္ဓ၏
# သက်သတ်လွတ်

တေဇက် — အရှင်ပညာဇောတ

ဘာသာရေး ခွင့်ပြုချက် အမှတ် (၁၀၆၀၁)

http://www.dhammadownload.com

ဖုန်းခါးသက်သတ်လွတ်

ဘာသာရေးခွင့်ပြုချက် (၁၀၆၀၁)

ပထမ အကြိမ်

အုပ်ရေ - (၃၀၀၀)

၁၉၇၈ - စက်တင်ဘာလ

တန်ဖိုး - (     ) ကျပ်

●

ထုတ်ဝေသူ - ဒေါ်တင်မေ (၀၁၅၁၇)
ဝိတောက် စာပေ
အမှတ် ၁၁၆-၇၊ ရန်ကင်း၊
ရန်ကုန်။

ပုံနှိပ်သူ - ဦးခင်မောင် (၀၁၃၈၉)
မြန်မာ့တံခွန် ပုံနှိပ်တိုက်
အမှတ် ၅၆၊ လှည်းတန်း၊
ကမာရွတ်၊ ရန်ကုန်။

http://www.dhammadownload.com

# ထွက်ပြီးစာအုပ်များ

နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်၏ လျှောက်ထား တိုက်တွန်းချက်အရ "တေဒင် ဝတ္ထုများ" ကို အကျဉ်းချုပ်၍ (၁၄) ရက်တိုင် ဟောပြောရာမှ သတိသံဝေဂတရား ဖြစ်ပွားကာ တောထွက်သွားသဖြင့် "တေဒင်–ကိုယ်တော်" ဟု တွင်သော–

"တေဒင်–အရှင်ပညာဇောတ"၏ ထွက်ဆဲနှင့် ထွက်ပြီး စာအုပ်များ

၁။ ဒါနဝတ္ထု (၂)ကြိမ်
၂။ သီလဝတ္ထု
၃။ ဗုဒ္ဓ ဓမ္မပြဿနာများ (၁)
၄။ ဘာဝနာဝတ္ထု
၅။ ဒေါသဖြေဖျောက်နည်း
၆။ ဗုဒ္ဓဓမ္မပြဿနာများ (၂)
၇။ ခေတ်ကမ္ဘာ္ဒနိုးကျမ်း (ကြီးကြပ်)
၈။ ဗုဒ္ဓ၏သက်သတ်လွတ်
၉။ ဗုဒ္ဓဓမ္မပြဿနာများ (၃) (ထွက်ဆဲ)
၁၀။ ရှင်လောင်းသင်ကျင့်ဝတ် (ရိုက်ဆဲ)

http://www.dhammadownload.com

# ကိုးကားသောကျမ်းများ

၁။ ဒီဃနိကာယ်မှ

သုတ်မဟာဝါပါဠိတော် (၁)
သုတ်မဟာဝါအဋ္ဌကထာ (၂)
သုတ်ပါထေယျပါဠိတော် (၃)
သုတ်ပါထေယျအဋ္ဌကထာ (၄)

၂။ မဇ္ဈိမနိကာယ်မှ

မဇ္ဈိမပဏ္ဏာသပါဠိတော် (၅)
မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (၆)
မဇ္ဈိမပဏ္ဏာသဋီကာ (၇)

၃။ သံယုတ္တနိကာယ်မှ

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် (၈)
၎င်းအဋ္ဌကထာ (၉)
နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (၁၀)
၎င်းအဋ္ဌကထာ (၁၁)
မဟာဝဂ္ဂသံယုတ်ပါဠိတော် (၁၂)

http://www.dhammadownload.com

# ကိုးကားသောကျမ်းများ


၄။ **အင်္ဂုတ္တရနိကာယ်မှ**

တိကင်္ဂုတ္တရပါဠိတော် (၁၃)

ရင်းအဋ္ဌကထာ (၁၄)

၅။ **ခုဒ္ဒကနိကာယ်**

**(က) ဝိနည်းမှ**

ပါရာဇိကဏ်ပါဠိတော် (၁၅)

မဟာဝါပါဠိတော် (၁၆)

သာရတ္ထဒီပနီဋီကာ (၁၇)

**(ခ) သုတ္တန်မှ**

ဥဒါန်းပါဠိတော် (၁၈)

ရင်းအဋ္ဌကထာ (၁၉)

ခုဒ္ဒကပါဌပါဠိတော် (၂၀)

ရင်းအဋ္ဌကထာ (၂၁)

သုတ္တနိပါတ်ပါဠိတော် (၂၂)

ရင်းအဋ္ဌကထာ (၂၃)

ဓမ္မပဒအဋ္ဌကထာ (ပ–ဒု) (၂၄–၂၅)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပ) (၂၆)

သခ်ဇာတ်အဋ္ဌကထာ (၁၇)

ဗာလောဝါဒဇာတ်အဋ္ဌကထာ (၂၈)

http://www.dhammadownload.com

## ကိုးကားသောကျမ်းများ

### (၈) အဘိဓမ္မာမှ

ဝိဘင်းပါဠိတော် (၂၉)
ပဋ္ဌာန်းပါဠိတော် (၃၀)

### ဂန္ထန္တရများမှ

ဘုရားဥပဒေတော်ကြီး (၃၁)
သဂြိုဟ်ဘာသာဋီကာ (၃၂)
မဃဒေဝလင်္ကာ (၃၃)
အာမဂန္ဓအဆုံးအဖြတ်ကျမ်း (၃၄)
ဥပသကာလက်သုံးကျမ်း (၃၅)

**တေဒဂ်-အရှင်ပညာဇောတ**

မသိုးကျောင်း-တောကျောင်းကြီး
ကွင်းကောက်တောင်-အင်္ဂပူမြို့နယ်
၁၃၃၉-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄-ရက်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စူဠနိဒါန်း | ၁ |
| ၂။ | မဟာနိဒါန်း | ၂ |
| ၃။ | ဗုဒ္ဓ၏သက်သတ်လွတ်တရား(ပထမပိုင်း) | ၃၉ |
| ၄။ | သာသနာသိထားရမည် | ၄၄ |
| ၅။ | ကုသိုလ်ရှင်မှ မ,နိုင် | ၄၉ |
| ၆။ | သခ်ံပုဏ္ဏား | ၅၀ |
| ၇။ | ဘုရားမပွင့်မီ | ၅၄ |
| ၈။ | သား–ငါးမစား | ၅၆ |
| ၉။ | သပ္ပါယ ၇–ပါး | ၅၇ |
| ၁၀။ | ရှင်မေဃိယ | ၅၉ |
| ၁၁။ | ခတ်ခန္ဓာကိုယ် | ၆၅ |
| ၁၂။ | ချမ်းသာတဲ့ဣရိယာပုထ် | ၇၄ |
| ၁၃။ | တရားရရေးအဓိက | ၇၅ |
| ၁၄။ | သပ္ပါယ ၄–ပါး | ၈၅ |

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁၅။ | သောတာပန်ဖြစ်ရန် | ၈၇ |
| ၁၆။ | ရသေ့ပေါ်လာရင် | ၉၂ |
| ၁၇။ | ဘုရားပွင့်ပြီ | ၉၃ |
| ၁၈။ | အကျိုးငါးပါးရ | ၉၄ |
| ၁၉။ | ဘုရားရှင်ကြွပြီ | ၉၆ |
| ၂၀။ | ရသေ့တွေလာပြီ | ၉၉ |
| ၂၁။ | ဘုရားမဟုတ်နိုင် | ၁၀၅ |
| ၂၂။ | အာမဂန္ဓစား–မစား | ၁၁၄ |
| ၂၃။ | အကြောင်း ၂–မျိုး | ၁၁၅ |
| ၂၄။ | အာမဂန္ဓဆိုတာ | ၁၁၆ |
| ၂၅။ | ပဝတ္တမံသဆိုတာဘာလဲ | ၁၂၉ |
| ၂၆။ | တားမြစ်–ခွင့်ပြု | ၁၃၄ |
| ၂၇။ | မြင်–ကြား–ယုံမှား | ၁၃၉ |
| ၂၈။ | မသိလျှင်–စားရ | ၁၄၇ |
| ၂၉။ | မမြင်–မကြား–မယုံမှား | ၁၄၈ |
| ၃၀။ | ဆွမ်းခံရဟန်းကြား | ၁၅၁ |
| ၃၁။ | မမြင်ကြားဘဲယုံမှား | ၁၅၂ |
| ၃၂။ | သာရေး–နာရေး | ၁၅၄ |
| ၃၃။ | လူနှင့်ရဟန်း | ၁၅၆ |
| ၃၄။ | အသားကြီး ၁၀–ပါး | ၁၅၇ |
| ၃၅။ | ပေါင်သားလှီးလှူသူ | ၁၆၀ |

http://www.dhammadownload.com



# စူဠနိဒါန်း

ဗုဒ္ဓ၏ သက်သတ်လွတ် တရားစာအုပ်တော့ဖြင့် စာရှုသူ၏ လက်ဝယ်သို့ ရောက်ရှိလာပေပြီ၊ မိမိသည် ယင်းစာအုပ်ကို ရေးသားရာ၌ မိမိ၏အလိုကျ ထင်ရာမြင်ရာကို လျှောက်ပြီး မရေးသားဘဲ ဖော်ပြပါ **ဗုဒ္ဓဟော ပါဠိတော်ကျမ်းများ** နှင့် **အဋ္ဌကထာ၊ ဋီကာကျမ်းများ** အပြင် **အခြားဂန္ထန္တရကျမ်း** များမှ ကိုးကားထုတ်နုတ်၍ ရေးသားထားပါသည်။

သို့ဖြစ်၍ စာရှုသူ၏လက်ဝယ်သို့ ရောက်ရှိနေသော ဗုဒ္ဓ၏ သက်သတ်လွတ်တရားစာအုပ်သည် **ဗုဒ္ဓနည်းကျ သက်သတ်လွတ် တရားစာအုပ်တစ်အုပ်ဖြစ်ကြောင်း** ကြိုတင်သိစေအပ်ပါသည်။

မိမိသည် ဤစာအုပ်ကို ရေးသားရာ၌ စာရှုသူအဖို့ ဗုဒ္ဓ၏ သက်သတ်လွတ်တရားကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်ကြည့်ရှုသုံးသပ်၊ ဝေဖန်ခုံဖြတ် လိုက်နာကျင့်သုံးနိုင်၍ အကျိုးရရေးကိုသာ မျှော်ကိုးသည်အမှန်ဖြစ်ပါ၏။

သို့ဖြစ်၍ စာရှုသူသည် ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုကာ ကိုယ်တိုင်ဖတ်ရှုပြီး အမှားအမှန်ကို ကိုယ်တိုင်ဝေခွဲနိုင်၍ အမှားပယ်ရှား အမှန်လမ်းသို့ သွားနိုင်၍ ဤစာအုပ်ပါ တိဿရသော့ကြီးနှင့် အာမဂန္ဓရသော့ အမှူးရှိသည့် ရသော့ငါးရာတို့ ဆိုက်ရောက်သည့် နိဗ္ဗာန်သို့ ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်နိုင်ပါစေသတည်း။

http://www.dhammadownload.com



## မဟာနိဒါန်း

အိုစာရှုသူ... အတွင်း စာကိုယ်စာသားများကို မဖတ်ရှုသေးမီ ဤမဟာနိဒါန်းကို သေသေချာချာဖတ်ရှုပါ။ နက်နက်နဲနဲ ကြံတွေးပါ။ အမှန်ကို လက်ခံနိုင်သော နှလုံးသားရှိကြသူတိုင်း သက်သတ်လွတ်စားသည့် ဝါဒသည် ဗုဒ္ဓ၏ ဝါဒမဟုတ်ကြောင်းကို ခိုင်ခိုင်မာမာ သဘောကျလိမ့်မည်ဟု တာဝန်ယူပါသည်။

သည်သာမကသေးပါ။ ဤမဟာနိဒါန်းပါ ကျင့်ကြံနည်းအတိုင်း အစာအာဟာရ သုံးဆောင်ရာဝယ် ကျင့်ကြံပါက အနာဂါမိမဂ်-ဖိုလ်အထိ ပညာဉာဏ် ရင့်ကျက်ပြီးသူတိုင်း ရောက်စေရမည်ဟုလည်း ထပ်လောင်း၍ တာဝန်ယူပါသည်။ ကဲ...မဟာနိဒါန်းကို ရှုစမ်းပါဘိ...

### သာသနာ့အန္တရာယ်မျိုးစုံအဖုံဖုံ

"ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာကား မီးပုံကြီးအလယ်ဝယ် ပဒုမာကြာပန်း ပေါက်ရောက်ပေါ်ထွန်း ပွင့်လာရသည့် တရထည်

http://www.dhammadownload.com



ကလိယုဂ် ဆုတ်ကပ်ချိန်အခါဝယ် ပွင့်တော်မူလာသည့် ဖြစ်ရကား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါကလည်း ကိုယ်တော်အားလည်းကောင်း၊ ကိုယ်တော်၏ သာသနာတော်အားလည်းကောင်း အတွင်းရော အပြင်ပါ နှောင့်ယှက်မှု အဖြာဖြာတို့နှင့် တွေ့ကြုံတော်မူခဲ့ရသည်ကို ဗုဒ္ဓသာသနာတော်နှင့် နီးစပ်သူတိုင်းလိုလိုပင် သိရှိကြပြီး ဖြစ်ပေလိမ့်မည်။

## အန္တရာယ်အမြွက်မျှ ထုတ်နုတ်ပြ

"သက်တော်ထင်ရှား ရှိတော်မူစဉ်က အန္တရာယ်များကို ချန်လှပ်ထားလျက် ကိုယ်တော်မြတ်မျက်နှာတော်လွှဲပြီးမှ ဖြစ်ပေါ်လာကြသော အန္တရာယ်များကို အမြွက်မျှ ထုတ်ပြရပါမူ ကိုယ်တော်မြတ် ပရိနိဗ္ဗာန် ဝင်စံတော်မူ၍ အလောင်းတော်မျှ မီးသင်္ဂြိုဟ်ခြင်း မပြုရသေးမီပင် သုဘဒ်ရဟန်းကြီး၏ စော်ကားမော်ကား ပြောကြားလာသော စကားကို အကြောင်းပြု၍ အရှင်မဟာကဿပထေရ်ကြီး ဦးစီးပြီး အန္တရာယ် ကာကွယ်ပွဲကြီး ပြုလုပ်ခဲ့ရပါသည်။

ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဘုရင်၏ အကူအညီဖြင့် ရဟန်းကောင်း ရဟန်းမြတ်တို့အား နှိပ်စက်ညှင်းပန်းခြင်း စိတ်နှလုံး ဆင်းရဲစေခြင်းများ ပြုကြသည့်ပြင် ဝိနည်းမမှန်ကို အကောက်ဉာဏ်ဖြင့် မိမိတို့ မလိုသည်ကို ပယ်ဖျက် လိုသည်ကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း အစရှိသော သာသနာ့အန္တရာယ်တို့ကို စုပေါင်းပြုလုပ်နေကြသောကြောင့် အရှင်ရေဝတထေရ်မြတ်နှင့် အရှင်သဗ္ဗကာမိ စသော ထေရ်မြတ်တို့သည် ဦးဆောင်ကာ သာသနာ့အန္တရာယ်ကို ကာကွယ်တော်မူခဲ့ကြရပါသည်။

http://www.dhammadownload.com



သီရိခမ္မာသောကမင်းကြီး၏ လက်ထက်တွင်လည်း သာသနာတော်ကို ခိုလှုံပြီး **"အရိပ်ခိုခို အခက်ချိုးချိုး"** ပြုလုပ်နေကြသည့် အညတိတ္ထိယတို့အား အချို့ကို လူဝတ်လဲပေးခြင်း၊ အချို့ကို တိုင်းပြည်မှ နှင်ထုတ်ခြင်း, အချို့ကို သိက္ခာအသစ် ထပ်စေခြင်းဖြင့် သာသနာတော်ကို သုတ်သင်ကာကွယ်ခဲ့ရပါသည်။

သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိအဘယမင်းနှင့် သားတော် ဇေဋ္ဌတိဿတို့ သာသနာတော်ကို သုတ်သင် ရှင်းလင်းစဉ်အခါက သမုဒ္ဒရာတစ်ဖက် စောဠတိုင်းသို့ ထွက်ပြေး တိမ်းရှောင်နေရသော ဘာသန္တရကောဝိဒ လောကီယအတတ်မျိုး ဒိုးကဲ့သို့ မွှေနိုင်သော ပါပရဟန်းဆိုး သံဃမိတ္တသည် မိမိနှင့် သဘောတူ ပါပမင်း မဟာသေန နန်းတက်သောအခါ သီဟိုဠ်သို့ ပြန်လာပြီးနောက် မင်းလိုလိုက် မင်းကြိုက်များကိုသာ ပြုမူ, ပြောဆို, လုပ်ကိုင်, ဆောင်ရွက်ပေးသဖြင့် ယခင် သာသနာပြုမင်းများ လက်ထက်က အပြစ်များ ပလပ်သွားရုံမျှမက မင်းဆရာသဖွယ် အလွန်တစ်ရာ ထယ်ဝါ၍လာခဲ့ပေသည်။

ပင်ကိုယ်က စိတ်ယုတ်မာရှိသော ပါပရဟန်း သံဃမိတ္တသည် အခွင့်ရလာသောအခါ ပညာမဲ့လှသော မဟာသေနမင်းအား အမျိုးမျိုး လည်ဆယ်လုပ်ကြံ၍ သံဃာတော်များ၏ အပြစ်ကို ပြောဆိုနားဝင်စေပြီး ရဟန်းသံဃာများကို မကိုးကွယ်ကြရဟု စည်လှည့်လည်စေပါသည်။

ပုဂံပြည် အနော်ရထာမင်းစောသည်လည်း ရှင်အရဟံ၏ ဩဝါဒကို ခံယူလျက် သာသနာ့ရန်စွယ် အရည်းကြီးတို့အား ဖယ်ရှားသုတ်သင်ကာ သာသနာတော်ကို သန့်စင်စေခဲ့ရပါသည်။

http://www.dhammadownload.com



သလ္လာဝတီ ချင်းတွင်းမြစ် အနောက်ဖက် တုံ့ရွာနေ အရှင်ဂုဏာဘိလင်္ကာရမည်သော ပုဂ္ဂိုလ်က ရဟန်းများနှင့် ကွဲပြားခြားနားစိမ့်သောငှာ သာမဏေရ်များသည် ရွာတွင်းသို့ဝင်လျှင် သင်္ကန်းမရုံဘဲ လက်ကန်တော့တင်၍သာ သွားရမည်ဟု တည်ထွင်သည်မှစ၍ "**တင်ဂိုဏ်း**"ဟု ပေါ်လာခဲ့ပေသည်။ တုံ့ရွာဆရာတော်၏ ဝါဒဖြစ်ခြင်းကြောင့် ထိုဂိုဏ်းကို "**တုံ့ဂိုဏ်း**"ဟု လည်း ခေါ်ဆိုကြပေသည်။ သင်္ကန်းရုံ၍သွားရမည်ဟု အယူရှိသော ဂိုဏ်းကိုကား "**ရုံဂိုဏ်း**"ဟု ခေါ်ဆိုကြလေသည်။

အဆိုပါ တုံ့ဂိုဏ်း, ရုံဂိုဏ်းသည် သာသနာတော် ပျက်စီးလောက်အောင် အရေးကြီးသော ကိစ္စပင် မဟုတ်စေကာမူ ဘိုးတော်မင်းတရားကြီးသည် သာသနာတော်သို့ ရန်ဟူသမျှ မြူခန့်မျှမကျစေလိုသဖြင့် ကျမ်းဂန်တွင် မပါရှိတဲ့ ဝါဒသစ်ကို လက်ခံကျင့်သုံးနေသော တုံ့ဂိုဏ်းအစဉ်အဆက်မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ အတုလဘွဲ့ခံ သာသနာပိုင်ဟောင်း ဦးပန်းထွေးအားနန်းတော်အတွင်းမှာပင် သင်္ကန်းချွတ်၍ မတ်တပ်ရပ်နေစေပြီးနောက် တိရစ္ဆာန်, ကြက်, ငှက်ပမာ ဗလာ ကိုယ်တည်းထားကာလှေဦးတွင် ဆောင်းဖြင့်အုပ်၍ သရက်မြို့ တစ်ဖက် အာလံကျွန်းဆွယ်တွင် လွှတ်၍ သာသနာတော်ကို သုတ်သင်ရှင်းလင်းခဲ့ရပါသည်။

စေတီတော်များကို ဖျက်ဆီး၍ ဘဏ္ဍာတော်များကို ယူခြင်း၊ ပိဋကတ်တော်များကို မီးရှို့ဖျက်ဆီးခြင်း၊ သံဃာတော်များကို သတ်ဖြတ်ခြင်းစသည်ဖြင့် သာသနာတော်မြတ်ကြီးကို မီးကုန်, ယမ်းကုန်

http://www.dhammadownload.com



ဖျက်ဆီးသော အင်းဝဘုရင် သိုဟန်ဘွားအား လုပ်ကြံသတ်ဖြတ်လျက် မင်းကြီးရန်နောင်က သာသနာ့အန္တရာယ်ကို ကာကွယ်ခဲ့ရပါသည်။

ဟံသာဝတီပြည် တိဿရာဇာမင်း လက်ထက်တွင်လည်း ဒွန်းစဏ္ဍား ပါပရဟန်းယုတ်တို့သည် တိုင်းတစ်ပါးမှ ကူးစက်ပြန့်ပွားလာသော အယူဝါဒတို့ဖြင့် မင်းကြီးအား ဖြားယောင်း၍–

> "မင်းကြီး ကျက်သရေတန်ခိုး တိုးတက်ကြီးပွားစေလိုပါလျှင် ကျက်သရေ ကင်းမဲ့လှပါသော အသေကောင်ဂေါတမ၏ အရုပ်များကို နိုင်ငံသူ နိုင်ငံသားများအား မကိုးကွယ်ကြပါစေကုန်လင့်၊ ဤသို့ မကိုးကွယ်ကြခြင်းဖြင့် နိုင်ငံတော် သာယာဝပြောမည့်ပြင် အရှင်မင်းကြီးအားလည်း ကျက်သရေတန်ခိုး တိုးတက်ပါလိမ့်မည်"

ဟု လှည့်ပတ်ပြောဆိုသည်ကို အဟုတ်ထင်မှတ်၍ နိုင်ငံတွင်းရှိ ရုပ်ပွားစေတီ ဟူသမျှတို့ကို ဖျက်ဆီးစေ၍ ကိုးကွယ်သူများကိုလည်း မင်းဒဏ်ခတ်စေလေသည်။

ထိုအခါ "**တိုင်းပြည်အလုံး ကြွမ်မီးအုံးသို့**" ယူကြုံးမရဖြစ်ကြရသည့်ပြင် တိုင်းပြည်တွင်လည်း မကြုံစဖူး ထူးထူးခြားခြား ရေဘေး၊ လေဘေး၊ မီးဘေး၊ အနာရောဂါဘေး၊ မြေငလျင်ဘေး စသည်တို့ဖြင့် ကြုံတွေ့ကြရကာ လူရှင်အားလုံး "**ကျိုးလန့်စာ စားရသည့်ပမာ**" ချောက်ချားကြရလေသည်။

သို့တွေ့ကြုံကြရသောအခါ အသက် (၁၆)နှစ်အရွယ်ရှိ ဘဒ္ဒါမည်သော အမျိုးသမီးငယ်ကလေးက အသက်ကိုစွန့်ကာ အာဏာ

http://www.dhammadownload.com



ကို ဖီဆန်၍ ရုပ်ပွားတော်တစ်ဆူကို ခေါင်းဖြင့်ရွက်ပြီး အချက်ကျကျ မင်းအားပြောပြမှ တိဿရာဇာ သဘောကျ၍ နိုင်ငံခြားအယူဝါဒဆိုးနှင့် ဒွန်းစပ်လျှား ရဟန်းယုတ်တို့ကို သုတ်သင်ပြီး သာသနာတော်ကို ကြည်လင်သန့်ရှင်းစေခဲ့ရပါသည်။ ဤသို့ ပြဆိုအပ်သည်တို့ကား လွန်ခဲ့သောကာလက ကြုံတွေ့ခဲ့ရသော သာသနာ့အန္တရာယ် အချို့အဝက်များ ဖြစ်ကြပါသည်။

## သက်သတ်လွှတ်လေထုမငြိမ်မသက်ဖြစ်ခဲ့ရခြင်း

သက်သတ်လွှတ်ခေါ် အသားစားရှောင်ကြဉ်ရန် ပြဿနာကို စတင်ဖော်ပေးသည့် လေထုကြီးကား ဗုဒ္ဓရှင်တော် ထင်ရှားရှိစဉ်ကပင် စတင်လှုပ်ရှားကာ မငြိမ်မသက် ဖြစ်ခဲ့ရပါသည်။ စတင်ဖော်ပေးသူကား ဒေဝဒတ်ဖြစ်၍ ဖော်ပေးရခြင်းအကြောင်းရင်းကား လာဘ်လာဘ အကျော်အစောကို မက်မောလှသော လောဘကြောင့်ဖြစ်၏။ ရလဒ်ကား အဝီစိငရဲ ဖြစ်ပါသည်။ သို့ဖြစ်ရကား "**သက်သတ်လွှတ်ဂိုဏ်း**" စတင်တည်ထောင်လိုသူမှာ ဒေဝဒတ်ဟု အကျဉ်းမှတ်သားထားပါဦး။

## ထင်ရှားဆက်လက်ပြဆိုချက်

ဒေဝဒတ်သည် လာဘ်ပေါ်များလိုခြင်း၊ ပူဇော်ဖွယ် အဝတ်ပေါ်တို့ကို ရလိုခြင်းကို အကြောင်းပြု၍ ဘုရားရှင်အား အမျိုးမျိုး သေကြောင်းကြံပါသော်လည်း မအောင်မြင်သည့်အဆုံး ပညာမဲ့သူ လူ့ဗာလတို့၏ ကြိုက်လုံးဖြစ်သော အနုနည်းလက်နက်ကို

http://www.dhammadownload.com



ဆက်လက်၍ အသုံးပြုပြန်ပါသည်။ ဘယ်လိုအသုံးပြုပါသလဲ? လာဘ်လာဘတွေ ဆုတ်ယုတ်ပြီး အလွန် ဒုက္ခတွေ့လာရသော ဒေဝဒတ်သည် ကောကာလိကနှင့် တိုင်ပင်ပြီး အခြံအရံ ပရိသတ်များနှင့်တကွ ဘုရားရှင်ထံတော်မှောက်သို့ ကပ်ရောက်ပြီးသော် လူပြိန်း, လူနတို့၏ နားတွင် အကြားကောင်းစေမည့် အချက်ကြီးငါးချက်တို့ကို တောင်းဆိုပါတော့သည်။

## လူပြိန်းကြိုက်အချက်ကြီးငါးချက်

မြတ်စွာဘုရား–အရှင်ဘုရားသည် အလိုရမက်မရှိခြင်း၏ ဂုဏ်ကျေးဇူး၊ ရောင့်ရဲလွယ်ခြင်း၊ ခေါင်းပါးအောင်ကျင့်ခြင်း၊ ကိလေသာတို့ကို ခါတွက်နိုင်ဖို့ ကျင့်ခြင်း၊ ကြည်ညိုဖွယ်ဖြစ်အောင် ကျင့်ခြင်း၊ စုတိပဋိသန္ဓေ အသစ်မဖြစ်ရန် ကျင့်ခြင်း၊ လုံ့လကြီးကုတ်အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို နည်းပေါင်းများစွာဖြင့် ဟောကြားတော် မူလေ့ရှိပါသည်။ မြတ်စွာဘုရား...တပည့်တော် ယခုလျှောက်ကြားတောင်းဆိုမည့် အချက်ကြီးငါးချက်ဟာ အရှင်ဘုရားလိုလားချက်များနှင့် အမှန်ပင် ကိုက်ညီကြပါလိမ့်မည်ဘုရား–

၁။ အရှင့်တပည့်သားများသည် တစ်သက်ပတ်လုံး တောရကျောင်းမှာသာ နေကြပါစေ၊ ရွာကျောင်းနေသူအတွက် အာပတ်အပြစ် သင့်ရောက်ပါစေ။

၂။ အရှင့်တပည့်သားများသည် တစ်ပတ်လုံး ဆွမ်းခံ၍သာ စားကြပါစေ၊ ပင့်ဖိတ်၍ လှူအပ်သောဆွမ်းကို စားသူအတွက် အာပတ်အပြစ် သင့်ရောက်ပါစေ။

http://www.dhammadownload.com



၃။ အရှင့်တပည့်သားများသည် တစ်သက်ပတ်လုံး ပံ့သုကူ သင်္ကန်းကိုသာ ဝတ်ရုံကြပါစေ၊ ဒကာ ဒကာမလှူသော သင်္ကန်းကို ဝတ်သူအတွက် အာပတ်အပြစ် သင့်ရောက်ပါစေ။

၄။ အရှင့်တပည့်သားများသည် တစ်သက်ပတ်လုံး သစ်ပင်ရင်း၌သာ နေထိုင်ကြပါစေ၊ အမိုးအကာရှိသော ကျောင်းသို့ ကပ်ရောက်သူအတွက် အာပတ်အပြစ် သင့်ရောက်ပါစေ။

၅။ အရှင့်တပည့်သားများသည် တစ်သက်ပတ်လုံး သက်သတ်လွတ်သာ စားကြပါစေ၊ အသား-စားသူအတွက် အာပတ်အပြစ် သင့်ရောက်ပါစေ။

ဤကား ဒေဝဒတ်တောင်းဆိုသော လူပြိန်းကြိုက် အချက်ကြီးငါးချက် ဖြစ်ပါသည်။ ယင်းတွင် အမှတ်(၅)အချက်ကား သက်သတ်လွတ်စားရန် တောင်းဆိုခြင်းဖြစ်၍ သက်သတ်လွတ်ဝါဒကို စတင်ကြိုးပမ်းသူမှာ ဒေဝဒတ်သာဖြစ်ကြောင်း၊ ယင်းသို့ကြိုးပမ်းခြင်းမှာလည်း အလွန်ယုတ်ညံ့သော စိတ်ထားဖြင့်သာ တောင်းဆိုခြင်းဖြစ်ကြောင်း အခြေခံကို တိတိကျကျ မှတ်သားထားရန် လိုအပ်ပါသည်။

## ဗုဒ္ဓ၏ပြန်လည်မိန့်ကြားချက်

အိုစာရှုသူ...ဤနေရာတွင် ဗုဒ္ဓ၏ မိန့်ကြားချက်နှင့် ဒေဝဒတ်၏ တောင်းဆိုချက်ကို နှိုင်းယှဉ်ပြီး ဖတ်ရှုပါ၊ စဉ်းစားပါ။ ဗုဒ္ဓက

http://www.dhammadownload.com



ဘယ်လိုမိန့်သလဲ။ ဟယ်...ဒေဝဒတ်–သင့်တောင်းဆိုချက်တွေ ဟာ... တစ်ခုမှ မသင့်တော်ဘူး။

၁။ တောရကျောင်း၌ နေနိုင်သူနေ၍ မနေနိုင်သူက ရွာကျောင်းမှာ နေပါ။

၂။ ဆွမ်းခံစားလိုသူက ဆွမ်းခံစား၍ ပင့်ဖိတ်၍ လှူအပ်သောဆွမ်းကို စားလိုသူက စားပါ။

၃။ ပံသုကူသင်္ကန်း ဝတ်ရုံလိုသူက ဝတ်ရုံ၍ ဒကာ–ဒကာမတို့ လှူသောသင်္ကန်း ဝတ်လိုသူက ဝတ်ပါ။

၄။ ဆောင်းလေးလ၊ နွေလေးလ သစ်ပင်ရင်း၌ နေလိုပါက နေကြရန် ငါခွင့်ပြုပြီးဖြစ်သည်။

၅။ အသားကြီး ၁၀–ပါးနှင့် အစွန်းသုံးပါးမှလွတ်သော အသားများကို စားရန် ငါခွင့်ပြုထားပြီး ဖြစ်သည်။

ဤသို့ ပြန်လည်မိန့်ကြားတော်မူလေပြီ၊ ဤနေရာ၌ ဒေဝဒတ်၏ တောင်းဆိုချက်နှင့် ဗုဒ္ဓ၏ ပြန်လည် မိန့်ကြားချက်များကို ပတ်ပတ်နပ်နပ်ဖြစ်အောင် ကြည့်ရှု စဉ်းစားသော်...ဒေဝဒတ်ကား အလိုရမက် နိုပ်စက်အပ်လှသဖြင့် သံဃာသင်းခွဲပြီး သာသနာတော်ကို ဖျက်ဆီးရန် အကြံယုတ်ဖြင့် တောင်းဆိုခြင်းဖြစ်ကြောင်း ပေါ်လွင်ပါလိမ့်မည်။

ဗုဒ္ဓ၏ ပြန်လည်မိန့်ကြားချက်များအနက် သက်သတ်လွတ်စားရန် တောင်းဆိုချက်မှတစ်ပါး ကျန်အချက်များ၌ နှစ်မျိုးနှစ်စား မိန့်ကြားတော်မူကာ သက်သတ်လွတ်ကိစ္စ၌ကား ယတိပြတ်တစ်ချက်တည်းပင် "**အသားကြီး ၁၀–ပါးနှင့် အစွန်းသုံးပါးမှ**

http://www.dhammadownload.com



**လွတ်သော အသားကိုစားရန် ခွင့်ပြုပြီးဖြစ်သည်**"ဟု မိန့်ကြားတော်မူချက်ကို လေးလေးနက်နက် ဆင်ခြင်ပါက အသားစားရှောင်ကြဉ်မှုသည် ဗုဒ္ဓ၏အလိုတော် မဟုတ်သည့်ပြင် စားသည့်အတွက် ဝိနည်းဒေသနာတော်အရ အာပတ်မသင့်နိုင်ရကား သက်သတ်လွတ်စားခြင်းသည် ဝိနည်းအကျင့် မဟုတ်သည်သာမက ထိုသို့ သက်သတ်လွတ်စားမှုသည် ဗုဒ္ဓအလိုတော်နှင့် ကိုက်ညီသလိုလို ပြောဆိုကြခြင်းကား ဗုဒ္ဓ မပညတ်အပ်သည်ကို ပညတ်သယောင် ပြုမူပြောဆိုခြင်းကြောင့် သာသနာဖျက်သူပင် မည်ပါသေးသည်။

## ခါးတောင်းကျိုက်တခြား တင်တခြား

သူအချို့ကမူကား ဒီဃနိကာယ် ပါထိကဝဂ္ဂ အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လာသော အသားစားရှောင်မှုနှင့် စပ်၍ မိန့်ဆိုထားချက်များကို အမြွက်ထောင်ကာ သက်သတ်လွတ်စားခြင်းသည် ကျမ်းဂန်နှင့်ညီသယောင်ယောင် ပြောဆိုကြသေးသည်။ ပါထိကဝဂ္ဂအဋ္ဌကထာ အာရညကင်္ဂ(ယ)သုတ်အဖွင့်၌ ထိုသုတ်ကိုရွတ်မည့် ပုဂ္ဂိုလ်တို့သည် "မုံ့ညက်, ထောပတ်, ကုန်းသတ္တဝါတို့၏ အသား, ငါးများကိုမစားကြရ၊ သုသာန်၌လည်း မနေကြရ"ဟု မိန့်ဆိုထားချက်ရှိပါသည်။ ထိုသို့ မိန့်ဆိုထားခြင်းကား အပြစ်တစ်စုံတစ်ရာရှိခြင်းကြောင့်မဟုတ်ပေ။ ဘီလူးသားရဲတို့ ကြိုက်တတ်သော အစာများဖြစ်၍ ထိုအနံ့နံ့ပါက အန္တရာယ် ပြုကြမည်ကို စိုးရိမ်၍ မိန့်ဆိုထားခြင်းမျှသာ ဖြစ်ပါသည်။

http://www.dhammadownload.com



## သက်သတ်လွတ်တစ်မျိုးတည်းကိုတော့ ဝ-မကွက်ကြပါနှင့်

အဆိုပါ အဋ္ဌကထာများကို ထောက်ထား၍ အသက်သတ် လွတ်စားရမည်ဟု ဆိုချေသော် ထိုအဋ္ဌကထာများ စကားအရပင် ငါး, နွမ်းပြစ်, မုံညက်, ထန်းလျက်ခဲ, နွမ်းဆီ, တင်လဲခဲတို့ကို လည်း ရှောင်ကြဉ်သင့်ကြသည် မဟုတ်ပါလော၊ သို့တစေ ရှောင်ကား မရှောင်ကြပါ။ ဂိုဏ်းတော်ကြီးအမိန့်ကို ပြင်စရာ မကောင်းပေဘူးလား?

## ဆိုရေးရှိက-ဆိုအပ်လှ၏

သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်များ အသားမစားရ စသည်ဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုရာ၌လည်း စိစစ်ရန် လိုအပ်မည် ထင်ပါ သည်။ အကြောင်းကား ဓုတင်ဆောင်ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး အသာလွန်ဆုံး တေဒဂ်ရ အရှင်မဟာကဿပထေရ်မြတ်ကြီးသည် လည်းကောင်း၊ အရှင်မဟာကဿပထေရ်မြတ်ကြီးနှင့် သဘောတူ ဖြစ်တော်မူကြသည့် ဓုတင်ဆောင် ပုဂ္ဂိုလ်မြတ်ကြီးများသည် လည်းကောင်း၊ ထို့ပြင် ထေရဂါထာ, ပါဠိအဋ္ဌကထာ, ထေရ အပဒါန် ပါဠိအဋ္ဌကထာတို့၌ လာသော ဓုတင်ဆောင်ပုဂ္ဂိုလ်ကြီး များသည်လည်းကောင်း၊ သုသာန်ဓုတင်ကိုပင် ဆောင်ကြလင့် ကစား အသားစားရှောင်ကြဉ်ကြသည်ဟု မည်သည့်ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့တွင်မှ မိန့်ဆိုဟောကြားထားခြင်း မရှိရကား ထိုအရှင်မြတ်ကြီးတို့မှာ မုချပင် အသားကို သုံးဆောင်

http://www.dhammadownload.com



တော်မူကြသည်ဟု တထစ်ချ မှတ်ယူရပါမည်။ ထို့ပြင်တဝ့လည်း ပုထုဇဉ်ပင် ဖြစ်လင့်ကစား ဘီလူးသားရဲ စသည်တို့ကို မကြောက်တတ်သော ပုဂ္ဂိုလ်များမှာလည်း အသားစား မရှောင်ခြင်းကြောင့် အန္တရာယ်မဖြစ်သည်ကိုလည်း ဒိဋ္ဌ–မြင်မြင်, သုတ–နားကြားပင် ဖြစ်ပါသည်။

## ဤသို့ယူဆပါကသင့်စရာပင်

ကိလေသာ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်များ၊ ဒေါသကိုပယ်ပြီးသော အနာဂါမိပုဂ္ဂိုလ်များအတွက် သုသာန်၌ပင် နေကြစေကာမူ အသားစားရှောင်ကြဉ်ဖွယ်မလိုပါ၊ ပုထုဇဉ်ပင် ဖြစ်လင့်ကစား မကြောက်တတ်သော ပုဂ္ဂိုလ်များလည်း အသားစား ရှောင်ကြဉ်ရန်မလိုပါ။ ကြောက်တတ်သောပုဂ္ဂိုလ်များ သုသာန်၌ နေကြပါမူ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ သို့တစေ တစ်စုံတစ်ရာ အပြစ်ရှိ၍ ရှောင်ရခြင်းကားမဟုတ်၊ မိမိအတွက် အန္တရာယ် မဖြစ်စေရန်သာ ရှောင်ကြဉ်ရခြင်းဖြစ်သည်။ ရွှေရောင်ပြ ဆရာတော်ဟု ထင်ရှားခဲ့သော ဆရာတော် ဦးအုံးခိုင်သည်လည်း သုသာန်မှာတင် အမြဲဆောက်တည်တော်မူပါသဖြင့် အသားစား ရှောင်ကြဉ်တော်မူခဲ့ပါသတဲ့။

## စားသူရှိ၍ ရောင်းသူရှင် ရောင်းသူရှင်၍ တွင်တွင်သတ်

လူအချို့တို့ကလည်း ဖော်ပြပါ လယ်တီဆရာတော်ဘုရားကြီး၏ နွားမေတ္တာစာတွင် ပါရှိသော စာပိုဒ်ကို လိပ်ခဲတင်းတင်း စွဲကိုင်ပြီး စားသူများမှာလည်း ပါဏာတိပါတ ပယောဂ မကင်း

http://www.dhammadownload.com



သယောင်ယောင် ဖွတ်အတင်းပင် ပုဒ်မတတ်ကြပါသေးသည်။ လယ်တီဆရာတော်ဘုရားကြီးကမူ ကျွဲနွားတို့အပေါ်၌ ကျေးဇူး အဖုံဖုံတို့ကို ထောက်ထားပြီး ယင်းတို့၏ အသားကို ရှောင်ကြဉ်ကြရန် မွန်မြတ်လှစွာသော စေတနာဖြင့် ရေးသားခြင်းသာ ဖြစ်ကြောင်း သတိပြုဖွယ်လိုပါသည်။

စားသူ၊ ရှောင်သူတို့ ပယောဂဆက်စပ်ခြင်း ရှိ,မရှိကို စိစစ်ပါသော် ဤမြန်မာနိုင်ငံအဖို့ လုံးဝဆက်စပ်မှု မရှိပါ။ မှန်လှ၏။ ဥရောပနိုင်ငံများ၌ အသားစားမှု, သတ်ဖြတ်၍ရှောင်းမှုနှင့် မြန်မာနိုင်ငံ၌ ထိုသို့ လုပ်မှုမှာ များစွာခြားနားလှပါသည်။ ထိုနိုင်ငံများ၌ အသားစားလိုသူတို့မှာ မည်သည့်အသားကို စားလိုကြောင်း မှတ်ပုံတင်ထားကြရပါသည်။ ထိုမှတ်ပုံတင် စာရင်းအရသာ နွားမည်မျှ၊ သိုးမည်မျှ၊ ဆိတ်မည်မျှ စသည်ဖြင့် သတ်မှတ်ပြီး သတ်ကြ၊ ရောင်းကြရပါသည်။ ကြိုတင်မှာကြားထားခြင်းမျိုးပင် ဖြစ်ပါသည်။ ထို့ကြောင့် ဥရောပနိုင်ငံများ၌ ဗုဒ္ဓဘာသာ ဖြစ်ပြီးသူများ အသားစားခြင်းမှ ရှောင်ကြဉ်ကြပါသတဲ့။

မြန်မာနိုင်ငံ ဈေးများတွင် ရောင်းချသော အသားများမှာကား မည်သူကမျှ မှာကြားထားကြ၍ သတ်ပြီးရောင်းချကြသည် မဟုတ်ဘဲ စီးပွားရေးအတွက်သာ ရောင်းချကြခြင်း ဖြစ်ရကား အသားမျိုးကို ဝယ်စားကြသည့်အတွက် မည်သည့်ပယောဂမျှ တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိပေ။ ထိုအသားမျိုးကိုပင် "**ပဝတ္တမံသ**"ဟု ကျမ်းဂန်များတွင် မိန့်ဆိုပါသည်။ ယခုခေတ်တွင် ပံသုကူသားဟု ခေါ်ကြပါသည်။ ထို့ပြင် ဗုဒ္ဓကိုယ်တော်တိုင်

http://www.dhammadownload.com



ပင် အသားငါးဘုန်းပေးတော်မူကြောင်း ဤကျမ်းတွင် ဝတ္ထု သက်သေနှင့်တကွ အကျယ်တဝင့် ပြဆိုထားသည်ကို နိုင်လုံစွာ ဖတ်ရှု တွေ့မြင်ရပါလိမ့်မည်။

## အသားစားသူများ မေတ္တာ–ကရုဏာကင်းကြပါသတဲ့

အချို့ကလည်း အသားစား မရှောင်ကြဉ်ကြသူများမှာ မေတ္တာ၊ ကရုဏာ ကင်းကြသူဟု ဆိုလိုကြ၍ အချို့ကမူကား အသားစားသူများဟာ မေတ္တာကမ္မဋ္ဌာန်း အစစ်ကိုပင် ပွားများလို့ မရဟု ဆိုကြသေး၏။ ရှင်ဦးအံ့–မေတ္တာဆိုသည်ကား ဆင်းရဲ ချမ်းသာမရွေး၊ အသားအရောင်မရွေး၊ သက်ရှိသတ္တဝါအားလုံးတို့ အပေါ် မိမိကိုယ်နှင့် ရည်တူထား၍ ကောင်းကျိုးလိုလားမှုပင် ဖြစ်ပါသည်။ သက်မဲ့သတ္တဝါကို မေတ္တာပွားများလို့လည်း မရပါ။

ကရုဏာဆိုသည်မှာလည်း ဆင်းရဲဒုက္ခ ရောက်နေကြသော သက်ရှိသတ္တဝါများကို အာရုံပြု၍ "**ဆင်းရဲဒုက္ခမှ ကင်းလွတ်ကြ ပါစေ**"ဟု အဖန်ဖန် ပွားများခြင်းသာ ဖြစ်ပါသည်။ ချမ်းသာသော သူ ဖြစ်ပါမူလည်း အကုသိုလ်တရား ပွားများနေထိုင်သူ ဖြစ်ကြ ပါလျှင် ယင်းတို့၏ ကျရောက်ခံစားကြရမည့် အပါယ်ဒုက္ခ စသည် တို့မှ ကင်းလွတ်ခွင့်မမြင်သဖြင့် ထိုခံရမည့် ဒုက္ခများကို ဆင်ခြင် ကာ ထိုသူများအပေါ် သနားခြင်းမျှသာ ဖြစ်ပါသည်။ သို့တစေ သက်မဲ့သတ္တဝါတို့အပေါ် ကရုဏာပွား၍ မရပါ။

**အချုပ်အားဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟု** ဆိုအပ်သော ဗြဟ္မာ့ဝိဟာရတရား လေးပါးစလုံးတို့ပင် သက်ရှိ သတ္တဝါတို့နှင့်သာ သက်ဆိုင်၍ (ဝါ) သက်ရှိသတ္တဝါများအပေါ်မှာ

http://www.dhammadownload.com



သာ ပွားများရ၏။ သက်မဲ့သတ္တဝါ၊ (ဝါ) အသေကောင်တို့နှင့် ဘာမျှမသက်ဆိုင်ဟု မှတ်ကြရပါမည်။

## လိုရင်းအစစ် အဆီညှစ်

ဖော်ပြပါ ဗြဟ္မာ့ဝိဟာရတရားတည်းဟူသော ကတုတ်ဖြင့် တိုက်ကြည့်လိုက်ပါလျှင် သက်သတ်လွတ်စားခြင်းသည် ဘယ် ဗြဟ္မာ့ဝိဟာရတရား တစ်ခုခုနှင့်မျှ ဟန်မရသဖြင့် ယင်းသို့ အသား စားရှောင်သည့်အတွက် အဘိဓမ္မအကျင့်လည်း မဟုတ်ပါ။ အသား စားခြင်းကြောင့် အဘိဓမ္မအပြစ်လည်း မရှိပါ။ ဝိနည်းအကျင့် မဟုတ်ကြောင်း ဝိနည်းအပြစ်လည်း မရှိကြောင်း နောက်က ပြဆိုအပ်ခဲ့ပြီ။

## သုတ္တန်အကျင့်ရော ဟုတ်ပါရဲ့လား

သက်သတ်လွတ် စားခြင်းသည် ဝိနည်းအကျင့် အဘိဓမ္မ အကျင့် မဟုတ်ဟု ဆိုပါက သုတ္တန်အကျင့် ဟုတ်,မဟုတ် စိစစ်ဖွယ် လိုလာပြန်ပါသည်။ ကဲ–စိစစ်ကြပါစို့။ ယင်းနှင့်ဆိုင်ရာ သုတ္တန်တို့ကို ညွှန်ပြရသော် အောက်က အမြွက်မျှ ပြခဲ့သော ဝိသုဒ္ဓိမဂ်နှင့် အာဃာနာဃိယသုတ်များအပြင် ဓမ္မပဒအဋ္ဌကထာ စူဠကာလ, မဟာကာဠဝတ္ထု အဖွင့်တို့ကို ညွှန်ပြရပေမည်။ ထိုသုတ္တန်များအရ မြင်မြင်သမျှ ပုဂ္ဂိုလ်တိုင်း အသားစား ရှောင် ရမည်ဟု မိန့်ဆိုခြင်းမဟုတ်၊ ဝိသေသ ကွက်၍သာ ဆိုခြင်းဖြစ်ရ ကား မည်သို့မျှ စောဒကတက်ရန် မလိုတော့ပါ။ ထိုပုဂ္ဂိုလ်များမှ

http://www.dhammadownload.com



တစ်ပါး အခြားအကျင့်များကို ကျင့်ကြသည့် မည်သည့်ပုဂ္ဂိုလ် တစ်စုံတစ်ဦးမျှ သက်သတ်လွတ် စားရမည်ဟု ပိဋကတ်တော်များ၌ မပါမရှိပါ။

ဝိနည်း၌လာသော သီလအကျင့်များထက်ပိုလွန်၍ သုတ္တန်၌လာသော အကျင့်များကို ကျင့်လိုကြသော ရဟန်းတော်များသည် (ဤ၌ ရဟန်းတော်များဟူသည် ပြဋ္ဌာန်းသော ပဓာနနည်းဖြင့် ဆိုခြင်းဖြစ်သည်) အင်္ဂုတ္တရပါဠိတော်၊ စတုက္ကနိပါတ်၊ ဉရုဝေဠဝဂ်၊ အရိယဝံသသုတ်တော်၌လာသော မဟာအရိယဝံသ တရားလေးပါးတို့ကို ကျင့်အပ်လှပါသည်။

## အရိယဝံသတရားလေးပါး မြဲမှတ်သား

အရိယဝံသတရား လေးပါးဟူသည် သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ ဆွမ်းဖြင့် ရောင့်ရဲခြင်း၊ ကျောင်းအိပ်ရာ နေရာဖြင့် ရောင့်ရဲခြင်း၊ ဘာဝနာတို့၌ မွေ့လျော်ခြင်းလို့ သာမန်ပြနိုင်ပါသည်။ ယင်းတို့ကို အကျယ်အားဖြင့် ပြဆိုရသော်-

၁။ **စီဝရသန္တောသ**=ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်း။

၂။ **ပိဏ္ဍပါတသန္တောသ**=ကောင်းကောင်း ဆိုးဆိုး ရရသမျှသောဆွမ်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်း (အကျယ်ပြဆိုအံ့)

၃။ **သေနာသနသန္တောသ**=ရရသမျှသော ကျောင်း၊ အိပ်ရာ၊ နေရာတို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်း၊

http://www.dhammadownload.com



၄။ **ဘာဝနာရာမ**=သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တို့၌ မွေ့လျော်ခြင်း၊

ဤသို့အားဖြင့် မဟာအရိယ ဝံသတရားလေးပါး ရှိပါသည်။

## မလိုချန်ခဲ့ လိုရာချဲ့အံ့

အဆိုပါ မဟာအရိယဝံသတရားလေးပါးတို့အနက် ပထမ၊ တတိယနှင့် စတုတ္ထဖြစ်သော မဟာအရိယဝံသတရားတို့မှာကား ဤသက်သတ်လွတ်၏ ပြဿနာနှင့် မသက်ဆိုင်၍ ယင်းတို့ကို ချန်လှပ်ထားကာ သက်ဆိုင်သော ဒုတိယ မဟာအရိယဝံသ တရားကိုသာ ပြဆိုပါအံ့၊ ထိုဒုတိယ မဟာအရိယဝံသတရား တွင်လည်း သန္တောသ (၁၅)မျိုး ရှိပြန်လေရာ ယင်းတို့အနက် ဤ၌ မသက်ဆိုင်သော သန္တောသများကို လျစ်လျူပြု၍ သက်ဆိုင် သော သန္တောသတရားများကိုသာ ပြဆိုပါအံ့။ သက်ဆိုင်သော သန္တောသတရားများမှာ-

၁။ **ယထာလာဘသန္တောသ**=ကောင်းကောင်းဆိုးဆိုး ကြမ်းကြမ်းနုနု၊ ချိုချိုချဉ်ချဉ် ရရသမျှသော ဆွမ်းဘောဇဉ် အာဟာရတို့ဖြင့်သာ မျှတတင်းတိမ် ရောင့်ရဲ၍ အမွန်အမြတ် ဖြစ်သော ဆွမ်းဘောဇဉ်စသည်တို့ကို မတောင့်တရပြန်မှုလည်း မခံယူခြင်းသည် "**ယထာလာဘသန္တောသ**"မည်၏။

**(ဒီ-၁-၄-၁၈၇)**

၂။ **ယထာဗလသန္တောသ**=မိမိနှင့်မှုလ ပင်ကိုယ်အားဖြင့် ဆန့်ကျင်ဘက်၊ မသင့်လျော်၊ သို့တည်းမဟုတ် ရောဂါဝေဒနာ

http://www.dhammadownload.com



နှင့် ဆန့်ကျင်ဘက်၊ မသင့်လျော်သော ဆွမ်းခဲဖွယ်၊ ဘောဇဉ် တို့ကို ရသည်ဖြစ်၍ ယင်းတို့ကို သုံးဆောင်ခြင်းဖြင့် မိမိအား ချမ်းသာခြင်း မဖြစ်နိုင်ပြီးအံ့။ ထိုသည့် ဆွမ်းခဲဖွယ် ဘောဇဉ် များကို သဘာဂဖြစ်သော ရဟန်းအားလှူ၍ ထိုရဟန်း၏လက်မှ မိမိနှင့် သင့်လျော်မည့် ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို သုံးဆောင် လျက် ရဟန်းတရားကို အားထုတ်ကျင့်ကြံခြင်းဖြင့် ရောင့်ရဲခြင်း သည် "**ယထာဗလသန္တောသ**"မည်၏။ **(ဒီ-၁-၅-၁၈၃)**

၃။ **ယထာသာရုပ္ပသန္တောသ**=မွန်မြတ်သော ဆွမ်းဘောဇဉ် များကို ရစေကာမူ ထိုအမွန်အမြတ်ဖြစ်သော ပစ္စည်းများကို မိမိမသုံးဆောင်သေးဘဲ မထေရ်ကြီး၊ ကြာမြင့်စွာက ရှင်ပြုခဲ့ကြ သော သာမဏေ၏၊ ဗဟုသုတရှိသော ရဟန်း၊ လာဘ်နည်းသော ရဟန်း၊ သူနာရဟန်းတို့အား ပေးလှူ၍ အကြွင်းအကျန်ကိုလည်း ကောင်း၊ တစ်ဖန် ဆွမ်းခံလှည့်လည်၍ ရအပ်သော ဆွမ်းစသည်ကို သော်လည်းကောင်း သုံးဆောင်၍ ရောင့်ရဲခြင်းသည် "**ယထာ သာရုပ္ပသန္တောသ**"မည်၏။ **(ဒီ-၂-၅-၁၈၃)**

## သက်သတ်လွတ်နှင့်အရိယဝံသတရား

မဟာအရိယဝံသ တရားလေးပါးတို့အနက် ဆွမ်းခဲဖွယ် ဘောဇဉ်တို့နှင့် သက်ဆိုင်သော ဖော်ပြပါ အရိယဝံသတရားများ ကို စေ့စေ့ငုငုကြည့်ရှုပါ။ ယထာလာဘသန္တောသအရ ကောင်း ကောင်းဆိုးဆိုး ရရသမျှတို့နှင့် ရောင့်ရဲတင်းတိမ်နိုင်ခြင်းကိုသာ ဆိုလို၍ သက်သတ်လွတ်စားရမည်ဟု အမြွက်မျှ မဆိုပါ။

http://www.dhammadownload.com



ယထာဗလသဒ္ဒေ့ါသ အရလည်း မိမိနှင့် ပင်ကိုယ်အားဖြင့် မသင့်သောအစာ၊ သို့မဟုတ် မိမိ၏ ရောဂါဝေဒနာနှင့် မသင့်သောအစာတို့ကို ရရှိပါမူ မိမိနှင့် သဘာဝဖြစ်သော ပုဂ္ဂိုလ်အား ပေးလှူလိုက်ပြီး ထိုပုဂ္ဂိုလ်ထံမှ မိမိနှင့်သင့်မည့် အစာ အာဟာရများကို သုံးဆောင်ခြင်းကိုသာ ဆိုလို၍ သက်သတ်လွတ်စားမှုကို မဆိုလိုပါ။

ယထာသာရုပ္ပသဒ္ဒေ့ါသ အရမှာလည်း သက်သတ်လွတ်စားမှုနှင့် မည်သို့မျှ မသက်ဆိုင်ပါ။ ထိုသို့ ဖြစ်ပါလျှင် သက်သတ်လွတ်စားသည့် အကျင့်မှာ မဟာအရိယဝံသ တရားများတွင်လည်း မပါဝင်လေရကား သုတ္တန်ကျမ်းလာ အကျင့်လည်း မဟုတ်ကြောင်း ထင်ရှားလှပါသည်။ သုတ္တန်အကျင့် မဟုတ်သည့်အတွက်ကြောင့်ပင် အသားစားသည့်အတွက် သုတ္တန်အပြစ် တစ်စုံတစ်ရာလည်း မရှိပါ။

## ဆက်၍အထူးပြဆိုဦးအံ့

ဆိုအပ်ခဲ့ပြီးသော မဟာအရိယဝံသ တရားလေးပါး၊ အထူးအားဖြင့် ပိဏ္ဍပါတသဒ္ဒေ့ါသ မဟာအရိယဝံသတရားကို သေချာကျန ယောနိသောမနသိကာရ အခြေကျအောင် သဘောသက်ဝင်ကြပါမူ "**သူတစ်ပါး အသားအသွေးကို မစားပါ**"ဟု ရှောင်ကြဉ်ကြသော ပုဂ္ဂိုလ်များ၊ "**ရသတဏှာကို ပယ်သတ်ရန်**"ဟူ၍ အသားစား ရှောင်ကြဉ်ကြသော ပုဂ္ဂိုလ်များ၊ "**ပဟာသနအကျော်အစောကိုငဲ့၍**" အသားစားရှောင်ကြဉ်ကြသော ပုဂ္ဂိုလ်များကို ဘုရား

http://www.dhammadownload.com



အလိုတော်ကျ ကျင့်ကြံသော မဟာအရိယဝံသ ကျင့်ဝတ် ပိဋကပါတသန္တောသကို ဖြည့်ကျင့်ကြသော ပုဂ္ဂိုလ်တို့ဟူ၍ မဆိုနိုင်ပါ။

မှန်ပါသည်။ သက်သတ်လွတ်စားမှုသည် ပိဏ္ဍပါတ သန္တောသနှင့်လည်း မည်သို့မျှ မသက်ဆိုင်ပါ။ သို့ဖြစ်၍ သုတ္တန်လာ မဟာအရိယဝံသကျင့်ဝတ်နှင့်လည်း မသက်ဆိုင်ရကား သက်သတ်လွတ် စားခြင်းသည် သုတ္တန်အကျင့် မဟုတ်ကြောင်း ထင်ရှားလှပါသည်။

ပိုမိုဆိုးဝါးလှသည်မှာကား ယခုကာလ အချို့သက်သတ် လွတ် ရှောင်ကြသော ရဟန်းတို့သည် ဆွမ်းခံသွားသောအခါ လူတို့က မသိ၍ အသားဟင်းများကို လောင်းလှူကြသောအခါ လက်ဖြင့်ပြ၍လည်းကောင်း၊ "**ငါတို့သည် အသားဟင်းများကို မစားကြ**"ဟု နှုတ်ဖြင့်မြွက်ဟ၍လည်းကောင်း သိစေကြလေသည်။ ထိုသို့ သိစေကြသည့်အတွက် လူများက "**ငါတို့ကိုယ်တော်သည် သူတစ်ပါး အသားပါသောဟင်းကိုမသုံးဆောင်**"ဟု လည်းကောင်း၊ "ဒီကိုယ်တော်ဟာ တကယ်အကျင့်ကောင်းပါကလား၊ သူတစ်ပါး အသားပါသောဟင်းကို မသုံးဆောင်" ဟုလည်းကောင်း၊ ဤသို့ စသည်ဖြင့် ချီးမွမ်းကြကုန်၍ အသားမပါသော အကျော် အလှော်၊ ထောပတ်၊ အုန်းနို့၊ ပဲငါးပိ စသည်တို့ဖြင့် ဖွယ်ဖွယ်ရာရာ ပြုပြင် ကြိုးပမ်း လောင်းလှူပို့ပေးကြကုန်၏။

အချို့ပုဂ္ဂိုလ်တို့ကလည်း မိမိတို့ကိုယ်တိုင်က ဤသို့မပြောဆို မပြုမူကြဘဲ မိမိတို့တပည့်၊ ရဟန်း၊ သာမဏေရ်၊ ကျောင်းသား

http://www.dhammadownload.com



စသည်တို့အား မိမိတို့ သက်သတ်လွတ် စားကြကြောင်း တစ်ဆင့် စကားပြောကြားသိစေကုန်၍ မိမိတို့ကမူ အခြားသော ရဟန်းတရား တစ်ခုခုကိုမျှ မကျင့်ကြဘဲ သက်သတ်လွတ်စားခြင်းကိုပင် တကယ့်ကျင့်ဝတ် ပဋိပတ်ဟူ၍ ယူဆပြောဆို နေထိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်များအတွက်ကား X X X သာသနာတော်ကို ဖျက်ရာရောက်သည့်ပြင် ဘုရားရှင်ကိုပင် စော်ကားရာရောက်ပါသေးသည်။ အကိုးသာဓက ပြရမယ်ဆိုရင် "**ဒုပ္ပဋိပန္နော ဟိ သာသနံ ဘိန္ဒန္တော သတ္ထု ဓမ္မသရီရေ ပဟာရံ ဒေတိနာမ**"ဆိုတဲ့ ဥဒါန်းအဋ္ဌကထာကို ပြနိုင်ပါတယ်။

## သက်သတ်လွတ်နှင့် ဆက်စပ်အပြစ်ရပ်များ

သက်သတ်လွတ် စားခြင်းကြောင့် ဆိုလတ့်သော အပြစ်များလည်း ဖြစ်တတ်ကြပါကုန်သည်။ ထင်ရှားစေအံ့။ သက်သတ်လွတ်စားခြင်းကို အကြောင်းပြု၍ အမျိုးမျိုးသော အကျော်အစောကို ငံ့တတ်ခြင်း၊ မအပ်သောဝိညတ်, ပရိယေသနဒုက္ကဋတို့နှင့် ရောနှောကာ များသောအသက်မွေးခြင်း မိစ္ဆာဇီဝ ဖြစ်တတ်ကြခြင်း၊ အသားစားမှုမှ မရှောင်ကြဉ်ကြသော ဘုရားအစရှိသော သူတော်ကောင်းတို့အား မိမိလောက်မျှ မေတ္တာ၊ ကရုဏာမရှိသယောင် စွပ်စွဲလာတတ်ခြင်း၊ မိမိကို ယုံကြည်သူတို့အားလည်း ထိုသို့သော မိစ္ဆာလဒ္ဓိကို စွဲယူစေသဖြင့် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် အထိ ဖြစ်စေနိုင်ခြင်း ဤသို့ စသည့် မလိုလားအပ်သော အပြစ်တို့သို့လည်း သက်သတ်လွတ်စားမှုက တွန်းပို့နိုင်ပါသေးသည်။

http://www.dhammadownload.com



## စားတတ်က အကျိုးများသည်

အစာအာဟာရကို သုံးဆောင်ရာ၌ သုံးဆောင်တတ်ကြပါမူ မည်သည့်အစာအာဟာရကိုပင် စားသောက်သည် ဖြစ်ပါစေ မိမိတို့အတွက် အကျိုးရသည်ချည်းဖြစ်နိုင်၍ မစားတတ်ကြပါမူ မည်သည့်အစာဘဲ စားစား ရသတဏှာဖြင့် လုံးထွေးရစ်ပတ်၍ အပြစ်များလှပါသည်။ ဘယ်သို့ဘယ်ပုံ နှလုံးသွင်းပြီး စားသောက်ကြရမည်ကို ဤကျမ်း၌ အာမဂန္ဓသုတ်ကို မူထား၍ အကျယ်တဝင့် ရှင်းလင်းထားသည်ကို ဖတ်ရှုတွေ့မြင်ရပါလိမ့်မည်။

## စောဒနာဖွယ်အထူးရှင်းပြဦးအံ့

သက်သတ်လွတ်နှင့် ပတ်သက်၍ ပါဠိအဋ္ဌကထာတို့၏ သဘောသွား၊ ဘုရားရှင်၏ ဟောကြားချက်ကို နားမရှင်း၊ အမြင်ဉာဏ် မလင်းသူအချို့က မိမိတို့လိုရာ တစ်စွန်းတစ်စမျှယူပြီး ပြောဆိုတတ်ကြသဖြင့် ယင်းတို့အတွက် ရှင်းပြပါအံ့–

"အဿမေဓ, ပုရိသမေဓ စသော ယဇ်ငါးမျိုးတို့၌ ဆိတ်သိုးနွားစသော သတ္တဝါမျိုးတို့ကို သတ်ကြကုန်၏။ သတ်၍ ပူဇော်ကြကုန်၏။ ထိုယဇ်ပွဲမျိုးသို့ ဘုရားစသော သူတော်ကောင်းတို့ အလှူခံ မကြွရောက်ကြကုန်"

"အကြင်ပူဇော်ပွဲတို့သည်ကား သတ္တဝါများကို သတ်ရခြင်း မရှိကြကုန်၊ အမျိုးအစဉ်အဆက် အမြဲ ပူဇော်ကြကုန်၏၊ ဆိတ်သိုးနွားစသော သတ္တဝါအမျိုးမျိုးတို့ကို မသတ်ဖြတ်ကြ၊ ဤသို့သော ပူဇော်ပွဲမျိုးသို့ ဘုရားစသော သူတော်

http://www.dhammadownload.com



ကောင်းတို့ ကြွရောက်တော်မူကြကုန်၏။ ဤသို့သော ပူဇော်ပွဲမျိုးကို ပညာရှိသူသည် ပူဇော်ရာ၏။ အကျိုးလည်း ကြီးမြတ်လှပါ၏"

ဖော်ပြပါ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်လာ ကောသလသံယုတ်ပါဠိတော်ကို အထောက်အထားပြု၍ သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်၍ လှူဒါန်းသည့် အလှူပွဲသို့ ဘုရားစသော သူတော်ကောင်းများ ကြွရောက် အလှူမခံကြဟူသော စကားရပ်ကို လေဖမ်း၊ ဒါန်းစီးပြီးလျှင် အသားလွတ် စားခြင်းသည် ဘုရားစသော သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်၍ **သမ္မာပဋိပဒါ**= အကျင့်မှန်ပဲ မဟုတ်ပါလားဟု စောဒနာငြားအံ့၊ မဟုတ်ပါဟုသာ ဖြေဆိုရပါမည်။

## အကြောင်းကသည်လိုပါ

အဆိုပါ သံယုတ်ပါဠိတော်ဝယ် မူလဇာတ်ကြောင်းရင်းမှာ ကောသလမင်းကြီးသည် သူတစ်ပါးဇနီးကို အပိုင်သိမ်းယူလိုစိတ်ဖြင့် အိပ်စက်၍ မပျော်နိုင်ဘဲ ထလိုက်, ထိုင်လိုက်, လမ်းလျှောက်လိုက်, တုံးလုံးလဲလိုက်ဖြင့် တစ်ညလုံး ရာဂမီးလောင်ပြီး ခေတ္တခဏမျှ အိပ်ငိုက်သွားသောအခါ အိပ်မက်၌"**သ–သော–န–ဒု**" ဟူသော အသံဆိုးကြီး လေးလုံးတို့ကို ကြားလိုက်ရသဖြင့် နံနက်အခါ ပုဏ္ဏားတို့အား အိပ်မက်အကြောင်း မေးမြန်းပါသည်။ အခွင့်ကောင်းကို ချောင်းမြောင်းနေသော ပုဏ္ဏားမိုက်တို့က အလွန်ဆိုးဝါးသော အိပ်မက်ဖြစ်သဖြင့် နွားလားဥသဘငါးရာ၊ နွားထီး

http://www.dhammadownload.com



ငါးရာ၊ ဆိတ်ငါးရာ၊ သိုးငါးရာတို့ကို သတ်ဖြတ်ပြီး ယင်းတို့ လည်ချောင်းသွေး၊ အသားတို့ဖြင့် ယဇ်ပူဇော်မှသာ မကောင်း ကျိုးတွေ ပျောက်ကင်းနိုင်ပါလိမ့်မည်ဟု လျှောက်တင်ကြလေ သော် **ကောသလမင်းကြီးမှာ ဘုရားအလောင်းတော်ကြီးပင်** ဖြစ်လင့်ကစား မဆင်ခြင်၊ မစဉ်းစားနိုင်တော့ဘဲ ပုဏ္ဏားမိုက်တို့ အလိုဆန္ဒအတိုင်း လိုက်လျောကာ ငါးရာ, ငါးလီသော သား အပေါင်းတို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်ရန် ယဇ်ပလ္လင်သို့ ဆွဲငင် ယူဆောင်သဖြင့် မြို့တွင်း၌ ဆူဆူညံညံ အသံဖြစ်ပေါ်လေသော် မလ္လိကာ မိဖုရားကြီးကြားလတ်ရကား အကြောင်းကို မေးမြန်းပြီး ကောသလမင်းကြီးအား ဘုရားရှင်ထံတော်မှောက်သို့ သွားရောက် စေလျက် အကြောင်းစုံ လျှောက်ကြားစေသောအခါမှ အဆိုပါ မင်းကြီး အိပ်မက်တွင် ကြားရသော အသံအကြောင်းနှင့်တကွ ဇာတ်လမ်း ဇာတ်ကြောင်းကို ပြန်လည်ဟောကြားတော်မူပြီးလျှင် အောက်ကဖော်ပြခဲ့သော သံယုတ်ပါဠိတော်လာ တရားစကား တို့ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

## နတ်ပွဲသဖွယ်

ထိုသည့်အလှူပွဲမျိုးသို့ ကြွရောက်၍ အလှူမခံခြင်းမှာ ယင်းပွဲ မျိုးကား ယခုကာလ နတ်ပွဲများကဲ့သို့ပင် သိုး, ဆိတ်, နွား အစရှိသော သတ္တဝါတို့ကို သတ်ဖြတ်၍ ယင်းတို့၏လည်ချောင်း သွေးတို့ဖြင့်လည်းကောင်း၊ အသားကိုချက်ပြုတ်ကြော်လှော်သည့် ဟင်းတို့ဖြင့်လည်းကောင်း၊ ပူဇော်ပသ လှူဒါန်းကြသည်ဖြစ်၍

http://www.dhammadownload.com



"**ပရူပဃာတ**"ဖြစ်ခြင်း၊ အသားစိမ်း, အသွေးစိမ်းဖြစ်ခြင်း "**ဥဒ္ဒိဿကတ**"ဖြစ်၍ အစွန်းသုံးပါးတို့မှ မလွတ်ခြင်းတို့ကြောင့် သာ ဘုရားအစရှိသော သူတော်ကောင်းများ ကြွရောက်အလှူမခံ ခြင်းဖြစ်ကြောင်း မှန်ကန်သောအဓိပ္ပာယ်သဘောကို မှတ်သား ကြရမည်။ မိမိတို့လိုရာသို့ဆွဲပြီး အလွဲတွေးကြကာ မိစ္ဆာပဋိပဒါ သို့ မသက်ဝင်မိကြပါစေနှင့်။

## သက်သတ်လွတ်စားသူတို့ သတိပြုဖွယ်ရာ

သက်သတ်လွတ် စားကြခြင်းကြောင့် မအပ်သော ဝိညတ်, ပရိယေသနဒုက္ခ ဖြစ်ရခြင်း၊ မိစ္ဆာဇီဝ ဖြစ်ရတတ်ခြင်း X X X

"**ပဝတ္တမံသ**"ဟု ခေါ်သော ဈေးတွင် ရောင်းချသည့် အသား များကို ဝိညတ်, နိမိတ်, ဩဘာသစသည် မပါရှိစေဘဲ စားသောက်, သုံးဆောင်ကြသော ပုဂ္ဂိုလ်များအား မေတ္တာ, ကရုဏာ ကင်းသယောင်ယောင်, အပြစ်ရှိသယောင်ယောင်, စွပ်စွဲ ပြစ်မှားတတ်ကြခြင်း စသည်တို့ဖြင့် မိမိတို့ကိုယ်ကို အပါယ် သံသရာသို့ တွန်းပို့တတ်လေသောကြောင့် မည်သည့် အစာ အာဟာရကို သုံးဆောင်သည်ဖြစ်စေ ဖော်ပြလတ္တံ့အတိုင်း သုံးဆောင်စားသောက်ကြရန် အရေးကြီးလှပါသည်။

## အပြစ်ကင်းတဲ့စားနည်း

ဟိန္ဒူလူမျိုးတို့မှာ အသားဟင်း, ငါးပိပါသောအစာများကို အမျိုးစရိုက်အားဖြင့် လွန်စွာစက်ဆုပ်ရွံရှာကြကုန်လျက် ဆန့်ကျင်

http://www.dhammadownload.com



ဘက် ဖြစ်ကြကုန်သကဲ့သို့ ထို့အတူ ယင်းအစာအာဟာရတို့မှာ မိမိနှင့် အလွန်ဆန့်ကျင်ဘက်ဖြစ်၍ မြင်ကာမျှ အနံ့ရကာမျှဖြင့်ပင် ပျို့အန်ချင်လောက်အောင် ပကတိအားဖြင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့သော်လည်းကောင်း၊ မိမိတို့မှာ ထိုအစာအာဟာရတို့နှင့် မသင့်သော ရောဂါမျိုးရှိခဲ့သော်လည်းကောင်း၊ မိစ္ဆာဇီဝမှ ကင်းလွတ်အောင် ရှောင်ကြဉ်၍ ဆွမ်းခံလှည့်လည်၍ လောင်းလှူသောအခါ မိမိထံမှောက်သို့ လာရောက်ကပ်လှူသော အခါတို့၌ မည်သူ့ကိုမျှ မပြောကြားဘဲ အလှူခံရမည်။

ယင်းသို့ အလှူခံခဲ့ပြီးလျှင် မိမိနေရာသို့ ရောက်သောအခါမှပင် ထိုမိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အသားဟင်း စသည်တို့ကို သဘာဂဖြစ်သော ရဟန်းတစ်ပါးပါးအား လှူလိုက်၍ ထိုရဟန်းထံမှ ရအပ်သော အသားလွတ် အစာအာဟာရကို သုံးဆောင်၍ ယထာဗလသန္တောသဖြစ်အောင် ကျင့်နိုင်သော ရဟန်းသည်လည်းကောင်း၊ အဆိုပါ အသားပါသော ဆွမ်းစသည်တို့ကို အလှူခံခဲ့၍ မိမိနေရာသို့ရောက်မှပင် ထိုသည့်အစာအာဟာရမျိုးကား မွန်မြတ်သော အစာအာဟာရဖြစ်သဖြင့် ငါတို့မသုံးဆောင်လို၊ ငါတို့ထက် သီလဂုဏ် စသည်တို့ဖြင့် သာလွန်သော ပုဂ္ဂိုလ်များကို လှူအံ့ဟု နှလုံးသွင်းရှိသည့်အကိုင်းပင် ပေးလှူလိုက်ပြီး မိမိမှာ အသားမပါသော အစာအာဟာရများကို သုံးဆောင်၍ ယထာသာရုပ္ပသန္တောသဖြစ်အောင် ကျင့်နိုင်သော ရဟန်းသည်လည်းကောင်း၊ မိမိ ရရသမျှသော အစာအာဟာရများကို ထေရ်စဉ်အတိုင်း ပေးလှူ၍ **ကြွင်းကျန်**သမျှသောဆွမ်းကို သုံးဆောင်၍

http://www.dhammadownload.com



ဖြစ်စေ၊ အကြွင်းအကျန်မရှိသည့်အတွက် နောက်ထပ်တစ်ဖန် ဆွမ်းခံလှည့်လည်၍ ရရသမျှ ကောင်းကောင်းဆိုးဆိုးဖြစ်သော အာဟာရတို့ကို သုံးဆောင်၍ဖြစ်စေ၊ သာရတ္ထဒီပနီကို ဖြည့်ကျင့်သော ရဟန်းသည့်လည်းကောင်း၊ မဟာအရိယဝံသတရားကို ပြည့်စုံစေသည်ဖြစ်၍ မွန်မြတ်လှသော အပြစ်ကင်းသော စားသောက်ခြင်း ဖြစ်ပါသည်။

## ရသတဏှာကိုပယ်လို၍ကျင့်ပါသလား

ရသတဏှာကို ပယ်လို၍ ကျင့်ပါသည် ဆိုပါကလည်း အသားပါသော အစာအာဟာရသာလျှင် ရသတဏှာ ကိလေသာကို ပွားစေတတ်သည် မဟုတ်ပါ။ မည်သည့်အစာ အာဟာရမျိုး မဆို မသင့်သော နှလုံးသွင်းဖြင့် သုံးဆောင်စားသောက်ခဲ့သော် လည်းကောင်း၊ ညစ်ညမ်းသော ဒုစရိုက်မှုတို့ကို ပြုကျင့်သော် လည်းကောင်း၊ ရသတဏှာ ကိလေသာကို တိုးပွားစေသည်သာ ဖြစ်၏။

ရသတဏှာ ကိလေသာကို မဖြစ်စေဘဲ ယောနိသောမနသိကာရဖြင့် (လူဖြစ်ပါမူ ဤခန္ဓာကိုယ် တည်တံ့ပြီး ကုသိုလ်ကောင်းမှု ပြုလုပ်နိုင်ရန် နှလုံးသွင်း၍ ရဟန်းဖြစ်ပါမူ ပိဏ္ဍပါတပစ္စဝေက္ခဏာ ဆင်ခြင်၍ တစ်ဖန် လူရော ရှင်ရဟန်းပါ ပုတ္တမံသူပမသုတ္တန် ဒေသနာတော်ကို ဆင်ခြင်၍) သုံးဆောင်ကြပါမူကား **"စိမ်းစော်နံညှီသော-အာမဂန္ဓ"** မဖြစ်နိုင်သဖြင့် ရသတဏှာ, ကိလေသာကို မတိုးပွားစေပါ။

http://www.dhammadownload.com



အသားစားရှောင်နေမည့်အစား ဤလို စားသောက်ပါက **"မှန်ကန်သောအကျင့်=သမ္မာပဋိပဒါ"** ဖြစ်၍ မွန်မြတ်လှသည့် အပြင် ထိုအစာအာဟာရနှင့် ပတ်သက်၍ တစ်ဆင့်ဆင်ခြင် ပွားများပါမှကား အနာဂါမိမဂ်, ဖိုလ်သို့တိုင် တိုက်ရိုက်ရောက်နိုင်၍ ထိုမှ တစ်ဆင့် အရဟတ္တမဂ် ဖိုလ်သို့တိုင် ရောက်နိုင်ပါသည်။

## စားတတ်က အနာဂါမ်ဖြစ်နိုင်

ဤ၌ အစာအာဟာရနှင့် ပတ်သက်၍ ၁၀-ပါးသော စက် ဆုပ်ဖွယ်တို့ဖြင့် ဆင်ခြင်ရပုံကို လျစ်လျူပြု၍ ပရိညာသုံးပါးတို့ ဖြင့် ပိုင်းခြားသိပုံကိုသာ ပြဆိုပါမည်။ စာကိုယ်တွင်မူ အားလုံး အကျယ်ပါပါသည်။ တစ်ဖန်ကြည့်ပါလေ။ အစာအာဟာရနှင့် ပတ်သက်၍ ဆင်ခြင်ရပုံမှာ-

"ငါစားသောက်သုံးဆောင်သော ကဗဠီကာရ အာဟာရ ဟူသည် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော အဋ္ဌကလာပ်ရုပ် ၈-ခုမျှသာ တည်း။ ထိုအဋ္ဌကလာပ်ရုပ်ဟူသည် **ဝိတ္ထာပသာဒ၌ ထိပါး၏။** ဝိတ္ထာပသာဒသည်ကား မဟာဘုတ်ရုပ်ကြီးလေးပါးကို မှီ၏။ ယင်းဆိုအပ်ခဲ့သော ရုပ်တရားအားလုံးတို့သည် ရူပက္ခန္ဓာ သာတည်း"ဟု ရှုဆင်ခြင်ရမည်။

"ထိုသို့ ရှုဆင်ခြင်း သုံးသပ်သောအခါ ဖြစ်ပေါ်ကြသော ဖဿ, ဝေဒနာစသော တရားငါးပါးတို့သည်ကား နာမ်ခန္ဓာ လေးပါးတို့ ဖြစ်ကြ၏။ ဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါးတို့သည်ကား

http://www.dhammadownload.com



အကျဉ်းအားဖြင့် ရုပ်နာမ်မျှသာတည်းဟု ပိုင်းခြား၍သိ၏။ ထို့နောက် ယင်းရုပ်နာမ်တရားတို့ကို မိမိတို့ဆိုင်ရာ အလုပ်ကိစ္စ လက္ခဏာအားဖြင့် သတ်မှတ် ပိုင်းခြားမှတ်သားပြီးလျှင် ယင်းတို့၏ အကြောင်းကို ရှာဖွေပြန်သော် ရုပ်နာမ်၏ အကြောင်းကား ဝိညာဏ်, ဝိညာဏ်၏အကြောင်းကား သင်္ခါရ, သင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာ ဤသို့ စသည်ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး စပ်ပုံကို အပြန်အလှန်မြင်၏။ ဤသို့မြင်သည်ရှိသော် ကင်္ခါဝိတရဏ အာဟာရကို အဦးမူပြီး အကြောင်းနှင့်တကွ ရုပ်နာမ်ကို မြင်သဖြင့် အစာအာဟာရ၌ ဉာတပရိညာစခန်းသို့ ဆိုက်ရောက်လေပြီ”

## တီရဏပရိညာစခန်း

ယင်းသို့ ဉာတပရိညာစခန်းသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပြီးသော အကြောင်းနှင့်တကွဖြစ်သော ရုပ်နာမ်ကိုပင် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ လက္ခဏာသုံးပါးသို့တင်ပြီး ဆင်ခြင်သုံးသပ်သည်ရှိသော် ဆင်ခြင်သုံးသပ်သည့်အတိုင်း သဘာဝ လက္ခဏာများ ပေါ်လွင်ထင်ရှား သိမြင်လာပါက တီရဏ ပရိညာစခန်းသို့ ဆိုက်ရောက်ပြီဟု မှတ်ပါလေ။

## ပဟာနပရိညာစခန်း

ထိုသို့ တီရဏပရိညာစခန်းသို့ ဆိုက်ပြီးသည့်နောက် ထိုရုပ်, နာမ်, သင်္ခါရ တရားတို့ကိုပင် အနိစ္စ–ဒုက္ခ–အနတ္တဟု အထပ်ထပ် ရှုဖန်များလတ်သော် ဉာဏ်အဆင့်ဆင့်သို့ ရောက်ပြီးလျှင်

http://www.dhammadownload.com



ထိုဝိပဿနာဉာဏ်ဆုံးပါက ပထမမဂ်ကို ရရှိပါသည်။ ထို့နောက် ဆက်လက်၍ ထိုသင်္ခါရတရားတို့ကိုပင် ဆိုခဲ့သည့်အတိုင်း ရှုပွားပြန်သော် ဒုတိယမဂ်ကို ရရှိ၍ တစ်ဖန် ဆက်လက်ရှုပွားပြန်က ထိုနာမ်ရုပ်တို့အပေါ် ဆန္ဒရာဂကို ပယ်သတ်နိုင်သော အနာဂါမိမဂ်သို့ ဆိုက်ရောက်ပါတော့သည်။ ဤသို့ မဂ်အသီးသီးသို့ ဆိုက်ရောက်ရာဝယ် ထိုထိုမဂ်ဖြင့် ထိုထိုကိလေသာတို့ကို ပယ်သည် ပဟာနပရိညာ မည်ပါသည်။

## သက်သတ်လွတ်မလွတ် လိုရင်းမဟုတ်ပါ

အသားစားသည်ဖြစ်စေ၊ အသားစားရှောင်သည်ဖြစ်စေ၊ အစာအာဟာရအပေါ် တွယ်တာမက်မောသော တဏှာမရှိရန်သာ လိုရင်းဖြစ်ပါသည်။

## မစားတတ်က တဏှာပွား စားတတ်ပါက တဏှာပါး

အသားလွတ် မလွတ် မည်သည့်အစာအာဟာရကို စားသည်ပင်ဖြစ်ပါစေ စားတတ်ကြပါက တဏှာပါးပါသည်။ အစာအာဟာရတစ်ခုခုကို သုံးဆောင်သည့်အခါဝယ် ယင်းအစာသည် လျှာပေါ်သို့ ကျရောက်၍ အရသာကို ခံစားလေရာ—

"ဩော်...ဤအရသာ ဝဏ္ဏကာမဖြစ်၍ ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်တရား။ ဇိဝှါယတနကား ပသာဒရုပ်၊ ယင်းရုပ်တရားတို့၏ မှီရာကား ဩဇဋ္ဌမကရုပ်နှင့် ဇီဝိတိန္ဒြေ ဖြစ်၍ ယင်းသို့အားလုံး ရူပက္ခန္ဓာဖြစ်၏။ အရသာကို

http://www.dhammadownload.com



သာယာသည့် ရသတဏှာ၊ ယင်းတဏှာနှင့် အတူဖြစ်သော ဖဿစသော တရားတို့ကား နာမ်ခန္ဓာလေးပါး ဖြစ်ကြသည်။ ယင်းတဏှာသည်ပင် မျက်စိ၌ဖြစ်က ရူပတဏှာ၊ နား၌ ဖြစ်က သဒ္ဒတဏှာ၊ နှာခေါင်း၌ဖြစ်က ဃာနတဏှာ၊ ကိုယ်၌ ဖြစ်က ဖောဋ္ဌဗ္ဗတဏှာ"

ဤသို့ စသည်ဖြင့် လျှာပေါ်၌ တွေ့ကြုံခံစားရသော ရသာရုံ တစ်ခုအပေါ် အမှန်မြင်၍ ဆက်လက်ဆင်ခြင်လိုက် ပါလျှင် ဖိုဋ္ဌဗ္ဗဒွါရ တစ်ခုတည်းမှာပင် ကာမဂုဏ်ငါးပါးဆိုင်ရာ ရာဂအားလုံးကို မြင်နိုင်၍ အနာဂါမိမဂ်အထိ ရရှိနိုင်ပြီး ဆက်လက်ရှုပွားသော် အရဟတ္တမဂ်အထိ ရရှိနိုင်ပါသည်။

ဤသို့ သိရှိခြင်းကား ဇိဝှါဒွါရ၌ ရသာရုံထိခိုက် ဖြစ်ပေါ်ခြင်း တစ်ခုမှ ဆက်လက်ဆင်ခြင်၍ ဒွါရခြောက်ပါးစလုံးမှာပင် အမှန် ကို မြင်နိုင်ရကား တစ်ခုသိက အကုန်သိလေသောကြောင့် "**ကေပရိညာ**" မည်ပါသည်။

## သဗ္ဗပရိညာ(အကုန်သိ)

မိမိ၏သပိတ်, ပန်းကန်ထဲသို့ အစာအာဟာရ ထည့်လိုက် သောအခါ ကြည်လင်သန့်ရှင်းသော အဆင်းကိုစွဲ၍ ရူပတဏှာ, ဆီပူ, ထောပတ်ပူများကို ထည့်သည့်အခါ ရှဲရှဲမြည်သံကိုစွဲ၍ သဒ္ဒတဏှာ၊ အနံ့ကောင်းကိုစွဲ၍ ဂန္ဓတဏှာ၊ အရသာကောင်းကို စွဲ၍ ရသတဏှာ၊ နူးညံ့သောအစာကိုစွဲ၍ ဖောဋ္ဌဗ္ဗတဏှာ ဖြစ်တတ် ပါသည်။ ထိုတဏှာများအပေါ် ဆိုခဲ့ပြီးသည့်အတိုင်း ဆင်ခြင် ရှုပွားပါက ပရိညာအဆင့်ဆင့်ဖြင့် အရဟတ္တမဂ်-ဖိုလ်အထိ ရနိုင်

http://www.dhammadownload.com



ပါသည်။ ဤကား အစာအာဟာရတစ်ခုကို အရင်းတည်ပြီး တဏှာငါးပါး အကုန်သိသောကြောင့် "**သဗ္ဗပရိညာ**"မည်ပါသည်။

## မူလပရိညာ အရင်းအမြစ်သိ

ကာမဂုဏ်ငါးပါးနှင့်စပ်သော တဏှာရာဂ၏ အရင်းအမြစ်ကား ကဗဠီကာရာဟာရ ဖြစ်ပါသည်။ အကြောင်းကား ကဗဠီကာရာဟာရရှိမှသာ အစာအာဟာရကို မှီဝဲရမှသာ ထိုရာဂဖြစ်နိုင်၍ ထိုအာဟာရမရှိပါက မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

မှန်ပါ၏။ သီဟိုဠ်ကျွန်းတွင် ဗြဟ္မဏာတိဿ သူပုန်ဘေးကြီး ဆိုက်ရောက်စဉ်အခါက ငတ်မွတ်ခေါင်းပါးလှသဖြင့် (၁၂)နှစ်တို့ ကာလပတ်လုံး လင်နှင့်မယားတို့ပင် ရာဂဖြင့် ကြည့်ချင်စိတ်သော်မှ မဖြစ်ပေါ်ကြပါ။ အဆိုပါ ဘေးကြီး ငြိမ်းသွားသောအခါ၌ကား ယူဇနာတရာ ကျယ်ဝန်းသော သီဟိုဠ်ကျွန်းကြီးမှာ ကလေးတွေ အစုအပြုံ မွေးဖွားကြလေကုန်တော့သည်။

ဤသို့ စသည်ဖြင့် ဆိုအပ်ပြီးသည့်အတိုင်း အရင်းအမြစ်ဖြစ်သော ကဗဠီကာရာဟာရကို ပိုင်းခြားသိသည် ရှိသော် ကာမဂုဏ်ငါးပါးနှင့်စပ်သော ရာဂကို ပိုင်းခြား၍ သိအပ်တော့သည်သာတည်း။

## အသားစားရှောင်ရန် အမြွက်မျှမပါ

အစာအာဟာရနှင့် ပတ်သက်၍ အနာဂါမ်ဖြစ်သည် အထိ ပြဆိုအပ်ခဲ့သည်တို့ကား နိဒါနဝဂ္ဂ သံယုတ် ပါဠိအဋ္ဌကထာ ဋီကာတို့၏ အဆိုအမိန့်များကို လိုရင်းမျှ ထုတ်နုတ်ပြဆိုလိုက်ခြင်း

http://www.dhammadownload.com



ဖြစ်ပါသည်။ ယင်းပြဆိုခဲ့သော ကျမ်းဂန်လာ စကားများ၌ သက်သတ်လွတ်စားရန် အမြွက်မျှ မပါမရှိပေ။

## မသေမီငတ် သေလျှင်ကြွပ်

ဤ၌သာမက အောက်က ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း သက်သတ်လွတ်စားခြင်းကား ဝိနည်းအကျင့်၊ သုတ္တန်အကျင့်၊ အဘိဓမ္မာအကျင့်လည်း မဟုတ်သည်သာမက မျိုးရိုးအလိုက် ရှောင်ကြဉ်ခြင်း၊ ရောဂါဝေဒနာနှင့် မသင့်၍ ရှောင်ကြဉ်ခြင်းမှတစ်ပါး ထိုသက်သတ်လွတ်စားခြင်းသည် X X X X မသေမီငတ်၍ သေလျှင်လည်း ကြွပ်ကြွရမည်ဟု လေးလေးနက်နက် သဘောပေါက်ကြစေလိုပါသည်။

## ဤမျှရှည်လျား နိဒါန်းစကား

နိဒါန်းကို ဤမျှရှည်လျားစွာ ရေးသားရခြင်းကား-

"အမှန်ကို ကြားနာနိုင်သောနား၊ အမှန်ကို လက်ခံနိုင်သော နှလုံးသား=ယောနိသောမနသိကာရ" ရှိကြသူတို့အဖို့ ပယ်လှန်၍ အမှန်ကို လိုက်နာပြုကျင့်လျက် ဒုဂ္ဂတိလွန်မြောက် သုဂတိသို့ ရောက်ကြပါစေခြင်း အကျိုးငှာလည်းကောင်း "**အများကြာ အမှန်ဖြစ်**"ဆိုသလို ယင်းတို့၏ အမှားကိုပင် အကြောင်းအမျိုးမျိုးတို့ဖြင့် အမှန်ဟု ထင်မှားကြကာ ယင်းတို့ဘက်သို့ ယိမ်းယိုင်ကြအံ့ဆဲဆဲ ဖြစ်ကြသူတိုင်းအား အမိုက်မှောင်ထဲ၌ မီးထွန်းလင်းပြသကဲ့သို့ အမှန်ကို ညွှန်ပြရန်လည်းကောင်း၊ ဤမျှရှည်လျားစွာ ရေးလိုက်ရပါသည်။

http://www.dhammadownload.com



## ကျမ်းစာကြည့်ရှုနည်း

မည်သည့်စာပေ ကျမ်းဂန်ကိုမဆို ကြည့်ရှုကြသည့်အခါ မည်သူရေးသည့်စာအုပ်ပဲဟု နှလုံးမထားဘဲ စာအုပ်ပါ အဓိပ္ပာယ်သွားကိုသာ လေးလေးနက်နက် ဆင်ခြင်တွေးဆကြည့်ပါ၊ ထပ်ဟလဲလဲ စဉ်းစားပါ၊ မိမိဉာဏ်မမှီလျှင် အမှန်မြင်သိသော တကယ့်ပညာရှိတို့ထံ ဆည်းကပ်မေးလျှောက်ပါ၊ သို့မှသာ အမှားအမှန်ကို သိကြရပါလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ပုဂ္ဂိုလ်စွဲဖြင့် ကြည့်ရှုပါက ယထာဘူတ သဘာဝသို့ မဆိုက်ဘဲ ဖြစ်တတ်ကြပါသည်။ ပုဂ္ဂိုလ်ကို အလေးပြုမှု ပုဂ္ဂလဂရုက မဖြစ်စေကြဘဲ တရားကို အလေးပြုမှု ဓမ္မဂရုကသာ ဖြစ်ကြပါဟူလို။

## ကျမ်းပြုအရှင်နှင့် နောက်ကွယ်ဂယက်

ဤကျမ်းပြုအရှင်ကား မျက်မှောက်တွင် ထင်ထင်ရှားရှား ဆန့်ကျင်ဘက်ပြောဆိုမည့်သူများနှင့် အတွေ့အကြုံ နည်းလှစေကာ အရှင်၏ နောက်ကွယ်တွင်မူကား ရေးသားချက်၊ ဟောပြောချက်များနှင့် စပ်လျဉ်း၍ ဂယက်ရိုက်ကာ အမနာပယောင်ယောင် ပြောကြားခြင်းဒဏ်ကိုကား ခံရသည့် အကြိမ်ပေါင်းမှာ မနည်းလှဟု တစ်ဆင့်စကား ကြားဖူးပါ၏။

ကျွန်ုပ်တို့ ကိုယ်တွေ့ကို တင်ပြရပါမူ ဤအရှင်သည် မွန်ပြည်နယ်တွင် ထင်ရှားသော မြို့တစ်မြို့၌ ဟောပြောသော အချက်တစ်ချက် နှစ်ချက်နှင့် ပတ်သက်၍ အမနာပပြောဆိုခံရသည်ကိုကား ကျွန်ုပ်ကိုယ်တိုင် ကြားသိဖြေရှင်းလိုက်ရပါပြီ။

http://www.dhammadownload.com



## ဖြစ်ရပ်ကသည့်လိုပါ

ဤအရှင်က တရားပွဲ၌ "ဒီခေတ်တွင် အတုအယောင်တွေ ပေါ်များလှသဖြင့် သတိထားသည့်ကြောင့်နှင့် စပ်လျဉ်းပြီး ရဟန္တာ မဟုတ်သူကို ရဟန္တာပါပဲဟု ထင်မြင်ယူဆ ယုံကြည်လက်ခံကြ ပါလျှင် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်ဖြစ်နိုင်ကြောင်း" ဟောပြောသည် ကို တစ်ဆင့်ကြားရသော ဘုန်းကြီးတစ်ပါးက အမနာပစကား ပြောကြားသဖြင့် ဥပရိပဏ္ဏာသက သာမဂါမသုတ် အဋ္ဌကထာ ဋီကာများကို ထောက်ပြလျက် ကျွန်ုပ်ကိုယ်တိုင် ရှင်းလင်းလိုက် ရပါပြီ။

(သင်ရိုးပိဋကတ်ကိုမျှ ပေါက်ပေါက်ရောက်ရောက် မသင် ကြားဖူးသူတို့က သင်ရိုးမဟုတ်သော မဇ္ဈိကာယ် အဆိုအမိန့် တို့ကို မတွေ့ဖူးကြခြင်းကား မထူးဆန်းလှပါ)

တစ်ဖန် ထိုဘုန်းကြီးကပင် ဆက်လက်၍ "အဲဒီကိုယ်တော်က ဗုဒ္ဓဘာသာဝင်တို့မှာ ကမ္မာသတတာသမ္မာဒိဋ္ဌိနဲ့ ဒီအတိုင်းနေရိုး နေစဉ် နေကြပါက အပါယ်မကျနိုင်ပေမယ့် ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်အောင် ဝိပဿနာအားထုတ်ကြပါက အများကို အားထုတ်မိ ပါလျှင် အပါယ်ကျလိမ့်မယ်လို့လဲ ဟောတယ် ဆိုပါလား"လို့ ထပ်ပြီးမေးပြန်သဖြင့် ကျွန်ုပ်က အဲဒါလည်း အမှန်ကို ဟောတာပဲ ဥဒါန်းအဋ္ဌကထာမှာ သေသေချာချာရှိပါတယ်ဆိုပြီး ပါဠိအကိုး ကိုပါရွတ်ပြီး ရှင်းပြလိုက်ရပါတယ်။ (ဥဒါန်းအဋ္ဌကထာဆိုတော့ သာပြီးတော့ ဝေးကြသေးတာပေါ့)

http://www.dhammadownload.com



## သက်သတ်လွတ်တရားဟောလည်း ဒီလိုပါပဲ

ဤအရှင်သည်ပင် ယခုနှစ်၌ အာမဂန္ဓသုတ်ကို ဟောပြီး သက်သတ်လွတ်စားတာ ဗုဒ္ဓဝါဒမဟုတ်ကြောင်း ရှင်းပြသည့်အခါ နောက်ကွယ်တွင် မကျေနပ်သံဝယက် ထွက်လာပြန်ပါသည်။ လုပ်ရပ်အမှန်ကား မိမိမကျေနပ်လျှင် ဟောပြောသည့်ပုဂ္ဂိုလ်နှင့် တွေ့ဆုံပြီး အကျေအလည်ဆွေးနွေးရမည် ဖြစ်ပါလျက် နောက်ကွယ်တွင်မှ အမနာပပြောဆိုခြင်းမှာ သူတော်ကောင်းမပီသရာ ရောက်ပါသည်။ ကျွန်ုပ်တို့ကမူကား "**ကပ္ပါလောကကြီး သာယာဝပြောရေးအတွက် မိုးရွာသည်ဖြစ်ရာ ပရွက်ဆိတ် တွင်းပိတ်ပြီး သေသည်ကို ဂရုမပြုပါနှင့်ဟုသာ**" ပြောကြားလိုပါတော့သည်။

## သက်သတ်လွတ်ဝါဒကို ဖြို့ခွင်းတော်မူခဲ့သည့်ပုဂ္ဂိုလ်များ

ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော ကျွန်ုပ်တို့၏ ထိပ်ခေါင်တင် ကျေးဇူးတော်ရှင် ညောင်လွန့်တောရ ဆရာတော်ဘုရားကြီးသည် ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက် ဗုဒ္ဓဟူးနေ့ နေ့စွဲဖြင့် ကျိုက္ခမီခရိုင် ယခုကရင်ပြည်နယ် ကော့ကရိတ်မြို့ မထိကာရုံတောရတိုက်သစ်နေ အရှင်ကေတုမာလာ ပုဂ္ဂိုလ်သူမြတ်၏ လျှောက်ထားမေးမြန်းချက်အရ "**အမေးလေးချက်၏အဖြေ=စတုပုစ္ဆာဝိသဇ္ဇနာ**" အမည်ဖြင့် သက်သတ်လွတ်ဝါဒကို စာမျက်နှာ(၅၀)ခန့် စာလုံးပေါင်း လေးသောင်းကျော်တို့ဖြင့် အကျယ်တဝင့် ရေးသားဆုံးဖြတ်တော် မူခဲ့ပါသည်။

ထိုအဆုံးအဖြတ်ကား ၁၂၉၇ ခုနှစ်က မန္တလေးမြို့ ၃၆လမ်း ကွမ်းခြံရပ် မောင်ထွန်းဖေပုံနှိပ်တိုက်မှ ရိုက်နှိပ်သော တိပိဋက ပကိဏ္ဏကဒီပနီကျမ်း တတိယတွဲတွင် ပါရှိပါသည်။

http://www.dhammadownload.com



မှော်ဘီဆရာသိန်းကြီး၏ မေးလျှောက်ချက်အရ ၁၂၉၅ ခုနှစ်လောက်က အရှင်အာဒိစ္စဝံသဆရာတော်၏ အဆုံးအဖြတ်ကားစာအုပ်အဖြစ်သို့ မရောက်လာပါ။ ထိုစဉ်က သူရိယသတင်းစာတွင် ကျွန်ုပ်တို့ဖတ်ရှုမှတ်သားလိုက်ရပါသည်။

ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက် တိုက်အုပ်ဆရာတော်ဦးကလျာဏ အရှင်သူမြတ်သည်လည်း ညောင်တုံးမြို့ တာကြီးပိုင်း ဦးဘိုးသုံ, ညောင်တုံးမြို့အပိုင် တူးချောင်းကြီး သူကြီးကိုစံပယ်တို့က ၁၂၉၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့ နေ့စွဲဖြင့် လျှောက်ထားခြင်းကြောင့် အာမဂန္ဓအဆုံးအဖြတ်ကျမ်း သက်သတ်လွတ် ရှင်းတမ်းစာအုပ်ကို ရေးခဲ့ပါသည်။

ယင်းသို့ဖြင့် ဤအရှင်သည် လက်ကမချမထားချင်လောက်အောင် ပြောင်မြောက်လှသော စာသွားတို့ဖြင့် ရေးသားထားသည်ဖြစ်သဖြင့် ကျွန်ုပ်တို့ ရေးသားအမွှမ်းတင်သည်ထက် “**မယုံလျှင်ကိုယ်တွေ့မှ, ဆိုသရွေ့မက, လှလှကြီးသိလိမ့်မည်**”ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ မိန့်တော်သံအတိုင်း “**ကိုယ်တွေ့ကြုံ ကိုယ်ယုံဖြစ်လိမ့်မည်**”ဟုသာ သိုက်ညွှန်းပြလျက် ဤနိဒါန်းကို အဆုံးသတ်ရပါသတည်း။

**ဦးသိန်းဖေညွန့်**
**ပရိယတ္တိသဒ္ဓမ္မပါလဂန္ထ ဝါစကာစရိယ**
**မော်ကွန်းဝင်ပထမဆင့်**
**မုဒုံမြို့**

http://www.dhammadownload.com



# ဗုဒ္ဓ၏သက်သတ်လွတ်တရား
# (ပထမပိုင်း)

## တရားအမည်

"သာသနာတော် သက္ကရာဇ် ၂၅၂၀ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၃၈ ခုနှစ် တပို့တွဲလဆန်း ၄ ရက်နေ့ညတွင် မုဒုံမြို့ သဘော်ဦး ဓမ္မာရုံ၌ ပဋ္ဌာန်းလူငယ်အဖွဲ့မှ ကြီးမှူးကျင်းပအပ်သော တရားပွဲ၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် နှစ်ခုမြောက် စူဠဝဂ်လာ၊ နှစ်ခုမြောက် "**အာမဂန္ဓသုတ္တန်**"တရားတော် ပထမပိုင်းလို့ တရားအမည်ကို ဒီလိုပေးလိုက်နော်။

"မှန်ပါဘုရား"

"ဒီအာမဂန္ဓသုတ္တန် ဆိုတာဟာ သက်သတ်လွတ်နဲ့ ပတ်သက်တဲ့တရားပဲ၊ တစ်နည်းဆိုရင် ဘောမဲ့နဲ့ ပတ်သက်တဲ့တရားပဲ၊ တချို့ ဒေသတွေမှာ သက်သတ်လွတ်ကို ဘောမဲ့ခေါ်တယ် မဟုတ်လား။ ဒါကြောင့် ဒီတရားဟာ "**ဗုဒ္ဓ၏ဘောမဲ့တရား**" သို့မဟုတ် "**ဗုဒ္ဓ၏ သက်သတ်လွတ်တရားပေါ့**"

http://www.dhammadownload.com



"အဲ…ဒီကနေ့ည ဦးပဉ္ဇင်းတို့ ဟောမယ့် အာမဂန္ဓ သုတ္တန်မှာ ဦးပဉ္ဇင်းတို့ ဗုဒ္ဓက ဘေးမဲ့ သို့မဟုတ် သက်သတ်လွတ်နဲ့ ပတ်သက်လို့ ဘယ်လိုယူဆတယ်၊ ဘယ်လိုဟောတယ်ဆိုတာ ဟောရ, နာရလျှင် သိကြရမှာပေါ့နော်"

"မှန်ပါဘုရား"

"ဒီ…အာမဂန္ဓသုတ္တန်ထဲမှာ ဗုဒ္ဓ၏ သက်သတ်လွတ်နဲ့ ပတ်သက်ပြီး ဟောကြားချက်တွေကို ဦးပဉ္ဇင်း လက်လှမ်းမီ သလောက် နိုင်သလောက်ပေါ့လေ အကုန်လုံးသွင်းပြီးတော့ ဟောမယ်နော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် မူတည်အနေအားဖြင့် အာမဂန္ဓသုတ္တန် ဆိုပေမယ့် ဗုဒ္ဓ၏ ဘေးမဲ့တရား၊ သက်သတ်လွတ်ဆိုင်ရာ အားလုံး ပါဝင်မှာမို့ တရားနာမည်ကို "**ဗုဒ္ဓ၏ သက်သတ်လွတ်တရား**" လို့ ခေါ်လျှင်လည်း လွဲပါ့မလား?

"မလွဲပါဘုရား"

"အင်း…အဲဒီဗုဒ္ဓ၏ သက်သတ်လွတ်တရားတော်ကို ပထမပိုင်း, ဒုတိယပိုင်းလို့ နှစ်ပိုင်းခွဲပြီး နှစ်ညဟောမယ်နော်"

"မှန်ပါဘုရား"

## ဘုရားရှိခိုး

"ဒီတရားတော်ကို ဟောခဲ့တာက ဗုဒ္ဓဘုရားရှင်ဆိုတော့ အဲဒီဗုဒ္ဓဘုရားရှင်ကို အာရုံပြု ရှိခိုးကြရ၊ ကြည်ညိုကြရအောင် ပရိသတ်အားလုံး လက်အုပ်ချီကြပါ"

http://www.dhammadownload.com



* နယနသု ဘဂ ကာယဂ်၊
မဓုရဝရ သရောပေတံ။
အမိတ ဂုဏ ဂဏာဓာရံ၊
ဒသဗလ မတုလံ ဝန္ဒေ။ ။

**နယနသုဘဂကာယဂ်**=နတ်လူရှိရှိ၊ ဖူးကြသူ မျက်စိဝယ်၊ ပီတိဟုန်ဆင့်လွှမ်းအောင်၊ တင့်ဆန်းသပ္ပာယ်၊ ကိုယ်အင်္ဂါကြီး ငယ်တို့နှင့်၊ ဖြိုးကြွယ်ဝန်းရံ၊ ပြည့်စုံတော်မူပါပေထသော။

ဝါ=**နယနသုဘဂကာယဂ်**=နတ်လူရှိရှိ၊ ဖူးကြသူ မျက်စိဝယ်၊ ပီတိဟုန်ဆင့်လွှမ်းအောင်၊ တင့်ဆန်းသပ္ပာယ်၊ ကိုယ်အင်္ဂါကြီး ငယ်တို့နှင့်၊ ဖြိုးကြွယ်ဝန်းရံ၊ ပြည့်စုံတော်မူသောကြောင့်လည်း ကောင်း၊ (ရူပအစိန္တေယျဂုဏ်တော်)

**မဓုရဝရသရောပေတံ**=သာယာချိုမြိန်၊ နှစ်သိမ့်နာပျော်၊ မြတ်သောအသံတော်နှင့်လည်း ပြည့်စုံတော်မူပါပေထသော။

**ဝါ=မဓုရဝရသရောပေတံ**–သာယာချိုမြိန်၊ နှစ်သိမ့်နာပျော်၊ မြတ်သောအသံတော်နှင့်လည်း ပြည့်စုံတော်မူသောကြောင့်လည်း ကောင်း။ (ဝါစာအစိန္တေယျဂုဏ်တော်)

**အမိတဂုဏဂဏာဓာရံ**=ဣဒ္ဓိပါဒ်မျိုး၊ တန်ခိုးတော် အလီလီ၊ သန္တုဋ္ဌိ၊ သလ္လေခ၊ အပ္ပိစ္ဆ၊ သုဘရာ၊ အစဖြာသော၊ သချာကမ်း ခပ် ဂဏန်းဓာတ်တို့၊ မမှန်းအပ်၊ မရေးနိုင်၊ မကြံနိုင်၊ မနှိုင်းအပ်၊ ကျေးဇူးတော်အရပ်ရပ်ကို ကိန်းဝပ်ပျော်အောင်း စုပေါင်းတည် နေရာလည်း ဖြစ်တော်မူပါပေထသော။

http://www.dhammadownload.com



ဝါ=**အဓိတဂုဏာဂဏာစာရံ**=ဣန္ဒြိယပါဒ်မျိုး၊ တန်ခိုးတော် အလီလီ၊ သန္တုဋ္ဌိ၊ သလ္လေခ၊ အပ္ပိစ္ဆ၊ သုဘရာ၊ အစဖြာသား၊ သချ်ာကမ်းခပ် ဂဏန်းခတ်တို့၊ မမှန်းအပ်၊ မရေးနိုင်၊ မကြံနိုင်၊ မနှိုင်းအပ်၊ ကျေးဇူးတော်အရပ်ရပ်ကို ကိန်းဝပ်ပျော်အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော်မူသောကြောင်းလည်းကောင်း။ (ဣန္ဒြိအစိန္တေယျဂုဏ်တော်)

**ဒသဗလံ**=အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါး၊ စွမ်း ပကားနှင့်၊ ထူးခြားလောက်လုံ ပြည့်စုံတော်မူပါပေထသော။

ဝါ=**ဒသဗလံ**=အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါး၊ စွမ်းပကားနှင့်၊ ထူးခြားလောက်လုံ ပြည့်စုံတော်မူသောကြောင့် လည်းကောင်း။ (ဉာဏအစိန္တေယျဂုဏ်တော်၊ ဗလ အစိန္တေယျ ဂုဏ်တော်)

**အတုလံ**=သရီရဂုဏ်၊ ဗလဂုဏ်တို့၊ နှိုင်းပုံယှဉ်ဘိ၊ တူမရှိသား၊ အတုလိယကျေးဇူး၊ ဂုဏ်အထူးတို့ဖြင့်၊ ချီးကျူးအပ်ငြား၊ အစိန္တေယျ၊ သုံးလောကထွတ်ထား မြတ်စွာဘုရားကို။

**မယံ**=တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်၊ ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်။

**ဝန္ဒေ-ဝန္ဒာမ**=ကိုယ်နှုတ်နှလုံး၊ သုံးပါးပျောင်းပြေ၊ မာန်ကို လျော့၍၊ ကန်တော့မြတ်နိုး၊ လက်အုပ်မိုးလျက်၊ ရှိခိုးဦးညွှတ်ပါ ကုန်၏၊ မြတ်စွာဘုရား။

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com



## အငြင်းပွားကြတယ်

"တရားမဟောမီ ပြုသင့် ပြုထိုက်တဲ့ ရှေးဦးကိစ္စဟာ ဘုရားရှိခိုးခြင်း အဓိကပါပဲ။ ယခု အဓိကကိစ္စ ပြီးသွားပြီနော်"

"မှန်ပါဘုရား"

"ပြီးတော့ကာ တရားဟောဖို့ပဲ မဟုတ်လား?"

"မှန်ပါဘုရား"

"တရားဟောဖို့ဆိုတော့ ဘာတရားဟောမယ်လို့ ပြောခဲ့သလဲ ဒကာငွေကိုင်ကြီး"

"အာမဂန္ဓသုတ္တန်ပါဘုရား"

"အမယ်...တယ်မှတ်မိပါကလား။ ဒကာငွေကိုင်ကြီး"

"မှန်ပါ၊ မှတ်မိပါတယ်ဘုရား"

"ဒီတရား ဘာဖြစ်လို့ ဟောရတာလဲ ဒကာငွေကိုင်ကြီး?"

"အမိန့်ရှိပါဘုရား"

"အင်း...ဒကာငွေကိုင်ကြီး မေးရင်တော့ အမိန့်ရှိပါဘုရားချည်းပဲ ပြောတာပဲနော်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့ အမိန့်ရှိပါဘုရားချည်းပဲ ပြောရတာလဲ၊ တစ်ခါထဲဖြေလိုက်ပါလား"

"ဖြေမတတ်လို့ပါဘုရား"

"ဒါဖြင့်ရင် ဦးပဥ္စင်းက ဖြေရမယ်ပေါ့ဟုတ်လား"

"မှန်ပါဘုရား"

"ဖြေရမယ်ဆိုတော့ ခုခေတ်မှာ ဝိပဿနာတရားဟောမဲ့ပုဂ္ဂိုလ်တွေပေါပါတယ်၊ ပေါတော့ ဝိပဿနာတရား နာရတာလည်း များပါတယ်၊ မပေါမများဘူးလား"

http://www.dhammadownload.com



"ပေါ်များပါတယ်ဘုရား"

"ဒီသက်သတ်လွတ်အကြောင်းကြတော့ သိတဲ့လူအင်မတန်နည်းတယ်၊ သက်သတ်လွတ်စားတဲ့လူက မစားတဲ့လူ အပြစ်ပြော၊ မစားတဲ့လူကလည်း စားတဲ့လူကို အပြစ်ပြော၊ ငြင်းကြခုံကြနဲ့ အငြင်းပွားကြတယ် မဟုတ်လား?"

"မှန်ပါဘုရား"

## သိဖို့လိုပြီ

"အဲဒီလို အငြင်းပွားကြတော့ မကောင်းမှု၊ အကုသိုလ်တွေ မဖြစ်သင့်ဘဲနဲ့ ဖြစ်ကုန်ရော၊ ဒီတော့ အငြင်းမပွားကြရအောင် သက်သတ်လွတ် တိတိကျကျ သိဖို့လိုပြီမဟုတ်လား ဒကာ ငွေကိုင်ကြီး"

"မှန်ပါ၊ လိုနေပါပြီဘုရား"

"လိုနေတော့ ဟောရတော့မှာပေါ့နော်"

"မှန်ပါ၊ ဟောပါဘုရား"

## သာသနာသိထားရမည်

"ဟောပါဆိုတော့ သာသနာကိုသိဖို့ လိုသေးတယ်၊ ဒီတော့ သာသနာကို အဦးအစ သိထားရမယ်ပေါ့၊ ဒါမှ သာသနာတွင်းကိစ္စ သာသနာပကိစ္စ ရှောင်ရမှာ လိုက်နာရမှာကို သိမှာပေါ့၊ သို့မဟုတ်ရင် သိပါ့မလား?"

"မသိပါဘုရား"

http://www.dhammadownload.com



"ဒီတော့ သာသနာ ပြောရမယ်ဆိုရင် သာသနာဆိုတာ "**အဆုံးအမ**"ကို ခေါ်တယ်၊ သာသနာဆိုတာ ဘာကိုခေါ်တာလဲ၊ ကဲ–ပြောစမ်းပါဦး ဒကာငွေကိုင်ကြီး"

"အဆုံးအမကို ခေါ်ပါတယ်ဘုရား"

"အင်းဟုတ်ပြီ၊ အဲဒီအဆုံးအမ သာသနာတော်ကို ဘယ်သူက ဆုံးမသလဲလို့လည်း သိဖို့မလိုဘူးလား?"

"လိုပါတယ်ဘုရား"

"လိုတော့ ဗုဒ္ဓကဆုံးမတယ်လို့ မှတ်ထားနော်"

"မှန်ပါ၊ မှတ်ပါမယ်ဘုရား"

"ဒီတော့ ဗုဒ္ဓနဲ့ သာသနာနဲ့ တွဲလိုက်ရင် "**ဗုဒ္ဓသာသနာ**" လို့ ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်ဘုရား"

"ပါဠိလို "**ဗုဒ္ဓသာသနာ=မြတ်စွာဘုရားအဆုံးအမ**"ပေါ့နော်"

"မှန်ပါဘုရား"

## ဘယ်နှစ်မျိုးဆုံးမသလဲ

အဲ...ဗုဒ္ဓသာသနာ၊ မြတ်စွာဘုရားအဆုံးအမလို့ သာသနာတော့ သိသွားပြီ၊ အဲဒီဗုဒ္ဓက အဆုံးအမ ဘယ်နှစ်မျိုးဆုံးမလဲလို့ သိဖို့မလိုပြန်ဘူးလား?"

"လိုပြန်ပါတယ်ဘုရား"

"လိုပြန်တော့ ဗုဒ္ဓက သုံးမျိုးထဲပဲ ဆုံးမထားခဲ့တယ်လို့ မှတ်ထား"

"မှန်ပါ၊ မှတ်ထားပါမယ်ဘုရား"

http://www.dhammadownload.com



"ကဲ...ဒါဖြင့်ရင် အဲဒီအဆုံးအမ သုံးမျိုးကို လင်္ကာလေးနဲ့ ချပေးမယ် အားလုံးလိုက်ဆိုကြ...

* အကုသိုလ်စု မပြုရှောင်ခွာ၊
ကုသိုလ်အများ ကြိုးစားစုံစွာ၊
မိမိစိတ်ရင်း ပွတ်ဝင်းဖြူငှာ၊
ဤသုံးပါး ဘုရားသာသနာ။ ။

"ကဲ...ဘာတဲ့လဲ အဆုံးအမ သုံးမျိုးကို လိုရင်းတစ်ခုစီ ခွဲလိုက်ရင်...

၁။ "အကုသိုလ်မှန်သမျှ ဘာမှမလုပ်နဲ့တဲ့နော်"

"မှန်ပါဘုရား"

"အကုသိုလ်မှန်သမျှဆိုတော့ အကုသိုလ် အသေးရော၊ အကြီးရော အကုန်ပါမသွားဘူးလား?"

"ပါသွားပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီးက အကုသိုလ်အကြီးကြီးတော့ မလုပ်ရဲလို့ မလုပ်ပါဘူးတဲ့၊ အကုသိုလ်အသေးကလေးကို ပြုလုပ်ဦးမှာလား?"

"မပြုလုပ်တော့ပါဘုရား"

"ဘာဖြစ်လို့လဲ"

"ကြောက်လို့ပါဘုရား"

"ဘာကိုကြောက်တာလဲ"

"ငရဲကြီးကို ကြောက်လို့ပါဘုရား"

http://www.dhammadownload.com



"အင်း...တယ်ဟုတ်ပါလား၊ ဒကာငွေကိုင်ကြီး"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

## ကျောက်ခဲသေးကြီး

"ဒကာငွေကိုင်ကြီး၊ ကျောက်ခဲကြီးကြီးကို ရေထဲချလိုက်ရင် ဘယ်နှယ့်နေမလဲ"

"မြုပ်သွားပါမယ်ဘုရား"

"ဘယ်ထိအောင် မြုပ်သွားမှာလဲ"

"အောက်ခြေထိအောင် မြုပ်သွားပါမယ်ဘုရား"

"ကျောက်ခဲအသေးကလေး ရေထဲချရင်ကော ဘယ်လို နေမှာလဲ?"

"မြုပ်သွားပါမယ်ဘုရား"

"ဘယ်ထိအောင် မြုပ်သွားမှာလဲ"

"အောက်ခြေထိအောင် မြုပ်သွားပါမယ်ဘုရား"

"အင်း...အဲဒီလိုပေါ့ အကုသိုလ်ကြီးကြီးကလည်း ငရဲမကြီး ဘူးလား?"

"ကြီးပါတယ်ဘုရား"

"အကုသိုလ် အသေးလေးကကော ငရဲမကြီးဘူးလား?"

"ကြီးပါတယ်ဘုရား"

"ဘယ်ငရဲကြီးဟာ ကြောက်သလဲ?"

"ငရဲနှစ်မျိုးလုံးကြီးတာ ကြောက်ပါတယ်ဘုရား"

"အမယ် တယ်ပါးပါလား ဒကာငွေကိုင်ကြီး"

http://www.dhammadownload.com



"မှန်ပါ ပါးပါတယ်ဘုရား"

"ဒါဖြင့် ငရဲကြီးမှာ ကြောက်ရင် ဘယ့်နှယ်လုပ်မလဲ?"

"အကုသိုလ်မှန်သမျှ ဘာမှမလုပ်ရပါဘုရား"

၂။ အင်း…ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဖြင့်ရင် နှစ်နံပါတ်အဆုံး အမသွားကြစို့ နှစ်နံပါတ် အဆုံးအမက ဘာလဲဆိုတော့ "ကုသိုလ်မှန်သမျှ စုံအောင်ပြုလုပ်"တဲ့။

"ကုသိုလ်မှန်သမျှ ဘာတဲ့လဲ"

"စုံအောင်လုပ်ရပါမယ် ဘုရား"

"ချန်ထားရဦးမလား"

"ချန်မထားရပါဘုရား"

"ကျော်သွားရဦးမှာလား"

"ကျော်လည်း မသွားရပါဘုရား"

"အင်း…ချန်လည်းမထားနဲ့၊ ကျော်လည်းမသွားနဲ့၊ သင့်တဲ့ အချိန်မှာ သင့်တဲ့ကုသိုလ်ကို သင့်သလိုသာ ပြုလုပ်နေ၊"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ကောင်းကျိုးပေးလို့ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကောင်းကျိုးဆိုတာ ဘယ်သူကမှ ပေးနိုင်တာလဲ"

"ကုသိုလ်ကမှ ပေးနိုင်ပါတယ်ဘုရား"

"ကုသိုလ်ကမှ ပေးနိုင်တယ်ဆိုတော့ ကောင်းကျိုး လိုချင်ရင် ကုသိုလ်လုပ်ရမယ်ပေါ့၊ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## ပွဲတင်တယ်

"တစ်ချို့ကတော့ ကောင်းကျိုးလိုချင်လို့ဆိုပြီး နတ်ကကြတယ်၊ အထက်ဆရာကြီး ပွဲတင်တယ်၊ ဒကာငွေကိုင်ကြီးကော ပွဲလေး ဘာလေး မတင်ဘူးလား?"

"မတင်ပါဘုရား"

"အမယ်-တယ်ဟုတ်ပါလား။ မယုံသေးဘူး အိမ်လာချောင်းကြည့်ဦးမှပဲ"

"ကြည့်ပါဘုရား၊ မရှိပါဘူး"

"အင်း... ကုသိုလ်က ကောင်းကျိုးပေးတာကို ပွဲတင်လို့ နတ်မလို့ဆိုတော့ 'ခုတ်ရာတစ်ခြား ရှရာတစ်ခြား' လို့ ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

## ကုသိုလ်ရှင်မှ မ,နိုင်

"နတ်တွေက လူတိုင်းကို မ,နိုင် ကယ်နိုင်တာ မဟုတ်ဘူး။ ကုသိုလ်ရှင်မှ မ,နိုင် ကယ်နိုင်တာ"

"မှန်ပါဘုရား"

"ဒီတော့ နတ်မ,ချင်ရင် ဘာလုပ်ရမလဲ၊ ပွဲတင်ရမလား ကုသိုလ်ပြုလုပ်ရမလား?"

"ကုသိုလ်ပြုလုပ်ရပါမယ် ဘုရား"

http://www.dhammadownload.com



"ကုသိုလ်ရှင်ကို နတ်,မ,မဘဲ ရှောင်နေနိုင်ပါ့မလား?"

"မနေနိုင်ပါ ဘုရား"

"ကုသိုလ်မရှိသူကိုလည်း နတ်ကရှာဖွေပြီး မ,နိုင်ပါ့မလား"

"မ,မနိုင်ပါဘုရား"

## သခ်ပုဏ္ဏား

"သာဓကပြရမယ်ဆိုရင် သခ်ပုဏ္ဏားဝတ္ထုကို သာဓက ပြရမှာပဲ"

"မှန်ပါ၊ ပြပါဘုရား"

"သခ်ပုဏ္ဏားဟာ ကုသိုလ်မျိုးစုံပြုတဲ့ ကုသိုလ်ရှင်တစ်ဦးပေါ့၊ အထူးသဖြင့် နေ့စဉ်ကတော့ ဒါနကုသိုလ်ပြုတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဒါနကုသိုလ်ကို အဆက်မပြတ်အောင် ပြုနိုင်ဖို့ ဆိုပြီး ပစ္စည်းရှာထွက်တယ်၊ ဘယ်ထွက်လဲဆိုတော့ ပင်လယ် ခရီး စက်လှေစီး ထွက်မှာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...စက်လှေလွှင့်လို့ မကြာမီမှာဘဲ ပျက်တယ်၊ ပျက် တော့ သခ်ပုဏ္ဏားနဲ့ သူ့တပည့်ဟာ အတူပဲ၊ ပင်လယ်ထဲမှာ ကူးနေကြတယ်၊ ပင်လယ်ခရီးမှာ စောင့်တာက မဏိမေခလာ ပေါ့၊ ကုသိုလ်ရှင်တွေ ကယ်ဖို့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ခုတော့ ဘယ်သူတဲ့လဲ"

"ဦးရှင်ကြီးပါဘုရား"

"ကဲ-တကယ့်စာလာ၊ ပေလာကတော့ မဏိမေခလာ နတ်သမီး၊ စာပေမလာပဲနဲ့ လူတွေသိနေ၊ တင်နေ၊ ပ-သ နေတာကတော့ ဦးရှင်ကြီးတဲ့နော်"

"မှန်ပါဘုရား"

## ကုသိုလ်ရှင်တွေကယ်ဖို့

မဏိမေခလာနတ်သမီးကို နတ်မင်းကြီးလေးယောက်က တာဝန်ပေးထားတာက ပင်လယ်ခရီးမှာ ဒုက္ခရောက်နေကြတဲ့ ကုသိုလ်ရှင်တွေကို ကယ်ဖို့ထားတာတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီလိုထားတော့ ယခု ပင်လယ်ထဲမှာ ကူးနေတဲ့ သခ်ပုဏ္ဏားနဲ့ သူ့တပည့် နှစ်ယောက်စလုံးကို မြင်တယ်။ ဒါပေမယ့် ရတနာလှေကြီး ဖန်ဆင်းပြီး လှေပေါ်သို့ပွေ့ပြီး ကယ်တင်တော့ သခ်ပုဏ္ဏားတစ်ယောက်တည်းသာ ပွေ့ပြီးကယ်တင်တယ်"

"မှန်ပါဘုရား"

"သူ့တပည့်ကို မြင်ပါရဲ့နဲ့ မကယ်တင်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ"

"ကုသိုလ်မရှိလို့ပါဘုရား"

"အဲ...နောက် သခ်ပုဏ္ဏားက သူ့တပည့်ကို သူပြုထားတဲ့ ကုသိုလ်ရဲ့ အဖို့ဘာဂကို အမျှပေးဝေလိုက်တော့ သူ့တပည့်က သာဓုခေါ်တယ်။ သာဓုခေါ်တော့ ကုသိုလ်ရမသွားဘူးလား?"

http://www.dhammadownload.com



"ရသွားပါတယ် ဘုရား"

"အဲ...ကုသိုလ်ရသွားတော့ ကုသိုလ်ရှင် ဖြစ်သွားတယ်၊ ကုသိုလ်ရှင်ဖြစ်တော့မှ မဏိမေခလာ နတ်သမီးက ရတနာလှေ ပေါ် ပွေ့တင်တယ်။ အဲဒါကို ရည်ရွယ်ပြီး မာန်လည်ဆရာတော် ဘုရားကြီးက-

"သိကြားနတ်ရှင်၊
ကုသိုလ်ရှင်အား၊
မမြင်ရှောင်ကာ၊
မနေသာတည့်၊
မြင်ပါလျှက်ကဲ့၊
ကုသိုလ်မဲ့က၊
တိမ့်ငဲ့မျက်နှာ၊
မရှုသာတည့်"လို့ လင်္ကာမော်ကွန်းထိုးခဲ့တယ်။

ပြီးတော့လည်း-

"ကောင်းမှုပဟုဆို၊ ထိုကုသိုလ်ကား၊
ကိုယ်ပင် နီစွ၊ မပြုရလည်း၊
သူများကုသိုလ်၊ အဖို့ကိုမျှ၊
ကြည်ညိုသမှု၊ ခေါ်သာဝဖြင့်၊
သေလုနီးစွာ၊ ရောက်ပြီးခါလျှက်၊
သမုဒ္ဒရာလယ်ချက်၊ ပင်လယ်နက်မှ
အသက်ချမ်းသာ ရှူးစွာ၏"တဲ့၊

http://www.dhammadownload.com



ကဲ...ဒီမျှလောက်ဆိုရင် ကုသိုလ်စုံအောင် ပြုရမယ်ဆိုတာနဲ့ ပတ်သက်လို့ တော်ရောပေါ့နော်"

"မှန်ပါ၊ တော်ပါပြီဘုရား"

**၃။** "ကဲ...ဒါဖြင့်ရင် သုံးနံ့ပါတ် အဆုံးအမ သွားကြစို့၊ သုံးနံ့ပါတ်က ဘာလဲဆိုတော့၊ မိမိစိတ်ကို ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်စေရမယ်တဲ့နော်"

"မှန်ပါဘုရား"

"စိတ်ဖြူစင်အောင်က ကုသိုလ်ရေနဲ့ဆေးမှ စင်မှာပေါ့နော်"

"မှန်ပါဘုရား"

## နှစ်မျိုးသာ

"ဒီတော့ကာ ဗုဒ္ဓအဆုံးအမဟာ သုံးမျိုးဆိုသော်လည်း လုပ်ရမယ့်ကိစ္စနဲ့ မလုပ်ရမယ့်ကိစ္စရယ်လို့ ခွဲလိုက်ရင် နှစ်မျိုးသာ ရှိတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒါဖြင့် ဒီနှစ်မျိုးလေးတော့ လိုက်နာဖို့ မကောင်းဘူးလား?"

"ကောင်းပါတယ် ဘုရား"

"အင်း...ကောင်းရင် လိုက်နာပေါ့နော်"

"မှန်ပါ ဘုရား"

"နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံကို အကျဉ်းချုံးရင် ဒီနှစ်မျိုးပဲ ရမယ်၊ ဒီနှစ်မျိုး အကျယ်ချဲ့ရင်လည်း နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ဖြစ်လာတာပဲ၊ အဲဒီမှာ မလုပ်ရမှာက ဘာတွေ၊ ဘာကြောင့်

http://www.dhammadownload.com



မလုပ်ရတာလဲ စသည်ဖြင့် အကျယ်တဝင့်ပြတာပေါ့၊ လုပ်ရမှာက ဘာတွေ၊ ဘာကြောင့်လုပ်ရတာလဲ စသည်ဖြင့် အကျယ်ပြတယ် ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီမှာတော့ အကျယ်ပြလို့ မဖြစ်ဘူး၊ ပယ်စရာ လိုက်နာစရာ သိရုံမျှလောက်ပဲ အကျဉ်းပြရတာပဲ၊ ခုလောက်ဆိုရင် သာသနာသဘော သိသင့်သလောက် သိပြီပေါ့နော်"

"မှန်ပါ သိပါပြီ ဘုရား"

## ဘုရားမပွင့်မီ

"သိရင်ရှေ့သွားကြစို့နော်၊ ရှေ့သွားစို့ဆိုတော့ အာမဂန္ဓသုတ္တန်ကို ဟောရမှာပေါ့၊ အာမဂန္ဓကို အဦးဆုံးသိထားဖို့ အရေးကြီးတယ်၊ **"အာမဂန္ဓဆိုတာအညှီအဟောက်"** လို့ အဓိပ္ပာယ်ရတယ်၊ စိမ်းစော် ညှီဟောက်တယ်၊ နံစော်တယ်လို့ ဆိုလိုတာပေါ့နော်"

"မှန်ပါဘုရား"

"ဦးပဉ္စင်းတို့ ဘုရားမပွင့်မီက အာမဂန္ဓ အမည်ရှိတဲ့ ပုဏ္ဏားတစ်ယောက်ရှိတယ်၊ ဘယ်သူတဲ့လဲ"

"အာမဂန္ဓပုဏ္ဏားပါဘုရား"

"သူ့ကို ဘာပြုလို့ အာမဂန္ဓ မှည့်ခေါ်ရတာလဲဆိုတော့ အညှီအဟောက်ကို ကြောက်လို့ မှည့်ခေါ်ရတယ်လို့ ဆိုနိုင်တယ်၊

http://www.dhammadownload.com



ဘယ်အချိန်က စတင်ပြီး အညှီအဟောက်ကို ကြောက်သလဲ ဆိုရင် မွေးခါစ ကတည်းကလို့ ဆိုနိုင်တယ်"

## သာဓကရှိတယ်

အဲဒီလို မွေးခါစကတည်းက ကြောက်တယ်ဆိုတာကို သာဓက ပြဖို့ရာ လက်တွေ့သာဓကရှိတယ်၊ ဦးပဥ္စင်းတို့နဲ့ နီးစပ်တဲ့အထဲကပဲ၊ ဦးပဥ္စင်းတစ်ပါးနဲ့ ဆရာတော်ကြီးတစ်ပါးကို တွေ့ဖူးတယ်၊ သူတို့နှစ်ပါးလုံးပဲ ငယ်ငယ်ကလေးတည်းက အညှီအဟောက်ကို ကြောက်ကြတယ်တဲ့"

"ဘယ်လောက် ကြောက်သလဲဆိုရင် နို့စို့စဉ်ကတော့ နို့စို့တယ်၊ အဲ ထမင်းခွံ့ချိန်ကြတော့ အသား၊ ငါးနဲ့သာထမင်းခွံ့ရင် ပါးစပ်ပိတ် ငိုတာပဲတဲ့၊ ကဲမပြောတတ်တဲ့ကလေးဟာ မသိဘူး လား?

"သိပါတယ်ဘုရား"

"မပြောတတ်လို့သာနေ၊ ဒါကြောင့် "**ကလေးရဲ့အားဟာ ငိုခြင်း**"လို့ ဆိုတာပေါ့၊ သူမကြိုက်တော့ မကြိုက်ဘူးလည်း မပြော နိုင်ဘူး၊ မပြောနိုင်တော့ မကြိုက်မှန်းလည်း သိရအောင် ပါးစပ်ပိတ် ငိုတာပေါ့၊ အဲဒီလို ခွံ့တိုင်း ခွံ့တိုင်းငိုတော့ မိဘတွေက သိတော့ တာပေါ့၊ ဒီတော့မှ နောက်ဆိုရင် အသား၊ငါးတွေနဲ့ မခွံ့ဘဲ ဆားနဲ့ပဲခွံ့ရတာပေါ့၊ ဒီလိုနဲ့ပဲ ဦးပဥ္စင်းဖြစ်, ဆရာတော်ကြီး ဖြစ်သည့်တိုင်အောင် ဖြစ်လာတာပဲ"

http://www.dhammadownload.com



## သားငါးမစား

"ယခု အာမဂန္ဓပုဏ္ဏားလည်း သားငါးမစားဘူးတဲ့၊ အဲ-သူ့မှာ ပုဏ္ဏားလုလင် ငါးရာရှိတယ်။ တစ်နေ့မှာ အဲဒီပုဏ္ဏားလုလင်ငါးရာနဲ့အတူ ဟိမဝန္တာတောထဲသွားပြီး တောင်ကြားတစ်ခုမှာ သင်္ခမ်းကျောင်း ဆောက်ပြီး ရသေ့ဝတ်နေကြတယ်။ တောသစ်မြစ်၊ သစ်သီးသာ စားသောက်နေကြတယ်တဲ့"

"**န ကဒါစိ မစ္ဆမံသံ ခါဒတိ**=တစ်ရံတစ်ခါမျှတောင်မှပဲ သားငါးကို မစားဘူး"တဲ့၊ သူတို့ သားငါးကို မစားဘဲနဲ့ သစ်မြစ်၊ သစ်သီးစားတာကလည်း ဘယ်လိုလဲဆိုတော့ သစ်မြစ်၊ သစ်သီးတွေ ရလာလျှင် လှီးခြင်း ဖြတ်ခြင်း သိပ်မလုပ်ဘဲ သာမညမျှ လှီးဖြတ်ပြီး ဆား၊ဆီ၊ငရုတ်၊ ကြက်သွန်၊ အမွှေး၊ နံ့သာ မဆလာ စသည် ဘာမှမပါဘဲ ပြုတ်စားတယ်။ ဒီတော့ ခုခေတ်စားနေတဲ့ သက်သတ် လွတ်၊ ခုခေတ်စားနေတဲ့ ဘေးမဲ့နဲ့ တူရဲ့လား?

"မတူပါဘုရား"

"အင်း...သက်သတ်လွတ်၊ သက်သတ်လွတ်နဲ့ ရှေးက သက်သတ်လွတ်နဲ့ ယခုသက်သတ်လွတ်နဲ့ မတူပုံလည်း မှတ်ထားဦး၊ ဘေးမဲ့လည်း အတူတူပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလို ဆားတို့ ဆီတို့ အချဉ်တို့ စသည်မပါတော့ အဲဒီရသေ့ တွေမှာ အစာအာဟာရဓာတ်တွေ ယုတ်လျော့မှုကြောင့် ဖြော့တော့တဲ့ ရောဂါဖြစ်လာတယ်၊ ဖျော့ဖတ်ဖြူရော်၊ သို့မဟုတ်

http://www.dhammadownload.com



အသားဝါတဲ့ရောဂါ ဖြစ်လာတယ်ပေါ့၊ ဒါဟာ ဘာ့ကြောင့် ဖြစ်လာတာလဲဆိုရင် စာလို ပြောရင် "**ဘောဇနေသပ္ပါယ**=ဘောဇဉ် မမျှတမှုကြောင့်နော်"

"မှန်ပါဘုရား"

## သပ္ပါယ ၇-ပါး

ဒီလို ဘောဇနာသပ္ပါယ မမျှတမှုကြောင့် ဖြော့တော့တဲ့ အနာရောဂါ၊ အသားဝါရောဂါ ဖြစ်လာတာကို ပြောတော့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာလာတဲ့ သပ္ပါယ ၇-ပါးကို သွားပြီးတော့ သတိရမိတယ်၊ အဲဒါက ဘာတွေလဲဆိုတော့-

၁။ အားထုတ်တဲ့ အရိပ်အာဝါသ ကျောင်း,ဇရပ် စသည် မျှတရမည်။
၂။ ဆွမ်းခံရွာ မျှတရမည်။
၃။ စကားပြောဆိုမှု မျှတရမည်။
၄။ ပုဂ္ဂိုလ်အချင်းချင်း ညီညွတ်မျှတရမည်။
၅။ အစားအစာ ဘောဇဉ်မျှတရမည်။
၆။ အပူအအေး ဥတုမျှတရမည်။
၇။ ဣရိယာပုထ်လေးပါး မျှတရမည်တဲ့၊ အဲဒါ တရားအားထုတ်ရာ၌ အထူးလိုအပ်တဲ့ မျှတမှုသပ္ပါယ ၇-ပါးပဲ။ ဒီ ၇-ပါး မျှတမှုကို မှီဝဲပြုက တရားရနိုင်တယ်။ ဒီ ၇-ပါး မမျှတကာလဲ တရားမရနိုင်ဘူး ဆိုတာ မထင်ရှားဘူးလား?

http://www.dhammadownload.com



"ထင်ရှားပါတယ်ဘုရား"

"အဲဒီ ရ–ပါးကို အနည်းငယ်မျှ ချဲ့တွင် ပြောကြဦးစို့နော်"

"မှန်ပါ ပြောပါဘုရား"

## ၁။ နေရာမျှတမှု

"ကျောင်း၊ သို့မဟုတ် ဇရပ် စတဲ့ တရားအားထုတ်တဲ့ နေရာ တစ်ခုမှာ အားထုတ်တဲ့အခါ မဖြစ်ဘူးသေးတဲ့ နိမိတ်လည်း မဖြစ်လာဘူး၊ ဖြစ်လာပြီးတဲ့ နိမိတ်လည်း ပျက်သွားမယ်၊ မထင်သေးတဲ့ သတိလည်း မထင်လာဘူး၊ မတည်ကြည်သေးတဲ့ သမာဓိလည်း မတည်ကြည်လာဘူးဆိုရင် ဒီနေရာ၊ ဒီကျောင်း၊ ဒီရိပ်သာဟာ မိမိအတွက် မမျှတတဲ့နေရာ၊ ကျောင်း၊ ရိပ်သာပဲ ပေါ့နော်"

"မှန်ပါဘုရား"

"နေရာဌာနတစ်ခုမှာ အားထုတ်တဲ့အခါ မဖြစ်သေးတဲ့ နိမိတ်တွေ ဖြစ်လာမယ်၊ ဖြစ်ပြီးသားနိမိတ်တွေ တည်တံ့မယ်၊ သတိတွေ အားကောင်းလာမယ်၊ ထင်ရှားလာမယ်၊ သမာဓိတွေ တည်ကြည်လာမယ်ဆိုရင် ဒီနေရာ၊ ဒီကျောင်း၊ ဒီရိပ်သာဟာ မိမိအတွက် မျှတတဲ့ နေရာ၊ ကျောင်း၊ ရိပ်သာပေါ့ ဟုတ်လား?

"ဟုတ်ပါတယ်ဘုရား"

"မျှတ, မမျှတ ဘယ်လိုသိလို့ရမလဲဆိုတော့ သုံးရက်လောက် အားထုတ်ကြည့်ရင် သိနိုင်ပါတယ်တဲ့။ ဒီလိုကျောင်း၊ ဇရပ်က တရားရမှု အထောက်အပံ့ပြုပုံကို ပဋ္ဌာန်းပါဠိတော်လည်း သာဓက ပြနိုင်ပါသေးတယ်"

http://www.dhammadownload.com



"ဘာတဲ့လဲ–**သေနာသနံပိ ဥပနိဿယပစ္စယေန ပစ္စယော**= ကျောင်းအိပ်ရာနေရာကလည်း ဥပနိဿယ ပစ္စည်းအနေနဲ့ တရားရမှုကို အထောက်အပံ့ကျေးဇူးပြု၏တဲ့၊ ရှင်းလား?

"ရှင်းပါတယ်ဘုရား"

## ရှင်မေဃိယ

သာဓကပြရလျှင် ပိုရှင်းသွားမယ်၊ သာဓကက ဘာလဲ ဆိုတော့ ရှင်မေဃိယပေါ့။ အဲဒီရှင်မေဃိယဟာ တစ်ခါမှာ ကိမိကာဋမြစ်အနီး က သရက်ဥယျာဉ်တောထဲသွားပြီး တရား အားထုတ်တယ်၊ ဘုရားရှင်က မသွားနဲ့လို့ အတန်တန်တားတယ် မရဘူး။ အဲသွားတော့ ဟိုရောက် တရားလည်းအားထုတ်ရော

X X X X X

"ဝိတက်တွေနဲ့ လုံးထွေးနေတယ်၊ နိမိတ်ကလေးမျှတောင် မရဘူး၊ အဲဒီတော့မှ ဘုရားရှင်ထံသို့ ပြန်ပြေးလာတယ်၊ ကဲ...နေရာဌာန၊ ကျောင်း၊ ဇရပ်စသည်ကလည်း တရားအား ထုတ်မှုအတွက် အရေးမကြီးဘူးလား"

## ရဟန်းငါးရာ

"နောက်သာဓကတစ်ခုပြရလျှင်တော့ မေတ္တသုတ် ဟောပေး ရတဲ့ ရဟန်းငါးရာ ကြည့်ပါလား။ တောထဲမှာ ရုက္ခစိုးနတ်တွေက ရဟန်းတွေရဲ့ သီလ သမာဓိ ပညာ တန်ခိုးသတ္တိတွေကြောင့်

http://www.dhammadownload.com



သူတို့ပိမာန်တွေပေါ်မှာ မနေဦင်တော့ ရဟန်းတွေကို ချောက်လှန့်လွှတ်တယ်၊ ရဟန်းတော်တွေက ဘုရားရှင်ထံ ပြန်လာပြီး လျှောက်ထားတော့ မေတ္တသုတ်ပေးပြီး ပြန်လွှတ်တယ်၊ သူတို့က ပြန်မသွားချင်ဘူး၊ ဘုရားရှင်က သင်တို့နဲ့ မျှတတဲ့နေရာဟာ အဲဒီတောကို ဖယ်ထားပြီး တစ်ခြားနေရာမှာ ဆိုရင် အခြေလေးချောင်းရှိတဲ့ ညောင်စောင်းတစ်နေရာစာ မျှလောက်တောင် မရှိဘူးတဲ့၊ ဒီတော့ ရဟန်းတော်ငါးရာ ဒီတောထဲပဲ ပြန်လာပြီး အားထုတ်ရာ ငါးရာစလုံး ရဟန္တာဖြစ်သွားတယ် မဟုတ်လား?

"ဟုတ်ပါတယ်ဘုရား"

## ၂။ ဆွမ်းခံရွာ

ကဲ...ဒါဖြစ်ရင် ရှေ့သွားကြစို့နော်၊ ရှေ့သွားဆိုတော့ ဆွမ်းခံရွာ မျှတမှုပေါ့၊ ရဟန်းတွေက ဆွမ်းခံစားရတော့ ဒီဆွမ်းခံရွာ မျှတမှုကလည်း အရေးကြီးတာပေါ့၊ ဆွမ်းခံရွာဟာ ကျောင်းမှ မနီးလွန်း၊ မဝေးလွန်း ကျောင်းရဲ့တောင်ဘက်တွင်လည်းကောင်း၊ မြောက်ဘက်တွင်လည်းကောင်း ရှိရမယ်တဲ့၊ ဒါက တစ်ဘက်က ဥတုခေါ်တဲ့ နေကိုကာကွယ်တဲ့သဘောပဲ ဆွမ်းရလွယ်၊ ဆွမ်းပြည့်စုံတဲ့ ရွာမျိုးဖြစ်ရမယ်တဲ့နော်။ ဒါက ရဟန်းတော်တွေအတွက်ပဲနော်"

"မှန်ပါဘုရား"

"လူတွေအတွက်ဆိုရင်လည်း ဒီသဘောပေါ့၊ စားသောက်မှု အစာ အာဟာရ ဘောဇဉ်ရလွယ်တဲ့ နေရာ၊ ရိပ်သာ၊ ဇရပ်မှာ

http://www.dhammadownload.com



နေပြီး အားထုတ်ရမှာပေါ့၊ ဒီဘောဇဉ် မရလွယ်ရင် မမျှတဲ့နေရာပေါ့ ဟုတ်လား?

"မှန်ပါဘုရား"

## ၃။ စကားပြောမှု

"ကဲ-ဒီလောက်ဆို သဘောပေါက်ပြီ၊ ဒီတော့ကာ စကား ပြောမှု သွားကြစို့၊ စကားပြောမှုက ၃၂-ပါးသော တိရစ္ဆာန်စကား တွေ မပြောရဘူးတဲ့၊ အဲဒီစကားတွေဟာ ရပြီးသား နိမိတ်ကောင်း ကွယ်ကြောင်း ဖြစ်တယ်တဲ့၊ မရသေးတဲ့နိမိတ် ရဖို့ဆိုတာတော့ လွယ်ပါ့မလား?

"မလွယ်ပါဘုရား"

"ပြောရမယ့်စကား၊ မျှတတဲ့စကားက ဘာလဲဆိုတော့ ကထာ ဝတ္ထု ၁၀-ပါးတဲ့၊ အဲဒီ ၃၂-ပါးသော တိရစ္ဆာန်စကားနဲ့ ကထာဝတ္ထု ၁၀-ပါးတွေဟာ ဘာတွေလဲဆိုတော့ သူတို့အကြောင်း ကို "ဗုဒ္ဓဓမ္မ ပြဿနာများ(၁)မှာပဲ ကြည့်ပါတော့၊ အဲဒီမှာပါပြီးပြီမို့ ဒီမှာ မပြောတော့ မပြတော့ဘူးနော်"

"မှန်ပါဘုရား"

## ၄။ ပုဂ္ဂိုလ်မျှတမှု

"ကဲ... ဒါဖြင့် ပုဂ္ဂလသပ္ပါယ သွားကြစို့၊ ပုဂ္ဂိုလ်ဆိုတာ ဒီနေရာ မှာ ၃၂-ပါးသော တိရစ္ဆာန်စကားတွေကို မပြောတဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဂုဏ်ဓမ္မတွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တဲ့

http://www.dhammadownload.com



နော်။ မှီဝဲလျှင် မတည်ကြည်သေးတဲ့ သမာဓိတွေ တည်ကြည်လာမယ်၊ တည်ကြည်ပြီးသား သမာဓိတွေ မြဲမြဲခိုင်ခံ့ တည်တံ့မယ် ဆိုတဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲရမယ်"

"အင်မတန် ပျင်းရိတဲ့ တိရစ္ဆာန်စကားတွေလည်း ပြောလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာ မမျှတတဲ့ ပုဂ္ဂိုလ်ပဲ၊ ဒီပုဂ္ဂိုလ်မျိုးဟာ ညွန်ရှိတဲ့ ရေလိုပဲ ကြည်လင်သန့်ရှင်းတဲ့ရေကို နောက်ကျုအောင်လုပ်သလိုပဲ၊ ယောဂီကို ကိလေသာ အနောက်အကျုတွေနဲ့ နောက်ကျုစေတယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ပဋ္ဌာန်းပါဠိတော်မှာလည်း "**ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော**=ပုဂ္ဂိုလ်ကလည်း ဥပနိဿယပစ္စည်းဖြင့် တရားရှုမှုကို ကျေးဇူးပြုတယ်တဲ့၊ ဒီတော့ ပုဂ္ဂလသပ္ပါယ မျှတမှုဟာ အရေးမကြီး ဘူးလား?"

"အရေးကြီးပါတယ်ဘုရား"

"တရားအားထုတ်တဲ့ ယောဂီအချင်းချင်း မတဲ့ဘူးဆိုရင်တော့ ဆိုဖွယ်ရာ ရှိပါဦးမလား?"

"မရှိတော့ပါဘုရား"

"ထိုထို အဋ္ဌကထာတွေမှာလည်း "**ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ**= ပညာမရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲခြင်းမှ ရှောင်ကြဉ်ခြင်း"တဲ့။ ပြီးတော့ "**ပညဝန္တပုဂ္ဂလ ့ သေဝနာ**=ပညာရှိတဲ့ပုဂ္ဂိုလ်ကို မှီဝဲခြင်း"တဲ့။ ပုဂ္ဂိုလ်နဲ့ပတ်သက်ပြီး အရေးတကြီးပြထားတယ်၊ ခုခေတ်တော့ တရားပြတယ်ဆိုရင် အရမ်း အထင်ကြီးပြီး မှီဝဲဆည်းကပ်တော့

http://www.dhammadownload.com



တာပဲ မရွေးချယ် မစိစစ်တော့ဘူး။ မှန်ရင်တော့ သိပ်ကိစ္စမရှိပါဘူး။ မိုဝဲမှု မှားသွားရင်တော့ သိပ်ပြီးတော့ မနစ်နာဘူးလား"

"နစ်နာပါတယ်ဘုရား"

## ၅။ သောင်ပြေမျှတမှု

"ကဲ...ဒီလောက်ဆို ပုဂ္ဂလသပ္ပါယ တော်ရောပေါ့နော်၊ အာဟာရ သပ္ပါယသွားကြစို့ အာဟာရဆိုတော့ တစ်ချို့က အချဉ်၊ တစ်ချို့က အချို၊ တစ်ချို့က အငန်မျှတတယ်၊ တစ်ချို့ကြတော့ အငန် ရှောင်ရတယ်။ တစ်ချို့ကြတော့ ဆီရှောင်ရတယ်၊ တစ်ချို့ ကြတော့ အပူအစပ်ရှောင်ရတယ် စသည်ဖြင့် စားရမှာနဲ့ ရှောင် ရမှာ စသည် အသီးသီးရှိကြတယ်မဟုတ်လား"

"မှန်ပါ ရှိကြပါတယ်ဘုရား"

"ဒီတော့ ရှောင်ရမယ့် အစာကို စားနေရရင် သပ္ပါယ မျှတပါ့မလား"

"မမျှတပါဘုရား"

"စားရမယ့်အစားကို ရှောင်နေရရင်ကော သပ္ပါယ မျှတပါ့ မလား?

"မမျှတပါဘုရား"

"သပ္ပါယမမျှတရင် တရားအားထုတ်လို့ ရနိုင်ပါဦးမလား"

"မရနိုင်တော့ပါဘုရား"

"တရားမရနိုင်ဘူးဆိုတော့ တရားက မမှန်လို့လား"

"မဟုတ်ပါ ဘုရား"

"ဒါဖြင့်ရင် အားထုတ်မှုက မမှန်လို့လား"

"မဟုတ်ပါ ဘုရား"

"လုံ့လဝီရိယနည်းလို့လား"

"မဟုတ်ပါဘုရား"

"ဒါဖြင့်ရင် ဘာဖြစ်လို့လဲ"

"ဘောဇဉ် မမျှတလို့ပါ ဘုရား"

"ဘောဇဉ် မမျှတလို့ဆိုတော့ တရားအားထုတ်တဲ့အခါမှာ မျှတတဲ့ အစာအာဟာရကို ရဖို့ရာ သိပ်ပြီး အရေးမကြီးဘူးလား"

"သိပ်အရေးကြီးပါတယ်ဘုရား"

"ယခု အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာဟာ တောထဲကနေ ရွာသို့ချဉ်းကပ်လာရတာ ဘာမမျှတလို့လဲ"

"အာဟာရသပ္ပါယ မမျှတလို့ပါဘုရား"

"အာဟာရသပ္ပါယ မမျှတတော့ တရားမရတဲ့ အပြင် ရောဂါတောင် မဖြစ်ဘူးလား?"

"ဖြစ်ပါတယ် ဘုရား"

## ဘောဇဉ်မှန်မြွက်

"ထိုကြောင့်ပေါ့၊ ထိုထို အဇ္ဈတ္တထဲ [illegible] အစာအာဟာရ အရေးကြီးပုံကို ဘယ်လိုပြသလဲဆိုတော့ **ပဏီတဘောဇနေ သောဝနတာ=** မွန်မြတ်တဲ့ ဘောဇဉ်ကို မှီဝဲရမယ်"တဲ့နော်။

"မှန်ပါဘုရား"

http://www.dhammadownload.com



"မွန်မြတ်တဲ့ ဘောဇဉ်ဆိုတော့ ဒန်ပေါက်ထမင်း၊ ထောပတ်ထမင်း၊ အုန်းထမင်းတို့လို အကောင်းစားတွေကို ဆိုလိုတာ မဟုတ်ပါဘူး၊ ဘာတွေဆိုလိုတာလဲဆိုတော့ အားထုတ်တဲ့ ယောဂီနဲ့ သင့်တင့်တဲ့ အစာအာဟာရကို ဒီနေရာမှာ "**ဘောဇဉ် မွန်မြတ်**"လို့ ဆိုလိုပါတယ်၊ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား"

"ပိုရှင်းအောင် ပြောရရင် အချဉ်နဲ့တဲ့တဲ့ ယောဂီအဖို့ အချဉ်ဟာ မွန်မြတ်တဲ့ ဘောဇဉ်ပဲ၊ အချိုနဲ့မှ တဲ့တဲ့ ယောဂီအဖို့ အချိုဟာ မွန်မြတ်တဲ့ ဘောဇဉ်ပေါ့၊ အခါးနဲ့မှတည့်တဲ့ယောဂီအဖို့ အခါးဟာ မွန်မြတ်တဲ့ဘောဇဉ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီနည်းအတိုင်း အရသာမျိုးစုံ သိပေါ့နော်"

"မှန်ပါဘုရား"

## ဓာတ်ခန္ဓာကိုယ်

"ဒီခန္ဓာကိုယ်ကြီးက ဓာတ်လေးပါးအစုဓာတ်ခန္ဓာကိုယ်ကြီး မဟုတ်လား၊ ဒီတော့ ဓာတ်လေးပါး မျှတမှု အရေးကြီးတယ်၊ ဒီဓာတ်လေးပါး မျှတမှုအတွက်ပဲ၊ အစာအာဟာရတွေ ကျွေးပေးရတာပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အာဟာရတွေ အစာတွေ ကျွေးပေးရတော့ လိုနေတဲ့ခါတ် အတွက် အစာအာဟာရတွေ ကျွေးပေးရမှာလား၊ ပိုနေတဲ့ ဓာတ် အတွက် အစာအာဟာရတွေ ကျွေးပေးရမှာလား?"

"လိုနေတဲ့ဓာတ်အတွက် အစာအာဟာရ ကျွေးပေးရပါမယ် ဘုရား"

"ဆေးပညာအနေနဲ့ ပြောရရင် **"ယုတ်ဓာတ်ကိုဖြည့်တဲ့နော်"**

"မှန်ပါဘုရား"

"လွန်နေတဲ့ ဓာတ်အတွက် ဖြည့်ပေးလို့ ဖြစ်ပါ့မလား?"

"မဖြစ်ပါဘုရား"

"ဆေးပညာစကားနဲ့ ပြောရင်တော့ **"လွန်ဓာတ်ကိုနုတ်"** တဲ့နော်။

"မှန်ပါဘုရား"

"ပဋ္ဌာန်းပါဠိတော်ကလည်း တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ် အတွက် အာဟာရဓာတ်က ကျေးဇူးပြုပုံ၊ ဘောဇဉ်မျှတမှု အရေးကြီးပုံကို **"ဘောဇနံပိ ဥပနိဿယပစ္စယေနပစ္စယော=** ဘောဇဉ်ကလည်း ဥပနိဿယပစ္စည်းနဲ့ တရားရမှုကို ထောက်ပံ့ တယ်တဲ့"။ ကဲ-ဘောဇဉ်ဟာ ဘယ်လောက်တရားကို အထောက် အပံ့ ပေးတယ်ဆိုတာ ပေါ်ပြီလား?"

"ပေါ်ပါပြီဘုရား"

## ၅။ ဥတုမျှတမှု

"ပေါ်ရင် ဥတုသွားကြစို့နော်၊ ဥတုဆိုတာ ဘာလဲဆိုတော့ **"ဥတူတိ တေဇောယေဝ=**ဥတုဆိုတာ တေဇောပဲ"တဲ့၊ တေဇော

http://www.dhammadownload.com



ဆိုတော့ ဒီတေဇောက အပူတေဇော အအေးတေဇော၊ သိမ့်မဟုတ် သီတ တေဇော၊ ဥဏှတေဇော ဒီလိုမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အပူဥတု၊ အအေးဥတု ဒီလိုလည်း ခေါ်တယ်မဟုတ်လား"

**"ခေါ်ပါတယ်ဘုရား"**

"ခေါ်တော့ အပြင်အပမှာလည်း အပူအအေး မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"ခန္ဓာကိုယ်တွင်းမှာလည်း အပူအအေး မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"ရှိတယ်ဆိုတော့ အတွင်းအပူနဲ့ အပြင်အပူ၊ အတွင်းက အအေးနဲ့ အပြင်ကအအေး မျှတမှု အရေးမကြီးဘူးလား?"

"အရေးကြီးပါတယ်ဘုရား"

"အရေးကြီးတယ်ဆိုတော့ ဘယ်လိုလဲ၊ အတွင်းကအအေး များနေရင် အပြင်က ဘာလိုမလဲ?"

"အပူလိုပါတယ်ဘုရား"

"အတွင်းက အပူများနေရင် အပြင်က ဘာလိုမလဲ?"

"အအေးလိုပါတယ်ဘုရား"

"ဒါကြောင့် "**ကာယဿ သီတော၊ ကာယဿ ဥဏှော သပ္ပါယော ဟောတိ**=တစ်ချို့အအေး၊ တစ်ချို့အပူမျှတတယ်"တဲ့ ရှင်းရဲ့လား?"

"ရှင်းပါတယ်ဘုရား"

http://www.dhammadownload.com



"ပိုရှင်းအောင် ပြောရရင် ဥတုတစ်ခုကို မှီဝဲလို့ ချမ်းသာရင် အဲဒီဥတုဟာ မှျတတဲ့ ဥတုပေါ့၊ ပြီးတော့ ဥတုတစ်ခုကို မှီဝဲလို့ မတည်ကြည်သေးတဲ့ သမာဓိတွေ တည်ကြည်လာရင်၊ တည်ကြည်ပြီး သမာဓိတွေ တည်တံ့ခိုင်မြဲလာရင် မှျတတဲ့ ဥတုပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"မမှျတတဲ့ ဥတုဆိုတာ ဆန့်ကျင်ဘက်ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မမှျတတဲ့ ဥတုဆိုတာ ဆန့်ကျင်ဘက်ဆိုတော့ ဥတုတစ်ခု မှာ တရားအားထုတ်ရင် မချမ်းသာဘူး၊ မတည်ကြည်သေးတဲ့ သမာဓိတွေ တည်ကြည်မလာဘူး၊ တည်ကြည်ပြီးသား သမာဓိ တွေ ပျက်သွားမယ်၊ မထင်ရှားသေးတဲ့ သတိတွေ ထင်ရှား မလာဘူး၊ ထင်ရှားပြီးသားသတိတွေ ပျက်သွားမယ်ဆိုရင် ဒီဥတု ဟာ မမှီဝဲသင့်တဲ့ ဥတုပေါ့ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ထိုထိုအဋ္ဌကထာတွေမှာ **ဥတုသပ္ပာယသေဝနတာ**=ချမ်းသာတဲ့ ဥတုကို မှီဝဲခြင်း"လို့ ဆိုတာဟာ တရားအားထုတ်သူအတွက် အရေးကြီးလို့ ဆိုတာမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"တရားအားထုတ်ရတာ ဘာမှ မခက်ပါဘူး၊ ပင်ပန်းဖို့လည်း မဟုတ်ပါဘူး၊ အင်း-ခက်တာကတော့ အဲဒီသပ္ပါယတွေ မှျတဖို့ ပဲ ခက်ပါတယ်၊ ပဋ္ဌာန်းပါဠိတော်မှာလည်း "**ဥတုပိ ဥပနိဿယ**

http://www.dhammadownload.com



**ပဋ္ဌယေန ပဋ္ဌယော**=ဥတုကလည်း ဥပနိဿယပစ္စည်းနဲ့ တရားရဖို့ အတွက် ကျေးဇူးပြုတယ်တဲ့နော်"

"မှန်ပါဘုရား"

"တရားရတယ်ဆိုတဲ့ အချိန်ဟာ ကြာတာမဟုတ်ပါဘူး။ အဲဒီသပ္ပါယတွေကသာ မျှတဖို့ ခက်နေတာ၊ တကယ်တော့ အားထုတ်နေဆဲ ယောဂီမှာ သပ္ပါယမျှတတဲ့ အချိန်ဟာ တရားရတဲ့ အချိန်ပဲလို့ ဆိုနိုင်တယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ သပ္ပါယမျှတာလည်း ကိုယ်ကမသိ၊ နားမလည်ဘူး ဆိုရင် တရားကို အမြဲတမ်း အားထုတ်နေရမယ် ဆိုတဲ့သဘော လည်း ရောက်မသွားဘူးလား"

"ကဲ–ဒီလောက်ဆိုရင် ဥတုနဲ့ပတ်သက်လို့ တော်ရောပေါ့ နော်၊ ပြည့်စုံသင့်သလောက် ပြည့်စုံပြီပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## ၅။ ဣရိယာပုထ်မျှတမှု

"ကဲ...ဒီလိုဆိုရင် ဣရိယာပုထ် မျှတမှုအတွက် ပြောကြစို့၊ ဒီသပ္ပါယကလည်း အင်မတန် အရေးကြီးပါတယ်၊ ခုခေတ်မှာ တော့ တရားအားထုတ်တာဟာ ထိုင်တဲ့ဣရိယာပုထ် တစ်ခု လောက်ပဲ အားထုတ်တာများနေတော့ တစ်ယောက်နဲ့တစ်ယောက် မေးတာတောင် ဘယ်လိုမေးသလဲဆိုရင် "**တရားထိုင်ရဲ့လား**"လို့ မေးတယ်မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါ၊ မေးပါတယ်ဘုရား"

"ဒီလိုမေးတော့ ဖြေတဲ့လူက ဘယ်လိုဖြေလဲ?"

"ထိုင်ပါတယ်လို့ ဖြေပါတယ်ဘုရား"

"ဘုရားရှင်က တရားအားထုတ်တာ ထိုင်တဲ့ ဣရိယာပုထ် တစ်ခုထဲ ကွက်ပြီး ဟောခဲ့သလား။ ဣရိယာပုထ်လေးပါး ဟောခဲ့သလား?"

"ဣရိယာပုထ်လေးပါး ဟောခဲ့ပါတယ်ဘုရား"

"ဣရိယာပုထ် လေးပါးလုံးနဲ့ အားထုတ်လို့ရှိရင် မေးတဲ့ အခါ ဘယ်လိုမေးမလဲ၊ **"တရားအားထုတ်ရဲ့လား"**လို့ မေးရင် ပြည့်စုံမလား၊ မပြည့်စုံဘူးလား?"

"ပြည့်စုံပါတယ်ဘုရား"

"မှန်သလား၊ မှားသလား"

"မှန်ပါတယ်ဘုရား"

## စမ်းကြည့်ရမယ်

"ဘုရားရှင် သီတင်းသုံးတာနဲ့ ပတ်သက်ပြီး စာတွေမှာ အနက်ပေးတော့ ဘယ်လိုပေးသလဲဆိုရင် "**ဝိဟရတိ**=လျောင်း, ထိုင်, ရပ်, သွား, လေးပါးဣရိယာ၊ မျှတစွာဖြင့် ကြည့်သာ ရွှင်ပြုံး၊ သီတင်းသုံးတော်မူ၏"တဲ့၊ အဓိပ္ပာယ်မပြည့်စုံဘူးလား?"

"ပြည့်စုံပါတယ်ဘုရား"

"ဒီခန္ဓာကြီးကို ဟိုသင်္ဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဘယ်လို ဆိုထားလဲဆိုတော့ "**စတုစက္က**=ဣရိယာပုထ်လေးပါးတည်းဟူသော

http://www.dhammadownload.com



စက်ရှိတဲ့ ခန္ဓာကိုယ်"တဲ့၊ ဒီတော့ စက်လေးပါးရှိတဲ့ ခန္ဓာကိုယ်မှာ စက်တစ်ပါးသာ အသုံးပြုမယ်ဆိုရင် ခန္ဓာကိုယ် ဒုက္ခဖြစ်မလား။ သုခဖြစ်မလား?"

"ဒုက္ခဖြစ်ပါမယ်ဘုရား"

"အင်း...အဲဒါကြောင့် တရားအားထုတ်တဲ့အခါမှာ ထိုင်တဲ့ ဣရိယာပုထ် တစ်ခုတည်းအသုံးပြုပြီး အတင်းထိုင်ခိုင်းတော့ ဒုက္ခလှလှ တွေ့ကြတယ်မဟုတ်လား"

"မှန်ပါ၊ တွေ့ကြပါတယ်ဘုရား"

"တရားအားထုတ်တာဟာ ဒုက္ခရောက်အောင် အားထုတ်တာလား။ ဒုက္ခပျောက်အောင် အားထုတ်တာလား?"

"ဒုက္ခပျောက်အောင် အားထုတ်တာပါ ဘုရား"

"ဒုက္ခပျောက်အောင် အားထုတ်တာ ဒုက္ခရောက်နေရတယ်ဆိုတော့ တရားစည်းမျဉ်းပေါ်မှာလား။ တရားစည်းမျဉ်းချော်သွားပြီလား?"

"တရားစည်းမျဉ်း ချော်သွားပါပြီ ဘုရား"

"စပြီး တရားအားထုတ်ကတည်းက စမ်းကြည့်ရမယ်၊ ဘာလုပ်ရမလဲ?"

"စမ်းကြည့်ရပါမယ်ဘုရား"

"အင်း...စမ်းကြည့်ရပါမယ်၊ ဘယ်လိုစမ်းကြည့်ရမလဲဆိုတော့ **ကာယစိ စက်မော သပ္ပါယော ဟောတိ**=တစ်ချို့က စင်္ကြံနဲ့ သပ္ပါယ်မျှတတယ်တဲ့၊ ဘာနဲ့မျှတသလဲ?"

"စင်္ကြံနဲ့ပါ ဘုရား"

http://www.dhammadownload.com



"အဲ...ဣရိယာပုထ်လေးပါးလုံး အားလုံးထုတ်ပုံ ပြလိုက်တော့ စင်္ကြံနဲ့မျှတဲ့ ယောဂီဟာ စင်္ကြံလျှောက် အားထုတ်ရင် တရားတိုးမယ် မဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"တစ်ချို့ကတော့ လျောင်းခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းတို့တွင် တစ်ပါးပါးသော ဣရိယာပုထ်နဲ့ မျှတတယ်၊ အဲ...သူတို့တစ်တွေလည်း သူတို့နဲ့ မျှတတဲ့ ဣရိယာပုထ်မှာ တရားတိုးတက်မယ် မဟုတ်လား"

"ဒီတော့ ဣရိယာပုထ်တစ်ခုမှာ သုံးရက်လောက် စမ်းကြည့်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"စမ်းကြည့်တော့ ဥပမာ-အထိုင်ဣရိယာပုထ်နဲ့ အားထုတ်တဲ့အခါ မတည်ကြည်သေးတဲ့ သမာဓိတွေ တည်ကြည်လာမယ်၊ တည်ကြည်ပြီးသား သမာဓိတွေ တည်တံ့ခိုင်မြဲလာမယ်ဆိုရင် ဒီဣရိယာပုထ်ဟာ မျှတတဲ့ ဣရိယာပုထ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...စင်္ကြံနဲ့ အားထုတ်တဲ့ ယောဂီလည်း ဒီလိုပဲ၊ စင်္ကြံနဲ့ အားထုတ်လို့ မရသေးတဲ့ သမာဓိတွေ ရလာမယ်၊ ရပြီးသား သမာဓိတွေ တည်တံ့ခိုင်မြဲလာမယ်ဆိုရင် စင်္ကြံဣရိယာပုထ်ဟာ သူ့အတွက် မျှတတယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"ဟုတ်ရင် ဘာလုပ်ရမလဲ?"

http://www.dhammadownload.com



"အမိန့်ရှိပါ ဘုရား"

"အမိန့်ရှိနေရဦးမလား။ ဟုတ်ရင် အဲဒီ စကြံကြိယာပုထ်နဲ့ပဲ ဆက်ပြီး အားထုတ်ပေါ့နော်"

"မှန်ပါ ဘုရား"

## ပိုမိုခိုင်မြဲ

"အဲဒီစကြံ ကြိယာပုထ်နဲ့ အားထုတ်လို့ ရရှိတဲ့ သမာဓိဟာ တစ်ခြားကြိယာပုထ်တွေနဲ့ အားထုတ်တဲ့ သမာဓိထက် ပိုမိုခိုင်မြဲတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ နဂိုရ်တည်းက လှုပ်လှုပ်ရှုရှုနဲ့ အားထုတ်ရင်း ရလာတဲ့သမာဓိကို။ ဒီတော့ကာ တော်ရုံတန်ရုံနဲ့ ပျက်ပါ့မလား?"

"မပျက်ပါ ဘုရား"

"အဲ...တစ်ခြား ကြိယာပုထ်တွေနဲ့ အားထုတ်လို့ ရတဲ့၊ သမာဓိကတော့ နည်းနည်းလှုပ်ရင်ပဲ ပျက်နိုင်တဲ့ အဓိပ္ပာယ်ကို အပြန်အားဖြင့် ယူရင် မရဘူးလား?"

"ရပါတယ် ဘုရား"

"အင်း...ဒါကြောင့် တစ်ချို့က ကြိယာပုထ်မပြောင်းနဲ့လို့ တားကြတာပေါ့နော်"

"မှန်ပါဘုရား"

"ဒီလို ကြိယာပုထ် မပြောင်းရုံနဲ့ သမာဓိရလာမယ်၊ တရားရလာမယ်၊ ဒီလိုဆိုချက်တော့လည်း စာပေကျမ်းဂန်မှာ မရှိပါဘူး။ ပြောင်းသင့်တဲ့ အချိန်အခါမှာ ပြောင်းရမှာပါပဲနော်"

http://www.dhammadownload.com



"မှန်ပါ ဘုရား"

"ဒီဣရိယာပုထ် ပြောင်းသင့် မပြောင်းသင့် အကျိုးအပြစ်နဲ့ ပတ်သက်ပြီး ဝေဖန်ချက်ကို ဦးပဋ္ဌင်းရေးတဲ့ "**ဘာဝနာဝတ္ထု**" ဣရိယာပထပိုင်းမှာ အကျယ်တဝင့် သာဓကတွေနဲ့ ရှင်းပြထား ပါတယ်၊ အဲဒီမှာပဲ ကြည့်ပါတော့နော်"

"မှန်ပါ ဘုရား"

## ချမ်းသာတဲ့ ဣရိယာပုထ်

"ထိုထို အဋ္ဌကထာတွေမှာလည်း "**ဣရိယာပထ သုခသေဝန တာ**=ချမ်းသာတဲ့ ဣရိယာပုထ်ကို မှီဝဲရမယ်"လို့ ဆိုထားချက် ရှိပါတယ်၊ ပြီးတော့ သမာဓိရဲ့ နီးစွာသော အကြောင်းက ဘယ် တရားလဲဆိုတော့ ချမ်းသာမှု-သုခပဲ၊ ဒုက္ခကြီးစွာနဲ့ အားထုတ်လို့ သမာဓိရပါ့မလား?"

"မရနိုင်ပါ ဘုရား"

"သမာဓိမှ မရနိုင်ရင် အမြင်မှန် ယထာဘူတဉာဏ် ရနိုင် ပါ့မလား?"

"မရနိုင်ပါ ဘုရား"

"ယထာဘူတဉာဏ်မှ မရနိုင်ရင် နိဗ္ဗိန္ဒာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ဘယ်လိုလဲ?"

"ရဖို့ဝေးပါတယ် ဘုရား"

http://www.dhammadownload.com



"ဒါဖြင့်ရင် တရားအားထုတ်တဲ့အခါမှာ ချမ်းသာတဲ့ ကြိယာ ပုထ်ဟာ အရေးမကြီးဘူးလား၊ အရေးကြီးသလား?"

"အရေးကြီးပါတယ်ဘုရား"

"အင်း...မထိုင်နိုင်တဲ့ ယောဂီကို အတင်းထိုင် အားထုတ် ခိုင်းရင် တရားရနိုင်ပါ့မလား?"

"မရနိုင်ပါဘုရား"

"မရနိုင်တဲ့အပြင် ရှူးနှမ်းခြင်းစတဲ့ ဆိုးပြစ်တွေတောင် မရ နိုင်ဘူးလား?"

"ရနိုင်ပါတယ်ဘုရား"

"ရနိုင်လို့ စိတ္တဇဆေးရုံမှာ ရိပ်သာတွေက ရူးလာတဲ့ တရားရူး တွေ ဒုနဲ့ဒေးပဲတဲ့နော်"

"မှန်ပါဘုရား"

## တရားရရေးအဓိက

"ဒီတော့ သိထားရမှာက တရားရရေး အဓိကလား၊ ကြိယာပုထ် အဓိကလားဆိုတာ သိထားရမယ်၊ တရားရရေး အဓိကဆိုရင် ကြိယာပုထ်ကို ချုပ်မထားနဲ့၊ ချမ်းသာတဲ့ ကြိယာ ပုထ်နဲ့ အားထုတ်ရမယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒီလိုသိဖို့ကလည်း လွယ်တဲ့ကိစ္စမဟုတ်ဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အားထုတ်တဲ့အခါ တစ်နေရာ၊ တစ်နေရာ တစ်မျိုးတစ်မျိုးမှာ တင်နေတတ်တယ် ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"တရားဆိုတာ ဉာဏ်အလုပ်၊ ဉာဏ်အလုပ်ဆိုတော့ ဉာဏ်နဲ့ ချင့်ချိန်ပြီး စမ်းသပ် အားထုတ်ကြည့်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## တွေ့ဘူးတယ်

"ဦးပဋ္ဌင်း စတင်ပြီး တရားအားထုတ်စဉ်ကပေါ့၊ ဦးပဋ္ဌင်းတို့နဲ့ အတူတူ အားထုတ်တဲ့ ဆရာတော်တစ်ပါးဟာ တရားအစစ်ခံတဲ့အခါ လျှောင်းပြီးအားထုတ်တဲ့ ဣရိယာပုထ်နဲ့ တရားတိုးတက်တာတွေပဲ လျှောက်တယ်၊ တခြားဣရိယာပုထ်နဲ့ တရားတိုးတက်တာတွေ လျှောက်ထားတာ မကြားရဘူး၊ ဒါနဲ့ ဦးပဋ္ဌင်းက မေးကြည့်တယ်-

"ဆရာတော် တရားအားထုတ်တဲ့အခါ ဘယ်ဣရိယာပုထ်နဲ့ အားထုတ်များပါသလဲဘုရား"

"တပည့်တော် လျှောင်းတဲ့ဣရိယာပုထ်နဲ့ အားထုတ်များပါတယ်"

"ဒါ့ကြောင့် ဆရာတော် တရားအစစ်ခံတဲ့အခါ လျှောင်းတဲ့ဣရိယာပုထ်မှာ တရားတိုးတက်တာတွေပဲ လျှောက်ထားသံကြားရတာပဲနဲ့ တူပါတယ်ဘုရား"

http://www.dhammadownload.com



"ဟုတ်တယ် တပည့်တော် တစ်ခြား ကုလားပယ်တွေနဲ့ လျော်းတဲ့ ကုလားပယ်ဆိုရင် လျော်းတဲ့ကုလားပယ်မှာ ပိုပြီး စိတ်ကြည်လင်တယ်၊ သမာဓိရတယ်"

**"တပည့်တော်နဲ့ ဆရာတော်နဲ့တော့ တစ်မျိုးစီပဲဘုရား"**

"ဘယ်လိုတစ်မျိုးစီလဲ?"

"တပည့်တော်ကတော့ လျော်းအားထုတ်ရင် ခဏကလေး အိပ်ပျော်သွားရောဘုရား"

"နေ့လည်း အိပ်တာပဲလား"

"မှန်ပါဘုရား၊ လျော်းသာ အားထုတ်ရင် နေ့လည်းပဲ အိပ်ပျော်သွားတာပါပဲဘုရား"

"ဒါဖြင့် ဘယ်ကုလားပယ်နဲ့ အားထုတ်များသလဲ?"

"တပည့်တော်တော့ စကြံကုလားပယ်နဲ့ အားထုတ်များ **ပါတယ်ဘုရား"**

"အင်း..."**လူတစ်ကိုယ် အကြိုက်တစ်မျိုးစီ**"ဆိုတာ ဟုတ်တာပေါ့"တဲ့ ဆရာတော်က ပြန်ပြောပါတယ်၊ ဟုတ်လား ဒကာ ငွေကိုင်ကြီး"

"ဟုတ်ပါတယ်ဘုရား"

## ပြည့်စုံပြီ

ကဲ...ဒီလောက်ဆိုရင် သပ္ပာယ ၇-ပါးအကြောင်းဟာ ပြည့်စုံသင့်သလောက် ပြည့်စုံသွားပြီနော်၊ ဒီသပ္ပာယအကြောင်း ပြောရတာဟာ ဘာကြောင့်လဲဆိုတော့ အာမဂန္ထရသေ့ အမှူးရှိတဲ့ ရသေ့

http://www.dhammadownload.com



ငါးရာဟာ ဘောဇနသပ္ပာယမမျှတလို့ ဖြူဖတ်ဖြူရော်ရောဂါဖြစ်လို့ ရှာပြည့်ကို ချဉ်းကပ်ရခြင်း အကြောင်းပြုပြီး ပြောရတာနော်”

“မှန်ပါဘုရား”

“ဒီသပ္ပာယ ၇–ပါးဟာ သူ့ဟာနဲ့သူ အရေးကြီးတာချည်းပဲ မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“ကဲ…ဒါဖြင့် နိဂုံးချုပ် လင်္ကာလေး လိုက်ဆိုထား–

❖ နေထိုင်ရာကျောင်း ဆွမ်းလောင်းရပ်ရွာ၊
စကားပြောကြ ပုဂ္ဂလမှာ၊
အစား–ဥတု ထိုင်မှုစတာ၊
မမျှကြား ရှောင်ရှားခုနစ်ဖြာ။

❖ မျှတလေကြား တရားတွေ့မှာ၊
ကောင်းစွာသိပ်သဲ မှီဝဲသူဟာ၊
ကာလဟာဖင့် မမြင့်မကြာ၊
မင်္ဂဖိုလ်သင့် ရလင့်အပ္ပနာ။

“အဲ…သပ္ပာယ ၇–ပါးရှိသလို အသပ္ပာယလည်း ၇–ပါးပဲ ရှိတယ်မဟုတ်လား?”

“ဟုတ်ပါတယ်ဘုရား”

“ဟုတ်တော့ မျှတမှု သပ္ပာယ ၇–ပါးကိုမှီဝဲပြီး မမျှတမှု အသပ္ပာယ ၇–ပါးကို ရှောင်ကြဉ်အားထုတ် ကျင့်ကြံရင် တရား ရဖို့ မသေချာဘူးလား?”

http://www.dhammadownload.com



"သေချာပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီးက ဘယ်လိုလဲ သေချာချင်လား၊ လွဲချော်ချင်လား?"

"သေချာချင်ပါတယ်ဘုရား"

"သေချာချင်ရင် ဘာလုပ်ရမလဲ"

"သပ္ပာယ ၇-ပါး မျှတအောင် အားထုတ်ရပါမယ်ဘုရား"

"မျှတအောင်အားထုတ်တော့ ပင်ပန်းစရာလိုသေးသလား?"

"မလိုတော့ပါဘုရား"

"ပင်ပန်းပြီးမှ တရားရတာနဲ့ မပင်ပန်းဘဲ တရားရတာ ဘယ်ဟာကောင်းသလဲ?"

"မပင်ပန်းဘဲ တရားရတာ ကောင်းပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီးကလည်း တယ်ပြီး အကောင်းကြိုက်ပါလား?"

"မှန်ပါ ကြိုက်ပါတယ်ဘုရား"

## သမထအတွက်တဲ့

"တစ်ချို့က ဒီသပ္ပာယတွေဟာ သမထ အတွက်တဲ့၊ ဝိပဿနာအတွက် မဟုတ်ဘူးတဲ့၊ ဒီစကားဟာ မမှန်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အလုပ်ပေးတရားလို့ခေါ်တဲ့ မဟာသတိပဋ္ဌာနသုတ္တန်တို့ မဟာနိဒါနသုတ္တန်တို့ ဟောရာအရပ်ဒေသနဲ့ ပတ်သက်ပြီး ဖွင့်ထားတဲ့ သုတ်မဟာဝါ၊ မူလပဏ္ဏာသစတဲ့ အဋ္ဌကထာတွေမှာ ဝိပဿနာအတွက်လည်း ဖြစ်ကြောင်း အထင်အရှား ပြထားပါတယ်"

http://www.dhammadownload.com



"အမိန့်ရှိပါဦးဘုရား"

"မဟာသတိပဋ္ဌာန်သုတ်တို့လို အလုပ်ပေးတရား သုတ္တန်တွေဟာ နက်နဲ၊ ခက်ခဲတယ် မဟုတ်လား?"

"မှန်ပါ၊ နက်နဲခက်ခဲပါတယ်ဘုရား"

"အဲဒီသုတ္တန်တွေကို ကုရုတိုင်းမှာချည်းပဲ ဟောပါတယ်၊ ဘာ့ကြောင့်လဲ သိလား?"

"မသိပါဘုရား"

## ခံယူနိုင်စွမ်းရှိလို့

"အင်း...မသိတော့လည်း ပြောရတာပေါ့ **ကုရုရဋ္ဌ ဝါသိနံ ဂမ္ဘီရဒေသနာ ပဋိဂ္ဂဟဏသမတ္ထတာယ**=ကုရုတိုင်းသူ၊ တိုင်းသားတွေဟာ နက်နဲတဲ့ တရားဒေသနာတွေကို ခံယူနိုင်စွမ်းရှိလို့"တဲ့။ နက်နဲတဲ့ အလုပ်ပေးသုတ္တန်တရားတွေကို ကုရုတိုင်းမှာချည်းပဲ ဟောတယ်တဲ့ သိပြီလား?"

"သိပါပြီဘုရား"

"ကဲ...သိရင် တစ်ဆင့်တက်ကြဦးစို့နော်"

"မှန်ပါဘုရား"

"တစ်ဆင့်တက်တော့ ဒီကုရုတိုင်းသူ၊ တိုင်းသားတွေဟာ ဘာ့ကြောင့် နက်နဲခက်ခဲတဲ့ တရားဒေသနာတွေကို ခံယူနိုင်စွမ်းရှိရတာလဲလို့ တစ်ဆင့်တက်ရမယ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဥတုအကြောင်း အထောက်အပံ့ စသည်တို့ ပြည့်စုံတဲ့အတွက်ကြောင့်တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒါဖြင့် ဥတုအကြောင်း၊ အထောက်အပံ့စသည် ပြည့်စုံတာနဲ့ နက်နဲတဲ့ဒေသနာကို ခံယူနိုင်စွမ်းရှိတာနဲ့ ဘယ်လိုဆိုင်လဲ၊ ဘယ်လိုဆက်သွယ်လဲလို့ မေးစရာမရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"မေးစရာရှိလို့ မေးလို့ဖြေရရင် ဥတုအကြောင်း၊ အထောက်အပံ့ စသည် ပြည့်စုံတဲ့ ကုရုတိုင်းသူ၊ တိုင်းသားတွေဟာ သပ္ပာယမျှတတဲ့ ဥတုအကြောင်း အထောက်အပံ့တွေ မှီဝဲရလို့ အမြဲတမ်းပဲ ခန့်ကျန်းတဲ့ ကိုယ်,စိတ်ရှိကြတယ်တဲ့နော်"

"မှန်ပါဘုရား"

"မှတ်ထားနော်၊ အဆင့်ဆင့် ကျေးဇူးပြုပုံ၊ အထောက်အပံ့ပေးပုံကို"

"မှန်ပါဘုရား"

"ခန့်ကျန်းတဲ့ ကိုယ်စိတ်ရှိတော့ ထောက်ပံ့အပ်တဲ့ ပညာစွမ်းအားရှိတာပေါ့နော်"

"ပညာစွမ်းအားကောင်းတော့ နက်နဲတဲ့ တရားဒေသနာတွေကို ခံနိုင်စွမ်းရှိတာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဗုရား"

"အဲဒီလို နက်နဲတဲ့ တရားဒေသနာတော်တွေကို ခံယူနိုင်စွမ်းရှိလို့ နက်နဲတဲ့အလုပ်ပေးတရား သုတ္တန်တွေကို ကုရုတိုင်းမှာသာ ဟောတယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## မှတ်စရာ ဥပမာ

ဥပမာပြရရင် ပညာရှိတွေဟာ ပြောလိုတဲ့ အနက်အဓိပ္ပာယ်ကို အလွယ်တကူ သိကြတယ်တဲ့၊ ဒီတော့ ဥပမာပြကြဦးစို့လား နော်၊ ဥပမာပြတော့ ရွှေပန်းတောင်းရတဲ့ ယောက်ျားဟာ အဲဒီရွှေပန်းတောင်းထဲမှာ အင်မတန်လှပတဲ့ ပန်းအမျိုးမျိုးကို မထည့်ဘူးလား?"

"ထည့်ပါတယ်ဘုရား"

"ရွှေသေတ္တာရတဲ့ ယောက်ျားကလည်း အဲဒီရွှေသေတ္တာထဲမှာ ရတနာ ရ–ပါးတွေကို မထည့်ဘူးလား"

"ထည့်ပါတယ်ဘုရား"

"အဲဒီဥပမာအတူပဲ၊ ဘုရားရှင်ဟာ ကုရုတိုင်းသူ၊ တိုင်းသားတည်းဟူသော ရွှေပန်းတောင်း၊ ရွှေသေတ္တာကိုရလို့ နက်နဲတဲ့ တရားဒေသနာတည်းဟူသော လှပတဲ့ ပန်းအမျိုးမျိုးနဲ့ ရတနာ ရ–ပါးတို့ကို ထည့်သောအားဖြင့် ဟောပေးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့်ရင် သပ္ပာယ ရ–ပါးဟာ သမထအတွက် သက်သက်ပဲဆိုတာဟာ မှန်သလား၊ မှားသလား?"

"မှားပါတယ်ဘုရား"

"ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်နော်၊ ဆုံးဖြတ်နော်၊ သူများပြောတိုင်း အရမ်းမယုံနဲ့၊ ယခုအခါက သာသနာတွင်း အခါကြီး မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"သာသနာတွင်းဆိုတော့ တိုင်းတာစရာ ပရိယတ္တိဆိုတဲ့ မျဉ်းတံတွေ၊ မျဉ်းကြိုးတွေ ရှိနေတယ် မဟုတ်လား?"

"ရှိနေတယ်ဆိုတော့ ဒီမျဉ်းတံ၊ ပေတံ၊ မျဉ်းကြိုးတွေဟာ ဘာလုပ်ဖို့ထားတာလဲ?"

"တိုင်းတာဖို့ပါဘုရား"

"တိုင်းတာစရာတွေ ရှိနေပါရက်ကနဲ့ မတိုင်းတာဘဲနဲ့ မျက်မှန်း လက်ရမ်းလုပ်နေရင် ဒီလိုပုဂ္ဂိုလ်ကို လူမိုက်ဆိုမလား၊ ပညာရှိဆိုမလား?"

"လူမိုက်ဆိုပါမယ်ဘုရား"

"အဲဒီလူမိုက်စကားကို ယူပြီး ယုံကြည်နေတဲ့ လူကိုတော့ ဘယ့်နှယ်ခေါ်မလဲ?"

"အမိုက်ရှိပါဘုရား"

"ဩော်...ဒါပဲ အမိုက်ရှိရဦးမလား၊ တစ်ခါတည်းပြောဆိုလိုက်ပါလား၊ ဘာခက်လဲ၊ အလွန်မိုက်တဲ့ လူမိုက်နောက်လိုက်ပေါ့၊ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီးက ဘာလဲ?"

"ပညာရှိပါဘုရား"

"ပညာရှိဆိုတော့ သပ္ပာယ ရ-ပါးမျှတမှ တရားရမယ် ဆိုတာ ယုံတာပေါ့နော်"

"မှန်ပါ၊ ယုံပါတယ်ဘုရား"

"မယုံရင်လည်း ဦးပဥ္စင်းတော့ ဟေတုမတက်နဲ့၊ ဘုရား၊ ရဟန္တာတွေပဲ သွားပြီးဟေတုတက်ပေတော့ ဟုတ်လား?"

http://www.dhammadownload.com



"ဟောတုမတက်ပါဘုရား"

"အင်း...မတက်နဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဦးပဥ္စင်း ယခု ဟောတဲ့တရားက ကိုယ်တွေ့ဉာဏ်မြင်ဆိုပြီး တွေ့ကရာလျှောက် ပြောနေတာလား ဘုရားဟော ပါဠိအဋ္ဌကထာတွေ ယူပြောနေ တာလား?"

"ဘုရားဟော ပါဠိအဋ္ဌကထာတွေ ယူပြောနေတာပါဘုရား"

"အင်း...ဒါကြောင့် ဟောတုမတက်နဲ့နော်"

"မတက်ပါဘုရား"

## ရွေးဟောရတယ်

"ကဲ...ဒါဖြင့်ရင် ဘုရားရှင်ဟာ တရားဟောတဲ့အခါ ဟော ချင်ရာတရားကို ဟောချင်တဲ့နေရာတွေမှာ မဟောဘဲ တရားနဲ့ ဒေသ၊ ပုဂ္ဂိုလ်ရွေးချယ်ဟောတယ်ဆိုတာ မထင်ရှားဘူးလား?"

"ထင်ရှားပါတယ်ဘုရား"

"ဒါကြောင့် တရားတွေများနေတာပေါ့နော်"

"မှန်ပါဘုရား"

"ဦးပဥ္စင်းတို့လည်း ဒီလိုပဲ တရားဟောတဲ့အခါ ရွေးဟောရ တယ်၊ ဦးပဥ္စင်းတို့ကတော့ ဘုရားရှင်လို မရွေးတတ်တော့ တစ်မျိုး ရွေးရတယ် ဒကာငွေကိုင်ကြီးရဲ့"

"အမိန့်ရှိပါဘုရား"

"တရားဟောရာ မြို့ရွာတစ်ခုရောက်ရင် ဒီမြို့ရွာမှာ ရိပ်သာ တွေရှိလား၊ မရှိလား၊ ရှိရင် ဘယ်ရိပ်သာတွေလဲ၊ ဘယ်လိုနည်း ပြလဲ၊ ဒီမြို့ရွာသို့ ဘယ်လိုတရားဟောပုဂ္ဂိုလ်တွေ ရောက်သလဲ၊

http://www.dhammadownload.com



ဘယ်တရားမျိုး အဟောများသလဲ၊ ပရိသတ်ကလည်း ဘယ်တရားမျိုးကြိုက်လဲ စသည့်မေးရတယ်။ အဲဒီလိုမေးပြီး ပရိသတ်နဲ့ မြို့ရွာနဲ့ သင့်မယ် ထင်တဲ့တရားရွေးပြီး ဟောရတာပဲ၊ တဲ့တဲ့အခါတော့လည်း ပရိသတ်က ကောင်းတယ်ဆိုပြီး များလာတယ်ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"မတဲ့တဲ့အခါတော့လည်း ပရိသတ်ရော့မသွားဘူးလား?"

"ရော့သွားပါတယ်ဘုရား"

## သပ္ပာယ ၄–ပါး

ကဲ...ရော့မနေနဲ့ သပ္ပာယဆက်ကြဦးစို့၊ သပ္ပာယ ၇–ပါး အပြင် သပ္ပာယ ၄ ပါးလို့ သက္ကသုတ် အဋ္ဌကထာမှာ ပြသေးတယ် ဒကာငွေကိုင်ကြီးရဲ့၊ သပ္ပာယ ၄ ပါးက ဘာတွေလဲလို့ သိဖို့မလိုဘူးလား?"

"လိုပါတယ်ဘုရား"

"လိုရင်လည်း ပြောရတာပေါ့ဟုတ်လား၊ သပ္ပာယ ၄–ပါး ဆိုတာက–

၁။ ဥတုမျှတမှု

၂။ ဘောဇဉ်မျှတမှု

၃။ ပုဂ္ဂိုလ်မျှတမှု

၄။ "တရားနာမျှတမှုတဲ့၊ ဒီမှာထူးလာတာက တရားနာမျှတမှုပဲနော်၊ ဥတု, ဘောဇဉ်, ပုဂ္ဂိုလ်တွေကတော့ အတူတူပဲ မဟုတ်လား?"

http://www.dhammadownload.com



"မှန်ပါ၊ တူပါတယ်ဘုရား"

"တူတော့ ထပ်မပြောတော့ဘူးနော်"

"မှန်ပါဘုရား"

"တရားနာမှုတမှု ပါနေတော့ တရားအားထုတ်တဲ့ ယောဂီတွေဟာ တရားအားထုတ်ရုံသက်သက်နဲ့ ပြီးပါ့မလား၊ တရားနာမှုလည်း ပါရမယ်ဆိုတာ မထင်ရှားဘူးလား?"

"ထင်ရှားပါတယ်ဘုရား"

"ထင်ရှားတော့ တစ်ခါလာ ဒီတရား၊ ဒီတရားပဲ ထပ်ပြီးဟောရမှာလား၊ အမျိုးမျိုးဟောရမှာလား?"

"အမျိုးမျိုးဟောရပါမယ်ဘုရား"

"နာတော့ကော ဘယ်လိုလဲ?"

"အမျိုးမျိုးနာရမှာပါဘုရား"

"အင်း...တစ်မျိုးတည်းလည်း ထပ်ခါ, ထပ်ခါနာ, အမျိုးမျိုးလည်း နာပေါ့ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ မိမိကိုယ်မိမိ ဘယ်တရားနဲ့ တရားရမယ်လို့မှ မသိတော့ တရားအမျိုးမျိုး နာရမှာပေါ့နော်"

"မှန်ပါဘုရား"

## မှုတဲ့နေ့၊ ရတဲ့နေ့ပဲ

"အဲဒီလို တရားလည်းအားထုတ်၊ တရားလည်းနာနေတော့ သပ္ပာယ ၄-ပါး မှုတဲ့နေ့ဟာ မိမိအတွက် တရားရတဲ့နေ့ပဲပေါ့၊

http://www.dhammadownload.com



ဒါဖြင့်ရင် တရားမရသေးတာဟာ သပ္ပာယ ၄–ပါး မမျှတသေး လို့လည်း မဆိုနိုင်ဘူးလား"

"ဆိုနိုင်ပါတယ်ဘုရား"

"ဒါကြောင့် ဒီသပ္ပာယ ၄–ပါးလည်း မသိသင့်ဘူးလား"

"သိသင့်ပါတယ်ဘုရား"

"သိသင့်ရင် ဟောဒီလင်္ကာလေးကို လိုက်ဆိုထား–

❖ ဥတုညီမျှ မျှတစားစာ၊
လျှောက်ပတ်တရား နာကြားတစ်ဖြာ၊
ပုဂ္ဂိုလ်ညီမျှ ရကြသောခါ၊
တစ်ထိုင်ထဲ မဂ်တွဲဖိုလ်ရောက်လာ။

"အဲဒါ အရကျက်ထားနော်၊ အရေးကြီးတယ်။ "**အာဂုံရှိမှ အာဂလူ**"တဲ့ ပြောကြတယ်မဟုတ်လား?"

"ပြောကြပါတယ်ဘုရား"

## သောတာပန်ဖြစ်ရန်

"အဲဒီ သပ္ပါယ ၄–ပါးကို ထောက်ခံတဲ့သဘောနဲ့ပြောရရင် သောတာပန်ဖြစ်ရန် လိုအပ်တဲ့အင်္ဂါ ၄–ပါးကို ပြောရမှာပဲ၊ အဲဒါက ဘာတွေလည်းဆိုတော့ အများကြားဖူးနေတဲ့–

၁။ သူတော်ကောင်းကိုမှီဝဲမှု

၂။ သူတော်ကောင်းတရားနာမှု

၃။ နှလုံးသွင်းကောင်းမှု

http://www.dhammadownload.com



၄။ လောကုတ္တရာတရားအားလျော်စွာ ကျင့်မှုတို့ပဲပေါ့။

အဲဒီ ၄-ပါးမှာ သူတော်ကောင်းမှီဝဲမှုဆိုတာဟာ သပ္ပာယ ၇-ပါး၊ သပ္ပာယ ၄-ပါးမှာပါတဲ့ ပုဂ္ဂိုလ်ညီမျှမှုနဲ့ အတူတူပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သူတော်ကောင်း တရားနာမှုဆိုတာကတော့ သပ္ပာယ ၇-ပါးမှာ မပါဘူး၊ သပ္ပာယ ၄-ပါးမှာပဲ ပါတယ်။ အဲဒီ သူတော်ကောင်းတရားနာမှုနဲ့ သပ္ပာယ ၄-ပါးမှာပါတဲ့ တရားနာ မျှတမှုနဲ့ တူတာပေါ့၊ ဒီတော့ တရားနာမျှတမှုဟာ အရေးမကြီးဘူးလား?"

"အရေးကြီးပါတယ် ဘုရား"

## ရဟန္တာဖြစ်သည်အထိ

"အဲဒီတရားနာမှုဟာ ဘယ်အထိ အရေးကြီးလဲလို့မေးရင် ရဟန္တာဖြစ်သည်အထိ အရေးကြီးတယ်လို့ ဖြေရမှာပဲ၊ ဘာဖြစ်လို့လဲဆိုရင် သပ္ပာယ ၇-ပါး၊ သပ္ပာယ ၄-ပါးကလည်း ရဟန္တာဖြစ်သည်အထိ လိုအပ်လို့ပဲ၊ ပြီးတော့ သောတာပန်ဖြစ်ရန် လိုအပ်တဲ့ တရား ၄-ပါးကလည်း သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ရန် အတွက်လည်း လိုအပ်တဲ့ တရား ၄-ပါးပဲ၊ ဒါကြောင့် အရေးကြီးတယ်"

"တစ်ချို့က တရား ၃-၄ ပုဒ်လောက်ပဲ နာရသေးတယ်၊ တရားနာစရာ မလိုတော့ပါဘူး၊ အသံထွက်လာတယ်၊ တရားနာမှုဟာ အရိယာဖြစ်လေ မြတ်နိုးလေပဲလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ရွာသို့ချဉ်းကပ်

"ကဲ...ဒီလောက်ဆိုရင် တရားအားထုတ်ရာ၌ သပ္ပာယ ၇-ပါး၊ သပ္ပာယ ၄-ပါး အရေးကြီးပုံ သဘောပေါက်ပါပြီ။ ဒီအကြောင်းကို ပြောရတာဟာ အာမဂန္ဓရသေ့ အမူးရှိတဲ့ ရသေ့တွေ ဘောဇနေ သပ္ပာယ မမျှတမှုကြောင့် ဖြော့တော့တဲ့ ရောဂါရမှုက ဆက်သွားတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...ဒီတော့ အဲဒီပြန်ဆက်ကြစို့၊ ရသေ့တွေ ရောဂါဖြစ်တော့ ချဉ်၊ ဆား စသည် မှီဝဲရန်အတွက် မြို့ရွာသို့ ချဉ်းကပ်ကြပါစို့ ဆိုပြီး တောတွင်းမှ မြို့ရွာဘက်သို့ ခရီးထွက်ခဲ့ရတယ်၊ ခရီးထွက်ခဲ့တော့ ပစ္စန္တရာဇ်ရွာတစ်ရွာ ရောက်တယ်၊ တိုင်းစွန်ပြည်ဖျား ကလနားရွာပေါ့"

"အဲဒီရွာရောက်တော့ လူတွေက အဲဒီရသေ့တွေကို ကြည်ညိုကြတယ်၊ သာသနာပ ဆိုတော့ ရဟန်းမှမရှိဘဲ၊ ရသေ့တွေပဲ ကြည်ညိုရတာပေါ့၊ အဲ...ကြည်ညိုပင့်ဖိတ်ပြီး ဆွမ်းကပ်ကြတယ်ပေါ့၊ ဆွမ်းကပ်ပြီးတော့ ညောင်စောင်းစတဲ့ အသုံးအဆောင်တွေ ဆက်ကပ်ပြီး-

"အရှင်ဘုရားတို့ ဒီရွာမှာပဲ သီတင်းသုံးတော်မူကြပါကုန်၊ ညည်းငွေ့တော် မမူကြပါကုန်နဲ့"

လို့ လျှောက်ထားတယ်။

"နောက်တစ်နေ့မှာလည်း ဒီလိုပဲလှူကြတယ်၊ နောက်တော့ အိမ်စဉ်အတိုင်း တစ်လှည့်စီ ဆွမ်းကပ်ကြတယ်၊ သူတို့နဲ့ သပ္ပာယ

http://www.dhammadownload.com



မှုမဲ့ အစားအစာတွေ လှူကြတယ်ပေါ့၊ အဲဒီလိုနဲ့ လေးလလောက် ကြာသွားတယ်၊ လေးလလောက် ကြာသွားတော့ ရသေ့တွေမှာ ဘောဇဉ် မမျှတမှုကြောင့် ဖြစ်တဲ့ရောဂါဟာ ပျောက်သွားတယ်၊ ကိုယ်ခန္ဓာတွေလည်း ခန့်ကျန်းသွားပြီပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ရသေ့တွေက "**မယံ အာရသော ဂစ္ဆာမ**=ငါ့ရှင် ဒကာ ဒကာမတို့ ငါတို့ သွားကြတော့မယ်"လို့ ဒကာ ဒကာမ တွေကို နှုတ်ဆက်ပြောကြားတယ်။ ဒကာ ဒကာမတွေကလည်း လေးလလောက် လှူရတာတောင်မှ အားမရသေးတော့ ရသေ့တွေ ပြန်မယ်ဆိုတဲ့အခါ ဆီတို့၊ ဆန်တို့ စသည်တွေ လှူလိုက်ကြ သေးတယ်"

"ရသေ့တွေလည်း ဆီတို့၊ ဆန်တို့ စသည့် ဒကာ ဒကာမ တွေ လှူဒါန်းလိုက်တဲ့ လှူဖွယ်ပစ္စည်းတွေထမ်းပြီး လာလမ်းအတိုင်း မိမိတို့ နေထိုင်ရာ ဟိမဝန္တာတော သခ်မ်းကျောင်းသို့ ပြန်ကြ တယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲ...တောထဲရောက်တယ်၊ နဂိုရ်အတိုင်း ပြန်ပြီးစားကြ၊ နေကြတော့ ရှစ်လလောက် ကြာတယ်ဆို ဖြူဖထ် ဖြူယော် ဖြော့တော့တဲ့ရောဂါ၊ အသားဝါရောဂါ ပြန်ဖြစ်တာပေါ့၊ ဖြစ်တယ် ဆို ရွာသို့ချဉ်းကပ်ရပြန်တယ်၊ အဲဒီရွာပဲ ချဉ်းကပ်ကြတယ်ပေါ့"

"အဲဒီအတိုင်းပဲ တောထဲမှာ ၈-လနေ၊ ရွာသို့ ၄-လ ချဉ်းကပ်နဲ့ နှစ်စဉ် နှစ်တိုင်းပဲ ဒီရွာသို့ပဲ လာကြတယ်၊ ကဲ... ဘောဇနေ သပ္ပာယအတွက် အရေးမကြီးဘူးလား?"

http://www.dhammadownload.com



"အရေးကြီးပါတယ်ဘုရား"

"အင်း...အရေးကြီးလို့ ယခု ရသေ့တွေ ရွာသို့ ချဉ်းကပ်နေရတာပေါ့နော်"

"မှန်ပါဘုရား"

"လူတွေကလည်း ရသေ့တွေရဲ့ လာချိန်ကာလကိုပဲ မျှော်နေကြတယ်၊ လာနေကြဖြစ်နေတာမို့နော်"

"မှန်ပါဘုရား"

"အဲဒီလိုမျှော်ပြီး လှူဖို့ဆိုပြီး ဆန်စသည်တွေကို စုဆောင်းထားကြတယ်ပေါ့၊ လာတဲ့အခါကြတော့လည်း ရိုရိုသေသေ၊ လေးလေးစားစားပဲ ပြုစုလှူဒါန်း ဆည်းကပ်ကြတယ်နော်"

"မှန်ပါဘုရား"

"သာသနာပဆိုတော့ ရသေ့ပဲ ကြည်ညိုစရာရှိတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...သာသနာတွင်း ရောက်လာပြီဆိုရင် ရသေ့ကနေပြီး ရဟန်းဘဝ ပြောင်းကြရတယ်၊ ဘာဖြစ်လို့လဲ?"

"ရသေ့ထက် ရဟန်းမြတ်လို့ပါဘုရား"

"အင်း...ဟုတ်ပြီ၊ ရသေ့က သာသနာပရသေ့ဆိုတော့ သူ့မှာရှိတဲ့ သီလကလည်း သရဏဂုံ မပါတဲ့သီလ၊ များများလည်း ရှိတာမဟုတ်ဘူး။ ငါးပါးသီလ၊ ရှစ်ပါးသီလလောက်ရှိတော့မပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ရဟန်းက သရဏဂုံ တန်ဆာဆင်တဲ့ သီလ၊ ပြီးတော့ သီလကလည်း အကျဉ်းအားဖြင့် (၂၂၇)သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်ဆိုတော့ မများဘူးလား?"

"များပါတယ်ဘုရား"

## ရသေ့ပေါ်လာရင်

"အဲ...သာသနာတွင်းမှာ ရသေ့ပေါ်လာရင် သာသနာကွယ် ခါနီးလာပြီလို့မှတ်၊ ဘာဖြစ်လို့လဲဆိုတော့ ရဟန်းသိက္ခာပုဒ်တွေက များလေတော့ မကျင့်ဆောင်နိုင်တဲ့အခါ ရသေ့ဘဝသို့ လျှောချ လိုက်တယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ လူတွေကလည်း ရသေ့ကိုဝိုင်းဝန်းပြီး ကြည်ညိုကြ တယ်၊ ဒီလိုကြည်ညိုတော့ ရဟန်းတွေက ဘယ်လိုမြင်လာလဲ?"

"အေး...တို့ရဟန်းဘဝ သိက္ခာပုဒ်တွေက များတယ်၊ လူ ကြည်ညိုလည်းနည်းတယ်၊ ရသေ့ဘဝက သိက္ခာပုဒ်လည်း ငါးပါး ရှစ်ပါးရယ်၊ လူကြည်ညိုလည်းပေါတယ်၊ တို့လည်း ရသေ့ဝတ်မှပဲ ဆိုပြီး ရဟန်းဘဝက ရသေ့ဘဝသို့ လျှောဆင်းကြတယ်"

"အဲဒီလိုနဲ့ပဲ ရဟန်းဘဝက ရသေ့ပြောင်းတော့ ကြာတော့ ရဟန်းပျောက်တော့တာပေါ့၊ ရဟန်းပျောက်ရင်ပဲ သာသနာ ကွယ် ပြီပေါ့၊ ဒါ့ကြောင့် ရဟန်းဘဝက ရသေ့ဘဝကူးတာကို အားမပေး ကြပါနဲ့၊ ရသေ့ဘဝက ရဟန်းဘဝကူးတာပဲ အားပေးကြပါ"

http://www.dhammadownload.com



## ဘုရားပွင့်ပြီ

"အဲဒါနဲ့ ဆက်ကြဦးစို့၊ အာမဂန္ဓရသေ့တွေအကြောင်းကို၊ ရသေ့တွေ နှစ်စဉ်ရွာနဲ့တော ကူးနေစဉ်အတွင်းမှာ ဦးပဥ္စင်းတို့ ဘုရားရှင်လောကမှာ ပွင့်ထွန်း ပေါ်ပေါက်တော် မူလာတယ်ပေါ့ နော်"

"မှန်ပါဘုရား"

"အဲ...ဘုရားဘာကြောင့်ပွင့်လဲ၊ ဘာဖြစ်လို့ပွင့်လဲမေးရင် သိတဲ့လူနည်းလိမ့်မယ်နော်"

"မှန်ပါဘုရား"

"တရားဟောဖို့ ပွင့်တယ်ပေါ့ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဟုတ်တာပေါ့၊ ဘုရားပွင့်တယ်ဆိုရင် ဘုရားရှင်က သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေးတိုက်ကျွေးပြီးမှ သတ္တဝါတွေကို ကယ်တင်ရတာ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...ခုလည်း ဘုရားရှင် ပွင့်တယ်ဆိုရင်ပဲ မြို့ရွာတွေကို လှည့်လည်ပြီး တရားဟောတယ်ပေါ့နော်"

"မှန်ပါဘုရား"

## သဒ္ဓါရှိဖို့အရေးကြီး

"ဒီမှာ မှတ်သားဖို့ ကောင်းတဲ့ အချက်တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ဘုရားရှင်ပွင့်လို့တရားလှည့်ပြီးဟောတဲ့အခါ ပင့်လို့

http://www.dhammadownload.com



လှည့်ဟောတာလား၊ မပင့်ဘဲနဲ့ သတ္တဝါကို ရွေးချယ်ကြည့်ရှုပြီး ဟောတာလားဆိုတာ မှတ်သားဖို့ ကောင်းတဲ့အချက်ပဲနော်"

"မှန်ပါဘုရား"

"ဘုရားရှင်က မပင့်ရဘဲနဲ့ပဲ လှည့်လည် ဟောတယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲဒီလိုဟောတဲ့အခါမှာလည်း မြင်မြင်ရာရာ သတ္တဝါမှန်သမျှကို ဟောသလားဆိုတော့ ဒီလိုလည်းမဟောဘူး၊ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ရွေးချယ်ပြီး ဟောတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကျွတ်ထိုက်တဲ့ သတ္တဝါဆိုတာ ဘယ်လိုသတ္တဝါတွေလဲဆိုရင် ဘဝများစွာက ဆည်းပူးခဲ့တဲ့ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေကို ခေါ်တာပဲ၊ ဒီတော့ သဒ္ဓါရှိဖို့ အရေးကြီးတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## အကျိုးငါးပါးရ

သဒ္ဓါရှိသူမှာ အကျိုးငါးပါးရနိုင်တယ်၊ အကျိုးငါးပါးဆိုပေမယ့် အင်မတန် တန်ဖိုးရှိတဲ့ အကျိုးတွေပါ၊ ဒီအကျိုးငါးပါးရမှသာပဲ သံသရာဝဋ် ဓာတ်သိမ်းမှာ၊ ဒါကြောင့်မို့ ဒီအကျိုးငါးပါးသိပြီး ဒီအကျိုးငါးပါးရရေးအတွက် သဒ္ဓါရှိအောင် ကြိုးစားဖို့ အရေးကြီးတယ်၊ အကျိုးငါးပါးက ဘာလဲဆိုတော့-

http://www.dhammadownload.com



"ဘုရားအစရှိတဲ့ သူတော်ကောင်းတွေဟာ သဒ္ဓါရှိသူကို သာလျှင်–

၁။ ပထမဦးဆုံးအစဉ်သနားစောင့်ရှောက်ချီးမြှောက်တယ်၊

၂။ ပထမဦးဆုံး ချဉ်းကပ်တယ်၊

၃။ ပထမဦးဆုံး အလှူခံတယ်၊

၄။ ပထမဦးဆုံး တရားဟောတယ်၊

၅။ သဒ္ဓါရှိသူသေလျှင် နတ်ရွာသုဂတိသို့ လားရတယ်" ဆိုတဲ့ အကျိုးငါးပါးပဲ၊ ကဲ...ငါးပါးဆိုပေမယ့် တန်ဖိုးမကြီး ဘူးလား?"

"တန်ဖိုးကြီးပါတယ်ဘုရား"

"တန်ဖိုးကြီးတော့ ဒီတန်ဖိုးကြီးတာတွေရချင်ရင် မိမိတို့မှာ ဘာရှိဖို့ အရေးကြီးလဲ?"

"သဒ္ဓါရှိဖို့ အရေးကြီးပါတယ်ဘုရား"

"အဲ...သဒ္ဓါရှိပြီဆိုလို့ရှိရင်လည်း ဘုရားအစရှိတဲ့ သူတော်ကောင်းတွေကို ပင့်စရာတောင် မလိုဘူး။ ဟိုက မိမိတို့သဒ္ဓါတရား ကြည့်ပြီး အလိုလိုကြွလာပြီး ထိုက်သင့်သလို ချီးမြှောက်မယ် ဆိုတော့ မသေချာဘူးလား?"

"သေချာပါတယ်ဘုရား"

## ကြည့်လေ့ရှိ

"သေချာတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်ဟာ နေ့စဉ်နေ့စဉ် "ငါသည် ယနေ့ ဘယ်သတ္တဝါကို တရားဟောသော

http://www.dhammadownload.com



အားဖြင့် ချေချွတ်ရပါမည်နည်း”ဟု သတ္တလောကခေါ်တဲ့ သတ္တဝါတွေကို ကြည့်တော်မူလေ့ရှိတယ်၊ အဲ...တရားဟောတဲ့အခါ သတ္တဝါမရွေးဘဲသာ ဟောမယ်ဆိုရင်တော့ သတ္တဝါတွေဟာ ဒုန်းဒေးပဲ မဟုတ်လား?”

“ဟုတ်ပါတယ်ဘုရား”

“ဟုတ်တော့ သတ္တဝါမြင်မြင်ရာရာ အကုန်လိုက်ဟောသလား?”

“မဟောပါဘုရား”

“ဘယ်လိုဟောသလဲ?”

“ရွေးချယ်ဟောပါတယ်ဘုရား”

“ရွေးချယ်ဟောတယ်ဆိုတော့ မျက်နှာကြီးငယ် ရွေးချယ်တာလား။ သဒ္ဓါရှိ,မရှိ ရွေးချယ်တာလား?”

“သဒ္ဓါရှိ,မရှိ ရွေးချယ်တာပါဘုရား”

“ဒါဖြင့် မိမိမှာ ဘာရှိဖို့ အရေးကြီးသလဲ?”

“သဒ္ဓါရှိဖို့ အရေးကြီးပါတယ်ဘုရား”

## ဘုရားရှင်ကြွပြီ

အဲ...ယခု ဒီမှာလည်း ဘုရားရှင်ပွင့်တော်မူပြီး ဓမ္မစကြာ တရား လှည့်လည်ဟောရင်းနဲ့ သာဝတ္ထိပြည်သို့ ရောက်လာတော်မူတယ်၊ အဲဒီ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူစဉ် ရသေ့တွေရဲ့ အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်ရမည့် ဥပနိဿယ

http://www.dhammadownload.com



ပစ္စည်း အားကြီးသော အထောက်အပံ့နဲ့ ပြည့်စုံတာကို ကြည့်ရှု မြင်တော်မူတယ်"

"မြင်တော်မူတော့ ရသေ့တွေ လာနေကြရှာကို ဘုရားရှင် ကြွပြီပေါ့၊ ဘာဖြစ်လို့ကြွလဲ၊ ရသေ့တွေမလာမီ ကြိုတင်ကြွသွား လျှင် ဘုရားရှင်နဲ့ သံဃာတွေ ဖူးတွေ့ရလျှင် ရွာသူ ရွာသားတွေ ဟာ ပိုမိုပြီး သဒ္ဓါတရားဖြစ်ကြ၊ ကြည်ညိုကြ၊ လှူဒါန်းကြမယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်"

"ရသေ့တွေနဲ့ ဘုရားရဟန္တာ သံဃာတွေနဲ့ အမှုအရာ၊ အကျင့်စာရိတ္တချင်းက မတူမှ မတူတာပဲဟာ"

"မှန်ပါဘုရား"

"အဲဒီလို ကြည်ညိုလှူဒါန်းလျှင် အဲဒီအလှူပွဲမှာ တရားဟော မယ်၊ တရားနာရလျှင် ရွာသူရွာသားတွေလည်း သရဏဂုံ တည်ကြ၊ သောတာပန်စသည်ဖြစ်မယ်၊ အဲဒီအခါ ဇေတဝန် ကျောင်း ပြန်ကြွမယ်၊ နောက် ရသေ့တွေ ဒီရွာလာမယ်၊ လာတဲ့ အခါ လူတွေက ရှေ့ကလောက် တအံ့တဩ တရိုတသေ မပြုစု မလုပ်ကျွေးကြလျှင် အကြောင်းမေးလိမ့်မယ်၊ မေးလျှင် ဘုရား ပွင့်ကြောင်းသိပြီး ငါဘုရားထံလိုက်လာမယ်၊ ထိုအခါ အာမဂန္ဓနဲ့ ပတ်သက်တဲ့ တရားဟောရလျှင် တရားတော်အဆုံးမှာ ရသေ့ငါးရာ ရဟန္တာ ဖြစ်မယ်ဆိုတာကို ကြည့်ရှုမြင်တော်မူလို့ ဘုရားရှင် ကြွသွားပြီနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဘယ်ကြွသွားတာလဲ?"

"ရသေ့တွေ လာနေကြရွာကိုပါဘုရား"

## အလှူကြီးပေးလှူ

"အင်း...ဘုရားရှင်ဟာ သံဃာတော် အများအပြား ခြံရံပြီး ဒေသစာရီကြွချီသွားတော့ အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့တွေ လာနေကျရွာသို့ ရသေ့တွေ မလာမီ ၃-၄ရက်လောက် စောပြီး ရောက်တယ်ပေါ့ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...ရောက်တယ်ဆိုရင်ပဲ လူတွေက ဘုရားရှင်နှင့် သံဃာတော်တွေကို ဖူးတွေ့ရတော့ မဖြစ်ဖူးမြဲ ထူးကဲတဲ့ သဒ္ဒါတရားတွေဖြစ်ပြီး အလှူကြီးပေးလှူကြတယ်၊ ဘုရားရှင်ကလည်း ရွာသူရွာသားတွေကို တရားဟောတော်မူတယ်၊ ရွာသူရွာသားတွေလည်း ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရတော့ တစ်ချို့ သောတာပန်၊ တစ်ချို့သကဒါဂါမ်၊ တစ်ချို့အနာဂါမ် ဖြစ်ကြတယ်၊ ကဲ...အကျိုးမကြီးဘူးလား။ တရားနာရတာလေ?"

"အကျိုးကြီးပါတယ်ဘုရား"

"ခါတိုင်း ခါတိုင်း ရသေ့တွေလာလျှင် လှူဒါန်းရတယ်၊ တရားနာရတယ်၊ ဘာဖြစ်လဲ?"

"ဘာမှမဖြစ်ပါဘုရား"

"အင်း...တရားနာ, တရားနာဆိုပေမယ့် တရားချင်းကွာသေးတယ်ဆိုတာလည်း မှတ်ထားဦးနော်"

http://www.dhammadownload.com



"မှတ်ထားပါမယ်ဘုရား"

"တစ်ချို့တော့ ရဟန္တာဖြစ်ပြီး ရဟန်းပြုသွားကြတယ်၊ ဒီတော့ ဘုရားရှင် ဒီရွာကြွခြင်းကိစ္စ ပြီးသွားတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကိစ္စပြီးတော့ ဘုရားရှင်နဲ့တကွ ရဟန်းသံဃာတွေဟာ သာဝတ္ထိပြည်သို့ ပြန်ကြွသွားတယ်ပေါ့နော်?"

"မှန်ပါဘုရား"

## ရသေ့တွေလာပြီ

"ဘုရားရှင်နဲ့ သံဃာတော် ကြွသွားလို့ ၃-၄ရက်မျှ အကြာ လောက်မှာ ရသေ့တွေဟာ အဲဒီရွာကို ရောက်လာကြတယ်၊ **"မနုဿာတာပသေ ဒိသွာ နပုဗ္ဗသဒိသံကောတူဟလမင်္ဂလာ**= ရွာသူရွာသား လူအများဟာ ရသေ့တွေကိုမြင်တဲ့အခါ ရှေးက ကဲ့သို့ အုတ်အော်သောင်းနင်း မလုပ်ကြတော့ဘူးတဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ရသေ့တွေက ရွာသူရွာသားတွေ ရှေးကနဲ့ မတူ တမူထူးခြားနေတာတွေ့တော့ မေးတယ်၊ ဘယ်လိုမေးလဲဆိုတော့-

၁။ ဘယ်လိုလဲ ဒကာ ဒကာမတို့ ရွာသူ ရွာသားတွေဟာ ရှေးကနဲ့ မတူပါလား?

၂။ ဘယ်လိုလဲ ဒီရွာကို မင်းကများ ဒဏ်ထားသောအားဖြင့် နှိပ်စက်ခံထားရလို့လား?"

http://www.dhammadownload.com



၃။ သို့မဟုတ် ဒီရွာမှာ ဝတ်မွတ်ခေါင်းပါးခြင်း ဘေးများ သင့်ထားသလား?"

၄။ သို့မဟုတ် ငါတို့ထက် သီလစတဲ့ ဂုဏ်ကျေးဇူး ပိုမိုပြည့်စုံတဲ့ ရဟန်းတစ်ပါးပါးများ ဒီရွာရောက်လာလို့လား" လို့ မေးတယ်။ ကဲ...ဘယ်နှစ်ချက်မေးလဲ?"

"လေးချက်မေးပါတယ်ဘုရား"

"ရသေ့က ပညာရှိနော်"

"မှန်ပါဘုရား"

"**ပညာရှိတွေး–ပြေးကြည့်သထက်မှန်**"ဆိုတဲ့ စကားပုံ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ရှိတော့ လေးချက်မေးတာ ဘယ်နှစ်ချက်မှန်လဲ"

"နောက်ဆုံးတစ်ချက် မှန်ပါတယ်ဘုရား"

"တို့ ဒကာငွေကိုင်ကြီး ဘယ်ဆိုးလို့လဲ"

"မဆိုးပါဘုရား"

## ဘုရားပွင့်ပြီ

"အဲဒီရသေ့တွေကမေးတော့ ရွာသူ ရွာသားတွေက ပြန်ပြီးတော့ ဖြေကြတယ်၊ သူတို့က လေးချက်မေးပေမယ့် ရွာသူ ရွာသားတွေက သုံးချက်ပဲ ပြန်ဖြေတယ်၊ ဘာတဲ့လဲ"

၁။ အရှင်ဘုရားတို့ တပည့်တော်တို့ရွာ မင်းဒဏ်မင်းဘေးလည်း မသင့်ပါဘုရား။

http://www.dhammadownload.com



၂။ ငတ်မွတ်ခေါင်းပါးခြင်းဘေးလည်း မသင့်ပါဘုရား။

၃။ **အပိစ ဗုဒ္ဓေါ လောကေ ဥပန္နော**=စင်စစ်တော့ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည် လောက၌ ပွင့်ထွန်းပေါ်ပေါက်တော်မူပါပြီ။

“**သော အဂဝါ ဗဟုနေဟိတာယ ဇမ္ဗု ဒေသေသွာ ဂ္ဂတာဂတော**=ထိုဘုန်းတော် ၆ ပါး ဘုရားရှင်ဟာ လူများအပေါင်းရဲ့ အစီးအပွားအကျိုးငှာ တရားဟောတော်မူသည့်ရှိသော် ဒီရွာသို့ ကြွရောက်လာပါတယ်ဘုရား”လို့ သုံးချက်ပြန်ဖြေတယ်၊ ဘယ်နှစ်ချက်ဖြေလဲ”

“သုံးချက်ပါဘုရား”

“ကဲ...သုံးချက်မှာ နောက်ဆုံးအချက် မှန်တယ်နော်”

“မှန်ပါဘုရား”

“အဲ...အဲဒီ နောက်ဆုံးအချက် အဖြေကို ကြားရတော့ **အာမဂန္ဓရသေ့က ပြန်မေးတယ်**”

“အမိန့်ရှိပါဘုရား”

“အို...သူကြွယ်တို့! ဘုရားလို့ သင်တို့ ပြောကြသလား” တဲ့၊ “မှန်ပါအရှင်ဘုရား ဘုရားလို့ တပည့်တော်တို့ ပြောကြပါတယ်ဘုရား”လို့ ရွာသူရွာသားတွေက ပြန်ဖြေတယ်”

“အဲဒါ ဘယ်နှစ်ခါမေးတယ် မှတ်သလဲ၊ သုံးကြိမ်တောင် မေးတယ်တဲ့၊ ရွာသူရွာသားတွေကလည်း သုံးကြိမ်တောင် ဖြေရတာပေါ့၊ ဘာဖြစ်လို့ သုံးကြိမ်တောင် မေးရသလဲဆိုရင် ဘုရားပွင့်ဖို့ဆိုတာ အင်မတန်ခဲယဉ်းတာမဟုတ်လား?”

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"အဲ...ပွင့်ဖို့ခဲယဉ်းပါတယ်ဆိုတဲ့ ဘုရားရှင်ဟာ ပွင့်ရုံတင် မဟုတ်သေးဘဲ ဒီရွာမှာတောင် တရားဟောသွားသေးတယ် ဆိုတော့ သူ့နားကို သူမယုံဖြစ်နေတာပေါ့၊ ငါ နားကြားများ လွဲလေရော့သလားပေါ့ ဟုတ်လား၊ ဒါ့ကြောင့် သုံးခါတောင် ထပ်မေးရတာပေါ့၊ ဟိုက ရွာသူရွာသားတွေကလည်း ဖူးရရုံတင် မကဘဲ လှူလည်းလှူရ တရားလည်းနာရလို့ သောတာပန် စသည် တောင် ဖြစ်ကြတော့ အားရပါးရ ဝမ်းပန်းတသာ သုံးကြိမ် တိုင်တိုင် ပြန်ပြီးဖြေတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဒီလို သုံးကြိမ်တိုင်တိုင်ဖြေတော့ အာမဂန္ဓရသေ့က ဘာ ပြန်ပြောသလဲဆိုတော့ "**ယောသောဝိ ခေါ် သော ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါ**=လောကထဲမှာ ဒီဘုရားဆိုတဲ့ အသံ ကြားရဖို့တောင်မှ အင်မတန်ခဲယဉ်းပါတယ်"လို့ ဝမ်းမြောက်တယ်၊ ဝမ်းမြောက်စရာလည်း မကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"အဲဒီလိုဝမ်းမြောက်သည့်အလျောက်ပဲ ဝမ်းမြောက်စကား ပြောဆိုပြီး ရွာသူရွာသားတွေကို မေးတယ်၊ ဘယ်လိုမေးလည်း ဆိုတော့ "**ကိံနု ခေါ် သော ဗုဒ္ဓေါ အာမဂန္ဓံ ဘုဉ္ဇတိ၊ နဘုဉ္ဇတိ**= ဘယ်လိုလဲဒကာတို့ အဲဒီဘုရားရှင်ဟာ အညှီအဟောက် ဘုဉ်း ပေးလား မဘုဉ်းပေးဘူးလား"လို့ မေးတယ်"

http://www.dhammadownload.com



"ဒီလိုမေးတော့ ရှာသူရှာသား ဒကာ ဒကာမများက နား မလည်ဘူး၊ ဘာကို **"အာမဂန္ဓ=အညှီအဟောက်"** ခေါ်လည်း ဆိုတာ သူတို့မသိဘူးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုမသိတော့ ရှာသူရှာသား ဒကာ ဒကာမတွေက ပြန်မေးတယ် "**ကော ဘန္တေ အာမဂန္ဓော**=အရှင်ဘုရား **အာမဂန္ဓ=အညှီအဟောက်**ဆိုတာ အဘယ်ပါနည်းလို့ ပြန်မေး တယ်" "**မသိမေး မစင်ဆေး**"ဆိုတဲ့ စကားပုံ မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"အင်း...အဲဒီစကားပုံအတိုင်းပေါ့၊ သူတို့မသိတော့ ပြန်မေး ရတယ်ပေါ့၊ အဲဒီလို ပြန်မေးတော့ အာမဂန္ဓရသေ့က "**အာမဂန္ဓော နာမမစ္ဆမံသံ ဂဟပတယော**=သူကြွယ်တို့ **အာမဂန္ဓ=အညှီ အဟောက်**ဆိုတာ ငါးနှင့်အသားကို ခေါ်တယ်"လို့ ပြန်ဖြေတယ်။ ကဲ...**အညှီအဟောက်=အာမဂန္ဓ**ဆိုတာ ဘာကိုခေါ်တာတဲ့လဲ?"

"အသားငါးကို ခေါ်ပါတယ်ဘုရား"

"အသားငါးကို **အညှီအဟောက်=အာမဂန္ဓ**ခေါ်တော့ ကဲ... ဒီတရားနာပရိသတ်အားလုံးရော တရားဟောဘုန်းကြီးပါ သားငါး တွေ မစားဘူးလား?"

"စားပါတယ်ဘုရား"

"တစ်ယောက်နဲ့တစ်ယောက် ယခုနီးနီးကပ်ကပ် ထိုင်နေတော့ ညှီလား၊ မညှီဘူးလား?"

"မညှီပါဘုရား"

http://www.dhammadownload.com



"အာမဂန္ဓရသေ့ကတော့ သားငါးကို အညှီအဟောက် အာမဂန္ဓယူပြီးမေးတော့ ဟိုက နားမလည်တော့ ပြန်မေးတယ်၊ ပြန်မေးတော့ သူက အာမဂန္ဓဆိုတာ သားငါးကို ခေါ်တယ်လို့ ပြန်ဖြေတယ် မဟုတ်လား"

"အင်း...အဲဒီလိုရသေ့က ပြန်ဖြေတော့ ရှာသူရှာသား တွေက **ဘဂဝါ ဘုဉ္ဇေ မဏ္ဍမံသံ ပရိဘုဉ္ဇတိ**=အရှင်ရသေ့ မြတ်စွာဘုရားသည် သားငါးကိုဘုဉ်းပေးပါတယ်"လို့ ပြန်ဖြေတယ်၊ ကဲ... သူတို့က ကိုယ်တိုင်ပဲ ဆွမ်းကပ်လိုက်ရတော့ ဘုရားရှင် သားငါး ဟင်းတွေ ဘုဉ်းပေးတယ်ဆိုတာ ကိုယ်တိုင်သိပဲ မဟုတ်လား?"

"ကိုယ်တိုင်သိပါတယ်ဘုရား"

"အင်း...အဲဒီလို ကိုယ်တိုင်သိလို့လည်းပဲ ရဲရဲတင်းတင်းပဲ ဘုရားရှင် သားငါးဟင်းတွေ ဘုဉ်းပေးကြောင်း ပြောတာပေါ့ နော်"

"မှန်ပါဘုရား"

"ကဲ...ခုခေတ်မှာ သက်သတ်လွတ်စားသူအချို့က သက် သတ်လွတ် မစားသူတွေကို မေတ္တာ, ကရုဏာမရှိသလို ပြောနေ ကြတယ်၊ ကဲ...ဒီလိုဆို ဘုရားရှင်ဟာ သက်သတ်လွတ် စား သလား"

"မစားပါဘုရား"

"ကဲ...ဒီလိုဆို ဘုရားရှင်တောင် မေတ္တာ၊ ကရုဏာမရှိတဲ့ အထဲ ပါမနေဘူးလား?"

"သူတို့ပြောတဲ့အတိုင်းဆိုရင် ပါနေပါတယ်ဘုရား"

http://www.dhammadownload.com



"ကဲ...ရဟန္တာပုဂ္ဂိုလ်တွေရော ပါမနေဘူးလား?"

"ပါနေပါတယ်ဘုရား"

"ကဲ...ဘုရားရှင်ကြီးက သားတော်ရာဟုလာနဲ့ သတ္တဝါ အားလုံးအပေါ်မှာ တစ်သားတည်း မေတ္တာထားတယ်၊ ခုခေတ် သက်သတ်လွတ်စားတဲ့ ပုဂ္ဂိုလ်တွေ အဲဒီလို ကျောသားရင်သား မခွဲခြားဘဲ တစ်သားတည်း မေတ္တာထားနိုင်ပါ့မလား?"

"မလွယ်ပါဘုရား"

"ပြီးတော့ ဘုရားရှင်ဟာ **"မဟာကရုဏာတော်ရှင်"** သာမည မဟုတ်ဘူး၊ သတ္တဝါအားလုံးအပေါ်မှာ သနားတဲ့ ကရုဏာရှိသမှ နည်းနည်းမဟုတ်ဘူး၊ အကြီးအကျယ် ကရုဏာရှိလို့ မဟာ ကရုဏာတော်ရှင်လို့ ဘွဲ့တော်တွင်တဲ့ ဘုရားမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အမယ်လေး...အဲဒီ မဟာကရုဏာတော်ရှင် ဘုရားကို သားငါးတွေ ဘုဉ်းပေးသုံးဆောင်တယ်လဲဆိုရော အာမဂန္ဓရသေ့ က ဘာပြောမှတ်သလဲ"

"အမိန့်ရှိပါဘုရား"

## ဘုရားမဟုတ်နိုင်

"**မာ ဟေဝ ခေါ်ပန ဗုဒ္ဓေါ သိယာ**=စင်စစ် ဘုရားမဟုတ် နိုင်ဘူး"တဲ့။ ကဲ...ဘယ့်နှယ်လဲ၊ သားငါးတွေသာ စားမယ်ဆိုရင် ဘုရားမဟုတ်နိုင်ဘူးတဲ့နော်၊ ပြောရက်လိုက်တာ၊ မပြောရက် ဘူးလား?"

http://www.dhammadownload.com



"ပြောရက်ပါတယ်ဘုရား"

"အင်း...ခုခေတ်လည်း တစ်ချို့ဒေသမှာ သက်သတ်လွတ် စားတဲ့ လူအချို့က ဘာပြောသလဲ "**သက်သတ်လွတ်သာ မစားရင် အဲဒီလူရှင် ရဟန်းတွေမှာ သီလမစင်ကြယ်နိုင်ဘူး**"တဲ့၊ သီလ မရှိနိုင်ဘူးတဲ့၊ အာမဂန္ဓရသေ့ရဲ့ တပည့်တွေလား မသိဘူးနော်"

"မှန်ပါဘုရား"

"အင်မတန် ကြောက်စရာကောင်းတယ်၊ ကိုယ့်မှာဖြင့် တစ်ခြား သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့် တစ်စုံ တစ်ရာမရှိဘဲ ဒီသားငါးစားရှောင်တာလေးနဲ့ တစ်ဘက်သားဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်တရား ရှိသူကို အထင်သေးတယ် နော်"

"မှန်ပါဘုရား"

"ကဲ...အာမဂန္ဓရသေ့များ ဘုရားရှင်ကို အထင်သေးလိုက် တာ ဘယ်နှယ်တဲ့လဲ "**သားငါးသာ စားတယ်ဆိုရင် ဘုရား မဟုတ်နိုင်ဘူး**"တဲ့၊ အထင်မသေးလွန်းဘူးလား?"

"အထင်သေးလွန်းပါတယ်ဘုရား"

"အကျင့်မာန်ပေါ့ ဟုတ်လား?"

"တကယ်တော့ သူ့မှာအကျင့်ကလည်း သားငါးစားရှောင်တာ လောက်ပဲရှိတာပါ၊ တစ်ခြားအကျင့်ကောင်းတွေ ဘာရှိမလဲ၊ သာသနာပအခါကြီးဟာ၊ အဲဒါတောင် ဘုရားရှင်ကို အထင်သေး ရက်တယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီလို အထင်သေးပြီးတော့ တစ်ခါစဉ်းစားပြန်တယ်၊ ဘယ်လို စဉ်းစားလည်းဆိုတော့ "**ဗုဒ္ဓါနံ ပါတုဘာဝေါ နာမ ဒုလ္လဘော**=ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ဖို့ရာ အလွန်တရာ ခဲယဉ်းတယ်" တဲ့နော်"

"မှန်ပါဘုရား"

"ဒါတော့လည်း ဒီရသေ့က အသိသားပဲ၊ သိဆို ပညာရှိ ရသေ့ကို၊ သိတာပေါ့၊ ပြီးတော့ "**ဂန္တွာ စဗုဒ္ဓံ ဒိသွာ ပုစ္ဆိတွာ ဇာနိဿာမိ**=သွား၍ ဘုရားရှင်ကို ဖူးတွေ့ပြီး မေးကြည့်မှ သိရမယ်"တဲ့၊ ကဲ–မဟုတ်ဘူးလား။ ကိုယ်တိုင်မေးကြည့်မှ အဖြေ အတိအကျ ကိုယ်တိုင်သိရမှာပေါ့၊ သူပြော လူပြော အများ ပြောနဲ့ သူများပါးစပ်ဖျား လမ်းဆုံးနေလို့ တော်ပါ့မလား"

"မတော်ပါဘုရား"

## ရသေ့သွားပြီ

"ကဲ–အဲဒီလို မေးကြည့်မှ သိရမယ်လို့ စဉ်းစားပြီးတာနဲ့ တစ်ပြိုင်နက် အာမဂန္ဓရသေ့နဲ့ ရသေ့ငါးရာဟာ ဘုရားရှင်ရဲ့ ပြန်ကြွသွားရာလမ်းကို မေးပြီး "နို့စို့ဆဲ နွားမက်တဲ့နွားငယ်ဟာ အမေကိုခင် အမေနောက် တကောက်ကောက်လိုက်သလို" မိမိ ပရိသတ်နဲ့အတူ လျှင်မြန်စွာ လိုက်ကြတယ်၊ ကဲ–လာတုန်းက ဘုရားရှင်ထံသွားရန် လာတာ ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

http://www.dhammadownload.com



"ဘာလုပ်လာတာလဲ"

"ချဉ်-ဆား စသည် မှိဝဲရန် လာတာပါဘုရား"

"ယခု သူတို့ ချဉ်-ဆား စသည် မှီဝဲပြီးပြီလား"

"မမှီဝဲရသေးပါဘုရား"

"အင်း-အဲဒါ မှတ်ထိုက်တဲ့အချက်ပဲ၊ အတုယူထိုက်တဲ့အချက်ပဲနော်"

"မှန်ပါဘုရား"

"ကိုယ့်မှာရှိထားတဲ့ သံသယပြေပျောက်ပြီး အမှန်ရောက်ရေး အလွန်တရာ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"ကဲ...ရသေ့တွေဟာ အရေးတကြီး သွားလိုက်တာ တစ်နေရာမှာ ခရီးပန်းပါတယ်ဆိုပြီး နှစ်ည မအိပ်ဘူးတဲ့၊ ဘယ်လောက်ပဲ ခရီးပန်းပန်း တစ်နေရာ တစ်ညပဲအိပ်သွားတယ်တဲ့၊ဘာဖြစ်လို့လဲ?"

"အမြန်ရောက်ချင်လို့ပါဘုရား"

## ကွာခြားတယ်

"အင်း...ကုသိုလ်ပြုတယ်ဆိုရင် အဲဒီလို အလျင်စလို ပြုလုပ်မှပေါ့၊ အကျိုးပေးတော့လည်း အလျင်အမြန်အကျိုးရမယ်၊ အများအားဖြင့် အကုသိုလ်ပြုရင် သိပ်မြန်တယ်၊ ဘယ်သူ့မှမတိုင်ပင်ဘူး၊ ဒကာငွေကိုင်ကြီး အကုသိုလ်ပြုတော့ ဘယ်သူ့ကိုတိုင်ပင်သေးသလဲ?"

"ဘယ်သူ့မှ မတိုင်ပင်ပါဘုရား"

http://www.dhammadownload.com



"ဘာဖြစ်လို့လဲ? တိုင်ပင်လို့ရှိရင် သူများတွေကတားတဲ့အခါ ပျက်သွားမှာစိုးလို့ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အမယ်လေး မပူရပ်မှာ သွားပူနေတယ်၊ အကုသိုလ်မပြုမိဘဲ ပျက်သွားတော့ အဲဒီအကုသိုလ်က ပေးမယ့် မကောင်းကျိုး မခံရတော့ မကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"ဒါများ ပျက်မှာကြောက်ရသေးလား။ ကဲ...ကုသိုလ်ကြတော့ ဒီလိုမဟုတ်ဘူး။ ဖြောင်းဖြန့်ပဲ၊ ကုသိုလ်ကြတော့ ဟိုလူ့တိုင်ပင် ဒီလူ့တိုင်ပင်နဲ့ တော်တော်ကြာတော့ မလုပ်ဖြစ်တော့ပဲ ပျက်သွားတယ်၊ ကောင်းသေးလား?"

"မကောင်းပါဘုရား"

"ပြုဖြစ်ပြန်တော့လည်း နှေးနှေးကွေးကွေး ပြုဖြစ်တော့ အကျိုးရတာ့လည်း မနှေးကွေးဘူးလား?"

"နှေးကွေးပါတယ်ဘုရား"

"ကဲ...ကုသိုလ်နဲ့ အကုသိုလ် မကွာခြားဘူးလား?"

"ကွာခြားပါတယ်ဘုရား"

## သိပ်မြန်တယ်

"ဘယ်လောက် ကွာခြားသလဲဆိုရင် အကုသိုလ် ပြုစရာ ရှိပြီဆိုရင် အပြေးအလွှား အမြန်အဆန်ပဲ၊ ကုသိုလ်ပြုစရာဆိုတော့ နှေးနှေး၊ နှေးနှေးနဲ့၊ ကဲ...အခုတရားပွဲလာတာ နှေးနှေးလား၊ မြန်မြန်လား?"

http://www.dhammadownload.com



"နေးနေးပါဘုရား"

"ပွဲဆိုရင် ဘယ့်နှယ်လဲ?"

"မသွားပါဘုရား"

"ဟိုတုန်းက သွားစဉ်ကလေ?"

"မြန်မြန်ပါဘုရား"

"အဲဒီလို နှုတ်နဲ့ အကုသိုလ်ဖြစ်ကြောင်း ပြောစရာရှိတော့ ကျယ်ကျယ်လား တိုးတိုးလား?"

"ကျယ်ကျယ်ပါဘုရား"

"ကျယ်သမှ ဘယ်လောက် ကျယ်သလဲဆိုရင် ခုနစ်အိမ်ကြားပဲ၊ အသံကုန်ကိုပဲ ဟစ်အော်ပြီး အော်တယ်၊ ငေါက်တယ်၊ ဆဲတယ်၊ ဆိုတယ်၊ ကြိမ်းတယ်၊ မောင်းတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဘယ်သူ့ တိုင်ပင်သေးလဲ"

"ဘယ်သူ့မှ မတိုင်ပင်ပါဘုရား"

"ရှက်ရမှန်း ကြောက်ရမှန်း သိသေးလား?"

"မသိပါဘုရား"

"ကုသိုလ်နဲ့ အကုသိုလ် မကွာဘူးလား?"

"ကွာပါတယ်ဘုရား"

## မှားမှာစိုးလို့ပါ

"ကဲ...ခု ဦးပဥ္စင်းက မေးနေတာတွေ ဖြေရတော့ ကုသိုလ်တွေရတယ်၊ ကုသိုလ်ဝစီကံ၊ ကုသိုလ်အပြောတွေ ဖြစ်နေတယ်၊

http://www.dhammadownload.com



အဲဒါတော့ ဘာဖြစ်လို့ သွက်သွက်လက်လက် ဖြတ်ဖြတ်လတ်လတ် လျှင်လျှင်မြန်မြန် ကျယ်ကျယ်လောင်လောင် မဖြေလဲ၊ ကုသိုလ် ရမှာစိုးလို့လား?"

"မဟုတ်ပါဘုရား"

"ဒါဖြင့် ဘာဖြစ်လို့လဲ?"

"မှားမှာစိုးလို့ပါဘုရား"

"ဩော်...ဒါကြတော့ ဘာများမှားမှာစိုးရလဲ၊ မှားတော့ကော အကုသိုလ်ဖြစ်တာမှ မဟုတ်ပဲဟာ၊ မှားတော့လည်း ပြင်ပေးမှာပေါ့ ဟုတ်လား?"

"မှားဟော့ ဝိုင်းရယ်ကြမှာဘုရား"

"အမယ်လေး...ဒကာငွေကိုင်ကြီးနှယ်၊ ဝိုင်းရယ်မှာပဲ ကြောက်ရသေးတယ်၊ ရှက်ရသေးတယ်၊ တိုက်ထားတာမှ မဟုတ် ပဲဟာ၊ ပြုံးကနဲမေး ပြုံးကနဲဖြေပဲ မှားတာပေါ့၊ ဒါပဲ ရှက်ရ ကြောက်ရသေးလား?"

"ရှက်ကြောက်ပါတယ်ဘုရား"

"ဒါတောင် လာသေးတယ်၊ ကဲ...ဒီကနေ့ကစပြီး ကုသိုလ် ပြုရမှာ မရှက်မကြောက်နဲ့ သွက်သွက်ပြုလုပ်၊ အကုသိုလ်ပြုလုပ် ရမှာ ရှက်ကြောက်ပြီး မလုပ်ဖြစ်အောင်ရှောင် ဟုတ်လား?"

"မှန်ပါဘုရား"

## အတုယူစရာ

"ကဲ...ကြည့်စမ်း ရသေ့တွေ ဘုရားရှင်ထံ သွားလိုက်ကြ တာ အလျှင်အမြန်ပဲ၊ အားကျစရာ အတုယူစရာကြီးပဲ၊ အတု

http://www.dhammadownload.com



ယူတယ် အားကျတယ်ဆိုရင် ဒါမျိုးကို အတုယူရ အားကျရမှာ အကုသိုလ်လုပ်ငန်း သွားပြီး အတုယူအားကျလို့ ဘယ်ဖြစ်မှာလဲ နော်"

"မှန်ပါဘုရား"

"ရသေ့တွေ အလျင်အမြန်သွားတော့ မကြာမီဘဲ သာဝတ္ထိပြည် ဇေတဝန်ကျောင်း ရောက်ကြတယ်၊ ဘုရားရှင်ကလည်း ရသေ့တွေ ရောက်လာတဲ့ အချိန်မှာ တရားဟောဖို့ရာ ပရိသတ်ရှေ့မှောက်ရှိတဲ့ တရားဟောပလ္လင်ပေါ်မှာ သီတင်းသုံးနေတယ်"

## ရှိမခိုးကြ

"ကဲ...ရသေ့တွေဟာ ဘုရားရှင်သို့ ချဉ်းကပ်ပြီးတော့ ဘာမှလည်း မပြောဘူး၊ တိတ်တိတ်ဆိတ်ဆိတ်ပဲနေပြီးတော့ ရှိမခိုးကြဘဲ မရှိမသေ မလေးမစား ထိုင်နေကြတယ်၊ ကဲ...ကြည့်စမ်းပါဦး၊ လာတုန်းကတော့ အမောတကောကြီး အလျင်အမြန် မနားမနေလာကြပြီး ဒီကြတော့ ပြုလုပ်ပုံ ဟန်ကြရဲ့လား?"

"ဟန်မကျပါဘုရား"

"ဘာ့ကြောင့် ရှိမခိုးလဲဆိုတော့ အကျင့်မာန် ထောင်နေကြလို့ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သူတို့က သားငါးမစားဘူး၊ ဘုရားရှင်က သားငါး စားတယ်ဆိုတော့ သူတို့ မကျေနပ်ဘူးပေါ့၊ မကြည်ညိုဘူးပေါ့ သူတို့လောက် မမြတ်ဘူးလို့ ယူဆတယ်ပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...ဘုရားရှင်ထံလည်း လာသေးတယ်၊ ဘုရားရှင်ကိုလည်း မာန်ထောင်နေသေးတယ်။ ပုထုဇဉ်များ ကြောက်စရာမကောင်းဘူးလား?"

"ကြောက်စရာ ကောင်းပါတယ်ဘုရား"

## နှုတ်ခွန်းဆက်

"ဘုရားရှင်ကတော့ မဟာကရုဏာတော်ရှင်ဆိုတော့ ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်က မောက်မာနေပေမယ့် ပြန်လည်ပြီးမမောက်မာဘူးနော်၊ "**မာနပြိုင်တု၊ အကြမ်းမှုကို၊ အနုဖြင့်သာ၊ အောင်စေရာ၏**"ဆိုတဲ့ အတိုင်း အနုနဲ့ပဲ အောင်နိုင်မှာပေါ့နော်"

"**မှန်ပါဘုရား**"

"ဒါ အတုယူစရာပဲနော်"

"မှန်ပါဘုရား"

"ကြည့်စမ်း။ ဘုရားရှင်က ရသေ့တွေကို သာယာချိုမြိန်သောအသံတော်နဲ့–"ရသေ့တို့ ကျန်းမာကြရဲ့လော၊ မျှတကြရဲ့လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ နေခဲ့ကြရကုန်ရဲ့လော၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြကုန်ရဲ့လော၊ လမ်းခရီးလည်း မပင်ပန်းဘဲ လာခဲ့ကြရကုန်ရဲ့လော?"လို့ နှုတ်ခွန်းဆက်တယ်၊ ဝမ်းသာရွှင်ပျ စကားပြောတယ်"

"ဒီတော့မှ ရသေ့တွေလည်း နည်းနည်းပါးပါး မျက်နှာနေမျက်နှာထား တင်းမာမှု လျော့ပါးပြီး "ကျန်းမာကြပါသည်

http://www.dhammadownload.com



အရှင်ဂေါတမ၊ မျှတကြပါသည့် အရှင်ဂေါတမ၊ အကျွန်ုပ်တို့ တစ်တွေဟာ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြရဘဲ ချမ်းသာစွာ နေခဲ့ကြရပါကုန်တယ်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲရှိကြပါကုန်တယ်၊ လမ်းခရီးလည်း မပင်ပန်းဘဲ လာခဲ့ကြရပါကုန်တယ်" လို့ ပြန်လည်ဖြေကြားကြ၊ လျှောက်ထားကြတယ်"

## အာမဂန္ဓစား၊ မစား

"အဲဒီလိုလျှောက်ကြားပြီးတော့ သူဘာအရေးကြီးနေလဲဆို တော့ အာမဂန္ဓပေါ့၊ ဒီအာမဂန္ဓပြဿနာကြောင့်ပဲ ဘုရားရှင်ကို ရှိမခိုးဘဲ မရှိမသေ ထိုင်နေတာပဲ၊ ဒီတော့ ဒီပြဿနာဟာ ဒီအာမဂန္ဓ ရသေ့အတွက် အရေးကြီးနေတာပေါ့နော်?"

"မှန်ပါဘုရား"

"အရေးကြီးတော့ အရေးတကြီး အာမဂန္ဓရသေ့က အဲဒီ အာမဂန္ဓပြဿနာကို ဘုရားရှင်ကိုမေးတယ်၊ ဘယ်လိုမေးလဲ- "**အာမဂန္ဓံ ဘော ဂေါတမ ဘုဉ္စတိ, နဘုဉ္စတိ**=အရှင်ဂေါတမ အညီအဟောက် အာမဂန္ဓကို စားပါသလော၊ မစားပါသလော"တဲ့ မေးတယ်"

"ဒီလိုမေးတော့ ဘုရားရှင်က "**ကော သော ဗြဟ္မာဏ အာမဂန္ဓော နာမ**=အာမဂန္ဓပုဏ္ဏား အညီအဟောက် အာမဂန္ဓ ဆိုတာ ဘာကိုခေါ်တာလဲလို့ ပြန်မေးတယ်"

http://www.dhammadownload.com



## အကြောင်းနှစ်မျိုး

"ဒီလို အာမဂန္ဓရဲ့အမေးကို ဘုရားရှင် ပြန်မေးတာ မသိလို့ မဟုတ်ဘူးနော်၊ သိရက်သားနဲ့ကို ပြန်မေးတာလို့မှတ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပါဠိတော်လာစကားကို ထောက်ကြည့်ပေါ့ ဘာတဲ့လဲ?"

"ဘုရားရှင်တို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ သိလျက်လည်း မေးတော်မမူကုန်၊ အခါကိုသိ၍ မေးတော်မူကုန်၏။ အခါကိုသိ၍ မေးတော်မမူကုန်၊ ဘုရားရှင်တို့သည် အကျိုးနှင့်စပ်သည်ကို မေးတော်မူကုန်၏။ အကျိုးနှင့်မစပ်သည်ကို မေးတော်မမူကုန်၊ ဘုရားရှင်တို့သည် အကျိုးနှင့် မစပ်သည်တို့ကို မဂ်ဖြင့်ပယ်ဖြတ်ပြီး ဖြစ်ကုန်၏"တဲ့၊ ပြီးတော့ ဘာတဲ့လဲ မေးခြင်းအကြောင်းနှစ်မျိုးက–

"တရားကိုသော်လည်း ဟောကုန်အံ့၊ တပည့်တို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့...ဆိုတဲ့" အကြောင်းနှစ်မျိုးတို့ကြောင့် မေးတော်မူတယ်လို့ မှတ်ထားရမယ်နော်"

"မှန်ပါဘုရား"

"ဒီနေရာမှာ မေးတာတော့ ရသေ့တွေဆိုတော့ သိက္ခာပုဒ် ပညတ်ချင်လို့ ဟုတ်ပါ့မလား?"

"မဟုတ်ပါဘုရား"

http://www.dhammadownload.com



"ရသေ့တွေဆိုတော့ အကြောင်းနှစ်မျိုးမှာ တရားဟောချင်လို့ဆိုတဲ့ အကြောင်းကြောင့် မေးတာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## သားငါးတဲ့

"အဲ...ဘုရားရှင်က– "**အာမဂန္ဓ**=အညှီအဟောက်ဆိုတာ ဘာလဲလို့ဆိုတော့ "**မစ္ဆမံသံ ဘော ဂေါတမ**=အရှင်ဂေါတမ အညှီအဟောက် အာမဂန္ဓ ဆိုတာ သားငါးကိုခေါ်ပါတယ်"တဲ့ ပြန်ဖြေတယ်၊ ကဲ...သားငါးဟာ ဘာတဲ့လဲ?"

"အညှီအဟောက်=အာမဂန္ဓပါဘုရား"

"ဒါ ဘယ်သူ့အလိုလဲ?"

"အာမဂန္ဓ ရသေ့အလိုပါဘုရား"

"မှတ်ထားနော်၊ ရောမသွားစေနဲ့"

"မှန်ပါဘုရား"

"ဒီတော့ ဘုရားရှင်က ဘာပြန်ဖြေသလဲ– "**န ဗြဟ္မာဏ မစ္ဆ မံသံ အာမဂန္ဓော**=အာမဂန္ဓပုဏ္ဏား သားငါးတွေဟာ အညှီအဟောက် အာမဂန္ဓ မဟုတ်ဘူး"တဲ့။ ကဲ...ရသေ့အလိုနဲ့ ဘုရားရှင်အလို တူရဲ့လား?"

"မတူပါဘုရား"

## အာမဂန္ဓဆိုတာ

"ကဲ...မတူတော့ ဘုရားအလိုတော်နဲ့ ရသေ့အလိုဟာ ဘယ်လိုကွဲပြားလဲဆိုတာ သိဖို့လိုတာပေါ့နော်၊ ဒါ့ကြောင့်လို့လည်း

http://www.dhammadownload.com



ဦးပဋ္ဌင်းတို့ ဒီသုတ္တာန်ကို ဟောတာပဲ၊ အမှန်က သားငါးစား ရှောင်တဲ့အကျင့်ဟာ သာသနာပ ရသေ့တွေရဲ့ အဓိကအကျင့်ပဲ၊ သာသနာပဆိုတော့ တစ်ခြားအကျင့်ကောင်း မရှိတော့ ဒါပဲ အကျင့်ကောင်းတစ်ခုအနေ ကျင့်နေရတာပဲ"

"သာသနာတွင်းမှာတော့ သံဃာသင်းခွဲပြီး ဘုရားလုပ်ချင်တဲ့ ဒေဝဒတ်ရဲ့ အကျင့်ပဲ၊ ဒီတော့ ဒီအာမဂန္ဓအယူအဆဟာ သာသနာပ ရသေ့တွေရဲ့ အယူအဆ၊ အကျင့်၊ သာသနာတွင်း မှာ ဒေဝဒတ်ရဲ့ အယူအဆအကျင့်လို့ ဦးစွာ မှတ်ထားနော်၊ နောက်မှ အကျယ်တဝင့် ရှင်းပြမယ်"

"မှန်ပါဘုရား"

"ဘုရားရှင်အလိုတော်ကျ အာမဂန္ဓဆိုတာ ဘာလဲဆိုတော့ "**အပိစ ခေါ အာမဂန္ဓောနာမ သဗ္ဗေ ကိလေသာ ပါပကာ အကုသလာဓမ္မော**=စင်စစ်တော့ အာမဂန္ဓဆိုတာ အလုံးစုံသော ကိလေသာတွေနဲ့ ယုတ်မာတဲ့ အကုသိုလ်တရား အားလုံးကို ခေါ်တာပဲတဲ့။ ကဲ...ရှင်းပြီလား"

"ကဲ...ဒါဖြင့် ပြောစမ်း ဘုရားရှင်အလိုကျ အာမဂန္ဓ=အညှီ အဟောက်ဆိုတာ ဘာလဲ?"

"ကိလေသာအားလုံးနဲ့ ယုတ်မာတဲ့ အကုသိုလ် အားလုံးပါ ဘုရား"

"ရသေ့အလို အာမဂန္ဓက ဘာလဲ?"

"သားငါးပါဘုရား"

"သားငါးအညှီနဲ့ ကိလေသာတွေ၊ အကုသိုလ်တွေရဲ့ အညှီ ဘယ်သူက ပိုညှီမလဲ?"

http://www.dhammadownload.com



"ကိလေသာတွေ အကုသိုလ်တွေရဲ့ အညီက ပိုညီပါတယ် ဘုရား"

"ဘယ်အညီက အပါယ်ချမလဲ?"

"ကိလေသာနဲ့ အကုသိုလ် အညီတွေက အပါယ်ချမှာပါ ဘုရား"

"သားငါးဆိုတာက ရသာရုံပဲ၊ ရသာရုံဆိုတာ ရုပ်တရားပဲ၊ ရုပ်တရားဆိုတာ အရှုံခံတရားပဲ မဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"အရှုံခံအာရုံ ရုပ်တရားက သတ္တဝါ တစ်ယောက်ကို ညစ်နွမ်းအောင် အပါယ်ကျအောင် ချနိုင်ပါ့မလား?"

"မချနိုင်ပါဘုရား"

"ဘယ်တရားက ညစ်နွမ်းအောင် အပါယ်ကျအောင် ချနိုင်သလဲ?"

"ကိလေသာနဲ့ အကုသိုလ်တရားတွေ၊ ညစ်နွမ်းအောင် အပါယ်ကျအောင် ချနိုင်ပါတယ်ဘုရား"

## ပယ်မှားပဲ

"အရှုံခံ ရသာရုံ ရုပ်တရားဆိုတာ သူ့ကိုအာရုံဆိုတော့ နောက်ထပ် အာရုံတစ်ခုကို ယူတတ်တာ မဟုတ်ဘူးနော်၊ သူက အာရုံကို မယူတတ်တဲ့ အနာရမ္မဏတရားဟာပဲ၊ သူက ဘယ်က လာပြီး သတ္တဝါတစ်ယောက်ကို ညစ်နွမ်းအောင် အပါယ်ကျအောင် ချနိုင်မှာလဲ?"

http://www.dhammadownload.com



"အဲ...ကြောက်စရာကောင်းတာက အဲဒီ ရသာရုံတရားကို သွားပြီး အာရုံပြု စွဲလမ်းတွယ်တာ ပြစ်မှားတတ်တဲ့ ကိလေသာနဲ့ အကုသိုလ်တွေက သတ္တဝါတွေကို ညစ်နွမ်းအောင် အပါယ်ကျအောင် ချနိုင်တာပေါ့၊ ဒါကြောင့် အဲဒီကိလေသာနဲ့ အကုသိုလ်တွေကိုသာ ပယ်ရမှာ၊ ဒါမှ ပယ်မှန်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ရသာရုံရုပ်တရားဖြစ်တဲ့ သားငါး သွားပြီး ပယ်နေရင် ပယ်မှားပဲပေါ့နော်"

"မှန်ပါဘုရား"

"ယခုအခါက သာသနာတွင်းအခါကြီးပဲ သာသနာတွင်းမှာ ပယ်မှားမဖြစ်စေနဲ့၊ ပယ်မှန်ဖြစ်စေနော်"

"မှန်ပါဘုရား"

## အာမဂန္ဓဆိုတာ

"ဒီအာမဂန္ဓနဲ့ ပတ်သက်လို့ ဘုရားရှင်ဟာ နောက်ပိုင်းရောက်တော့ ပရိယာယ်အမျိုးမျိုးနဲ့ ဟောတာကို တွေ့ရပါလိမ့်မယ်နော်၊ ယခု ဒီနေရာမှာတော့ သီးခြားဖြစ်တဲ့ သုတ္တန် တသုတ္တန်ကို ကိုးကားပြီး အာမဂန္ဓဆိုတာ ဘာလဲလို့ ဟောကြ၊ နာကြရအောင်နော်?"

"မှန်ပါဘုရား"

"အခါတစ်ပါး ဘုန်းတော် ၆-ပါး သခင် ဘုရားရှင်ဟာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးတော်

http://www.dhammadownload.com



မူတယ်၊ အဲ…ဘုရားရှင်ဟာ တစ်နေ့ ဗာရာဏသီပြည်ထဲကို ဆွမ်းခံဝင်တော်မူတယ်"

"အဲဒီလို ဆွမ်းခံဝင်တော်မူတော့ နွားအရောင်းအဝယ် ပြုလုပ်ရာ ဈေးကြက်ပင် အနီးအနားမှာ ဆွမ်းခံလှည့်လည် တယ်ပေါ့"

"အဲဒီလို ဆွမ်းခံလှည့်လည်တော့ သာယာဖွယ်ရှာန် ချမ်း သာမှုလည်း ကင်းဆိတ်သော၊ ပြင်ပအာရုံ ကာမဂုဏ်ကိုလည်း သာယာသော၊ သတိလည်း လွတ်ကင်းနေသော၊ ပညာအဆင် ခြင်လည်း မရှိသော၊ မတည်ကြည်သော၊ တည်ကြည်မှုသမာဓိ မရှိသောပေါ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘာတဲ့လဲ၊ လည်နေတဲ့ စိတ်ရှိ လျှပ်ပေါ် လော်လီ ပေါ်လွင်သော ဣန္ဒြေရှိတဲ့ ရဟန်းတစ်ပါးကို မြင်တော် မူတယ်၊ ဘာကိုမြင်တော်မူသလဲ?"

"ရဟန်းတစ်ပါးကို မြင်ပါတယ်ဘုရား"

"ရဟန်းတစ်ပါးက ဘယ်လိုရဟန်းလဲဆိုတော့ **ခုနက ပြော** ခဲ့တဲ့ သာယာဖွယ် ရှာန်ချမ်းသာ စသည် ဆိတ်သုဉ်းနေတဲ့ ရဟန်းနော်"

"မှန်ပါဘုရား"

## ယင်နားမည်

အဲဒီ ရဟန်းကို ဘုန်းတော် ၆-ပါး သခင် ဘုရားရှင် မိန့်တော်မူတယ်၊ ဘယ်လိုမိန့်တော်မူလဲဆိုတော့ "**မာ ခေါ တွံ**

http://www.dhammadownload.com



**ဘိက္ခုအတ္တာနံ ကဗျဝိယမကာသိ**=ရဟန်း...သင်ဟာ မိမိကိုယ်ကို ထွေးအံဖတ်ဖြစ်အောင် မပြုနဲ့”တဲ့၊ ဘာတဲ့လဲ?”

“ကိုယ့်ကိုယ်ကို ထွေးအံဖတ်ဖြစ်အောင် မလုပ်နဲ့လို့ မိန့်တော်မူပါတယ်ဘုရား”

“အံဖတ်ဆိုတော့ ရွံစရာကောင်းလား၊ မကောင်းဘူးလား?”

“ရွံစရာကောင်းပါတယ်ဘုရား”

“မှတ်ထားနော်”

“မှန်ပါဘုရား”

“ကဲ...ပြီးတော့ ဘာဆက်ပြီး မိန့်သလဲဆိုတော့ “**တံ ဝတ ဘိက္ခု ကဗျဝိယကတံ အတ္တာနံ အာမဂန္ဓေန အတသုတံ မက္ခိကာ နာနုပတိဿန္တိ နာန္ဝာဿဝိဿန္တိတိ နေတံ ဌာနံ ဝိဇ္ဇတိ**=ရဟန်း မိမိကိုယ်ကို ထွေးအံဖတ် ပြုသည်ဖြစ်၍ သားစိမ်းနံ့ဖြင့် စိုစွတ်တဲ့သင့်ကို ယင်ကောင်တွေ မကျရောက် မနိုပ်စက်ရာသော အကြောင်းမရှိဘူး”တဲ့၊ ဘာတဲ့လဲ?”

“အမိန့်ရှိပါဘုရား”

“ကိုယ့်ကိုယ်ကို ထွေးအံဖတ်ပြုလုပ်ပြီး သားစိမ်းနံ့တွေ လိမ်းကျံပေကပ်နေမယ်ဆိုရင် ယင်နားလိမ့်မယ်၊ ယင်နှိပ်စက်လိမ့်မယ်တဲ့နော်”

“မှန်ပါဘုရား”

“ဒီတော့ ဒီနေရာမှာ မှတ်ထားရမှာ သုံးချက်ပဲ၊ အဲဒါက ဘာတွေလဲ ဆိုတော့–

၁။ ကဗျဝိယဆိုတာ အံဖတ်

http://www.dhammadownload.com



၂။ အာမဂန္ဓဆိုတာ သားစိမ်းနံ့

၃။ မက္ခိကာဆိုတာ ယင်ကောင်၊

အဲဒီသုံးချက်ကို သေသေချာချာမှတ်ထားရမယ်၊ မှတ်ထားတော့ ပြန်ပြီး အဓိပ္ပာယ် စပ်ကြည့်၊ ကိုယ့်ကိုယ်ကို အံဖတ်ဖြစ်အောင် ပြုလုပ်ပြီး သားစိမ့်နံ့တွေလှူးလည်းလျှင် ယင်နားမယ်၊ ယင်အုံမယ်၊ ယင်ကောင် ကျမယ်၊ ဒီလိုမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## သံဝေဂရသွားပြီ

"တရားနာပရိသတ်တော့ ဘယ်လိုနေလဲမသိဘူး၊ အဲဒီရဟန်းတော့ ဘုရားရှင်က အဲဒီလိုလည်း ဆုံးမဩဝါဒပေးလိုက်ရော တစ်ခါတည်း သံဝေဂရသွားတယ်တဲ့၊ သံဝေဂရတယ်ဆိုတာ သာမန်လို့ မမှတ်လိုက်ပါနဲ့၊ ဒီနေရာမှာ သံဝေဂရသွားတယ် ဆိုတာ သောတာပန် ဖြစ်သွားတာတဲ့"

"မှန်ပါဘုရား"

"ဒကာငွေကိုင်ကြီး ဘာဖြစ်သွားပြီလဲ?"

"တပည့်တော်လည်း ဖြစ်တော့မှာပါဘုရား"

"ဖြစ်တော့ မဖြစ်သေးဘူးဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"ဟုတ်တာပေါ့၊ မှန်မှန်ကန်ကန် အားထုတ်ကျင့်ကြံနေရင် ဖြစ်တော့မယ်ပေါ့၊ ဘယ်တော့ဖြစ်မလဲသာ မသိတာ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## ပြန်ဟောပြ

"ကဲ...ဒါဖြင့် ရှေ့ဆက်ကြဦးစို့နော်၊ ရဟန်းသံဝေဂ ရသွားတော့ ဘုရားရှင် ဆွမ်းခံလှည့်ပြီး ကျောင်းတော်ပြန်ကြွတယ်ပေါ့၊ ကျောင်းတော်ရောက်တော့ ဆွမ်းဘုဉ်းပေးပြီး ရဟန်းတော်တွေကို ခေါ်တော်မူပြီး နံနက်က ဆွမ်းခံကြွစဉ် ရဟန်းတစ်ပါးတွေ့ပုံ၊ ဩဝါဒစကား မိန့်ကြားပုံ၊ မိန့်သဖြင့် သံဝေဂဖြစ်သွားပုံ အလုံးစုံကို ခုနကအတိုင်း ပြန်ဟောပြတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဒါတွေ ပြန်ဟောနေရင် သိပ်ပြီးရှည်နေမယ်၊ နောက်က ပါပြီးသားပဲ သိရောပေါ့နော်"

"မှန်ပါဘုရား"

## မေးလျှောက်သည်

"အဲဒီလို ပြန်ဟော ပြောပြတော့ အဲဒီတရားရဲ့ အနက်အဓိပ္ပာယ်ကို မသိတဲ့ ရဟန်းတစ်ပါး ဘုရားရှင်ကို မေးလျှောက်တယ်၊ "**မသိမေး မစင်ဆေး**"ဆိုတဲ့ အတိုင်း မေးရမှာပေါ့နော်၊ မမေးလျှင် ကိုယ်ပဲနစ်နာမှာပေါ့၊ ကဲ...ဘယ်လိုမေးလဲလို့ မေးပုံပြောကြစို့–

၁။ မြတ်စွာဘုရား ထွေးအံ့ဖတ် (**ကဠေဝိယ**)ဆိုတာ အဘယ်ပါနည်း?။

၂။ သားစိမ်းနံ့(**အာမဂန္ဓ**) ဆိုတာ အဘယ်ပါနည်း?"။

၃။ ယင်ကောင်(**မက္ခိကာ**)တို့ဟူသည် အဘယ်တို့ပါနည်း?။

http://www.dhammadownload.com



လို့ မေးတယ်၊ အမေးကို သေသေချာချာ မှတ်ထားနော်၊ အမေးနဲ့ အဖြေနဲ့ စပ်ဟပ်ပြီး ယူရမှာ၊ ဒီတော့ ရှင်းရှင်းပြန်မေးကြည့်စမ်း-

၁။ အံဖတ်ဆိုတာ ဘာပါလဲ ဘုရား?"

၂။ သားစိမ်းနံ့ဆိုတာ ဘာပါလဲ ဘုရား?။

၃။ ယင်ကောင်တို့ဆိုတာ ဘာတွေပါလဲဘုရား?။

"ရှင်းလား၊ မေးတတ်ပြီလား၊ အဲဒီအတိုင်းပဲ မှတ်ထားနော်"

"မှန်ပါဘုရား"

## အဖြေစကား

အဲဒီလို မသိနားမလည်တဲ့ ရဟန်းတော်တစ်ပါးက မေးလျှောက်တော့ ဘုရားရှင်က ရှင်းလင်းပြတ်သားတဲ့ အဖြေစကားကို ဒီလို မိန့်ကြားတော်မူတယ်-

၁။ **အဘိဇ္ဈာ ခေါ ဘိက္ခု ကဋုဝိယံ=ရဟန်း** ထွေးအံဖတ် ဟူသည် အဘိဇ္ဈာပင်တည်း။

၂။ **ဗျာပါဒေါ အာမဂန္ဓော=သားစိမ်းနံ့** ဟူသည် ဗျာပါဒပင် တည်း။

၃။ **ပါပကာ အကုသလာ ဝိတက္ကာ မက္ခိကာ**=ယင်ကောင် တို့ဟူသည် ယုတ်မာသော အကုသိုလ် ဝိတက်တို့ပင် တည်း။

လို့ အဖြေစကား မိန့်ကြားတော်မူတယ်၊ သူ့အတွဲနဲ့သူ မှတ်ထား နော် ရှင်းအောင်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ရှင်းအောင်ထပ်ပြီး ပြောရရင် ဘယ်လိုပြောနိုင်လဲဆိုရင် ဒီလိုပြောနိုင်တယ်–

၁။ ရဟာန်း–အံ့ဖတ်ဆိုတာ သူတစ်ပါးစည်းစိမ်ကို မတရား လိုချင်မှုတည်း။

၂။ သားစိမ်းနံ့ဆိုတာ သူတစ်ပါးကို ပျက်စီးစေလိုမှု ဒေါသ တည်း။

၃။ ယင်ကောင်တို့ဆိုတာ ယုတ်မာတဲ့ အကုသိုလ် အကြံ အစည်တွေတည်း။

လို့ ပြောနိုင်တယ်၊ ဒီတော့ တွဲကြည့် ပေါ့နော်၊ ပါဠိလိုကတော့ သိပ်ပြီးရှင်းပါတယ်၊ မြန်မာလို ပြန်ရတော့ ရှုပ်ရှုပ်သွားတယ်၊ ပါဠိနဲ့ မြန်မာနဲ့ တွဲမှတ်ပေါ့ ဟုတ်လား၊ ကဲ…တွဲပြီး မှတ်ကြည့် ရအောင်–

၁။ သူတစ်ပါးပစ္စည်း မတရားလိုချင်မှု အဘိဇ္ဈာက–ထွေး အံ့ဖတ်=**ကဋုဝိယ**၊

၂။ သူတစ်ပါးကို ပျက်စီးစေလိုမှု ဗျာပါဒက–သားစိမ်းနံ့= **အာမဂန္ဓ**၊

၃။ ယုတ်မာတဲ့ အကုသိုလ် အကြံအစည် ဝိတက္ကက ယင်ကောင်=**မက္ခိကာ**၊

"ကဲ…ရှင်းလား၊ ရှင်းအောင် အဲဒီလိုပဲ မှတ်ထားနော်၊ ပြီးတဲ့အခါ ထပ်ရှင်းရမှာက–

၁။ အဘိဇ္ဈာဆိုတာ လောဘ၊ (လိုချင်မှု)

၂။ ဗျာပါဒဆိုတာ ဒေါသ၊ (စိတ်ဆိုးမှု)

http://www.dhammadownload.com



၃။ ဝိတက္ကဆိုတာ ဝိတက် (ကြံစည်မှု) လို့ အသီးသီးရှင်းအောင် မှတ်ရမယ်နော်၊ အဲဒီလို မှတ်ပြီးတော့ မေးချင်တယ် မေးရမလား?"

"မေးပါဘုရား"

"ပကာတိ ထွေးအံဖတ်ကြောက်မလား၊ သူတစ်ပါး ပစ္စည်း မတရားလိုချင်မှု အဘိဇ္ဈာဆိုတဲ့ လောဘကြောက်မလား?"

"အဘိဇ္ဈာဆိုတဲ့ လောဘကြောက်ပါမယ်ဘုရား"

"အဘိဇ္ဈာဆိုတဲ့ လောဘက အပါယ်ချမလား ပကာတိ အံဖတ်က အပါယ်ချမလား?"

"အဘိဇ္ဈာဆိုတဲ့ လောဘက အပါယ်ချမှာပါဘုရား"

"ပကာတိသားစိမ်းနံ့ ကြောက်မလား၊ သူတစ်ပါးကို ပျက်စီးစေမှု ဗျာပါဒဆိုတဲ့ ဒေါသကြောက်မလား?"

"ဗျာပါဒဆိုတဲ့ ဒေါသကြောက်ပါမယ်ဘုရား"

"ဗျာပါဒဆိုတဲ့ ဒေါသက အပါယ်ချမလား၊ ပကာတိသားစိမ်းနံ့က အပါယ်ချမလား?"

"ဗျာပါဒဆိုတဲ့ ဒေါသက အပါယ်ချပါမယ်ဘုရား"

"ပကာတိယင်ကောင်ကြောက်မလား၊ ယုတ်မာတဲ့ အကုသိုလ် အကြံအစည် အကုသိုလ်ဝိတက် ကြောက်မလား?"

"အကုသိုလ်အကြံအစည် အကုသိုလ်ဝိတက် ကြောက်ပါမယ် ဘုရား"

"ပကာတိယင်ကောင်က အပါယ်ချမလား၊ အကုသိုလ် အကြံ အစည် အကုသိုလ်ဝိတက်က အပါယ်ချမလား?"

http://www.dhammadownload.com



"အကုသိုလ်အကြံအစည် အကုသိုလ်ဝိတက်က အပါယ်ချမှာပါဘုရား"

## ဒါ့ကြောင့်ဗုဒ္ဓမိန့်

ဒါ့ကြောင့် ဗုဒ္ဓက ခုနကရဟန်းတော်ကို "ရဟန်း မိမိကိုယ်ကို ထွေးအံဖတ်ပြုသည်ဖြစ်၍ သားစိမ်းနံ့စွတ်စိုသူကို ယင်ကောင်တို့ မကျရောက် မနိပ်စက်ရာသော အကြောင်းမရှိချေ"လို့ မိန့်တော်မူခဲ့တယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဓိပ္ပာယ်လည်း ယူတတ်ပြီမဟုတ်လား?"

"ယူတတ်ပါပြီဘုရား"

"ယူတတ်တော့ နောက်ဆုံး နိဂုံးချုပ် ဘုရားရှင် ဘယ်လို ဆက်ပြီး မိန့်တော်မူသလဲဆိုတော့–

"စက္ခုဒွါရ သောတဒွါရ၌ မလုံခြုံသည်ဖြစ်၍ ဣန္ဒြေတို့၌ မစောင့်စည်းသူအား ရာဂကိုမှီသော မိစ္ဆာဝိတက်–ကြံမှားချက် ယင်ကောင်တို့သည် ကျရောက်ကုန်လတ့်"

"ထွေးအံဖတ်ဖြစ်၍ သားစိမ်းနံ့ဖြင့် စိုစွတ်နေသော ရဟန်းသည် နိဗ္ဗာန်မှဝေး၏ ပင်ပန်းခြင်းအဖို့သာ ရှိ၏"

"ပညာမဲ့သော လူမိုက်သည် ရွာ၌သော်လည်းကောင်း သို့မဟုတ် တော၌လည်းကောင်း မိမိ၏ စိတ်ငြိမ်းချမ်းမှုကို မရမူ၍ ယင်ကောင်တို့ ဝိုင်းရံလျက် လှည့်လည်ရ၏"

"သီလနှင့် ပြည့်စုံ၍ ပညာဖြင့် ငြိမ်းအေးခြင်း၌ မွေ့လျော်သူတို့သည် ယင်ကောင်တို့ကို ဖျက်ဆီး၍ ငြိမ်းအေးကုန်သည်

http://www.dhammadownload.com



ဖြစ်၍ ချမ်းသာစွာ အိပ်ရကုန်၏"လို့ အဲဒီလို နိဂုံးချုပ် မိန့်တော်မူခဲ့တယ်၊ ဒီတော့ အချုပ်အနေနဲ့ ပြန်မှတ်ချင်လျှင်-

၁။ မိစ္ဆာဝိတက်-ကြိမ်မှားချက် ယင်ကောင်နားမှာ အုံမှာကို ကြောက်ရမယ်။

၂။ လောဘတည်းဟူသော အံဖတ်တွေ ပေကျံနေမှာကို ကြောက်ရမယ်၊

၃။ ဒေါသတည်းဟူသော သားစိမ်းနံ့တွေ လိမ်းကျံနေမှာကို ကြောက်ရမယ်။

"အဲဒီ ကြောက်ရမည့်တရားတွေ မကြောက်ရင် နိဗ္ဗာန်နဲ့ ဝေးပြီနော်"

"မှန်ပါဘုရား"

"ကျင့်သမျှဟာလည်း ပင်ပန်းခြင်းအဖို့သာပဲ မရှိဘူးလား?"

"ပင်ပန်းခြင်းအဖို့သာ ရှိပါတယ်ဘုရား"

## အာမဂန္ဓစား,မစား

"ကဲ...ဒီလောက်ဆိုရင် အာမဂန္ဓ နှစ်မျိုးနှစ်စား သိသင့်သလောက် သိသွားပြီနော်၊ ဘုရားရှင်အလို အာမဂန္ဓနဲ့ ရသေ့အလို အာမဂန္ဓလို့ ၂-မျိုး မဟုတ်လား။ ဘုရားအလို အာမဂန္ဓလည်း သီးခြားသုတ်ကိုးပြီး ပြခဲ့ပြီ၊ ဘုရားရှင်ဟာ ရသေ့အလို အာမဂန္ဓ စား,မစား ရှင်းကြဦးစို့နော်"

"မှန်ပါ ရှင်းပါဘုရား"

"သီဟာစစ်သူကြီးဆိုတာ ရှိတယ်၊ နိဂဏ္ဌတက္ကဒွန်းရဲ့ တပည့်ကြီးပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီ သီဟစစ်သူကြီးဟာ တစ်နေ့ ဘုရားရှင်ထံမှောက် သွားရောက်ပြီး ပြဿနာ မေးလျှောက်တော့ ဘုရားရှင်ကဖြေတယ်၊ ဒီတော့ သိပ်ပြီးသဘောကျသွားတယ်၊ ဘုရားရှင်က တရားလည်းဟောတယ်၊ ဒီတော့ တရားလည်း သဘောပေါက်သွားတယ်၊ တရား သဘောပေါက်တော့ ဘုရားရှင်ကို ဆွမ်းစားပင့်တယ်၊ ဘုရားရှင်နှင့်တကွ သံဃာကုန်ပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဘုရားရှင်က သီဟစစ်သူကြီးရဲ့ ဆွမ်းစားကို လက်ခံလိုက်တယ်၊ သီဟစစ်သူကြီးလည်း ဘုရားရှင်ဆွမ်းစား လက်ခံ မှန်းသိတော့ ဘုရားရှင်ကို အရိုအသေ ရှိခိုးပြီး အိမ်ပြန်လာခဲ့တော့တာပေါ့၊ အိမ်ရောက်တော့ ယောကျ်ားတစ်ယောက်ကို "**ဂစ္ဆ ဘဏေ ပဝတ္တမံသံ ဇာနာဟိ**=အချင်း သွားချေ အလိုလိုဖြစ်သော အသားကို သိလော"လို့ ပြောဆိုစေခိုင်းတယ်နော်"

"မှန်ပါဘုရား"

## ပဝတ္တမံသဆိုတာ

"ဒီတော့ ဒီနေရာမှာ ပဝတ္တမံသဆိုတာ ဘာလဲလို့ ရှင်းရှင်းလင်းလင်းသိဖို့ အရေးကြီးပါတယ်၊ တစ်ချို့က ဒီပဝတ္တမံသကို ပံသုကူလို့ သုံးနေပါတယ်၊ ပံသုကူနဲ့ ပဝတ္တမံသဟာ တစ်ခြားစီပါ၊ မတူပါဘူး။ ပံသုကူဆိုတာ ပံသုကူလမှ လာတဲ့စကားပဲ၊

http://www.dhammadownload.com



ပံသုကူလဆိုတာ မြေမှုန့်တွေ လိမ်းကျံနေတာကို ခေါ်ပါတယ်၊ သူတစ်ပါးတွေ မလိုချင်လို့ လွှင့်ပစ်ထားသဖြင့် မြေမှုန့်လိမ်းကျံနေတာကို ပံသုကူလ, ပံသုကူ ခေါ်ပါတယ်"

"ပဝတ္တမံသဆိုတာ ဒီလိုမဟုတ်ပါဘူး၊ "**ပဝတ္တမံသန္တိ ဝိက္ကာယိကမံသံ**=ပဝတ္တမံသဆိုတာ ဈေးမှာရောင်းသော အသား တည်း"လို့ ဆိုသဖြင့် အလိုလိုဖြစ်သော ပဝတ္တမံသဆိုတာ ဈေးမှာ ရောင်းတဲ့ အသားကို ခေါ်တယ်ဆိုတာ ရှင်းပြီလား?"

"ရှင်းပါပြီဘုရား"

"အဲ...ခုခေတ် တစ်ချို့က အဲဒီဈေးမှာရောင်းတဲ့ အသား ကို ပံသုကူသားလို့ ခေါ်တယ်၊ မဟုတ်ဘူးနော်။ ဘာသားလဲ?"

"ပဝတ္တမံသပါဘုရား"

"မြန်မာလိုဆိုတော့"

"အလိုလိုဖြစ်တဲ့ အသားပါဘုရား"

"အဲဒီအသားကို သီဟစစ်သူကြီးက ဝယ်ခိုင်းတယ် မဟုတ် လား?"

"ဝယ်ခိုင်းပါတယ်ဘုရား"

## ချက်ကစ်ပြီ

"အဲ...ဝယ်ခိုင်းတာက ဘုရားရှင်နှင့်တကွ သံဃာတော် တွေဖို့ဆိုတော့ ဝယ်ပြီး အမွှေးနံ့သာ မဆလာစသည်တို့နဲ့ မွှန်မွှန် မြတ်မြတ် ချက်ပြုတ်စီမံပြီး ဘုရားရှင်ကို လျှောက်တယ်– "**ကာလော ဘန္တေ နိဋ္ဌိတံ ဘတ္တံ**=မြတ်စွာဘုရား ဆွမ်းဘုဉ်း

http://www.dhammadownload.com



ပေးရန် အချိန်တန်ပါပြီ၊ ဆွမ်းစီမံပြီးပါပြီ” အဲဒီလို လျှောက်တော့ ဘုရားရှင်နှင့် တကွ သံဃာတော်တွေကြွပြီး သီဟစစ်သူကြီး အိမ်မှာ ထိုင်နေတာပေါ့နော်”

“မှန်ပါဘုရား”

“အဲဒီအချိန်မှာ နိဂဏ္ဌတက္ကတွန်းတွေဟာ ဝေသာလီပြည် ခရီးလမ်းမတစ်ခုမှ ခရီးလမ်းမတစ်ခုသို့ လမ်းဆုံတစ်ခုမှ လမ်းဆုံတစ်ခုသို့ လှည့်လည်သွားလာပြီး လက်သီးလက်မောင်း မြှောက်ချီ ဆန့်တန်းကာ–

“ယနေ့ သီဟစစ်သူကြီးဟာ အင်မတန်ဆူဖြိုးတဲ့ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် အစရှိတဲ့ သတ္တဝါတွေကို သတ်ဖြတ်ပြီး ရဟန်း ဂေါတမအား ဆွမ်းကျွေးပွဲကြီး ကျင်းပနေတယ်၊ ရဟန်းဂေါတမကလည်း သိလျက်သားနဲ့ သူ့ကို ရည်ရွယ်၍ သတ်တဲ့ ထိုအသားကို စားတယ်၊ မိမိကိုစွဲ၍ သတ်သော မကောင်းမှုကံကိုရတယ်”

လို့ ဟစ်အော် ကြွေးကြော်ကြကုန်တယ်၊ ကြည့်စမ်း…ဘယ်လောက်ဆိုးလဲနော်”

“မှန်ပါ ဆိုးပါတယ်ဘုရား”

“ဟိုက၊ သတ်တာဟုတ်ရဲ့လား?”

“မသတ်ပါဘုရား”

“ဘာသားတွေနဲ့ ကပ်လှူလဲ?”

“ပဝတ္တမံသနဲ့ပါဘုရား”

“ဈေးထဲမှာ အလိုလိုဖြစ်တဲ့ အသားနဲ့ပေါ့ ဟုတ်လား?”

“ဟုတ်ပါတယ်ဘုရား”

http://www.dhammadownload.com



## ကျေးဇူးမဲ့အလိုရှိ

"အဲဒီလို နိဂဏ္ဌတက္ကဒွန်းတွေ မဟုတ် မတာရား ဟစ်အော် ကြွေးကြော်သံကို ကြားရတော့ သီဟစစ်သူကြီးရဲ့ အကျိုးကို လိုလားတဲ့ ယောကျ်ားတစ်ယောက်က သီဟစစ်သူကြီး နားရင်း ကပ်ပြီး-

"အရှင်စစ်သူကြီး...သိပါလော့၊ များစွာသော နိဂဏ္ဌ တက္ကဒွန်းတွေဟာ ဝေသာလီပြည် ခရီးလမ်းမတစ်ခုမှ ခရီး လမ်းမတစ်ခုသို့ လမ်းဆုံတစ်ခုမှ လမ်းဆုံတစ်ခုသို့ လှည့်လည် သွားလာပြီး လက်သီးလက်မောင်းတွေ မြှောက်ကုန်ပြီး "ယနေ့ သီဟစစ်သူကြီးဟာ ဆူဖြိုးသော ကျွဲ၊ နွား၊ ဆိတ်၊ ဝက် အစရှိသော သတ္တဝါတို့ကိုသတ်၍ ရဟန်းဂေါတမအား ဆွမ်းကျွေးတယ်၊ ရဟန်းဂေါတမကလည်း သိလျက်သားနဲ့ သူ့ကိုရည်ရွယ်၍ သတ်တဲ့ ထိုအသားကို စားတယ်၊ မိမိကို စွဲ၍ သတ်တဲ့ မကောင်းမှုကံကို ရတယ်"

ဟု အစ်အော်ကြွေးကြော်ကြပါကုန်တယ်"လို့ ပြောကြားတယ်၊ သူကတော့ သီဟစစ်သူကြီးအပေါ် စိုးရိမ်မိလို့ လာပြောတာပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ သီဟစစ်သူကြီးက ဘာပြန်ပြောသလဲဆိုတော့- အင်မတန် မှတ်စရာကောင်းတဲ့ စကားကို ပြန်ပြီးတော့ ပြောတယ်-

"အမောင်၊ မသင့်လျော်ပါဘူး၊ ဒီနိဂဏ္ဌတက္ကဒွန်းတွေ ဟာ ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး ဘုရားရှင်ရဲ့

http://www.dhammadownload.com



ကျေးဇူးမဲ့ကို အလိုရှိကုန်ကြတယ်၊ တရားတော်ရဲ့ ကျေးဇူးမဲ့ကို အလိုရှိကုန်ကြတယ်၊ သံဃာတော်တို့ရဲ့ ကျေးဇူးမဲ့ကို အလိုရှိကုန်ကြတယ်"

"အမောင်၊ ဒိဋ္ဌိဂတ္တ တက္ကဒွန်းတွေဟာ ဘုရားရှင်ကို ထင်ရှားမရှိဘဲ အချည်း မဟုတ်မမှန်တဲ့ မုသားစကားဖြင့် စွပ်စွဲကြသည်ကား မစဲနိုင်ကြပါကုန်ဘူး"

"အမောင်... ငါတို့တော့ အသက်သေရမဲ့ဘေး ရောက်မဲ့ အကြောင်းကြောင့်သော်မှလည်း သေစေလိုတဲ့ စေတနာနဲ့ သူတစ်ပါးရဲ့ အသက်ကို မသတ်စေကုန်ရာပါ" ဟု ပြန်ပြောတယ်၊ ကဲ... သီဟစစ်သူကြီးက သတ်လူ့ သလား?"

"မလူ့ပါဘုရား"

"လူ့တဲ့လူကမှ သတ်မလူ့တော့ ဘုရားရှင်နဲ့တကွ သံဃာတော်တွေမှာလည်း တက္ကဒွန်းတွေ စွပ်စွဲတဲ့ အပြစ်တွေ သင့်ပါမလား?"

"မသင့်ပါဘုရား"

"ဘယ်သူ သင့်သလဲ?"

"သူတို့ပဲ ပြန်သင့်ပါတယ်ဘုရား"

"အင်း...ယခုခေတ်လည်းပဲ ဒီသဘောတွေ ရှိတယ်၊ ဘေးမဲ့စားသူက မစားသူကို၊ သက်သတ်လွတ်စားသူက မစားသူကို ခုနက တက္ကဒွန်းတွေ ပြောသလို ပြောတတ်ကြတယ်၊ ဒီတော့ ဘေးမဲ့မစားတဲ့အထဲမှာ ဘုရား၊ ရဟန္တာ၊ ကလျာဏပုထုဇဉ်

http://www.dhammadownload.com



စတဲ့ သူတော်ကောင်းတွေ အများကြီး မပါဘူးလား?"

"ပါပါတယ်ဘုရား"

"ပါတော့ အပြစ်တွေ မသင့်ကုန်ဘူးလား?"

"သင့်ကုန်ပါတယ်ဘုရား"

"ကဲ... ပြောလို့ အပြစ်သင့်တာက တစ်ချက်၊ ကိုယ့်ဝါဒက မမှန်တာကတစ်ချက်ဆိုတော့ အပြစ်ဘယ်နှစ်ချက်သင့်သလဲ?"

"နှစ်ချက်သင့်ပါတယ်ဘုရား"

## တားမြစ်-ခွင့်ပြု

"ကဲ...ဒါဖြင့် ရှေ့ဆက်ကြဦးစို့နော်၊ ရှေ့ဆက်ဆိုတော့ သီဟစစ်သူကြီးဟာ သူ့လာပြောတဲ့ ယောက်ျားကို ခုနကလို ပြန်ပြောပြီးတော့ ဘုရားရှင်နှင့်တကွ သံဃာတော်တွေကို ရှိသေစွာ ဆွမ်းခဲဖွယ်ဘောဇဉ်တွေကို ဆက်ကပ်လှူဒါန်းတယ်နော်"

"မှန်ပါဘုရား"

"ဆွမ်း ဘုဉ်းပေးပြီးတော့ အနုမောဒနာ တရားဟောပြီး ဘုရားရှင်နှင့်တကွ သံဃာတော်တွေကို ပြန်ကြွကြတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ကျောင်းတော်ရောက်တော့ ဘုရားရှင်ဟာ ခုနကလို မဟုတ်၊ မတရား စွပ်စွဲမှုကို အကြောင်းပြုပြီး ရဟန်းတော်တွေကို တရားဟောတော်မူတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလို ဟောတော်မူပြီးတော့ တားမြစ်ချက်နှင့် ခွင့်ပြုချက်ကို မိန့်တော်မူတယ်၊ ဘယ်လိုလဲဆိုတော့–

"**န ဘိက္ခဝေ ဇာနံ ဥဒ္ဒိဿကတံ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ အာပတ္တိဒုက္ကဋဿ**=ရဟန်းတို့ သိလျက် ရည်ညွှန်း၍ သတ်အပ်သော အသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏"တဲ့။

အဲဒါက တားမြစ်ချက်ပဲ၊ တားမြစ်ချက်ကို ကျော်လွန်ရင် ဘာဖြစ်သလဲ?"

"အာပတ်သင့်ပါမယ်ဘုရား"

"အဲဒီမှာ ပါဠိလိုကတော့ ရှင်းပါတယ်၊ ဘာတဲ့လဲ "**ဇာနံ ဥဒ္ဒိဿကတံ မံသံ**=သိလျက်ရည်ညွှန်း၍ သတ်အပ်တဲ့အသား" တဲ့နော်"

"မှန်ပါဘုရား"

"ဒါက ဘယ်လိုဟာလဲဆိုတော့ ဈေးမရှိတဲ့ တောရွာ တစ်ရွာ သွားတယ် ဆိုပါတော့၊ ဟိုရောက်တော့ ဧည့်သည်လာတယ် ဆိုပြီး အိမ်မှာရှိတဲ့ကြက်ကလေးကို ဧည့်သည်အတွက်ဆိုပြီး ရည်ရွယ် သတ်ဖြတ်ပြီး ချက်ကျွေးတယ်၊ ဧည့်သည်ကလည်း ဒီကြက်သား ဟာ ငါ့တွက် သက်သက်မယ့်ရည်ရွယ်သတ်ဖြတ်ပြီး ချက်ကျွေးတဲ့ ကြက်သားဟင်းလို့သိတယ်၊ သိလျက်သားနဲ့ပဲ ဒီကြက်သားဟင်း ကို စားတယ်ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒါမျိုးကိုခေါ်တယ်"

http://www.dhammadownload.com



"ယခုနက သီဟစစ်သူကြီးက ဘုရားရှင်နှင့် သံဃာတော်တွေကို ကပ်လှူတဲ့အသားက အဲဒီအသားမျိုး ဟုတ်ရဲ့လား?"

"မဟုတ်ပါဘုရား"

"မဟုတ်ရင် ဘာသားတဲ့လဲ?"

"ပဝတ္တမံသပါဘုရား"

"အင်း...ပဝတ္တမံသဆိုတာ ရောင်းဖို့ရန် သတ်အပ်ပြီးသောအသားကို ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဓိပ္ပာယ်ရှင်းရင် "**ပဝတ္တံ**=ဝယ်သူမလာမီကပင် ဖြစ်ပြီးသော၊ မံသံ=အသားတည်း၊ ပဝတ္တမံသံ=ဝယ်သူမလာမီကပင် ဖြစ်ပြီးသောအသား"လို့ ရှင်းရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီ ပဝတ္တမံသ အသားဟာ ရဟန်းတော်များဖို့ သတ်အပ်သောအသား ဟုတ်ရဲ့လား?"

"မဟုတ်ပါဘုရား"

"သူ့ဘာသာသူ ရောင်းဖို့ သတ်အပ်တဲ့ အသားမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒီလို ဝယ်သူမလာမီကပင် ရောင်းဖို့ရန် သတ်အပ်ပြီးဖြစ်တဲ့ ပဝတ္တမံသကို ရဟန်းတော်များဖို့ သတ်အပ်တဲ့ အသားမဟုတ်လို့ ရောင်းဖို့ရန် အသားဖြစ်လို့ ရဟန်းတော်များ စားကောင်းတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"လူများကော မစားကောင်းဘူးလား?"

"စားကောင်းပါတယ်ဘုရား"

"ရဟန်းတော်များတောင် စားကောင်းမှ လူများလည်း စားကောင်းတာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ရှင်းပြီလား?"

"ရှင်းပါပြီဘုရား"

"ကဲ…ရှင်းရင် ရှေ့သွားကြစို့၊ ရှေ့သွားစို့ ဆိုတော့ ဘာတဲ့လဲ၊ ခုနက တားမြစ်ချက်၊ ယခုပြောရမှာက ခွင့်ပြုချက်ပေါ့၊ ကဲ…ခွင့်ပြုချက်က ဘာတဲ့လဲ–

"**အနုဇာနာမိ ဘိက္ခဝေ တိကောဋိပရိသုဒ္ဓံ မစ္ဆ မံသံ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ**=ရဟန်းတို့ မမြင်သော မကြားသော ယုံမှားခြင်းမရှိသော အစွန်းသုံးပါးမှလွတ်သော စင်ကြယ်သော သားငါးကို စားဖို့ရန် ခွင့်ပြု၏"တဲ့၊ သေသေချာချာ မှတ်သားနာယူပါ၊ ဘာတဲ့လဲ ရှင်းရှင်းပြောရင်–

၁။ မြင်ခြင်း၊

၂။ ကြားခြင်း၊

၃။ ယုံမှားခြင်းဆိုတဲ့ သုံးပါးကို အစွန်း ၃–ပါးလို့ ခေါ် တယ်၊ အဲဒီအစွန်းသုံးပါးမှ လွတ်တဲ့ သားငါးကို စားကောင်းတယ်လို့ ဆိုလိုတယ်နော်"

"မှန်ပါဘုရား"

"အဲဒါက ခွင့်ပြုချက်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## သိပ်ရှင်းတယ်

"ဘုရားရှင်ရဲ့ တရားတော်တွေဟာ သိပ်ရှင်းပါတယ်၊ တရားတော်တွေ များနေပေမယ့် မှတ်ထားရမှာက နှစ်ချက်ထဲပါ၊ ဘာတဲ့လဲ-

၁။ လိုက်နာရမှာကတစ်ချက်၊

၂။ ရှောင်ကြဉ်ရမှာကတစ်ချက်၊ ဒီနှစ်ချက်ထဲရယ်၊ ဒီနှစ်ချက်ကို နေရာတကာမှာ သဘောပေါက်ဖို့ အရေးကြီးပါတယ်၊ အဲဒါကို သဘောမပေါက်ရင် ဘယ်လိုဖြစ်တတ်သလဲဆိုတော့-

၁။ လိုက်နာရမှာကို ရှောင်ရှားတတ်တယ်၊

၂။ ရှောင်ကြဉ်ရမှာကို လိုက်နာတတ်တယ်၊ ကဲ...ဒီလိုဆိုတော့ ကမောက်ကမနဲ့ အလွဲလွဲအချော်ချော် ဖြစ်မကုန်ဘူးလား၊ ဖြစ်ကုန်လား?"

"ဖြစ်ကုန်ပါတယ်ဘုရား"

"အဲဒီလို ကမောက်ကမတွေ ဖြစ်ကုန်တော့ ဖြစ်ရတဲ့အပြစ်တွေက ဘာတဲ့လဲ-

၁။ အပြစ်မဖြစ်သင့်ဘဲနဲ့ အပြစ်ဖြစ်၊

၂။ အကျိုးရသင့်ပါရက်ကနဲ့ အကျိုးမရ ဖြစ်ကုန်တော့တာပေါ့၊ သိပ်ပြီးမနစ်နာဘူးလား?"

"နစ်နာပါတယ်ဘုရား"

"သိပ်ပြီးနစ်နာတော့ ရှောင်ကြဉ်ဖို့ လိုက်နာဖို့တွေကို သိထားဖို့မကောင်းဘူးသွား?"

"ကောင်းပါတယ်ဘုရား"

http://www.dhammadownload.com



## မြင်–ကြား–ယုံမှား

"ဒီတော့ ဒီနေရာ မမြင်, မကြား, မယုံမှားတဲ့ အစွန်း ၃–ပါးကို မပြောကြား မရှင်းလင်းမီ မြင်–ကြား–ယုံမှား ၃ ပါးကို ရှင်းကြဦးစို့နော်၊ ဒါရှင်းလိုက်ရင်လည်း ဟိုဟာက ရှင်းပြီးသား ဖြစ်သွားပါတယ်နော်"

"မှန်ပါဘုရား"

"မြင်သားဆိုတာ ဘာလဲဆိုတော့ မိမိဖို့ သတ်နေသည်ကို မြင်တဲ့ သားငါးအမဲကိုခေါ်တယ်၊ အဲဒါကို မစားကောင်းဘူးနော်"

"မှန်ပါဘုရား"

"ဈေးထဲမှာရှိတဲ့ သားငါးတွေကို မိမိဖို့ဆိုပြီး သတ်တာ ဟုတ်ရဲ့လား?"

"မဟုတ်ပါဘုရား"

"မိမိဖို့ဆိုပြီး သတ်တာရော မြင်ရရဲ့လား?"

"မမြင်ရပါ ဘုရား"

"အဲဒီ သားငါး စားကောင်း မစားကောင်း"

"စားကောင်းပါတယ်ဘုရား"

"အဲ...ဒီလိုတစ်ခုရှိတယ်၊ ဈေးထဲသွားရောဝယ်ရအောင်၊ ဟိုရောက်တော့ ဝယ်တယ်၊ ကဲ...ချိန်ပါဆို ချိန်လည်းချိန်ရော ဖြတ်ဖြတ်ဆို လှီးလွှန့်တာတွေ့ရတယ်၊ ဒီတော့ ဝယ်တဲ့သူက "ဟင်...အရှင်ကြီးလို့ ပြောတယ်၊ ဒီတော့ ရောင်းသူက ကပျာ

http://www.dhammadownload.com



ကယာ ပိဿာလေးနဲ့ ခေါင်းထုလိုက်ရော၊ ဝယ်သူက ကောက်ထည့်လာတယ်၊ အဲဒီအသားဟာ ကိုယ့်အတွက် သတ်တာကို ကိုယ်သေသေချာချာ မြင်တဲ့အသားပဲပေါ့နော်”

“မှန်ပါဘုရား”

“အဲဒါမျိုးတော့ မစားကောင်းဘူးလို့မှတ်”

“မှန်ပါဘုရား”

“အဲဒီလို မိမိဖို့ သတ်နေသည်ကို တိုက်ရိုက်မမြင်သော်လည်း မိမိဖို့ သတ်နေသည်ဟု အသံကြားရသော ငါးသားအမဲကိုလည်း မစားကောင်းဘူးနော်”

“မှန်ပါဘုရား”

“အဲဒါကို ကြားသားလို့ ခေါ်တယ်”

“မှန်ပါဘုရား”

“အဲ...ပြီးတော့ ဆိုခဲ့တဲ့ မြင်မှု,ကြားမှုတော့ မရှိပါဘူးတဲ့၊ ဒါပေမယ့် ဒီနေ့ဆိုပါတော့၊ လူတစ်ယောက်ဟာ မြှုန်းတွေ, ဆောင်းတွေ, ငါးမျှားတံတွေ, ဝက်ထိုးလှံ စသည်တို့ကို လက်နဲ့ ကိုင်ယူသွားတာကို မြင်ရတယ်၊ သတ်တာကိုတော့ မမြင်ရဘူး၊ အဲဒီလို မမြင်ရသော်လည်း နောက်တစ်နေ့ကျတော့ ခုနက လူ့အိမ်က ထမင်းစားဖိတ်တယ်၊ ထမင်းပွဲမှာလည်း ငါး, အမဲ စသည်တွေကို တွေ့ရတယ်၊ ဒီတော့ “မနေ့က ငါ့ဖို့များ သတ်သလား”လို့ ယုံမှားဖြစ်လာတယ်၊ အဲဒီလို ယုံမှားဖြစ်တဲ့ သားငါးကို မစားကောင်းဘူးနော်၊ ရှင်းရဲ့လား?”

“ရှင်းပါတယ်ဘုရား”

http://www.dhammadownload.com



"ဒါ ယုံမှားသားပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...ဆိုပါတော့ အဲဒီလို ယုံမှားလည်း ယုံမှားရော မစားဘူးဆိုပါတော့၊ မစားတော့ ထမင်းဖိတ်ကျွေးတဲ့ အိမ်ရှင်က မမြင်ဘူးလား၊ မြင်မလား?"

"မြင်ပါမယ်ဘုရား"

"အင်း...မြင်တာပေါ့၊ မြင်တဲ့အခါကျတော့ "ဘာ့အတွက်ကြောင့် အသားတွေ ငါးတွေ မစားလဲလို့ မေးမယ်၊ မေးရင်ဘယ်လိုဖြေမလဲ?"

"အကျွန်ုပ်အတွက် သတ်သလားလို့ ယုံမှား သံသယရှိတဲ့အတွက် မစားပါလို့ ဖြေပါမယ်ဘုရား"

"ကဲ...ဟုတ်ပြီ၊ အဖြေမှန်ပြီ၊ ဒီတော့ ထမင်းဖိတ်ကျွေးတဲ့လူက အိမ်ရှင်က "ခင်ဗျားတို့သတ်တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ စားဖို့သတ်တာပါ၊ သို့မဟုတ် ရောင်းဖို့ သတ်တာပါ၊ သို့မဟုတ် ခင်ဗျားမှတစ်ပါး မည်သူမည်ဝါကို ပေးဖို့သတ်တာပါ"လို့ ပြောရင် ကိုယ့်အတွက် သတ်တာမဟုတ်ဘူးဆိုတာ သံသယ ရှင်းမသွားဘူးလား?"

"သံသယ ရှင်းသွားပါတယ် ဘုရား"

"အင်း...အဲဒီလို သံသယ ရှင်းသွားရင် အဲဒီ သားငါးဟင်းကို စားကောင်းပြန်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## သတင်းသာကြား

"အဲ...နောက်တစ်မျိုးရှိသေးတယ်၊ ဘာတဲ့လဲ၊ ဒီနေ့ ဘယ်သူဘယ်ဝါဟာ ဆောင်း, မြှုန်း, ငါးမျှားတန်, ဝက်ထိုးလှံ စသည်တို့ကို လက်နဲ့ကိုင်ဆောင်သွားတယ်လို့ သတင်းသာ ကြားရတယ်၊ သတ်တာကိုတော့ မမြင်ရဘူးနော်"

"မှန်ပါဘုရား"

"ခုနကဟာက သွားတာမြင်တယ်၊ သတ်တာကိုတော့ မမြင်ဘူး။ ခုဟာက ယူသွားတာကို သတင်းကြားတယ်၊ သတ်တာကိုတော့ အတူတူပဲ မမြင်ဘူးနော်"

"မှန်ပါဘုရား"

"အဲ...မမြင်ရသော်လည်း နောက်တစ်နေ့ကျတော့ ခုနက ဆောင်း။ မြှုန်း စသည်တွေကို လက်နဲ့ ကိုင်ယူသွားတယ်လို့ သတင်းကြားရတဲ့လူအိမ်က ထမင်းစားဖိတ်တယ် ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ထမင်းပွဲမှာလည်း သားငါးဟင်းတွေကို တွေ့တယ်၊ ဒီတော့ "မနေ့က ငါ့ဖို့မျှားသတ်သလား"လို့ ယုံမှားဖြစ်တယ်၊ အဲဒီလို ယုံမှားဖြစ်ရင် အဲဒီသားငါးဟင်းတွေဟာ မစားကောင်းတော့ဘူး နော်"

"မှန်ပါဘုရား"

"အဲ...မစားကောင်းတော့ မစားဘူးပေါ့၊ မစားတော့ အိမ်ရှင် ထမင်းဖိတ်ကျွေးသူက "ဘာကြောင့် မစားလဲ"လို့ မေးရင် ဘယ်လိုဖြေမလဲ?"

http://www.dhammadownload.com



"အကျွန်ုပ်အတွက် သတ်သလားလို့ ယုံမှားသံသယရှိသော ကြောင့် မစားပါဟု ဖြေပါမယ်ဘုရား"

"အဲဒီလို ဖြေတော့ ထမင်းဖိတ်ကျွေးသူ အိမ်ရှင်က "ခင်ဗျား ဖို့ သတ်တာမဟုတ်ပါဘူး၊ ကျွန်တော်တို့စားဖို့ သတ်တာပါ၊ ရောင်းဖို့သတ်တာပါ၊ ခင်ဗျားမှ တစ်ပါး မည်သူမည်ဝါကို ပေးဖို့ သတ်တာပါလို့ ပြောရင် သံသယရှင်းမသွားဘူးလား?"

"သံသယရှင်းသွားပါတယ်ဘုရား"

"အဲဒီလို သံသယ ရှင်းသွားရင် စားကောင်းပြန်တယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

## ယုံမှားလျှင်ပင်

"ပြောခဲ့ပြီးတဲ့ နည်းအမျိုးမျိုးဖြင့် မမြင်မကြားသော်လည်း အိမ်တစ်အိမ်က မိမိကို ထမင်းစားဖိတ်တယ်ဆိုပါတော့၊ မိမိ ကလည်း သွားစားတယ်၊ အဲ...ထမင်းစားပွဲမှာ သားငါးဟင်းတွေကို မြင်တဲ့ အခါ ငါ့အတွက်များ သက်သက်သတ်ပြီး ချက်ပြုတ် ကျွေးလေသလား ယုံမှားသံသယဖြစ်လာလျှင် အဲဒီ သားငါး ဟင်းတွေကို မစားကောင်းဘူးနော်"

"မှန်ပါဘုရား"

"ဒါဟာ ပြောခဲ့တဲ့ မြင်သား၊ ကြားသား၊ ယုံမှားသား သုံးမျိုးထဲမှာ ယုံမှားသားပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ယခု ဈေးရှိတဲ့ နေရာတွေမှာတော့ ဒီလို ယုံမှားသံသယ ဖြစ်စရာအကြောင်းမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဈေးထဲမှာက အလိုလိုဖြစ်တဲ့ "**ပဝတ္တမံသ**"တွေ ရနေတော့ သံသယမဖြစ်နိုင် ဘူးပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...ဆိုပါတော့ ခုနကလို ယုံမှားဖြစ်လို့ မစားတာကို မြင်တော့ ထမင်းကျွေးသူ အိမ်ရှင်က ဘာကြောင့် မစားလဲ မေးရင် ယုံမှားသံသယရှိလို့ မစားဘူးလို့ ဖြေတဲ့အခါ ဒါဟာ ခင်ဗျားဖို့ ရည်ရွယ်သတ်တဲ့အသား မဟုတ်ပါ၊ ဈေးထဲမှာ အလိုလို ဖြစ်တဲ့ "**ပဝတ္တမံသ**"ပါလို့ဆိုရင် အပ်တယ်နော်"

"မှန်ပါဘုရား"

"သို့မဟုတ် ခင်ဗျားအတွက် သတ်တာမဟုတ်ပါ၊ ကျွန် တော်တို့ စားဖို့ ကျွန်ုပ်တို့စားဖို့ ရောင်းဖို့ သတ်တာပါလို့ ပြောဆို လျှင်လည်း ယုံမှားဖြစ်စရာ လိုသေးလား?"

"မလိုတော့ပါဘုရား"

"အဲဒီလို ယုံမှားကင်းသွားတော့ ယုံမှားမဟုတ်တော့ဘူး ပေါ့နော်၊ ယုံမှားသား မဟုတ်တော့ စားကောင်းတယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## သာရေး နာရေး

သာရေး နာရေး စတဲ့ ကိစ္စတွေရှိတဲ့အခါမှာလည်း ဒီလိုပါပဲ၊ သားငါးဟင်းတွေ ပါတဲ့အခါ ယုံမှားသံသယဖြစ်လို့ မစားဘဲ

http://www.dhammadownload.com



နေတဲ့သူတွေကို ပြီးခဲ့တဲ့အတိုင်း၊ ပြောခဲ့တဲ့စကားအတိုင်း ရှင်းလင်းပြီး ယုံမှားသံသယ ကင်းစေရမယ်၊ အဲဒီလိုယုံမှားကင်းစေလို့ ယုံမှားသံသယ ကင်းသွားရင် စားကောင်းတယ်နော်?"

"မှန်ပါဘုရား"

"ဒီတော့ အကောင်းဆုံးနည်းလမ်းတစ်ခုကို အသုံးပြုဖို့ ကောင်းတယ်၊ ဒါက ဘာလဲဆိုတော့ "**အားလုံး အစ်စစ်တဲ့ ဟင်းတွေချည်းပါပဲ**" သုံးဆောင်တော်မူကြပါ၊ ဘုဉ်းပေးတော်မူကြပါဆိုရင်တော့ သံသယဖြစ်စရာ လိုသေးလား?"

"မလိုတော့ပါဘုရား"

"ဖြစ်ဖို့ ဘယ်လိုတော့မလဲ၊ ကာယကံရှင်က နားလည်လို့ ကြိုတင်ပြောကြား၊ လျှောက်ထားတော့ ထမင်းပွဲ ဆွမ်းပွဲထိုင်ကတည်းက သံသယရှင်းသွားပြီဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## နှစ်ကိစ္စရည်ရွယ်

"အဲ...အလှူမင်္ဂလာပွဲ ပြုလုပ်တဲ့အခါမှာ ရဟန်းတော်တွေလည်း လှူမယ်၊ အလှူမင်္ဂလာသို့ ကြွလာတဲ့ ပရိသတ်တွေလည်း ကျွေးမွေး မယ်လို့ နှစ်ကိစ္စပေါင်းပြီးတော့ သတ်ဖြတ်တဲ့ သားငါး ဟင်းတွေကို မစားကောင်းဘူးနော်"

"မှန်ပါဘုရား"

"ခုခေတ်မှာ တစ်ချို့က အလှူမင်္ဂလာ၊ စသည် ပြုလုပ်တဲ့အခါ မပြုလုပ်ခင်က ကြိုတင်ပြီးတော့ မှာတတ်တယ်၊ အဲဒီလို

http://www.dhammadownload.com



ကြိုတင်ပြီးတော့ မှာတာဟာ ပိုပြီးတော့ သတ်လိုက်ပါလို့ အော်ဒါ ပေးတာနဲ့ အတူတူပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါမျိုးကျတော့ မှာသူမှာလည်း အပြစ်မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"**ကာသိုလ်တစ်ပဲ ရေတစ်ပိဿာ**"ဆိုတာ အဲဒါမျိုး ပြောတာ ပေါ့နော်"

"ဒါဟာ အင်မတန်ကိုပဲ သတိထားရမယ့် ကိစ္စတွေပါ၊ ဒီတော့ အလှူမင်္ဂလာစသည် ပြုလုပ်တဲ့အခါ ဈေးထဲမှာ အလိုလို ဖြစ်တဲ့ "**ပဝတ္တမံသ**"ကို ကြိုသလို ဝယ်ယူပြီး လှူဒါန်း ကျွေးမွေးဖို့ မကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"အော်ဒါမမှာရဘူးနော်"

"မှန်ပါဘုရား"

"အဲဒီလိုဆိုတော့ လှူသူမှာလည်း အပြစ်ရှိဦးမလား?"

"မရှိတော့ပါဘုရား"

"စားသူတွေမှာရော အပြစ်ရှိဦးမလား?"

"မရှိတော့ပါဘုရား"

## မိမိဖို့မဟုတ်

ဈေးထဲမှာရောင်းနေတဲ့ သားငါး အသေကောင်တွေဟာ မိမိဖို့ သတ်တာမဟုတ်ဘူးနော်၊ အဲဒီလို မိမိဖို့သတ်တာ မဟုတ်တဲ့

http://www.dhammadownload.com



သားငါး အသေကောင်ကို စားရင် စားတဲ့လူမှာ အပြစ်ရှိဦးမလား?"

"မရှိပါဘုရား"

"အဲ...မိမိဖို့ သတ်တယ်လို့ ယုံမှားသံသယကင်းတဲ့ သားငါးကို စားကောင်းတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

## မသိလျှင်–စားရ

"ဆိုပါတော့ အိမ်တစ်အိမ်မှာ သားအမိ၊ သားအဖ ၆–ယောက်ရှိတယ်။ အဲဒီ ၆–ယောက်အနက်က အဘကို ရည်ရွယ်ပြီးတော့ သားငါးကိုသတ်တယ်၊ အဘက မသိဘူး၊ အဲဒါကို အဘ စားကောင်းတယ်၊ အပြစ်မရှိဘူး။ အဲဒီလို မဟုတ်ဘဲ အဘက ငါ့အတွက် သတ်တာလို့ သိရင်တော့ မစားရတော့ဘူး။ စားရင်အပြစ်ရှိတယ်နော်"

"မှန်ပါဘုရား"

"ကဲ...တစ်အိမ်သားလုံးအတွက် ရည်ရွယ်သတ်တာကို တစ်အိမ်သားလုံးက မသိဘူးဆိုရင်ကော စားကောင်းတယ် မဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"တစ်အိမ်သားလုံးက တို့အတွက် သတ်တာပဲလို့ သိရင် စားကောင်းပါဦးမလား?"

"မစားကောင်းတော့ပါဘုရား"

http://www.dhammadownload.com



"အင်း–အဲဒီလို စားကောင်း, မစားကောင်း သိထားဖို့ အရေးမကြီးဘူးလား?"

"အရေးကြီးပါတယ်ဘုရား"

"အရေးကြီးတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက နေ့စဉ် ကိစ္စကြီး မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် သေသေချာချာ နားလည်လောက်အောင် နာယူ မှတ်သားထားနော်"

"မှန်ပါဘုရား"

## မမြင်–မကြား–မယုံမှား

"ကဲ...ဒီလောက်ဆိုရင် မြင်သား ကြားသား ယုံမှားသား တွေနဲ့ ပတ်သက်လို့ သဘောလည်းပေါက်လောက်ပါပြီ၊ ယခု ရှေ့ဆက်လက်ပြီး မမြင်သား, မကြားသား, မယုံမှားသားတွေ အကြောင်း ပြောကြစို့နော်"

"မှန်ပါဘုရား"

"မမြင်သားဆိုတာ ရဟန်းဖြစ်ဖြစ် လူဖြစ်ဖြစ် မိမိအတွက် သတ်ဖြတ်ပြီး သားငါးတွေကို ယူလာတာကို မမြင်ရင် ဒါဟာ မမြင်သားဘဲပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"မြင်သား မအပ်ဘူးဆိုတော့ ယခု မမြင်သားကြတော့ အပ်တယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...မကြားသားဆိုတာ ဘာလဲ၊ ရဟန်းဖြစ်စေ၊ လူဖြစ်စေ ဘယ်သူမဆို မိမိအတွက် သားငါးတွေကို သတ်ဖြတ်၍ ယူငင် အပ်သည်တို့ကို မကြားရင် အဲဒီဟာ မကြားသားဘဲပေါ့နော်"

"မှန်ပါဘုရား"

"ကြားသား မအပ်ဘူးဆိုတော့ ယခု မကြားသားဟာ အပ်တယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"မယုံမှားသားဆိုတာ ဘာလဲ၊ ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ မြင်ခြင်းဖြင့် ယုံမှားအပ်တဲ့ သားငါး၊ သတင်းကြား၊ အသံကြားဖြင့် ယုံမှားအပ်တဲ့ သားငါး၊ အဲဒီ နှစ်ပါးစုံမှ လွတ်တဲ့ သားငါးကို မယုံမှားသားလို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ရှင်းရှင်းပြောရရင် မြင်ခြင်းဖြင့်လည်း မယုံမှားဘူး၊ ကြားခြင်း ဖြင့်လည်း ယုံမှားမရှိဘူးဆိုရင် အဲဒါ မယုံမှားသားပဲ၊ ယုံမှားကင်းတဲ့ အသားပဲ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ ယုံမှားကင်းတဲ့ အသားကို စားကောင်းတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ဆွမ်းခံရဟန်းတွေ

"ထပ်ပြီး ရှင်းပါရစေဦးနော်၊ လေရှည်တယ်လည်း မထင်လိုက်ပါနဲ့၊ ဒီကိစ္စဟာ အငြင်းပွားလွန်းလွန်းလို့ပါပဲ၊ ကဲ...ဆိုပါတော့ ရဟန်းတော်တွေက မြင်တယ်၊ ဘာကိုမြင်လဲ၊ ရွာတစ်ရွာက လူတွေ ပိုက်ကွန် စသည်တွေယူပြီး ရွာမှထွက်သွားတာကို မြင်တယ်၊ နောက်နေ့ကျတော့ အဲဒီရွာကို ဆွမ်းခံဝင်တယ်၊ ဒကာ၊ ဒကာမတွေက သားငါးဟင်းတွေ လောင်းလှူတယ်၊ ဒီတော့ မြင်တဲ့ ရဟန်းတော်တွေက "တို့အတွက်များ သတ်တာလား"လို့ ယုံမှားသံသယဖြစ်တယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ အပ်ပါဦးမလား?"

"မအပ်တော့ပါဘုရား"

"အင်း...သူက ယုံမှားတော့ မအပ်တော့ဘူးပေါ့၊ မယုံမှားရင်တော့ ဘယ်နှယ်လဲ"

"မယုံမှားရင် အပ်ပါတယ်ဘုရား"

"ကဲ...ယုံမှားတော့ မအပ်ဘူး၊ မအပ်တော့ ဒီရဟန်းတော်က မခံယူဘူးပေါ့၊ မခံယူတော့ ဒကာက မေးလျှောက်တယ် ဘာကြောင့်မခံယူလဲလို့၊ ဒီတော့ ဆွမ်းခံရဟန်းတော်က မိမိအတွက် သတ်တယ်ထင်လို့ မခံယူဘူးလို့ ပြောတယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဆွမ်းလောင်းတဲ့ ဒကာ ဒကာမတွေက အရှင်ဘုရားတို့ဖို့ သတ်တာမဟုတ်ပါဘုရား၊ တပည့်တော်တို့အတွက်

http://www.dhammadownload.com



သတ်တာပါ၊ မင်းနှင့် မင်းချင်းယောက်ျားတို့အတွက် သတ်တာပါလို့ ပြောရင် ယုံမှားသံသယ ရှင်းမသွားဘူးလား?"

"ရှင်းသွားပါတယ်ဘုရား"

"အဲဒါဆို ခံယူကောင်းတယ်နော်၊ အပ်တယ်နော်"

"မှန်ပါဘုရား"

"အင်း...အဲဒီလို အပ်တာလည်း အပ်မှန်းသိဖို့ မအပ်တာကိုလည်းပဲ မအပ်မှန်းသိဖို့ အရေးမကြီးဘူးလား?"

"အရေးကြီးပါတယ်ဘုရား"

## ဆွမ်းခံရဟန်းကြား

"ကဲ...ရှေ့သွားကြဦးစို့၊ ဆွမ်းခံရဟန်းတော်တွေဟာ မမြင်ပါဘူးတဲ့၊ ဒါပေမယ့် လူတွေတော့ ပိုက်ကွန်စသည်တွေကို ယူပြီးတော့ ရွာမှထွက်သွားပြီလို့ ကြားရုံသာ ကြားတယ်ဆိုပါစို့နော်"

"မှန်ပါဘုရား"

"နောက်တစ်နေ့လည်း အဲဒီရွာကို ဆွမ်းခံကြွတယ်၊ ဒကာ၊ ဒကာမတွေကလည်း သားငါးဟင်းတွေလောင်းတယ်၊ ဒီတော့ ကြားရတဲ့ ရဟန်းတော်တွေက "ရဟန်းတော်တွေအတွက် သတ်ဖြတ်အပ်တဲ့ သားငါးများဖြစ်သလား"လို့ ယုံမှားတယ်နော်၊ ဒီတော့ ယုံမှားဖြစ်မသွားဘူးလား?"

"ဖြစ်သွားပါတယ်ဘုရား"

"အပ်ဦးမလား?"

http://www.dhammadownload.com



"မအပ်တော့ပါဘုရား"

"မအပ်တော့ မခံယူတော့ဘူးပေါ့။ ဒီတော့မှ ဆွမ်းလောင်းသူ ဒကာ ဒကာမတွေက ဘာကြောင့် မခံယူပါသလဲလို့ မေးလျှောက် တယ်၊ မေးလျှောက်တော့ "ရဟန်းတော်တွေအတွက် ရည်မှန်းပြီး သတ်ဖြတ်တယ်ထင်လို့ မခံယူတာလို့ ပြောတယ်၊ ဒီတော့ ဒကာ ဒကာမတွေက သံဃာတော်တွေအတွက် သတ်ဖြတ်တာ မဟုတ် ပါဘုရား၊ တပည့်တော်တို့အတွက် သတ်တာပါဘုရား၊ မင်းနှင့် မင်းချင်းယောကျ်ားတွေအတွက် သတ်တာပါလို့ လျှောက်ရင် သံသယရှိစရာလိုသေးလား?"

"မလိုတော့ပါဘုရား"

"သံသယမရှိရင် မအပ်ဘူးလား၊ အပ်သလား?"

"အပ်ပါတယ်ဘုရား"

## မမြင်ကြားဘဲယုံမှား

"ရဟန်းတော်တွေဟာ ခုနကပြောခဲ့တာတွေအနက် တစ်ခုမှ မြင်ခြင်း, ကြားခြင်းမရှိပါဘူးတဲ့၊ အဲဒီလို မမြင်, မကြားသော်လည်း ရွာထဲသို့ ဆွမ်းခံကြွသွားတဲ့အခါ သားငါးဟင်းတွေကို လောင်းလှူ တယ်၊ အဲဒီအခါ ရဟန်းတော်တွေကိုများ ရည်မှန်းပြီး သတ်ဖြတ် သလားလို့ ယုံမှားသံသယရှိတယ်၊ ဒီတော့ ယုံမှားသားပဲ ဖြစ် မသွားဘူးလား?"

"ဖြစ်သွားပါတယ်ဘုရား"

http://www.dhammadownload.com



"ဖြစ်သွားရင် အပ်ပါဦးမလား?"

"မအပ်တော့ပါဘုရား"

"အဲ...မအပ်တော့ ရဟန်းတော်တွေက မခံယူတော့ဘူး ပေ့ါ၊ ရဟန်းတော်တွေက မခံယူတော့ ဒကာ ဒကာမတွေက ဘာကြောင့် မခံယူပါသလဲလို့ လျှောက်တယ်၊ ဒီတော့ မိမိတို့ အတွက် သတ်သလားလို့ ယုံမှားသံသယရှိလို့ မခံယူဘူးလို့ ပြော တယ်၊ ဒီတော့ ဒကာ ဒကာမတွေက အရှင်ဘုရားတို့အတွက် သတ်တာမဟုတ်ပါ၊ တပည့်တော်တို့အတွက် သတ်တာ၊ မင်းနဲ့ မင်းချင်းယောက်ျားတွေအတွက် သတ်တာပါလို့ လျှောက်တော့ ယုံမှားသံသယ ရှင်းမသွားဘူးလား?"

"ရှင်းသွားပါတယ်ဘုရား"

"ရှင်းသွားတော့ မအပ်ဘူးလား?"

"အပ်ပါတော့တယ်ဘုရား"

"အပ်တော့ ခံယူသုံးဆောင်ကောင်းတာပေ့ါ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သို့မဟုတ် အရှင်ဘုရားတို့အတွက် သတ်တာလည်း မဟုတ်ပါ ဘုရား၊ တပည့်တော်တို့အတွက် သတ်တာလည်း မဟုတ်ပါဘုရား၊ ဈေးထဲမှာ အလိုလိုဖြစ်တဲ့ "**ပဝတ္တမံသ**"ကို ဝယ်ယူချက်ပြုတ် လောင်းလှူပါတယ်ဘုရား လျှောက်ရင် ဘယ့် နှယ်လည်း အပ်မလား၊ မအပ်ဘူးလား?"

"အပ်ပါတယ်ဘုရား"

"အပ်ရင် ခံယူသုံးဆောင်ကောင်းတာပေ့ါ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## သာရေး-နာရေး

"ပြီးတော့ သာရေးခေါ်တဲ့ အလှူမင်္ဂလာကိစ္စ၊ နာရေးခေါ်တဲ့ အသုဘကိစ္စ စသည်တွေ ပြုလုပ်တဲ့အခါမှာလည်း ယခုပြောဆိုပြီးခဲ့တဲ့ နည်းအတိုင်းပဲလို့ မှတ်ရမယ်နော်၊ အဲဒီကိစ္စတွေမှာဆိုရင် ရဟန်းတော်တွေအတွက် မဟုတ်ပါဘူး။ အဲဒီလို ရဟန်းတော်တွေအတွက် သတ်ဖြတ်တာမဟုတ်တဲ့ အသားငါးနှင့် ယုံမှားမရှိတဲ့ သားငါးဟာ အပ်တယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"ဒီတော့ ယုံမှားသံသယဟာ အင်မတန် အရေးမကြီးဘူးလား၊ အရေးကြီးလား?"

"အရေးကြီးပါတယ်ဘုရား"

"ဒီယုံမှားသံသယရှိနေရင် "မဖြစ်သေးတဲ့ အာသဝတွေ ဖြစ်လာလိမ့်မယ်၊ ဖြစ်ပြီးတဲ့ အာသဝတွေ တိုးပွားလာလိမ့်မယ်" တဲ့။ ဒီတော့ ကြောက်စရာမကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"ယုံမှားကင်းအောင် ပြုလုပ်ထားနော်"

"မှန်ပါဘုရား"

## ရဟန်းအချို့ရည်ရွယ်သတ်

"ကဲ...ရှေ့ဆက်ကြဦးစို့နော်၊ အင်မတန်သိဖို့ကောင်းတဲ့ ပြဿနာတစ်ခုက ဘာလဲ၊ ကျောင်းတိုက်တစ်တိုက်မှာ ရဟန်းတော်တွေ အများကြီးရှိတယ်၊ အဲဒီမှာရှိတဲ့ ရဟန်းတော်အချို့ကို

http://www.dhammadownload.com



ရည်ရွယ်ပြီးတော့ သားငါးကို သတ်တယ်၊ မရည်ရွယ်တဲ့ ရဟန်းတော်တွေ အပ်,မအပ် သိဖို့မကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"ကောင်းတော့ ရှင်းကြစို့၊ ကျောင်းတိုက် တစ်တိုက်မှာ ရဟန်းတော်တွေကို ရည်ညွှန်းပြီးသတ်တဲ့ သားငါးဖြစ်အံ့၊ အဲဒီ ရည်ညွှန်းခံရတဲ့ ရဟန်းတွေကလည်း မိမိတို့အတွက် သတ်တယ်လို့ သိရအံ့၊ မအပ်ဘူးနော်"

"မှန်ပါဘုရား"

"မသိရင် ဘယ့်နှယ်လဲ၊ အပ်သလား?"

"အပ်ပါတယ်ဘုရား"

"ကဲ...ရည်ညွှန်းရင် ရဟန်းတွေက မသိဘူး၊ တစ်ခြား ရဟန်းတွေက သိတယ်ဆိုရင် ဘယ့်နှယ်လဲ"

"အမိန့်ရှိပါဘုရား"

"အဲဒီလိုဆိုရင် ရည်ညွှန်းရဟန်းတွေ မသိတဲ့အတွက် အပ်တယ်၊ တစ်ခြားရဟန်းတော်တွေ သိတဲ့အတွက် မအပ်ဘူး"

"ဒီတော့ ရည်ညွှန်းခံရဟန်းတွေလည်းသိမယ်၊ တစ်ခြား ရဟန်းတွေလည်း သိမယ်ဆိုရင် အားလုံးအတွက် မအပ်တော့ဘူး မဟုတ် လား?"

"ဟုတ်ပါတယ်ဘုရား"

"ရည်ညွှန်းရဟန်းတွေလည်း မသိဘူး၊ တစ်ခြားရဟန်းတော်တွေလည်းမသိဘူးဆိုရင် အားလုံးအတွက် အပ်တယ်မဟုတ် လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## ရှင်းလောက်ပြီ

"ကဲ...ဒီလောက်ဆိုရင် မြင်သား, ကြားသား, ယုံမှားသားနဲ့ ပတ်သက်ပြီးတော့ ရှင်းလောက်ပါပြီနော်၊ မြင်မယ်၊ ကြားမယ်၊ ယုံမှားဆိုရင် လူဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် မအပ်ဘူး၊ ကိုယ့်အတွက် သတ်တာကို မြင်, ကြား, ယုံမှားနော်"

"မှန်ပါဘုရား"

"ကိုယ့်အတွက် သတ်တာကို မမြင်ဘူး၊ မကြားဘူး၊ ယုံမှား မရှိဘူးဆိုရင် ဒီသားငါးတွေကို လူ, ရှင်, ရဟန်း မည်သူမဆို အပ်တယ်နော်"

"မှန်ပါဘုရား"

## လူနှင့်ရဟန်း

"ဒီသားငါးစားတာနဲ့ ပတ်သက်လို့ လူနှင့်ရဟန်း ကွာခြားချက်ကလေး နည်းနည်းတော့ရှိပါတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ရဟန်းတော်တွေအတွက် သီးသန့်မစားအပ်တဲ့အသား ၁၀ ပါးမှ တစ်ပါး ကျန်အားလုံးကို ခုနကပြောခဲ့တဲ့ မြင်,ကြား, ယုံမှားမရှိရင် စားကောင်းတယ်လို့ ဘုရားရှင်ဟောပါတယ်နော်"

"မှန်ပါဘုရား"

"လူတွေအတွက်ကျတော့ သီးသန့်မစားအပ်တဲ့ အသား ရယ်လို့ ပညတ်ချက်မရှိပါဘူး၊ သားငါးအားလုံးကိုပဲ ခုနက ပြောခဲ့

http://www.dhammadownload.com



တဲ့ မြင်း၊ ကြွား၊ ယုံမှားမရှိလို့ရှိရင် စားကောင်းတယ်၊ ယုံမှား ရှိရင် မစားကောင်းဘူးလို့သာ ရှောင်သင့်ပါတယ်နော်"

"မှန်ပါဘုရား"

"အင်း...အဲဒါဟာ လူနှင့်ရဟန်းတော်အတွက် သားငါးနဲ့ ပတ်သက်လို့ ပညတ်ချက် ကွဲပြားချက်ပါပဲ၊ တစ်ခြားကွဲပြားချက် မရှိပါဘူး၊ ကဲ...ရှင်းပြီလား?"

"ရှင်းပါပြီဘုရား"

## အသားကြီး ၁၀-ပါး

"ကဲ...ရှင်းရင် အသားကြီး ၁၀-ပါးကို ရဟန်းတော်တွေ အတွက် ဘာဖြစ်လို့ မစားရဘူးလို့ ပညတ်လဲ၊ အဲဒီအသားကြီး ၁၀-ပါးက ဘာလဲလို့ သိဖို့မလိုဘူးလား?"

"လိုပါတယ်ဘုရား"

"ကဲ...လိုရင် လိုက်ဆိုထား၊ လင်္ကာချပေးမယ်-

**လူ-ခွေး-မြင်း-ဆင်၊ သစ်-ကျားလျှင်၊ ခြင်္သေ့-ဝံ- အောင်း-မြွေ။**

**ရှိုး-ရေ-သား-သွေး၊ အမွေးတို့ပါ၊ မသုံးရာ ဆယ်ဖြာ အမျိုးပေ။**

"အဲဒီအသားကြီး ၁၀-ပါးကျတော့ အသားတင် မစားရတာ ဟုတ်လား?"

"မဟုတ်ပါဘုရား"

http://www.dhammadownload.com



"အရိုးရော၊ အရေ၊ အသား၊ အသွေး၊ အမွေးတို့ပါ မသုံးရဘူးနော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဆင်စွယ်ပုတီး၊ ဆင်ရိုးပုတီး ရဟန်းတော်တွေ ကိုင်ကောင်းပါ့မလား?"

"မကိုင်ကောင်းပါဘုရား"

"စပါးကြီးသည်းခြေပါတဲ့ ဆေးကော ရဟန်းတော်တွေ စားကောင်းပါ့မလား?"

"မစားကောင်းပါဘုရား"

"မှတ်ထားနော် ရှင်းအောင်"

"မှန်ပါ၊ မှတ်ထားပါမယ်ဘုရား"

## လူ့သားမစားရ

"ကဲ...ဒါဖြင့် အသားကြီး ၁၀-ပါး မစားရခြင်း အကြောင်းကို တစ်ပါးချင်းရှင်းကြစို့နော်၊ ရှင်းတော့ လူသားကို အရင်ရှင်းတာပေါ့။

လူသားရှင်းတော့-

"အခါတစ်ပါး ဘုရားရှင်က ရာဇဂြိုဟ်ပြည်မှ ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွချီတော်မူတယ်၊ ဘုရားရှင် ဘယ်ကနေ ဘယ်ကြွသလဲ?"

"ရာဇဂြိုဟ်ပြည်ကနေ ဗာရာဏသီပြည်သို့ပါဘုရား"

"အဲ...ရာဇဂြိုဟ်ပြည်ကနေ ဗာရာဏသီပြည်ကြွတော့ ဗာရာဏသီပြည်ရောက်တဲ့အခါ ဘယ်မှာ သီတင်းသုံးတော်မူလဲ

http://www.dhammadownload.com



ဆိုတော့ က္လသိပတန မိဂဒါဝုန်တောမှာ သိတင်းသုံးတော်မူတယ်၊ ဘုရား ဘယ်မှာသိတင်းသုံးလဲ?"

"က္လသိပတနမိဂဒါဝုန်တောမှာပါဘုရား"

"အဲဒီလို ဘုရားရှင် ဗာရာဏသီပြည် က္လသိပတန မိဂဒါဝုန်တောမှာ သိတင်းသုံးတော်မူတဲ့အခါ ဗာရာဏသီပြည်မှာ သုပ္ပိယဒကာနဲ့ သုပ္ပိယာဒကာမ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်၊ ဘယ်သူနဲ့ ဘယ်သူတဲ့လဲ?"

"သုပ္ပိယဒကာနဲ့ သုပ္ပိယာဒကာမတို့ပါဘုရား"

"နာမည်ချင်းက အတူတူပဲနော်၊ ရေးချပါတာနဲ့ မပါတာဘဲ ထူးတယ်ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...သူတို့ဇနီးမောင်နှံ နှစ်ယောက်စလုံးဟာ ရတနာသုံးပါးကို ကြည်ညိုတယ်၊ ပစ္စည်းလေးပါးလှူတယ်၊ သံဃာတော် တို့ရဲ့ အမှုခပ်သိမ်းလည်း ပြုလုပ်ပေးကြတယ်၊ သံဃာတော်တွေကိုလည်း လုပ်ကျွေးကြတယ်၊ မတော်ဘူးလား?"

"တော်ပါတယ်ဘုရား"

"သူများ သားသမီးတွေကျတော့ တော်လိုက်တာနော်"

"မှန်ပါဘုရား"

"အဲ...တစ်နေ့တော့ သုပ္ပိယာဒကာမဟာ ကျောင်းတော်သို့ သွားတယ်၊ ဘယ်သွားသလဲ?"

"ကျောင်းတော်သွားပါတယ်ဘုရား"

"အဲ...ကျောင်းတော်သွားတော့ တရားပါ နာယူပြီး, ကျောင်းစဉ်လှည့်တယ်၊ တစ်ကျောင်းကနေ တစ်ကျောင်း, ပရိဝုဏ်

http://www.dhammadownload.com



တစ်ခုကနေ ပရိဝုဏ်တစ်ခု လှည့်လည်ပြီး ရဟန်းတော်တွေကို မေးလျှောက်တယ်၊ ဘာလုပ်လဲ"

"မေးလျှောက်ပါတယ်ဘုရား"

"မေးလျှောက်တော့ ဝမ်းနှုတ်ဆေးသောက်ထားတဲ့ ရဟန်းတော်တစ်ပါးက သုပ္ပိယာကို "နှမ ငါ...ဝမ်းနှုတ်ဆေး သောက်ထားတယ်၊ ငါ့အား အသားနဲ့ပြုတ်တဲ့ စွတ်ပြုတ်အလိုရှိတယ်"လို့ ပြောပြတယ်၊ ဘာအလိုရှိသတဲ့လဲ?"

"စွတ်ပြုတ်ပါတယ်ဘုရား"

"ဒါ...မှတ်ဖို့ကောင်းတယ်နော်၊ ဝမ်းနှုတ်ဆေး သောက်ပြီး ခါစဆိုယင် အစာကြမ်းမစားရဘူး၊ အဲဒီလိုစွတ်ပြုတ်တို့လို အစာနုနု စားရတယ်ဟုတ်လား"?

"မှန်ပါ့ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဝမ်းနှုတ်ထားတော့ အစာအိမ်ထဲမှာ အစာတွေက မရှိတော့ အစာအိမ်က နုနေတာပေါ့၊ အစာအိမ် နုနေတော့ အစာကြမ်းနဲ့ သိပ်မလျော်ဘူး၊ ဒါ့ကြောင့် ဝမ်းနှုတ်ပြီး စမို့ စွတ်ပြုတ်အလှူခံတာပေါ့နော်"

"မှန်ပါဘုရား"

## ပေါင်သားလှီးလှူ

"ဒီလို အလှူခံတော့ သုပ္ပိယာက "အရှင်ဘုရား ကောင်းပါပြီဘုရား၊ ဆောင်ယူလှူခဲ့ပါမယ်ဘုရား"လို့ လျှောက်ထားပြီး အိမ်ပြန်သွားတယ်၊ အိမ်ရောက်တော့ အိမ်မှာရှိတဲ့ အစေခံတစ်ယောက်

http://www.dhammadownload.com



ကို “**ဂစ္ဆ ဘဏေ ပဝတ္တမံသံ ဇာနာဟိ**=အချင်းသွားတဲ့ချေ၊ အလိုလိုဖြစ်သော အသားကို သိပါလော”လို့ ခိုင်းတယ်” ဘာ ခိုင်းလိုက်သလဲ?”

“အလိုလိုဖြစ်သော အသားကို ဝယ်ခိုင်းပါတယ်ဘုရား”

“ဘယ်လောက်ယဉ်ကျေးလဲ၊ သုံးနှုန်းထားတဲ့ အသုံးအနှုန်း ကနော်”

“မှန်ပါဘုရား”

“ဘာတဲ့လဲ၊ အလိုလိုဖြစ်တဲ့=ပဝတ္တမံသကို သိပါသလော” တဲ့၊ ခုခေတ်သာ အဲဒီလိုခိုင်းရင် သိမှာမဟုတ်ဘူး၊ သိပ့်မလား?”

“သိမယ်မထင်ပါဘုရား”

“ဝယ်ပါလော့ မပြောဘူး၊ သိပါလော့ ပြောတယ်နော်၊ ဒါဟာ ဝိနည်းသုံးစကားပေါ့၊ သံဃာတော်တွေနဲ့ အင်မတန်နီးစပ်ပြီး လိမ်မာလို့ သိတာ၊ သို့မဟုတ် သိပ့်မလား?”

“မသိနိုင်ပါဘုရား”

“အဲဒီလိုခိုင်းတော့ ဟိုကလည်း “**ဧဝံ အယျေ**=အရှင်မ ကောင်းပါပြီ”လို့ သုပ္ပိယာကို ဝန်ခံစကား ပြောကြားပြီးတော့ ဗာရာဏသီ ဈေးထဲ လိုက်ရှာတယ် မရဘူး၊ ဗာရာဏသီ တစ်ပြည်လုံး လိုက်ရှာတယ်မရဘူး၊ ဘာမရလဲ”

“အလိုလိုဖြစ်တဲ့ ပဝတ္တမံသကို မရပါဘုရား”

“အဲ...မရတာမှ တစ်ဈေးလုံး တစ်ပြည်လုံးကို လိုက်ရှာတာ တောင် မရဘူးနော်”

“မှန်ပါဘုရား”

http://www.dhammadownload.com



"အဲ...မရတော့ သွားဝယ်တဲ့ ယောက်ျား ပြန်လာပြီး သုပ္ပိယာဒကာမကို "**နတ္တေယျ ပဝတ္တမံသံ**=အရှင်မ အလိုလို ဖြစ်သော အသားမရှိပါ"တဲ့၊ ဘာမရှိတာလဲ"

"အလိုလိုဖြစ်တဲ့ ပဝတ္တမံသ မရှိပါဘူးတဲ့ဘုရား"

"ဘာဖြစ်လို့ မရှိတာလဲဆိုတော့ အဲဒီယောက်ျားပြောတဲ့ စကားကို ဆက်ပြီးနားထောင်ကြည့် "**မာ ဃာတော အဇ္ဇ**=ဒီနေ့ ဟာ သားသတ်ခွင့်မရတဲ့နေ့ပါ"တဲ့၊ ဘာနေ့လဲ"

"သားသတ်ခွင့် မရတဲ့နေ့ပါဘုရား"

"ရှေးကရှိတယ် "ဒီနေ့ သားငါးများ မသတ်ရ"လို့ တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်တွေက ကဆုန်လပြည့်တို့လို၊ ဝါဆို လပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တပေါင်း လပြည့်တို့လို ရက်ကြီးတွေမှာ ပါဠိလိုတော့ "**မာဃာတဘေရီ**" မြန်မာလိုတော့ "သားမသတ်ရ" စည်လှည့်တယ်ဟုတ်လား၊ ဘာစည်တဲ့လဲ?"

"သားမသတ်ရစည်ပါဘုရား"

"စောစောထဲက ကြော်ငြာထားတာပေါ့ ဟုတ်လား၊ ဘယ် နေ့ကျလျှင် သားငါးများမသတ်ရ၊ သတ်ရင် ဘယ်လိုဒဏ်ထားမယ် ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...အဲဒီနေ့ သားမသတ်ရတဲ့နေ့ဖြစ်တော့ အသားကို မရခဲ့ဘူးပေါ့၊ မရခဲ့တဲ့အကြောင်း သုပ္ပိယာကို ပြောပြတော့ သုပ္ပိယာက စဉ်းစားတယ်-

http://www.dhammadownload.com



"ဒီဝမ်းနှုတ်ဆေး သောက်ထားသဖြင့် နာဖျားတဲ့ ရဟန်းတော်ဟာ အသားစွတ်ပြုတ်ရည်ကိုသာ မရခဲ့ပါရင်တော့ အနာသော်လည်း တိုးပါလိမ့်မယ်၊ ပြန်တော်မူရင်လည်း ပြန်တော်မူလိမ့်မယ်၊ ရပါလိမ့်မယ်လို့ ဝန်ခံထားပြီး ဖြစ်ပါလျက် မလှူဒါန်းတာဟာ ငါ့အဖို့ မသင့်လျော်ဘူး"တဲ့၊

"ကဲ...မဟုတ်ဘူးလား၊ သုပ္ပိယာ စဉ်းစားတာ၊ နာဖျားသူအဖို့ သင့်လျော်တဲ့ အစားအစာမရရင် ရောဂါမတိုးနိုင်ဘူးလား?"

"ရောဂါတိုးနိုင်ပါတယ်ဘုရား"

"ပြန်တော်မမူနိုင်ဘူးလား"

"ပြန်တော်မူနိုင်ပါတယ်ဘုရား"

"ဒါဖြင့်ရင်ခက်ပြီ၊ ဈေးထဲမှာလည်း ပဝတ္တမံသက မရဘူးတဲ့၊ မခက်ဘူးလား?"

"ခက်ပါတယ်ဘုရား"

"အင်း...သာမန် သူလိုကိုယ်လိုလူအဖို့ ခက်ပေမယ့် သုပ္ပိယာတို့လို မတုန်လှုပ်တဲ့ သဒ္ဓါတရားရှိတဲ့ သောတာပန် အမျိုးသမီးအတွက်တော့ မခက်ဘူး၊ ပဝတ္တမံသမရတော့ ဘာလုပ်တယ်မှတ်လဲ"

"အမိန့်ရှိပါဘုရား"

"သားလှီးဓားငယ်ကိုယူပြီး ပေါင်သားကိုလှီးဖြတ်ပြီး ကျွန်မကို ဘယ်လိုပြောပေးလိုက်သလဲဆိုတော့–

"ဟေ...ကျွန်မ၊ ရော့ယူလှည့်၊ ဒီအသားကို ကောင်းစွာစီရင်ချက်ပြုတ်ပြီး ဤအမည်ရှိတဲ့ ကျောင်းမှာ သီတင်းသုံး

http://www.dhammadownload.com



နေတဲ့ နာဖျားနေတဲ့ ရဟန်းတော်အား လှူပေးပါ၊ ငါ့ကို ရဟန်းတော်က မေးရင်တော့ နာဖျားနေတယ်လို့ လျှောက်ပါ”လို့ ပြောပြီး ပေးလိုက်တယ်၊ ဘယ့်နှယ်လဲ ဒကာငွေကိုင်ကြီး လှူနိုင်ပါ့မလား?”

“သောတာပန်မဟုတ်သေးလို့ပါဘုရား”

“အံမယ်…ဒကာငွေကိုင်ကြီးက အပြောကတော့ မလျော့ဘူး၊ သောတာပန် မဟုတ်သေးလို့တဲ့၊ ဒါဖြင့် သောတာပန်ဖြစ်ရင် ပေါင်သားလှီးလှူမယ်ပေါ့ ဟုတ်လား?”

“မှန်ပါ၊ လှူပါမယ်ဘုရား”

“အင်း…မှတ်ထားရဦးမယ်”

“မှန်ပါ၊ မှတ်ထားပါဘုရား”

“အဲဒီလို လှီးပြီးတော့ သုပ္ပိယာဟာ သူ့အနာကို အဝတ်နဲ့စီးပြီး အိပ်ယာတိုက်ခန်းထဲဝင်ကာ လှဲအိပ်နေရတာပေါ့၊ ပေါင်သားလှီးထားတော့ ထနိုင်ပါဦးမလား?”

“မထနိုင်တော့ပါဘုရား”

“အဲဒီလို သုပ္ပိယာ သူ့ပေါင်သားလှီးတဲ့အချိန်မှာ သူရဲ့ယောက်ျား သုပ္ပိယက အိမ်မှာမရှိဘူး၊ အဲ…တော်တော်ကြာ သုပ္ပိယ အိမ်ပြန်ရောက်လာတော့ သုပ္ပိယာကို မမြင်ဘူးဟုတ်လား၊ ဘယ်သွားနေလို့လဲ?”

“အိပ်ရာ တိုက်ခန်းထဲမှာ လှဲနေလို့ပါဘုရား”

“အဲ…မမြင်တော့ ကျွန်မကို “**ကဟံသုပ္ပိယာ**=သုပ္ပိယာ ဘယ်မှာလဲ”လို့ မေးတယ်၊ ဒီတော့ ကျွန်မက “**သောယျ**

http://www.dhammadownload.com



**ဩဝရကေ နိပန္နာ**=အရှင် ဒီသုပ္ပိယာ အရှင်မဟာ တိုက်ခန်းထဲမှာ အိပ်နေပါတယ်"လို့ ပြန်ဖြေတယ်။ ဒီတော့ သုပ္ပိယဒကာဟာ ပြာပြာသလဲ ဖြစ်မသွားဘူးလား?"

"ဖြစ်သွားပါတယ်ဘုရား"

"ပြာပြာသလဲဖြစ်သွားတာပေါ့၊ ခုနကတုန်းက အကောင်းသားယခုမှ ဘာများဖြစ်လို့လဲ၊ ဘယ်လိုနေလို့လဲပေါ့ ဟုတ်လား။ အမျိုးမျိုးစဉ်းစားပူပန်မှာပေါ့"

"မှန်ပါဘုရား"

"ဒကာငွေကိုင်ကြီးကော မတွေ့ရင် မပူပန်ဘူးလား?"

"မတွေ့ရင် လိုက်ရှာပါတယ်ဘုရား"

"ဒီက မေးတာက ပူပန်ဘူးလား၊ မပူပန်ဘူးလားမေးတာ၊ သူကမတွေ့ရင် လိုက်ရှာတယ်တဲ့"

"လိုက်ရှာတာ ပူပန်လို့ပါဘုရား"

"အင်း...တစ်ချက်ထဲဖြေရင် အပြီးသားနဲ့၊ ပရိယာယ်တွေ ဝေ၀စ်တွေနဲ့၊ တော်တော် တော်တဲ့ ဒကာငွေကိုင်ကြီးပါလား?"

"မှန်ပါ၊ တော်ပါတယ်ဘုရား"

"ကဲ...တော်မနေနဲ့ ရှေ့သွားကြစို့ သုပ္ပိယ ဒကာဟာ သုပ္ပိယာ ဒကာမ မတွေ့တော့ အိပ်ခန်းသွားတာပေါ့၊ ဟိုရောက်တော့ သုပ္ပိယာအား မေးတယ်-

"**ကိဿ နိပန္နာသိ**=သုပ္ပိယာ သင်ဘာကြောင့် အိပ်နေတာလဲ"တဲ့၊ ဒီတော့ သုပ္ပိယာက ပြန်ဖြေတယ်"

"**ဂိလာနမှိ**=ကျွန်မ ဖျားနာနေပါတယ်"တဲ့။

http://www.dhammadownload.com



"ဒီတော့ သုပ္ပိယဒကာက မေးတယ်။ "**ကိံ တေ အာဟ ဓော**=သင့်အနာက ဘယ်လိုအနာလဲ" တဲ့"

"ဒီတော့ သုပ္ပိယာဒကာမက ကျောင်းတော်သွားသည်မှ စပြီး ပေါင်သားလှီးသည်အထိ အကြောင်းစုံ အကုန်ပြန်ပြော ရတာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ပြန်ပြောပြတော့ သုပ္ပိယဒကာကလည်း သောတာ ပန်ဆိုတော့ ဝမ်းသာလွန်းလို့ ဘာပြောသလဲဆိုတော့-

"အချင်းတို့၊ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဒီသုပ္ပိယာဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး ကို အလွန်တရာ ယုံကြည်ပါပေ၏၊ ရတနာသုံးပါးကို အလွန် တရာ ကြည်ညိုပါပေ၏၊ မိမိရဲ့အသားတို့ကိုတောင်မှ စွန့်လှူ နိုင်သေးရင် ဒီသုပ္ပိယာအား တစ်ခြားတစ်စုံတစ်ခု မလှူ နိုင်တဲ့အရာ ဘယ်မှာရှိနိုင်တော့မှာလဲ"တဲ့၊

အဲဒီလို ပြောတယ်၊ သိပ်ပြီးတော့လည်း ရွှင်လန်းနှစ်သက်နေ တယ်၊ တက်ကြွတဲ့စိတ်လည်း ဖြစ်နေတယ်နော်"

"မှန်ပါဘုရား"

"ကဲ...သူပြောတဲ့ အတိုင်း ပေါင်သားလှီးလှူတယ်ဆိုတာ အံ့သြဖွယ် မကောင်းဘူးလား?"

"အံ့သြဖွယ် ကောင်းပါတယ် ဘုရား"

"ရှေးက ဖြစ်ဘူးလား"

"မဖြစ်ဘူးပါဘုရား"

http://www.dhammadownload.com



"သာမန်ကြည်ညိုရုံမျှနဲ့ လှူနိုင်ပါ့မလား?"

"မလှူနိုင်ပါဘုရား"

"အဲဒါကြောင့် သူ့ယောက်ျား သုပ္ပိယကလည်း ဝမ်းသာပြီး ဝမ်းသာ ဆွမ်းကျွေးချင်လို့ တစ်ခါတည်း ကျောင်းတော်သွား ဘုရားရှင်ကို လျှောက်တယ်၊ မြတ်စွာဘုရား ဘုရားရှင်သည် မနက်ဖြန်အလို့ငှာ ရဟန်းသံဃာနဲ့ အတူတကွ တပည့်တော်ရဲ့ ဆွမ်းကို အလှူခံတော်မူပါဘုရား"လို့ ပင့်လျှောက်တယ်၊ ဘာ ဆွမ်းပင့်တာလဲ"

"ဝမ်းသာဆွမ်းပင့်ပါတယ်ဘုရား"

"အဲ...ပင့်တော့ ဘုရားရှင်လည်း လက်ခံပြီး နောက်နေ့ ကျတော့ ရဟန်းသံဃာနှင့်အတူ ကြွတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ကြွတော့ အိမ်ရောက်တဲ့အခါ သုပ္ပိယပဲ တွေ့ရတယ်၊ သုပ္ပိယာကို မတွေ့တော့ ဘုရားရှင်ကမေးတယ်–

"သုပ္ပိယာ ဘယ်မှာလဲ"

"သုပ္ပိယက ဘယ်လိုဖြေလဲ–"သုပ္ပိယာ နာဖျားနေပါတယ် မြတ်စွာဘုရားတဲ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဘုရားရှင်က "နာဖျားနေသော်လည်း ငါဘုရား ထံမှောက် လာရောက်လော့" မိန့်တော်မူတယ်။

"သုပ္ပိယက ဘာပြန်လျှောက်သလဲ "မလာနိုင်ပါ မြတ်စွာ ဘုရား"တဲ့ လျှောက်တယ်၊ ဘုရားရှင်က သိတော်မူတော့ "သူ့

http://www.dhammadownload.com



ဘာသာ မလာနိုင်ရင် ချီမပြီးတော့ခေါ်ခဲ့"လို့ မိန့်လိုက်တော့တာ ပေါ့ဟုတ်လား။ ဒီတော့ သုပ္ပိယဒကာ ဆင်ခြေပေးနိုင်သေးလား?"

"မပေးနိုင်တော့ပါ ဘုရား"

## အနာပျောက်ပြီ

ဆင်ခြေမပေးနိုင်တော့ သုပ္ပိယဒကာဟာ သုပ္ပိယာဒကာမကို သွားပြီး ပွေ့ချီခေါ်ဆောင်ခဲ့ရတာပေါ့၊ ခေါ်ခဲ့တော့ သုပ္ပိယာဒကာမ ဟာ ဘုရားရှင်ကို ဖူးမြင်ရလျှင် ဖူးမြင်ရချင်း သူ့ရဲ့အနာကြီးဟာ ပျောက်သွားတယ်၊ ပကတိကောင်းတဲ့ အသား,အရေ,အမွေးတွေ အကုန်ပြန်ဖြစ်တယ်၊ အံ့ဩစရာ မကောင်းဘူးလား?"

"အံ့ဩစရာ ကောင်းပါတယ်ဘုရား"

"ကဲ...ကာယကံရှင်ဖြစ်တဲ့ သုပ္ပိယနဲ့ သုပ္ပိယာတို့က ဘယ်လောက်အံ့ဩလဲဆိုတော့–

"အချင်းတို့၊ မြတ်စွာဘုရားရဲ့ တန်ခိုးအာနုဘော်ကြီးတဲ့အဖြစ်ဟာ အံ့ဩဖွယ်ရှိပေစွတကား။ အချင်းတို့ မဖြစ်ဘူးမြဲဖြစ်စွတကား"

"မြတ်စွာဘုရားရှင်ကို ဖူးမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကြီးစွာသော အနာကြီးဟာ အသားနုတက်ပြီး ပြကတော့ ပင်ကောင်းတဲ့ အရေတွေ အမွေးတွေ ဖြစ်တုံဘိ၏"လို့ ရွှင်လန်းနှစ်သက် တက်ကြွတဲ့ စိတ်နဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို ဆက်ကပ်လှူဒါန်းတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ပညတ်ပြီ

"ဆွမ်းဘုဉ်းပေးပြီးတော့ အနုမောဒနာတရားတော် ဟော တယ်၊ ပြီးတော့ ကျောင်းတော်သို့ ပြန်ကြွတယ်၊ ကျောင်းတော် ရောက်တော့ သုပ္ပိယာ ပေါင်သားလှီးပြီး လှူဒါန်းမှုကို အကြောင်း ပြုပြီး ရဟန်းတော်တွေကို စည်းဝေးစေပြီး–"ရဟန်းတို့၊ ဘယ် ရဟန်းဟာ သုပ္ပိယာဒကာမကို အသားတောင်းသလဲ"လို့ မေး တော်မူတယ်"

"ဒီတော့ အသားတောင်းတဲ့ ရဟန်းတော်က "မြတ်စွာဘုရား တပည့်တော်သည် သုပ္ပိယာဒကာမကို အသားတောင်းမိပါတယ် ဘုရား"

"ဒီတော့ ဘုရားရှင်က 'ရဟန်း၊ သင်က အသားတောင်း တော့ ဟိုက ဆောင်ယူခဲ့သလား'လို့ မေးတယ်နော်"

"မှန်ပါဘုရား"

"ဟိုက ပေါင်သားလှီးမပေးလိုက်ဘူးလား?"

"ပေးလိုက်ပါတယ်ဘုရား"

"ဘယ်သူ့ပေးလိုက်လဲ"

"ကျွန်မကိုပါဘုရား"

"ကျွန်မကို ချက်ပြုတ်စီမံစေပြီး ရဟန်းတော်ကို မလှူ ဘူးလား?"

"လှူပါတယ်ဘုရား"

"လှူတော့ ဘုရားရှင်ရဲ့ 'ဆောင်ယူခဲ့သလား'ဆိုတဲ့ အမေးကို ဘယ်လိုဖြေမလဲ"

http://www.dhammadownload.com



"ဆောင်ယူခဲ့ပါသည် မြတ်စွာဘုရားလို့ ဖြေပါမည်ဘုရား"

"အင်း...အဲဒီလိုဖြေတော့ ဘုရားရှင်က 'ရဟန်း သင် သုံးဆောင်သလား'တဲ့ မေးပြန်တယ်၊ ရဟန်းတော်ကလည်း 'မြတ်စွာဘုရား၊ တပည့်တော် သုံးဆောင်မိပါသည်ဘုရား'တဲ့ အမှန်အတိုင်း ဖြေတယ်နော်၊ မတော်ဘူးလား?"

"တော်ပါတယ်ဘုရား"

"ဒီတော့ ဘုရားရှင်က တစ်ဆင့်မေးပြန်တယ်၊ 'ရဟန်း သင် အဲဒီအသားကို သုံးဆောင်တဲ့အခါမှာ စုံစမ်းမေးမြန်းပါရဲ့လား' တဲ့၊ ဘာတဲ့လဲ?"

"စုံစမ်းမေးမြန်းပါရဲ့လားလို့ မေးပါတယ်ဘုရား?"

"အသားကို မစားခင် ဘာသားလဲလို့ စုံစမ်းမေးမြန်းရမယ့် တာဝန်ရှိတယ်နော်၊ ဒါကြောင့် ဘုရားရှင်က မေးတာ၊ ဒီတော့ ရဟန်းတော်က 'မြတ်စွာဘုရား တပည့်တော် မစုံစမ်း မမေးမြန်း မိပါဘုရား'တဲ့၊ ဒီတော့ ဘုရားရှင်က–

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ား၊ သင်ဟာ ဘာ့ကြောင့် မစုံစမ်း မမေးမြန်းဘဲ အသားကို စားဘိ သနည်း?"

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ား၊ သင်သည် လူသားကိုစားဘိ၏"

စသည်ဖြင့် ကဲ့ရဲ့တော်မူ၍ ရဟန်းတော်တို့ကို–

"**သန္တိ ဘိက္ခဝေ သဒ္ဓါ ပသန္နာ ဇောဟိ အတ္တနော မံသာနိ ပရိစ္စတ္တာနိ**=ရဟန်းတို့ သဒ္ဓါတရားရှိ၍ ကြည်ညို

http://www.dhammadownload.com



သော လူတို့သည် မိမိ၏ အသားတို့ကိုသော်လည်း စွန့်လှူကုန်၏"

"**န ဘိက္ခဝေ မနုဿမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ**=ရဟန်းတို့ လူသားကို မစားအပ်၊ စားသောရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏"

"**န စ ဘိက္ခဝေ အပ္ပဋိဝေက္ခိတွာ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ မစုံစမ်း မမေးမြန်းဘဲ အသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ လို့ မိန့်တော်မူတယ်။ အဲဒီ မိန့်တော်မူချက်အရ-

၁။ လူသားမစားရဘူး၊

၂။ လူသားမှတစ်ပါးသော အသားကို စုံစမ်းပြီးမှ စားရမယ် လို့ ပညတ်ချက် ၂-ချက် ပညတ်လိုက်တယ်နော်"

"မှန်ပါဘုရား"

"သေသေချာချာ မှတ်မှတ်သားသား နာပါနော်"

"မှတ်မှတ်သားသား နာပါတယ်ဘုရား"

## ခွေးသား

"ကဲ...ဒီလောက်ဆိုရင် အသားကြီး ၁၀-ပါးမှ လူသားနဲ့ ပတ်သက်လို့ သိလောက်ပြီနော်၊ ဒီတော့ ခွေးသားကို ပညတ်ရခြင်းအကြောင်း သွားကြစို့ ခွေးသားကို ဘယ်အကြောင်းကြောင့် ပညတ်လဲ၊ ဒါသိဖို့ မဟုတ်လား?"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"အင်း...တစ်ရံရောအခါက လူတွေမှာ ငတ်မွတ်ခေါင်းပါး ခြင်းဘေးသင့်တယ်၊ ငတ်မွတ်တော့ တွေ့ကရာ အသား မစားကြ ဘူးလား?"

"စားကြပါတယ်ဘုရား"

"ဘာဖြစ်လို့လဲ?"

"သေမှာကြောက်လို့ပါဘုရား"

"သေမှာကြောက်တော့ ခွေးသားတွေ စားတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ခွေးသားစားတော့ ဆွမ်းခံတဲ့ ရဟန်းတော်တွေကလည်း ခွေးသား လောင်းရတာပေါ့၊ သူတို့လည်း ဒါဘဲစားရတော့ စားရတာပဲ လောင်းရတာပေါ့၊ ရဟန်းတော်တွေ ဆိုတာကလည်း လူတွေကိုမှီပြီး အသက်မွေးရတာ၊ လူတွေလောင်းတာပဲ စားရ တယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲ...ရဟန်းတော်တွေ လူတွေက လောင်းလှူလိုက်တဲ့ ခွေးသားစားတာကို လူတွေသိတော့ ကဲ့ရဲ့ကြတယ်၊ ဘယ်လိုကဲ့ရဲ့ လဲဆိုတော့-

"အဘယ်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ် တော်ဖြစ်တဲ့ ရဟန်းတော်တွေဟာ ခွေးသားကို စားကုန် ဘိသနည်း၊ ခွေးဟာ စက်ဆုပ်ဖွယ်ဖြစ်၏။ ရွံရှာဖွယ် ရှိ၏။ လို့ ကဲ့ရဲ့ကြတယ်၊ ရှုတ်ချကြတယ်၊ အပြစ်ပြပြောဆိုကြ

http://www.dhammadownload.com



တယ်၊ ဘုရားရှင်အားလည်း ဒီအကြောင်းကို လျှောက်ထား တယ်၊ ဒါကြောင့် ဘုရားရှင်က–

**န ဘိက္ခဝေ သုနခမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ ခွေးသားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ တဲ့။ အဲဒီလို သိက္ခာပုဒ် ပညတ်ချက်အကြောင်းကြောင့်ပဲ ခွေးသားကို မစားရတာနော်”

“မှန်ပါဘုရား”

## မြင်းသား

ကဲ...မြင်းသား ဘာကြောင့် မစားရလဲ၊ ဒါလည်းသိဖို့ပဲ၊ အဲ...မြင်းသားလည်း ခွေးသားလိုပဲပေါ့၊ တစ်ရံရောအခါမှာ မင်းရဲ့ မြင်းတွေ သေကြတယ်၊ သေကြတော့ လူတွေကလည်း အစာ ရေစာ ငတ်မွတ်ခေါင်းပါးတော့ မြင်းသားကို စားရတယ်၊ သူတို့ စားတဲ့အတိုင်း ရဟန်းတော်တွေကလည်း လှူတယ်၊ ရဟန်းတော် တွေကလည်း ဘုဉ်းပေးတယ်၊ ဒီတော့ လူတွေက–

“အဘယ်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ် တော်ဖြစ်တဲ့ ရဟန်းတော်တွေဟာ မြင်းသားကို စားကုန် ဘိသနည်း၊ မြင်းတို့သည် မင်းရဲ့အင်္ဂါ အသုံးအဆောင် ဖြစ်တယ်၊ တကယ်လို့သာ မင်းသိမယ်ဆိုရင် ထိုရဟန်း တွေအား မနှစ်သက်သည် ဖြစ်ရာ၏”

လို့ ကဲ့ရဲ့ကြတယ်၊ ရှုတ်ချကြတယ်၊ အပြစ်ပြ ပြောဆိုကြတယ်၊

http://www.dhammadownload.com



ဘုရား ရှင်အား ဒီအကြောင်းကို လျှောက်ထားကြတယ်၊ ဒီတော့ ဘုရားရှင်က–

"**န ဘိက္ခဝေ အဿမံသံ ပရိဘုဉ္ဇိတဗ္ဗံ ယော ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ မြင်းသားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။တဲ့။ အဲဒီလို သိက္ခာပုဒ် ပညတ်ချက် အကြောင်းကြောင့်ပဲ မြင်းသားကို မစားရတာနော်"

"မှန်ပါဘုရား"

## ဆင်သား

"ဆင်သား ဘာကြောင့် မစားရလဲ၊ ဆင်သားလည်း မြင်းသားနည်းတူပဲ။

တစ်ရံရောအခါ မင်းရဲ့ ဆင်တွေ သေကြတယ်၊ လူတွေကလည်း အစာရေစာ ငတ်မွတ်ခေါင်းပါးတော့ ဆင်သားကို စားကြတယ်၊ ဆွမ်းခံရဟန်းတော်တွေကိုလည်း လောင်းလှူကြတယ်၊ ရဟန်းတော်တွေကလည်း ဘုဉ်းပေးတယ်၊ ဒီတော့ လူတွေက–

"အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်တဲ့ ရဟန်းတော်တွေဟာ ဆင်သားကို စားကုန်ဘိသနည်း၊ ဆင်တွေဟာ မင်းရဲ့အင်္ဂါ အသုံးအဆောင်ဖြစ်တယ်၊ အကယ်၍သာ မင်းသိရင် ထိုရဟန်းတွေအား မနှစ်သက်သည်ဖြစ်ရာတယ်"

လို့ ကဲ့ရဲ့ကြတယ်၊ ရှုတ်ချကြတယ်၊ အပြစ်ပြောဆိုကြတယ်၊

http://www.dhammadownload.com



ဘုရားရှင်အား ယင်းအကြောင်းကို လျှောက်ထားကြတယ်၊ ဒီတော့ ဘုရားရှင်က–

"**န ဘိက္ခဝေ ဟတ္ထိမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ ဆင်သားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏"တဲ့၊ အဲဒီလို သိက္ခာပုဒ်ပညတ်ကြောင့် ဆင်သားကို မစားရတာနော်"

"မှန်ပါဘုရား"

## သစ်သား–ကျားသား စသည်

"ကဲ...သစ်သား၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား၊ အောင်းသားတို့အကြောင်း သွားကြစို့နော်၊ အဲဒီ အသားတွေက သဘောတူတော့ ပေါင်းပြီးတော့ ပြောကြစို့နော်၊ သို့မဟုတ်ရင် သိပ်များနေမယ် ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...တစ်ရံရောအခါမှာ မုဆိုးတွေက သစ်ကိုသတ်ပြီး အသားကိုစားကြတယ်၊ ဒီလိုပဲ ကျား၊ ခြင်္သေ့၊ ဝံအောင်းကို သတ်ပြီး အသားကို စားကြတယ်၊ သူတို့စားကြတော့ ရဟန်းတော်တွေလည်း မလောင်းဘူးလား?"

"လောင်းပါတယ်ဘုရား"

"အဲ...ဆွမ်းခံရဟန်းတော်တွေကလည်း သူတို့လောင်းလှူတာ အလှူခံရတာပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲ...ရဟန်းတော်တွေဟာ အဲဒီ သစ်သား၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား၊ အောင်းသားတို့ကို စားသုံးပြီးတော့ တောထဲမှာ တောရဆောက်တည်ကြတယ်ပေါ့နော်"

"မှန်ပါဘုရား"

ဒီလို တောထဲမှာ တောရဆောက်တည်နေတော့ သစ်တွေက သစ်နံ့ရတော့ ရဟန်းတွေကို လိုက်တော့တာပေါ့နော်"

"မှန်ပါဘုရား"

"ကျားကလည်း ကျားနံ့ရတော့ လိုက်ပေါ့၊ ခြင်္သေ့ကလည်း ခြင်္သေ့နံ့ရတော့ ရဟန်းတွေလိုက်၊ ဝံကလည်း ဝံနံ့ရတော့လိုက်၊ အောင်းကည်း အောင်းနံ့ရတော့ ရဟန်းတွေကို လိုက်ပေါ့ ဟုတ်လား?"

"ဒီတော့ ရဟန်းတော်တွေမှာ တောထဲနေရတာ အန္တရာယ်တွေ့မနေဘူးလား?"

"အန္တရာယ်တွေ့နေပါတယ်ဘုရား"

"ဒီတော့မှ ဒီလိုအန္တရာယ်တွေ့ရတဲ့ အကြောင်း အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားကြတယ်၊ ဒီတော့မှ ဘုရားရှင်က-

"**န ဘိက္ခဝေ ဒီပိမံသံ, ဗျဂ္ဃမံသံ, သီဟမံသံ, အစ္ဆမံသံ, တရစ္ဆမံသံ ပရိဘုဉ္ဇိ တဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ သစ်သားကို မစားအပ်၊ ကျားသားကို မစားအပ်၊ ခြင်္သေ့သားကို မစားအပ်၊ ဝံသား

http://www.dhammadownload.com



ကို မစားအပ်၊ အောင်းသားကို မစားအပ်၊ စားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။လို့ သိက္ခာပုဒ် ပညတ်တော်မူရင်းအကြောင်းကြောင့် သစ်သားစသည်ကို မစားရတာနော်?"

"မှန်ပါဘုရား"

"ဒီ...အစားအစာတွေ စားခြင်းရဲ့ အဓိကအကြောင်းရင်းက စိတ်ချမ်းသာ, ကိုယ်ချမ်းသာနဲ့ တရားအားထုတ်နိုင်ဖို့ မဟုတ်လား?"

"မှန်ပါဘုရား"

"ယခုတော့ သစ်သားစသည် စားတော့ ချမ်းသာမှုဖြစ်လား၊ အန္တရာယ်ဖြစ်လား?"

"အန္တရာယ်ဖြစ်ပါတယ်ဘုရား"

"အင်း...အဲဒီလို သူ့အကြောင်းနဲ့သူ တိတိကျကျ သိထား, မှတ်ထားနော်"

"မှန်ပါဘုရား"

## မြွေသား

"ကဲ...မြွေသားအကြောင်း ပြောကြစို့၊ မြွေသားလည်း မြင်းသား, ဆင်သားတို့လိုပဲ။

တစ်ရံရောအခါ လူတို့ ဝေါ်မွတ်ခေါင်းပါးခြင်းဘေး ဖြစ်တယ်၊ ဝေါ်တော့ မြွေသားချက်စားရတာပေါ့၊ သူတို့စားတော့ စားတဲ့အထဲက ဦးဦးဖျားဖျားဆိုပြီး မြွေသားဟင်း ဆွမ်းခံရဟန်းတော်

http://www.dhammadownload.com



တွေကို လောင်းလှူတာပေါ့၊ ရဟန်းတော်တွေကလည်း ဘုဉ်းပေး သုံးဆောင်တာပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလို လူတွေက မြွေသားလောင်းလို့ ရဟန်းတော်တွေ ဘုဉ်းပေးသုံးဆောင်တော့ လူတွေကပဲ-

"အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ် တော်ဖြစ်တဲ့ ရဟန်းတော်တွေဟာ မြွေသားကို စားကုန်ဘိ သနည်း၊ မြွေသည် စက်ဆုပ်ဖွယ်ရှိ၏၊ ရွံရှာဖွယ်ရှိ၏။လို့ ကဲ့ရဲ့ကြတယ်၊ ရှုတ်ချကြတယ်၊ အပြစ်ပြောဆိုကြတယ်။ ဒီလို ကဲ့ရဲ့ပြစ်တင်ရှုတ်ချတာကို သုပဿ နဂါးမင်းကြီးက ကြားတယ် သိတယ်နော်"

"အဲဒီလို ကြားသိတော့ ဘုရားရှင်ထံမှောက် သွားရောက်ပြီး လျှောက်ထားတယ်-

"မြတ်စွာဘုရား၊ သဒ္ဓါတရားမရှိ၊ ကြည်ညိုခြင်းမရှိတဲ့ နဂါးတွေရှိကြပါတယ်၊ အဲဒီ နဂါးတွေဟာ အနည်းငယ်သော အကြောင်းတို့ဖြင့်လည်း ရဟန်းတွေကို ညှဉ်းဆဲကုန်ရာပါ တယ် ဘုရား။ မြတ်စွာဘုရား၊ တောင်းပန်ပါတယ် ဘုရား၊ ရဟန်းတော်တွေအား မြွေသားကို မစားပါစေကုန်နှင့်ဘုရား"

လို့ လျှောက်ထားတယ်၊ အဲဒီအခါ ဘုရားရှင်က သုပဿနဂါးမင်း ကို တရားစကား ဟောပြောပြသတယ်၊ သုပဿနဂါးမင်းလည်း အရှိအသေပြုကာ ပြန်သွားတယ်၊ အဲဒီအကြောင်းကြောင့်ပဲ ဘုရားရှင်က-

http://www.dhammadownload.com



**"န ဘိက္ခဝေ အဟိမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယောပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ မြွေသားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏"

လို့ သိက္ခာပုဒ် ပညတ်တယ်၊ အဲဒီအကြောင်းကြောင့်ပဲ မြွေသားကို မစားရတာ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သူ့အကြောင်းနှင့်သူနေ၊ မရောစေနဲ့"

"မှန်ပါဘုရား"

## လူနှင့်ရဟန်း

"ကဲ...ယခုဆိုရင် အသားကြီး ၁၀ပါး အကြောင်း ပြောပြီးသွားပြီ၊ ဒီအသားကြီး ၁၀ပါးကို မစားရလို့ ပညတ်တာဟာ ရဟန်းတော်တွေအတွက် သီးခြားပညတ်ချက်ပါ၊ လူတွေနဲ့ မဆိုင်ပါဘူး၊ လူတွေတော့ ဒီအသားကြီး ၁၀-ပါးလည်း စားနိုင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သိက္ခာပုဒ် ပညတ်ချက်မှ မရှိဘဲ ဟုတ်လား?"

"ဟုတ်ပါတယ် ဘုရား"

"အဲဒါက လူနှင့်ရဟန်း ခြားနားချက်ပဲ၊ လူနှင့်ရဟန်း တူညီချက်လည်းရှိတယ်၊ အဲဒါက ဘာလဲ၊ နောက်က ပြောခဲ့ပြီးတဲ့ မြင်းသား၊ ကြွက်သား၊ ယုံမှားသားတွေကြတော့ အတူတူပဲ၊ အပြစ်မသင့် ဘူးလား?"

"သင့်ပါတယ်ဘုရား"

http://www.dhammadownload.com



"မမြင်သား၊ မကြားသား၊ မယုံမှားသားကျတော့လည်း အတူတူပဲ၊ အပြစ်မလွတ်ဘူးလား?"

"လွတ်ပါတယ်ဘုရား"

"အင်း...ဒီနေရာမှာ အပြစ်သင့်တာ, အပြစ်လွတ်တာသိရမယ်နော်၊ အပြစ်လွတ်တာကို အပြစ်သင့်တယ်၊ အပြစ်သင့်တာကို အပြစ်လွတ်တယ်ဆိုရင် ဘာဖြစ်မလဲ၊ အပြစ်ပြန်ဖြစ်မယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဒီနေရာမှာ မဟုတ်မတရား ပြောတဲ့ 'အဓမ္မဝါဒီ' ရယ်၊ အဟုတ်အမှန်ပြောတဲ့ 'ဓမ္မဝါဒီ'ရယ် နှစ်မျိုးကို သိထားရမယ်နော်"

"မှန်ပါဘုရား"

## အဓမ္မဝါဒီ

"**အဋ္ဌာရသဟိ ခေါ သာရိပုတ္တ ဝတ္ထူဟိ အဓမ္မဝါဒီ ဇာနိတဗ္ဗော**=ချစ်သား သာရိပုတ္တ (၁၈)ပါးသော အကြောင်းတို့ဖြင့် မတရားပြောသူ 'အဓမ္မဝါဒီပုဂ္ဂိုလ်'ကို သိရမည်တဲ့နော်၊ သေသေချာချာမှတ်ထားနော်"

၁။ **ဣဓ သာရိပုတ္တ ဘိက္ခု အဓမ္မံ ဓမ္မောတိ ဒီပေတိ**= ချစ်သား သာရိပုတ္တ ဤသာသနာတော်၌ ရဟန်းသည် တရားမဟုတ်သည်ကို တရားဟုပြ၏။

၂။ **ဓမ္မံ အဓမ္မောတိ ဒီပေတိ**=တရားကို တရားမဟုတ်ဟု ပြ၏။

http://www.dhammadownload.com



၃။ **အဝိနယံ ဝိနယောတိ ဒီပေတိ**=ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုပြ၏။

၄။ **ဝိနယံ အဝိနယောတိ ဒီပေတိ**=ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြ၏။

၅။ **အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ**=မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟု ပြ၏။

၆။ **ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတိ**=မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ်, မပြောအပ်ဟု ပြ၏။

၇။ **အနာစိဏ္ဏံ တထာဂတေန အာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ**=မြတ်စွာဘုရား၏ အလေ့အကျင့်မဟုတ်သည်ကို မြတ်စွာဘုရား၏ အလေ့အကျင့်ဟုပြ၏။

၈။ **အာစိဏ္ဏံ တထာဂတေန အနာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ**=မြတ်စွာဘုရား၏ အလေ့အကျင့်ကို မြတ်စွာဘုရား၏ အလေ့အကျင့်မဟုတ်ဟု ပြော၏။

၉။ **အပညတ္တံ တထာဂတေန အပညတ္တံ တထာဂတေနာတိ ဒီပေတိ**=မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်သည်ဟု ပြ၏။

http://www.dhammadownload.com



၁၀။ **ပဋ္ဌာန်း တထာဂတေန အပဋ္ဌာန်း တထာဂတေနာတိ ဒီပေတိ**=မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြ၏။

၁၁။ **အနာပတ္တိံ အာပတ္တီတိ ဒီပေတိ**=အာပတ်မသင့်သည်ကို အာပတ်သင့်၏ဟု ပြ၏။

၁၂။ **အာပတ္တိံ အနာပတ္တီတိ ဒီပေတိ**=အာပတ်သင့်သည်ကို အာပတ်မသင့်ဟု ပြ၏။

၁၃။ **လဟုကံ အာပတ္တိံ ဂရုကာ အာပတ္တီတိ ဒီပေတိ**=ပေါ့သော အာပတ်ကို လေးသောအာပတ်ဟု ပြ၏။

၁၄။ **ဂရုကံ အာပတ္တိံ လဟုကာ အာပတ္တီတိ ဒီပေတိ**= လေးသောအာပတ်ကို ပေါ့သောအာပတ်ဟု ပြ၏။

၁၅။ **သာဝသေသံ အာပတ္တိံ အနဝသေသာ အာပတ္တီတိ ဒီပေတိ**=အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြ၏။

၁၆။ **အနဝသေသံ အာပတ္တိံ သာဝသေသာ အာပတ္တီတိ ဒီပေတိ**=အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟုပြ၏။

၁၇။ **ဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ**=ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟုပြ၏။

၁၈။ **အဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ**=မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟုပြ၏။

http://www.dhammadownload.com



"**ဣဓမေဟိ ခေါ သာရိပုတ္တ အဋ္ဌာရသဟိ ဝတ္ထူဟိ အဝဗ္ဗဝါဒီ ဇာနိတဗ္ဗော**=ချစ်သား သာရိပုတ္တ ဤ(၁၈)ပါးသော အကြောင်းတို့ဖြင့် မတရားပြောသူ အဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်တဲ့"

"ကဲ... အဲဒီ(၁၈)ပါးဟာ အင်မတန်ကို သိဖို့အရေးမကြီးဘူးလား?"

"အရေးကြီးပါတယ်ဘုရား"

"မိမိတို့ ဗဟုသုတ ပြည့်ပြည့်ဝဝ မရှိဘဲ ပြောဟောနေသမျှ ယခုပြောပြခဲ့တဲ့ (၁၈)ပါးနဲ့ လွတ်ဖို့ လွယ်ပါ့မလား?"

"မလွယ်ပါဘုရား"

"မလွယ်ရင် သာသနာပြုလား သာသနာဖျက်လား?"

"သာသနာဖျက်ပါဘုရား"

"အမယ်...လူတွေကထင်တယ် သာသနာပြုဆိုင်းဘုတ်တင်ပြီး ဟောရင်ပြောရင် သာသနာပြုထင်နေတယ်၊ ထင်တိုင်းဟုတ်ပါ့မလား?"

"မဟုတ်ပါဘုရား"

"တရားစတုန်းက သာသနာကို ပြောခဲ့ပြီးနော်၊ ပြန်ပြီးသတိပြုအဲဒီသာသနာကို သတိပြုမိမှ သာသနာပြုကို သဘောသိနားလည်မယ်၊ သို့မဟုတ်ရင် နားမလည်နိုင်ဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



၁၃။ **ဂရုကံ အာပတ္တိံ ဂရုကာ အာပတ္တီတိ ဒီပေတိ**= လေးသော အာပတ်ကို လေးသောအာပတ်ဟု ပြ၏။

၁၄။ **သာဝသေသံ အာပတ္တိံ သာဝသေသာ အာပတ္တီတိ ဒီပေတိ**=အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြ၏။

၁၆။ **အနဝသေသံ အာပတ္တိံ အနဝသေသာ အာပတ္တီတိ ဒီပေတိ**=အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟုပြ၏။

၁၇။ **ဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ**=ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ဟုပြ၏။

၁၈။ **အဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ**= မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်းမကြမ်း တမ်းသော အာပတ်ဟုပြ၏။

"**ဣမေဟိ ခေါ သာရိပုတ္တ အဋ္ဌာရသဟိ ဝတ္ထူဟိ ဓမ္မဝါဒီ ဇာနိတဗ္ဗော**=ချစ်သား သာရိပုတ္တ ဤ(၁၈)ပါးသော အကြောင်း တို့ဖြင့် တရားသဖြင့်ပြောသူ 'ဓမ္မဝါဒီပုဂ္ဂိုလ်ကို သိရမည်'တဲ့"

"ကဲ...ဒီ(၁၈)ပါးဟာလည်း အင်မတန်မှပဲ သိဖို့ရန် အရေး မကြီးဘူးလား?"

"အရေးကြီးပါတယ်ဘုရား"

"မိမိဟို့မှာ ဗဟုသုတ ပြည့်ပြည့်ဝဝ မရှိဘဲနဲ့ ပြောဟော နေသမျှ ယခုပြောတဲ့ (၁၈)ပါးနဲ့ ညီညွတ်ဖို့လဲ လွယ်ပါ့မလား?"

http://www.dhammadownload.com



"မလွယ်ပါဘုရား"

"မလွယ်ရင် သာသနာပြုလား၊ သာသနာဖျက်လား?"

"သာသနာဖျက်ပါဘုရား"

"အင်း…ဒီခေတ်မှာတော့ ပရိယတ္တိသာသနာက အားနည်းလာတော့ ဒီ(၁၈)ပါးသိတဲ့ပုဂ္ဂိုလ်ကလည်း နည်းလာပြီ၊ ဒီတော့ သာသနာပြုတက် သာသနာဖျက်တွေ များလာပြီ။ သတိကြပ်ကြပ်ထားနိုင်မှနော်"

"မှန်ပါဘုရား"

## အဖျက်မခံရရင်

"ယခုခေတ် အခြေအနေက အဲဒီလို ဓမ္မဝါဒီ, အဓမ္မဝါဒီ မကွဲပြားတာကလည်း တစ်ကြောင်း၊ အပြင်အပ နိုင်ငံခြားဝါဒတွေကလည်း ဝင်လာတာတစ်ကြောင်းစတဲ့ အကြောင်းကြောင်းတွေကြောင့် မိမိတို့ကို သာသနာပြုအမည်ခံ ပုဂ္ဂိုလ်တွေက သာသနာမပြုနိုင်ရင် နေပါစေတော့ လက်ရှိမိမိမှာ တည်ပြီးသား သာသနာကို အဖျက် မခံရရင် တော်လောက်ပြီလို့ ဆိုရမယ့် အခြေအနေရောက်နေပြီ နော်"

"မှန်ပါဘုရား"

"အင်း…ဒါကြောင့် မိမိသန္တာန်တွင် လက်ရှိတည်နေတဲ့ သာသနာကို မပျက်အောင်၊ တည်တံ့အောင်၊ အတိုင်းထက်အလွန် တိုးပွားအောင် ကြိုးစားဖို့ တိုက်တွန်းပါတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## တိဿရသေ့လည်း မေးခဲ့ဖူးသည်

"ကဲ...ဒီလောက်ဆိုရင် အာမဂန္ဓရသေ့အလို အာမဂန္ဓခေါ်တဲ့ သားငါးကို ဘုရားရှင်နှင့် ရဟန်းများ စား, မစား၊ စားလို့ အပြစ်မဖြစ်, လူများစားသင့်, မစားသင့်၊ စားလို့ အပြစ်မဖြစ်စသည် စိစစ်ဟောကြားလို့ ပြီးသင့်သလောက် ပြီးသွားပြီ၊ ရှေ့ရောက်တော့လည်းပဲ အကြောင်းအားလျော်စွာ သာဓကတွေနဲ့ ရှင်းပြဦးမယ်၊ ယခုတော့ ဒီအကြောင်းရပ်ကြစို့နော်"

"မှန်ပါဘုရား"

"ရပ်ပြီး ရှေ့တစ်မျိုးဆက်တော့ အာမဂန္ဓပြဿနာမေးတဲ့ အာမဂန္ဓရသေ့ကို ဘုရားရှင်က 'အာမဂန္ဓပုဏ္ဏား ယခုအခါ သင်သည်သာလျှင် အာမဂန္ဓ ပြဿနာကို မေးဖူးတာမဟုတ်သေးဘူး။ အတိတ်တုန်းကလည်း တိဿပုဏ္ဏားက ကဿပဘုရားရှင်ကို အာမဂန္ဓပြဿနာ မေးဖူးခဲ့တယ်၊ ရသေ့က ဒီလိုမေးတယ်၊ ကဿပဘုရားရှင်က ဒီလိုဖြေတယ်ဆိုပြီး အာမဂန္ဓရသေ့ကို ဂေါတမဘုရားရှင်က တိဿရသေ့ကြီးကို ကဿပဘုရားရှင်က ဟောတဲ့နည်းအတိုင်း ပြန်ဟောပြတယ်နော်"

"မှန်ပါဘုရား"

## ပါဠိမိဖြည့်ပုံ

"အဲဒီလို ပြန်မဟောမီ တိဿရသေ့ကြီးနဲ့ ကဿပဘုရားရှင်တို့ရဲ့ အကြောင်းကို ပြောကြဦးစို့နော်၊ ဒါမှရှင်းမယ်၊ သို့မဟုတ်ရင် မရှင်းဘူး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အတိတ်က ကဿပဘုရားလောင်းဟာ ရှစ်သချင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်၊ ဦးပဥ္စင်းတို့ ဂေါတမဘုရားရှင်က လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်နော်၊ ပါရမီဖြည့်ပုံချင်း မတူဘူးနော်"

"မှန်ပါဘုရား"

"အဲ...ပါရမီပြည့်တော့ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ ဓနဝတီပုဏ္ဏေးမရဲ့ဝမ်း၌ ပဋိသန္ဓေတည်နေတယ်၊ အဂ္ဂသာဝက အလောင်းလည်းပဲ အဲဒီနေ့မှာပဲ ပုရောဟိတ်ပုဏ္ဏားရဲ့ ဇနီးဝမ်း၌ ပဋိသန္ဓေတည်နေတယ်၊ အဲ...ဘုရားလောင်းနဲ့ အဂ္ဂသာဝက အလောင်းတို့ဟာ အတူတူ ပဋိသန္ဓေနေတယ်၊ အတူတူဖွားတယ်နော်"

"မှန်ပါဘုရား"

"အဲ...အတူတူဖွားတော့ ဘုရားလောင်းကို 'ကဿပ'လို့ အမည်မှည့်ပြီး အဂ္ဂသာဝကအလောင်းကို 'တိဿ'လို့ အမည်မှည့်တယ်၊ အတူတူပဲ ကစားကြ၊ အတူပဲ ကြီးပွားလာကြတယ်နော်"

"မှန်ပါဘုရား"

"တိဿရဲ့ဖခင်က ပညာရှိ ပုရောဟိတ်ဆိုတော့ သူငယ်ချင်းနှစ်ယောက်တို့ရဲ့ အကြောင်းကို သိတယ်၊ ဒီတော့ သူ့သား တိဿကို တစ်နေ့ပြောတယ်–

http://www.dhammadownload.com



"ချစ်သား တိဿ၊ သင့်သူငယ်ချင်း ကဿပဟာ တစ်နေ့ကျရင် တောထွက်ပြီး ရဟန်းဝတ်လျက် ဘုရား ဖြစ်လိမ့်မယ်၊ သင်လည်း သင့်သူငယ်ချင်း ကဿပထံမှာ ရဟန်း ပြုပြီး ဘဝမှထွက်မြောက်ကြောင်း တရားကောင်းကို ကြိုးစား ပါလော့"

လို့ ပြောတယ်၊ ဒီတော့ တိဿကလည်း ကောင်းပါတယ်ဖခင် လို့ ဖခင်စကားကို ဝန်ခံပြီးတော့ ဘုရားလောင်း ကဿပထံ သွားပြီး '**ဥဘောပိ သမ္မ ပဗ္ဗဇိဿာမ**=အဆွေ သင်နှင့်ငါ နှစ်ယောက်စလုံး ရဟန်းပြုကြပါစို့'လို့ သွားပြောတယ်"

"ဒီတော့ ဘုရားလောင်း ကဿပက 'ကောင်းပါပြီ အဆွေ တိဿ'လို့ ဝန်ခံတယ်၊ ဒါပေမယ့် ရဟန်းမပြုဖြစ် ခဲ့ပါဘူး၊ ကဲ...ဘုရားလောင်းကို ဘယ်သူက ရဟန်းပြုဖို့ တိုက်တွန်းနေရသလဲ"

"အဂ္ဂသာဝက အလောင်းကပါဘုရား"

"တိုက်တွန်းလို့ ရသလား"

"ဝန်တော့ခံတယ်၊ တကယ်မဖြစ်သေးပါဘုရား"

## တိဿရသေ့ဝတ်ပြီ

"ဒီလိုနဲ့ အသက်ကမဆိုင်းဘူး၊ ကြီးကြီးလာတော့ တိဿ က ဘုရားလောင်းကို '**ဟေ သမ္မ ပဗ္ဗဇိဿာမ**=အဆွေကဿပ၊ လာပါ မင်းနဲ့ငါ အတူရဟန်းပြုကြပါစို့'လို့ ပြောပြန်တယ်၊ ဘုရား လောင်းဟာ တောမထွက်နိုင်၊ ရဟန်းမပြုနိုင်ခဲ့ပါဘူး"

http://www.dhammadownload.com



"ဒီတော့ တိဿက '**န တာဝဿ ဉာဏံ ပရိပါကံ ဂတံ**= ငါ့သူငယ်ချင်း ဉာဏ်ဟာ ရင့်ကျက်ခြင်းသို့ မရောက်သေးဘူး"လို့ စဉ်းစားပြီး တောထွက်ကာ ရသေ့ဝတ်၍ တောထဲက တောင်ခြေ တစ်ခုမှာ သခ်မ်းကျောင်းဆောက်လုပ်ပြီးနေတယ်"

"ကဲ...ဒီမှာကြည့်စမ်းပါဦး၊ ပါရမီရင့်, မရင့်နဲ့ ပတ်သက်လို့ နော်၊ ဘုရားဖြစ်မယ့် အလောင်းတော်ကဆွယ်ရမှာ ယခု ဘယ်သူ က ဆွယ်နေရလဲ?"

"အဂ္ဂသာဝက အလောင်းတော်က ဆွယ်ရပါတယ်ဘုရား"

"ဆွယ်လို့ရလား"

"မရသေးပါဘုရား"

"ဘယ်ရမလဲ၊ သူ့ဉာဏ်မှ မရင့်ကျက်သေးတာကိုနော်"

"မှန်ပါဘုရား"

"ဒီရင့်ကျက်တာ၊ မရင့်ကျက်တာဟာ အင်မတန်ကိုပဲ အသိ ခက်ပါတယ်၊ ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တိုင် သတ္တဝါတစ်ယောက် ကို ဟောပြောတဲ့နေရာမှာ ဉာဏ်ရင့်ကျက်မှုကို စောင့်ပြီး ဟောရ တာရှိတယ်မဟုတ်လား?"

"ရှိပါတယ်ဘုရား"

"အင်း...ဒါက ဘုရားရှင်တို့မှ သိနိုင်ပါတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## အလောင်းတော်ထွက်ပြီ

"အဲနောက်...ညဏ်ရင့်ကျက်တော့ အလောင်းတော်ဟာ လည်း နန်းတော်မှာနေစဉ်ပဲ အာနာပါနသတိကို ရှုပွားတော့ဈာန်၊ အဘိညာဏ်တွေရတယ်၊ ဈာန်၊ အဘိညာဉ်တွေရတော့ တောထွက် ခဲ့တယ်"

"ကဿပအလောင်းတော် တောထွက်တာဟာ အဆန်း တကျယ် အံ့သြဖွယ်ပါပဲ၊ သူနေထိုင်ရာ တရားအားထုတ်ရာ ပြာသာဒ်ကြီးနှင့် ကောင်းကင်ကနေပြီး ပြာသာဒ်ပျံစီးပြီး တောထွက် ခဲ့တယ်နော်၊ အံ့သြဖွယ်မကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"အဲ...တောထွက်လာတော့ ဗောဓိမဏ္ဍိုင်အနီး ရောက်လာ တယ်၊ ဗောဓိမဏ္ဍိုင်ဆိုတာ မြန်မာလို ဘာလဲဆိုတော့ အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ရဲ့ ကြည်လင်ရာဌာနကို ခေါ်ပါ တယ်နော်"

"မှန်ပါဘုရား"

"အဲဒီရောက်တော့ ပြာသာဒ်ကြီးကို မူလ တည်ရှိနေရာ ပြန်ပြီး တည်စေသတည်း"လို့ အဓိဋ္ဌာန်လိုက်တယ်၊ ဒီတော့ကာ ပြာသာဒ်ကြီးဟာ အသက်ရှိတဲ့ သိတတ်တဲ့ သတ္တဝါတစ်ယောက် ပမာ မူလတည်မြဲနေရာတွင် မူလအတိုင်းပဲ ပြန်ပြီးတည်နေတယ် တဲ့၊ ကဲ...အံ့သြစရာမကောင်းဘူးလား?"

"အံ့သြစရာကောင်းပါတယ်ဘုရား"

http://www.dhammadownload.com



"ပါရမီတော်အဟုန်တို့ရဲ့ သတ္တိထူးနော်"

"မှန်ပါဘုရား"

## ရဟန်းဝတ်သတ္တိ

"အင်း...အဲဒီလို ပါရမီတော် အဟုန်သတ္တိရှိပေမယ့် အလောင်းတော်ဟာ မောဝိမဏ္ဍိုင်သို့ မချဉ်းကပ်နိုင်သေးဘူးတဲ့၊ ဒီအကြောင်းကို အဋ္ဌကထာက ဘယ်လိုပြလဲဆိုတော့ '**အပဗ္ဗဇိတေန ကိရ မောဝိမဏ္ဍံ ဥပဂန္တုံ နသက္ကာ**=ရဟန်းမပြုသူဟာ မောဝိမဏ္ဍိုင်သို့ မချဉ်းကပ်နိုင်ဘူးတဲ့' ကဲ...ရဟန်းဝတ်ရဲ့ သတ္တိဟာ မကြီးဘူးလား?"

"ကြီးပါတယ်ဘုရား"

"မဝတ်ချင်ဘူးလား?"

"ကြိုးစားနေပါတယ်ဘုရား"

"လူ့ဘဝနဲ့ ရဟန်းဘဝ ဘယ်လောက်ကွာလဲ ဟုတ်လား။ ဒီမှာလည်း သိနိုင်တယ်၊ ပြီးတော့လူဝတ်နဲ့ တရားအားထုတ်ရင်း ရဟန္တာဖြစ်သွားရင် ဒီနေ့ ကိုရင်သော်လည်းကောင်း၊ ရဟန်းသော်လည်းကောင်း ဝတ်မှ၊ မဝတ်ရင် ပရိနိဗ္ဗာန်စံရောတဲ့ ကဲ...လူ့ဘဝ မညံ့ဖျင်းဘူးလား?"

"ညံ့ဖျင်းပါတယ်ဘုရား"

"နို့...ဒကာငွေကိုင်ကြီးက ညံ့ဖျင်းတာ လိုချင်လား၊ ကောင်းမြတ်တာ လိုချင်လား?"

"ကောင်းမြတ်တာလိုချင်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဒါဖြင့် ဘာလုပ်မလဲ?"

"သိတော့သိပါတယ်၊ မနိုင်သေးပါဘုရား"

"အင်း...ဒကာငွေကိုင်ကြီး အဖြစ်က ယောဂီတစ်ယောက် ငိုသလို ဖြစ်နေပြီ"

"အမိန့်ရှိပါဘုရား"

"ယောဂီဒကာမကြီးတစ်ယောက် သူ့ယောက်ျားဆုံးသွားတော့ ငိုတယ်၊ ဒီတော့ မိတ်ဆွေတွေ ဆွေမျိုးတွေ ဆရာတော်တွေက တရားဟောတယ်ပေါ့၊ သခ်ါရတရားမှန်သမျှ အနိစ္စသဘောကို မလွန်နိုင်ပုံ စသည်ပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ငိုတဲ့ ယောဂီ ဒကာမကြီးက ဘာပြန်ပြောလဲဆိုတော့ 'သိတော့သိပါတယ် မအောင့်နိုင်လို့ပါ'တဲ့။ ခုလည်း ဒကာငွေကိုင်ကြီးဘယ့်နှယ်လဲ၊မအောင့်နိုင်လို့ပါလား၊ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"တော်တော် ရိုးတဲ့ ဒကာငွေကိုင်ကြီး အမှန်ပြောတယ်နော်"

"မှန်ပါ ရိုးပါတယ်ဘုရား"

## ဘုရားဖြစ်ပြီ

"ကဲ...ဒကာငွေကိုင်ကြီး ရိုးမနေနဲ့၊ ဟိုမှာ ကဿပဘုရားလောင်းတော့ လူဝတ်နဲ့ ဗောဓိမဏ္ဍိုင်နားမကပ်နိုင်တော့ ရဟန်းဝတ်သွားပြီ၊ ရဟန်းဝတ်တော့ ဗောဓိမဏ္ဍိုင်ရောက်ပြီး ထိုင်လျက်ခုနစ်ရက် တရားအားထုတ်တယ်၊ ဘုရားဖြစ်သွားပြီ"

http://www.dhammadownload.com



"ဘုရားဖြစ်တယ်ဆိုရင် ဣသိပတန မိဂဒါဝုန်တောထဲမှာ နေကြတဲ့ ရသေ့နှစ်သောင်းကို ကဿပဘုရားရှင် ခေါ်တော်မူပြီး ဓမ္မစကြာတရား ဟောတော်မူတယ်၊ ဓမ္မစကြာ တရားတော် အဆုံးမှာ ရသေ့နှစ်သောင်း ရဟန္တာဖြစ်တယ်"

"ရသေ့တွေ ရဟန္တာဖြစ်ပြီးတော့ ရဟန်းဝတ်ကြတယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားရှင်နှင့် အတူတကွ ရဟန်းတော်နှစ်သောင်းတို့ ဣသိပတန မိဂဒါဝုန်တောထဲမှာပဲ သီတင်းသုံးကြတယ်၊ ကာသိ တိုင်းဘုရင် ကိကီမင်းကြီးက ပစ္စည်းလေးပါး ထောက်ပံ့တယ်နော်"

"မှန်ပါဘုရား"

"တိဿရသေ့ကြီးကတော့ ကဿပဘုရားရှင် ပွင့်တော်မူ မှန်း မသိသေးဘူးနော်"

"မှန်ပါဘုရား"

"ဒီမှာတော့ သာသနာပ ရသေ့တွေဟာ သာသနာတွင်း ရဟန်းအဖြစ်သို့ ပြောင်းမကုန်ကြဘူးလား"

"ပြောင်းကုန်ကြပါတယ်ဘုရား"

"ရသေ့နဲ့ရဟန်း ရဟန်းကမြတ်တော့ ရဟန်းဘဝသို့ ပြောင်းရ တာပေါ့နော်"

"မှန်ပါဘုရား"

"အဲဒါဆို သာသနာတော် စည်ပင်ပြန့်ပွားလာတယ်လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲ...သာသနာတွင်းမှာ ရဟန်းဘဝကနေ ရသေ့ဘဝသို့ ပြောင်းသွားရင်တော့ သာသနာဆုတ်ယုတ်ပြီလို့ မှတ်ပေတော့နော်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ မြင့်မြတ်တဲ့ရဟန်းဘဝမှ နိမ့်တဲ့ ရသေ့ဘဝသို့ ပြောင်းလိုက်တော့ ဆုတ်သလား၊ တိုးသလား?"

"ဆုတ်ပါတယ်ဘုရား"

"အင်း...အကျင့်တရားတွေ မကျင့်နိုင်လို့ လျှောချရတာ ဖြစ်တော့ 'ပဋိပတ္တိသာသနာ' ဆုတ်တာပေါ့နော်"

"မှန်ပါဘုရား"

## တိဿသိဒ္ဓိ

အဲ...ဒီလိုနဲ့ ဗာရာဏသီပြည်သား ယောက်ျားတစ်ယောက်ဟာ တောကြိုတောင်ကြားမှာ စန္ဒကူးနှစ်စတဲ့ အဖိုးတန် တောထွက်ပစ္စည်းတွေ လိုက်ရှာရင်း တိဿရသေ့ကြီးရဲ့ သခ်မ်းကျောင်း ရောက်သွားတယ်။

"ရောက်တယ်ဆိုရင်ပဲ တိဿရသေ့ကြီးကို ရှိခိုးပြီး ထိုင်နေတယ်၊ တိဿရသေ့ကြီးက မြင်တော့မေးတယ်-

"အမောင် သင်ဘယ်ကလာခဲ့သလဲ?"

"အရှင်ဘုရား၊ တပည့်တော် ဗာရာဏသီပြည်က လာခဲ့ပါတယ်ဘုရား"

"ဗာရာဏသီပြည်မှာ ယခုအခါ ဘာတွေ အထူးအဆန်း ဖြစ်ပေါ်နေသလဲ?"

http://www.dhammadownload.com



"အရှင်ဘုရား၊ ဗာရာဏသီပြည်မှာ ယခုအခါ ကဿပ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်နေပါတယ်ဘုရား"

တိဿရသေ့ကြီးဟာ ဘုရားပွင့်နေပါတယ်ဆိုတဲ့ အင်မတန် ကြားရခဲတဲ့စကားကို ကြားရတော့ အကြီးအကျယ်ပဲ နှစ်သက် ဝမ်းမြောက်မှု ပီတိ, သောမနဿ ဖြစ်သွားပါတယ်၊ ပီတိ သောမနဿ ဖြစ်ပြီးတော့ သူ့အတွက် အင်မတန် အရေးကြီး နေတဲ့ အာမဂန္ဓ ပြဿနာကို မေးပါတယ်၊ ဘာကိုမေးလဲ"

"အာမဂန္ဓပြဿနာ မေးပါတယ်ဘုရား"

## အာမဂန္ဓပြဿနာ

"သာသနာပ ရသေ့တွေရဲ့ အဓိကအကျင့်ဟာ ဒါပဲနေ့၊ ဒါကြောင့် အရေးတကြီး ဒါပဲမေးတာပေါ့၊ တခြားတရား ဟောတာ မဟောတာ စသည်ကို မမေးဘူး၊ ကဲ...ဘယ်လိုမေးလဲဆိုတော့-

"**ကိံ သော အာမဂန္ဓံ ဘုဉ္ဇတိ, န ဘုဉ္ဇတိ**=အမောင် အဲဒီ ကဿပဘုရားရှင်ဟာ 'အာမဂန္ဓ=အညှီအဟောက်' ဘုဉ်းပေးလား၊ မဘုဉ်းပေးဘူးလား?"

"ဒီလိုမေးတော့ ဟိုယောက်ျားက အညှီအဟောက်=အာမ ဂန္ဓ"ဆိုတာ ဘာလဲလို့မှ မသိတာ၊ မသိတော့ ပြန်မေးရတာပေါ့၊ ဘယ်လိုမေးလဲဆိုတော့-

"**ကော ဘန္တေ အာမဂန္ဓော**=အရှင်ဘုရား အာမဂန္ဓ အညှီ အဟောက်ဟူသည် အဘယ်ပါနည်း"

http://www.dhammadownload.com



"**မဇ္ဈိမံသံ အာရသော**=အမောင်၊ အာမဂန္ဓ=အညှီအဟောက် ဟူသည့် သားငါးကိုခေါ်တယ်"

"ဘုရားဘုဉ်းပေးသလား၊ မဘုဉ်းပေးဘူးလား?"

"ဘုဉ်းပေးပါတယ်ဘုရား"

"အင်း...ဘုဉ်းပေးတော့ ဟိုယောက်ျားက ဖြေတာပေါ့ '**ဘဂဝါ ဘန္တေ မဇ္ဈိမံသံ ဘုဥ္စတိ**=ဘုရားရှင် မြတ်စွာဘုရားသည် သားငါးကို ဘုဉ်းပေးပါတယ်ဘုရား' တဲ့"

"ကဿပဘုရားရှင် သားငါးဘုဉ်းပေးတယ်နော်"

"မှန်ပါဘုရား"

"အဲ...ကဿပဘုရားရှင်ဟာ သားငါးဘုဉ်းပေးတယ်ဆိုတဲ့ အသံလည်း တိဿရသေ့ကြီး ကြားကရော နှလုံးမသာမယာ ဖြစ်သွားတယ်၊ ပြီးတော့ တစ်ဖန်စဉ်းစားတယ် 'သူများပြောစကား ယုံပြီး သူများပါးစပ်ဖျား လမ်းဆုံးနေလို့ မသင့်သေးဘူး၊ သွားပြီး ကိုယ်တိုင်မေးကြည့်မှတဲ့၊ ဘာတဲ့လဲ"

"ကိုယ်တိုင်မေးကြည့်မှတဲ့ပါဘုရား"

"ဒါ...အင်မတန် မှတ်စရာကောင်းတယ်၊ သူများစကား ယုံပြီး သူများပါးစပ်ဖျား လမ်းဆုံးနေတော့ ကိုယ့်အတွက် အကျိုး မယုတ်ဘူးလား?"

"အကျိုးယုတ်ပါတယ်ဘုရား"

"အကျိုးယုတ်ချင်လား?"

"အကျိုးမယုတ်ချင်ပါဘုရား"

"မယုတ်ချင်ရင် ဘာလုပ်ရမလဲ"

"ကိုယ်တိုင်စုံစမ်းရပါမယ်ဘုရား"

http://www.dhammadownload.com



## သွားမေးပြီ

"အဲ...ရသေ့ကြီးကလည်း သွားမေးမယ်တဲ့၊ သွားမေးလို့ 'အညှီအဟောက် အာမဂန္ဓစားတယ်ဆိုရင်' 'အရှင်ဘုရား အညှီအဟောက်=အာမဂန္ဓစားခြင်းဟာ အရှင်ဘုရားတို့အတွက် ဇာတ်, အမျိုး, အနွယ်အား မလျှောက်ပတ်ပါ'လို့ တားမြစ်မယ်တဲ့၊ ဘာလုပ်မှာလဲ"

"တားမြစ်မှာပါတဲ့ဘုရား"

"အဲ...တားမြစ်ပြီးတော့ အဲဒီဘုရားရှင်ထံမှာ ရဟန်းဝတ်ပြီး ဘဝမှလွတ်မြောက်ကြောင်း တရားကောင်းတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်မယ်တဲ့၊ အကြံမကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"**'အကြံကောင်းဃင်တစ်ချက်'**တဲ့ စကားပုံမရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"အဲ...အကြံကောင်းနဲ့ ပေါ့ပါးတဲ့ ပရိက္ခရာတွေကိုယူပြီး ဗာရာဏသီသို့ သွားပြီး၊ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း လမ်းမှာ တစ်နေရာ နှစ်ညမအိပ်ဘူးတဲ့၊ တစ်ညစီသာ အိပ်လာခဲ့တယ် ဗာရာဏသီရောက်၊ ဣသိပတန မိဂဒါဝုန်တောသို့ ဝင်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီအချိန်မှာ ကဿပဘုရားရှင်ကလည်း တရားဟောဖို့ရာ တရားဟောပလ္လင်ထက်မှာ ထိုင်နေတော်မူဆဲဖြစ်တယ်၊ အာမဂန္ဓ ရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာ ဂေါတမဘုရားရှင်ထံ သွားတော့

http://www.dhammadownload.com



လည်း ဂေါတမဘုရားရှင် တရားဟောဖို့ရာ တရားဟော ပလ္လင်ထက်မှာ ထိုင်နေတော်မူဆဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ နှစ်ဆူသော ဘုရားရှင်တို့ တရားဟောတော်မူမည့် ဆဲဆဲ ပုံတော်ထဲမှာ ဂုဏ်တော်သွင်းပြီး အာရုံပြု ကြည်ညိုရင်း နာကြားရမယ်နော်"

"မှန်ပါဘုရား"

"အဲ...တိဿရသေ့ကြီး ကဿပဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိမခိုးဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်ပဲ ထိုင်နေတယ်၊ ဘာဖြစ် လို့လဲ?"

"အမိန့်ရှိပါဘုရား"

"ရသေ့ကြီးက သားငါးမစားဘူး၊ ဘုရားက သားငါးစားတယ် ဆိုတော့ စားတဲ့သူထက် မစားတဲ့သူက မြတ်တဲ့သဘောပေါ့၊ ဟုတ်လား ဒါကြောင့် ရှိမခိုးတာပေါ့နော်"

"မှန်ပါဘုရား"

"အဲ...တိဿရသေ့ကြီးဟာ ကဿပဘုရားရှင်ကို ရှိမခိုးဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေသလိုပဲ အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာလည်း ဂေါတမဘုရားရှင်ကို ရှိမခိုးဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...နှစ်ဆူသော ဘုရားရှင်တို့ရှေ့မှာ ရသေ့တွေ နေထိုင် ပုံသာ အာရုံပြုကြည့်တော့ မျက်နှာနေ မျက်နှာထား တင်းတင်းနဲ့ ဒူထောင်ပေါင်ကားနေမလား မသိဘူးနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ အသားစားလို့တဲ့၊ ဒါကြောင့် ရှိမခိုးဘဲ နေတာကို။ ဟုတ်လား?"

"မှန်ပါဘုရား"

"ဘုရားရှင်တို့ရဲ့ မဟာကရုဏာတော်ကလည်း ဘယ်လောက်ကြီးကျယ်လဲ၊ ဂေါတမဘုရားရှင်က အာမဂန္ဓရသေ့ကြီးနှင့်တကွ ရသေ့တွေကို စတင်ပြီး နှုတ်ခွန်းဆက်တယ် မဟုတ်လား?"

"မှန်ပါ ဆက်ပါတယ်ဘုရား"

"အဲ...ကဿပဘုရားရှင်ကလည်း တိဿရသေ့ကြီးကို စတင်ပြီးတော့ နှုတ်ခွန်းဆက်တယ်၊ ဒါဟာ ဘုရားရှင်တို့ရဲ့ ဓမ္မတာပဲ တဲ့နော်"

"မှန်ပါဘုရား"

"ကဲ...ကဿပဘုရားရှင်က တိဿရသေ့ကြီးကို နှုတ်ခွန်းဆက်ပုံက ဘယ်လိုတဲ့လဲ-

"တိဿကျန်းမာပါရဲ့လား၊ မျှတပါရဲ့လား၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိပါရဲ့လား၊ လမ်းခရီးလည်း မပင်ပန်းဘဲလာခဲ့ရဲ့လား"လို့ နှုတ်ခွန်းဆက်တယ်၊ ဒီတော့မှ တိဿ ရသေ့ကြီးရဲ့ စိတ်နေစိတ်ထားတွေ ပြောင်းသွားတယ်၊ နူးညံ့ သိမ်မွေ့သွားတယ်နော်"

"မှန်ပါဘုရား"

"အကယ်၍သာ ကဿပဘုရားရှင်က စတင်ပြီး နှုတ်ခွန်း မဆက်ရင် ဒီလိုဖြစ်နိုင်ပါ့မလား?"

http://www.dhammadownload.com



"မဖြစ်နိုင်ပါဘုရား"

"အဲဒီလို နှုးညံ့သွားတော့မှ ဝမ်းသာရွှင်ပျစွာနဲ့ ပြန်ပြီး ဖြေတယ်၊ ဘယ်လိုတဲ့လဲ-

"ကျန်းမာပါတယ် မြတ်စွာဘုရား။ မျှတပါတယ် မြတ်စွာဘုရား၊ ဆွမ်းအတွက်လည်း မပင်ပန်းပါ မြတ်စွာဘုရား၊ လမ်းခရီးလည်း မပင်မပန်းလာခဲ့ရပါတယ် မြတ်စွာဘုရား" လို့ ပြန်ပြီးတော့ ကြည်သာရွှင်ပြဖြေလည်းပြီးရော သူ့အတွက် အရေးကြီးတဲ့ ပြဿနာကို မေးဖို့ပြင်တာပဲ၊ သူ့အတွက် အရေးကြီးတဲ့ ပြဿနာက ဘာလဲ?"

"အာမဂန္ဓပြဿနာပါ ဘုရား"

"အဲဒီ ပြဿနာကို မေးတော့တာပေါ့-'**အာမဂန္ဓံ ဘော ကဿပ ဘုဉ္ဇတိ, န ဘုဉ္ဇတိ**=အို...အရှင်ဘုရားကဿပ အညှီအဟောက် အာမဂန္ဓကို ဘုဉ်းပေးသလော၊ မဘုဉ်းပေးသလော' တဲ့ မေးတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ကဿပဘုရားရှင်က- '**နာဟံ ဗြဟ္မဏ အာမဂန္ဓံ ဘုဉ္ဇာမိ**=တိဿပုဏ္ဏား၊ ငါသည် အညှီအဲဟောက် အာမဂန္ဓကို မစားဘူး' တဲ့နော်"

## ဖြေပုံမတူ

"ဒီမှာ ဘုရားနှစ်ဆူဖြေပုံမတူတာကို ပြန်ပြီး သတိထားနားထောင်ပါ၊ ဂေါတမဘုရားရှင်ကို အာမဂန္ဓရသေ့က အာမဂန္ဓ ဘုဉ်းပေးလား၊ မဘုဉ်းပေးလား မေးလျှောက်တော့ ဂေါတမဘုရား

http://www.dhammadownload.com



ရှင်က အာမဂန္ဓဆိုတာ ဘာလဲလို့ ပြန်မေးတယ်၊ အာမဂန္ဓရသေ့က အာမဂန္ဓဆိုတာ သားငါးကို ခေါ်ပါတယ်ဆိုတော့ ဂေါတမဘုရားရှင်က–

"အာမဂန္ဓ ပုဏ္ဏား အသားတွေ၊ ငါးတွေဟာ အညှီအဟောက် အာမဂန္ဓ မဟုတ်ဘူး၊ စင်စစ်တော့ အာမဂန္ဓဆိုတာ အလုံးစုံသော ကိလေသာတွေနဲ့ ယှုတ်မာတဲ့ အကုသိုလ်တရားတွေပဲ"လို့ ဖြေတယ် မဟုတ်လား၊ ယခု ကဿပဘုရားရှင်ကျတော့ အာမဂန္ဓဆိုတာ ဘာလဲလို့ ပြန်ပြီးတော့ မမေးတော့ဘဲ အာမဂန္ဓကိုမစားဘူးလို့ ဖြေတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဖြေပုံချင်းတူလား"

"မတူပါဘုရား"

## အယူမတူ

အဲဒီလို ကဿပဘုရားရှင်က အာမဂန္ဓ မဘုဉ်းပေးဘူးလဲဆိုရော တိဿရသေ့ကြီးက ဘာပြောလဲ– 'သာဓု...သာဓု အရှင်ကဿပ သူတစ်ပါး အသေကောင်ကို မစားတဲ့အတွက် ကောင်းသည်ကို ပြုသည် မည်ပါတယ်၊ အရှင်ကဿပ သူတစ်ပါး အသေကောင်ကို မစားတဲ့အတွက် ဇာတ်အမျိုးအနွယ်အား လျှောက်ပတ်ပါတယ်တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"တိဿရသေ့ကြီးက ကဿပ ဘုရားရှင် မစားတဲ့ အာမဂန္ဓဟာ သူမစားတဲ့ အာမဂန္ဓမျိုးထင်ပြီး သာဓုခေါ်နေတာ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သာဓုဘယ်နှစ်ကြိမ်ခေါ်သလဲ?"

"နှစ်ကြိမ်ပါဘုရား"

"ကဲ...တိဿရသေ့ကြီးရဲ့ အာမဂန္ဓနဲ့ ကဿပဘုရားရှင်ရဲ့ အာမဂန္ဓတူရဲ့လား"

"မတူပါဘုရား"

"အဲဒီတော့မှ ကဿပဘုရားရှင်ကလည်း စဉ်းစားတယ်၊ ဘယ်လိုစဉ်းစားလဲဆိုတော့-

"ငါက ကိလေသာတွေကို ရည်ရွယ်ပြီး အာမဂန္ဓကို မစားဘူးလို့ပြောတယ်၊ တိဿရသေ့က သားငါးကို မစားဘူးလို့ ယုံကြည်တယ်၊ ငါ နက်ဖြန်နံနက် ရွာတွင်းသို့ ဆွမ်းခံမဝင်ဘဲ ကိကီမင်းကြီး နန်းတော်မှ ပို့တဲ့ဆွမ်းကို ဘုဉ်းပေး ရရင်ကောင်းမယ်၊ ဒီလိုဘုဉ်းပေးရင် အာမဂန္ဓနဲ့ ပတ်သက်တဲ့ ပြဿနာစကား ဖြစ်ပေါ်လာမယ်၊ အဲဒီလို ဖြစ်ပေါ်လာရင် တိဿပုဏ္ဏားကို တရားဟောပြီး အာမဂန္ဓ အကြောင်း သိစေမယ်"တဲ့၊ အဲဒီလိုစဉ်းစားဆင်ခြင်တယ် နော်"

http://www.dhammadownload.com



## ပထမပိုင်းပြီးပြီ

"ကဲ...မှန်ပါဘုရား လုပ်မနေနဲ့တဲ့နော်၊ ပထမပိုင်း ဒီမှာပဲ ပြီးမှဖြစ်မယ်၊ ဦးပဥ္စင်းတို့ကတော့ ဟောနိုင်ပါသေးတယ်၊ ဒါပေမယ့် တရားပွဲကြီး ၁၀ ညတောင် ဆက်တိုက်ဆိုတော့ နာကြားသူတွေ အဖို့လည်း အရှည်သဖြင့်ဆိုတော့ တစ်ညတစ်ည ဒီလောက်ပဲ ကောင်းတယ်နော်၊ ဒီတော့ အာမဂန္ဓသုတ္တန်တရားတော် ပထမပိုင်း ပြီးပြီပေါ့၊ ပြီးပြီသာဆိုရတယ် အာမဂန္ဓသုတ္တန်မူရင်းကို မရောက် တောင် မရောက်သေးပါဘူး၊ အချီးပဲရှိပါသေးတယ်"

"မနက်ဖြန် ညကျမှ ဆက်ပြီး ဟောကြ၊ နာကြတာပေါ့ နော်၊ ဒီတော့ ပရိသတ်က အာရုံယူထားရမှာက ဂေါတမဘုရား ရှင်ရဲ့ ရှေ့တော်မှာ အာမဂန္ဓရသေ့ အမှူးရှိတဲ့ တရားနာပရိသတ် များရှိနေပုံ၊ ကဿပဘုရားရှင် ရှေ့တော်မှာ တိဿရသေ့ကြီးနဲ့ ပရိသတ်များရှိနေပုံကို အာရုံယူထားပါ၊ ကြည်ညိုနေပါ"

## ဆုတောင်းအမျှဝေ

**မောဠိယာ ပစ္စယော ဟောတု**
**ဣဒံ နော ပုညမင်္ဂလံ**
**ပုညဘာဂံ သုလာဘန္တု၊**
**ပမောဒန္တု၊ သဒေဝကာ။**

**နော**=မြင့်မြတ်သာကြည် ပါရမီ ရင့်ကျူး ဓာနည်ထူး သူတော် စင်၊ ကုသိုလ်ရှင် အကျွန်ုပ်တို့၏ **ဣဒံ ပုညမင်္ဂလံ**=ဗုဒ္ဓဟောကြား၊ တရားဒေသနာ, မြတ်ညြဝါကို, နာခံမှတ်သား, ပြန်ဟောကြား၍,

ပွားများကျင့်ကြံ, အဖန်ဖန်ကြိုးကုတ်, အားထုတ်ရသည့်, ဤကုသိုလ်မဂ်လာသည်၊ **ဗောဓိယာ**=သစ္စာလေးအင်, နိုင်သဖင်ကို, ပြိုင်ယှဉ်ဆွတ်ခူး, ထွက်ဖူးရင့်သန်, ဗောဓိဉာဏ်၏၊ **ပစ္စယော**=ဥပနိဿယ, အမှီရ၍, မုချရကြောင်း, ကောင်းမြတ်တဲ့ အထောက်အပံ့သည်၊ ဟောတု=စင်စစ်မသွေ, ဖြစ်ပါစေသတည်း။ **ဣဒံ ပုညဘာဂဥ္စ**=ဗုဒ္ဓဟောကြား, တရားဒေသနာ, မြတ်သြဝါကို, နာခံမှတ်သား, ပြန်ဟောကြား၍, ပွားများကျင့်ကြံ, အဖန်ဖန်ကြိုးကုတ်, အားထုတ်ရသည့်, ဤကုသိုလ်ပုညမဂ်လာ၏ အဖို့ကိုလည်း။ **သဒေဝတာ**=ကမ္ဘာမှာနေသမျှ, ဝေနေယျများစွာ, သတ္တဝါအနန္တမှန်သမျှတို့သည်၊ **သုလဘာန္တု**=ရွှင်လန်းကြည်မြေ့, ဝါဂွမ်းပုံ ဆီတွေ့သကဲ့သို့, ပီတိငွေ့စိတ်မှာထုံလျက်, ဣဋ္ဌာရုံအတွေ့ထူးမို့ ကြည်နူးကိုယ်ပိုင်, ရယူနိုင်ကြပါစေကုန်သတည်း။ **သုလဒ္ဓါ**=ကိုယ်စီ,ကိုယ်စီ, အလိုညီလျက်, ကြည်သာရွှင်ပြုံး, အားလုံးမျှတူ, အရယူကြကုန်ပြီး၍၊ **ပမောဒန္တု**=ကိုယ်စိတ်နှစ်ဖြာ, လိုက္ကစ္ဆာဖြင့်, ပြည့်ခါကြွယ်မောက်, ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။ ဝါ=**ပမောဒန္တု**=လူ့ပြည်တွင်မက, နတ်ပြည်မှ ဆက်သွယ်လျက်, အထက်နယ်ဗြဟ္မာချင်းလှို့မို့ ဖြာသတင်းကမ္ဘာတုန်အောင်, သဒ္ဓါဟုန်လျှမ်းလျှမ်းမောက်ပြီးလျှင်, ဝမ်းမြောက်ဝမ်းသာ, ပတ္ထနာအောင်ဆု, ခါခါပြုလျက်, သာဓုသံ အောင်နိမိတ်ဖြင့်, အောင်ဘိသိက်သွန်းနိုင်ကြပါစေကုန်သော်။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# ဗုဒ္ဓ၏သက်သတ်လွတ်တရား

## (ဒုတိယပိုင်း)

သာသနာတော်သက္ကရာဇ် ၂၅၂၀–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၈–ခုနှစ်၊ တပို့တွဲလဆန်း ၅–ရက်နေ့ညတွင် မုံရွာမြို့ သဘောဦး ဓမ္မာရုံ၌ မုံရွာမြို့ ပဋ္ဌာန်းလှူငယ်အဖွဲ့မှ ကြီးမှူးကျင်းပသော တရားပွဲ၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် နှစ်ခုမြောက် စူဠဝဂ်လာ နှစ်ခုမြောက် အာမဂန္ဓသုတ္တန်တရားတော် ဒုတိယပိုင်းပေါ့။ မနေ့က ပထမပိုင်းပြီးသွားတော့ ဒီနေ့ ဒုတိယပိုင်း ဟောရ၊ နာရမယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဟောရ နာရတော့ ဒီအာမဂန္ဓသုတ္တန်ကို ဟောတော်မူတဲ့ နှစ်ဆူသောဘုရားရှင်တို့ကို အာရုံယူထားလို့ မနေ့က ပထမပိုင်း အပြီးမှာ ပြောခဲ့တယ် မဟုတ်လား?"

"ပြောခဲ့ပါတယ်ဘုရား"

"ကဲ–ဒါဖြင့် အဲဒီနှစ်ဆူသော ဘုရားရှင်တို့ကို အာရုံပြု ရှိခိုးကြည်ညိုကြရအောင် အားလုံးပရိသတ် လက်အုပ်ချီကြပါ"

http://www.dhammadownload.com



❀ တိပဉ္စ ဒသကာ သျှံသေ,
ဒွေစတ္တာရော နဝေကံသာ၊
ရူပေ ဃောသေ လူခေ ဓမ္မေ,
ပသန္နာ တေဟိ ယေ နမေ။

**တိအံသေ**=စည်းဝေးမိသူ, နတ်လူပြဟ္မာ, သတ္တဝါတို့ကို, သုံးစုသုံးပုံပြု၍ **ဒွေအံသာ**=နှစ်စုနှစ်ပုံသော နတ်လူပြဟ္မာ သတ္တဝါတို့သည်၊ **ရူပေ**=ရုပ်ရေအဆင်း လှပခြင်း၌၊ **ပသန္နာ**=သဒ္ဓါရှင်လန်းစို, ကြည်ညိုကြလေကုန်၏။ **ပဉ္စအံသေ**=စည်းဝေးမိသူ နတ်လူပြဟ္မာ သတ္တဝါတို့ကို, ငါးစုငါးပုံပြု၊ **စတ္တာရောအံသာ**= လေးစုလေးပုံသော နတ်လူပြဟ္မာ သတ္တဝါတို့သည်၊ **ဃောသေ**= ကျော်ဇောသတင်း အသံကောင်းခြင်း၌၊ **ပသန္နာ**=သဒ္ဓါရွှန်းစို, ကြည်ညိုကြလေကုန်၏။ **ဒသအံသေ**=စည်းဝေးမိသူ, နတ်လူ ပြဟ္မာ, သတ္တဝါတို့ကို, ဆယ်စုဆယ်ပုံပြု၍ **နဝအံသာ**=ကိုးစုကိုးပုံသော နတ်လူပြဟ္မာ သတ္တဝါတို့သည်၊ **လူခေ**=ပစ္စည်းလေးဖြာ, ကိလေသာခေါင်းခြင်း၌ **ပသန္နာ**=သဒ္ဓါရွှန်းစို, ကြည်ညိုကြလေကုန်၏။ **ကာသိအံသေ**=စည်းဝေးမိသူ, နတ်လူပြဟ္မာ, သတ္တဝါတို့ကို, တထောင်စု တထောင်ပုံပြု၍၊ **ကာသိအံသေ**=စည်းဝေးမိသူ, နတ်လူပြဟ္မာ, သတ္တဝါတို့ကို, တသိန်းစုတသိန်းပုံပြု၍၊ **ဧကံသာ**=တစုတပုံသာသော, နတ်လူပြဟ္မာ, သတ္တဝါတို့သည်၊ **ဓမ္မေ**=သီလ-သမာဓိ-ပညာ ဟူသော ဂုဏ်တရား၌၊ **ပသန္နာ**= သဒ္ဓါရွှန်းစို, ကြည်ညိုကြလေကုန်၏။ **တေဟိ**=ထိုရူပပမာဏ ပုဂ္ဂိုလ်, ဃောသပ္ပမာဏပုဂ္ဂိုလ်, လူခပမာဏပုဂ္ဂိုလ်, ဓမ္မပမာဏ

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့သည်၊ **ပသာဒိ တမ္ဗာ**=သဒ္ဒါရွှန်းစို, ကြည်ညိုအပ်ကုန်သော၊ **ယေဂုဏာ**=အကြင် ရူပ-ဝါစာ, ဣဒ္ဓိ-ဓမ္မဟူသော အစိန္တေယျဂုဏ်တော်တို့သည်၊ **သန္တိ** =ထင်ရှားပုံသေ, ရှိတော်မူကြပါပေကုန်၏၊ **တေ**=အစိန္တေယျလေးပါး, ထိုဂုဏ်တရားတို့ကို၊ **မယံ**=တရားဟောပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ်, ခေါ်ဆိုသမုတ်, အကျွန်ုပ်တို့သည်၊ **နမေ-နမာမ**=ကိုယ်-နှုတ်-နှလုံး, သုံးပါးပျောင်းပျော့, မာန်ကိုလျှော့၍, ဂန်တော့မြတ်နိုး, လက်အုပ်မိုးလျက်, ရှိခိုးဦးညွတ်ပါကုန်၏ မြတ်စွာဘုရား"

"သာဓု-သာဓု-သာဓု"

"စည်းဝေးမိသူ နတ်၊ လူ ဗြဟ္မာတွေကို သုံးပုံပုံ-နှစ်ပုံက ရုပ်ရည်အဆင်း လှပခြင်း၌ ကြည်ညိုတယ်တဲ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် **"သုံးပုံနှစ်ပုံ ရူပါရုံ"**လို့ ဆိုကြတာပေါ့၊ စည်းဝေးမိသ ပရိသတ်ကို ငါးပုံပုံ-လေးပုံသော ပရိသတ်တွေဟာ ကျော်ဇောသတင်းကြီးတာနဲ့ အသံကောင်းတာကို ကြည်ညိုတယ်တဲ့၊ ကြည်ညိုပုံကောင်းရဲ့လား"

"ကောင်းပါတယ်ဘုရား"

"ဘယ်ကလာကောင်းရမှာလဲ၊ သူပြောလူပြော သူများပါးစပ်ဖျားလမ်းဆုံးနေတဲ့ လူတွေပဲဟာ၊ ပြီးတော့ တရားကြည်ညိုရမှာ အသံကိုသာ ကြည်ညိုနေတာပဲ၊ ဒါကြောင့် **"ငါးပုံလေးပုံ သဒ္ဒါရုံ"** လို့ ဆိုတာပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"စည်းဝေးမိသူတွေကို ဆယ်ပုံပုံ ကိုးပုံသော သတ္တဝါတွေက ကိလေသာခေါင်းပါးခြင်းနှင့် ပစ္စည်းလေးပါး ခေါင်းပါးခြင်းကို ကြည်ညိုတယ်၊ အဲဒီသတ္တဝါတွေ မကောင်းဘူးလား?"

"ကောင်းပါတယ်ဘုရား"

"ဒါကြောင့် "**ဆယ်ပုံကိုးပုံ လူ့ခဂ္ဂဏ်**"လို့ ဆိုကြတာပေါ့နော်"

"မှန်ပါဘုရား"

"စည်းဝေးမိသူတွေကို တစ်ထောင်ပုံပုံ တစ်ပုံသော သတ္တဝါတွေက တရားကိုကြည်ညိုတယ်တဲ့၊ တစ်နည်းဆိုရင် တစ်သိန်းပုံပုံ တစ်ပုံသော သတ္တဝါတွေက တရားကိုကြည်ညိုတယ်တဲ့၊ မနည်းလွန်းဘူးလား?"

"နည်းလွန်းပါတယ်ဘုရား"

"ဒါကြောင့် '**တစ်ထောင်တစ်ယောက် သဒ္ဓါပေါက်**'လို့ ဆိုကြတာပေါ့နော်"

"မှန်ပါဘုရား"

"ဒကာငွေကိုင်ကြီး တစ်သိန်းထဲမှာ ပါသလား၊ တစ်ယောက်ထဲမှာ ပါသလား?"

"တစ်ယောက်ထဲမှာ ပါပါတယ်ဘုရား"

"အမယ် တယ်ဟုတ်ပါလား၊ ဒကာငွေကိုင်ကြီး တရားကို ကြည်ညိုတယ်ပေါ့ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် ဒီနေ့ည မိုးအလင်း ဟောရအောင်၊ နာမလား?"

http://www.dhammadownload.com



"နာပါမယ်ဘုရား"

"ကဲ...နာရင် မနေ့ကတရားကို ပြန်ဆက်ကြစို့၊ မနေ့က ကဿပဘုရားရှင် တိဿရသေ့ကြီးကို အာမဂန္ဓပြဿနာကို သိစေဖို့ စဉ်းစားတာနဲ့ ပြီးဆုံးသွားတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒါနဲ့ အဲဒီနေ့ နေဝင်သွားတယ် ဆိုပါတော့နော်"

"မှန်ပါတယ်ဘုရား"

"အဲ ...နောက်နေ့ နံနက်စောစောပဲ ဘုရားရှင်ဟာ ကိုယ်လက်သုတ်သင်ပြီး ဂန္ဓကုဋိတိုက်တော်သို့ ဝင်တော်မူတယ်၊ တံခါးလည်း ပိတ်လိုက်တယ်"

"ရဟန်းတော်တွေက ဘုရားရှင် ဂန္ဓကုဋိတိုက်တံခါး အဲဒီလို ပိတ်ထားတာကိုမြင်ရင် 'ဒီကနေ့ ဘုရားရှင်သည် ရဟန်းတော်တို့နဲ့အတူ မြို့တွင်း မကြွလိုဘူး'လို့ သိထားကြတယ်၊ အဲဒါကြောင့် ဘုရားရှင်ကို အရိုအသေပြုသောအားဖြင့် ဆွမ်းခံထွက်ခါနီးမှာ သံဃာတော်တွေဟာ ဂန္ဓကုဋိတိုက်တော်ကို လက်ျာရစ်သုံးကြိမ် လှည့်ပတ်အရိုအသေပြုပြီးမှ ဆွမ်းခံထွက်ကြတယ်။ 'ဒါဟာ ဓမ္မတာ အလေ့အလာပဲနော်"

"မှန်ပါဘုရား"

"အဲ...ရဟန်းတော်တွေ ဆွမ်းခံကြွသွားလို့ တော်တော်ကြာတယ်ဆိုရင်ပဲ ဘုရားရှင်ဟာ ဂန္ဓကုဋိတိုက်တော်မှ ထွက်ပြီး ခင်းထားအပ်တဲ့ ဘုရားနေရာတော်မှာ ထိုင်တော်မူတယ်၊ တိဿရသေ့ကြီးကလည်း ဘုရားရှင်ကို ချောင်းနေတာ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အင်း…ချောင်းနေတာဆိုတော့ သူ့မှာပါလာတဲ့ သစ်ဥ၊ သစ်မြစ်၊ သစ်ရွက်တွေကို ပြုတ်စားသောက်ပြီး ဘုရားရှင်အနီး အပါးသွားကာ ဘုရားရှင် ဆွမ်းဘုဉ်းပေးမှာကို ထိုင်စောင့် ချောင်းနေတယ်၊ အာမဂန္ဓ စားလား၊ မစားလား စုံစမ်းမယ်ပေါ့ နော်"

"မှန်ပါဘုရား"

"အဲ…ကာသိဘုရင် ကိကီမင်းကြီးကလည်း ရဟန်းတော်တွေ ဆွမ်းခံကြွတော့ ဘုရားရှင်ကို မမြင်တယ်ဆိုရင်ပဲ 'အရှင်ဘုရားတို့ ဘုရားရှင် ဘယ်ကြွပါသလဲဘုရား'လို့ မေးလျှောက်တယ်၊ ဘုရင် ကြီးက ဘုရားရှင်ကို အတော်ကြည်ညိုတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ရဟန်းတော်တွေက 'ဘယ်မှ မကြွပါမင်းကြီး ကျောင်းမှာပဲ ရှိပါတယ်' ဆိုတော့ အထူးအထူး အပြားပြား များသော အရသာရှိတဲ့ အသားနဲ့ ချက်ပြုတ် စီမံထားတဲ့ ဆွမ်း ဘောဇဉ်ကို ဘုရားရှင်ထံ ပို့စေတယ်၊ ဘယ်သူက ပို့စေတာလဲ?"

"ကိကီမင်းကြီးကပါဘုရား"

## ရေစက်ချလှူ

"အဲ…ဆွမ်းကို အမတ်တွေက ဘုရားရှင်ထံ သွားပို့ ကြတယ်ပေါ့၊ ရောက်တယ်ဆိုရင်ပဲ ဘုရားရှင်ကို လျှောက်ထား ပြီး ရေစက်ချ လှူဒါန်းတယ်တယ်တဲ့၊ ဘယ်လိုလှူလဲ ဒကာ ငွေကိုင်ကြီး?"

http://www.dhammadownload.com



"ရေစက်ချလှူပါတယ်ဘုရား"

"အဲဒါမှတ်စရာပေါ့၊ ဒါဟာ ပို့နေကျလိုဖြစ်နေတဲ့ ဆွမ်းပဲ၊ ရိုရိုသေသေ ရေစက်ချလှူတယ်နော်"

"မှန်ပါဘုရား"

"ခုခေတ်တော့ တော်ရုံတန်ရုံ လှူရုံနဲ့ ရေစက်မချဘူး၊ အသေးအမွှားလေးမို့တဲ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"တစ်ချို့ကျတော့ အလှူကြီးပေးတာတောင် ရေစက်မချဘူး၊ ရပြီးသားပဲတဲ့၊ တို့ကပြတ်တယ်တဲ့ ပြောကြတယ်နော်"

"မှန်ပါဘုရား"

"ရေစက်ချတော့ ရိုသေလေးစားမှု ပိုသွားတယ်၊ ဒီတော့ အကျိုးပေးလည်း ပိုသွားတော့တာပေါ့၊ အများသတ္တဝါတွေလည်း သာဓု ခေါ်ရတော့ အကျိုးရှိတော့မပေါ့နော်"

"မှန်ပါဘုရား"

"ရေစက်မချတော့ အဲဒါတွေ ဖြစ်နိုင်ပါဦးမလား?"

"မဖြစ်နိုင်တော့ပါဘုရား"

"အကျိုး ဘယ်လောက်ကွာလဲဆိုတော့ ရေစက်မချဘဲ လှူတာဟာ ဖယောင်းတိုင်တစ်တိုင် အားလောက်ပဲ ကုသိုလ်ရတယ်၊ ရေစက်ချလှူရင် အဲဒီ ဖယောင်းတိုင်တစ်တိုင်ကနေပြီး ဖယောင်းတိုင် ထောင်သောင်းကူးပြီးထွန်းတဲ့အခါမှာ အလင်းရောင်ပိုသလို အကျိုးတွေ ပိုပြီးရတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## လူတိုင်းတတ်သင့်

"ဒီတော့ ရေစက်ချကို လူတိုင်းတတ်သင့်တယ်၊ ဘာမှ ခက်တာမဟုတ်ပါဘူး။ ရေစက်ချမှာ အပိုင်းသုံးပိုင်းမှတ်ပြီး ရေစက်ချရင် ပြီးတာပဲ၊ အပိုင်းသုံးပိုင်းကဘာလဲ?"

၁။ လှူတဲ့အပိုင်း

၂။ ဆုတောင်းတဲ့အပိုင်း

၃။ အမျှဝေတဲ့အပိုင်း"လို့ အပိုင်းသုံးပိုင်းပဲရှိတယ် မဟုတ်လား။ အဲဒီအပိုင်းပါရင် ပြည့်စုံတာပဲ၊ တိုတိုပဲပေါ့ ဘာမှလဲ ခက်တာ မဟုတ်ပါဘူး၊ ကျက်စရာတောင် မလိုပါဘူး၊ တစ်ခါလောက် ဖတ်တာနဲ့ ရနိုင်ပါတယ်၊ ကဲဘယ်လိုလဲ-

"အရှင်ဘုရား၊ ဤဆွမ်းကို အရှင်ဘုရားအား လှူဒါန်းပါ၏၊ ဤကောင်းမှုကြောင့် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလို၏၊ ဤကောင်းမှု၏ အဖို့ဘာဂကို အမိအဘ, ဆရာသမား, အစထား၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်ကြသော သတ္တဝါအများတို့အား အမျှ-အမျှ-အမျှ ပေးဝေပါကုန်၏၊ အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော"ဆိုရင် ရေစက်ပြီးတာပဲ မဟုတ်လား၊ ဘာလိုသေးလဲ?"

"မလိုတော့ပါဘုရား"

"ဒါပဲ ဘာမှမခက်ပါဘူး၊ အဲဒီ နမူနာမှတ်ထားပေါ့၊ ဆွမ်းလှူတော့ ဤဆွမ်းပေါ့၊ သင်္ကန်းလှူတော့ ဤသင်္ကန်းပေါ့၊ နေရာထိုင်လှူတော့ ဤနေရာထိုင်ပေါ့၊ ပြောင်းထည့်ရုံပဲပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တစ်ခါ ပုဂ္ဂိုလ်တစ်ပါးထဲလှူတော့ 'အရှင်ဘုရားအား'၊ အများကြီးလှူတော့ 'အရှင်ဘုရားတို့အား' ဘုရားရှင်ကိုလှူတော့ 'ရှင်တော်မြတ်ဘုရားအား'ပေါ့ ဟုတ်လား အမည်လေးပြောင်းရုံပဲ ဘာခက်သလဲ?"

"မခက်ပါလား"

"တတ်တယ်မဟုတ်လား?"

"တတ်ပါတယ်ဘုရား"

"အဲ...တတ်ရင် နောက်ဆိုရင် ကိုယ့်ဘာသာကိုယ် ရေစက်ချနော်၊ ဘုန်းကြီးတွေအပူမတတ်နဲ့တော့"

"မှန်ပါ အပူမတတ်တော့ပါဘုရား"

## ရွှေကဆွမ်းကာစ်ပုံ

"ကဲ...အပူမတတ်ရင် ရွှေ့သွားကြဦးစို့နော်၊ ရွှေ့သွားဆိုတော့ အမတ်တွေက ဘုရားရှင်ကို ရေစက်ချပြီး ဆွမ်းလှူတယ်နော်၊ အဲဒီလို လှူပြီးတော့ အထူးထူးသော အသားနဲ့ပြုတ်ထားတဲ့ ဆန်ပြုတ်ကို ပထမကပ်တယ်။ ဘာကပ်လဲ ဒကာ ငွေကိုင်ကြီး"

"အသားဆန်ပြုတ်ကပ်ပါတယ်ဘုရား"

"အသားဆန်ပြုတ် ကပ်တာတွေ ကြည့်နေတဲ့ အာမဂန္ဓရသေ့ကြီးကမြင်တော့ 'ဘဉ်းပေးမလား၊ မဘုဉ်းပေးဘူးလားလို့ ကြံစဉ်းစားရင်း ကြည့်နေတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဿပဘုရားရှင်ကလည်း ရသေ့ကြည့်နေစဉ် သဲဆဲမှာပဲ ရသေ့ သံသယရှင်းအောင် အသားတုံးချည်းသက်သက် အရင်ဆုံး ဘုဉ်းပေးပြတယ်၊ အသားသတ်သတ် ဆန်ပြုတ်သတ်သတ် ဘုဉ်းပေးပြတယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ရသေ့ကြီးမှာ အသားဘုဉ်းပေးလား၊ မဘုဉ်းပေး ဘူးလားဆိုတဲ့ သံသယရှင်းမသွားဘူးလား?"

"ရှင်းသွားပါတယ်ဘုရား"

"ဘယ်လိုဆုံးဖြတ်ချက်ချလိုက်သလဲ?"

"အသားဘုဉ်းပေးတယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ် ဘုရား"

"အဲဒီလိုမြင်ပြီး ဆုံးဖြတ်ချက်လည်းချရော ရသေ့ကြီးလည်း စိတ်ဆိုးသွားရောပဲတဲ့ ဒကာငွေကိုင်ကြီးရဲ့၊ သားငါးမစားတဲ့လူက ပိုပြီး ဒေါသကြီးလား မသိဘူးနော်"

"မှန်ပါဘုရား"

"နောက်တစ်ခါ ယာဂုဘုဉ်းပေးပြီး သလေးဆွမ်းနဲ့ ငှက်သား ဒန်ပေါက် ဆွမ်းကပ်တယ်၊ ဒီတော့လည်း ရသေ့ကြီးက ဘုဉ်းပေး လား၊ မဘုဉ်းပေးလား ကြည့်ပြန်တယ်၊ ဘုရားရှင်ကလည်း ရသေ့ကြီးသံသယရှင်းအောင် အသားသက်သက် ဆွမ်းသက်သက် ဘုဉ်းပေးပြတယ်ပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲ...ဒီနှစ်ကြိမ်မြောက် အသားကို ဘုဉ်းပေးတာမြင်တော့ အကြီးအကျယ် စိတ်ဆိုးတယ်တဲ့၊ ဘာဖြစ်လို့ ဒီလောက် စိတ်ဆိုးလဲဆိုတော့ မနေ့က အသားဘုဉ်းလား၊ မဘုဉ်းလားမေးတော့ မဘုဉ်းပေးဘူးလို့ ပြောတယ်၊ ဒီနေ့ ဘုဉ်းပေးတယ်၊ ဘုဉ်းပေးရက်သားနဲ့ မဘုဉ်းပေးဘူးလို့ ညာတယ်ဆိုပြီး စိတ်ဆိုးတာပေါ့နော်"

"မှန်ပါဘုရား"

## မုသာဝါဒနဲ့စွပ်စွဲ

"အဲ...စိတ်ဆိုးတော့ ဆွမ်းဘုဉ်းပြီးချိန်ပဲ စောင့်နေတယ်၊ မုသာဝါဒနဲ့ စွပ်စွဲမယ်ပေါ့၊ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီး လက်ခြေ တွေဆေးပြီး ထိုင်တော်မူလည်း ထိုင်တော်မူရော ရသေ့သွားတာပေါ့၊ ရသေ့ ဘယ်သွားပြီလဲ?"

"ဘုရားထံသွားပါပြီဘုရား"

"တော်တော်စိတ်ဆိုးနေပြီနော်"

"မှန်ပါဘုရား"

"အဲ...စိတ်ဆိုးဆိုးနဲ့ ဘာပြောသလဲဆိုတော့ '**ဘော ကဿပ မုသာ တွံ ဘဏသိ**=အို...ကဿပ သင်သည် မုသားစကား ပြောကြားဘိ၏'တဲ့၊ ဘုရားရှင်ကို မုသာဝါဒနဲ့ စွပ်စွဲတယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဘုရားက မုသားပြောပါ့မလား?"

"မပြောပါဘုရား"

http://www.dhammadownload.com



"ကဲ...မုသားမပြောတဲ့ ဘုရားကို မုသာဝါဒနဲ့ စွပ်စွဲတယ်၊ ဒါဘာလဲ၊ ဒေါသ, မာနသတ္တိတွေပဲ မဟုတ်လား?"

"**စင်စစ်တော့** အဲဒီ ဒေါသ, မာနတွေသာလျှင် ဒ္ဒာမဂန္ဓ အညီအဟောက်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘာပြောသေးလဲ '**နေတံ ပဏ္ဍိတကိစ္စံ**=အရှင်ကဿပ ဒီလို မုသားပြောတဲ့ကိစ္စ ပညာရှိတဲ့သူတွေရဲ့ ကိစ္စမဟုတ်ပါဘူး'တဲ့၊ ဒါဖြင့် မုသားပြောတာ ဘယ်သူ့ကိစ္စလဲ?"

"ပညာမရှိတဲ့သူတွေကိစ္စပါဘုရား"

"ဒါဖြင့် ဒကာငွေကိုင်ကြီး မုသားပြောဦးမလား?"

"မပြောတော့ပါဘုရား"

"မုသားပြောရင် ပညာရှိဦးမလား?"

"မဟုတ်တော့ပါဘုရား"

"ပြီးတော့ ဘာပြောသေးလဲ '**မုသာဝါဒေါ ဟိ ဂရဟိတော ဗုဒ္ဓါနံ**=အရှင်ကဿပ မုသာဝါဒကို အဆူဆူသော ဘုရားရှင်တို့ ရှုတ်ချကဲ့ရဲ့အပ်ပါတယ်'တဲ့၊ ကဲ...အဲဒါမှထိတာ၊ အဆူဆူသော ဘုရားရှင်တို့ ကဲ့ရဲ့အပ်တဲ့ မုသားကို ကဿပဘုရားရှင်က ပြောတယ်ဆိုတဲ့ သဘော ဖြစ်မနေဘူးလား?"

"ဖြစ်နေပါတယ်ဘုရား"

"တော်တော်လာတဲ့ ရသေ့ကြီးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ပြီးတော့ လာချေသေးတယ်၊ အရှင်ကဿပ တောင်ခြေမှာနေပြီး တောသစ်မြစ် သစ်သီးစသည်တို့ကို စားသုံးပြီး မျှတနေကြတဲ့ ရသေ့တွေကတောင်မှ မုသား မပြောကြပါဘူး"တဲ့၊ ရသေ့ကြီးက ဘုရားရှင်ကို နှိပ်ချပြီး သူတို့ရသေ့တွေ ဂုဏ်တင်ပြောတာနော်"

"မှန်ပါဘုရား"

"ဘာတဲ့လဲ ရှင်းရှင်းပြောရင်– တောတောင်မှာနေပြီး တောသစ်မြစ် သစ်ဥစသည်တွေကို စားသုံးမျှတနေတဲ့ ရသေ့တွေကတောင်မှ မုသားမပြောဘဲနဲ့ အရှင်ကဿပ ဘုရားအမည်ခံပြီး မုသားပြောနေရလား"ဆိုတဲ့ အဓိပ္ပာယ်ရောက်မသွားဘူးလား?"

"ရောက်သွားပါတယ်ဘုရား"

"ရသေ့ကြီးက စကားပြောကောင်းနော်၊ သာမန်မမှတ်နဲ့၊ သူကလည်း အယူလွဲမဲ့သာ လွဲနေရတယ်၊ အဂ္ဂသာဝကလောင်းပဲ၊ ရှင်သာရိပုတ္တလို လက်ျာရံ အဂ္ဂသာဝက ဖြစ်ရမယ့် ပုဂ္ဂိုလ်နော်"

"မှန်ပါဘုရား"

"အင်း...သံသရာထဲမှာ နေရတာ အဲဒါ သံဝေဂ ယူစရာပဲပေါ့၊ မှားချည်တစ်ခါ မှန်ချည်တစ်လှည့်နဲ့ ဘုရားကိုတောင် မာန်ထောင်လို့ ရှိမခိုးဘူးမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## ရသေ့တွေချီးမွမ်း

"အဲဒီလိုပြောဆိုပြီးတော့ တစ်ခါ ရသေ့တွေကို ချီးမွမ်းလို့ပြန်တယ်၊ ဘုရားရှင်ကို ကဲ့ရဲ့လိုပြန်တယ်၊ ကဲ့ရဲ့လိုတော့ ဘာပြောသလဲ-

"အရှင်ကဿပ၊ တရားသဖြင့် ရအပ်တဲ့ မြက်သီးစပါး ဆောင်း မေးခါးပွင့်သဏ္ဌာန် အနံ့ရှိတဲ့စပါး, အလေ့ကျပေါက်တဲ့ ပဲနောက်တို့ကိုလည်းကောင်း၊ သစ်ရွက်စိမ်းကိုလည်းကောင်း၊ သစ်မြစ်သစ်ဥကိုလည်းကောင်း၊ သစ်သီးဝလံကိုလည်းကောင်း စားသုံးနေကြတဲ့ ရသေ့ သူတော်ကောင်းတွေဟာ ကာမကို အလိုရှိခြင်းအကြောင်းကြောင့် မမှန်တဲ့မုသားစကားကို မပြောမဆိုကြပါကုန်"တဲ့၊ ပြောလိုက်တာနော်၊ ရက်ရက်စက်စက်ပဲ၊ သူတို့ဘက်ကို မြှင့်တင်ပြီး ဘုရားရှင်ဘက်ကို နှိပ်ချ ပြောလိုက်တာ မဟုတ်လား?"

"မှန်ပါဘုရား"

ဒီနေရာမှာ ရှင်းရှင်းနားလည်ဖို့ ကာမကို ပထမနားလည်ထားမှဖြစ်မယ်၊ ကာမဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးပေါ့၊ မြန်မာလိုတော့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိတို့ကို အလိုရှိအပ်တဲ့ တရားတွေမို့လို့ ဝတ္ထုကာမလို့ ခေါ်တယ်။ ဘာကာမခေါ်လဲ?"

"ဝတ္ထုကာမခေါ်ပါတယ်ဘုရား"

http://www.dhammadownload.com



## ကာမအတွက်

"အဲဒီ...ဝတ္ထုကာမထဲမှာ ရသာရုံခေါ်တဲ့ အရသာပါတယ် နော်၊ အဲဒါကို သတိပြုပေါ့၊ ဒီနေရာမှာ အဲဒီရသာရုံကို အဦး ထားပြီး ကာမဆိုနေတာပဲ၊ ဒီတော့ တိဿရသေ့ကြီးရဲ့ ပြောကြား ချက်ကို ရှင်းကြစို့နော်"

"မှန်ပါဘုရား"

"အရှင်ကဿပ စပါး၊ ပဲနောက်၊ သစ်ရွက်စိမ်း၊ သစ်မြစ်၊ သစ်ဥ၊ သစ်သီးတွေ စားသုံးနေကြတဲ့ ရသေ့သူတော်ကောင်း တွေကတောင်မှ အစားကလေးတစ်လုတ်အတွက် မုသားမပြောဘဲ နဲ့ အရှင်ကဿပက အစားကလေး တစ်လုတ်အတွက် မုသား ပြောရသလား"တဲ့၊ ကဲ...အဲဒီအဓိပ္ပာယ်မရောက်ဘူးလား?"

"ရောက်ပါတယ်ဘုရား"

"ပြီးတော့ 'တရားသဖြင့်ရအပ်သော'လို့ ရသေ့ကြီး စကား မှာ ပါတယ်မဟုတ်လား?"

"မှန်ပါ ပါပါတယ်ဘုရား"

"ကဲ...သူတို့ရဲ့ ဘေးမဲ့အစာဖြစ်တဲ့ စပါး၊ ပဲနောက်၊ သစ် ရွက်စိမ်း၊ သစ်မြစ်၊ သစ်ဥ၊ သစ်သီးတွေက ဘာတဲ့လဲ၊ တရား သဖြင့် ရအပ်တယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် ကဿပဘုရားရှင် ဘုဉ်းပေးတဲ့ ကိကီမင်းကြီး ကပ်ခိုင်းတဲ့ အသားဆန်ပြုတ်၊ ငှက်သားဒန်ပေါက်တွေက မတရား သဖြင့် ရအပ်တယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်မသွားဘူးလား?"

http://www.dhammadownload.com



"ဖြစ်သွားပါတယ်ဘုရား"

"အင်း...တော်တော် စကားတတ်တဲ့ ရသေ့နော်၊ သာမည များ မမှတ်လိုက်နဲ့၊ သာမညရသေ့ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"မြတ်နိုးခြင်း၊ သိမ်းဆည်းခြင်းမရှိဘဲ စပါး၊ ပဲနောက် စသည် တို့ကို စားသုံးနေတဲ့ ရသေ့တွေက မုသားမပြောဘဲနဲ့ ကောင်းတဲ့ အရသာ စတဲ့ ကာမကိုလိုလားလျက် အာမဂန္ဓကို စားသုံးပါ လျက်နဲ့ ငါအာမဂန္ဓကို မစားဘူးလို့ အရှင်ကဿပက မုသား ပြောပါတယ်တဲ့၊ ကဲ...ကဿပဘုရားရှင်က ဘာပြောသတဲ့လဲ?"

"မုသားပြောပါသတဲ့ဘုရား"

"ဘာအတွက် ပြောသတဲ့လဲ"

"အစားတစ်လုတ်အတွက်ပါတဲ့ ဘုရား"

"အဲ...သူတို့ရသေ့တွေက ဘာတဲ့လဲ"

"မုသားမပြောပါဘူးတဲ့ဘုရား"

"ဒီတော့ တိဿရသေ့ကြီးဟာ ကဿပဘုရားရှင်ကို ကဲ့ရဲ့ လိုက်တယ်နော်"

"မှန်ပါဘုရား"

"သူတို့ရသေ့တွေကိုတော့ ချီးမွမ်းတယ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

## အကုသိုလ်ဖြစ်

"ဒီတော့ တိဿရသေ့ကြီးမှာ ဘေးမဲ့အတွက်၊ သက်သတ် လွတ်အတွက် ဘဝင်မြင့်ပြီး အကုသိုလ်တရားတွေ ပွားနေပြီ၊

http://www.dhammadownload.com



အကုသိုလ်တွေ ကိလေသာတွေဖြစ်ပြီ၊ သူက ကြောက်ပါတယ် ဆိုတဲ့ သားငါး အညှီထက်ဆိုးတဲ့ အကုသိုလ်အညှီ ကိလေသာ အညှီတွေ ဖြစ်မကုန်ဘူးလား?"

"ဖြစ်ကုန်ပါတယ်ဘုရား"

"**ထိုင်နေ အကောင်းသား ထသွားမှကျိုးမှန်းသိ**"တဲ့၊ သက်သတ်မစားခင်က အကောင်းသား၊ သက်သတ်လွတ်လည်းစားရော မစားတဲ့လူတွေကို ပြစ်မှားတဲ့ အကုသိုလ်တွေ၊ ကိလေသာတွေ ပွားလာတော့ ပိုမဆိုးဘူးလား?"

"ဆိုးပါတယ်ဘုရား"

"ခုခေတ်မှာလည်း ဒီအတိုင်းပဲ ဖြစ်နေတယ်၊ ဒါ့ကြောင့် ဦးပဥ္ဇင်း ဒီနှစ်တော့ ဒီတရားချည်းပဲ ဟောပေးတာပဲ၊ အကုသိုလ် သက်သာနိုင်သမျှ သက်သာအောင်ပေါ့နော်"

"မှန်ပါဘုရား"

## သူ့အလိုနဲ့သူ

"တစ်ချို့ သက်သတ်စားတာက ဒီသားငါးတွေကို ရွံလို့ ဆိုပြီး မစားဘဲ သက်သတ်လွတ်စားတာ၊ တစ်ချို့က ကိုယ့်မှာ မပျောက်နိုင်တဲ့ နှင်းခူတို့ ပွေးတို့လိုအနာရှိနေလို့ အနာရောဂါနဲ့ မတဲ့လို့ အနာရောဂါပျောက်အောင် သက်သတ်လွတ်စားတာ၊ တစ်ချို့က နတ်ချစ်တယ်ဆိုလို့ နတ်ချစ်စေချင်လို့ သက်သတ်လွတ် စားတာနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလို သူ့အလိုနဲ့သူ စားတာဟာ အပြစ်ဆိုစရာလည်း မရှိ ပါဘူး၊ အဲဒီလို စားတဲ့လူမျိုးကလည်း မစားတဲ့လူကို အပြစ်မပြောပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မျှော်လင့်ချက်နဲ့သူ စားတာကိုနော်"

"မှန်ပါဘုရား"

"အဲ...တစ်ချို့ကတော့ ဒီလိုမဟုတ်ဘူး သက်သတ်လွတ် စားတဲ့အကျင့်ဟာ အကျင့်ကောင်းတစ်ခုပဲ၊ ဒီလို သက်သတ်လွတ် အကျင့်နဲ့ လူ, နတ်, နိဗ္ဗာန် ချမ်းသာ ရနိုင်တယ်လို့ ယူပြီး စားကြတာနော်"

"မှန်ပါဘုရား"

"ဟို...သာသနာပမှာ တစ်ခြား ကျင့်ကြံစရာတွေ မရှိလို့ မသိလို့ ဒီသက်သတ်လွတ်စားတာပဲ၊ အကျင့်ကောင်းထင်ပြီး ကျင့်တာတော့ ထားပါဦးတော့နော်"

"မှန်ပါဘုရား"

"ယခုအခါက သာသနာတွင်းအခါ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သာသနာတွင်းဆိုတော့ သီလအကျင့်, သမာဓိအကျင့်၊ ဝိပဿနာအကျင့်၊ ဓုတင်အကျင့်၊ မဂ်ဖိုလ်အကျင့်တွေ အများကြီး မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"အဲ...အဲဒါတွေတော့မကျင့်ဘဲနဲ့ သက်သတ်လွတ် အကျင့် ကောင်းထင်၊ အကျင့်ကောင်းလို့ ယူဆပြီးကျင့်တယ်၊ တကယ့်

http://www.dhammadownload.com



အကျင့်ကောင်းကို ကျင့်နေတဲ့ သူတွေကိုတော့ အကျင့်မကောင်းတာ ကျင့်တယ်ယူဆပြီး ပြောဆိုပြစ်မှားတော့ နှစ်ခါမနှစ်နာဘူးလား?"

"နှစ်နာပါတယ်ဘုရား"

"အယူအဆမှားတာက နှစ်နာချက်တစ်ခု၊ ပြစ်မှားတာက နှစ်နာချက်တစ်ခုနော်"

"မှန်ပါဘုရား"

## ကဲ့ရဲဦးမယ်

"ကဲ...ကြည့်၊ ဒီမှာလည်း တိဿရသေ့ကြီးဟာ ရသေ့တွေကို ချီးမွမ်းပြီး ဘုရားရှင်ကိုကဲ့ရဲ့ပြီး ယခုတစ်ခါ မိမိကဲ့ရဲ့လိုတဲ့ ကဲ့ရဲ့စရာ ဝတ္ထုကိုပြပြီး ဘုရားရှင်ကို မချတိုက်ရိုက် ကဲ့ရဲ့လိုလို့တဲ့-

"ကဿပနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ ကောင်းစွာပြုပြင်စီရင်ပြီး ကောင်းစွာချက်ပြုတ် ပြီးဆုံးသော သူတစ်ပါးတို့ ပေးလှူပူဇော်အပ်တဲ့ မွန်မြတ်တဲ့ ငါး အမဲဟင်းလျာကိုလည်း စား၊ သလေးဆွမ်းကိုလည်း စားသော အရှင်ဘုရားအား အညှီအဟောက် အာမဂန္ဓကို စားသုံးသည်မည်ပါ၏"

တဲ့၊ ကဲ့ရဲ့တယ်နော်၊ မြန်မာလိုဆိုတော့ သိပ်မရှင်းသေးဘူး၊ ပါဠိုထည့်ပြီး တစ်ပိုဒ်ချင်းရှင်းပြမှ ပိုရှင်းမယ်နော်"

"မှန်ပါဘုရား"

"ကဲ...ရှင်းတော့ ရှင်တော်မြတ်ဘုရားတဲ့၊ အရှင်ဘုရားစားတဲ့ အစားဖြစ်သော အသားငါးဟာ ရေဆေးခြင်း၊ ခုတ်ခြင်း၊

http://www.dhammadownload.com



စင်းခြင်း၊ ဆားနယ်ခြင်း စတဲ့ မချက်မီ ရှေ့ပိုင်းပုဗ္ဗကိစ္စအနေနဲ့ 'ကောင်းစွာ ပြုပြင်စီရင်ခြင်းကို ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် သားငါးတွေကို ယခုပြောခဲ့သလို လုပ်ကိုင်ရတော့ အာမဂန္ဓ ဖြစ်ပါတယ်ဆိုတဲ့ သဘော သက်ရောက်မသွားဘူးလား?"

"သက်ရောက်သွားပါတယ်ဘုရား"

"ဒါဖြင့် တိဿရသေ့ကြီးစားတဲ့ သက်သတ်လွတ်ဟာ ရေဆေးခြင်း၊ ခုတ်ထစ်ခြင်း စသည့် ရှေ့ပိုင်းကိစ္စမရှိဘူး။ ရလာတဲ့ စပါး၊ ပဲနောက်၊ သစ်မြစ် စသည်တို့ကို ဒီအတိုင်းပဲထည့်ပြီး ပြုတ်စားတယ်ဆိုတဲ့ သဘောပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ သူ့အစားဟာ အာမဂန္ဓ မဟုတ်ဘူးတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီ သဘောနဲ့သာပြောရရင် ခုခေတ်စားနေတဲ့ သက်သတ်လွတ်အများတွင် အဲဒီမချက်မီ ရှေ့ပိုင်းကိစ္စ ဖြစ်သော ကောင်းစွာပြုပြင်စီရင်တဲ့ သုကတသဘောသည် သားငါးချက်တာထက် ပိုသေးမယ်ထင်တယ်၊ ဒီလိုဆိုရင် တိဿရသေ့ကြီး အလိုအရ ယခုခေတ် သက်သတ်လွတ်သည်ပင် အညှီအဟောက်= အာမဂန္ဓ ဖြစ်နေပြီနော်"

"မှန်ပါဘုရား"

"ပြီးတော့ ကောင်းစွာချက်ပြုတ်ပြီးဆုံးပြီး **သုနိဋ္ဌိတ**တဲ့၊ အဲဒါက ဘာလဲဆိုတော့ ချက်တဲ့အချိန်အခါမှာ ငရုတ်၊ ကြက်သွန်၊ ဂျင်း၊

http://www.dhammadownload.com



စပါးလင်၊ ကရဝေး မဆလာ စတဲ့ အမွှေးနံ့သာတွေ ထည့်ပြီးတော့ ချက်တာကို "**သုနိဋ္ဌိတ**"တဲ့၊ ဘာတဲ့လဲ"

"သုနိဋ္ဌိတပါတဲ့ဘုရား"

"ကဲ...ဒီတော့ ရသေ့အလိုဆိုတော့ သူစားနေတဲ့ ဘေးမဲ့ သက်သတ်လွတ်ဟာ ဆီ,ဆား,ငရုတ်, ကြက်သွန် စသည် ဘာမှ မပါဘဲ ပြုတ်စားနေတယ်ဆိုတဲ့ သဘော မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် အဲဒီရသေ့ အလိုအရဆိုရင် ယခုခေတ် သက်သတ်လွတ်စားနည်းကား ချက်နည်းကားတွေဟာ အာမဂန္ဓပဲပေ့ါ၊ အညီအဟောက်ပေ့ါနော်"

"မှန်ပါဘုရား"

"ဒကာငွေကိုင်ကြီး၊ တိဿရသေ့ကြီး အလို ဘေးမဲ့ စားနိုင်ပါ့မလား?"

"မစားနိုင်ပါဘုရား"

"ရသေ့ သက်သတ်လွတ်က မချက်ခင်လည်း ဆေးခြင်း, ခတ်ခြင်း စသည်မလုပ်ဘူး။ ချက်တော့လည်း ဆီ, ဆား စသည် မပါဘူးနော်"

"မှန်ပါဘုရား"

"ခုခေတ် သက်သတ်လွတ်နဲ့ တူသလား"

"မတူပါဘုရား"

"အေး...အဲဒါလည်း သိထားဦးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ခုခေတ် သက်သတ်လွတ်က အသားဟင်းထက် ပြုပြင်ရတဲ့ တာဝန်ကြီးတယ်၊ အသားဟင်းထက်လည်း ကောင်းတယ်၊ ဒါမျိုး ကို မစားနိုင်ဘူးလား?"

"စားနိုင်ပါတယ်ဘုရား"

"တယ်ပြီး အကောင်းကြိုက်ပါလား ဒကာငွေကိုင်ကြီး၊ ဒီလိုဆို ရသေ့အလို အာမဂန္ဓ ဖြစ်မကုန်ဘူးလား?"

"ဖြစ်ကုန်ပါတယ်ဘုရား"

"ပြီးတော့ 'မွန်မြတ်သော'ဆိုတာကို ရှင်းရအောင်နော်"

"မှန်ပါဘုရား"

"ရသေ့ကြီးက ကောင်းစွာ ပြုပြင်စီရင်ရင်း ကောင်းစွာ ချက် ပြုတ်ပြီးဆိုတဲ့ 'မွန်မြတ်သော' ငါးအမဲဟင်းလျာလို့ ဆိုတယ် မဟုတ်လား"

"ဆိုပါတယ်ဘုရား"

"အဲဒီမှာ မွန်မြတ်ဆိုတာက မြတ်သောအရသာ ရှိသည့် အတွက် အဆီဩဇာနှင့် ပြည့်စုံသည့်အတွက် စွမ်းအားသတ္တိကို ဆောင်နိုင်သောကြောင့် 'မွန်မြတ်တယ်'လို့ ခေါ်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ တိဿရသေ့ကြီး အလိုအရ ဆိုရင် အရသာ ကောင်းအောင် အဆီဩဇာ ပြည့်စုံအောင် အားခွန်ဗလကို စွမ်း ဆောင်နိုင်အောင် ချက်ရင် အာမဂန္ဓခေါ်တယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဒါဖြင့် ခုခေတ် သက်သတ်လွတ်တွေဟာ ရသေ့ကြီးအလို အာမဂန္ဓ ဖြစ်လား၊ မဖြစ်ဘူးလား?"

"ဖြစ်ပါတယ်ဘုရား"

## ဆန်ကောင်းသည်ပင်

အမယ်လေး...ရသေ့ကြီး အလို အာမဂန္ဓကတော့ ကျကျနန ကောင်းကောင်းမွန်မွန် ချက်ပြုတ်စီမံတဲ့ ဟင်းဆိုတာ မပြောထားနဲ့တော့၊ သလေးဆွမ်းကို ဘုဉ်းပေးတာ သည်ပင်လျှင် အာမဂန္ဓ ဖြစ်နေပြီတဲ့၊ ဒီတော့ ဒကာငွေကိုင်ကြီး ဆန်ကောင်းကောင်းသည်ပင် အာမဂန္ဓ ခေါ်တယ် ဖြစ်မနေဘူးလား?"

"ဖြစ်နေပါတယ်ဘုရား"

"ဖြစ်နေတာပေါ့၊ သူ့စကားထဲမှာ 'သလေးထမင်းကိုလည်း စားသော သင်သည် အညီအဟောက်=အာမဂန္ဓကို စားသည် မည်၏'လို့ ပြောတာပါတယ် မဟုတ်လား"

"ပါပါတယ်ဘုရား"

"ဒါဖြင့် ဆန်ကောင်းကောင်းစားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဘုရား"

"ဘယ်ဖြစ်မလဲ၊ စားရင် အာမဂန္ဓ ဖြစ်မှာပေါ့၊ ဒကာငွေကိုင်ကြီး အာမဂန္ဓ မကြောက်ဘူးလား"

"ဘုရားအလို အာမဂန္ဓတော့ ကြောက်ပါတယ် ဘုရား"

"ဒါဖြင့် ရသေ့အလို အမဂန္ဓတော့ မကြောက်ဘူးပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ဗုဒ္ဓအား အာမဂန္ဓမေးပြီ

"ဒကာငွေကိုင်ကြီး တော်တော်ပါးသွားပြီနော်၊ ရသေ့အလို အာမဂန္ဓ, ဘုရားအလို အာမဂန္ဓတွေတောင် ကွဲပြားသွားပြီ၊ ကဲ–ဒါဖြင့် ရှေ့သွားကြစို့။ ပြီးခဲ့တဲ့စကားတွေအရ ဘုရားရှင်ကို ရသေ့ကြီးက အာဟာရဖြင့် ကဲ့ရဲ့တယ်၊ အဲဒီလိုကဲ့ရဲ့ပြီး မုသာဝါဒနဲ့ စွပ်စွဲလိုလို ကဲ့ရဲ့လိုလို တစ်ခါ ပြောပြန်တယ်။ ဘယ်လိုတဲ့လဲ–

"ဗြဟ္မာမင်းရဲ့ အဆွေဖြစ်တော်မူတဲ့ မြတ်စွာဘုရား။ အညှီ အဟောက် အာမဂန္ဓသည် ငါ့အား မအပ်ဟု အရှင်ဘုရား ပြောဆိုသည် မဟုတ်ပါလော။

"သို့ပါလျက် ကောင်းစွာပြုပြင် စီရင်ထားတဲ့ ငှက်သားတို့နှင့်တကွ သလေးဆွမ်းကို အရှင်ဘုရား စားသုံးဘိ၏။

"မြတ်စွာဘုရား၊ အရှင်ဘုရားအား ဤအကြောင်းကို မေးပါ၏။ အရှင်ဘုရား ပြောသောအညှီအဟောက် အာမဂန္ဓဟူသည် အဘယ်မျှ အပြားရှိပါသနည်းတဲ့"

ပြောပြန်တယ်။ မေးမြန်းပြန်တယ်။ သေသေချာချာ မှတ်ပြီးတော့ နာယူနော်၊ ရသေ့က အပြောညံ့တာ မဟုတ်ဘူး ချည်ပြီး တုပ်ပြီးမှ ပြောတာနော်"

"မှန်ပါဘုရား"

"ရှင်းရှင်းပြောရရင် ရသေ့ဆိုလိုချက်က "မြတ်စွာဘုရား မနေ့ကတော့ အညှီအဟောက် အာဂန္ဓမစားဘူး"လို့ ပြောခဲ့ပါတယ်တဲ့။ ကဲ...ဘုရားရှင်လည်း မပြောခဲ့ဘူးလား"

http://www.dhammadownload.com



"ပြောခဲ့ပါတယ်ဘုရား"

"အဲဒါကို ရသေ့ ပြန်ကိုင်ထားတယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘာဆက်ပြောလဲ၊ အဲဒီလို မနေ့ကတော့ အာမဂန္ဓ မစားဘူးပြောခဲ့ပြီး ဒီနေ့တော့ ငှက်သားဒန်ပေါက်ကို စားနေပါ ပေါ့လားတဲ့။ အစားကို ညွှန်ပြပြီး မုသာဝါဒနဲ့ စွပ်စွဲတာနော်။ ယဉ်ယဉ်ကလေးနဲ့ စွပ်စွဲတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရှင်းရှင်းပြောရင်တော့ အရှင်ဘုရား မနေ့ကတော့ အာမဂန္ဓ မစားဘူးပြောတယ်၊ ဒီနေ့တော့ ငှက်သားဒန်ပေါက် စားတယ်။ မစားဘူးပြောပြီး စားတဲ့အရှင်ဘုရား မုသားပြောတယ်တဲ့။ ဘာတဲ့လဲ"

"မုသားပြောပါသတဲ့ ဘုရား"

"ရသေ့က အကြီးအကျယ် မကျေနပ်နေတာနော်"

"မှန်ပါဘုရား"

"ဘုရားရှင် ဘုဉ်းပေးတဲ့ ဒန်ပေါက်ဆွမ်းကလည်း အဆန်း မဟုတ်လား။ ခုခေတ်မှာ ဆိတ်သားဒန်ပေါက်၊ ကြက်သား ဒန်ပေါက်တို့လောက်ပဲရှိတယ်။ ဟိုမှာ ဘာဒန်ပေါက်တဲ့လဲ"

"ငှက်သားဒန်ပေါက်ပါ ဘုရား"

"ကဲ...မဆန်းပြားဘူးလား"

"ဆန်းပြားပါတယ်ဘုရား"

"မင်းကြီးက အထူးစီမံ ဆက်ကပ်တာကိုး၊ ဆန်းပြားတာ ပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဘုရားရှင်က မစားအပ်ရင် စားပါ့မလား"

"မစားပါဘုရား"

## မှုသားမပြော

"အဲ...ရသေ့လည်း သတိရသွားတယ်၊ မနေ့ကတော့ အာမဂန္ဓ မစားဘူးပြောတယ်၊ ဒီနေ့တော့ စားတယ်။ ငါလည်း မုသာဝါဒနဲ့ စွပ်စွဲမိပြီ။ အဲဒီလိုသတိရပြီး ဟိုကြည့် ဒီကြည့်နဲ့ ကြည့်တော့ ဘုရားရှင်ရဲ့ တစ်ကိုယ်တော်လုံး ခြေဆုံးခေါင်းဆုံး မျက်စိရောက် သွားတယ်နော်"

"မှန်ပါဘုရား"

"တစ်ကိုယ်တော်လုံး မျက်စိရောက်သွားတော့ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်လက္ခဏာ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ တစ်လံမျှလောက်သော ကိုယ်ရောင်တော် အဝန်းတွေကို သွားပြီး မမြင်ဘူးလား"

"မြင်ပါတယ် ဘုရား"

"အဲ...မြင်တော့မှ "ဤသို့သဘောရှိတဲ့ ယောက်ျားမြတ်လက္ခဏာ စသည်တို့ဖြင့် တန်ဆာဆင်ထားတဲ့ ကိုယ်ရှိသူဟာ ဘယ်တော့မှ မုသား မပြောဘူး"တဲ့။ သိသွားတယ်နော်"

"မှန်ပါဘုရား"

"အင်း...တကယ့်ပညာရှိဆိုတာမှားလည်းခဏပဲ၊ တော်တော်ကြာ အမှန်ရောက်သွားတာပဲ၊ ပညာမရှိတဲ့ လူကတော့ ဒီလို

http://www.dhammadownload.com



မဟုတ်ဘူး။ "ဖားကို မြွေဋ်နိုးစွဲစွဲလမ်း" ဆိုသလိုပဲ၊ စွဲမိရင် မလွှတ်ဘူး၊ ကြောက်စရာကောင်းတယ်နော်"

"မှန်ပါဘုရား"

"အဲ...ဒီတိဿရသေ့ကြီးဟာ ပညာရှိဆိုတော့ ဒီပုဂ္ဂိုလ်မျိုး မုသားမပြောဘူးလို့ သိသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒါ အထူးသဖြင့် ဘုရားရှင်ရဲ့ ကိုယ်တော်မှ ဘာကို မြင်လို့လဲဆိုတော့ ဥဏ္ဏာလုံ မွေးရှင်တော်ကို မြင်လို့၊ ပြီးတော့ မွေးတွင်းတစ်ခုမှ တစ်မွေးသေစ်မွေးသာ ပေါက်တာကို မြင်လို့တဲ့ နော်"

"မှန်ပါဘုရား"

"အဲဒါလည်းမြင်ရော ဒီဘုရားရှင်ဟာ ခုဘဝမှ မုသား မပြောတဲ့ ဘုရားမဟုတ်ဘူး။ ဒီ ဥဏ္ဏာလုံ မွေးရှင်တော်နဲ့ မွေးတွင်း တစ်ခုမှာ တစ်မွေးသာပေါက်ရောက်ခြင်းဟာ အတိတ်ဘဝများစွာက မုသား ပြော ရှောင်ကြဉ်ခဲ့လို့ ပေါက်တာ၊ အတိတ်ဘဝများစွာ နုစဉ်အခါက တောင်မှ မုသားမပြောဘဲနဲ့ ယခုလို ဘုရားဖြစ်တဲ့ ဘဝမှာ ဘယ်ကလာပြီး မုသားပြောမှာလဲတဲ့။ သိမသွားဘူးလား"

"သိသွားပါတယ်ဘုရား"

"သိပြီးတော့ ဘာဆက်စဉ်းစားလဲ၊ "စင်စစ် ငါမေးတဲ့ အာမဂန္ဓက တစ်မျိုးဖြစ်ရမယ်၊ ဘုရားရှင် အလို အာမဂန္ဓက တစ်မျိုးဖြစ်ရမယ်"တဲ့။ **"ပညာရှိတွေး–ပြေးကြည့်သထက်မှန်"** တယ် မဟုတ်လား ဒကာငွေကိုင်ကြီး"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...ရသေ့ပညာရှိ အတွေးလည်း မမှန်ဘူးလား"

"မှန်ပါတယ်ဘုရား"

"ဒီတော့မှ ဘုရားရှင် မစားဘူးပြောတဲ့ အာမဂန္ဓက တစ်မျိုး ဖြစ်ရမယ်။ ဒီ အာမဂန္ဓဟာ ဘာလဲလို့ သိချင်တာနဲ့ မေးလိုလို့ အရှင်ဘုရားပြောသော "အညှီအဟောက်–အာမဂန္ဓ" ဟူသည် အဘယ်မျှ အပြားရှိပါသနည်း" လို့ မေးတာနော်"

"မှန်ပါဘုရား"

"မေးသာမေးတယ်၊ ရသေ့ကြီးက မာနနဲ့ပဲ မေးတယ်နော်"

"မှန်ပါဘုရား"

## ဗုဒ္ဓ၏ အာမဂန္ဓအဖြေ

"ဘုရားရှင်တို့ မဟာကရုဏာတော်ကို အင်မတန် ကြည်ညိုစရာ ကောင်းတယ်နော်။ သတ္တဝါတစ်ယောက် အကျွတ်တရားရရေးကို မဟာကရုဏာတော် ကြီးစွာထားပြီး ဖြေကြားတော်မူတယ်။ ဘယ်လိုဖြေလဲ–

"တိဿရသေ့၊ သူ့အသက်သတ်ခြင်း၊ တုတ် စသည်ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်း၊ လက်ခြေစသည်ကို ဖြတ်ခြင်း၊ ကြိုးစသည်ဖြင့် ချည်နှောင်ခြင်း၊ သူတစ်ပါးပစ္စည်းခိုးခြင်း၊ မမှန်မှုသားဆိုခြင်း၊ စဉ်းလဲခြင်း၊ လှည့်ပတ်ခြင်း၊ အကျိုးမရှိသော ကျမ်းဂန်တို့ကို သင်ယူခြင်း၊ သူတစ်ပါးသားမယား

http://www.dhammadownload.com



တို့ကို ပေါင်းဖော်မှီဝဲခြင်း၊ ဤသည်ကား အညှီအဟောက် အာမဂန္ဓတည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်"

တဲ့။ ကဲ...ရှင်းလား။ ရသေ့အလို အာမဂန္ဓနဲ့ ဘုရားအလို အာမဂန္ဓဟာ လားလားမှမတူဘူးမဟုတ်လား"

"မတူပါဘုရား"

"ဘယ်အာမဂန္ဓကို ရှောင်မလဲ"

"ဘုရားအလို အာမဂန္ဓကို ရှောင်ပါမယ်ဘုရား"

"အင်း...ဘုရားရှင်က အဲဒီ သူ့အသက်သတ်ခြင်း စတဲ့ အကုသိုလ်တရားတွေကိုပြုလုပ်လျှင် အညှီအဟောက်နံ့ထွက်မယ်၊ စိမ်းစော် ညှီဟောက်တဲ့ အနံ့ထွက်မယ်၊ အကောင်ပုပ်နံ့ထွက်မယ်တဲ့နော်"

"မှန်ပါဘုရား"

"ဘာ့ကြောင့်လဲဆိုတော့ အဲဒီ အသက်သတ်ခြင်း စတဲ့ အကုသိုလ်တွေကို ဘယ်သူမှ မနှစ်သက်လို့တဲ့။ ကဲ...မနှစ်သက်တော့ နှာခေါင်းမရှုံ့ဘူးလား၊ ရှုံ့သလား"

"ရှုံ့ပါတယ်ဘုရား"

"ဒါကြောင့် အဲဒီ သူ့အသက်သတ်ခြင်း စတဲ့ အကုသိုလ် သူတစ်ပါး မနှစ်သက်တဲ့အတွက် နှာခေါင်းရှုံ့စရာဖြစ်လို့ အာမဂန္ဓ အစစ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ပြီးတော့ ပူပန်စေတတ်၊ နှိပ်စက်တတ်တဲ့ ကိလေသာ အညစ်အကြေး မစင်မကြယ်တွေနဲ့ ရောနှောနေလို့ နှာခေါင်းရှုံ့စရာဖြစ်တဲ့အတွက် အာမဂန္ဓအစစ်တဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ အဲဒီ သူ့အသက်သတ်ခြင်း စသည်ကို ပညာရှိသူတော်ကောင်းတွေ စက်ဆုတ်အပ်တဲ့အတွက် နှာခေါင်းရှုံ့စရာဖြစ်တဲ့အတွက် အာမဂန္ဓအစစ်တဲ့နော်"

"ကဲ...အဲဒီ သူ့သက်သတ်ခြင်း စတဲ့ အကုသိုလ်ပြုသူရဲ့ မကောင်းနံ့ဟာ လွှန်စွာမနံဘူးလား။ ဘယ်သူက ဘယ်သူ့ကို သတ်လိုက်လို့တဲ့ဆိုတဲ့ မကောင်းနံ့ဟာ တခဏအတွင်း ရွာ-မြို့-နယ်-နိုင်ငံ အဝှန်း၊ ကမ္ဘာအဝှန်းအထိ မနံ့ဘူးလား"

"နံ့ပါတယ်ဘုရား"

"အဲဒီလို အလွန်တရာ ဆိုးဝါးတဲ့ မကောင်းနံ့ကို ဆောင်လို့ အဲဒီ သူ့အသက်သတ်ခြင်းစတဲ့ အကုသိုလ်တွေ ကိလေသာတွေကို အာမဂန္ဓခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ အဲဒီကိလေသာ များပြားတဲ့ သတ္တဝါတွေဟာ အဲဒီကိလေသာအနံ့တွေက အလွန်တရာ မကောင်းနံ့တွေ မထွက်ဘူးလား၊ ထွက်သလား"

"ထွက်ပါတယ်ဘုရား"

"ကဲ...နားထောင် သေသေချာချာ၊ **"နိက္ကိလေသာနံ မတာသရိရမို ဒုဂ္ဂန္ဓံ န ဟောတိ**-ကိလေသာမရှိသူတို့ရဲ့ အသေကောင်တောင်မှပဲ အပုပ်နံ့မထွက်ပါဘူး" တဲ့။ ရှင်းရဲ့လား"

http://www.dhammadownload.com



"ရှင်းပါတယ်ဘုရား"

"ကိလေသာမရှိတဲ့ ဘုရားရဟန္တာတွေလည်း သားငါးဟင်းကို ဘုဉ်းပေးတယ်၊ သက်တော်ရှိစဉ်မှာ ခန္ဓာအစဉ်ကို သီလ–သမာဓိ ပညာဆိုတဲ့ ဂုဏ်ရနံ့နဲ့ ထုံမွှမ်းထားတော့ နံသေးသလား"

"မနံပါဘုရား"

"မနံတဲ့ မညှီတဲ့အပြင် ဘုရားရှင် ဘယ်လိုဟောထားလဲ ဆိုတော့–

"ရဟန်းတို့၊ လောက၌ တောင်ဇလပ်၊ စန္ဒကူးရနံ့တွေ ရှိပေ၏။ ယင်း တောင်ဇလပ် စန္ဒကူးရနံ့တွေသည် မပြော ပလောက် အနည်းငယ်မျှသာတည်း၊ သီလရှိသူတို့ရဲ့ သီလ ရနံ့သည် ရှိတယ်၊ ယင်းသီလရနံ့ဟာ မြတ်တယ်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တိုင်အောင် ကြိုင်လှိုင်တယ်"

တဲ့။ ကဲ...ရှင်းလား။ သဘောပေါက်လား၊ သဘောပေါက်အောင် နားထောင်နော်"

"မှန်ပါဘုရား"

## သူ့အသက်သတ်ခြင်း

"ကဲ...အာမဂန္ဓ ရှင်းကြစို့။ ကဿပဘုရားရှင်က တိဿ ရသေ့ကြီးကို အာမဂန္ဓဟောပြတော့ ပါဏာတိပါတ–သူ့အသက် သတ်ခြင်းကို အာမဂန္ဓလို့ ဟောတယ်နော်။ ဒီနေရာမှာ သတ်တာနဲ့ စားတာနဲ့ မတူတာကို သတိပြုရမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တချို့က **သတ်သူရှိလို့ စားတယ်၊ စားသူရှိလို့ သတ်တယ်၊ သတ်သူနဲ့ စားသူ အတူတူပဲ**" လို့ ပြောကြတယ်။ မဟုတ်ပါဘူး။ ဒီလိုသာဆိုရင် ဘုရား၊ ရဟန္တာတွေလည်း စားတဲ့အထဲမှာ ပါနေတော့ ဘုရား၊ ရဟန္တာတွေလည်း ပါဏာတိပါတ သူ့အသက် သတ်ခြင်း ပြုတယ်ဆိုတဲ့ အဓိပ္ပာယ်မရောက်သွားဘူးလား"

"ရောက်သွားပါတယ်ဘုရား"

"ကဲ...ဘုရား၊ ရဟန္တာတွေက သတ်ပါ့မလား"

"မသတ်ပါဘုရား"

"သတ်တာကိုလည်း တိုက်တွန်းပါ့မလား"

"မတိုက်တွန်းပါဘုရား"

"သတ်တာကိုလည်း ချီးမွမ်းပါ့မလား"

"မချီးမွမ်းပါဘုရား"

"သတ်တာကိုလည်း စိတ်တူပါ့မလား"

"စိတ်မတူပါဘုရား"

"ဒါဖြင့် သူ့ဘာသာသူ အသက်မွေးဝမ်းကျောင်းမှုအတွက် သတ်ဖြတ်ပြီး ရောင်းချတဲ့အသား ငါးကို ဝယ်စားတဲ့သူတွေမှာ "**ကိုယ်တိုင်–တိုက်တွန်း–ချီးမွမ်း–စိတ်တူ**"ဆိုတဲ့ အင်္ဂါတွေနဲ့ ငြိသေးသလား"

"မငြိပါဘုရား"

"မငြိကြောင်းကို အဋ္ဌကထာက ဘယ်လိုပြလဲဆိုတာကို သေသေချာချာ မှတ်ထားနော်"

http://www.dhammadownload.com



“**မံသဘောဇနံ ပန အဒိဋ္ဌမသုတ, ပရိသင်္ကိတဥ္စ အနုဇာနာမိ**–မိမိတို့ သတ်သည်ကို မမြင်ရသည်လည်းဖြစ်သော၊ မိမိဖို့သတ်သည်ဟု သတင်းမကြားရသည်လည်းဖြစ်သော၊ မိမိဖို့သတ်သည်ဟု ယုံမှာလည်းမဖြစ်ရသော သား၊ ငါး အမဲနှင့် ရောနှောသော ဘောဇဉ်သည်ကား အပြစ်မရှိ” တဲ့။ ကဲ...မရှင်းဘူးလား။ ဒီအဓိပ္ပာယ် အကျယ်တဝင့်လည်း နောက်က ပြခဲ့ပြီးပြီနော်၊ ပြောခဲ့ပြီးပြီနော်၊ ရှင်းအောင် ပြန်ပြီး ပြောတာနော်”

“မှန်ပါဘုရား”

## သားမယားသတ်လွှတောင်

“ဒီသတ်ဖြတ်မှုနဲ့ပတ်သက်လို့ သတ်ဖြတ်သူတော့ အာမဂန္ဓ ဖြစ်ကြောင်း သိပြီနော်၊ သေသေချာချာလည်း မှတ်ထားနော်၊ အဲဒီသတ်ဖြတ်မှု ပါဏာတိပါတကံကို စားသူလည်း ရတယ်လို့ စွပ်စွဲတာ ယခုမှသာ မဟုတ်ပါဘူး။ ရှေးကလည်း စွပ်စွဲခဲ့ပါတယ်၊ အဲဒီလို စွပ်စွဲတော့ မဖြစ်သင့်တဲ့အဖြစ်တွေ ဖြစ်ကုန်ပါတယ်။

“အဲဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်းတစ်ခုကို ထုတ်ပြပါမယ်၊ သီဟစစ်သူကြီး ဝတ္ထုပေါ့၊ သီဟစစ်သူကြီးဝတ္ထု နောက်ကလည်း အကျဉ်းချုပ် ပြောခဲ့ပြီးပါပြီ၊ အဲဒီဝတ္ထုနဲ့ ယခု ဒီသာဓက စပ်မိပါမှ ပိုမိုသဘောပေါက်ပါလိမ့်မယ်။

“ဘုရားရှင် ဝေသာလီပြည်မှာ သီတင်းသုံးခိုက် သီဟ စစ်သူကြီး တရားနာပြီး သဘောပေါက်တော့ အယူဝါဒပြောင်း

http://www.dhammadownload.com



သွားကာ ဘုရားရှင်နှင့် သံဃာအားလုံးကို ပင့်ဖိတ်ပြီး အသားနှင့် ရောသော "**သမ်သာဘတ်**" ကို လှူတော့ နိဂဏ္ဌာတက္ကဒွန်းတွေက မစွပ်စွဲဘူးလား

"စွပ်စွဲပါတယ်ဘုရား"

"နောက်မှာပါခဲ့ပြီနော်"

"မှန်ပါဘုရား"

"အကျယ်တော့ မပြောတော့ဘူး၊ ပြန်ပြီးတော့ ဆက်စပ် သတိပြုယူပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီ နိဂဏ္ဌာတက္ကဒွန်းတွေက စွပ်စွဲတာကို ဘုရားရှင်ကြား တော့ "ရဟန်းတို့...နိဂဏ္ဌာတက္ကဒွန်းတွေဟာ ယခုအခါမှာသာ သားငါး စားမှုနဲ့ပတ်သက်ပြီး ကဲ့ရဲ့တာမဟုတ်သေးဘူး၊ ရှေး ကလည်း ကဲ့ရဲ့ခဲ့သေးတယ်" လို့ မိန့်တော်မူတယ်"

"အဲဒီလို မိန့်တော်မူတော့ ရဟန်းတော်တွေက အတိတ် အကြောင်းကို ပြန်ပြောင်းဟောဖို့ လျှောက်ထားတော့ ဘုရားရှင်က အတိတ်အကြောင်းကို ဟောပြတယ်"

"ဘယ်လိုဟောလဲဆိုတော့–"ရဟန်းတို့...အတိတ်တုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတယ်၊ အဲဒီအချိန်မှာ ဘုရားလောင်းဟာ ပုဏ္ဏားမျိုး၌ ဖြစ်တယ်၊ အရွယ်ရောက်တော့ အတတ်ပညာ သင်ကြားပြီး ကာမဂုဏ်တွေ အပြစ်မြင်တော့ တောထွက်ပြီး ရသေ့ပြုတယ်"တဲ့။ ဘုရားလောင်း ဘာပြုလဲ"

"ရသေ့ပြုပါတယ်ဘုရား"

http://www.dhammadownload.com



"ရှေးက သာသနာပဆိုတော့ တိဿရသေ့၊ အာမဂန္ဓရသေ့တို့လို တောထဲမှာ ဘေးမဲ့ပဲစား၊ သက်သတ်လွတ်ပဲစားတော့ အာမဂန္ဓရသေ့တို့လိုပဲ ဖြူဖတ်ဖြူရော် ရောဂါဖြစ်လို့ ချဉ်ဆား စသည်မှီဝဲရန် ရွာပြည်လာရတယ်နော်"

"မှန်ပါဘုရား"

"အဲ...သူကြွယ်တစ်ယောက်က မြင်တော့ "ဒီရသေ့ကို ငါ ညှဉ်းဆဲဦးမှပဲ"လို့ စဉ်းစားပြီး အိမ်ကို ဆွမ်းစားပင့်တယ်၊ ဘာတွေနဲ့ ဆွမ်းကပ်လဲဆိုတော့ သားငါးဟင်းစုံနဲ့ ကပ်တယ်၊ ကပ်ပြီးတော့ ဘာလျှောက်သလဲဆိုတော့-

"ရှင်ရသေ့ ဒီသားငါးတွေကို ရှင်ရသေ့တို့ကိုသာလျှင် ရည်ရွယ်မှန်းထားပြီး သတ်ဖြတ်၍ ချက်ပြုတ်ပါတယ်၊ ဒီအကုသိုလ် အကျွန်ုပ်တို့သာလျှင်ရသည်မဟုတ်ပါ၊ ရှင်ရသေ့တို့လည်း ရသည်ဖြစ်ပါစေ"

လို့ လျှောက်တယ်။ ကဲ...အဲဒီသူကြွယ်ရဲ့ ပြောကြားချက်ဟာ ယခုခေတ် တချို့သော သူတွေရဲ့ အပြောနဲ့မတူဘူးလား တူသလား"

"တူပါတယ်ဘုရား"

"ဒါကြောင့် ရှေးကလည်း ရှိခဲ့တယ်လို့ ပြောခဲ့တာနော်"

"မှန်ပါဘုရား"

"အဲဒီလို သူကြွယ်ကပြောပြီး နောက်တစ်ခါ ဘာပြောပြန်သလဲဆိုတော့-

http://www.dhammadownload.com



"ရှင်ရသေ့၊ သီလမရှိသူက ပုတ်ခတ်ညှဉ်းဆဲသတ်ဖြတ်ပြီးတော့ အလှူဒါနပြုလုပ်တယ်၊ အဲဒီလိုလူတွေလှူတဲ့ဆွမ်းကို ဘုဉ်းပေးတဲ့ ရှင်ရသေ့မှာလည်း မကောင်းမှု အကုသိုလ်ဖြင့် လိမ်းကျံကပ်ငြိတယ်"

လို့ ပြောပြန်တယ်။ ဒီတော့ ဘုရားလောင်းရှင်ရသေ့က ဘာပြန်ပြောသလဲဆိုတော့–

"အို...သူကြွယ်၊ သီလမရှိသူသည် သားမယားကိုပင် အကယ်၍ သတ်ပြီးလှူသည်ဖြစ်အံ့၊ ပညာရှိတဲ့သူသည် ယင်းဆွမ်းကို စားသော်လည်း မကောင်းမှု အကုသိုလ်ဖြင့် မလိမ်းကျံ မကပ်ငြိဘူး"

တဲ့။ ကဲ...ရှင်းလား။ အဲဒါ ဇာတ်အဋ္ဌကထာမှာလာတဲ့ သာဓကဝတ္ထုကြောင်းပဲနော်"

"မှန်ပါဘုရား"

## သတ်မှုအင်္ဂါ

ဒီနေရာမှာ ပါဏာတိပါတမြောက်–မမြောက် သတ်မှုအင်္ဂါကို ပြမယ်၊ အဲဒီသတ်မှုအင်္ဂါကို မှတ်ထားပါ၊ ဒီအင်္ဂါနဲ့ညီရင် သတ်မှုမြောက်တယ်၊ ကံထိုက်တယ်၊ မညီရင် ကံမထိုက်ဘူး၊ အင်္ဂါက ဘာတွေလဲ"

၁။ သက်ရှိသတ္တဝါလည်း ဖြစ်ခြင်း၊

၂။ သက်ရှိသတ္တဝါမှန်းလည်း သိခြင်း၊

၃။ သတ်လိုတဲ့စိတ်စေတနာလည်းရှိခြင်း၊

http://www.dhammadownload.com



၄။ သတ်ဖြတ်မှု လုံ့လတစ်ခုခုကိုလည်း ပြုခြင်း၊
၅။ ထိုလုံ့လကြောင့်ပင် သေလည်းသေခြင်း

ဆိုတဲ့ အင်္ဂါငါးပါးပြည့်စုံရင် သူ့သက်သတ်မှု ပါဏာတိပါတကံ မြောက်တယ်၊ မပြည့်စုံရင် မမြောက်ဘူး။ ကဲ...ဈေးထဲက အသေကောင် ဝယ်စားတဲ့သူတွေမှာ အဲဒီအင်္ဂါတွေထဲက ဘယ်အင်္ဂါနဲ့ ငြိစွန်းသလဲ"

"ဘယ်အင်္ဂါနဲ့မှ မငြိစွန်းပါဘုရား"

"ဒါဖြင့် အပြစ်ရှိဦးမလား"

"အပြစ်မရှိပါဘုရား"

## ကိုယ်ပြုသလိုခံရ

"အဲ...သူ့အသက် သတ်တဲ့သူကျတော့လည်း သူ့ကို သတ်တဲ့အတိုင်း ကိုယ့်ပြန်ပြီး အသတ်ခံရမယ်၊ ဒီမှာ ဝတ္ထုတိုလေး တစ်ခု ပြောကြစို့၊ ရှေးကပုဏ္ဏားတစ်ယောက် ဆိတ်ကလေး တစ်ကောင် လည်လှီးသတ်မလို့တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဆိတ်ကလေးက ငိုတယ်၊ ပြီးတော့ ရယ်ပြန်တယ်၊ ဒီတော့ ပုဏ္ဏားကြီးက ငိုကြောင်း ရယ်ကြောင်းကို မေးတယ်၊ ဆိတ်ကလေးက "အကျွန်ုပ်ဟာ ရှေးက အသင်ပုဏ္ဏားကြီးလိုပဲ ပုဏ္ဏားတစ်ယောက်ပါ၊ အသင်ပုဏ္ဏားကြီးလိုပဲ ဆိတ်ကလေး တစ်ကောင်ကို လည်လှီးပြီး သတ်ဖြတ်ခဲ့ပါတယ်"

"အဲဒီ ပါဏာတိပါတ အကုသိုလ်ကံကြောင့် ငရဲကျခဲ့ရပါ တယ်၊ ငရဲမှတက်တော့ ခန္ဓာရတဲ့ သတ္တဝါဖြစ်တိုင်း လည်လှီးပြီး

http://www.dhammadownload.com



အသတ်ခံရတာ (၄၉၉)ဘဝရှိပါပြီ။ ယခုတစ်ခါ လိုးခံရမယ်ဆိုရင် ဘဝငါးရာ ပြည့်ပါပြီ၊ ပါဏာတိပါတ အကုသိုလ်ကံ ကုန်ပါပြီ"

"အဲဒါကြောင့် ငါ့အကုသိုလ်ကံတော့ ဒီဘဝဆိုရင်ကုန်ပြီလို့ သိရလို့ ဝမ်းသာတဲ့အတွက် ရယ်ပါတယ်၊ ငါ့ကိုသတ်ရင် ဒီပုဏ္ဏား ကြီးလည်း ငါ့လိုပဲ ဘဝငါးရာ အသတ်ခံရဦးမှာပါပဲလို့ သိလို့ အသင်ပုဏ္ဏားကို သနားလို့ ငိုပါတယ်" တဲ့။ ကဲ...ဆိတ်ကလေး ငိုကြောင်း ရယ်ကြောင်း သိပြီလား"

"သိပါပြီ ဘုရား"

"ပုဏ္ဏားကြီးလည်း သိသွားရော "အသင်ဆိတ်ကလေး သင့်ကို ငါမသတ်တော့ဘူး၊ ဘေးမဲ့ပေးမယ်လို့ ပြောတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ဆိတ်ကလေးက အသင်ပုဏ္ဏားကြီးက ဘေးမဲ့ ပေးသော်လည်း အကျွန်ုပ်ပြုခဲ့တဲ့ သူ့အသက်သတ်မှုကံက ဘေးမဲ့ မပေးပါဘူး၊ ကျွန်ုပ် ဒီနေ့ပဲ လည်ပင်းပြတ် သေရမှာပါတဲ့" သနားစရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"သနားလည်း ဘာတတ်နိုင်မှာလဲ၊ သူ့အကုသိုလ်ကံက ရှိနေတာကိုနော်"

"မှန်ပါဘုရား"

"ဒီတော့ ပုဏ္ဏားကြီးက "အသင်ဆိတ်ကလေး မပူနဲ့၊ သင်မသေစေရဘူး၊ သင့်ကို အထိန်းအကျောင်းပေးမယ်ဆိုပြီး ာထိန်းတစ်ယောက် ပေးတယ်၊ ဟိုကလည်း ထိန်းလို့ကျောင်းလို့

http://www.dhammadownload.com



ပေါ့။ ဟော အချိန်ကျတော့ မိုးကြိုးပစ်ချလိုက်တာ လည်ပင်းပြတ် သေရော၊ ကဲ...ဘာတတ်နိုင်သေးလဲ"

"ဘာမှ မတတ်နိုင်တော့ပါဘုရား"

"ဒကာငွေကိုင်ကြီး သူ့အသက်ကို တစ်ခါသတ်မလား။ ကိုယ့် အသက် ငါးရာ အသတ်ခံမလား"

"တစ်ခါမှ မသတ်တော့ပါဘုရား"

"သူ့တစ်ခါသတ်ရင် ကိုယ့်မှာ အပါယ်လည်းကျဦးမယ်၊ ငါးရာ လည်း သူ့သတ်သလို အသတ်ခံရဦးမယ်ဆိုတော့ ကြောက်စရာ ကြီးနော်၊ အဲဒါကို သဘောပေါက်အောင် မာဃဒေဝလင်္ကာမှာ-

ပုဗ္ဗရေးက၊ ပြုခဲ့ကြသည့်၊ ပါပအကျိုး။ ထိုက်ခံဆိုးကြောင့်၊ မိုးကြိုးကျရာ၊ ခံမိစွာခဲ့၊ သံသရာရှည်ဝွန်၊ ဘယ်မစွန့်ဘူး၊ မြို့ဝန်နောက်မှာ၊ ပါးကွက်ပါသို့၊ ဖြစ်ရာဖြစ်ရာ၊ ဘဝမှာလျှင်၊ မကွာကံတစ်၊ ဖက်ထစ်အမြဲ၊ မကွဲတကွ၊ လိုက်တစ္စရှင့်"

"ကမ္မနိယံ၊ ထုံးစံမှတ်ယူ၊ ထိုသို့ဟူ၏၊ ဤလူတစ်စု၊ ကိုယ်ပင်ပြုသား၊ ကိုယ့်မှုကိုယ့်ကံ၊ ကိုယ်လုပ်ကြံတိုင်း၊ ကိုယ်ခံရမြဲ၊ မလွှဲတို့ချေ၊ မောင်သိစေလော့"

တဲ့၊ ကဲ...ဒကာငွေကိုင်ကြီး၊ ကိုယ်က သူ့ကို လည်လှီးသတ်တော့ ကိုယ် ဘယ့်နှယ်လဲ"

"လည်လှီးသတ်ခံရမှာပါဘုရား"

"ဒါတွင် ဘယ်ကမလဲ၊ တခြားသူ့အသက်သတ်မှု အပြစ် တွေ အများကြီးရှိသေးတယ်၊ ဘာတွေလဲဆိုတော့-

http://www.dhammadownload.com



"ပါဏာတိပါတ်၊ သူ့အသက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျှင်ခြင်းလည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခွဲရုံပျက်၍၊ အသက်တိုလျှ၊ ပြစ်များစွာသည်၊ ရှောင်ကအပြန်အကျိုး တည်း"

တဲ့၊ သူ့အသက်သတ်ရင် အပြစ်၊ ရှောင်ရင် အကျိုးတွေပြထားတာ အများကြီးနော်၊ အဲဒါတွေတော့ သိလောက်ပါပြီး ကဲ...ပါဏာတိ ပါတနဲ့ ပတ်သက်ပြီး တော်လောက်ပါပြီ၊ ရှေ့သွားကြစို့နော်"

"မှန်ပါဘုရား"

## ညှဉ်းဆဲခြင်း

"ကဲ...သတ်တော့ မသတ်ပါဘူးတဲ့၊ တုတ် စသည်ဖြင့် ရိုက်ပုတ်နှိပ်စက် ညှဉ်းဆဲခြင်း "**ဝဓ**" အမှုကို ပြုတယ်ဆိုရင်လည်း ဘာလဲဆိုတော့ "အာမဂန္ဓ" ပဲနော်၊ တချို့ ဘေးမဲ့တော့ စားတယ်၊ အဲဒီ ညှဉ်းဆဲမှုတော့ မရှောင်ဘူး၊ သူများထက်တောင် ဆိုးတာ တွေ တွေ့ရတယ်၊ ဒီတော့ အကျိုးရှိပါဦးမလား"

"အကျိုးမရှိတော့ပါဘုရား"

## ဖြတ်ခြင်း

အင်း...တချို့များ ရက်ရက်စက်စက် သတ္တဝါတွေကို လက် ခြေ စသည်တွေကိုဖြတ်တယ်၊ စိတ်ကူးနဲ့ ကိုယ့်ကိုယ်ကို ပြန်ပြီး ဖြတ်ကြည့်စမ်း၊ ခံနိုင်ပါ့မလား၊ ဘယ်လောက်တောင် အခံရခက် မလဲလို့နော်"

http://www.dhammadownload.com



"အခံရခက်ပါမယ်ဘုရား"

"ဖြတ်ကြည့်ပြီးလို့လား"

"မပြီးသေးပေမယ့် မှန်းဆသိပါတယ်ဘုရား"

"ဖြတ်ခြင်းကို ပါဠိလို **ဆေဒ**လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ လှီးဖြတ်ခြင်း ဆေဒလည်း အာမဂန္ဓပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## နှောင်ဖွဲ့ခြင်း

"တချို့ကျတော့ သတ္တဝါတွေ မပြေးနိုင်မလွှားနိုင်အော ကြိုးနဲ့တုပ်တယ်၊ လက်ပြန်ကြိုးချည်တယ်၊ ထောင်ထဲ၊ အချုပ် ထည့်ထားတယ်၊ မသွားလာနိုင်အောင် ဖမ်းဆီးထားတပ ဟန့်တားတယ်၊ အဲဒီလို ပြုလုပ်တာဟာ ဘာလဲ"

"အာမဂန္ဓပါဘုရား"

"အသား ငါးဟာ အာမဂန္ဓမဟုတ်ဘူးနော်"

"မှန်ပါဘုရား"

## ခိုးယူခြင်း

"ခိုးယူခြင်းဆိုတာ ပိုင်ရှင်၊ ဥစ္စာရှင်တို့က စာရေးသ ဖြစ်စေ၊ ကိုယ်လက်လှမ်း၍ဖြစ်စေ၊ "ရော့ယူတော့" လို့ နှုတ် ဖြစ်စေ၊ မပေးအပ်သော သူ့ဥစ္စာကို ခိုး၍ ဓားပြတိုက်၍ လည်၍ ညာဝါး၍ ပြောဆိုယူမှုကို ခိုးယူမှု၊ ခိုးယူခြင်းလို့ခေါ်တ

http://www.dhammadownload.com



ဒီခိုးခြင်းအင်္ဂါတွေကို သိဖို့ အင်မတန်လိုအပ်တယ်၊ အဲဒါက ဘာတွေလဲ-

၁။ သူတစ်ပါးဥစ္စာလည်း ဖြစ်ခြင်း၊

၂။ သူ့ဥစ္စာဟု သိသည်လည်းဖြစ်ခြင်း၊

၃။ ခိုးယူလိုသောစိတ်လည်းရှိခြင်း၊

၄။ ခိုးယူကြောင်း၊ ကိုယ်မှု၊ နှုတ်မှု၊ လုံ့လတစ်ခုခုကိုလည်း ပြုခြင်း၊

၅။ ထိုလုံ့လဖြင့် ခိုးခြင်းကိစ္စ အထမြောက်သည်လည်း ဖြစ်ခြင်းလို့ ဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံရင် ခိုးယူခြင်းအင်္ဂါ အထမြောက်တယ်၊ အပြစ်အကြီးအငယ်ကတော့ ဥစ္စာရဲ့တန်ဖိုးလည်း လိုက်တယ်၊ ဥစ္စာရှင်ရဲ့ သီလသိက္ခာလိုက်၍လည်း ဖြစ်တယ်၊ အဖိုးတန်ရင် အပြစ်ကြီးတယ်၊ သီလရှိသူရဲ့ ဥစ္စာကို ခိုးယူရင် အပြစ်ကြီးတယ်ပေါ့နော်"

"မှန်ပါဘုရား"

## ခိုးနည်းအမျိုးမျိုး

"အဲဒီ မတရားသဖြင့် ခိုးယူခြင်း၊ မရိုးမသားယူခြင်းမှန်သမျှဟာ ထေယျခိုးယူခြင်းပဲ၊ အဒိန္နာဒါန" ချည်းပဲခေါ်ရတယ်၊ အဲဒီ ထေယျခိုးယူခြင်းဟာ အင်မတန် နူးညံ့တယ်၊ ခိုးယူခြင်း ၂၅-မျိုးတောင်ပြတယ်၊ သဘောတူပေါင်းပြရင် ၁၁-ပါးလောက်တော့ သိဖို့ကောင်းပါတယ်။ အဲဒီ ၁၁-ပါးက ဘာလဲဆိုတော့-

၁။ **အာဒိယန**=သူ့ဥစ္စာကို ကိုယ်ရအောင် တရားစွဲ၍ ယူခြင်း၊

http://www.dhammadownload.com



၂။ **ဟာရဏာ**= သူ့ဥစ္စာကို အရှိုးခံအတိုင်း ဆောင်ယူသွားခြင်း၊ လမ်းကျမှ လိုချင်၍ယူခြင်း၊

၃။ **အဝဟာရဏာ**= မိမိထံ၌ အပ်နှံထားသည်ကို ပြန်တောင်းသည့်အခါ ပြန်မပေးဘဲ "မအပ်ပါဘူး" စသည်ဖြင့် လိမ်ညာ၍ယူခြင်း။

၄။ **ဣရိယာပထစိကောပန**=အသက်ရှိသော ဥစ္စာကို သူ့နေမြဲ ဣရိယာပုထ် ပျက်အောင်ဖျက်၍ နေရာပြောင်းအောင် ခြောက်လှန့်၍ယူခြင်း၊

၅။ **ဌာနာစာဝန**=မြှုပ်ထားတဲ့ ရွှေအိုးစသည်ကို နဂိုနေရာမှ ရွေ့အောင်လုပ်၍ယူခြင်း၊

၆။ **သင်္ကေတဝီတိနာမန**=ကင်းခွန်ကောက်ရာအရပ်ကို ရှောင်လွှဲ၍ အခွန်မပေးဘဲသွားခြင်း၊

၇။ **ထေယျာဝဟာရ**=ပုန်းလျှိုးကွယ်လျှိုးခိုးခြင်း၊ အလေးတင်းတောင်း စဉ်းလဲ၍ခိုးခြင်း၊

၈။ **ပသယှာဝဟာရ**=ဥစ္စာရှင်ကို လွှမ်းမိုးနှိပ်စက်၍ "ဒဏ်တပ်မည်၊ ထောင်ချမည်၊ သပိတ်မှောက်မည်" စသည်ဖြင့် ခြိမ်းခြောက်၍ယူခြင်း။

၉။ **ကုသာဝဟာရ**= မဲချရာ၌ မိမိကျသော ညံ့သောမဲကို သူတစ်ပါး၏ ကောင်းသောမဲနှင့်လဲယူခြင်း၊

၁၀။ **ပဋိစ္ဆန္နာဝဟာရ**= ဥယျာဉ်စသော အရပ်၌ သူတစ်ပါး၏ လက်ဝတ်တန်ဆာကို မြက်စသည်ဖြင့်ဖုံး၍ နောင်မှ လာယူခြင်း၊

http://www.dhammadownload.com



၁၁။ **ပရိကပ္ပါဝဟာရ**= အဝတ် ဖြစ် လျှင် ယူ မည်၊ အခြားဝတ္ထုဖြစ်လျှင် မယူဟု ကြံစည်စိတ်ကူး၍ အထုပ်ကိုယူခြင်း၊ မည်သည့်အရပ်လွန်မှ ယူမည်၊ ဒီအတွင်းမှာ ဥစ္စာရှင်မြင်လျှင် ခဏယူသလိုလုပ်၍ ပြန်ထားမည်စသည်ဖြင့် အရပ်ဌာနကို ကြံဆ၍ ယူခြင်း

လို့ အဲဒီခိုးယူခြင်း ၁၁–ပါးလောက်တော့ သဘောပေါက်ထားဖို့ ကောင်းပါတယ်။ သဘောပေါက်အောင်လည်း မှတ်ထားပါနော်"

"မှန်ပါဘုရား"

"သူတစ်ပါးဥစ္စာ ခိုးယူလျှင် သင့်တဲ့အပြစ်တွေကတော့ အများကြီးပဲ၊ အဲဒါကို လင်္ကာနဲ့ မှတ်ထားပေါ့–

"အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲ–ငတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ–မီး–သူခိုး မွေခံဆိုးနှင့်၊
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့် ပျက်ပြားဥစ္စာ၊ ပြစ်များ
စွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း"

တဲ့။ ကဲ...ဒါလောက်ဆို ခိုးယူခြင်း အာမဂန္ဓနဲ့ပတ်သက်လို့ တော်ရောပေါ့နော်"

"မှန်ပါဘုရား"

## မုသားပြောခြင်း

"မုသားဆိုတဲ့ပုဒ်ဟာ မဟုတ်မမှန်တဲ့ ဝတ္ထုကို ဟောတဲ့ပုဒ်ပဲ၊ မဟုတ်မမှန်တဲ့ဝတ္ထုဆိုတာ "သက်နိုးရှိသလား" လို့ မေးတဲ့အခါ ရှိပါလျက် "မရှိ" လို့ ပြောဆိုအပ်တဲ့သက်နိုး၊ မရှိပင် မရှိဘဲ "ရှိတယ်" လို့ ပြောဆိုအပ်တဲ့သက်နိုးပဲပေါ့"

http://www.dhammadownload.com



"တစ်စုံတစ်ခုသော သတင်းစကားကို ကြားရာ၌ "ဟုတ်သလား"လို့ မေးရင် ဟုတ်ပါရက်နဲ့ "မဟုတ်" လို့ ပြောဆိုအပ်၊ မဟုတ်ဘဲနဲ့ "ဟုတ်တယ်" လို့ ပြောဆိုအပ်တဲ့ သတင်းစကားပဲပေါ့"

"အဲဒီလို အရာဝတ္ထုက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မဟုတ်တာကို ပြောဆိုခြင်းကိုပင် "မုသား" လို့ ခေါ်တယ်၊ လူတွေအသုံးမှာတော့ "မုသာဝါဒ–မုသားပြောတယ်" လို့ နှုတ်ကျိုးနေကြပြီနော်"

"မှန်ပါဘုရား"

"အဲဒီ မုသားကို နှုတ်ဖြင့်ပြောရတဲ့ မုသားကများလို့ "မုသာဝါဒ" ခေါ်ဆိုတာပဲ၊ ကိုယ်–နှုတ် တစ်ခုခုနဲ့ ညာဝါးဖြန်းသန်းရေးသားမှု အရပ်ရပ်လည်း မုသာဝါဒပါပဲ၊ အဲဒီမုသာဝါဒအရာ၌ အင်္ဂါ ၄–ပါးညီလျှင် မုသားဖြစ်ပါတယ်၊ အဲဒါတွေက ဘာတွေလဲ–

၁။ မဟုတ်မမှန်တဲ့ ဝတ္ထုဖြစ်ခြင်း၊

၂။ မှားယွင်းစေလိုသော စိတ်ရှိခြင်း၊

၃။ မှားယွင်းစေလိုသော စိတ်အားလျော်တဲ့ ကိုယ်နှုတ်တို့နဲ့ လိမ်ညာခြင်း၊

၄။ အလိမ်အညာခံရသူက လိမ်ညာသည်ကိုသိခြင်း

ဆိုတဲ့ အင်္ဂါလေးပါးပဲ၊ အဲဒီအင်္ဂါ ၄–ပါးညီလျှင် မုသာဝါဒဖြစ်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## အပြစ်အကြီးဆုံး

"ဒီမုသာဝါဒကို လူတွေက ပေါ့ပေါ့ထင်ပြီး "**မုသားမပါ-လင်္ကာမချော**" လို့ ဆိုပြီး လင်္ကာချောအောင် မုသားပြောကြတယ်၊ "**အကုသိုလ်မှာ မုသာဝါဒ၊ ကုသိုလ်မှာကား သစ္စာဝါစာ၊ လေးဆုံးသာတည်း**" လို့ဆိုတော့ လင်္ကာချောအောင် မုသားပြောတဲ့ သူဟာ အပြစ်အကြီးဆုံး အကုသိုလ်ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီး လင်္ကာချောချင်သေးလား"

မချောချင်တော့ပါဘုရား"

"ဘာဖြစ်လို့လဲ"

"အပြစ်ကြီးလို့ပါဘုရား"

"ဘာဖြစ်လို့ အပြစ်ကြီးလဲဆိုတော့ ပါရမီ ၁၀-ပါးမှာ သစ္စပါရမီဆိုတာ မပါဘူးလား"

"ပါပါတယ်ဘုရား"

"အဲဒီသစ္စပါရမီဆိုတာ နှုတ်နဲ့ဖြည့်ရတာပဲ၊ အမှန်ပြောရင် သစ္စပါရမီ၊ မမှန်တာပြောတော့ သစ္စပါရမီ ပျက်မသွားဘူးလား"

"ပျက်သွားပါတယ်ဘုရား"

"အကျိုးအကြီးဆုံး ကုသိုလ်ကြီးပျက်သွားတယ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် အပြစ်အကြီးဆုံး မုသားပြောရင် အကျိုးအကြီးဆုံး သစ္စပါရမီ ပျက်တယ်ဆိုတော့ ပြောသင့် မပြောသင့်"

"မပြောသင့်ပါဘုရား"

http://www.dhammadownload.com



"ဘာတဲ့လဲ မုသားအပြစ်နဲ့ပတ်သက်လို့ မဃဒေဝလင်္ကာမှာ ဖော်ပြထားတယ်"

"ဒုစရိုက်အမှု၊ လောကလူတွင်၊ ပြောထူမုသား၊
ထိုသူအားကား၊ သားတိမဖွား၊ သမီးများဟု၊ ထင်ရှားကျမ်း၌
မိန့်တော်ရိုက်"၏။

ကဲ...ဘဝါဘဝက ဖွားသောအားဖြင့်လည်း ပေါ်လာတယ်။ ဖော်ပြတယ်နော်"

"မှန်ပါဘုရား"

"မုသာဝါဒကို အစအဆုံးပြောဆိုခဲ့သူ စေတိယမင်း ကရမ္ဘိယ တို့ဆိုလျှင် မြေခွဲပြီးတော့မျိုကာ အဝီစိချတယ်။ ဒီအကြောင်း ကိုလည်း မဃဒေဝလင်္ကာမှာ-

"သူ့မိုက်ဝါဒ၊ စေတိယနှင့်၊ ထိုမှတုံပြီး၊ ကရမ္ဘိတို့၊
အဝီစိထဲ၊ မီးငရဲသို့၊ မြေခွဲမျို၍၊ အစတိုရှင့်"

တဲ့။ စပ်ဆိုထားခဲ့တယ်။ ဒီတော့ မုသာဝါဒဟာ သိပ်ပြီးတော့ ကြောက်စရာကောင်းပါတယ်။ ဒီတွင်မကသေးပါဘူး-

"အယူမသမ္မာ၊ ယုတ်မာစွာကား၊ မိစ္ဆာမိုက်ကန်း၊
မုသားဆန်း၍၊ နတ်ပန်းကက္ကရု၊ မွှေးပေါင်းစုကို၊ ရမှု
တောင်းဆို၊ ပုဏ္ဏားအိုသို့၊ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခကြမ်းကြုတ်၊
မီးနှယ်ဖုတ်၏"တဲ့။

ကက္ကရုနတ်ပန်းလိုချင်လို့ မုသားပြောတဲ့ ပုဏ္ဏားအိုကြီး ဒုက္ခရောက်ပုံ ဇာတ်တော်မှာ အထင်အရှားရှိပါတယ်။

http://www.dhammadownload.com



## အယုတ်–အမြတ်

"ဒီမုသာဝါဒကို လက်ာချောအောင်ဆိုပြီး အပေါ်ယံသဘောနဲ့ လွယ်လွယ်မပြောပါနဲ့။ နှုတ်အပြောဟာ လူ့ရဲ့အကျင့်စာရိတ္တကို အများကြီးဖော်ပြပါတယ်။ ဒီသဘောကိုလည်း မဃဒေဝလင်္ကာနဲ့ ပြောပြပါမယ်–

"အမျိုးယုတ်ညံ့ အကျင့်ယုတ်၏၊ မျိုးယုတ်၊ ကျင့်ယုတ်၊ လူအစုတ်ကား၊ မဟုတ်ယွင်းခွ၊ အဒိဋ္ဌ၌၊ ဒိဋ္ဌဟူဘိ၊ ကြားမသိလည်း၊ ကြားသိသော့ယောင်၊ ဟန်ဆောင်ပြုံတတ်၊ ဗောဓိသတ်နှင့်၊ သူမြတ်တို့မှာ၊ နှုတ်သစ္စာကို၊ လွန်စွာမဖျက်၊ အဆက်ဆက်ပင်၊ သက်ထက်စွဲယူ၊ မြဲကြမူ၏"တဲ့။

တဲ့။ ကဲ...ယုတ်တဲ့လူက ဘာတဲ့လဲ၊ အဒိဋ္ဌ မမြင်ဘဲနဲ့ ဒိဋ္ဌမြင်တယ်တဲ့၊ မကြား–မသိဘဲနဲ့ ကြားတယ်၊ သိတယ်တဲ့၊ ဟန်ဆောင်ဝါကြွား မုသားပြောတယ်တဲ့၊ ဗောဓိသတ်ခေါ် ဘုရားလောင်းနဲ့ သူတော်သူမြတ်တွေက ဝစီသစ္စာ၊ နှုတ်သစ္စာကို မပျက်အောင် စောင့်ထိန်းတယ်တဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ သူတော်ကောင်းသဘောကို ဆက်လက်ပြီး ဘယ်လို လင်္ကာသီထားလဲဆိုရင်–

"သူတော့်မနော၊ သဘောဖြောင့်စွာ၊ စိတ်သမ္မာမှ၊ သစ္စာစောင့်တတ်၊ အမျိုးမြတ်မှ၊ ကျင့်ဝတ်တည်မြဲ၊ မဖောက်လဲတည့်၊ ဝမ်းထဲသမ္မာ၊ မှန်သစ္စာမှ၊ များစွာ ကြည်ညွတ်၊ ခံတည်မှတ်၏၊ မျိုးမြတ်တုံ့ရှောင်း၊ အကျင့်

http://www.dhammadownload.com



ကောင်းမှု၊ လူပေါင်းရှိသော၊ ဂုဏ်နေမြင့်ရာ၊ မချွတ်စွာရှင့်" တဲ့။ အဲဒီလို သီကုံးထားခဲ့တယ်။ ဒီလင်္ကာဟာ အဓိပ္ပာယ် ပြော စရာ မလိုတော့လောက်အောင် ပေါ်လွင်ပါတယ်။ ပြောစရာမလို တော့ဘဲ ရှေ့သွားစို့နော်"

"မှန်ပါဘုရား"

## သစ္စာအကျိုး

"ရှေ့သွားတော့ မုသားအပြစ်တွေ ထားခဲ့ပြီး သစ္စာအကျိုး ကြီးပုံတွေကို ပြောကြဦးစို့နော်၊ အဲဒါလည်း လင်္ကာတွေက သိပ် ကောင်း၊ သိပ်ထင်ရှားနေတော့ လင်္ကာတွေနဲ့ပဲ ပြောပါ့မယ်-

"သစ္စာဖောက်လှန်၊ မတော်မှန်က၊ ဘေးဒဏ်ရောက် ကာ၊ ပျက်တတ်စွာ၏၊ သစ္စာနှုတ်သီး၊ မန္တာန်ကြီးကား၊ သေပြီးသော်မှ ရှင်ပြန်ရ၏"တဲ့။

ကဲ...သစ္စာဖောက်ရင် ဘာဖြစ်မတဲ့လဲ။ ဘေးဒဏ်ရောက်မယ်တဲ့။ သစ္စာဆိုတဲ့ မန္တာန်ကျတော့ သေသူတောင် ရှင်ရသတဲ့။ ဒီတော့ သစ္စာဖောက်တဲ့အပြစ်လည်း မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"သစ္စာရှိတဲ့အကျိုးကလည်း မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"အဲဒီအကြီးနှစ်ခုမှာ အပြစ်ကြီးယှဉ်မလား၊ အကျိုးကြီးယှဉ် မလား"

"အကျိုးကြီးယှဉ်ပါ့မယ်ဘုရား"

http://www.dhammadownload.com



"အကျိုးကြီးယူချင်ရင် ဘာလုပ်ရမလဲ"

"သစ္စာရှိရပါမယ်ဘုရား"

"သစ္စာရှိအောင် ဘာရှောင်ရမလဲ"

"မုသားပြောခြင်း ရှောင်ရပါမယ်ဘုရား"

"အလောင်းတော် သုဝဏ္ဏသာမမင်းသားကို ပီဠိယက္ခမင်းကြီးက မြားနဲ့ခွင်းတဲ့အခါ သစ္စာတန်ခိုးကြောင့် အသက်ရှင်ပုံကို မဃဒေဝလင်္ကာမှာ လင်္ကာသီကုံးထားတာက–

"ရှေးကဖြစ်ဟန်၊ လောင်းသုဝဏ်ကို၊ ငြိုးမာန်တစ်၊ ရန်စရှိသို့၊ ပီဠိယက္ခ၊ ဗာရာသခင်၊ လေးကြိုးငင်၍ နင်သို့ ယောက်ျား၊ ဘယ်သူ့သားနည်း၊ သိကြားတမှုံ၊ ဖြစ်သော် တုံ့မှ၊ လွတ်ပုံ့အရေး၊ ရှိလတ်သေးဟု၊ မနှေးလျှင်ဟူး၊ မြားဆိပ်လူးဖြင့်၊ ရွှေဒူးယာဘက်၊ မြေ့ထက်အားထုတ်၊ ချောင်းကာတုပ်၍၊ ရွယ်ဖြုတ်ချိန်ကာ၊ ပစ်သောခါ၌၊ သစ္စာဆိုသီး၊ သေတပြီးလျက်၊ ရှင်ကြီးရှင်ပြန်၊ နတ်မတန်တည့်"တဲ့။

ကဲ...သစ္စာအကျိုး သိပ်ပြီးကြီးတယ်နော်၊ ခုခေတ်မှာ ဒီသစ္စာပျက်လို့ပဲ ဘေးဒဏ်မျိုးစုံရောက်နေတာ မဟုတ်လား"

"မှန်ပါဘုရား"

"ဒီတော့ ဘေးဒဏ်ပျောက်အောင် ရှေးက သစ္စာမန္တာန်ကြောင့် ဘေးဒဏ်ပျောက်ပုံတွေ အတုယူပြီး ကျင့်ရအောင် မြွေကိုက်လို့ အဆိပ်မွှန်နေတာ သစ္စာဆိုလို့ ပျောက်ကင်းပုံကို–

"ပြင်းထန်ဆိပ်တောက်၊ တောမြွေဟောက်လျှင်၊ ပေါက်၍ မြေ့ဝယ်၊ သူငယ်စင်းစင်း၊ သေတုံလျှင်းလည်း၊

http://www.dhammadownload.com



မှန်ခြင်းအရာ၊ မိမာတာတို့၊ သစ္စာဆိုကြ၊ ၄တ်တုတ်ထ၏"
တဲ့။ ပြီးတော့ ပရိတ်ကြီးဝဋ္ဋသုတ်မှာလာတဲ့ ငုံးမင်းဝတ္ထုကြည့်ပါ
လား၊ နောက်ပြီးတော့ ဗလဝါမုခ ဝဲထဲ ကျကာနီး သစ္စာပြုလို့
လွတ်ပုံ၊ နောက် ငါးရံ့မင်း သစ္စာပြုပုံတို့ကို ကြည့်ပါလား–

"ထိုမှတစ်သွယ်၊ တောမြိုင်လယ်တွင်၊ ငုံးငယ်မီးရှောင်၊
ပင်လယ်ခေါင်ဝယ်၊ ရေဆောင်နစ်မျော၊ သဘော်ဝဲစုတ်၊
ဗလဝါမုခ်မှ၊ ဆယ်ထုတ်ဘေးကင်း၊ ငါးမင်းရာဇာ၊ နွေလခါ၌
သစ္စာမှန်တိုင်း၊ ရွတ်ဆိုခိုင်းက၊ ဗျိုင်းအောက်တို့ဘိုး၊
ခါမဲ့မိုးလျှင်၊ ကြိုးရှဲရွာချ၊ ဤသို့စသား၊ များလှဝတ္ထု၊ အစုစုတို့
ရွှေအုသည်းအူ၊ မှတ်နည်းယူလော့"တဲ့။

ဒါဟာ မဃဒေဝလင်္ကာမှာ မဃဒေဝမင်းကြီးက သူ့သားတော်ကို
ဆုံးမတဲ့ဟန်သဘောနဲ့ မာန်လည်ဆရာတော်ဘုရားကြီး ရေးထား
ခဲ့တာပဲနော်"

"မှန်ပါဘုရား"

"အတုယူ အားကျဖို့ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"သစ္စာအကျိုးကြီးပုံကို ဘယ်လိုပြထားလဲ၊ ဆက်နားထောင်
ဦးနော်–

"ဤလူတို့မှာ၊ မပျက်ရာသား၊ သစ္စာမဏ္ဍိုင်၊ ချိန်ကြိုး
ခိုင်က၊ ရွှေတိုင်မြင်းမိုရ်၊ ယုဂန္ဓိုရ်တို့၊ လဲပြိုဘိလည်း၊
မပိထိုသူ၊ တည်လိမ့်ဟူ၏"တဲ့။

ဒါဟာ မုသာဝါဒဆိုတဲ့ အာမဂန္ဓကို ရှောင်ရတဲ့ အကျိုး တွေပဲနော်။

http://www.dhammadownload.com



အဲ...ပြီးတော့ အဲဒီမုသာဝါဒ ပြောတဲ့အပြစ်၊ ရှောင်တဲ့ အကျိုးတွေ ရှိသေးတယ်။ ဘာတွေလဲဆိုတော့–

"မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီ တည်း။ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန်၊ အကျိုးတည်း"တဲ့။

ကဲ...ဒီလောက်ဆိုရင် မုသာဝါဒဆိုတဲ့ အာမဂန္ဓ သဘော ပေါက်လောက်ပြီနော်။ ရှေ့သွားကြစို့လား"

## စဉ်းလဲခြင်း

"ရှေ့သွားဆိုတော့ နိကတိခေါ်တဲ့စဉ်းလဲခြင်းဟာလည်း အာမဂန္ဓတဲ့နော်၊ စဉ်းလဲခြင်းဆိုတာ ဘယ်လိုလဲဆိုတော့ "**အသာမိ**=ပေး ပါမယ်၊ **ကရိဿာမိ**=ပြုလုပ်ပါမယ်" စသည် ဖြင့်တစ်ဖက်သားကို မက်လုံးပေးတယ်၊ မျှော်လင့်ချက်ဖြစ်စေတယ်၊ ပြီးတော့ မပေးဘူး၊ မပြုလုပ်ဘူးတဲ့၊ အဲဒါဟာ စဉ်းလဲခြင်း အာမဂန္ဓပဲ"

## လှည့်ပတ်ခြင်း

"ပြီးတော့ လှည့်ပတ်ခြင်း ဝဉ္စနဟာလည်း အာမဂန္ဓပဲတဲ့၊ ဘယ်လိုလှည့်ပတ်လဲဆိုတော့ "ရွှေမဟုတ်ဘဲနဲ့ရွှေ" လို့ "ငွေ မဟုတ်ဘဲနဲ့ငွေ" လို့ အတုပြုပြီးတော့ လှည့်ပတ်ခြင်းပဲ၊ ဒါဟာ အင်မတန်ဆိုးတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"
"အဲဒါတွေ ရှောင်ရမှာနော်"
"မှန်ပါဘုရား"

## အကျိုးမရှိတဲ့ကျမ်း

"ပြီးတော့ မျက်မှောက် တမလွန် နှစ်တန်ဘဝ နှစ်လောက အတွက် ကြီးပွားချမ်းသာကြောင်းမဟုတ်တဲ့ အကျိုးမရှိတဲ့ များစွာသော ကျမ်းဂန်တွေကို သင်ယူခြင်းဟာလည်း အာမဂန္ဓ-အညှီအဟောက်ပဲတဲ့"

## သူ့သားမယားပြစ်မှား

"ပြီးတော့ ဘာတဲ့လဲ။ သူတစ်ပါးသိမ်းဆည်းထားတဲ့ သူတစ်ပါး သားမယားကို ပေါင်းဖော်မှီဝဲခြင်းဟာလည်း အာမဂန္ဓပဲတဲ့၊ ဒီအကြောင်းနဲ့ ပတ်သက်လို့ အကျယ်တဝင့်ကိုတော့ "ဗုဒ္ဓဓမ္မပြဿနာများ (၁) "**သောတာပန်မယားယယ်နေသေးလား**" ဆိုတဲ့ ပြဿနာမှာ ကြည့်ပါတော့။ ဒီမှာ မရှင်းတော့ပါဘူး"

"ကဲ...ဒါဆိုရင် ဘုရားရှင်ရဲ့ ဟောကြားချက် ပထမဆုံး အပိုဒ် အာမဂန္ဓများ ပြီးသွားပါပြီ၊ ဒုတိယပိုဒ်မှာဘယ်လို အာမဂန္ဓတွေ ဟောသလဲ ဆိုတော့-

"ဤလောက၌ အကြင်သူတို့သည် ကာမတို့၌ မစောင့်စည်းကုန်၊ ရသာရုံတို့၌ မက်မောကုန်၏၊ မစင်ကြယ်သော မိစ္ဆာဇီဝ အဖြစ်ကို မှီကုန်၏။ နတ္ထိက ဝါဒအယူ ရှိကုန်၏။ မညီညွတ်သော ကာယကံမှုစသည်နှင့် ပြည့်စုံ၏။ သိစေ

http://www.dhammadownload.com



နိုင်ခဲကုန်၏။ ထိုသူတို့၏ ဤကာမတို့၌ မစောင့်စည်းမှု စသည်ပင် အညှိအဟောက် အာမဂန္ဓတည်း။ အသား ဟူသော ဘောဇဉ်သည် အညှိအဟောက်အာမဂန္ဓမဟုတ်" တဲ့။ အဲဒါကတော့ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် အာမဂန္ဓတွေကို ပြခြင်း ပါပဲတဲ့။ ပဌမပိုဒ်က ဓမ္မဓိဋ္ဌာန်အားဖြင့် ပြခဲ့တာတဲ့"

## ကာမတို့၌မစောင့်စည်း

"ပြီးခဲ့တဲ့အပိုဒ်က ကာမေသုမိစ္ဆာစာရကို ပြတယ်။ ဒီမှာက စောင့်စည်းသင့် စောင့်စည်းထိုက်တဲ့ အမိ, အဒေါ် စတဲ့သူတွေ အပေါ်မှာတောင်မှပဲ အပိုင်းအခြားကင်းပြီး စောင့်စည်းမှုပျက်ကာ မစောင့်စည်းဘဲ ပြစ်မှားတာကို ကာမတို့၌ မစောင့်စည်းမှု အာမဂန္ဓလို့ ခေါ်ပါတယ်"

## ရသာရုံမက်

"ပြီးတော့ ရသာရုံတို့၌ မက်မောမှုကို အာမဂန္ဓခေါ်ပါတယ်။ ဒီအာမဂန္ဓကိုတော့ အကျယ်ချဲ့ပြီး ပြောချင်ပါတယ်။ အရေးကြီး လို့နော်။ သေသေချာချာနားထောင်ပါ။ အရသာခေါ်တဲ့ သားငါး တွေက အာမဂန္ဓလား။ အဲဒီအရသာတွေအပေါ်မှာ မက်မော တွယ်တာတဲ့ တဏှာက အာမဂန္ဓလား"

"တဏှာက အာမဂန္ဓပါဘုရား"

"ဒါဖြင့် ရသာရုံခေါ်တဲ့ အစားကို ပယ်မလား၊ အဲဒီအစား မှာ တွယ်တာတဲ့ တဏှာကို ပယ်မလား"

http://www.dhammadownload.com



"တဏှာကို ပယ်ရပါမယ်ဘုရား"

"အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိ၊ သဘော တရားဆိုတဲ့ အာရုံ ၆-ပါးတို့ဟာ အရှုခံတရားတွေ ပိုင်းခြားပြီး သိရမယ့်တရားတွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပယ်ရမယ့်တရားတွေလား"

"မဟုတ်ပါဘုရား"

"သိထားရမှာက သားငါးအစားအစာပဲဖြစ်ဖြစ်၊ သားငါးလွတ် အစားအစာပဲဖြစ်ဖြစ် မက်မောတွယ်တာတဲ့ တဏှာနဲ့ စားရင် အညှိအဟောက် အာမဂန္ဓဖြစ်တယ်။ မက်မောမှုတဏှာမပါဘဲ စားရင် အပြစ် ဒေါသ အာဒီနဝတွေ မြင်ပြီးတော့စားရင် ထွက် မြောက်မှုပညာနဲ့ ရှုဆင်ခြင်စားရင် အာမဂန္ဓဖြစ်ဦးမလား"

"မဖြစ်ပါဘုရား"

## စားရင်း ရဟန္တာဖြစ်

"အဲ...အာမဂန္ဓမဖြစ်တဲ့အပြင် စားရင်းနဲ့တောင်မှ ရဟန္တာ ဖြစ်နိုင်ပါသေးတယ်။ သာဓကပြရရင်-

"ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်း သုံးတော်မူခိုက်ပေါ့၊ ဝိပဿနာတရား ရှုပွားနေတဲ့ ရဟန်းတော် တစ်ပါးရှိတယ်။ သူ့မှာ ဘာရောဂါရှိလဲဆိုတော့ နားကိုက်ရောဂါ ရှိတယ်၊ ဒါကြောင့် ဝိပဿနာတရားကို ဖြောင့်ဖြောင့် အားမထုတ်

http://www.dhammadownload.com



နိုင်ဘူးတဲ့။ ဆေးအမျိုးမျိုး ဆရာအမျိုးမျိုးနဲ့ ကုသသော်လည်း မပျောက်ဘူးတဲ့"

"ဘုရားရှင်ကို ထိုအကြောင်း လျှောက်ထားတဲ့အခါမှာ ပုဏ္ဏလုံးဟင်းစားရင် ပျောက်မယ်ဆိုတာသိတော့ "ရဟန်း သင် မဂဓလယ်တော ဆွမ်းခံသွားလို့" မိန့်လိုက်တယ်"

"ဒီတော့ ရဟန်းတော်က "အရှည်ကိုမြင်တော်မူတဲ့ ဘုရားရှင်ဟာ မချွတ်တစ်စုံတစ်ရာ အကျိုးရှိတာကိုမြင်လို့ လွှတ်တာနဲ့ တူတယ်" လို့ စဉ်းစားပြီး "ကောင်းပါပြီ မြတ်စွာဘုရား" လို့ ဝန်ခံကာ မဂဓလယ်တော ဆွမ်းခံပြီး လယ်တဲတစ်ခုရှေ့မှာ ဆွမ်းသွားရပ်တယ်"

"အဲဒီအချိန်မှာ လယ်သမားကြီးကလည်း ထမင်းပြင်ပြီး ခဏ အနားယူ အပန်းဖြေပြီးမှစားမယ်ဆိုပြီး ဆိုင်းနေစဉ် ဆွမ်းရပ်တဲ့ အရှင်မြတ်မြင်တော့ သပိတ်ယူပြီး တဲပေါ်ပင့် ဆွမ်းကပ်တယ်"

"အရှင်မြတ်ဟာ အဲဒီ လယ်သမားကြီးကပ်တဲ့ ဆွမ်းကို အနည်းငယ်မျှ ဘုဉ်းပေးရစဉ်ပင် နားကိုက်ရောဂါဟာ ပျောက် သွားပါတယ်၊ အင်မတန်အေးတဲ့ ရေအိုးပေါင်း တစ်ရာလောက်နဲ့ ရေချိုးဘိသကဲ့သို့ အလွန်တရာ အေးမြချမ်းသာပါတယ်"

"အဲဒီလို အေးမြချမ်းသာသွားတော့ စိတ်ချမ်းသာမှုဖြစ်သွား တယ်။ စိတ်ချမ်းသာတော့ ဝိပဿနာတရား ရှုပွားရင်း ဆွမ်း ဆက်လက်ပြီး ဘုဉ်းပေးရာ ဆွမ်းစားမပြီးမီမှာပင် အာသဝါကုန်ခန်း ရဟန္တာဖြစ်သွားတယ်တဲ့"

http://www.dhammadownload.com



## စွပ်စွဲချက်

"ကဲ...အဲဒီဝတ္ထုအကြောင်းကို ကြည့်ရင် တချို့တချို့သော ပုဂ္ဂိုလ်တွေရဲ့ "အသား–ငါးတွေစားပြီးတော့ တရားအားထုတ်ရင် တရားမရနိုင်ဘူး"ဆိုတဲ့ စွပ်စွဲချက်ဟာ မှန်ကန်ပါ့မလား"

"မမှန်ကန်ပါဘုရား"

"စားသုံးတဲ့ပုဂ္ဂိုလ်မှာ အကျိုးရှိသလို လှူသူမှာလည်းပဲ အကျိုးရနိုင်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ ရဟန်းတော်ကို ဆွမ်းကပ်တဲ့ လယ်သမားကြီးဟာ လူ့ပြည်က သေတဲ့အခါ တာဝတိံသာ နတ်ဘုံမှာ ၁၂–ယူဇနာ ကျယ်တဲ့ ရွှေပုဇွန်ဗိမာန်မှာ သွားပြီး နတ်သားဖြစ်တယ်။ နတ်သမီးတစ်ထောင် အခြံအရံရှိတယ်တဲ့"

"ကဲ...ဒီတော့ ရသာရုံကို မပယ်ဘဲ ရသာရုံပေါ်မှာ မက်မောတဲ့ တဏှာကိုသာ ပယ်ရှားပြီး ရှုပွားရင်းစားရင် ရဟန္တာ ဖြစ်သည်အထိ အကျိုးရှိတယ်ဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ် ဘုရား"

"အလှူ့ဒကာမှာလည်း လှူရတဲ့အတွက် နတ်ချမ်းသာရတယ် ဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"အင်း...အဲဒါတွေကို ထောက်ထားပြီး မိမိ သားငါးမစား တာနဲ့ စားတဲ့လူတွေ၊ ရှင်တွေ၊ ရဟန်းတွေကို မတော်မတရား မစွပ်စွဲ မပြောကြားကြနဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## စုန္ဒရဲ့ဆွမ်း

"ကဲ...ပြီးတော့ လူတိုင်း ကြားဖူးတဲ့ အကြောင်းကို ပြောပါဦးမယ်၊ အဲဒါက ဘာလဲဆိုတော့-

"ဘုရားရှင် ပရိနိဗ္ဗာန် ခံယူတော်မူကာနီးမှာ ပါဝါပြည် ကြွရောက်တော့ ပါဝါပြည်သား စုန္ဒက များစွာသော ဝက်သားပြွမ်းတဲ့ဆွမ်းကို စီရင်ပြီး ဘုရားရှင်ကို ဆွမ်းစားချိန် တန်ကြောင်း လျှောက်ထားတယ်"

"ဒီတော့ ဘုရားရှင်နှင့် သံဃာတော်များ ကြွလာပြီး ဘုရားရှင်က စုန္ဒကို "စုန္ဒ သင်စီရင်ထားသော ဝက်သားပြွမ်းတဲ့ဆွမ်းနဲ့ ငါ့ကို လုပ်ကျွေးလော့၊ ဝက်သားပြွမ်းတဲ့ဆွမ်းမှ တစ်ပါးသော ခဲဘွယ်ဘောဇဉ်နဲ့ ရဟန်းသံဃာကို လုပ်ကျွေးလော့" ဟု မိန့်တော်မူတယ်နော်"

"မှန်ပါဘုရား"

"ဒါဟာ အကြောင်းထူးကို မြင်တော်မူလို့ မိန့်တော်မူတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ...စုန္ဒကလည်း ဘုရားရှင်ရဲ့ အမိန့်တော်အတိုင်းပဲ ဆွမ်းကို ခွဲခြားပြီးတော့ ဆက်ကပ်တယ်။ ပြီးတော့ ဘုရားရှင်က စုန္ဒကို မိန့်တော်မူတယ်-

"စုန္ဒ သင်ရဲ့ ဝက်သားပြွမ်းတဲ့ ဆွမ်းကြွင်းကို တွင်းတူးပြီး တွင်းထဲထည့်ပြီး မြှုပ်လိုက်၊ ငါဘုရားမှတစ်ပါး အဲဒီ

http://www.dhammadownload.com



ဝက်သားပြွမ်းဆွမ်းကို စားသုံးလို့ အစာကြေကျက်မဲ့သူကို နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော ဩကာသလောက၊ ရဟန်း၊ ပုဏ္ဏားနှင့်တကွသော မင်းကြွင်းတဲ့ လူနှင့်တကွသော သတ္တဝါတွေထဲမှာ ငါမမြင်ဘူး"

လို့ မိန့်တော်မူတယ်။ စုန္ဒကလည်း ဘုရားရှင် မိန့်တော်မူတိုင်းပဲ မြေတွင်းတူးပြီး မြှုပ်လိုက်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဒီဝက်သားက နဂိုထဲက မငယ်လွန်း၊ မကြီးလွန်းတဲ့ နူးညံ့တဲ့ ဝက်သားတဲ့။ ဈေးထဲမှာ အလိုလိုဖြစ်တဲ့=**ပဝတ္တမံသ**တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီ ဝက်ပျိုသားထဲကို လေးကျွန်းလုံးရှိ နတ်တွေက နတ်ဩဇာတွေဝိုင်းပြီး ထည့်ထားကြတော့ သိပ်ပြီး နူးညံ့နေ၍ ဘုရားမှတစ်ပါး တစ်ပါးသောသူတွေ စားရင် အစာမကျေနိုင်ဘူးတဲ့။ ဒါ့ကြောင့် မြေတွင်းတူးပြီးတော့ မြှုပ်ခိုင်းတာပေါ့နော်"

"မှန်ပါဘုရား"

## ဝေဒနာသက်သာ

"ဘုရားရှင်ဟာ အဲဒီ ဝက်ပျိုသားကိုသာ ဘုဉ်းမပေးရလျှင် အင်မတန်ပြင်းထန်တဲ့ အနာရောဂါဖြစ်ရမယ်တဲ့။ သေခြင်းအနီးသို့ ရောက်စေတတ်တဲ့ အင်မတန်ပြင်းထန်တဲ့ ဝမ်းသွေးသွန်ရောဂါ ဝေဒနာဖြစ်ရပါမယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲ...ယခုအခါမှာတော့ "**သိနိန္နဘောဇနံ ဘုတ္တတ္တာ ပနဿ တနုဝေဒနာ အဟောသိ**=နူးညံ့တဲ့ ဝက်ပျိုသား ဘောဇဉ်ကို ဘုဉ်းပေးတော်မူရတဲ့ ဘုရားရှင်မှာ သက်သာတဲ့ဝေဒနာ ဖြစ်ပါတယ်"တဲ့နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ဆက်လက်ပြီး ခြေကျင်ကြွနိုင်ပါတယ်တဲ့နော်"

"မှန်ပါဘုရား"

## ဆွမ်း ၂-မျိုး

"ပြီးတော့ ဘုရားရှင်ဟာ ပရိနိဗ္ဗာန်ခံယူတော်မူကာနီးဆဲဆဲမှာ နောက်ဆုံးဆွမ်းကပ်တဲ့ စုန္ဒကို သူများတွေက စွပ်စွဲကဲ့ရဲ့မှာစိုးတော်မူတဲ့အတွက် ရှင်အာနန္ဒာကို ခေါ်ပြီး မိန့်တော်မူတယ်-

"အာနန္ဒာ၊ စင်စစ် တစ်စုံတစ်ယောက်သောသူဟာ ရွှေပန်းတိမ်သည်သား စုန္ဒကို "ငါ့ရှင်စုန္ဒ ဘုရားရှင်ဟာ သင်ရဲ့ နောက်ဆုံးဖြစ်တဲ့ ဝက်ပျိုသားပြွမ်းတဲ့ ဆွမ်းကို ဘုဉ်းပေးရလို့ ပရိနိဗ္ဗာန်စံရတယ်၊ ဒါကြောင့် စုန္ဒ၊ သင့်အား မကောင်းသော ရခြင်းဖြစ်တယ်"

လို့ တစ်စုံတစ်ယောက်သော မသိနားမလည်သူက နှလုံးမသာခြင်း ဖြစ်စေရာ၏။ အာနန္ဒာ၊ အဲဒီလို နှလုံးမသာမယာဖြစ်စေတဲ့အတွက် စုန္ဒနှလုံးမသာယာလျှင် အဲဒီ နှလုံးမသာယာမှုကို ဒီလို ဖျောက်ပေးရမယ်-

http://www.dhammadownload.com



"ငါ့ရှင်စုန္ဒ၊ ဘုရားရှင်သည် သင်ရဲ့ ဝက်ပျို့သားပြွမ်းတဲ့ နောက်ဆုံးဆွမ်းကို ဘုဉ်းပေးတော်မူရတဲ့အတွက်ကြောင့် ပရိနိဗ္ဗာန်ပြုတော်မူရ၏"

"စုန္ဒ၊ ဒါ့ကြောင့် သင်၏အတွက် အရတော်၏။ သင့်အား ကောင်းသောရခြင်းဖြစ်၏"

"ငါ့ရှင်စုန္ဒ၊ ငါသည် ဘုရားရှင်ရဲ့ မျက်မှောက်တော်မှ "ဤဆွမ်း ၂-မျိုးတို့သည် ပရိနိဗ္ဗာန်, သမာပတ်အောက်မေ့ ခြင်းအားဖြင့် တူသည့်အတွက် တူသည့်အကျိုးရှိကုန်၏။ တူတဲ့ မုချအကျိုးရှိကုန်၏။ တစ်ပါးသော ဆွမ်းတို့ထက် အလွန်လျှင်ထူးသော မုချအကျိုး၊ ထူးသောအကျိုးဆက် ရှိကုန်တယ်။ ဒီစကားကို ငါသည် ဘုရားရှင်ရဲ့ မျက်မှောက် တော်မှ နာခံမှတ်သားထားလိုက်ရတယ်လို့ ဖျောက်ပေးရ မယ်"

တဲ့။ ဒီလို မိန့်တော်မူခဲ့တယ်"

"ဆွမ်း ၂-မျိုးက ဘာလဲဆိုတော့-

၁။ သုဇာတာ လှူဒါန်းတဲ့ ဃနာနို့ဆွမ်းနဲ့

၂။ စုန္ဒလှူတဲ့ ဝက်သားပြွမ်း ဆွမ်း ၂-မျိုးပဲပေါ့။ ဒီဆွမ်း ၂-မျိုးဟာ ဘာဖြစ်လို့ အကျိုးကြီးလဲဆိုတော့ သုဇာတာရဲ့ ဃနာ ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားအဖြစ်သို့ ရောက်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ...စုန္ဒရဲ့ ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးပြီး ပရိနိဗ္ဗာန် စံရတယ်မဟုတ်လား"

http://www.dhammadownload.com



"ဒါ့ကြောင့် အကျိုးကြီးတယ်နော်"

"မှန်ပါဘုရား"

"ဘုရားအဖြစ်ဆောင်တဲ့ ဆွမ်းနဲ့ ပရိနိဗ္ဗာန်သို့ဆောင်တဲ့ ဆွမ်း ၂-မျိုး ဘာကြောင့် အကျိုးတူလဲ၊ အကျိုးထူးလဲဆိုတော့ အာဟာရ အထူးဖြစ်လို့၊ အားကြီးတဲ့ သောမနဿကြောင့်တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီ ဆွမ်း ၂-မျိုးထဲသို့ စကြဝဠာ တိုက်တစ်သောင်းရှိ နတ်အပေါင်းတို့က နတ်သြဇာတွေ ထည့်ပေးတယ်တဲ့။ ဒီတော့ အာဟာရ သိမ်မွေ့နူးညံ့တယ်။ မွန်မြတ်တယ်။ အဲဒီဘောဇဉ် ဝမ်းထဲရောက်ရင် ကြည်လင်တဲ့ရုပ်တွေကို ဖြစ်စေတယ်။ အာဟာရ ကြောင့်ဖြစ်တဲ့ ရုပ်တွေက ကြည်လင်တဲ့အတွက်ကြောင့် စိတ်လျှင် ၆-ခုမြောက်တဲ့ ဣန္ဒြေတွေ အလွန်ကြည်လင်တယ်တဲ့နော်"

"မှန်ပါဘုရား"

## ကြည်ပုံ ၂-မျိုး

"ဒီနေရာမှာ ကြည်ပုံ ၂-မျိုးကို ခွဲခြားပြီးမှတ်ထားရပါမယ်၊ ကြည်ပုံချင်း တစ်မျိုးနဲ့တစ်မျိုး မတူတတ်ပါဘူး။ အဲဒီ ၂-မျိုးက ဘာလဲ"

၁။ ဘုရားဖြစ်တဲ့နေ့ ဣန္ဒြေကြည်ပုံနဲ့

၂။ ပရိနိဗ္ဗာန်စံတဲ့နေ့ ဣန္ဒြေကြည်ပုံပါပဲ။ အဲဒီ ၂-မျိုးတွင် ဘုရားဖြစ်တဲ့နေ့မှာ "ငါ့မှာ ကမ္ဘာတွေ ကုဋေများစွာက စုဆောင်း

http://www.dhammadownload.com



ခဲ့တဲ့ ကိလေသာအစုအပုံတွေ ယနေ့တော့ ပယ်အပ်ပြီ”လို့ ဆင်ခြင်တဲ့ ဘုရားရှင်မှာ အားကြီးတဲ့ ဝမ်းမြောက်မှု သောမနဿ ဖြစ်တယ်။ ဝမ်းမြောက်တော့ စိတ်ကြည်တယ်။ စိတ်ကြည်တော့ သွေးသားတွေ ကြည်တယ်။ သွေးသားကြည်တော့ စိတ်လျှင် ၆-ခုမြောက်တဲ့ ဣန္ဒြေတွေ အလွန်ကြည်တာပေါ့နော်”

“မှန်ပါဘုရား”

“ပရိနိဗ္ဗာန်စံတဲ့နေ့မှာ-“ဒီနေ့တော့ ငါသည် ဘုရားများစွာတို့ ဝင်စံတဲ့ အမြိုက်မဟာနိဗ္ဗာန်သို့ ဝင်စံရတော့မယ်”လို့ ဆင်ခြင်တော်မူတော့ အားကြီးတဲ့ ဝမ်းမြောက်မှု ပီတိသောမနဿ ဖြစ်တယ်။ ဝမ်းမြောက်တော့ စိတ်ကြည်လင်တယ်။ စိတ်ကြည်လင်တော့ သွေးသားတွေ ကြည်လင်တယ်။ သွေးသားတွေ ကြည်လင်တော့ စိတ်လျှင် ၆-ခုမြောက်တဲ့ ဣန္ဒြေတွေ ကြည်လင်တယ်။ အလွန်ကြည်လင်တယ်နော်”

“မှန်ပါဘုရား”

“အဲဒီလို ဆွမ်း ၂-မျိုးဟာ အာဟာရထူးဖြစ်ခြင်းနဲ့ အားကြီးတဲ့ ဝမ်းမြောက်မှု သောမနဿကြောင့် တခြားဆွမ်းတွေထက် အကျိုးထူးတယ်လို့ မှတ်နော်”

“မှန်ပါဘုရား”

“ဒီတော့ အကျိုးအပြစ်ဟာ သားငါးလွတ် သားငါးမလွတ်နဲ့ ဆိုင်သလား။ ဆင်ခြင် မဆင်ခြင်နဲ့ ဆိုင်သလား”

“ဆင်ခြင် မဆင်ခြင်နဲ့ ဆိုင်ပါတယ်ဘုရား”

http://www.dhammadownload.com



## သက်ရှည်စသည်

"ကဲ...ဒါဖြင့် စုန္ဒကို နှလုံးမသာ မဖြစ်အောင် ဖျောက်ခိုင်းပုံကို ဆက်ကြရဦးမယ်နော်။ ခုနက တစ်ပိုင်းတစ်စပဲ ပြီးသေးတယ်။ ဆွမ်း ၂–မျိုး အကျိုးတူပုံပဲ ပြောရသေးတယ်။ ယခု ဘာတဲ့လဲ"

၁။ ငါ့ရှင်၊ သင်သည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်တဲ့ ကောင်းမှုကို ဆည်းပူးအပ် ပွားများအပ်၏။

၂။ ငါ့ရှင်စုန္ဒ၊ သင်သည် အဆင်းလှခြင်းကို ဖြစ်စေတတ်တဲ့ ကောင်းမှုကို ဆည်းပွားအပ် ပွားများအပ်၏။

၃။ ငါ့ရှင်စုန္ဒ၊ သင်သည် ချမ်းသာသုခကို ဖြစ်စေ တတ်တဲ့ ကောင်းမှုကို ဆည်းပူးအပ် ပွားများအပ်၏။

၄။ ငါ့ရှင်စုန္ဒ၊ သင်သည် အခြံအရံကို ဖြစ်စေတတ်တဲ့ ကောင်းမှုကို ဆည်းပူးအပ် ပွားများအပ်၏။

၅။ ငါ့ရှင်စုန္ဒ၊ သင်သည် နတ်ပြည်၌ ဖြစ်စေတတ်တဲ့ ကောင်းမှုကို ဖြစ်စေအပ် ဆည်းပူးပွားများအပ်၏။

၆။ ငါ့ရှင်စုန္ဒ၊ သင်သည် အကြီးအကဲဖြစ်သည်ကို ဖြစ်စေတတ်တဲ့ ကောင်းမှုကို ဆည်းပူးအပ်၊ ပွားများအပ်၏။

လို့ စုန္ဒရဲ့ နှလုံးမသာယာမှုကို ဖျောက်ပေးရမယ်''လို့ ဘုရားရှင်က ရှင်အာနန္ဒကို မိန့်ခဲ့တယ်မဟုတ်လား"

"မိန့်ခဲ့ပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒီလို မိန့်တော်မူပြီးတော့ အဲဒီသဘောကို သိတော်မူတဲ့ ဘုရားရှင်ဟာ အဲဒီအချိန်မှာ–

"လှူဖွယ်ဝတ္ထုအစုစုကို ပေးလှူတဲ့သူအား ကောင်းမှု တိုးပွား၏။ ကိုယ်နှုတ်နှလုံးကို စောင့်စည်းတဲ့သူအား ငါးပါး အပြားရှိတဲ့ ရန်မပွား။ ပညာနဲ့ပြည့်စုံသူဟာ မကောင်းမှုကို ပယ်စွန့်နိုင်၏။ ရာဂ ဒေါသ မောဟတို့ ကုန်ခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်ပြုရ၏"

လို့ မိန့်တော်မူတယ်။ ဒီတော့ သားငါးဆိုတဲ့ အစာရယ်၊ သား ငါးလွတ်အစာရယ်လို့ ခွဲခြားပြီး အစာကို ပယ်ဖို့ ဘုရားရှင် မဟောခဲ့ပါဘူး။ လှူဒါန်းသူ အကျိုးရှိ–မရှိနဲ့ ပတ်သက်လို့လည်း ယခုဖော်ပြခဲ့တဲ့ ဆွမ်း ၂–မျိုးအကျိုး ထောက်ဆရင် စားသုံးသူရဲ့ နှလုံးသွင်းနဲ့ များစွာဆိုင်နေတယ်နော်"

"မှန်ပါဘုရား"

"နှလုံးသွင်းမကောင်းရင် အသားလွတ် အစားအစာလည်း အညှီအဟောက်=အာမဂန္ဓပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နှလုံးသွင်းကောင်းရင် အသားလွတ် အသားမလွတ်အားလုံး အညှီအဟောက်မဟုတ်တဲ့=အာမဂန္ဓပဲပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## မျှတမှ တရားရ

"ကဲ...အဲဒီအခန်း အဲဒီလောက်ဆိုရင် သဘောပေါက်ပါပြီ။ အစာအာဟာရနဲ့ပတ်သက်လို့ နောက်ကလည်း ပြောခဲ့ပြီနော်။ သပ္ပါယ ၇–ပါး၊ သပ္ပါယလေးပါးအကြောင်းကို ယခု ဒီနေရာမှာ တခြား သပ္ပါယတွေ အားလုံးမျှပါရဲ့သားနဲ့ အာဟာရသပ္ပါယမမျှလို့ တရား မရတဲ့အကြောင်း ပြောမလို့နော်"

"မှန်ပါဘုရား"

"ရဟန်းတော် (၆၀) ကောသလတိုင်း မာတိကာရွာအမှီပြုပြီး တရားအားထုတ်နေကြတယ်။ ရွာသူကြီး မာတိကရဲ့မိခင်က အထူး ဂရုစိုက်ပြီး ရဟန်းတော်များကို ပြုစုလုပ်ကျွေးတယ်နော်"

"မှန်ပါဘုရား"

"ရဟန်းတော်တွေကလည်း ဘုရားရှင်ထံက ကမ္မဋ္ဌာန်းသင်ယူ လာတော့ နည်းကလည်း မမှန်ဘူးလား"

"မှန်ပါတယ်ဘုရား"

"အဲ...နည်းမှန်လမ်းမှန်နဲ့ သူတို့ကလည်း ဘယ်လောက် ကြိုးစားလည်းဆိုတော့ "တို့မှာ အပါယ်တံခါးက ဟင်းလင်းပွင့် နေတာ ပေါ့ပေါ့အားထုတ်လို့ မဖြစ်ဘူး"တဲ့။ ဘယ့်နှယ်လဲ ဒကာ ငွေကိုင်ကြီး၊ ရဟန်းတော်တွေက တို့မှာ အပါယ်တံခါး ဟင်းလင်း ပွင့်နေတယ်လို့ မပြောဘူးလား"

"ပြောပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီးလည်း အပါယ်တံခါးက ဘယ်လိုနေလဲ"

http://www.dhammadownload.com



"ဟင်းလင်းပွင့်နေပါတယ်ဘုရား"

"ပွင့်နေတော့ သွားလို့မလွယ်ဘူးလား"

"လွယ်ပါတယ်ဘုရား"

"လွယ်ရင် သွားမလား"

"မသွားရအောင် ကြိုးစားနေပါတယ်ဘုရား"

"အဲ...ရဟန်းတော် (၆၀) လည်း မပေါ့မဆ လုံ့လနဲ့ ကြိုးစားနေတာပေါ့နော်"

"မှန်ပါဘုရား"

"တစ်နေ့ မာတိကရဲ့မိခင်ဟာ ရဟန်းတော်တွေ သီတင်းသုံးရာ တောကျောင်းရောက်လာပြီး အရှင်ဘုရားတို့ အားထုတ်တဲ့ တရား အရှင်ဘုရားတို့သာ အားထုတ်လို့ ရပါသလား၊ တပည့်တော်တို့ မိန်းမသားတွေလည်း အားမထုတ်ရဘူးလားဘုရားလို့ လျှောက်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုလျှောက်တော့ "ဘုရားတရားဆိုတာ မိန်းမယောကျ်ား မခွဲခြားပါဘူး ဒကာမကြီး၊ ဘယ်သူမဆို အားထုတ်နိုင်ပါတယ်" လို့ ပြန်ပြောကြတယ်"

"ဒီတော့ ဒကာမကြီးက တပည့်တော်လည်း အားထုတ်နည်း သင်ပေးပါဘုရား" လို့ လျှောက်တော့ဒကာမကြီးကို ကမ္မဋ္ဌာန်း သင်ပေးလိုက်တယ်။ ဒကာမကြီးက တရားကြိုးစားအားထုတ်ရာ ၄-၅ ရက်လောက်နဲ့ အနာဂါမ်ဖြစ်သွားတယ်"

http://www.dhammadownload.com



"အနာဂါမ်ဖြစ်တယ်ဆို အဘိညာဉ်တွေပါရတော့ ရဟန်းတော်တွေကို ကြည့်တယ်၊ "ဟာ...ငါ့သားတော်၊ ရဟန်းတော်တွေဟာ တစ်ပါးမှ မဂ်ဖိုလ်မရသေးပါလား" လို့ သိတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ဒကာမကြီးက ဘယ့်နှယ်လဲ သူတို့သင်ပေးတဲ့ ကမ္မဋ္ဌာန်းအားထုတ်တဲ့ငါ့မှာတော့ အနာဂါမ်ဖြစ်နေပြီ၊ သူတို့တော့ ဘာမှမဖြစ်သေးပါလား။ ဘာများလိုနေလို့လဲ ကြည့်ပြန်တယ်နော်"

"မှန်ပါဘုရား"

"ကြည့်တော့ တရားကလည်းမှန်တယ်၊ အားထုတ်မှုဝီရိယကလည်း သန်တယ်၊ သပ္ပါယ ၆-ပါးမျှတတာလည်း တွေ့ရတယ်၊ ဘာ့အတွက် မရလည်းဆိုတော့ အာဟာရ သပ္ပါယမမျှတာကို မြင်တယ်နော်"

"မှန်ပါဘုရား"

"ကြည့်ပါဦး၊ တခြား သပ္ပါယတွေမျှတ၊ တရားလည်းမှန်၊ လုံ့လလည်းသန်ပါရက်ကနဲ့ အာဟာရတစ်ခု မမျှတတာနဲ့ တရားမရနိုင်ဘူးတဲ့၊ မခက်ဘူးလား"

"ခက်ပါတယ်ဘုရား"

"အာဟာရမျှ-မမျှဆိုတာ အတွင်းခန္ဓာက လိုနေတဲ့ ဓာတ်စာကို ရလျှင် စားရလျှင် မျှတယ်၊ မရလျှင်-မစားရလျှင် မမျှဘူးတဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အတွင်းခန္ဓာက လိုနေတဲ့ဓာတ်ကို တောင့်တတတ်တယ်၊ ဒါဟာ တဏှာလောဘ မဟုတ်ပါဘူး။ ချဉ်ခြင်းတပ်တဲ့သဘောပါ၊ ဒီတော့ ဒကာမကြီးက ရဟန်းတော်တွေရဲ့ စိတ်အစဉ်ကြည့်ပြီး သူတို့လိုတဲ့ တောင့်တချက်ကို ကြည့်တယ်ပေါ့နော်"

"မှန်ပါဘုရား"

"ကြည့်တော့–တချို့ ရဟန်းတော်က ချဉ်ဟင်းတောင့်တတယ်၊ တချို့ရဟန်းတော်တွေက ဟင်းခါး၊ တချို့က ဟင်းချို၊ တချို့က လက်သုပ် စသည်ဖြင့် ရဟန်းတော်တွေရဲ့ ချဉ်ခြင်းတပ်မှု အမျိုးမျိုးကို သိရတယ်"

"ဒီတော့မှ "ဩော်–ငါ့သား ရဟန်းတော်တွေမှာ သူတို့လိုလားတဲ့ မျှတတဲ့ အာဟာရမရလို့ တရားမရတာဘဲလို့ သိတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့မှ နောက်နေ့ကို ရဟန်းတော်တွေအတွက် ဟင်းတွေကို တစ်ခွက်စီ၊ တစ်ခွက်စီ အသီးသီးချက်ပြုတ်စီမံထားတယ်၊ ရဟန်းတော်တွေ ကြွလာတဲ့အခါ "အရှင်ဘုရားတို့ အလိုရှိတဲ့ ဟင်းကို အကပ်ခံ၍ ဘုဉ်းပေးတော်မူကြပါကုန်ဘုရား"လို့ လျှောက်တယ်"

"ဒီတော့ ရဟန်းတော်တွေဟာ မိမိတို့နဲ့ သင့်လျော်တဲ့ မိမိတို့ ဓာတ်တောင်းတဲ့ ချဉ်ဟင်း၊ ဟင်းချို စသည်တို့ကို အသီးသီး အကပ်ခံပြီး ဘုဉ်းပေးကြတယ်"

http://www.dhammadownload.com



"အဲဒီလို ဘုဉ်းပေးရတော့ ဘာဖြစ်လဲ၊ "**တေ သပ္ပါယာ–ဟာရံ လဘန္တာနံ စိတ္တံ ကေဂ္ဂံ အဟောသိ**=ထိုရဟန်းတော်တွေဟာ မျှတတဲ့အာဟာရကိုရတော့ စိတ်တည်ကြည်မှု သမာဓိရတယ်" တဲ့နော်"

"မှန်ပါဘုရား"

"မျှတတဲ့ အာဟာရ အရေးကြီးသလား၊ သက်သတ်လွတ်အရေးကြီးသလား"

"မျှတတဲ့အာဟာရ အရေးကြီးပါတယ်ဘုရား"

"အာဟာရမျှတမှု စိတ်တည်ကြည်မှု သမာဓိရတယ်နော်"

"မှန်ပါဘုရား"

"စိတ်ကြည်မှု သမာဓိရတော့ ဘာဖြစ်လဲ၊ "**တေ ကေဂ္ဂေန စိတ္တေန ဝိပဿနံ ဝဍ္ဎေတွာ သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတ္တာ**=ထိုရဟန်းတော်တွေဟာ ဘည်ကြည်တဲ့ သမာဓိစိတ်နဲ့ ဝိပဿနာပွားများ အားထုတ်ရာ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကုန်တယ်တဲ့"

"ကဲ...ဒီတော့ မျှတတဲ့ အာဟာရက စိတ်တည်ကြည်မှုကိုဆောင်တယ်၊ တည်ကြည်မှု သမာဓိက ဝိပဿနာမဂ်ကိုဆောင်တယ်၊ ဝိပဿနာမဂ်က လောကုတ္တရာမဂ်ကို ဆောင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ လောကုတ္တရာမဂ်ရဲ့ အခြေခံအကျဆုံး ပြန်ကြည့်၊ မျှတတဲ့ အာဟာရမဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"ရဟန္တာဖြစ်သွားတော့ ပြန်လည်သုံးသပ် စဉ်းစားချက် ကြည့်ပါဦး။ ရဟန်းတော်တွေ ဘယ်လို စဉ်းစားလဲ-

"မာတိကမိခင် မဟာဥပါသကာမကြီးဟာ ငါတို့ အတွက် အံ့သြဖွယ်ရာဖြစ်တဲ့ ထောက်ရာတည်ရာ ဖြစ်ပါပေ ၏။ အကယ်၍ ငါတို့တတွေဟာ မျှတတဲ့ အာဟာရသာ မရခဲ့ပါလျှင် မဂ်ဖိုလ်ကို ထိုးထွင်းသိနိုင်ဖို့ မဖြစ်ပါဘူး"

တဲ့။ ဒီတော့ အစာအာဟာရကို ရွေးချယ်သတ်မှတ်ရေးက အဓိက လား၊ တရားရရေးက အဓိကလားဆို ဘယ့်နှယ်ပြောမလဲ"

"တရားရရေးက အဓိကပါဘုရား"

## စားသုံးပုံ

"**ရသေစ နာနုဂိဒ္ဓေယျ**=အရသာ၌ တပ်မက်တဲ့ရသာ လောဘကို ပယ်ပြီးလျှင် ရသာရှိသော ဆွမ်း စသောအာဟာရ၌ ဝန်ကို ဆောင်လိုသောကြောင့် လှည်းဝင်ရိုးကို ဆီလိမ်းသော ဥပမာ၊ အစာရှားပါးတဲ့ ကန္တာရခရီးခဲကို လွန်ခြင်းငှာ အလိုရှိတဲ့ အတွက်ကြောင့် မိမိတို့ရဲ့ချစ်လှစွာသောသားကလေးရဲ့ အသားကို စားသောက်သော မိဘတို့ရဲ့ ဥပမာကဲ့သို့ အာဟာရ၌ ရသတဏှာကို ပယ်ပြီးတော့ ဆင်ခြင်လျက် စားသောက်ရာ၏တဲ့။ စားသုံးပုံကို အဲဒီလို သိထားရမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အရသာကို ပယ်ရင် အဲဒါ ပယ်မှားပဲ၊ ခွေးပညာနဲ့တူတယ်၊ အရသာ၌ တပ်မက်တဲ့ တဏှာကိုပယ်မှ ရသတဏှာကို ပယ်မှ ပယ်မှန်ပဲ၊ ခြင်္သေ့ပညာနဲ့ တူတယ်နော်"

"မှန်ပါဘုရား"

"ခွေးပညာ၊ ခြင်္သေ့ပညာဆိုတာ ဘယ်လိုလဲ၊ ခွေးကို ခဲနဲ့ ပေါက်ရင် ခွေးက ခဲလိုက်ကိုက်တယ်၊ ပေါက်တိုင်း ပေါက်တိုင်း ခဲလိုက်ကိုက်တော့ ဆုံးနိုင်ပါ့မလား"

"မဆုံးနိုင်ပါဘုရား"

"အဲဒါ ခွေးပညာပေါ့၊ အကျိုးပယ်နေတယ်၊ အကြောင်း ဖြစ်သော ပေါက်တဲ့လူကျတော့ မပယ်ဘူး၊ ခြင်္သေ့ကတော့ ခဲလာတယ်ဆိုရင် ဒီခဲဘယ်ကလာတာလဲဆိုပြီး ခဲပစ်သူကို ရှာပြီး သုတ်သင်ပစ်လိုက်တယ်။ ဒီတော့ နောက်ထပ် ခဲလာနိုင်သေးလား"

"မလာနိုင်တော့ပါဘုရား"

"အကြောင်းသက်ပေါ့၊ တစ်ခါတည်း ငြိမ်းသွားတယ်နော်"

"မှန်ပါဘုရား"

## လှည်းဝင်ရိုးဆီထိုး

"လှည်းဝင်ရိုးကို ဆီထိုးသည့်ပမာ မိမိခန္ဓာကိုယ်တည်း ဟူသော လှည်းကြီးကို ဣရိယာပုထ် လေးပါးတည်းဟူသော လှည်းဘီးစက်လည်ပြီး သာသနာတော်က ညွှန်ပြတဲ့ ပရိယတ္တိ ဝန်၊ ပဋိပတ္တိ ဝန်တွေကို ထမ်းဆောင်နိုင်ခြင်းငှာ အာဟာရတည်း ဟူသော လှည်းဘီးဆီထိုးနေသည်၊ ထိုးနေတယ်၊ ထိုးနေရပါ

http://www.dhammadownload.com



လားလို့ ဆင်ခြင်ပြီးတော့ စားသုံးလျှင် အပြစ်မရှိတဲ့အပြင် အကျိုး ထူးတွေပင် မရနိုင်ဘူးလား"

"ရနိုင်ပါတယ်ဘုရား"

"ဘုရားရှင်ကလည်း အဲဒီလို စားသုံးဖို့ ညွှန်သလား၊ အာဟာရပယ်ဖို့ ညွှန်သလား"

"ဆင်ခြင်စားသုံးဖို့ပဲ ညွှန်ပါတယ်ဘုရား"

"နောက်က ပြောခဲ့ပြီးပြီ၊ ပြန်ပြီးသတိပြုပါ၊ ဘုရားမပညတ် ဘဲနဲ့ ပညတ်ရင် အဓမ္မဝါဒီတဲ့နော်"

"မှန်ပါဘုရား"

"ဘုရား မဟောဘဲနဲ့ ဟောတယ်ပြောရင်ကော"

"အဓမ္မဝါဒီပါဘုရား"

"ဒေဝဒတ်ဂိုဏ်းသား သာသနာပရသေ့ အနွယ်ဝင်တွေပဲ လို့သာ မှတ်ပေတော့နော်"

"မှန်ပါဘုရား"

## သား၏အသား စားသည့်ပမာ

"အစာအာဟာရဆိုတာ ဖြစ်ပြီးသတ္တဝါတို့ တည်တံ့ခြင်း အတွက်နှင့် ဖြစ်ဆဲ သတ္တဝါတွေအတွက် ထောက်ပံ့ဖို့ရာ ဖြစ်ပါ တယ်။ အဲဒီ အာဟာရကို စားသုံးတဲ့နေရာမှာ သား အသားကို စားသုံးတဲ့ ဇနီးမောင်နှံပမာ စားသုံးရပါမယ်။ ဇနီးမောင်နှံတို့ သား အသားကို ဘယ်လိုစားလဲဆိုတော့-

http://www.dhammadownload.com



"ဇနီးမောင်နှံနှစ်ယောက်ဟာ သားငယ်ကိုခေါ်ပြီး စားနပ်ရိက္ခာအနည်းငယ်နဲ့ အစာရေစာရှားတဲ့ ခရီးခဲကိုသွားတယ်တဲ့။ ခရီးခဲသွားလို့ မကြာမီဘဲ ရိက္ခာကုန်သွားတယ်။ သူတို့မှာ ဆာလောင်မွတ်သိပ်ခြင်းကလည်း သိပ်ပြီးပြင်းထန်တယ်၊ ဒီအခါမှာ အရိပ်တစ်ခုမှာ နားနေစဉ် ယောကျ်ားက ဇနီးကို ပြောတယ်။

"ရှင်မ၊ ရှေ့မှာ ရွာပြည်လည်းမရှိဘူး၊ ငါ့မှာ လုပ်စရာ လယ်ယာလုပ်ငန်း စသည်လည်း လုပ်လို့မဖြစ်နိုင်ဘူး၊ ဒီတော့ ငါ့ကို သတ်ပြီး တစ်ဝက်ကိုစား၊ တစ်ဝက်ကို လမ်းစာရိက္ခာထုပ်ပြီး သားငယ်နဲ့ သင် ဒီကန္တာရခရီးခဲကို လွန်အောင်သွားပါတော့" တဲ့။

"ဒီတော့ ဇနီးကလည်း "အရှင့်သား၊ ကျွန်မလည်း ယခုအခါမှာ မိန်းမသားတွေ လုပ်သင့်တဲ့ ချည်ငင်ခြင်း စသည့် ဘာကိစ္စတစ်ခုမှ မလုပ်နိုင်ပါဘူး၊ ဒါကြောင့် ကျွန်မကို သတ်ပြီး တစ်ဝက်ကိုစား၊ တစ်ဝက်ကို လမ်းစာရိက္ခာထုပ်ပြီး သားငယ်နဲ့ အရှင့်သားနဲ့ ဒီကန္တာရခရီးခဲကို လွန်အောင်သွားပါတော့"တဲ့။ ပြောတယ်"

"ဒီတော့ ယောကျ်ားက- "ရှင်မ၊ မိန်းမသားသေရင် နှစ်ယောက်သေလိမ့်မယ်၊ သားငယ်ဟာ အမေနဲ့ကင်းပြီး အသက်မရှင်နိုင်ဘူး၊ ငါတို့နှစ်ယောက် အသက်ရှင်နေမယ်ဆိုရင် နောက်ထပ် သားငယ်ရနိုင်ပါသေးတယ်၊ ဒီတော့ ဒီသားငယ်ကို သတ်စားပြီး ကျန်တဲ့အသားကို လမ်းစာရိက္ခာထုပ်၍ ကန္တာရခရီးကို လွန်အောင်သွားကြပါစို့" လို့ ပြောတယ်"

http://www.dhammadownload.com



"ဒီတော့ ဖနီးကလည်း လက်ထဲမှာရှိတဲ့ သားငယ်ကို "ချစ်သား၊ သင့်ဖခင်ထံ သွားလော့" လို့ ပြောတော့ သားငယ်ကလည်း ဖခင်ထံသွားတယ်"

"ယောက်ျားက "ငါဟာ သားငယ်ကို ကျွေးမွေးမယ်ဆိုပြီး လယ်ထွန်ခြင်း စတဲ့ ဒုက္ခမျိုးစုံခံခဲ့ရပြီ၊ ဒါကြောင့် သားငယ်ကို ငါ မသတ်နိုင်ဘူး၊ သင်ပဲသတ်" လို့ပြောပြီး "ချစ်သား၊ သင့်အမေ့ထံ သွားလော့" လို့ လွှတ်လိုက်တယ်။ သားငယ်ကလည်း သွားတယ်"

"မိခင်က–"ငါဟာ သားလိုချင်လို့ နွားကျင့်ကျင့်ရ၊ ခွေးကျင့်ကျင့်ရ နတ်တွေ တောင်းပန်ရ စသည်ဖြင့် ဒုက္ခများစွာ ခံခဲ့ရပြီ၊ ဝမ်းနဲ့လွယ်ရတာတော့ ဘယ်မှာ ဆိုဖွယ်ရာရှိပါတော့အံ့နည်း၊ ဒါကြောင့် ငါသည် သားငယ်ကို မသတ်နိုင်" လို့ ပြောပြီး "ချစ်သား၊ သင့်ဖခင်ထံသွား" လို့ လွှတ်လိုက်ပြန်ရော"

"အဲဒီလို တစ်ယောက်တပြန် ပြောပြီး သူ့ထံ လွှတ်၊ ငါ့ထံ လွှတ်နဲ့ အစာအာဟာရကလည်း ချို့တဲ့ ခရီးကလည်းပန်းနေတဲ့ သားငယ်ဟာ သူတို့နှစ်ယောက်အကြားမှာပဲ သေရော"

"ဖနီးမောင်နှံနှစ်ယောက် သားငယ် သေတာမြင်တော့ တစ်ယောက်တည်းသော သားကလေး အဘယ်မှာနည်း" လို့ ရင်ဘတ်စည်တီး မြည်တမ်းငိုကြွေးကြတယ်"

"ငိုပြီးတော့ သားငယ်ရဲ့ အသားညှင်း၊ အသားတုံးတို့ကို စားကြတယ်၊ အကြွင်းကို လမ်းစာရိက္ခာထုပ်ပြီး ကြွင်းကျန်တဲ့ ခရီးခဲကို လွန်မြောက်သွားကြတယ်တဲ့နော်။

"မှန်ပါဘုရား"

http://www.dhammadownload.com



## ဗုဒ္ဓအမေးနှင့် ဘိက္ခုတို့ဖြေ

"အဲဒီဥပမာ=ဥပမေယျ နေရာမှာ ဘုရားရှင်က ရဟန်းတော်တွေကို မေး၍ ရဟန်းတော်တွေက ပြန်ဖြေလိုက်တဲ့ အမေးအဖြေကို မှတ်သင့်ပါတယ်၊ ဘာတဲ့လဲ၊ ရဟန်းတို့-ထိုဇနီးမောင်နှံနှစ်ယောက်တို့သည်

၁။ မြူးတူးခြင်းငှာ အာဟာရကို သုံးဆောင်ကုန်ရာသလော၊

၂။ မာန်ယစ်ခြင်းငှာ အာဟာရကို သုံးဆောင်ကုန်ရာသလော၊

၃။ တန်ဆာဆင်ခြင်းငှာ အာဟာရကို သုံးဆောင်ကုန်ရာသလော၊

၄။ အပြေအပြစ်ပြုခြင်းငှာ အာဟာရကို သုံးဆောင်ရာသလော၊

"မြတ်စွာဘုရား ယင်းသို့မဟုတ်ပါ"

"ရဟန်းတို့၊ ယင်းသို့မဟုတ်လျှင် ယင်းဇနီးမောင်နှံတို့သည် ခရီးခဲကို ကူးမြောက်ရုံငှာသာလျှင် အာဟာရကို သုံးဆောင်ကုန်သည် မဟုတ်လော"

"မြတ်စွာဘုရား ဟုတ်ပါ၏"

"ရဟန်းတို့ အဲဒီအတူပဲ "အလုတ်အလွေးကို ပြု၍ မျိုအပ်တဲ့ ကဗဠီကာရ အာဟာရကို မှတ်အပ်၏ဟူ၍ ငါဘုရား ဟောတော်မူ၏"

http://www.dhammadownload.com



"ရဟန်းတို့၊ ကဗဠီကာရ အာဟာရကို ပိုင်းခြား၍ သိသည် ရှိသော် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား သိနိုင်၏"

"ရဟန်းတို့၊ ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား၍သိတဲ့ အရိယာတပည့်ဟာ ကာမဂုဏ်၌ တပ်မက်နှောင် ဖွဲ့မှု ကာမရာဂသံယောဇဉ်နှင့် ယှဉ်သည်ဖြစ်၍ တစ်ဖန် ကာမ ဘုံသို့ လာရောက်အောင် နှောင်ဖွဲ့မှုသံယောဇဉ် မရှိတော့ပြီတဲ့ နော်"

"မှန်ပါဘုရား"

## သား၏ အသားရှင်းချက်

"ကဲ–ထားပါတော့၊ ခုနက သား အသားစားမှုနဲ့ ပတ် သက်ပြီး ဆက်ရှင်းကြဦးစို့၊ ဇနီးမောင်နှံနှစ်ယောက် သား အသား စားတော့ သားလေးအသားက အကြောင်း ၄–ပါးတို့ဖြင့် စက်ဆုပ် ဖွယ်ဖြစ်လို–

၁။ မြူးတူးခြင်းငှာလည်းမဖြစ်၊

၂။ မာန်ယစ်ခြင်းငှာလည်းမဖြစ်၊

၃။ တန်ဆာဆင်ခြင်းငှာလည်း မဖြစ်၊

၄။ အပြေအပြစ်ပြုခြင်းငှာလည်းမဖြစ်တဲ့၊ စင်စစ်တော့ ကန္တာရခရီးခဲကို ကူးမြောက်ခြင်း အကျိုးငှာသာ ဖြစ်တယ်တဲ့၊ ဒီတော့ အသားပေါ်မှာ တပ်မက်မှု ရသတဏှာပါသေးလား"

"မပါတော့ပါဘုရား"

http://www.dhammadownload.com



"အသားပယ်ဖို့ အရေးကြီးလား၊ ရသတဏှာပယ်ဖို့ အရေး ကြီးလား"

"ရသတဏှာပယ်ဖို့ အရေးကြီးပါတယ်ဘုရား"

ခုနကပြောခဲ့တဲ့ အကြောင်း ၉-ပါးတို့ဖြစ် စက်ဆုပ်ဖွယ် ဖြစ်လို့ဆိုတော့ အကြောင်း ၉-ပါးက ဘာတွေလဲ-

၁။ **သဇာတိမံသတာယ**-ဇာတ်တူသားဖြစ်လို့

၂။ **ဉာတိမံသတာယ**-ဆွေမျိုးအသားဖြစ်လို့

၃။ **ပုတ္တမံသတာယ**-သားလေးအသားဖြစ်လို့

၄။ **ပိယပုတ္တမံသတာယ**-ချစ်တဲ့သားလေးအသားဖြစ်လို့

၅။ **တရုဏမံသတာယ**-နုပျိုတဲ့အသားမို့လို့

၆။ **အာမကမံသတာယ**-စိမ်းတဲ့အသားမို့လို့

၇။ **အဘောဂမံသတာယ**-မသုံးဆောင်သင့်တဲ့အသားမို့လို့

၈။ **အလောဏတာယ**-ဆားမပါလို့

၉။ **အဓုပိသတာယ**-အနိုးအထုံမပါလို့"တဲ့။

အဲဒီအကြောင်း ၉-ပါးတို့ဖြင့် စက်ဆုပ်ဖွယ်အသားကို စားတော့ မက်မောတွယ်တာ တဏှာမဖြစ်ဘဲ စားတယ်တဲ့၊ အလယ်အလတ် မျှတတဲ့ အဖြစ်မှာတည်ပြီး စားလိုတဲ့ ဆန္ဒ အာသာမပါဘဲ သုံး ဆောင်တယ်တဲ့" (၁)

"ပြီးတော့ အရိုး-အကြော-အရေတွေနဲ့ တွဲနေတာကို ဖယ် ရှားပြီး ဆူဖြိုးတဲ့အသား ကောင်းတဲ့အသားကိုသာ စားတာမဟုတ် ဘူးတဲ့၊ လက်ထဲရောက်လာတဲ့ အသားကိုပဲ စားတယ်တဲ့" (၂)

http://www.dhammadownload.com



"ပြီးတော့ အလိုရှိတိုင်း လည်မျိုတိုင်ထိ အများကြီး မစားဘူးတဲ့၊ နည်းနည်း တစ်နေ့တာ မျှတရုံသာ စားတယ်တဲ့" (၃)

"တစ်ယောက်နဲ့ တစ်ယောက် ဝန်တိုမစ္ဆရိယ စိတ်ထားနဲ့ မစားဘူးတဲ့၊ ဝန်တိုမစ္ဆရိယ ကင်းရှင်းပြီး သန့်ရှင်းတဲ့ စိတ်ထားနဲ့ပဲ စားတယ်တဲ့" (၄)

"တစ်ပါးသော သမင်သား၊ ဥဒေါင်းသား စသည်တို့တွင် တစ်ပါးပါးသော အသားကို စားကုန်အံ့လို့ တွေတွေဝေဝေလည်း မစားဘူးတဲ့၊ ချစ်စွာသော သားရဲ့အသားအဖြစ်ကို သိလျက်ပင် စားကြတယ်တဲ့" (၅)

"ငါတို့ဟာ နောက်တစ်ခါလည်း ဒီလို သားရဲ့အသားကို စားရလျှင် ကောင်းမှာပဲလို့ တောင့်တပြီးတော့ မစားကြဘူးတဲ့။ တောင့်တချက် လွန်မြောက်ပြီးတော့သာ စားကြတယ်တဲ့" (၆)

"ဒီမျှတော့ ဒီခရီးခဲထဲမှာ စားမယ်၊ ဒီမျှတော့ ဒီခရီးခဲလွန်မှ စားမယ်လို့ ချဉ်ဆားစသည်တို့နှင့် ယှဉ်စပ်ပြီး သိုမှီးသိမ်းဆည်း မထားဘူးတဲ့၊ ခရီးခဲအဆုံး လူသူလေးပါးမမြင်မိ မြေတွင်မြှုပ်၊ မီးရင်လည်း ရှို့ပစ်လိုက်ကြတယ်တဲ့" (၇)

"ငါတို့မှ တစ်ပါးသော သူတွေဟာ ငါတို့လို ဒီကဲ့သို့ သားလေးအသားကို စားခွင့်မရဘူးလို့ မာန်မာနထောင်လွှားမှုလည်း မပြုဘူးတဲ့၊ မာန်မာနကင်းရှင်းစွာနဲ့ပဲ စားကြတယ်တဲ့" (၈)

"ဆားမပါ၊ အချဉ်မပါ၊ အခိုးအထုံးမပါ အနံ့မကောင်းပေ ဒီအသားဖြင့် ဘာလုပ်ဖို့လဲ မကဲ့ရဲ့ မရှုတ်ချဘဲနဲ့ စားတယ်တဲ့ ကဲ့ရဲ့ရှုတ်ချမှု လွန်မြောက်ပြီးတော့ စားကြတယ်တဲ့" (၉)

http://www.dhammadownload.com



"ဒါ–"သင့်ဖို့၊ ငါ့ဖို့၊ သင့်သား၊ ငါ့သား" လို့ အချင်းချင်း မထိမ့်မြင် မဖြစ်ကြဘူးတဲ့၊ ညီညွတ်ဝမ်းမြောက်စွာပဲ စားကြတယ်တဲ့" (၁၀)

"ထိုဇနီးမောင်နှံနှစ်ယောက်တို့ရဲ့ ယင်းကဲ့သို့ တပ်မက်မှုဆန္ဒရာဂ စသည် ကင်းရှင်းစွာနဲ့ သားလေးရဲ့အသားကို စားသုံးတာကို ကောင်းစွာ မြင်တော်မူလို့ ဘုရားရှင်ဟာ ရဟန်းသံဃာတွေကိုလည်း အဲဒီစားသုံးနည်း၊ စားသုံးပုံအကြောင်းအရာကို ခွင့်ပြုတော်မူလိုတဲ့အတွက်–

"ရှင်ရဟန်းတို့ ထိုအရာကို ဘယ်သို့မှတ်ထင်ကြသလဲ?၊ ထိုဇနီးမောင်နှံ နှစ်ယောက်တို့ဟာ မြူးတူးခြင်း၊ မာန်ယစ်ခြင်း၊ တန်ဆာဆင်ခြင်း၊ အပြေအပြစ်ပြုခြင်းငှာ အာဟာရကို သုံးဆောင်ကုန်ရာသလော"

စသည်ဖြင့် မိန့်တော်မူတာပေါ့နော်"၊ သို့မဟုတ်ရင် ဒီလို မိန့်ပါ့မလား"

"မမိန့်ပါဘုရား"

## နည်းတူရွံ့ဖွယ် ၁၀–ပါး

"အဲဒီအကြောင်း အကျယ်ကို နောက်က ပြောခဲ့ပြီနော်၊ ဒါ့ကြောင့် ရှေ့သွားကြစို့၊ ရှေ့သွားတော့ အသားလွတ်အစားအစာ၊ အသားမလွတ် အစားအစာအားလုံးတို့မှာလည်း စက်ဆုပ်ဖွယ် ၁၀–ပါးနှင့် သားလေးရဲ့ အသားကို စားတဲ့နည်းတူပြုပြီး စားရမယ်တဲ့၊ အဲဒီ ၁၀–ပါးက ဘာလဲ–

http://www.dhammadownload.com



၁။ အစာအာဟာရ ရရန် ရှာဖွေသွားရာ၌ စက်ဆုပ်ဖွယ်၊
၂။ ရှာမှီးရခြင်း၌ စက်ဆုပ်ဖွယ်၊
၃။ သုံးဆောင်ခြင်း၌ စက်ဆုပ်ဖွယ်၊
၄။ တခြားစီဖြစ်တတ်တဲ့ သလိပ်၊ သည်းခြေ၊ သွေး၊ ပြည် အားဖြင့် စက်ဆုပ်ဖွယ်၊
၅။ စုရုံးတည်နေရာ အစာသစ်အိမ်အားဖြင့် စက်ဆုပ် ဖွယ်၊
၆။ မကျက်မကြေသောအားဖြင့် စက်ဆုပ်ဖွယ်၊
၇။ ကျေကြက်ပြီးအားဖြင့် စက်ဆုပ်ဖွယ်၊
၈။ အကျိုးရင်းအားဖြင့် စက်ဆုပ်ဖွယ်၊
၉။ အကျိုးဆက်အားဖြင့် စက်ဆုပ်ဖွယ်၊
၁၀။ လူးလည်းခြင်းအားဖြင့် စက်ဆုပ်ဖွယ်

လို့ အဲဒီ ၁၀-ပါးသော စက်ဆုပ်ဖွယ်တို့ရဲ့ အစွမ်းအားဖြင့် သားလေးရဲ့အသားကို ဥပမာထားပြီး အာဟာရကို စားသုံးရမယ် တဲ့နော်"

"မှန်ပါဘုရား"

## စားသုံးနည်းအချုပ်

"ဒီတော့ စားသုံးတဲ့နေရာမှာ အသားပဲဖြစ်ဖြစ် အသား လွတ်ပဲဖြစ်ဖြစ် နောက်ကပြခဲ့တဲ့ ဇနီးမောင်နှံ နှစ်ယောက် သားလေးရဲ့ အသားကို စားသုံးနည်းကိုမှီးပြီး စားရမယ်၊ သူတို့ စားနည်းနောက်မှာ အကျယ်ပါခဲ့ပြီ၊ ဒီတော့ ဒီနေရာမှာ အချုပ်ပဲ ပြမယ်-

http://www.dhammadownload.com



၁။ တပ်နှစ်သက်မှု ဆန္ဒ ရာဂကင်းစွာနဲ့ သုံးဆောင် ရမယ်၊

၂။ ဟင်းမပါတာ၊ ဟင်းနည်းတာ၊ ဖယ်ရှားပြီး ငုံ၊ ကြက်တို့လို အပိုင်းအခြားမထားဘဲ အသားငါး၊ ဟင်းလျာနဲ့ ရောတဲ့ အစားကိုသာ ရွေးမစားဘဲ ခြသေ့ကဲ့သို့ အစဉ်အတိုင်း စားရမယ်။

၃။ လည်မျိုတိုင်ထိ ဝမ်းပြည့်၊ ဗိုက်ကားမစားဘဲ ဝကာနီး လေးငါးလုပ်စာချန်ပြီး မျှတရုံစားရမယ်။

၄။ အစာအာဟာရ၌ ဝန်တို မစ္ဆရိယစိတ် မထားဘဲ အကယ်၍ ဒီအစာအာဟာရ အားလုံးကို ခံယူသူရှိရင် အားလုံး လှူမယ်၊ တစ်ဝက်ခံယူသူရှိရင် တစ်ဝက် လှူမယ်၊ အလှူခံဖို့ ကြွင်းတာမှ စားမယ်ဆိုတဲ့ စိတ်ထားနဲ့ စားရမယ်။

၅။ အစာအာဟာရ ရလာရင် "ငါခဲမယ်၊ ငါစားမယ်" အတ္တဦးစီးပြီး တွေဝေနေတဲ့ မောဟကို မဖြစ်စေဘဲ "အစာကလည်း ခန္ဓာကိုယ်တိုးပွားစေမယ်လို့မသိ၊ ကိုယ်ကလည်း အစာအာဟာရက ငါ့ကို တိုးပွားစေတယ်လို့ မသိလို့ ယင်းသို့ တွေဝေမှုကို ပယ်ရှားပြီး စားရမယ်" သတိပညာဦးစီးပြီး ရှုပွားစားရမယ်ပေါ့။

၆။ မွန်မြတ်တဲ့အစားအစာ ရတဲ့အခါ "မနက်ဖြန်လည်း ဒီလိုအစားမျိုးရရင်ကောင်းမှာပဲ"လို့ ကြမ်းတမ်းတဲ့ အစာရသော်–"မနေ့ကလို ဒီနေ့တော့ ငါ့မှာ မွန်မြတ်တဲ့ ဘောဇဉ်မရ"လို့ တောင့်တခြင်း စိုးရိမ်ခြင်းမပြုဘဲ

http://www.dhammadownload.com



အတိတ်ကိုလည်း မပြန်၊ အနာဂတ်ကိုလည်း မမျှော်လင့်ဘဲ ပစ္စုပ္ပန်ရသမျှနဲ့ မျှတစားသုံးရမယ်။

၇။ အစားအစာရသော် သိုမှီးသိမ်းဆည်းထားခြင်းမပြုဘဲ မိမိမျှတရုံ ယူထားပြီး အကြွင်းကို ခွဲဝေလှူဒါန်းလျက် သိုမှီးခြင်းကင်းရှင်းစွာနဲ့ စားသုံးရမယ်။

၈။ မွန်မြတ်တဲ့ အစာအာဟာရရသော်–"ငါသာလျှင် မွန်မွန်မြတ်မြတ်စားရမယ်" လို့ မာန်မာန မထောင်လွှားဘဲ "ငါဟာ အစားအတွက် ကျင့်တာမဟုတ်၊ အာသဝေါကုန်ရေးအတွက် ကျင့်တာ" လို့ ဆင်ခြင်ပြီး မာန်မာနကင်းရှင်းစွာနဲ့ စားသုံးရမယ်။

၉။ အစာအာဟာရရတဲ့အခါ "ဒီလို မြင်းစာ၊ နွားစာသဖွယ် ကြမ်းတမ်းတဲ့အစာကို ဘာလုပ်ဖို့လဲ၊ ခွေးစားကျင်းထဲ ထည့်လိုက်လို့ အဲဒီလို အစာအာဟာရကိုလည်းကောင်း၊ ဒီအစာ အာဟာရကို ဘယ်သူစားမလဲ၊ ကျီး ခွေး စသည်တို့ ကျွေးလိုက်" လို့ အလှူဒကာကို လည်းကောင်း မကဲ့ရဲ့မရှုတ်ချဘဲ မအသော်လည်း အအကဲ့သို့ လှူဖွယ်ပစ္စည်းကိုလည်း မကဲ့ရဲ့၊ အလှူဒကာ ကိုလည်း မကဲ့ရဲ့ဘဲ စားသုံးရမယ်။

၁၀။ အစာအာဟာရ ရတဲ့သူအချို့က "သင်တို့တော့ ဘုန်းကံနည်းလိုက်တာ၊ မွေးမယ်တော်ကပင် လှူရမှန်း မသိဘူး။ တို့များ ရောက်ရာအရပ် အမွန်အမြတ် အစားအစာတွေ ရတယ်လို့ သီလရှိတဲ့ သီတင်းသုံးဖော်တွေကို

http://www.dhammadownload.com



မရှိသေး၊ မထေမဲ့မြင် မပြုဘဲ သီတင်းသုံးဖော်အားလုံး တို့နဲ့ အတူတကွ ညီညွတ်ဝမ်း မြောက်စွာ စားသုံး ရမယ်" တဲ့။

ကဲ–အဲဒီလို စားသုံးရင် အသားငါး အစားအစာပဲဖြစ်ဖြစ်၊ အသား လွတ် အစားအစာပဲဖြစ်ဖြစ် ရသတဏှာ ဖြစ်ဦးမှာလား"

"မဖြစ်တော့ပါဘုရား"

"ရသတဏှာပယ်ရမှာလား၊ အစားအစာ ပယ်ရမှာလား"

"ရသတဏှာ ပယ်ရပါမယ်ဘုရား"

## ပရိညာဆိုက်အောင်စား

"ရဟန်းတို့ အလုတ်အလွေးပြု၍ မျိုအပ်တဲ့ အစာအာဟာရ ကို ပရိညာဖြင့် ပိုင်းခြားပြီး သိရင် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြားသိနိုင်၏"လို့ နောက်က ပြခဲ့တယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ပရိညာသုံးပါးဆိုတာ ဉာတပရိညာ၊ တီရဏ ပရိညာ၊ ပဟာနပရိညာလို့ ဒါကတော့ သိပြီးကြပါပြီနော်"

"မှန်ပါဘုရား"

"ဒီတော့ ဘယ်လိုပိုင်းခြားသိမလဲ၊ အစာအာဟာရဆိုတာ ပထဝီ–အာပေါ–တေဇော–ဝါယော–ဝဏ္ဏ–ဂန္ဓ–ရသ–ဩဇာဆိုတဲ့ ဩဇဋ္ဌမကရုပ်ပဲ၊ အဲဒီရုပ်ဟာ ဘယ်မှီလဲဆိုတော့ ဓိဝှါပသာဒ လျှာအကြည်မှီတယ်၊ လျှာအကြည်က ဘယ်မှီလဲဆိုတော့ မဟာ

http://www.dhammadownload.com



ဘုတ်ကြီး ၄-ပါးမှီတယ်၊ အဲဒီ-အစာအာဟာရရုပ်၊ ဇီဝိုပသာဒရုပ်၊ မဟာဘုတ်ရုပ်တွေကို ရူပက္ခန္ဓာပဲ၊ အဲဒီရူပက္ခန္ဓာကို သိမ်းဆည်းတဲ့ ဖဿပဥ္စမကတရားတွေက နာမ်ခန္ဓာ"

"ဤသို့အားဖြင့် ဒီတရားအားလုံးဟာ ခန္ဓာငါးပါးတို့ပဲ၊ အကျဉ်းအားဖြင့် နာမ်-ရုပ်မျှပဲလို့ သိတယ်၊ ဒီလိုသိပြီး ဒီတရားတွေရဲ့ လက္ခဏာကို ပိုင်းခြားရှုပွားပြီး ယင်းတရားတွေရဲ့အကြောင်းကို ရှာဖွေသော် အနုလုံပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကို မြင်တယ်၊ အဲဒီလိုမြင်ရင် အစာအာဟာရကို **"ဉာတပရိညာ"** နဲ့ ပိုင်းခြားသိတယ်လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုပိုင်းခြားမြင်ပြီးတော့ အဲဒီအကြောင်းနှင့်တကွ ဖြစ်တဲ့ ရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ လက္ခဏာယာဉ်တင်ပြီး အနုပဿနာ ၇-ပါး အစွမ်းနဲ့ ရှုပွားတယ်၊ အဲဒါဟာ အစာအာဟာရကို **"တီရဏပရိညာ"** နဲ့ ပိုင်းခြားသိတာပဲလို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ နာမ်ရုပ်ကိုပဲ အနိစ္စ-ဒုက္ခ-အနတ္တလို့ ထင်မြင်အောင် ဆက်ရှုတော့ အဲဒီနာမ်ရုပ်ပေါ်မှာ တပ်နှစ်သက်မှု ဆန္ဒ-ရာဂ ကင်းပြီး အနာဂါမိမဂ်နဲ့ ပိုင်းခြားသိတာဟာ အစာအာဟာရကို **"ပဟာနပရိညာ"** နဲ့ ပိုင်းခြားပြီး သိတယ်လို့ ခေါ်တယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## သုံးပါးတစ်မျိုး

"ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြားသိတာနဲ့ ပတ်သက်လို့ ပရိညာသုံးမျိုးနဲ့ တစ်ခါရှင်းလင်းမယ်၊ ပရိညာ ၃-မျိုးက ဘာလဲဆိုတော့-

၁။ ဉာတပရိညာ

၂။ တီရဏပရိညာ

၃။ ပဟာနပရိညာ" တဲ့။ ဒီတော့ ဒီပရိညာ ၃-ပါးကို ရှင်းဖို့လိုတယ်။

၁။ ယောဂီတစ်ယောက်ဟာ ဇိဝှါဒွါရမှာ ရသတဏှာတစ်ပါးကို ပိုင်းခြားသိတယ်၊ အဲဒီလိုသိရင် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြားသိတယ်၊ ဘယ့်ကြောင့်နည်း? ယင်းတဏှာသည်ပင် ကာမဂုဏ်ငါးပါး၌ ဖြစ်တဲ့အတွက်ကြောင့်တဲ့၊

"မှန်ပါတယ်၊ အဲဒီ ဇိဝှါဒွါရ၌ ဖြစ်တဲ့တဏှာသည်ပင် စက္ခုဒွါရ၌ ဖြစ်တဲ့အခါ ရူပရာဂမည်တယ်၊ သောတဒွါရ စသည်၌ ဖြစ်တဲ့အခါ သဒ္ဒရာဂ, ဂန္ဓရာဂ, ရသရာဂ, ဖောဋ္ဌဗ္ဗရာဂ မည်တယ်"

"ဥပမာဆိုသော် ခိုးသူတစ်ယောက်ဟာ လမ်းငါးလမ်းတို့၌, လုယက်တိုက်ခိုက်တယ်ဆိုပါစို့၊ အဲဒီခိုးသူကို လမ်းတစ်လမ်းမှာ ခိုးယူလုယက်ခိုက် ဖမ်းပြီးသတ်လိုက်ရင် လမ်းငါးလုံး ဘေးကင်းသွားတယ်"

"အဲဒီဥပမာအတူပဲ၊ ဒွါရငါးပါး၌ သောင်းကျန်းနေတဲ့ တဏှာကို ဇိဝှါဒွါရ၌ ရသတဏှာကို ပိုင်းခြားသိရင် ကာမဂုဏ်

http://www.dhammadownload.com



ငါးပါး၌ တပ်မက်မှုကာမရာဂကို ပိုင်းခြားသိတယ်၊ အဲဒါကို "**ကေပရိညာ**" ခေါ်တယ်တဲ့နော်"

"မှန်ပါ့ဘုရား"

၂။ မိမိမျက်မှောက်ရှိ ဆွမ်းသပိတ် ထမင်းပုဂံ တစ်ခုထဲမှာပဲ ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ရနိုင်တယ်၊ ဘယ်လိုရနိုင်လဲ? စင်ကြယ်တဲ့ အစာအာဟာရရဲ့ အဆင်းမြင်ပြီး မက်မောရင် ရူပရာဂ၊ ပူပူနွေးနွေးနဲ့ ဖျစ်ဖျစ်မြည်သံ, စားသုံးတဲ့ အခါ ကြွပ်ကြွပ်ဝါးသံကို တပ်မက်ရင် သဒ္ဒရာဂ၊ ငြုတ်, ကရဝေး စတဲ့ အနံ့ကို တပ်မက်ရင် ဂန္ဓရာဂ၊ အရသာကောင်းကို တပ်မက်ရင် ရသရာဂ၊ သိမ်မွေ့နူးညံ့တဲ့ အစာအာဟာရရဲ့ အတွေ့အထိကို တပ်မက်ရင် ဖောဋ္ဌဗ္ဗရာဂတဲ့၊ ဒီတော့ အစာအာဟာရမှာ သတိ–ပညာနဲ့ သိမ်းဆည်းရှုပွားပြီး တပ်မက်မှု ဆန္ဒ–ရာဂကင်းတဲ့ သုံးဆောင်ခြင်းဖြင့် သုံးဆောင်ရင် အလုံးစုံသော ကာမဂုဏ်၌ တပ်မက်မှု ကာမရာဂကိုပိုင်းခြားသိတယ်၊ အဲဒါဟာ"**သဗ္ဗပရိညာ**" ပဲတဲ့နော်။

"မှန်ပါဘုရား"

၃။ အစာအာဟာရဟာ ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂရဲ့ မူလပဲတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ဒီအစာအာဟာရ ရှိရင် ထိုကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂဖြစ်တဲ့အတွက် ကြောင့်တဲ့နော်။

"မှန်ပါဘုရား"

"သီဟိုဠ်ကျွန်းမှာ ဗြဟ္မာဏတိဿ ဘေးသင့်တဲ့အခါက (၁၂) နှစ်ပတ်လုံး ဖနိုးမောင်နှံတွေဟာ တစ်ယောက်နဲ့တစ်ယောက်

http://www.dhammadownload.com



ကြည့်လိုတဲ့ စိတ်တောင်မှ မဖြစ်ဖူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အစာအဟာရချို့တဲ့လို့တဲ့နော်"

"မှန်ပါဘုရား"

"အဲ-ဘေးလည်းငြိမ်းသွားရော ယူဇနာတစ်ရာရှိတဲ့ သိဟိုဠ်ကျွန်းမှာ သူငယ်တို့ရဲ့ သားဖွားမင်္ဂလာဟာ တစ်ပြိုင်နက် တမင်္ဂလာတည်း ဖြစ်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် မူလဖြစ်တဲ့ အာဟာရကို ပိုင်းခြားသိရင် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြားသိမယ်၊ အဲဒါဟာ "**မူလပရိညာ**" ပဲတဲ့နော်"

"မှန်ပါဘုရား"

## ရဟန္တာဖြစ်နိုင်

"ဒီဒေသနာတော်အတိုင်း လိုက်နာ ကျင့်ကြံမယ်ဆိုရင် အနာဂါမ်အထိ ဖြစ်နိုင်တဲ့ဒေသနာတော်ပါပဲတဲ့၊ ဒါပေမယ့် အဲဒီ အနာဂါမ်မျှလောက်နဲ့ ပြီးဆုံးရပ်နားမနေဘဲ အရှုခံဖြစ်တဲ့ ရူပါရုံစသည်တို့ရဲ့ အစွမ်းဖြင့် ခန္ဓာငါးပါးတို့၌ ဝိပဿနာပွားမယ်ဆိုရင် ရဟန္တာဖြစ်နိုင်တဲ့ ဒေသနာတော်ပါပဲတဲ့"

## ဆင်ခြင်နည်းများ

"ဒီတော့ ရဟန္တာဖြစ်သည့်တိုင်အောင် ကြိုးစားကြပေါ့နော်၊ အဲဒါက ပုတ္တ-မံသူပမသုတ္တန်အရ ရှင်းပြချပါပဲ၊ တစ်ခြားဆင်ခြင်

http://www.dhammadownload.com



နည်းတွေ အများကြီးရှိပါသေးတယ်။ ဆွမ်းစတဲ့ အစာအာဟာရကို သုံးစွဲတဲ့အခါ လောဘ–ဒေါသစတဲ့ အကုသိုလ်တရားတွေ မဝင်အောင်–

၁။ အစာအာဟာရနှင့် ဆိုင်ရာသဘောကို ဆင်ခြင်၍ သုံးဆောင်ခြင်း "**မဟာပစ္စဝေက္ခဏာနည်း**"

၂။ ဓာတ်အနက်အားဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း "**ဓာတုပစ္စဝေက္ခဏာနည်း**"

၃။ စက်ဆုတ်ဖွယ်ရာ အနေဆင်ခြင်၍ သုံးဆောင်ခြင်း "**ပဋိကူလပစ္စဝေက္ခဏာနည်း**"ရယ်လို့

သုံးနည်းရှိပါသေးတယ်၊ အဲဒီသုံးနည်းရဲ့ အကျယ်တော့ မပြောတော့ပါဘူး။ အကျယ်ကို သီလဝဂ္ဂ အာဇီဝပါရိသုဒ္ဓိ သီလခန်းမှာ ပြပြီးဖြစ်လို့ အဲဒီမှာပဲ ရှုကြည့်ပါတော့နော်"

"မှန်ပါဘုရား"

"ကာယာနုပဿနာအနေ ရှုစားမယ်ဆိုရင် အစာအာဟာရရဲ့ အပူအအေး, အမာအပျော့ စသည်ကို ရှုစားနိုင်ပါတယ်၊ သို့မဟုတ် ကာယာနုပဿနာ ဝါယောဓာတ်အနေ ရှုစားမယ်ဆိုရင်လည်း ဖြစ်ပါတယ်၊ အဲဒီ ရှုနည်းတွေ ဘာဝနာဝဂ္ဂ ကာယာနုပဿနာပိုင်းမှာ အပြည့်အစုံပါပြီးဖြစ်ပါတယ်၊ အဲဒီမှာ ရှုကြည့်ပါတော့နော်"

"မှန်ပါဘုရား"

"စားလို့ကောင်းတယ်၊ မကောင်းဘူး စသည်ဖြင့် ကောင်းမကောင်းရှုစားရင် ဝေဒနာနုပဿနာ ဖြစ်ပါတယ်၊ အဲဒီနည်းလည်း ဘာဝနာဝဂ္ဂ ဝေဒနာနုပဿနာခန်းမှာ ရှုပါတော့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"စားရင်စားမှန်းကိုသိ၊ ဘယ်စိတ်နဲ့ စားနေတာလဲလို့ စားစိတ်, ဝါးစိတ်ကို ရှုပွားပြီးစားရင် စိတ္တာနုပဿနာ ဖြစ်ပါတယ်၊ အဲဒီလို ရှုနည်းကိုလည်း ဘာဝနာဝတ္ထု စိတ္တာနုပဿနာပိုင်းမှာ ရှုပါ တော့နော်"

"မှန်ပါဘုရား"

"ဇိဝှာပသာဒလည်း သိရမယ်၊ ရသာရုံလည်းသိရမယ်၊ ယင်းတို့နှစ်ပါး အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ သံယောဇဉ်လည်း သိရမယ် စသည်ဖြင့် အာယတနပိုင်း ရှုပွားနည်း၊ အစားပေါ်မှာ တွယ်တာတဲ့ လောဘ၊ အစာကိုမကြိုက်တဲ့ ဒေါသ စသည် တို့ကို ရှုပွားနည်း, ရူပက္ခန္ဓာအနေ, ဝေဒနက္ခန္ဓာအနေ စသည် ရှုပွားနည်းများကို ဘာဝနာဝတ္ထု ဓမ္မာနုပဿနာပိုင်းမှာ ရှုပါ တော့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဒီနေရာမှာ အချုပ်မှတ်ရမှာက အစားအစာ ဆိုတာ အာရုံအနေနဲ့ပြောရင် ရသာရုံပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ရသာရုံကိုပယ်ရင်, ရှောင်ရင် အဲဒီ ရသာရုံနဲ့ တန်းတူအာရုံဖြစ်တဲ့ အဆင်းရူပါရုံ, အသံသဒ္ဒါရုံ, အနံ့ဂန္ဓာရုံ, အတွေ့အထိဖောဋ္ဌဗ္ဗရုံလည်း ပယ်ရမလို ဖြစ်မနေဘူးလား?"

"ဖြစ်နေပါတယ်ဘုရား"

"အင်း...တရားဌာနတွေ လိုက်ကြည့်ပေတော့၊ အဆင်းတွေ ဘယ်လိုပြင်ထားတယ်၊ ဝိပဿနာဘုန်းကြီးတွေ သံတို သံရှည်

http://www.dhammadownload.com



ဆွဲပြီး ဘယ်လိုဟောတယ်၊ ဆိုဖာတွေ မွေ့ရာတွေ အိပ်ရာခမ်းနားတွေနဲ့ ဘယ်လောက်စည်းစိမ်ခံလဲဆိုတာ ကြည့်ပေတော့နော်"

"မှန်ပါဘုရား၊ ကြည့်ပါမယ်"

"စင်စစ် ရသာရုံဆိုတာ တစ်နေ့မှ တစ်ကြိမ် နှစ်ကြိမ်ပဲဖြစ်တယ်၊ ပြီးတော့လည်း တစ်နာရီလောက်ပဲ ကြာမယ် ပြီးသွားရော၊ အဲခုနကပြောခဲ့တဲ့ အဆင်းရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ အတွေ့အထိဖောဋ္ဌဗ္ဗာရုံတို့ကတော့ အချိန်ပြည့် ဖြစ်နေတတ်ပါတယ်၊ အဲဒီလို သဘောတရားတွေကို စိစစ်သိဖို့ အထူးလိုပါတယ်နော်"

"မှန်ပါ၊ လိုပါတယ်ဘုရား"

## မိစ္ဆာဇီဝ

"ကဲ...လိုမနေနဲ့တော့၊ သိတ်ရှည်သွားပြီ၊ ရှေ့သွားကြစို့၊ ရှေ့သွားတော့ မစင်ကြယ်သော မိစ္ဆာဇီဝ အဖြစ်ကို မိုကုန်၏တဲ့နော်။ မိစ္ဆာဇီဝဆိုတာ ဘာလဲဆိုတော့– "ရိုးသားဖြောင့်မှန်သော အသက်မွေးခြင်းမဟုတ်ဘဲ စဉ်းလဲကောက်ကျစ်သော မရိုးမဖြောင့်သော၊ လိမ်သော၊ ညာသော အသက်မွေးမှုကို မိစ္ဆာဇီဝခေါ်တယ်"

## ပစ္စည်းသုံးစွဲပုံ

"ဘယ်လိုလဲလို့ ပြောရရင် "ဆွမ်းဖြစ်စေ၊ သင်္ကန်း၊ ကျောင်း၊ ဆေးဖြစ်စေ တစ်စုံတစ်ခု အကောင်းအမွန်ကို လှူပါရစေ"လို့ လာပြီး လျှောက်တဲ့အခါ လိုချင်ရက်သားနဲ့ အဲဒီအလှူရှင်တို့က

http://www.dhammadownload.com



မိမိကို အထင်ကြီးစေလိုတဲ့ စိတ်ယုတ်မာနဲ့ "ငါတို့မှာ ပြည့်စုံပါတယ်"လို့ ပြောတယ်"

"သို့မဟုတ်-"ရဟန်းဆိုတာ ဒါလောက် အကောင်းအမွန်သုံးဖို့မလိုပါဘူး။ ပံသုကူသင်္ကန်းတို့လို၊ ရုက္ခမူကျောင်းတို့လို သင့်တော်ရုံ အစားအစာ ဆေးဝါးနဲ့ပဲ မျှတရတယ်" လို့ ပြောတယ်၊ အဲဒီလိုပြောတော့ အလှူရှင်တွေက အထင် ကြီးတယ်၊ ဒီတော့ သာပြီး လှူချင်လာတော့ "လှူပါရစေ"လို့ မရမကလျှောက်တဲ့အခါ "သူတို့ကို ချီးမြှောက်သောအားဖြင့်သာ အလှူခံရတဲ့ အနေမျိုးနဲ့ အလှူခံတယ်"

"အဲဒီ အပြုအမူတွေဟာ ပစ္စည်းသုံးစွဲပုံနဲ့ စပ်ပြီးတော့ မိမိကိုယ်ကို အထင်ကြီးအောင် သာပြီးတော့ ကြည်ညိုအောင် ပြုလုပ်တဲ့ မိစ္ဆာဇီဝပဲ၊ အဲဒီလို ပြုလုပ်လို့ရတဲ့ ပစ္စည်းများဟာ မိစ္ဆာဇီဝဖြစ်တယ်"

အထင်ကြီးစေလိုတဲ့ စိတ်ယုတ်မာကြောင့်မဟုတ်ဘဲ တကယ့် စိတ်ရင်း စေတနာရင်းနဲ့ ပြောဆိုခြင်းကတော့ အပြောခံရသူတို့က အထင်ကြီးစေကာမူ မိစ္ဆာဇီဝ မဟုတ်ဘူးလို့ ခွဲခြားသိနော်"

"မှန်ပါဘုရား"

## ဈာန်မဂ်ဖိုလ်နဲ့စပ်

"ပြီးတော့ ဈာန်မဂ်ဖိုလ်နဲ့ နီးစပ်တဲ့ စကား ပြောကြားခြင်းလည်း ရှိသေးတယ်၊ အဲဒါက ဘယ်လိုလဲ၊ "ဒကာတော်ရဲ့… တန်ခိုးအာနုဘော်ရှိတဲ့ ကိုယ်တော်များဟာ မည်သို့ အသွေး

http://www.dhammadownload.com



အရောင်ရှိတဲ့ သင်္ကန်းကို ဝတ်လေ့ရှိတယ်၊ မည်ကဲ့သို့ ဆိတ်ငြိမ်တဲ့ကျောင်းမှာ နေလေ့ရှိတယ်" စသည်ဖြင့် သူဝတ်တတ်တဲ့ သင်္ကန်းမျိုး၊ သူနေတဲ့ကျောင်းမျိုးကို ပြောတယ်"

"အဲဒီလို ပြောတော့ ဒကာက "ဒီကိုယ်တော်ဟာ ရဟန္တာကိုယ်တော်ဖြစ်မှာပဲ၊ မဂ်ရကိုယ်တော်ဖြစ်မှာပဲ"လို့ တွေးပြီး အဲဒီကိုယ်တော်ကို အထင်ကြီးတယ်၊ အဲဒီလို အထင်ကြီး အောင် ဟိတ်ဟန်ထုတ်မှုဟာ မိစ္ဆာဇီဝပဲ၊ အဲဒီလို အထင်ကြီးလို့ လှူလေ သမျှ ပစ္စည်းတွေဟာ မိစ္ဆာဇီဝချည်းပဲ"

## သွားမှုစသည်နှင့်

"အဲ...ဆိုပါတော့ ကိုယ်တော်တစ်ပါးဟာ သူ့ကို အထင်ကြီးစေလိုတဲ့အတွက်ကြောင့် ဒကာ ဒကာမတွေ ရှေ့မှာတော့ အလွန်ပဲ ဣန္ဒြေ့သိက္ခာ တည်ကြည်စွာနဲ့ သွားတယ်, ရပ်တယ်, ထိုင်တယ်, လျောင်းတယ်၊ လူကွယ်ရာကျတော့ တော်သလို နေတယ်"

"အဲဒီလို အထင်ကြီးအောင် ဟန်ဆောင်မှုသည်ပင် မိစ္ဆာဇီဝဖြစ်တယ်၊ အဲဒီလို ဟန်ဆောင်နေတာကို အထင်ကြီးလို့ လှူလေသမျှ မိစ္ဆာဇီဝချည်းပဲ"

"အဲဒီလို အထင်ကြီးအောင် ဟန်ဆောင်ခြင်းမဟုတ်ဘဲ "ရဟန်းဆိုတာ မြို့ရွာအတွင်း၌ ဣန္ဒြေရရ သွားမှ, နေမှ, သာသနာတော်ရဲ့ ကျက်သရေကို ဆောင်ရာရောက်မယ်"လို့ စိတ်ကောင်းထားပြီး သွားလာ ထိုင်နေမှုမျိုးကတော့ မိစ္ဆာ ဇီဝ မဟုတ်ပါဘူး"

http://www.dhammadownload.com



"ပြီးတော့ မှားတာ, မှန်တာ, တရားဟာ, မတရားတာကို ဘာမှမစဉ်းစားပဲ မိမိကိုယ်ကို ချစ်ခင်လာအောင် သနားလာအောင် ပြောခြင်း၊ မိမိကိုယ်ကို နှိမ့်ချ၍ သနားလာအောင် ပြောခြင်း၊ အဲဒီလို ပြောဆိုတဲ့အတွက် ရလေသမျှ ပစ္စည်းတွေဟာ မိစ္ဆာဇီဝချည်းပဲ"

"တစ်ခြား မိစ္ဆာဇီဝတွေ အများကြီး ရှိပါသေးတယ်၊ အဲဒီမိစ္ဆာဇီဝ အပြည့်အစုံတော့ သီလဝဏ္ဏမှာလည်းရှုပါ၊ ဗုဒ္ဓဓမ္မပြဿနာများ(၂)မှာလည်း ရှုပါတော့၊ ဒီမှာတော့ ဒီမျှနဲ့ တော်ကြစို့နော်"

"မှန်ပါဘုရား"

## နတ္ထိကဝါဒ

"ပြီးတော့ ဘာတဲ့လဲ၊ နတ္ထိကဝါဒအယူရှိခြင်းဟာလည်း အညီအဟောက် အာမဂန္ဓပဲတဲ့၊ နတ္ထိကဝါဒဆိုတာဟာ နတ္ထိကဒိဋ္ဌိအယူပေါ့၊ အဲဒီနတ္ထိက ဒိဋ္ဌိဆိုတာ ဘာလဲဆိုတော့ "နောက်နောက်ဘဝ၌ အကျိုးမရှိ"လို့ အကျိုးဝိပါက်ကို တားမြစ်တဲ့ အယူကို နတ္ထိကဒိဋ္ဌိ၊ နတ္ထိကဝါဒခေါ်တာပဲ"

"အဲဒီ နတ္ထိကဒိဋ္ဌိ အယူရှိတဲ့သူဟာ "သတ္တဝါသေရင် ပြီးတာပဲ၊ ပြတ်တာပဲ"လို့ ဥစ္ဆေဒဒိဋ္ဌိ အယူလည်းရှိတယ်။ ဒီဒိဋ္ဌိက အကျိုးကိုပယ်တော့ အကြောင်းကံကိုလည်း ပယ်ပြီးဖြစ်နေတယ်၊ အဲဒီနတ္ထိကဒိဋ္ဌိ ရှိသူတွေဟာ ဘယ်လိုပြောတတ် သလဲ-

http://www.dhammadownload.com



၁။ **နတ္ထိဒိန္နံ**=ပေးလှူကြောင်း ဒါနစေတနာရဲ့ အကျိုးမရှိ၊
၂။ **နတ္ထိယိဋ္ဌံ**=ယဇ်ကြီးပူဇော်ရကျိုးမရှိ၊ (အလှူကြီး)
၃။ **နတ္ထိဟုတံ**=ယဇ်ငယ်ပူဇော်ရကျိုးမရှိ၊ (အလှူငယ်)
၄။ **နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော**=ကောင်းမှု, မကောင်းမှုတို့ရဲ့ အကျိုးရင်း အကျိုးဆက်မရှိ၊
၅။ **နတ္ထိ အယံ လောကော**=ဟိုဘက်ဘဝမှာ တည်သူ့အတွက် ဤဘက်ဘဝ ဒီဘက်ဘဝမရှိ၊
၆။ **နတ္ထိ ပရော လောကော**=ဒီဘက်ဘဝ, ဤဘက်ဘဝ၌ တည်သူ့အတွက်လည်း ဟိုဘက်ဘဝမရှိ၊
၇။ **နတ္ထိ မာတာ**=မိခင်၌ ပြုစုရကျိုး နောင်အခါမရှိ၊
၈။ **နတ္ထိ ပိတာ**=ဖခင်၌ ပြုစုရကျိုး နောင်အခါမရှိ၊
၉။ **နတ္ထိ သတ္တာ ဩပပါတိကာ**=ဩပပါတိက သတ္တဝါနတ်, ပြိတ္တာဆိုတာမရှိ၊
၁၀။ **နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ, ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ**=အကြင်သူ တို့သည် ဤလောက, နောက်လောကကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ ဟောပြောနိုင်ကုန်၏၊ ညီညွတ်သည့် အဖြစ်သို့ ရောက်ကုန်၊ ကောင်းစွာကျင့်ကုန်သော ထိုသမဏဗြာဟ္မဏာတို့မရှိကုန်"

http://www.dhammadownload.com



စသည်ဖြင့် ယူလည်းယူလေ့ရှိကြတယ်၊ ပြောလည်းပြောလေ့ရှိကြတယ်၊ အဲဒီ အယူအပြော အားလုံးဟာ နတ္ထိကဝါဒ, နတ္ထိကဒိဋ္ဌိပဲ၊ အညီအဟောက် အာမဂန္ဓပဲနော်"

"မှန်ပါဘုရား"

"ယခုခေတ်မှာလည်း ဒီဝါဒတွေ၊ ဒီအယူတွေ မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"နံပါတ်လေးအပိုဒ်ကို ပြန်ပြီး သတိပြုကြည့်နော်"

"မှန်ပါဘုရား"

"အဲဒီပါဠိ အဓိပ္ပာယ်အရ ယခုခေတ်မှာ ဘာတွေပြောနေကြလဲ၊ တရားအားထုတ်တာ အကျိုးမရှိသလို၊ လုပ်သမျှဒုက္ခပဲလိုလို ပြောမနေကြဘူးလား?"

"ပြောနေကြပါတယ်ဘုရား"

"ဒါတွေဟာ ခုမှအဆန်းပေါ်လာတာ မဟုတ်ပါဘူး၊ ဘုရားရှင်လက်ထက်ထဲက ရှိနေတဲ့ နတ္ထိကဒိဋ္ဌိတွေပါလို့ သိထားဖို့ပဲ အရေးကြီးပါတယ်၊ အဲဒီဝါဒနောက် ကောက်ကောက်မပါဖို့လည်း အရေးကြီးတယ်နော်"

"မှန်ပါဘုရား"

"မှားတဲ့ဒိဋ္ဌိဝါဒမှန်းသိရင် ပါစရာလိုသေးလား?"

"ပါစရာမလိုပါဘုရား"

## မိစ္ဆာဒိဋ္ဌိ

"အဲဒီ နတ္ထိကဒိဋ္ဌိဆိုတာ မိစ္ဆာဒိဋ္ဌိပါပဲ၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် မြင်ခြင်းကို "မိစ္ဆာဒိဋ္ဌိ"လို့ ခေါ်တယ်"

http://www.dhammadownload.com



တရားကိုယ်အားဖြင့်တော့ သူတော်သူမြတ်တို့ ဟောဖော် ပညတ်အပ်တဲ့ တရားမှန်ကို မလိုက်နာဘဲ မှားယွင်းဖောက်ပြန် မမှန်မကန် သိမြင်တတ်တဲ့ ဒိဋ္ဌိစေတသိက်ပဲ"

## မညီညွတ်တဲ့ကံ

"ကဲ...ဒီလောက်ဆိုရင် နတ္ထိကဝါဒ သဘောပေါက်ပြီ ပေါ့နော်၊ ပေါက်ရင် မညီညွတ်တဲ့ ကာယကံမှုစသည်နဲ့ ပြည့်စုံ တယ်ဆိုတဲ့ အာမဂန္ဓကို ပြောကြစို့နော်၊ ကံရဲ့ဖြစ်ကြောင်းကို "**ကမ္မဒွါရ**" လို့ ခေါ်တယ်၊ မညီညွတ်တဲ့ကာယကံမှု စသည်လို့ ဆိုတော့ အကုသိုလ်ကံတွေပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီ အကုသိုလ်ကံဟာ ကမ္မဒွါရနဲ့စပ်လို့ ကာယကံ ဝစီကံ, မနောကံ"လို့ သုံးမျိုးရှိတယ်၊ အဲဒီ ၃-ပါးမှာ-

၁။ ပါဏာတိပါတစသော ၃-ပါးကို ကာယကံခေါ်တယ်၊

၂။ မုသာဝါဒစသော ၄-ပါးကို ဝစီကံခေါ်တယ်၊

၃။ အဘိဇ္ဈာစသော ၃-ပါးကို မနောကံခေါ်တယ်၊အဲဒီ ကံသုံးပါးရဲ့ အနက်အဓိပ္ပါယ်တော့ ဦးပဥ္စင်းတို့ ပရိတ်သတ်ဟာ သိသင့်သလောက် သိကြပါလိမ့်မယ်၊ အဲဒီတော့ အဲဒါတွေ အကျယ်မပြောပါရစေနဲ့တော့၊ မေးပါရစေ, အဲဒီအကုသိုလ် ကာယကံစသည်တွေကိုပြုလုပ်နေရင်, ပြောဆို,ကြံစည်နေရင် ညီညွတ်တယ်ခေါ်မလား, မညီညွတ်ဘူးခေါ်မလား"?

"မညီညွတ်ဘူး ခေါ်ပါမယ်ဘုရား"

http://www.dhammadownload.com



"မညီညွတ်တဲ့ လူရဲ့အနံ့ဟာ၊ မကောင်းနဲ့ မကောင်း သတင်းဟာ မွှေးမလား, ညှီဟောက်နံစော်မလား"?

"ညှီဟောက်နံစော်ပါမယ်ဘုရား"

"အင်း . . . အဲဒါကြောင့် အဲဒီမညီညွတ်တဲ့ ကာယကံမှု စသည်နဲ့ ပြည့်စုံခြင်းဟာ အညှီအဟောက် အာမဂန္ဓပေါ့၊ အဲဒါကို ရှောင်ရမှာလား၊ သားငါးရှောင်ရမှာလား?"

"မညီညွတ်တဲ့ ကာယကံမှု စသည်ကို ရှောင်ရမှာပါ ဘုရား"

"အင်း...ရှင်းစေ လင်းစေနော်"

"မှန်ပါဘုရား"

## သိစေနိုင်ခဲ

"ပြီးတော့ ဘာတဲ့လဲ? "**ခုရန္တယာ**=သိစေနိုင်ခဲကုန်၏"တဲ့၊ ဒါလည်းဒိဋ္ဌိပဲ၊ ဒိဒိဋ္ဌိက ခုနက ဒိဋ္ဌိထက်စွဲမြဲတဲ့ ဒိဋ္ဌိမျိုးပေါ့၊ နိယတ မိစ္ဆာဒိဋ္ဌိလို့ ခေါ်ရတယ်၊ ဒီနေရာမှာ ဒိဋ္ဌိနဲ့ပညာ ကွာခြား ချက်ကလေးကို ပြောပါရစေနော်"

"ပြောပါဘုရား"

"ဒီပညာဟာ ကျောချင်းကပ်ပြေးသလို အလွန် စခန်းဝေး တယ်၊ ရင်ဆိုင်ပြေးရင် နီးတယ်၊ ကျောချင်းကပ်ပြေးရင် ဝေးမယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...ပညာဘက်က သဒ္ဓါ, ဝီရိယ, သတိ, သမာဓိတို့ ထောက်ပံ့ချက်နဲ့ တိုးတက်တဲ့အခါ သူတစ်ပါးတို့ နှောင့်ယှက်

http://www.dhammadownload.com



လို့မရလောက်အောင် သ စ္စာလေးပါးကို သိတယ်၊ ရတနာ သုံးပါးကို ကြည်ညိုတယ်၊ အဲဒီအခါ သမ္မတ္တနိယတ စခန်းသို့ ဆိုက်ရောက်ပြီးတော့ သောတာပန် ဖြစ်ပြီနော်၊ ဒကာမွှေကိုင် ကြီး အဲဒီမရောက်သေးဘူးလား?”

“မရောက်တတ်သေးပါဘုရား”

“အမယ်...မရောက်တတ်သေးဘူးဆိုတော့ ရောက်တော့ မလိုလိုပါလား၊ ကဲ...ထားပါတော့၊ အဲဒီလို သောတာပန် ဖြစ်သွားတော့ အပါယ်ကျခွင့်မရှိတော့ဘူး မဟုတ်လား?”

“ဟုတ်ပါတယ်ဘုရား”

“အဲဒီသဘောကို ကောင်းသောသဘောရှိတဲ့ နိုင်မြဲမှု= **သမ္မတ္တနိယတ**”လို့ ခေါ်တယ်”

“အဲဒီအတူပဲ ဒိဋ္ဌိဘက်မှာလည်း မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝီရိယတို့ ထောက်ပံ့ချက်နဲ့ တိုးတက်တဲ့အခါ ဘုရားရှင် တို့ပင် ချေချွတ်လို့ မရနိုင်လောက်အောင် မိစ္ဆာအယူဒိဋ္ဌိ နိုင်မြဲ တယ်”

“အဲဒီအခါ မိစ္ဆတ္တနိယတစခန်းသို့ ဆိုက်ရောက်သွားပြီး မင်, ဖိုလ်ရခွင့်မရှိတော့ဘူး၊ သေသည့်အခြားမဲ့ဌ် အဝီစိငရဲ မှာ အဝီစိအာယုကပ်ပတ်လုံး အမြဲနေရတော့တယ်”

“သံဃာသင်းခွဲတဲ့ သံဃာဘေဒက ကံထက်ပင် အပြစ် ကြီးသေးသတဲ့၊ အဝီစိအာယုကပ် မပြည့်သေးခင် ကမ္ဘာပျက် သော်လည်း တစ်ခြားမပျက်တဲ့ ကမ္ဘာသို့ ပြောင်းရွှေ့လို့ ဖြစ်စေ၊ ကောင်းကင်မှာဖြစ်စေ ဆက်လက်ခံရဦးမယ်တဲ့၊ သံဃာ

http://www.dhammadownload.com



ဘေဒကက်ကတော့ အဲဒီကဲ့သို့ ကမ္ဘာပျက်ရင် အာယုကပ် မပြည့်သေးသော်လည်း ဆက်လက်မခံရတော့ဘူးတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီသဘောကို "မှားသောသဘောရှိသည်ဖြစ်၍ နိုင်မြဲမှု "**မိစ္ဆတ္တနိယတ**"လို့ ခေါ်တယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

## ဘုရားတစ်သိန်း

"အဲဒီလို မိစ္ဆတ္တနိယတ ဖြစ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို အမှန်တရား သိစေဖို့ အင်မတန် ခဲယဉ်းပါတယ်၊ စွဲမိမလွှတ်တည်းကဘဲ၊ အဲဒီပုဂ္ဂိုလ်တို့ရဲ့ သဘောကို မဃဒေဝလင်္ကာမှာ မာန်လည် ဆရာတော်ဘုရားကြီးက–

"ဝိပ္ပလ္လာသ, ဖောက်ပြန်ကလည်း၊ မောဟလွှမ်းပြီး၊ အယူသီး၍၊ စပါးကြီးချက်ငြိ၊ ဟူတုံဘိသို့၊ အဝိစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမမနာ၊ ရှိတတ်စွာခဲ့"

"လိပ်ခဲပမာ၊ မြဲမြံစွာလျက်၊ သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့် ဟောကြားချေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်လွဲ၍၊ ငရဲခံလိမ့်မည်သောကြောင့်"

လို့ ရေးစီခဲ့တယ်၊ အင်မတန်ကောင်းတဲ့လင်္ကာပါပဲ၊ ကဲ... ယခုဆိုရင် အာမဂန္ထအစ ၂-စု ပြီးသွားပါပြီ၊ ရှေ့ဆက်ပြီး သွားကြစို့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## အတ္တကိလမထစသည်

"အာမဂန္ဓဆိုတဲ့ အညှီအဟောက်ကိုလည်း အညှီအဟောက် မှန်းသိပြီး ရှောင်နိုင်ဖို့ အင်မတန်အရေးကြီးပါတယ်"

"မှန်ပါဘုရား"

"ကဲ...ဒီတော့ အာမဂန္ဓတွေ သေသေချာချာ သိအောင် ဆက်လက်ပြီး နာခံမှတ်သားထားနော်၊ ဘာတဲ့လဲ"

**"တိဿရသေ့ကြီး၊ အကြင်သူတို့သည် ခေါင်းပါးသော အတ္တကိလမထ အကျင့်ရှိကုန်၏၊ ကြမ်းတမ်း ကုန်၏၊ သူတစ်ပါး၏ ကျောက်ကုန်းသားကို စားသကဲ့ သို့ ရှေ့တွင်ချီးမွမ်း၍ မျက်ကွယ်၌ ကဲ့ရဲ့ကုန်၏။ အဆွေ ခင်ပွန်းတို့ကို ပြစ်မှားကုန်၏၊ သနားခြင်းကင်းကုန်၏၊ အလွန်မာန်မူကုန်၏၊ မပေးတတ်သော အလေ့ရှိကုန်၏၊ တစ်စုံတစ်ယောက်အား အနည်းငယ်မျှသော်လည်း မပေး လှူကုန်၊ ထိုသူတို့၏ ဤအတ္တကိလမထစသည်ပင် အညှီ အဟောက် အာမဂန္ဓတည်း၊ အသားဟူသော ဘောဇဉ် သည် အညှီအဟောက် အာမဂန္ဓမဟုတ်"တဲ့၊**

"ကဲ...ပယ်ရမယ့် အာမဂန္ဓတွေ များလိုက်တာနော်၊ များဆိုရင် ကိလေသာနဲ့ အကုသိုလ်တွေကို အာမဂန္ဓ ခေါ် တယ်ဆိုတော့ များတာပေါ့"

## အတ္တကိလမထ

"ကဲ...အဲဒီ တတိယအစုမှာပါတဲ့ အာမဂန္ဓတွေ ရှင်းကြ စို့၊ ရှင်းတော့ ခေါင်းပါးတဲ့ အတ္တကိလမထအကျင့်ဟာလည်း

http://www.dhammadownload.com



အာဂမနွတဲ့၊ ဟုတ်တာပေါ့ အစွန်း ၂-ပါး, အယုတ်တရား ၂-ပါးမှာ အတ္တကိလမထ ပါတယ်မဟုတ်လား?"

"ပါပါတယ်ဘုရား"

"ပယ်ရမလား၊ မှီဝဲရမလား?"

"ပယ်ရပါမယ်ဘုရား"

"ဦးပဉ္ဇင်းတို့ ဘုရားရှင်ပြန်ကြည့်နော်၊ အလောင်းတော်ဘဝတုန်းက အဲဒီအတ္တကိလမထကို ကျင့်ခဲ့တယ်၊ အစာ အာဟာရလုံးဝမစားဘဲနဲ့ ဖြတ်ပြီးကျင့်ခဲ့တယ်, တရားရရဲ့ လား?"

"မရပါဘုရား"

"အင်း...ခုခေတ်မှာ တစ်ရက် နှစ်ရက်လောက် အငတ်ခံပြရင် အထင်ကြီးကြတယ်၊ အငတ်ခံတာနဲ့ တရားနဲ့ ဘာမှ မဆိုင်ပါဘူး၊ အလောင်းတော်ဟာ အနည်းငယ်, အနည်းငယ်, တစ်လက်ဖက်, တစ်လက်ဖက်မျှ အစာအာဟာရကိုသာ စားတယ်၊ တရားရရဲ့လား?"

"မရပါဘုရား"

"အဲဒီလို မစားဘဲကျင့်, နည်းနည်းလေးစားပြီးကျင့်တော့ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ဟာ အရိုးရယ်, အရေရယ်, အကြောရယ် ဒါပဲကျန်တော့တယ်။ ဝမ်းရေကိုကိုင်မယ်ဆိုရင် ကျောက်ကုန်းရိုးပဲ ကိုင်မိတယ်၊ ကျောက်ကုန်းရိုး ကိုင်မယ်ဆိုရင် ဝမ်းရေပဲကိုင်မိတယ်၊ ဘာဖြစ်လို့လဲ၊ ဝမ်းရေနဲ့ ကျောက်ကုန်းရေဟာ ပူးကပ်နေလို့တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလို ကျင့်သော်လည်း ဘုရားအဖြစ်သို့ မရောက်ဘူး၊ တရားမရဘူး၊ ဒီတော့မှ–

"အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ကာလ သုံးပါးမှာ ရှိတဲ့ အချို့သော ရဟန်းပုဏ္ဏားတွေလည်း လုံ့လကြီးကုတ် အားထုတ်ကြပါကုန်၏၊ ဒုက္ခဝေဒနာတွေကို ခံစားရပါကုန်၏၊ ဤမျှအတိုင်းအရှည်ရှိတဲ့ ခံစားခြင်းသာပဲ၊ ငါ့ရဲ့ ယခုခံစားခြင်းထက် မပိုလွန်"

"ငါဟာ အင်မတန် ပြင်းထန်စပ်ရှားတဲ့ ဒီလိုပြုနိုင်ခဲ့တဲ့ အမှုကို ကျင့်ခြင်းဖြင့် လူတို့ရဲ့ ကုသိုလ်ကမ္မပထ တရား ၁၀–ပါးထက် လွန်မြတ်တဲ့ ဈာန်မဂ်ဖိုလ်တရားကိုမရ၊ သစ္စာလေးပါးကို သိဖို့ရာ တစ်ပါးသောအကြောင်း ရှိသေးသလော" လို့ စဉ်းစားပြီး ရှိသေးကြောင်းလည်း မြင်ရော အဲဒီ အတ္တကိလမထ အကျင့်ကို စွန့်လိုက်တယ်၊ အစာရေစာ မျှတစွာ ပြန်လည်ပြီးစားသုံးတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို မျှတစွာ စားသုံးပြီး ကျင့်တော့မှ ဘုရားအဖြစ်သို့ ရောက်တဲ့အကြောင်း အားလုံးသိပြီးပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲ...ဘုရားအဖြစ်လည်း ရောက်လို့ ပြဟ္မာမင်းရဲ့ တောင်းပန်ချက်အရ တရားဟောတော့ တရားဦး ဓမ္မစကြာမှာ အာမဂန္ဓ ဖြစ်တဲ့ အတ္တကိလမထနဲ့ ကာမသုခလ္လိကနုယောဂ ၂–ပါးကို

http://www.dhammadownload.com



မမှိုဝဲဖို့ဟောတယ်၊ မဖွံ့မပင့်ပဒါလမ်းကသွားဖို့ ဟောတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒါ ကြပ်ကြပ် သတိထားပါ၊ ပညာရှေ့သွားပြုပြီး စဉ်းစားပါ၊ သို့မဟုတ်က–

"ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ ယူမိစွာဒြ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏" တဲ့။ အဲဒီလိုဆို သိပ်နစ်နာတယ်နော်၊ ဒါ့ကြောင့် ပညာနဲ့သဒ္ဓါ မျှစေပြီး ကျင့်ဖို့၊ ဆည်းကပ်တတ်ဖို့ အရေး ကြီးပါတယ်၊ ဟို...သာသနာပမှ လွဲတာ ချော်တာက ကိစ္စမရှိပါဘူး။ ယခုအခါက သာသနာတွင်းကြီးပါ၊ လွဲလို့တော်ပါ့မလား?"

"မတော်ပါဘုရား"

## ကြမ်းတမ်း

"ကဲ...ဒါဖြင့် ရှေ့သွားကြစို့၊ ရှေ့သွားတော့ ဒါရဏာ–ကြမ်းတမ်းကုန်၏"တဲ့၊ ဒီနေရာ ကြမ်းတမ်းဆိုတာ အပြော အဆို ခက်တာကို ခေါ်တယ်၊ ဟိုမင်္ဂလသုတ်မှာ **သောဝ စဿတာ**= အပြောအဆို လွယ်တယ်ဆိုတဲ့ မင်္ဂလာတစ်ပါး မပါဘူးလား?"

"ပါပါတယ်ဘုရား"

"အင်း...ဒီနေရာမှာ ကြမ်းတမ်းဆိုတာ အဲဒီ သောဝစဿတမင်္ဂလာကို ပျက်စေတဲ့ "အပြောအဆို ခက်တဲ့= **ဒေါဝစဿတ**"ကို ခေါ်တယ်၊ မင်္ဂလာပျက်တော့ အမင်္ဂလာဖြစ်တယ်"

http://www.dhammadownload.com



"ဘုရား, ပစ္စေကဗုဒ္ဓမှတစ်ပါး ကျန်တဲ့ သတ္တဝါတွေဟာ သူတစ်ပါးထံက တရားကို နာရမှ တရားရနိုင်တဲ့ သာဝက တွေပဲ၊ အဲဒီသာဝကတွေဟာ သူတစ်ပါးရဲ့ ဟောပြော ဆုံးမ ချက်ကို ရိုသေစွာနာခံတဲ့ သောဝစဿတမင်္ဂလာနဲ့ ပြည့်စုံမှ တရားရမှာ၊ အပြောအဆိုခက်တဲ့ ဒေါဝစဿတဖြစ်နေရင် တရားရနိုင်ပါ့မလား?"

"မရနိုင်ပါဘုရား"

"ဒီတော့ အပြောအဆို ခက်တယ်ဆိုတာ ပေါ့ပေါ့မထင် နဲ့ တရားရရေးပါ ပျက်နိုင်တယ်နော်"

"မှန်ပါဘုရား"

လောကစီးပွားရေး ကြီးပွားရေးတွေလည်း အကုန်ပျက်တော့ တာပေါ့၊ ဒါ့ကြောင့် ဒီဒေါဝစဿတလို့ခေါ်တဲ့ ကြမ်းတမ်းခြင်းကို ရှောင်ပြီး သောဝစဿတဖြစ်ဖို့ မကြမ်းတမ်းဖို့ ကောင်းတယ်နော်၊ ဒါကြောင့် အပြစ်မြင်လို့ ဆုံးမသူကို–

> "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်
> မြင်တိုင်း။ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလို စိတ်က၊
> ဆုံးမတတ်သူ၊ ဆရာဟူလော့"တဲ့။

မဃဒေဝ လင်္ကာမှာ မာန်လည်ဆရာတော်ဘုရားကြီး ဆုံးမခဲ့ တယ်၊ အဲဒီအတိုင်းလိုက်နာရင် ကြမ်းတမ်းခြင်းဆိုတဲ့ အာမဂန္ဓ ကင်းမသွားဘူးလား?"

"ကင်းသွားပါတယ်ဘုရား"

http://www.dhammadownload.com



## ဂုံးတိုက်ခြင်း

"ကဲ...ဒါဖြင့် ဂုံးတိုက်ခြင်းအကြောင်း ပြောကြစို့၊ ပိသုဏာဝါစာကို သူတစ်ပါးရဲ့ ကျောက်ကုန်းသားကို စားဘိသကဲ့သို့ ရှေ့တွင်ချီးမွမ်း၍ ကွယ်ရာ၌ ကဲ့ရဲ့တာကို ခေါ်တယ်၊ "ငါက ရှေ့မှာမို့လို့ မပြောချင်လို့ပါ"လို့ ပြောပြီး ကွယ်ရာကျတော့ အတင်းအဖျင်းတွေ ပြောလေ့ရှိတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ရှေးက ခြင်္သေ့နဲ့ နွားလားကြီးတစ်ကောင်ဟာ သိပ်ပြီးတော့ ချစ်ခင်နေတယ်၊ အဲဒါကို သိတဲ့မြေခွေးက သူတို့ နှစ်ကောင်ကွဲပြားပြီး ခိုက်ရန်ပွားလို့ တိုက်ခိုက် သတ်ဖြတ်ကြလို့ သေတဲ့အခါ အသားစားချင်တော့ ဘာလုပ်လဲ ခြင်္သေ့ထံသွားပြီး "နွားလားကြီးက သင့်ကို မကောင်းပြောတယ်"လို့ သွားပြော၊ တစ်ခါ နွားလားကြီးထံရောက်တော့ "ခြင်္သေ့က သင့်ကိုမကောင်း ပြောတယ်"လို့ ပြောတယ်"

"အဲ...ပြောပါများတော့ ခြင်္သေ့နဲ့ နွားလားတို့ဟာ ရန်သူဖြစ်ပြီး တိုက်ခိုက်ကြတော့ နှစ်ကောင်လုံးသေရော၊ ဒီတော့မှ မြေခွေးက နှစ်ကောင်လုံးရဲ့အသားကို ဝစွာစားရတယ်၊ ကဲ... မဆိုးဘူးလား?"

"ဆိုးပါတယ်ဘုရား"

"ဒါ့ကြောင့် အာမဂန္ဓ အညှီအဟောက် ဖြစ်တာပေါ့၊ အဲဒီ ပိသုဏာဝါစာဟာ ဘယ်လောက်ဆိုးလဲ နားထောင်ကြ-

http://www.dhammadownload.com



"အခြေမရှိ၊ ဇာတိမကောင်း၊ လူ့သစ်ယောင်းကား၊ ရောင်းတိုင်းမစွဲ၊ ထင်းသစ်ခွဲသို့၊ ဖျင်းသွံစာရိတ်၊ ကိုယ်-စိတ်မူရာ၊ မကောင်းစွာဘူး၊ သမ္မာမကြိုက်၊ ထိုသူမိုက်လည်း၊ ဂုံးတိုက်ချောလျော၊ သဘောယုတ်မာ၊ ကျင့်တတ်စွာ၏"

"ရှေးခါသော်က၊ သီဟ-နွားလား၊ နှစ်ကောင်ကြားဝယ်၊ တောသားဒုစရိုက်၊ မြေခွေးမိုက်က၊ ရန်တိုက်သောအား၊ ခြင်္သေ့နွားတို့၊ ခိုက်ပွားရန်စစ်၊ ဖြစ်၍မကြာ၊ သေကြစွာ၏"တဲ့။

အဲဒီလို မာန်လည်ဆရာတော် ဘုရားကြီးက မဃဒေဝလင်္ကာမှာ လင်္ကာသီခဲ့တယ်၊ ဒီတော့ ဒီပိသုဏာဝါစာကို မိမိကိုယ်တိုင်လည်းရှောင်နေ၊ ပြောတတ်တဲ့သူနဲ့လည်း မပေါင်းနဲ့ ဟုတ်လား၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါမယုံ၊ တစ်ခါယုံ၊ ယုံတော့ မခက်ဘူးလား?"

"ခက်ပါတယ်ဘုရား"

"ခက်တော့ ခြင်္သေ့နဲ့နွားလားကြီးလို မဖြစ်နိုင်ဘူးလား?"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အဲဒီလိုဖြစ်တော့ သတင်းက မညှိဘူးလား"

"ညှိပါတယ်ဘုရား"

## သနားခြင်းကင်း

"အဲဒါကြောင့် အာမဂန္ဓခေါ်တာပေါ့၊ ပြီးတော့ သနား ကြင်နာကရုဏာကင်းပြီး သတ္တဝါတို့ရဲ့ အကျိုးစီးပွားမဲ့ကို လိုလား

http://www.dhammadownload.com



ခြင်းဟာလည်း အာမဂန္ဓပဲ၊ ဒီတော့ ဒီနေရာမှာ ကရုဏာ အကြောင်းကို ကျယ်ကျယ်ပြောချင်ပါတယ်၊ ကရုဏာဟာ–

၁။ သူတစ်ပါးဆင်းရဲကို ပယ်ရှားလိုခြင်း လက္ခဏာ ရှိတယ်၊
၂။ သူတစ်ပါးဆင်းရဲနေခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စ ရှိတယ်၊
၃။ ညှင်းဆဲခြင်း၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ထင်လာ တယ်၊
၄။ ဆင်းရဲသို့ရောက်ကုန်တဲ့ သတ္တဝါတို့ရဲ့ ကိုးကွယ်ရာ မဲ့ကုန်သည်သည့်အဖြစ်ကို ရှုတတ်တဲ့ ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်းရှိတယ်"

"ဝိဟိံသာလို့ ခေါ်အပ်တဲ့ ဒေါသဟာ သူတစ်ပါးကို ညှင်းဆဲလိုတယ်၊ ကရုဏာကား မညှင်းဆဲလိုသည့်ပြင် ကယ်ဆယ်ပင် ကယ်ဆယ်လိုသေးတယ်၊ ဒါ့ကြောင့် ညှင်းဆဲခြင်းရဲ့ ဆန့်ကျင်ဘက်လို့ ထင်လာပါတယ်"

## ကရုဏာတု

"မိမိနဲ့နီးစပ်တဲ့သူတွေ ဆင်းရဲဒုက္ခရောက်နေတာကို မြင်ရင် ကရုဏာစစ်နဲ့ ဆင်တူရိုးမှား အလွန်သနားမှုများလည်း ဖြစ်ပေါ် လာတတ်ပါသေးတယ်၊ အဲဒီသဘောဟာ ကရုဏာအစစ် မဟုတ် ပါဘူး၊ သောကခေါ်တဲ့ ဒေါမနဿဝေဒနာ ဖြစ်ပါတယ်"

"ကရုဏာအစစ်ကတော့ သူတစ်ပါးကို သနားသော်လည်း ကုသိုလ်တရားဖြစ်လို့ စိတ်မညစ်ဘူး၊ ကြည်ကြည်လင်လင်ပဲ နေ့ဘ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"သောကကတော့ စိတ်ကိုညစ်စေတယ်နော်"

"မှန်ပါဘုရား"

"ဒုက္ခိတလျှင်၊ သတ္တဝါမြင်သော်၊ သူတော် စင်များ၊ စိတ်ချောက်ချား၍၊ သနားသမှု၊ လှုပ်အောင်ပြု၊ မှတ်ရှု ကရုဏာသဘောတည်း"တဲ့၊ အဲဒီကရုဏာရဲ့သဘောကို သေသေချာချာ မှတ်ထားနော်"

"မှန်ပါဘုရား"

"ဒါဘာဖြစ်လို့ ပြောနေရတာလဲဆိုတော့ သားငါးတွေစားတဲ့ သူတွေဟာ သနားကြင်နာ ကရုဏာမရှိဘူးလို့ တစ်ချို့ ပြောမနေကြဘူးလား?"

"ပြောနေကြပါတယ်ဘုရား"

"အဲဒီလိုဆိုတော့ ဘုရားရှင်လည်း သားငါးဘုဉ်းပေးလေတော့ ဘုရားပါ ကရုဏာမရှိဘူးလို့ ဆိုရာရောက်မသွားဘူးလား?"

"ရောက်သွားပါတယ်ဘုရား"

"သတိထားနော်၊ ပြောမှားဆိုမှား အင်မတန်ကြောက်စရာ ကောင်းပါတယ်၊ ဘုရားရှင်ဟာ "မဟာကရုဏာတော်ရှင်ကြီး" မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...သားငါးစားတာနဲ့ မဟာကရုဏာတော်ရှင်ကြီး တောင်မှ သနားကရုဏာ မရှိသလို ဖြစ်မသွားဘူးလား?"

"ဖြစ်သွားပါတယ်ဘုရား"

http://www.dhammadownload.com



"ကရုဏာရဲ့အာရုံကိုကြည့်ပါ၊ ဘယ်သူ့ကို အာရုံပြု သလဲ?" အသက်ရှိပြီး ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါကို အာရုံပြုပါတယ်၊ အသေကောင်ကို အာရုံမပြုပါဘူး။ အသေ ကောင်ဟာ ကရုဏာရဲ့ အာရုံမဟုတ်ပါဘူး၊ အသေကောင် ကို သနားလို့ မရပါဘူး၊ အရှင်သတ္တဝါကိုသာ သနားရမယ် နော်"

"မှန်ပါဘုရား"

ဟို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မာ့ဝိဟာအဖွင့်မှာ ဘယ်လို ဆိုထားလဲဆိုတော့-

"**အယဉ္စမေတ္တာ-ကာလကတေန ဘာဝေတဗ္ဗာဝ**= ဒီမေတ္တာကို သေသော အသေကောင်ကို မပွားအပ် ဘူး"တဲ့

"**ကာလကတေ ပန ဘာဝေန္တော နေဝ အပ္ပနံ၊ န ဥပစာရံ ပါပုဏာတိ**=သေသူကို မေတ္တာပွားရင် အပ္ပနာ သမာဓိလည်း မရောက်၊ ဥပစာရသမာဓိလည်း မရောက် နိုင်ဘူး"တဲ့။ အဲ...မေတ္တာနဲ့ ကရုဏာဆိုတာ သဘော တူပဲ၊ မေတ္တာမပွားရရင် ကရုဏာလည်း မပွားရဘူးပေါ့ နော်"

"မှန်ပါဘုရား"

"အဲ...ဗြဟ္မာစိုရ်တရား အားလုံးမပွားရဘူးလို့သာ မှတ်ထား၊ ဘာဖြစ်လို့လဲ၊ အသေကောင်က ခံမှုမခံယူနိုင်တော့ဘဲ၊ ဒီတော့ အသေကောင်စားတာနဲ့ သနားမေတ္တာ, ကရုဏာနဲ့ ဘာဆိုင်လဲ"

"ဘာမှမဆိုင်ပါဘုရား"

http://www.dhammadownload.com



## ဇီဝကအမေး

"သာကေပြမယ်"

"အခါတစ်ပါး မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် အဘယ မင်းသား မွေးမြူအပ်တဲ့ ဇီဝကရဲ့ သရက်ဥယျာဉ်မှာ သီတင်း သုံးတော်မူတယ်၊ အဲဒီအခါမှာ ဇီဝကက ဘုရားမြတ်စွာကို လျှောက်ထားတယ်–

"မြတ်စွာဘုရား၊ ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြပါကုန်တယ်၊ ရဟန်းဂေါတမကလည်း သိလျက် ရည် ညွှန်း၍ပြုအပ်တဲ့ မိမိကိုအကြောင်းပြု၍ သတ်အပ်ပြီးတဲ့ ထိုအသား ကို သုံးဆောင်တယ်"လို့ ဒီစကားကို တပည့်တော်ကြားဖူးပါတယ်၊ မြတ်စွာဘုရား၊ ဘယ်လိုပါလဲဘုရား၊ အဲဒီတိတ္ထိတွေဟာ ဘုရား ရှင်ရဲ့ ဟောတော်မူအပ် ပြီးသည်ကို ပြောဆိုကြပါကုန်သလော၊ ဘုရားရှင်ကို မဟုတ်မမှန်အားဖြင့် စွပ်စွဲလည်း မစွပ်စွဲကြပါကုန် သလော၊ အကြောင်းအားလျော်သော အကြောင်းကို ထင်စွာလည်း ပြုကြပါကုန် သလော၊ အကြောင်းနဲ့ တကွသော ဘုရားရှင်ရဲ့ ဝါဒ ထိုဝါဒသို့ အတုလိုက်တဲ့ အနုဝါဒဟာ ကဲ့ရဲ့အပ်တဲ့ အကြောင်း သို့ အနည်းငယ်မျှပင် မကျရောက်ဘဲရှိပါသလော"လို့ ဇီဝက က မေးတယ်၊ ဒီတော့ ဘုရားရှင်က ဘယ်လိုပြန်ဖြေလဲ?"

> "ဇီဝက၊ တိတ္ထိတွေဟာ ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြကုန်၏၊ ရဟန်းဂေါတမသည် သိလျက်ရည်ညွှန်း၍ ပြုအပ်တဲ့ မိမိကို အကြောင်းပြု၍

http://www.dhammadownload.com



သတ်အပ်ပြီးတဲ့ ထိုအသားကို သုံးဆောင်တယ်”လို့ ဒီလိုပြောကြတယ်၊ အဲဒီတိတ္ထိတွေဟာ ငါဘုရားရဲ့ ဟော အပ်ပြီးသည်ကို ပြောဆိုလေ့ရှိသူတို့ မဟုတ်ကြဘူး။ ငါ့ကို ထင်ရှားမရှိတဲ့ မဟုတ်မမှန်အားဖြင့် စွပ်စွဲလည်း စွပ်စွဲကြ ကုန်တယ်။

“ဇီဝက၊ ငါသည် မြင်အပ်တဲ့ အသား၊ ကြားအပ် တဲ့ အသား၊ ယုံမှားအပ်တဲ့ အသားဟူသော အကြောင်း သုံးပါးတို့ဖြင့် အသားကိုမသုံးဆောင်အပ်၊ မသုံးဆောင် ကောင်းဟူ၍ ဟောတော်မူ၏။

“ဇီဝက၊ ငါသည် မမြင်အပ်တဲ့ အသား၊ မကြား အပ်တဲ့အသား၊ မယုံမှားအပ်တဲ့ အသားဟူသော အကြောင်းသုံးပါးတို့ဖြင့် အသားကို သုံးဆောင်အပ်၏ ဟူ၍ ဟောတော်မူ၏”လို့ ဘုရားရှင်က ဇီဝိကို ပြန်ဖြေ ပါတယ်။ အဲဒီ မြင်သား, မမြင်သား စသည်တို့ရဲ့ အကြောင်းလည်း နောက်က အစုံပြောခဲ့ပြီနော်”

“မှန်ပါဘုရား”

## ဗြဟ္မစိုရ်ပွား

“အဲဒီလို မိန့်တော်မူပြီးတော့ ဘုရားရှင် ဘယ်လို ဆက် မိန့်တော်မူသလဲဆိုတော့ “ဇီဝက၊ ဒီသာသနာတော်၌ ရဟန်း တော်ဟာ တစ်ခုခုသော ရွာနိဂုံးကို အမှီပြုနေတယ်၊ အဲဒီရဟန်း ဟာ အရပ် ၁၀ မျက်နှာရှိ သတ္တဝါအားလုံးကို မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ ဘာဝနာပွားများနေတယ်”

http://www.dhammadownload.com



"အဲဒီရဟန်းကို သူကြွယ်သော်လည်းကောင်း၊ သူကြွယ်သားသော်လည်းကောင်း ချဉ်းကပ်ပြီးတော့ ဆွမ်းဘုဉ်းပေးပင့်တယ်၊ ဇီဝကရဟန်းဟာ အလိုရှိသည်ဖြစ်၍သာလျှင် ဆွမ်းဘုဉ်းပေးဖို့ လက်ခံတယ်"

"အဲဒီရဟန်းကို သူကြွယ်သည်လည်းကောင်း၊ ဒီသူကြွယ်ရဲ့သားသည်လည်းကောင်း မွန်မြတ်တဲ့ အသားပြွမ်းတဲ့ဆွမ်းဖြင့် ဆက်ကပ်လုပ်ကျွေးတယ်။ အဲဒီရဟန်းရဲ့စိတ်မှာ–

"ငါ့ကို ဒီသူကြွယ်သည်လည်းကောင်း၊ ဒီသူကြွယ်ရဲ့သားသည်လည်းကောင်း မွန်မြတ်တဲ့ အသားပြွမ်းတဲ့ ဆွမ်းနဲ့ လုပ်ကျွေးပါမူကား ကောင်းလေစွ"လို့ စိတ်မဖြစ်ဘူး"

"ငါ့ကို ဒီသူကြွယ်သည်လည်းကောင်း၊ ဒီသူကြွယ်ရဲ့သားသည်လည်းကောင်း နောင်အခါမှာလည်း ဒီလို မွန်မြတ်တဲ့ အသားပြွမ်းတဲ့ ဆွမ်းနဲ့ လုပ်ကျွေးပါမူကား ကောင်းလေစွ"လို့ စိတ်မဖြစ်ဘူး၊ အဲဒီရဟန်းဟာ အဲဒီ အသားပြွမ်းတဲ့ဆွမ်းကို တဏှာနဲ့ မတပ်မက်မတွေဝေဘဲ အာသာငမ်းငမ်း မစွဲလမ်း၊ မမျိုသိပ်ဘဲ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ ရသတဏှာမှ ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ ဘုဉ်းပေးတယ်"

"အဲဒီလို စားသုံးနည်း၊ ဘုဉ်းပေးနည်းတွေကို နောက်က ပြောခဲ့ပြီနော်၊ ပြန်ပြီးသတိပြုပါ၊ အဲဒီလို မိန့်တော်မူပြီး ဘုရားရှင်ဟာ ဇီဝကကို မေးပါတယ်–

http://www.dhammadownload.com



"ဇီဝက၊ ငါပြောမယ့်ဒီစကားကို သင် ဘယ်လိုထင်သလဲ?" အဲဒီရဟန်းဟာ အဲဒီအခါမှာ မိမိကိုယ်ကို ဆင်းရဲခြင်းအကျိုးငှာ၊ တစ်ပါးသူကို ဆင်းရဲခြင်းအကျိုးငှာ၊ မိမိသူတစ်ပါး နှစ်ဦးသားကို ဆင်းရဲခြင်းအကျိုးငှာ အားထုတ်ရာသလော?"

"မြတ်စွာဘုရား၊ အားမထုတ်ရာပါဘုရား"

"ဇီဝက၊ အဲဒီရဟန်းဟာ အဲဒီအချိန်မှာ အပြစ်မရှိသည်သာဖြစ်တဲ့ အသားပွဲမ်းဆွမ်းကို သုံးဆောင်သည် မဟုတ်လော?"

"မြတ်စွာဘုရား၊ ဟုတ်ပါတယ်"တဲ့။ ကဲ...အဲဒီဘုရားရှင်ရဲ့ အမေးနဲ့ ဇီဝကအဖြေကို သေသေချာချာ နားထောင်ကြည့် ပါ၊ ဒီတော့ သားငါးစားတဲ့ ပုဂ္ဂိုလ်တွေဟာ သနားမေတ္တာ ကရုဏာ မရှိဘူးလို့ စွပ်စွဲချက်ဟာ အင်မတန် ဆိုးဝါးပါတယ်၊ ဘုရား ပစ္စေကဗုဒ္ဓ၊ ရဟန္တာတွေပါ စွပ်စွဲရာရောက်ပါတယ်၊ သတိထားပါနော်"

"မှန်ပါဘုရား"

"အဲဒီလိုမေးဖြေပြီးတော့ ဇီဝကက ဘုရားရှင်ကို လျှောက်ထားတယ်"

"မြတ်စွာဘုရား၊ တပည့်တော်ဟာ ဗြဟ္မာသည် မေတ္တာစျာန်နဲ့ နေလေ့ရှိတယ်ဆိုတဲ့ ဒီစကားကို ကြားဖူးပါတယ်၊ မြတ်စွာဘုရား၊ တပည့်တော်ရဲ့ အဲဒီ ကြားဖူးအပ်တဲ့ မေတ္တာနဲ့ နေလေ့ရှိသူဟာ မျက်မှောက် တွေ့မြင်အပ်တဲ့ မြတ်စွာဘုရားပါတည်း။ မြတ်စွာဘုရား၊

http://www.dhammadownload.com



မှန်ပါ၏၊ မြတ်စွာဘုရားဟာ မေတ္တာနဲ့ နေလေ့ရှိသူပါတည်း”တဲ့။ ဒီတော့ ဘုရားရှင်က–

“ဇီဝက၊ အကြင်ရာဂ, ဒေါသ, မောဟကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်း ဖြစ်ရာ၏။ မြတ်စွာဘုရားဟာ အဲဒီ ရာဂ, ဒေါသ, မောဟကို ပယ်အပ်ပြီး၊ အမြစ်ရင်းကို ဖြတ်အပ်ပြီး၊ ထန်းပင်ရဲ့တည်ရာကျင်းကဲ့သို့ ပြုအပ်ပြီး၊ တစ်ဖန်မဖြစ်အောင် ပြုအပ်ပြီးနောင်အခါမှာ တစ်ဖန် မဖြစ်ခြင်းသဘောရှိတယ်”

“ဇီဝက၊ သင်ဟာ အဲဒီစကားကို ရည်ညွှန်းပြီး တကယ်လို့ ပြောတယ်ဆိုရင် သင်ရဲ့ အဲဒီစကားကို ငါဘုရား ခွင့်ပြုတော်မူတယ်”လို့ မိန့်တော်မူတယ်၊ ဒီတော့ ဇီဝကက–

“မြတ်စွာဘုရား၊ တပည့်တော်လည်း အဲဒီစကားကိုပဲ ရည်ညွှန်းပြီး လျှောက်အပ်ပါ၏”တဲ့။ လျှောက်တယ်နော်၊ အဲဒီစကားတွေဟာ အင်မတန် မှတ်သားစရာကောင်းတဲ့ စကားတွေပါ၊ မှတ်လည်းမှတ်ထားနော်”

“မှန်ပါ၊ မှတ်ပါမယ်ဘုရား”

## စားသုံးနည်း

“ဒီတော့ အသားငါး အစားအစာပဲ စားစား၊ အသားငါးလွတ် အစားအစာပဲ စားစား တဏှာနဲ့ မတပ်မက်ဘဲ စားရမယ်၊ တဏှာနဲ့ မတွေဝေဘဲ စားရမယ်၊ အာသာ ငမ်းငမ်း တဏှာနဲ့ မစွဲလမ်း မမျိုသိပ်ဘဲ စားရမယ်၊ ဝမ်းခေါင်း ထဲ တစ်ညအောင်းပြီး ကိုးပေါက်ဒွါရ အမာဝတို့မှ ထွက်လိမ့် မယ်လို့ အပြစ်ကို ရှုပြီးတော့

http://www.dhammadownload.com



စားရမယ်၊ ဇာတိကန္တာရ စသည်မှ ထွက်မြောက်ခြင်းအကျိုးငှာ စားတယ်လို့ ရသတဏှာမှ ထွက်မြောက်ကြောင်း ပညာရှိသည် ဖြစ်၍ စားရမယ်"

## အကြောင်းငါးပါး

"ကဲ...ရှေ့ဆက်ကြဦးစို့နော်၊ သတ်လှူတာနဲ့ ပတ်သက် ပြီး ဘယ်လိုအမိန့်ရှိသလဲဆိုတော့ ဇီဝက အကြွင်သူဟာ ဘုရားကိုလည်းကောင်း၊ ဘုရားတပည့်သားကိုလည်းကောင်း ရည်ညွှန်းပြီး သတ္တဝါကိုသတ်တယ်၊ အဲဒီသတ္တဝါသတ်သူဟာ အကြောင်းငါးပါးတို့ကြောင့် မကောင်းမှုများစွာ ပွားစီးမယ်"

၁။ ထိုသူကြွယ်ဟာ "သွားကြကုန်လော့၊ ဤမည်သော သတ္တဝါကို ဆောင်ခဲ့ကြကုန်လော့"လို့ ပြောဆိုတယ်၊
၂။ ထိုသတ္တဝါဟာလည်း လည်ပင်းကို ကြိုးချည်ရစ်ပတ် သဖြင့် ဆွဲငင်အပ်တဲ့အခါ ကိုယ်စိတ်ဆင်းရဲခြင်း၊ စိတ် နှလုံး မသာယာခြင်း ဖြစ်တယ်၊
၃။ ထိုသူကြွယ်ဟာ "သွားကြကုန်လော့၊ ဒီသတ္တဝါကို သတ်ကြကုန်လော့"လို့ ပြောဆိုတယ်၊
၄။ ထိုသတ္တဝါဟာ သတ်တဲ့အခါ ကိုယ်ဆင်းရဲခြင်း၊ စိတ်နှလုံး မသာယာခြင်းကို ခံစားရတယ်၊
၅။ ထိုသူကြွယ်ဟာ ဘုရားရှင်ကိုလည်းကောင်း၊ ဘုရား ရှင်ရဲ့ တပည့်သားကိုလည်းကောင်း မအပ်တဲ့ အသား နဲ့ ထိပါးပြောဆိုတယ်။

http://www.dhammadownload.com



"ဇီဝက၊ ဘုရားရှင်ကိုလည်းကောင်း၊ ဘုရားရှင်ရဲ့ တပည့်သားကိုလည်းကောင်း ရည်ညွှန်းပြီး သတ္တဝါကို သတ်တဲ့သူ ဟာ ဒီငါးပါးသော အကြောင်းတို့ကြောင့် မကောင်းမှုများစွာ ပွားစီးတယ်"လို့ မိန့်တော်မူပါတယ်"

"အဲဒီမှာကြည့်ပါ၊ ဒီသတ္တဝါကို ဆောင်ခဲ့ကြကုန်လော့၊ သတ်ဖို့ရာ ဆောင်ခဲ့ခိုင်းထဲက အပြစ်ရှိတာ တစ်ချက်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဆောင်ခဲ့ခိုင်းတဲ့အတိုင်း လည်ပင်း ကြိုးချည်ပြီး ဆွဲလာကတည်းက ကိုယ်စိတ်ဆင်းရဲဖြစ်လို့ အပြစ်ရှိ တာက တစ်ချက်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သွားကြကုန်လော့၊ သတ်ကြကုန်လော့လို့ ပြောဆိုတဲ့အတွက် အပြစ်တစ်ချက်နော်"

"မှန်ပါဘုရား"

"သတ်တဲ့အခါ အသတ်ခံရတဲ့ သတ္တဝါမှာ ကိုယ်စိတ်ဆင်းရဲလို့ အပြစ်တစ်ချက် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို သတ်ဖြတ်ပြီး မအပ်တဲ့အသားနဲ့ ကပ်လျှက်ဘုရားရှင်နဲ့ ရဟန်းသံဃာတွေကို "မအပ်တဲ့အသား စားတဲ့သင်ဟာ ဘယ်မှာရဟန်းဟုတ်မှာလဲ"လို့ ထိပါးပြောဆိုလို့ အပြစ်တစ်ချက်ဆိုတော့ အပြစ်ဘယ်နှစ်ချက်လဲ"

"ငါးချက်ပါဘုရား"

http://www.dhammadownload.com



## အထူးမှတ်

"အဲဒါက သတ်ဖြတ်ပြီး လှူဒါန်းကျွေးမွေးတာကို ပြော တာနော်၊ ဈေးထဲမှာရောင်းတဲ့ အလိုလိုဖြစ်တဲ့ ပဝတ္တမံသကို ပြောတာမဟုတ်ဘူး။ ပဝတ္တမံသကျတော့ကာ ဝေ်မွတ်တဲ့ အခါ၊ သို့မဟုတ် ဖျားတဲ့အခါ စသည်တို့မှာ ဝေ်မွတ်တဲ့ ဘေး၊ အနာရောဂါဘေး၊ ကာကွယ်လိုတဲ့ စေတနာနဲ့ "ဝက်သားနဲ့တူတဲ့ ဝံသား၊ သမင်သားနဲ့တူတဲ့ သစ်သားကို သိပါကုန်ရက်ကနဲ့ "ဒါဟာ ဝက်သားပါဘုရား၊ ဒါဟာ သမင် သားပါဘုရား"လို့ လျှောက်ပြီး အကျိုးကိုလိုလားတဲ့ ဆန္ဒနဲ့ ဘုဉ်းပေးခြင်းမျိုးကျတော့ ကောင်းမှု ကုသိုလ်တွေ အများကြီး ဖြစ်တယ်လို့မှတ်၊ အထူးမှတ်နော်"

"မှန်ပါဘုရား"

"ထပ်ပြီး ရှင်းပြမယ်၊ ဝံသား၊ သစ်သားတွေဟာ မစား အပ်တဲ့ အသားကြီး ၁၀ ပါးထဲမှာ ပါတယ်၊ အဲဒီ မအပ်တဲ့ အသားကိုပင် ရဟန်းတော်တို့ အဝေ်ဘေး ကာကွယ်လို့၊ အနာရောဂါပျောက်စေချင်လို့ဆိုတဲ့ သဘောကောင်းနဲ့ အပ်တဲ့ အသားဖြစ်တဲ့ ဝက်သား, သမင်သားလို့ လျှောက်ပြီး ကပ်တော့ အပ်တယ်နော်၊ အလှူရှင်မှာလည်း မုသာဝါဒမဖြစ်တဲ့အပြင် အကျိုး အများကြီး ကြီးတယ်လို့ အဋ္ဌကထာမှာ ပြတယ်လို့ အထူးမှတ် ထားနော်"

"မှန်ပါဘုရား"

"တစ်ချို့လည်း အလိုလိုဖြစ်တဲ့ ပဝတ္တမံသမြင်းသားရတဲ့ အခါ ဒူလာကောင်းတယ်ဆိုပြီး "အမဲသားပါဘုရား"လို့ ကပ်တာ

http://www.dhammadownload.com



တွေရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"မုသာဝါဒဖြစ်ပြီး အကုသိုလ်ဖြစ်မလား၊ ကုသိုလ်တွေ အများကြီးရမလား?"

"ကုသိုလ်တွေ အများကြီး ရပါမယ်ဘုရား"

## ချီးမွမ်းတယ်

"အဲဒီလိုလည်း ဘုရားရှင်က အပ်တဲ့အသားကိုလည်း အပ်ကြောင်း၊ မအပ်တဲ့အသားကိုလည်း မအပ်ကြောင်း၊ အပြစ်ကြီးတာကိုလည်း အပြစ်ကြီးကြောင်း ရှင်းပြတော့ ဇီဝကဟာ သဘောကျလို့–

"မြတ်စွာဘုရား၊ လက်ဖျစ်တီး၍ အံ့ချီးဖွယ်ရှိစွ တကား၊ မြတ်စွာဘုရား၊ မဖြစ်ဘူးတဲ့ သဘောတွေ ဖြစ်စွတကား၊ ရဟန်းတော်တွေဟာ အပ်တဲ့အသားကိုသာ သုံးဆောင်တော်မူကြကုန်စွတကား၊ မြတ်စွာဘုရား၊ ရဟန်းတော်တွေဟာ အပြစ်မဲ့တဲ့ အစာအာဟာရကိုသာ ဘုဉ်းပေးတော်မူကုန်စွတကား"

လို့ လျှောက်ထားတယ်၊ အဲဒါ ယခုလို ဘုရားဟောတဲ့ သဘောတရား ဉသုံအလုံးစုံကိုမသိတဲ့ ဘေးမဲ့စားသူ၊ အသားငါးလွတ်စားသူအချို့က သားငါးစားသူတွေကို အပြစ်ပြော တာဟာ အင်မတန် အပြစ်မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

http://www.dhammadownload.com



"ကဲ...အသေကောင် ဝယ်စားတာ ဖြပ်ဟွစိုရ်တရား ပျက်လား, မပျက်ဘူးလား?"

"မပျက်ပါဘုရား"

## မိတ်ဆွေပြစ်မှား

"ကဲ...ဒီလောက်ဆို သနားခြင်း ကင်းကုန်၏"ဆိုတဲ့ အာမဂန္ဓနဲ့ ပတ်သက်ပြီး သဘောပေါက်လောက်ပြီ၊ ဒီတော့ "အဆွေခင်ပွန်းတို့ကို ပြစ်မှားကုန်၏"ဆိုတဲ့ မိတ္တဒ္ဒုဟက အာမဂန္ဓကို ပြောကြစို့နော်၊ ဒီမိတ်ဆွေကို ပြစ်မှားတဲ့ကံဟာ အပြစ်အကြီးဆုံး ကံ ၄ မျိုးထဲမှာ ပါတယ်။

၁။ မုသားပြောခြင်း

၂။ မိတ်ဆွေကို ပြစ်မှားခြင်း

၃။ အရိယာပုဂ္ဂိုလ်ကို ပြစ်မှားခြင်း

၄။ ကျေးဇူးကို ချေဖျက်ခြင်းတဲ့။ အဲဒီ အကုသိုလ်ကံ လေးမျိုးဟာ အင်မတန် အပြစ်ကြီးတယ်၊ အပြစ်ကြီးကြောင်း ကို လင်္ကာနဲ့ပဲ ဖော်ပြပါရစေတော့–

"ကမ္ဘာဦးက စေတိယနှင့် လမ်းစကင်းလွတ်၊ ဝတ်မွတ်ပိန်ခြောက်၊ တောမြိုင်ချောက်၌ နွားပျောက် ပုဏ္ဏား စသည်များတို့ မုသားယွင်းပျက်၊ မိတ်ဖျက် ယုတ်မာ၊ အရိယာစွပ်ကျူး၊ ကျေးဇူးချေမှား၊ ပြကြငြားသား လေးပါး ထင်စွာ ဤကမ္ဘာထက်၊ မဟာပါပ ကမ္မမည်တွင်၊ မုသေ ခင်၌၊ မျက်မြင်တပ်တပ်၊ ဒုက္ခကပ်ဟု၊ လူ့ရပ်နတ်ရွာ

http://www.dhammadownload.com



ဖြဟ္မာပြည်ထိ၊ ကြားနှံ့သိ၏တဲ့၊ အမိပွာယ်ထင်ရှားပါ တယ်နော်၊ အထပ်ထပ်ဖတ်ပြီး နာပြီး စဉ်းစားပေါ့နော်၊ ရှေ့ဆက်ပြီး ပြောကြဦးစို့ ဘာတဲ့လဲ?"

"ကိုယ့်မှာပြုဘူး၊ သူ့ကျေးဇူးကို၊ ထိမ်မြှုးမအပ်၊ တုံ့ပြန်ဆပ်၍၊ ထွက်နပ်ကောင်းပေ၊ ပစ်မချေနှင့်၊ သသေ မိယ၊ သုဒေဝသို့၊ ဒိဋ္ဌကြီးစွာ၊ ဖြစ်ရောက်လာလိမ့်"တဲ့။ ပြီးတော့ ဘာတဲ့လဲ၊ ဆက်ပြီး သေသေချာချာ မှတ်သား နားထောင်ဦးနော်၊ မငြိုးငွေ့နဲ့–

"ဆရာကိုပယ်၊ ကိုယ်ဝယ်လုံ့စူး၊ အထူးမျက်မှောက်၊ မန္တာန်ပျောက်နှင့်၊ အုဋ္ဌကျောက်ခဲဖြို့၊ မြေခွဲမျို၍၊ ဤ ကိုယ်ဒိဋ္ဌ၊ ဒုက္ခဖြစ်ကြောင်း၊ ထုံးဟောင်းထင်စွာ၊ ကျမ်းဒွ လာ၏"တဲ့။

ဒီအကြောင်းတွေက ဇာတ်တော်မှာ သူ့ဝတ္ထုနဲ့သူ လာပါ တယ်၊ အဲ့ဒါတွေ အကျယ်ရှင်းနေ ရရင် ဒီတရားဟာ သိပ်ပြီး ရှည်မျောသွားမယ်၊ ဒါကြောင့် လင်္ကာနဲ့ပဲ ဆက်ပြီး ဖော်ပြပါရ စေနော်"

"လူ့ရွာလူသား၊ လူဖြစ်ငြားလျက်၊ တရားကင်းစင်၊ မတင်အထူး၊ ကျေးဇူးမဲ့စွာ၊ ယုမိတ္တာနှင့်၊ သစ္စာမရှိ ကတိ မတည်၊ လူဟူသည်ကား၊ သွေဖည်ယွင်းကွက်၊ စည်းစိမ် ပျက်၍၊ အသက်မရှည်သည်သာတည်း"တဲ့။

အဓိပ္ပာယ် ထင်ပါတယ်နော်၊ ပြီးတော့ ဘာတဲ့လဲ၊ အသက် ရှိတဲ့ သဝိဉာဏကတောင် မဟုတ်ပါဘူးတဲ့ သစ်ပင်ရိပ်ခေါ်တဲ့

http://www.dhammadownload.com



ရက္ခဆာယာကိုပင် နားနေမိက အခက်မချိုးရကြောင်း ချိုးမိက မိတ်ဆွေပြစ်မှားမိကြောင်းကို–

"သဝိညာဏက၊ မဟုတ်စွသေး၊ ရက္ခဆာယာ၊ သစ်ရိပ်သာ၌၊ ရံခါတစ်ခိုက်၊ ကြုံကြိုက်နေနား၊ နိမိတြား က၊ ပြစ်မှားလိုလျက်၊ တရားဖျက်၍၊ အခက်ကိုမျှ၊ မချိုးရဘူး၊ ချိုးကဗာလ၊ မိတ္တဒုဗ္ဘော်၊ ပျက်ခေါင်ကျော် သည့်၊ မတော်စရိုက်၊ လူ့ငမိုက်တည့်"တဲ့။

လို့ မဃဒေဝလင်္ကာမှာ မာန်လည်ဆရာတော်ဘုရားကြီး လင်္ကာရေးစီခဲ့တယ်၊ အင်မတန် အဓိပ္ပာယ်ပေါ်လွင်ပါတယ်၊ တစ်ဖန် မိတ်ဆွေတွေအပေါ် မပြစ်မှားလျှင် အကျိုးကြီးပုံ ကိုလည်း ဒီလိုဖော်ပြပါသေးတယ်–

"လူ့ဒြဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာ–မိဘာ၊ ဘုရားစသား၊ ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊ သူတို့ အားကား၊ တစ်ပါးရပ်ရွာ၊ သွားစပါလည်း၊ အစာ–အစား၊ မရှားပါဘဲ၊ ရောက်သွားရာရာ၊ ပူဇော်လာ၏၊ ရာဇာ–စောရ၊ ဓားပြ–ခိုးသူ၊ ကလူနိုင်ထက်၊ မနှိပ်စက်ရာ၊ မျက်နှာချစ်ဖွယ်၊ လသဖွယ်နှင့်၊ ပွဲလယ်အထူး၊ ရဲဂုဏ် မြူးလျက်၊ ကျေးဇူး သတင်း၊ ကျော်ခြင်းမိုးပျံ့ ခြံရံမကွဲ၊ အမြဲမကွေ၊ ကျက်သရေနေ တ်နှယ်၊ တင့်တယ်ပွင့်လင်း၊ ဆင်မြင်း ကျွဲ နွား၊ လယ်ယာ များ၌၊ စပါးဆန်နှံ၊ သီးခွံ မပျက်၊ တောင်ထက်ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတုံပါလည်း၊ တည်ရာရငြား၊ သားနှင့် သမီး၊ ညောင်ပင်ကြီးသို့၊ နိုင်ပြီးခြေမြစ်၊ မြဲမြံဖြစ်၏"တဲ့။

http://www.dhammadownload.com



အကျိုးတွေလည်းများလိုက်တာနော်၊ ယခုခေတ်မှာ ဘေးတွေ ရန်တွေ ဘာဖြစ်လို့ ဒီလောက်များနေလဲဆိုရင် မိတ်ဆွေပြစ်မှားတဲ့ အကုသိုလ်ကံတွေ များလို့လို့ ဆိုနိုင် တာပေါ့နော်"

## ခင်ပွန်းကြီး ၁၀ ပါး

"ဒီနေရာမှာ ခင်ပွန်းကြီး ၁၀-ပါးကို သိသင့်ပါတယ်၊ မပြစ်မှားသင့်တဲ့ ခင်ပွန်းကြီးတွေပေါ့၊ ဦးပဥ္စင်းတို့ဟော့ လယ်တီ ဆရာတော်ဘုရားကြီး ဒီပနီထဲကနေပြီး ကျက်ပြီးရှိခိုးထား လိုက်ပါတယ်၊ ဘာတဲ့လဲ-

* ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ၊ အရဟာ အဂ္ဂသာဝက။
မာတာ ပိတု ဂရု သတ္ထာ၊ ဓမ္မဒေသကာစ
ဒါယကာ။

ဣမေ ဒသ မဟာဂုဏော၊ အဟံဝန္ဒာမိ သဗ္ဗဒါ"တဲ့၊ အဲဒါကို တစ်ပါးစီ စဉ်ပြရင် ဒီလို ပြနိုင်ပါတယ်-

၁။ မြတ်စွာဘုရား
၂။ ပစ္စေကဗုဒ္ဓ
၃။ ရဟန္တာ(ရဟန္တာအားလုံး)
၄။ အဂ္ဂသာဝက(ရှင်သာရိပုတ္တနှင့် ရှင်မဟာမောဂ္ဂလာန်)
၅။ အမိ
၆။ အဘ
၇။ အလေးအမြတ်ပြုအပ်တဲ့ဆရာ

http://www.dhammadownload.com



၈။ အတတ်ပညာသင်ပေးတဲ့ဆရာ
၉။ ဟောပြောပြသဆုံးမသူဆရာ
၁၀။ ပေးကမ်းချီးမြှင့် ကယ်တင်ဖူးသောသူလို့ အဲဒီလို တစ်ပါးစီ စဉ်ပြနိုင်ပါတယ်။ အဲဒီ ၁၀-ပါးကို မပြစ် မှားသင့်တဲ့ ခင်ပွန်းကြီး ၁၀-ပါးလို့ ခေါ်ပါတယ်။ ပြစ်မှားရင် အင်မတန် အပြစ်ကြီးပါတယ်၊ ဘယ်လို အပြစ်တွေလည်း ဆိုတော့-

"အပြစ်ကင်းကွာ၊ နိပ္ပရာဓ၊ ဒေါသမဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားတုံထ၊ မိုးပေါ်လကို၊ စိတ်ကငြူစူ၊ ပစ်သော့မြူသည့်၊ ပစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး နောက်ပိုးစီးလျက်၊ မြေကြီးမျိုရှောင်း၊ မိကျောင်း သစ်ကျား ဖမ်းစားဘီလူး၊ ရေကူးလှေမှောက်၊ စိတ်နောက် သွေးအန်၊ စက်ပျံမိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်-

"လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျော့ပါး စည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေ-ငွေ-ကျွဲ-နွား-၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါး မျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်ဌအမြဲ သေဖောက် ,သော်၊ ငရဲကြီးစွာ၊ လားတို့ရာ၏"တဲ့။

ဘာယဒေဝလင်္ကာမှာ မာန်လည်ဆရာတော်ဘုရားကြီးရေးသား ခဲ့တယ်၊ ဒါဟာ အဋ္ဌကထာလာအတိုင်း ရေးသားခဲ့တဲ့ အပြစ် တွေနော်၊ ယခုခေတ်မှာ အဲဒီအပြစ်တွေ သင့်မနေကြဘူးလား?"

"သင့်နေကြပါတယ်ဘုရား"

http://www.dhammadownload.com



## ကတညုတ–ကတဝေဒီ

"အင်း…အဲဒီ အပြစ်တွေ မသင့်အောင် ခင်ပွန်းကြီး ၁၀ ပါးလည်း သိထားရမယ်၊ အဲဒီခင်ပွန်းကြီးတွေက ကိုယ့်အပေါ် ပြုဖူးတဲ့ ကျေးဇူးလည်းသိရမယ်၊ သိပြီးတော့ ထင်ရှားလည်း ပြောဆိုတတ်ရမယ်နော်၊ သို့မဟုတ်က ပြစ်မှားတဲ့အထဲ ပါသွားရော၊ အဲဒီအကြောင်းကို–

"မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမှု၊ ကတညု
တည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊
ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံ့ပြီ
ရှင့်"

"လောကီလူစု၊ မြင်ဉာဏ်နုတို့၊ သူပြုအထူး၊ သူ့
ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်၊ မခေါက်မရက်၊
နှစ်သက်အင်ရှဲ၊ သိတတ်ခဲ၏"

"အမြဲမှတ်၍၊ သူမြတ်ဝါဒီ၊ ထုံဝသီဖြင့်၊ မှန်ညီ သစ္စာ၊
တော်ဖြောင့်စွာလျက်၊ ကတာကတ, ဝိသေသကို၊ သားလှ
ပဏ္ဍိ၊ မောင်ဉာဏ်ရှိလျှင်၊ မှန်သိအပ်စွာ၊ မချွတ်ရာဘူး"တဲ့၊

"ကဲ…ဒီလောက်ဆိုရင် မိတ်ဆွေ ပြစ်မှားတဲ့ အာမဂန္ဓ အညှီအဟောက်သဘော ပေါ်လောက်ပါပြီနော်၊ ဘုရားဟောတဲ့ အာမဂန္ဓတွေဟာ သားငါးဆိုတဲ့ ရသေ့ရဲ့ အာမဂန္ဓ တွေထက် အဆရာထောင်သောင်းသိန်းမက ကြောက်စရာပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## အလွှန်မာန်မှုခြင်း

"ကဲ...ဒါဖြင့် ရှေ့သွားကြစို့နော်၊ ရှေ့သွားတော့ '**အတိမာန**' အလွှန်မာန်မှုခြင်းဆိုတဲ့ အာမဂန္ဓပဲ၊ အဲဒီ အလွှန် မာန်မှုခြင်းဆိုတဲ့ အာမဂန္ဓဟာ ဘာကိုစွဲပြီးတော့ အလွှန်မာန် မှုသလဲဆိုတော့-

၁။ အမျိုးဇာတ်

၂။ အနွယ်

၃။ အမျိုးမြတ်သည်အဖြစ်

၄။ ကြာအဆင်းနဲ့တူတဲ့ အလွှန်လှတဲ့ အဆင်း

၅။ ဉစ္စာ

၆။ ကျန်းဂန်ဗေဒင် သရဇ္ဈာယ်ခြင်း

၇။ အမှုအလုပ်

၈။ အတတ်ပညာ

၉။ အတတ်အရာ

၁၀။ အကြားအမြင် ဗဟုသုတ

၁၁။ ပဋိဘာန်ဉာဏ်ပညာနဲ့ တစ်ခြား အမှတ်မဲ့ တစ်ပါးပါးသော အကြောင်းတွေဖြင့် အလွှန်မာန်မှုတယ်ပေါ့၊ အဲဒီအကြောင်းသဘောတွေကလည်း လူတိုင်းမှာ အနည်းနဲ့အများ ဆိုသလိုရှိနေတော့ ဒီအလွှန်မာန်မှုတဲ့ သဘောကလည်း လူတိုင်းမှာရှိတတ်တာပေါ့၊ အဲဒါကို ရှောင်ရမယ်နော်"

## လှူဒါန်းလှေ့မရှိခြင်း

"ပြီးတော့ **အဒါနသီလ**=ပေးကမ်းလှူဒါန်းလေ့ မရှိခြင်းဟာလည်း အာမဂန္ဓပဲတဲ့၊ ဒါဟုတ်တာပေါ့၊ မပေးကမ်းဘူးဆိုရင် သားသမီး

http://www.dhammadownload.com



ကတောင်မှ မိဘအပေါ် မကြည်ဖြူတော့ဘူး မဟုတ်လား၊ မိဘ မကောင်းသတင်းကို ပြောလာမယ်မဟုတ်လား၊ ပြီးတော့ မင်္ဂလာသုတ်မှာလာတဲ့ ဒါနဥ္စမင်္ဂလာ ပျက်ပြီး အမင်္ဂလာဖြစ်သွားတော့ ညိုတော့တာပေါ့နော်၊ ဒီအကြောင်းက ထင်ရှားပါတယ်၊ ရှေ့သွားကြစို့–

## တောင်းသော်လည်းမလှူခြင်း

"ရှေ့သွားတော့ အလှူခံပုဂ္ဂိုလ်တွေက အလှူခံတာတောင်မှ တောင်းခံတာတောင်မှ မလှူဒါန်းခြင်းဟာလည်း အာမဂန္ဓတဲ့၊ ဒီတော့ အလှူခံပုဂ္ဂိုလ်က အလှူခံရင် များများမနိုင်တောင်မှ နည်းနည်းတော့ လှူရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်၊ အဲဒီလို နည်းနည်းဖြစ်ဖြစ် လှူလိုက်ရင် ဘယ်အာမဂန္ဓ ဖြစ်တော့ မလဲ၊ အကိတ္တိရှင်ရသေ့တို့များ မစားပဲနဲ့တောင်မှ လှူတယ် မဟုတ်လား၊ ဒါကြောင့် အလှူခံပုဂ္ဂိုလ်ရောက်လာရင် အနည်းအများဆိုသလို ကိုယ့်အင်အားကြည့်ပြီး လှူကြပေါ့နော်၊ မလှူရင် ပြိတ္တာဖြစ်တတ်တယ်၊ ကဲ…ဒီလောက်နဲ့ အဲဒါကိုထားပြီး ရှေ့ဆက်ကြဦးစို့နော်၊ ရှေ့ဆက်တော့–

> "အမျက်ထွက်ခြင်း၊ မာန်ယစ်ခြင်း၊ ခက်ထန်ခြင်း၊ ဆန့်ကျင်ဘက်ပြုလုပ်ခြင်း၊ လှည့်ပတ်ခြင်း၊ ငြူစူခြင်း၊ ဝါကြွားပလွှား၍ ပြောဆိုခြင်း၊ အလွန်မာန်မူခြင်း၊ သူယုတ်မာတို့နဲ့ ပေါင်းသင်းဆက်ဆံခြင်း၊ ဤဟာတွေဟာ အညှီအဟောက်တွေပဲ၊ အသားဟူသော ဘောဇဉ်ဟာ အညှီအဟောက်မဟုတ်ဘူး"တဲ့။

http://www.dhammadownload.com



## အမျက်ထွက်ခြင်း

"အာမဂန္ဓတွေ များလိုက်တာနော်၊ ယခုပြမဲ့ အမျက်ထွက်ခြင်းဆိုတဲ့ "**ကောဓ**" အာမဂန္ဓဟာ ဘယ်လောက် ညှီတယ်ဆိုတာတော့ ပရိသတ်တို့ သိပြီးသားပါ။ စိတ်ဆိုးတဲ့လူရဲ့ မကောင်းရန့်ဟာ ဘယ်လောက်ပြန့်တယ်ဆိုတာ ထင်ရှားပါတယ်နော်၊ အဲဒီအကြောင်း အကျယ်ပြောရင်လည်း သိပ်ကျယ်သွားပါမယ်၊ ကျယ်သော်လည်း မစုံနိုင်ပါဘူး။ စုံစုံသိချင်ရင်တော့ ဦးပဥ္စင်း သီးခြားဟောကြား, ရေးသားထားတဲ့ "**ဒေါသဖြေဖျောက်နည်း**"ဆိုတဲ့ စာအုပ်ပဲ ရှာကြည့်ပါတော့နော်"

## မာန်ယစ်ခြင်း

"ပြီးတော့ မာန်ယစ်ခြင်း "**မဒ**"ဟာလည်း အညှီအဟောက် အာမဂန္ဓတဲ့၊ ဒီမာန်ယစ်ခြင်းဟာ တော်တော်ဆိုးပါတယ်၊ မသိမသာနဲ့ ယစ်တတ်တဲ့ မာန်ပါပဲ၊ သူရော ကိုယ်ပါ ပုထုဇ္ဇဉ် သတ္တဝါအများမှာ ဖြစ်တတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မာန်ယစ်ခြင်းက (၂၇)မျိုးတောင်မှရှိတော့ တစ်ခုနဲ့မယစ် တစ်ခုနဲ့ ယစ်တာပေါ့၊ ဒါကြောင့် ဒီမာန်ယစ်ခြင်း (၂၇)မျိုးကို သိထားဖို့ကောင်းတယ်၊ ဘာတွေလဲဆိုတော့-

၁။ **ဇာတိမဒ**=အမျိုးကို စွဲပြီး မာန်ယစ်ခြင်း၊
၂။ **ဂေါတ္တမဒ**=အနွယ်ကို စွဲပြီး မာန်ယစ်ခြင်း၊
၃။ **အာရောဂျမဒ**=အနာကင်းခြင်းကိုစွဲပြီး မာန်ယစ်ခြင်း၊

http://www.dhammadownload.com



၄။ **ယောဗ္ဗနမဒ**=အရွယ်ပျိုခြင်းကိုစွဲပြီး မာန်ယစ်ခြင်း၊
၅။ **ဇီဝိတမဒ**=အသက်ရှည်သည်ကိုစွဲပြီး မာန်ယစ်ခြင်း၊
၆။ **လာဘမဒ**=လာဘ်ပေါ်များခြင်းကို စွဲပြီး မာန်ယစ်ခြင်း၊
၇။ **သက္ကာရမဒ**=ပူဇော်သကာကို စွဲပြီး မာန်ယစ်ခြင်း၊
၈။ **ဂရုကာရမဒ**=အလေးအမြတ် အပြုခံရသည်ကိုစွဲပြီး မာန်ယစ်ခြင်း၊
၉။ **ပုရေက္ခာရမဒ**=ရှေ့သွားပြုခံရသည်ကို စွဲပြီး မာန်ယစ်ခြင်း၊
၁၀။ **ပရိဝါရမဒ**=အခြံအရံများခြင်းကို စွဲပြီး မာန်ယစ်ခြင်း၊
၁၁။ **ဘောဂမဒ**=စည်းစိမ်ပေါ်များခြင်းကို စွဲပြီး မာန်ယစ် ခြင်း၊
၁၂။ **ဝဏ္ဏမဒ**=အဆင်းကို စွဲပြီး မာန်ယစ်ခြင်း၊
၁၃။ **သုတမဒ**=အကြားအမြင်များခြင်းကို စွဲပြီး မာန်ယစ် ခြင်း၊
၁၄။ **ပဋိဘာနမဒ**=ပညာကြီးသည်ကို စွဲပြီး မာန်ယစ်ခြင်း၊
၁၅။ **ရတ္တညုမဒ**=ညဥ့်နေ့အပိုင်းအခြား သိခြင်းကို အစွဲ ပြုပြီး မာန်ယစ်ခြင်း၊
၁၆။ **ပိဏ္ဍပါတိကမဒ**=ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်းကို စွဲ၍ မာန်ယစ်ခြင်း၊
၁၇။ **အနဝညာတမဒ**=အလေးပြုသည်ကို သိပြီး မာန်ယစ် ခြင်း၊
၁၈။ **ဣရိယာပထမဒ**=ဣရိယာပုထ်ကိုစွဲပြီး မာန်ယစ်ခြင်း၊
၁၉။ **ဣဒ္ဓိမဒ**=တန်ခိုးကို စွဲပြီး မာန်ယစ်ခြင်း၊
၂၀။ **ယသမဒ**=အခြွေအရံကို စွဲပြီးတော့ မာန်ယစ်ခြင်း၊

http://www.dhammadownload.com



၂၁။ **သီလမဒ**=သီလရှိသည်ကိုစွဲပြီး မာန်ယစ်ခြင်း၊
၂၂။ **ဈာနမဒ**=ဈာန်ကိုစွဲပြီး မာန်ယစ်ခြင်း၊
၂၃။ **သိပ္ပမဒ**=အတတ်ကို စွဲပြီး မာန်ယစ်ခြင်း၊
၂၄။ **အာရောဟမဒ**=အရပ်အမောင်းကိုစွဲပြီး မာန်ယစ်ခြင်း၊
၂၅။ **ပရိဏာဟမဒ**=ကိုယ်လုံးကိုစွဲပြီး မာန်ယစ်ခြင်း၊
၂၆။ **သဏ္ဌာနမဒ**=သဏ္ဌာန်ကောင်းခြင်းကို စွဲပြီး မာန်ယစ်ခြင်း၊
၂၇။ **ပါရိပူရိမဒ**=လုံးရပ်သဏ္ဌာန် ပြည့်စုံသည်ကိုစွဲပြီး မာန်ယစ်ခြင်းရယ်လို့ မာန်ယစ်ခြင်း (၂၇)မျိုးတောင်ရှိတယ် နော် ဒကာငွေကိုင်ကြီး"

"မှန်ပါဘုရား"

"ဒီကနေ့ ဒကာငွေကိုင်ကြီးတို့ တရားတွေ နာနေရတာ၊ တရားတွေ အားထုတ်နေရတာဟာ အဲဒီ မာန်ယစ်ခြင်းတရားတွေ ကင်းဖို့ ဖြတ်ဖို့ ချုပ်ဖို့ပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဦးပဥ္စင်းတို့ဘက်က ကြည့်လိုက်ပြန်တော့လည်း မိမိတို့မှာလည်း အဲဒီမာန်ယစ်ခြင်းတွေ ကင်းအောင်ကျင့်ပြီး ဒကာ, ဒကာမတွေကိုလည်း ကင်းအောင် ကျင့်နိုင်စေဖို့အတွက် ဟောပေးရတာပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဟောနေရင်း၊ နာနေရင်း၊ အားထုတ်နေရင်း အဲဒီ မဒဆိုတဲ့ မာန်ယစ်တရားတွေ ဖြစ်နေရင်တော့ ဟောသူ၊ နာသူ၊

http://www.dhammadownload.com



ကျင့်သူတွေမှာ တရားတည်တယ်ဆိုမလား, မတည်သေးဘူး ဆိုမလား?"

"မတည်သေးဘူးလို့ ဆိုရပါမည်ဘုရား"

"အဲဒီမာန်ယစ်မှုတွေထဲမှ ဦးပဥ္စင်းတို့လို တရားဟောသူတွေ၊ တရားပြသူတွေ အထူး ယစ်တတ်တာက ဘယ်မာန်တွေလဲ ဆိုတော့–

၁။ **လာဘမဒ**=လာဘ်ပေါ်များခြင်းကို အကြောင်းပြုပြီး မာန်ယစ်တတ်ခြင်း။

၂။ **သက္ကာရမဒ**=ပူဇော်သက္ကာရကို အကြောင်းပြုပြီး မာန်ယစ်တတ်ခြင်း။

၃။ **ဂရုကာရမဒ**=အလေးအမြတ်အပြုခံရသည်ကို အကြောင်းပြုပြီး မာန်ယစ်တတ်ခြင်း။

၄။ **ပရိဝါရမဒ**=အခြံအရံများသည်ကို အကြောင်းပြုပြီး မာန်ယစ်တတ်ခြင်း။ ဒါက အဖြစ်များတာတွေကို ကြည့်ပြောတာနော်၊ တစ်ခြားသူ့စရိုက်နဲ့သူ ဖြစ်တာတွေ၊ ယစ်တာတွေလည်း ရှိတာပေါ့နော်"

"မှန်ပါဘုရား၊ ရှိပါတယ်"

"အဲဒီမာန်ယစ်မှုတွေဟာ ပယ်ရမဲ့ တရားတွေ မဟုတ်လား?"

"မှန်ပါ၊ ပယ်ရမဲ့တရားတွေပါဘုရား"

အဲဒါတွေ မပယ်ဘဲ ယစ်နေရင် မကောင်းနဲ့, မကောင်းသတင်းတွေ မထွက်ဘူးလား?"

http://www.dhammadownload.com



"ထွက်ပါတယ်ဘုရား"

"အင်း...ဒါကြောင့် အာမဂန္ဓလို့ ဟောတာပေါ့နော်"

"မှန်ပါဘုရား"

"ဒီမာန်ယစ်တဲ့ အညှီအဟောက်ကြောင့် အပါယ်သို့ မသွားဘူးလား?"

"သွားမှာပါဘုရား"

"သားငါးကို စားရုံနဲ့ အပါယ်သွားမှာလား?"

"မသွားပါဘုရား"

## ခက်ထန်ခြင်း

"အင်း...ပြောမယ်ဆိုရင်တော့ အများကြီးပေါ့၊ ရှိပါသေးတယ်၊ ဒါပေမယ့် ဒီလောက်ဆိုရင် သဘောပေါက်လောက် ပါပြီ။ ဒီတော့ ခက်ထန်ခြင်းဆိုတဲ့ အာမဂန္ဓကို ပြောကြစို့၊ ခက်ထန်ခြင်းဆိုတာ ကြမ်းတမ်းခြင်းပေါ့၊ ဒါ့ကြောင့် ခက်ထန်ကြမ်းတမ်းတယ်လို့ တွဲတွဲပြီး သုံးကြတယ် မဟုတ်လား?"

"မှန်ပါ၊ သုံးကြပါတယ်ဘုရား"

"အဲဒီ ခက်ထန်ခြင်း ဘယ်နှစ်မျိုးရှိလဲ ဆိုတော့ သုံးမျိုးရှိတယ်၊ သုံးမျိုးက ဘာတွေလဲ?"

၁။ ကိုယ်ခက်ထန်ခြင်း၊

၂။ နှုတ်ခက်ထန်ခြင်း၊

၃။ စိတ်ခက်ထန်ခြင်း သုံးမျိုးတို့ပဲပေါ့၊ အဲဒီသုံးမျိုး တစ်မျိုးမျိုး ရှိနေရင် ကောင်းပါ့မလား?"

"မကောင်းပါဘုရား"

http://www.dhammadownload.com



"နှစ်မျိုး သုံးမျိုး ရှိနေရင်တော့ ဆိုဖွယ်ရာ ရှိပါဦးမလား ဟင်?"

"ဆိုဖွယ်ရာ မရှိတော့ပါဘုရား"

"အင်း...ယခုတရားဟောနေရ၊ နာနေရ၊ အားထုတ်နေရ တာဟာ အဲဒီ ခက်ထန်မှု ကင်းချုပ်ပြီး နူးညံ့သိမ်မွေ့အောင် ဟောရ, နာရ, အားထုတ်နေရတာ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...ဒါကြောင့် တရားရလား, မရလား ဆိုတာဟာ အဲဒီ ခက်ထန်မှုစတဲ့ အာမဂန္ဓတရားတွေ ကင်းလား, မကင်း လားဆိုတာနဲ့ အကဲခတ်ကြည့်ရှုပြီး စိစစ်ရမယ်နော်"

"မှန်ပါဘုရား"

## ဆန့်ကျင်ဘက်ပြုလုပ်ခြင်း

"ကဲ...ဒါဖြင့် ရှေ့သွားကြစို့နော်၊ ရှေ့သွားတော့ ဘာတဲ့ လဲ၊ ဆန့်ကျင်ဘက်ကို ပြုလုပ်ခြင်းတဲ့၊ ဆန့်ကျင်ဘက်ပြုလုပ် တယ်ဆိုတာ ဘယ်လိုလဲဆိုတော့ သူများက အဖြူဆိုရင် ကိုယ်ကအမည်း၊ သူများက အရှေ့ဆိုရင် ကိုယ်ကအနောက်၊ သူများက အထက်ဆိုရင် ကိုယ်ကအောက် စသည်ဖြင့် ပြောဆိုတာမျိုး၊ ပြုကျင့်တာမျိုးကို ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဒါဟာ ရှင်းပါတယ်၊ အကျယ်ချဲ့ပြောစရာ လိုသေး သလား?"

"မလိုတော့ပါဘုရား"

http://www.dhammadownload.com



## လှည့်ပတ်ခြင်း

"မလိုတော့ရင် လှည့်ပတ်ခြင်းဆိုတဲ့မာယာကို ရှင်းကြ စို့နော်၊ အများကဒီမာယာကို ဝေ ချိုးသဘောပေါက်ပြီး ဘယ်လို ပြောလဲဆိုတော့ '**မိန်းမမာယာ**' ဘာတဲ့လဲ ဒကာငွေကိုင်ကြီး?"

"**သဲကိုးဖြာ**"ပါဘုရား

"အင်း...အင်း...သူများကြတော့ ပြောလိုက်တာ မညာ မတာ သဲကိုးဖြာတဲ့၊ ကဲ...ဒါဖြင့် ယောကျ်ား မာယာကြတော့ ဘယ်လောက်လဲဆို ဘယ်လို ဖြေမလဲ"

"မလျှောက်တတ်ပါဘုရား"

"ကဲ...ဒါဖြင့် နားထောင် ရှင်းပြမယ်"

"ရှင်းပြပါ ဘုရား"

"မာယာဆိုတာ ကိုယ်ပြုထားတဲ့ မကောင်းမှု အကုသိုလ် ကို သူတစ်ပါးမသိအောင် ဖုံးဖိထားတာကို မာယာလို့ ခေါ်တယ် ဒကာငွေကိုင်ကြီးရဲ့"

"မှန်ပါဘုရား"

"ကဲ...ဒါဖြင့် ဒကာငွေကိုင်ကြီးကို မေးရဦးမယ်၊ မှန်မှန် ပြောမလား?"

"ပြောပါမယ်ဘုရား"

"ဒကာငွေကိုင်ကြီး မကောင်းမှုအကုသိုလ်ကို ပြုဖူး, ပြောဖူး ကြံစည်ဖူးသလား"

"ပြုဖူး, ပြောဖူး, ကြံစည်ဖူးပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒီအကုသိုလ်, မကောင်းမှုတွေကို ဆရာသမားနဲ့ ပညာရှိများထံမှာ သွားပြီးတော့ ကျွန်တော်တော့ ဒီကုသိုလ်, ဒီအကုသိုလ်တွေကို ပြုမိ, ပြောမိ, ကြံစည်မိပါတယ်"လို့ ဘယ်နှစ်ခါ ဖွင့်ပြောဖူးလဲ?"

"တစ်ခါမှ ဖွင့်မပြောဖူးပါ ဘုရား"

"ဒါဖြင့် လူမသိအောင် ဖုံးထားတယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒါမှ မာယာရှင်ပဲ၊ ဒကာငွေကိုင်ကြီးရဲ့၊ သဲကိုးဖြာလေ့, ဘာလေ့နဲ့ သွားပြောမနေနဲ့နော်၊ ကိုယ့်ပြန်ကြည့်စမ်း၊ သဲဘယ်နှစ်ဖြာလဲ၊ ဖုံးထားတာတွေ"

"အများကြီးပါဘုရား"

"အဲဒီ မာယာဟာ သံဃာတော်တွေကြတော့ အများကြီး ကင်းတယ်၊ တစ်ခါတစ်ခါ သံဃာတော်တွေ ခေါင်းချင်းဆိုင်ပြီး လက်အုပ်ချီကာ "**အဟံ ဘန္တေ သမ္ဗာ အာပတ္တိယော အာရောစယာမိ**"စသည်ဖြင့် ပြောကြားနေတာ တွေ့ဖူးတယ် မဟုတ်လား?"

"မှန်ပါ တွေ့ဖူးပါတယ်ဘုရား"

"အဲဒါဟာ ကိုယ်ပြုထားတဲ့ မကောင်းမှု အကုသိုလ်ကံတွေကို ပြောပြနေတာ၊ ဖုံးမထားဘူး၊ ဒီတော့ သံဃာတော်တွေ ကြည်ညိုစရာ မကောင်းဘူးလား?"

"ကြည်ညိုစရာကောင်းပါတယ်ဘုရား"

"ဘာဖြစ်လို့ ကြည်ညိုစရာ ကောင်းလဲဆိုရင် မာယာ မရှိလို့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...မာယာရှင်ကို တွေ့ပြီလား ဒကာငွေကိုင်ကြီး"

"တွေ့ပါပြီဘုရား"

"ဘယ်မှာလဲ"

"အကုန်လုံးပါ ဘုရား"

"အောင်မယ်၊ အောင်မယ်၊ အကုန်လုံးပါတဲ့၊ သူများတွေသွားပြီး ဆွဲထည့်နေတယ်၊ ကဲ...အဲဒီ မာယာက ကြောက်စရာကောင်းလား? သားငါး အစားအစာက ကြောက်စရာကောင်းလား?"

"မာယာက ကြောက်စရာ ကောင်းပါတယ်ဘုရား"

## ငြူစူခြင်း

"အင်း...အဲဒီ ကြောက်စရာကောင်းတဲ့ မာယာကို ရှောင်ရမယ်နော်၊ ကဲ...မာယာအကြောင်း ဒီလောက်ဆိုရင် တော်ပါပြီ၊ ငြူစူခြင်းဆိုတဲ့ **ဣဿာ**အကြောင်း သွားကြစို့ နော်၊ မနာလိုဣဿာဆိုတာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သူတစ်ပါး လာဘ်လာဘ ပေါများနေတာ မနာလိုဘူး၊ အပူဇော်ခံရတာမနာလိုဘူး၊ ပစ္စည်းပေါများတာ မနာလိုဘူး၊ ရာထူးဂုဏ်ကြီးတာ မနာလိုဘူး၊ အခြွေအရံ ပရိသတ် ပေါများတာ မနာလိုဘူး စသည်ဖြင့် သူတစ်ပါး ကိုယ့်ထက် အစစအရာရာ သာတာကို မနာလိုတာကို ဣဿာခေါ်တယ်နော်"

http://www.dhammadownload.com



"မှန်ပါ့ဘုရား"

"ဒီ...မနာလိုက္လသာဟာ အင်မတန် အဖြစ်များတယ်၊ ဖြစ်တဲ့အခါမှာလည်း ဖြစ်သူမှာ အင်မတန် အကျိုးယုတ်တယ်၊ ဒီတော့ ဒီမနာလိုက္လသာကို ရှောင်သင့်လား?၊ မရှောင်သင့်ဘူးလား?"

"ရှောင်သင့်ပါတယ်ဘုရား"

"ဒါကြောင့် အာမဂန္ဓခေါ်တာနော်၊ သားငါး အစားအစာက အာမဂန္ဓဟုတ်ရဲ့လား?"

"မဟုတ်ပါဘုရား"

"အေး...ရှောင်သင့်တာတော့ မရှောင်, မရှောင်သင့်တာတော့ရှောင်နဲ့ တလွဲစီတော့ မလုပ်နဲ့နော်"

"မှန်ပါ မလုပ်ပါဘုရား"

## ဝါကြွားပလွှား၍ပြောဆိုခြင်း

"ကဲ...မလုပ်ရင် ရှေ့သွားကြစို့၊ ရှေ့သွားတော့ ဘာတဲ့လဲ၊ ဝါကြွားပလွှား၍ ပြောဆိုခြင်းတဲ့နော်၊ သိပ်ဆိုးတဲ့ တရားပေါ့၊ ဆိုးမှန်းလည်းမသိဘူး၊ လူတွေက အထင်တောင်ကြီးသေးတယ်၊ ယခု တရားဟောရ၊ တရားပြရ၊ တရားအားထုတ်ရတာ အဲဒီဝါကြွားမှုတွေကင်းအောင် ဟောရ၊ ပြရ၊ အားထုတ်ရတာ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...ဒါပေမယ့် တရားနာပရိသတ် အများစုဟာ ဘယ်လိုဖြစ်နေလဲဆိုတော့ ဝါကြွား, ပလွှား၍ ပြောဆိုနိုင်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ရဲ့တရားဆို သိပ်သဘောကျတာပဲ၊ ရိုးရိုးသားသား ပြောရင် တယ်မနာချင်တာက များလာတယ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဝိကြွားပလွှားပြုရဦးမလား?"

"မပြုရပါအရှင်ဘုရား"

"ဘာဖြစ်လို့လဲ"

"အာမဂန္ဓဖြစ်လို့ပါဘုရား"

"အောင်မယ် တယ်ဟုတ်ပါလား ဒကာငွေကိုင်ကြီး အာမဂန္ဓတွေ ဘာတွေ သိသွားပြီနော်"

"မှန်ပါ သိသွားပါပြီဘုရား"

"သိသွားတော့ ပြီးရောလား?"

"မပြီးသေးပါဘုရား"

"မပြီးသေးရင် ဘာလုပ်ရဦးမလဲ?"

"သိတဲ့အတိုင်း ကျင့်ရပါဦးမယ်ဘုရား"

"ကျင့်တယ်ဆိုတာ ဝိကြွား, ပလွှားမှု မဖြစ်ရအောင် ရှောင်တာပေါ့နော်"

"မှန်ပါဘုရား"

## အလွန်မာန်မူခြင်း

"ကဲ...ဒါဖြင့် ရှေ့သွားကြစို့နော်၊ ရှေ့သွားတော့ ဘာတဲ့လဲ၊ အလွန်မာန်မူခြင်းတဲ့၊ နောက်ကလည်း ပါခဲ့ပါတယ်၊ ဘယ်လိုလဲ ဆိုတော့ အမျိုးမြတ်ခြင်း၊ ဇာတ်မြင့်ခြင်း၊ အနွယ်မြတ်ခြင်း၊ ဥစ္စာ

http://www.dhammadownload.com



ရှိခြင်း၊ ပညာတတ်ခြင်းစသည့် အရည်အချင်း တစ်ခုခုကိုစွဲပြီး "ငါဟာ ရှေးတုန်းက မင်းတို့နဲ့ အတူတူပါပဲ"လို့ မိမိကိုယ်ကို သူများတွေနဲ့ အတူပြုတယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘယ်လိုလဲ၊ "ငါဟာ မင်းတို့ထက်မြတ်တယ်" လို့ သူများတွေထက် အမြတ်ပြုတယ်၊ သူများတွေကို အယုတ်ထားတယ်၊ အဲဒါဟာ အလွန်မာန်မူခြင်းပဲ၊ ဒီသဘောတွေ ဟာ တရားလောက၊ ရုပ်သာလောကအနေနဲ့ မတွေ့သင့်တဲ့ သဘောတွေ မထားသင့်တဲ့သဘောတွေ မဟုတ်လား?"

"မှန်ပါ မတွေ့သင့်၊ မထားသင့်တဲ့ သဘောတွေပါ ဘုရား"

"ဦးပဥ္စင်းတို့ အပါအဝင် ဒကာငွေကိုင်ကြီးတို့လည်း အပါအဝင် တရားသမားတွေဟာ အဲဒီ အလွန်မာနမူခြင်းမှာပဲ တစ်ခံနေတတ်တယ်၊ သတိထားနော်"

"မှန်ပါဘုရား"

"ဦးပဥ္စင်းတို့လည်း သတိပေးဟုတ်လား"

"မှန်ပါ ပေးပါမယ်ဘုရား"

"တရားအားထုတ်စကတော့ ဘယ်သူမဆို မာန်မာနတွေ မရှိပါဘူး၊ ရိုသေမှု၊ နှိမ်ချမှုတွေ အပြည့်ရှိတတ်ပါတယ်၊ ဒီအလွန် မာန်မူခြင်းဆိုတာက နောက်အခြ်အရံ၊ အကျော်အစော များလာမှ ဖြစ်တတ်တာနော်"

"မှန်ပါဘုရား"

"အဲဒီအခါကြတော့ သတိပေးရလည်း ခက်တတ်ပါတယ်၊ သတိပေးလည်း မခံတတ်ပါဘူး၊ ကိုယ်က အောင်မြင်နေတော့

http://www.dhammadownload.com



ကိုယ်လုပ်တာ, ပြောတာမှန်သမျှ အဟုတ်ချည်းပဲ ထင်တတ်ပါတယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် အင်မတန်ကြောက်စရာကောင်းတဲ့ အာမဂန္ဓပဲပေါ့၊ သိပ်ပြီးတော့ ညှိပေါ့နော်"

"မှန်ပါဘုရား"

## သူယုတ်မာတို့နှင့်ပေါင်းသင်းဆက်ဆံခြင်း

"အဲဒီလိုသိပ်ပြီးတော့ ညှိတဲ့အာမဂန္ဓကိုလည်း ရှောင်ရမယ်၊ နောက်ပြီးတော့ သူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း ဆိုတဲ့ အာမဂန္ဓကိုလည်း ရှောင်ရမယ်၊ ဟိုမင်္ဂလသုတ်မှာ "**အသေဝနာစ ဗာလာနံ**=လူမိုက်တို့ကို မမှီဝဲရဘူး"လို့ ဟောထားတယ်မဟုတ်လား?"

"မှန်ပါ ဟောထားပါတယ်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ လူမိုက်ကိုမှီဝဲရင် မကောင်းတာမှန်သမျှ အကုန်ပြုတော့, ပြောတော့, ကြံတော့မယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ မကောင်းတာတွေ ဖြစ်မကုန်ဘူးလား?"

"ဖြစ်ကုန်ပါတယ်ဘုရား"

"အင်း...လောကမှာ မကောင်းတာမှန်သမျှ ဘယ်သူ့ကြောင့်ဖြစ်တာလဲ?"

http://www.dhammadownload.com



"လူမိုက်ကြောင့်ပါဘုရား"

"ဒကာငွေကိုင်ကြီး၊ လောကမှာရော၊ မိမိမှာပါ မကောင်းတာတွေ ဖြစ်ချင်လား၊ မဖြစ်ချင်ဘူးလား?"

"မဖြစ်ချင်ပါဘုရား"

"မဖြစ်ချင်ရင် ဘာလုပ်မလဲ"

"လူမိုက်ကို မပေါင်းသင်း မဆက်ဆံရပါဘုရား"

"အင်း...အင်း...ကြည့်ပါလား၊ ဟို...အဇာတသတ်တို့၊ စိဥ္စမာဏဝိကာတို့၊ သုန္ဒရိတို့ဟာ လူမိုက်ဆိုတဲ့ ဒေဝဒတ်တို့၊ တိတ္ထိ ဆရာကြီးတွေနဲ့ ပေါင်းသင်းမိတော့ အသေသတ်ခြင်း၊ ဘုရားရှင် စွပ်စွဲခြင်းဆိုတဲ့ မကောင်းမှုတွေ ကြံစည်၊ ပြောဆို ပြုလုပ်တော့တယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...ခုတော့ သူတို့ ငရဲဒုက္ခရောက်မသွားဘူးလား?"

"ရောက်သွားပါတယ်ဘုရား"

"ဒီတော့ အသားငါးစားတာနဲ့ လူမိုက်ပေါင်းသင်းတာ ဘယ်သူကဆိုးလဲ?"

"လူမိုက်ပေါင်းသင်းတာက ဆိုးပါတယ်ဘုရား"

"အင်း...အဲဒါကြောင့် အညှီအဟောက် အာမဂန္ဓလို့ ဆိုတာပေါ့နော်"

"မှန်ပါဘုရား"

"အသားတွေ ငါးတွေက အညှီအဟောက် အာမဂန္ဓ မဟုတ်ဘူးတဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## မကောင်းသောအလေ့

"အဲဒီလို ဓမ္မာဓိဋ္ဌာန်အားဖြင့် အာဂမဂန္ထတွေကို ပြပြီးတော့ ဆိုခဲ့ပြီးတဲ့နည်းအတိုင်းပဲ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် အာဂမဂန္ထ တွေကို ဟောလို ဖြေလိုလို့-

"တိဿရသေ့ကြီး၊ ဤလောက၌ အကြင်သူယုတ် မာတို့သည် မကောင်းသော အလေ့ရှိကုန်၏၊ ကြွေးမြီ ကိုယူ၍ မပေးဆပ်, ဖျက်ဆီးတတ်သည့်ပြင် ဂုံးချော ကုန်၏။ ဤလောက၌ တစိုးစားကာ ကောက်ကျစ် စဉ်းလဲသဖြင့် တရားစီရင်တတ်ကုန်၏။ သီလရှိယောင် အတုဆောင်တတ်ကုန်၏။ အမိအဘ စသည်အပေါ်၌ ကြမ်းသောအမှုကို ပြုကုန်၏၊ ထိုသူတို့၏ ဤမကောင်း သောအလေ့စသည်ပင် အညှီအဟောက်တည်း၊ အသား ဟူသော ဘောဇဉ်သည် အညှီအဟောက် မဟုတ်"လို့ မိန့်တော်မူခဲ့ပါတယ်၊ ဒီတော့ ယုတ်မာတဲ့လူဟာ ကိုယ်အပြု ကလည်း မကောင်းတဲ့အလေ့ မရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"နှုတ်အပြော၊ စိတ်အကြံကကော ဘယ်လိုလဲ?"

"မကောင်းတဲ့အလေ့ပဲ ရှိပါတယ်ဘုရား"

"အဲဒီ မကောင်းတဲ့အလေ့ဟာ ကိုယ့်အတွက်လည်း ကောင်း ရဲ့လား?"

"မကောင်းပါဘုရား"

http://www.dhammadownload.com



"သူတစ်ပါးအတွက်ရော ကောင်းရဲ့လား?"

"မကောင်းပါဘုရား"

"မိမိ သူတစ်ပါး နှစ်ဦးသားအတွက်ရော ကောင်းရဲ့လား?"

"မကောင်းပါဘုရား"

"မကောင်းတော့ မကောင်းနံ့ဟာ မညှီဘူးလား?"

"ညှီပါတယ်ဘုရား"

"ဒါဖြင့် အညှီအဟောက် အာမဂန္ဓပေါ့နော်?"

"မှန်ပါဘုရား"

"ရှောင်ရမလား၊ မရှောင်ရဘူးလား?"

"ရှောင်ရပါမယ်ဘုရား"

## ကြွေးမြီမဆပ်

"ကဲ…ဒါဖြင့် ရှေ့သွားမယ်နော်၊ ရှေ့သွားတော့ ကြွေးမြီယူပြီး ပေးဆပ်ချိန်ကျ မပေးဆပ်၊ ဖျက်ဆီးတတ်တယ်တဲ့ ရှိတယ်မဟုတ်လား၊ တစ်ချို့ကြွေးယူပြီးတော့ ရှောင်နေတယ်၊ တစ်ချို့လည်း မပေးရသေးဘဲနဲ့ ပေးပြီးပြီစသည်နဲ့ ရှုံးရောက်, ဂါတ်ရောက် ဖြစ်တယ်မဟုတ်လား?"

"ဖြစ်ပါတယ်ဘုရား"

"ကိုယ်အလိုရှိတော့ မျက်နှာသေလေးနဲ့ သွားချေးပြီး ဆပ်ချိန်ကျတော့ မဆပ်ဘူး၊ လာတောင်းတော့လည်း မပေးရသေးဘဲနဲ့ ပေးပြီးပြီ ဘယ်တုန်းကချေးလို့လဲ၊ လူရှေ့သူရှေ့ လာတောင်းရမလား၊ အစောကြီး လာတောင်းရမလား စသည်နဲ့ ပြောသင့်လား?"

http://www.dhammadownload.com



"မပြောသင့်ပါဘုရား"

"နဂိုတုန်းက အဲဒီလို အတောင်းမခံချင်ရင် ဘာဖြစ်လို့ ချေးလဲဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ချေးပြီးရင်တော့ ဆပ်ရမှာပေါ့နော်"

"ဆပ်ရပါ့မယ်ဘုရား"

"ဆပ်ရမှာ မဆပ်တော့ ဘယ့်နှယ်လဲ?"

"အညှိအဟောက် အာမဂန္ဓ ဖြစ်ပါတယ်ဘုရား"

"အင်မတန်ကြောက်စရာကောင်းပါတယ်နော်"

"မှန်ပါ၊ ကြောက်စရာပါဘုရား"

## နွားဖြစ်တတ်တယ်

"ဒီမယ် မျက်မှောက်ဝတ္ထုတစ်ခု ပြောပြမယ်၊ အင်မတန်မှ မှတ်သားစရာ ကောင်းပါတယ်-

ရွာတစ်ရွာမှာ မောင်နှမနှစ်ယောက်ရှိတယ်၊ မောင်က နှမထံက ကြွေးချေးထားတယ်၊ တောင်းတော့ မပေးနိုင်ဘူးတဲ့၊ ဒီတော့ နှမက နင်ငါ့ကြွေးမပေးနိုင်ရင် ငါ့အိမ်မှာ နွားဖြစ်လိမ့်မယ်လို့ ပြောတယ်"

"ကြွေးယူထားတဲ့မောင်က "နင့်အိမ်မှာနွားဖြစ်ရင် ငါ မရှုန်းပဲနဲ့ အိပ်နေမယ်တဲ့"

"အဲ…မျှားမကြာမီဘဲ မောင်လုပ်တဲ့သူသေတယ်၊ သူသေလို့ မကြာမီပဲ နှမအိမ်မှာ နွားထီးလေးတစ်ကောင် မွေးတယ်၊

http://www.dhammadownload.com



အဲဒီနွားလေး အရွယ်ရောက်တော့ လှည်းတပ်လည်းအိပ်၊ ထွန်တပ်လည်းအိပ်၊ ထယ်တပ်လည်းအိပ်နေတယ်"တဲ့။

"အဲဒီလို အိပ်, အိပ်နေတော့ နွမဖြစ်သူက "နင့်အိမ်မှာ နွားဖြစ်ရင် ငါမရုန်းဘဲနဲ့ အိပ်နေမယ်"ဆိုတဲ့ မောင်ရဲ့ ပြောခဲ့တဲ့ စကားကို သတိရတယ်၊ ဒီတော့မှ နွားကိုရောင်းစားပစ်တယ်၊ ရောင်းလိုက်တော့ ကြွေးကျေမသွားဘူးလား?"

"ကျေသွားပါတယ်ဘုရား"

"ဒီတော့ သူ့ကြွေးမပေးရင် ခန္ဓာနဲ့ရုန်းပြီး ဆပ်ရမယ်ဆိုတာ မထင်ရှားဘူးလား?"

"ထင်ရှားပါတယ်ဘုရား"

"ကြွေးမချေးတာ အကောင်းဆုံးနော်"

"မှန်ပါဘုရား"

"တကယ်လို့ ချေးမိရင်လည်း အမြန်ဆပ်ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ သေကာလ၊ ပျောက်ကာလကြီး မို့နော်"

"မှန်ပါဘုရား"

## ဂုံးချောကုန်၏

"ပြီးတော့ ဘာတဲ့လဲ ဂုံးတိုက်ခြင်းတဲ့၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ကြင်နာမှုရှိနေတာကို မကြည့်နိုင်ဘဲ တစ်ယောက်နဲ့တစ်ယောက် ကွဲအောင်ခွဲတာပေါ့၊ မဟုတ် မဟပ် လုပ်ကြံပြောဆို ပြုလုပ်ပြီး ခွဲတာပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီလို ဂုံးတိုက်လို့ ခိုက်ရန်ဖြစ်ပြီး သေကြေပျက်စီး ပုံကို မဃဒေဝလင်္ကာမှာ–

"ရှေးခါသော်က၊ သိဟ–နွားလား, နှစ်ကောင်ကြား ဝယ်၊ တောသားဒုစရိုက်၊ မြေခွေးမိုက်က၊ ရန်တိုက် သောအား၊ ခြသေ့နွားတို့၊ ခိုက်ပွားရန်စစ်၊ ဖြစ်၍မကြာ၊ သေကြစွာ၏" လို့

လင်္ကာသီခဲ့တယ်။ ဂုံးတိုက်စကားကြောင့် ခြသေ့ရော၊ နွားလား ကြီးပါ သေကြေပျက်စီးရတယ်၊ မြေခွေးကတော့ နှစ်ကောင်လုံးရဲ့ အသားစားလို့ ဝလို့ဖြိုးလို့ ဟုတ်လား?"

"အေး...အဲဒါကြောင့် ဂုံးတိုက်မှုဟာ သိပ်ပြီးတော့ ကြောက် စရာကောင်းပါတယ်၊ အဲဒီ ဂုံးတိုက်တတ်သူရဲ့ မကောင်းပုံကိုလည်း မာန်လည်ဆရာတော်ဘုရားကြီးက–

"အခြေမရှိ၊ ဇာတိမကောင်း၊ လူ့သစ်ယောင်ကား၊ ရောင်းတိုင်းမစွံ၊ ထင်းသစ်ခွံသို့၊ ဖျင်းသွံစာရိတ်၊ ကိုယ် စိတ်မူရာ၊ မကောင်းစွာဘူး၊ သမ္မာမကြိုက်၊ ထိုသူမိုက် လည်း၊ ဂုံးတိုက်ချောလျော၊ သဘောယုတ်မာ၊ ကျင့် တတ်စွာ၏"လို့ လင်္ကာသီခဲ့တယ်၊ ဂုံးတိုက်တတ်သူရဲ့ သဘောသဘာဝကိုပေါ်လို့ ဒီဂုံးတိုက်မှုဟာ အလွန်တရာ စက်ဆုပ်စရာလည်း ကောင်းပါတယ်၊ ဒါ့ကြောင့် ရှောင်သင့် တဲ့ အာမဂန္ဓထဲမှာ ပါတာပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အသားငါး စားတာဟာ ဂုံးတိုက်တာလောက် ဆိုးရဲ့လား?"

"မဆိုးပါဘုရား"

"အသားစားရုံသက်သက်နဲ့ အပါယ်ကျပါ့မလား"

"မကျပါဘုရား"

"ဂုံးတိုက်ရင် ဘယ်နှယ်လဲ"

"အပါယ်ကျပါမယ်ဘုရား"

"ဒါ့ကြောင့် ကိုယ်တိုင်လည်း ဂုံးမတိုက်နဲ့၊ သူတစ်ပါး ဂုံးတိုက်တာလည်း အားမပေးနဲ့ဟုတ်လား?"

"မှန်ပါဘုရား"

## တစိုးစား၍ တရားဆုံးဖြတ်ခြင်း

"ကဲ...ရှေ့တစ်ခုက ဘာတဲ့လဲ၊ လာဘ်စားပြီးတော့ မမှန်တာကို အမှန်၊ အမှန်ကို အမှားလို့ မတရားသောအားဖြင့် တရားဆုံးဖြတ်တယ်တဲ့၊ အဲဒါမှ သိပ်ဆိုးတာပေါ့၊ အားကိုး ရာဌာနမှ အားကိုးရာမဲ့တဲ့အဖြစ် ရောက်ရတယ်၊ တရားသူကြီး အားကိုးပါတယ်၊ တရားသူကြီးက မတရားလုပ်တော့ ဘယ်သူ့ကို အားကိုးရဦးမလဲ?"

"အားကိုးရာမဲ့ပါပြီဘုရား"

"အင်းပေါ့၊ အားကိုးရာမဲ့တာပေါ့၊ မတရားမှုကို တရားသူကြီးတိုင်ဖို့ရာ တရားသူကြီးက လာဘ်စားပြီး မတရားမှုကို တရားလို့ ဆုံးဖြတ်တော့ အားကိုးမဲ့တာပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အားကိုးမဲ့တာထက် နောက်ထပ် မတရားမှုတွေက အများကြီး ပေါ်လာတော့တာပေါ့၊ အဲဒီလို မတရားမှုတွေ အများကြီးပေါ်လာတော့ ကပ်တွေဆိုက်တော့တာပေါ့၊ ဒီတော့ ကြောက်စရာ မကောင်းဘူးလား?"

"ကြောက်စရာကောင်းပါတယ်ဘုရား"

"လာဘ်စားတာက တရားသူကြီးမှ မဟုတ်ဘူး၊ တရားသူကြီးမဟုတ်တဲ့လူတွေလည်း ဒီကိစ္စဖြစ်နိုင်တယ်၊ ဒီတင် ဘယ်ဟုတ်မလဲ၊ ဦးပဥ္စင်းတို့ ဘုန်းကြီးတွေ ဦးပဥ္စင်းတွေမှာလည်း ဖြစ်နိုင်တာပဲနော်"

"မှန်ပါဘုရား"

"ဘုန်းကြီးလာဘ်ထိုးတာမှ သာပြီးလွယ်သေးတယ်၊ ဆွမ်းတစ်အုပ်လောက် ချက်ကပ်လိုက်ရင် ပြီးတာပဲ၊ လက်အုပ်ချီမိုး ရှိခိုးလိုက်ရင်လည်း ပြီးတာပဲ၊ တပည့်တော်ဟာ အရှင်ဘုရားရဲ့ ဒကာရင်းပါဘုရားဆိုလည်း ပြီးတာပဲ၊ အဲဒီလို ပူးသတ်ပြီးတော့မှ တရားဆုံးဖြတ်စေတာက ပိုဆိုးတာပေါ့နော်"

"မှန်ပါဘုရား"

"လာဘ်ထိုးမှန်းလည်းသိသေးလား?"

"မသိပါဘုရား"

"ဒါဟာ သာဓကေရှိပါတယ်၊ သာတာဂိရ၊ ဟေမဝတနတ်တို့ကို ကြားဖူးတယ်မဟုတ်လား?"

"ကြားဖူးပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒီ နတ် ၂-ဦးဟာ ရှေးတုန်းက တရားဆုံးဖြတ်တဲ့ ထေရ်ကြီး ၂-ပါးပေါ့၊ မတရားလုပ်တဲ့ ကိုယ်တော်က ပစ္စည်းတွေလှူ ဝတ်ကြီး ဝတ်ငယ်ပြုပြီး ရင်းနှီးတော့မှ အမှုကို ဖွင့်ပြီး လျှောက်ထားတယ်၊ မတရားမှုကို မဆုံးဖြတ်ဖို့ သူ့ အနိုင်ပေးဖို့ပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒီလို လာဘ်စားပြီး မတရား ဆုံးဖြတ်လိုက်တော့ အဲဒီထေရ်ကြီး ၂-ပါးဟာ ပြန်တော်မူတော့ သာဓာဂိရနဲ့ ဟေမဝတဆိုတဲ့ နတ်ဘီလူး ၂-ယောက် လာဖြစ် တယ်၊ ကောင်းသေးလား?"

"မကောင်းပါဘုရား"

"လာဘ်စားပြီး မတရားကို တရား၊ တရားကို မတရား ဆုံးဖြတ်တာ တစ်ဘဝတော့ ဟုတ်သလိုလိုပဲနော်"

"မှန်ပါဘုရား"

"နောက်ဘဝကျတော့ ဘယ့်နှယ်လဲ?"

"နတ်ဘီလူးဖြစ်ပါတယ်ဘုရား"

"ဒါက တစ်ဖက်က စာပေပရိယတ်တတ်ခြင်း၊ သီလ ရှိခြင်း စတဲ့ ကောင်းတာတွေရှိသေးလို့ နတ်ဘီလူးဖြစ်တာ၊ သာမန်လူ ဆိုရင်တော့ ပြိတ္တာတို့၊ ငရဲတို့ရောက်မှာနော်"

"မှန်ပါဘုရား"

"ဒီတော့ လာဘ်စားပြီးတရားဆုံးဖြတ်မှုကို ရှောင်ရမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## အယောင်ဆောင်ခြင်း

"ကဲ...သီလရှိယောင် အတုဆောင်ခြင်း ဆိုတဲ့ အာမဂန္ဓ ဆီ သွားကြစို့နော်၊ ဒါက ဘယ်လိုလဲဆိုတော့ ကိုယ့်မှာ ငါးပါးသီလမျှတောင်မရှိဘူး၊ ဒါပေမယ့် တကယ့်အကျင့်သီလ ရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးတွေကဲ့သို့ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်နော်"

"မှန်ပါဘုရား"

"အဓိပ္ပာယ်က သီလမရှိဘဲနဲ့ သီလရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ အတုအယောင် ဆောင်တယ်ပေါ့နော်"

"မှန်ပါဘုရား"

"တစ်ချို့ ကြည့်ပါလား၊ တစ်လှမ်းချင်း တစ်လှမ်းချင်း သွားနေတယ်၊ ခေါင်းကလည်း တစ်အားငုံ့ထားတယ်၊ ပြီးတော့ သပိတ်ကြီးနဲ့ ငွေခံတယ်၊ ပိုက်ဆံခံတယ်၊ တွေ့ဘူးလား?"

"တွေ့ဘူးပါတယ်ဘုရား"

"ကဲကြည့်စမ်း၊ အယောင်ဆောင်ပုံ မဟုတ်လိုက်တာ၊ တစ်ဖက်က သီလရှိယောင် အယောင်ဆောင်တယ်၊ တစ်ဖက် က သီလရှိသူတို့ မလုပ်သင့်တဲ့ ငွေခံခြင်း ပိုက်ဆံခံခြင်း လုပ်တယ်၊ ကောင်းသေးလား?"

"မကောင်းတော့ပါဘုရား"

"အင်း...လူတွေကလည်း အဲဒါမျိုးဆိုရင် သိပ်ပြီးအထင် ကြီးတယ်၊ သိပ်ကြည်ညိုတယ်၊ ဒီတော့ အယောင်ဆောင်တွေ

http://www.dhammadownload.com



ပေါ်လာတာပေါ့၊ အယောင်ဆောင်တွေ ပေါ်လာရင် အစစ် တွေ ပျောက်တော့မယ်၊ အစစ်တွေပျောက်ရင် သာသနာ ကွယ်တာပဲ၊ ကဲကောင်းဦးမလား?"

"မကောင်းတော့ပါဘုရား"

"တစ်ချို့လည်း ဒီသက်သတ်လွတ်စားတာလေး အယောင်ပြပြီး အတုအယောင် လုပ်နေဘာတွေလည်း အများကြီးပဲရှိတယ်၊ လူတွေကလည်း ဒီသက်သတ်လွတ် စားတာသည်ပင်လျှင် ကျင့်စရာကိစ္စ ပြီးတော့သယောင်ယောင် ထင်နေကြတယ်၊ ဒီတော့ မခက်ဘူးလား?"

"ခက်ပါတယ်ဘုရား"

"ဒါကြောင့်မို့လည်း ပုံစံအမျိုးမျိုးနဲ့ အယောင်ဆောင်အမျိုးမျိုး ပေါ်တာပေါ့နော်"

"မှန်ပါဘုရား"

"ဒီအယောင်ဆောင်တွေ ပျောက်ဖို့ဆိုတာက တစ်ဦး တစ်ယောက်နဲ့ မရပါဘူး၊ အများစုမှာ အသိဉာဏ်ရှိမှ ပျောက်နိုင်ပါတယ်၊ ဒါကြောင့် တရားလည်းနာကြပါ၊ စာလည်းဖတ်ကြပါလို့ တိုက်တွန်းပါတယ်၊ ဒကာငွေကိုင်ကြီး ပျင်းပြီလား?"

"မပျင်းသေးပါဘုရား"

"ပျင်းတော့ ပျင်းခါနီးပြီလား?"

"ပျင်းခါလည်း မနီးသေးပါဘုရား"

http://www.dhammadownload.com



## ကြမ်းသောအမှုပြုခြင်း

"ပျင်းခါမနီးသေးရင် ရှေ့ဆက်ကြစို့နော်၊ ရှေ့ဆက်တော့ ဘာတဲ့လဲ၊ "**အမိအဘ စသည့်အပေါ်၌ ကြမ်းသောအမှုကို ပြုကုန်၏**"တဲ့။ ဒါက ဘာကိုဆိုလိုတာလဲဆိုရင် အမိ-အဘ၊ ဆရာသမား၊ ဘုရား၊ ပစ္စေကဗုဒ္ဓ အစရှိတဲ့ သူတော်ကောင်းတွေရဲ့ အဆုံးအမလိုက်နာမှုမပြုဘဲ မှားသောအကျင့်ကို ကျင့်ခြင်း စသည်တွေကို ပြုလုပ်ရင် အမိ-အဘ စသည်တို့ရဲ့စကားကို နားမထောင်သောအားဖြင့် အမိ-အဘ စသည်တို့အပေါ် ကြမ်းသောအမှုကို ပြုခြင်းပဲတဲ့နော်"

"မှန်ပါဘုရား"

"ရှင်းရှင်းပြောရရင် အမိ-အဘ ဆရာသမား စသည် တို့က မလုပ်နဲ့ဆိုတာကို လုပ်ရင်ဘာဖြစ်မလဲ"

"ကြမ်းသောအမှုကို ပြုခြင်းဖြစ်ပါတယ်ဘုရား"

"မပြောနဲ့ဆိုတာကို ပြောဆိုရင်ကော"

"ကြမ်းသောအမှုကို ပြုခြင်းပါပဲနော်"

"မကြံစည်နဲ့ဆိုတာကို ကြံစည်ရင်ကော"

"ကြမ်းသောအမှုကို ပြုခြင်းပါပဲဘုရား"

"အင်း...အဋ္ဌကထာကတော့ မှားသော လွဲသောအကျင့်ဆိုတဲ့ ကြမ်းသောအမှုကို ပြုခြင်းတဲ့၊ ဒီတော့ ကြမ်းတယ် ဆိုတာ စင်စစ်တော့ တရားတော်နဲ့ အလွဲအမှားကို ပြုခြင်း၊ ပြောခြင်း၊ ကြံစည်ခြင်းပဲမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ကဲ...ယခုပြောခဲ့တဲ့ အာမဂန္ဓတရားတွေဟာ အလွဲအမှား တွေပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒီအာမဂန္ဓတွေကမှ ကြောက်စရာတွေပဲ ရှောင်ရ မှာတွေပဲနော်"

"မှန်ပါဘုရား"

"အသား၊ ငါး၊ အစားအစာတွေက အာမဂန္ဓဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

## မစောင့်စည်းခြင်းစသည်

"ကဲ...ကဲ...အဲဒီလောက်ဆိုရင် ယခုပြောခဲ့တဲ့ အာမဂန္ဓ တွေကို သဘောပေါက်လောက်ပါပြီ၊ ရှေ့ဆက်လက်ပြီးတော့ ပြသင့်တဲ့ အာမဂန္ဓတွေကို ပြကြ၊ ဟောကြစို့နော်၊ ရှေ့ဆက် တော့–

"ဤလောက၌ အကြင်သူတို့သည် သတ္တဝါတို့၌ သတ်ဖြတ်မှုတို့မှ မစောင့်စည်းကုန်၊ သူတစ်ပါးတို့၏ ဥစ္စာကို ယူ၍ ညှင်းဆဲရန် လုံ့လပြုကုန်၏၊ သီလမရှိကုန်၊ ကြမ်းတမ်း သောအမူရှိကုန်၏၊ ကြမ်းသောစကား ရှိကုန်၏၊ ရိုသေခြင်း ကင်းကုန်၏၊ ထိုသူတို့၏ ဤ မစောင့်စည်းခြင်း စသည်ပင် အညှီအဟောက် အာမဂန္ဓတည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက် အာမဂန္ဓမဟုတ်"တဲ့။

ကဲ–အညှီအဟောက် အာမဂန္ဓနဲ့ အညှီအဟောက်မဟုတ်တဲ့

http://www.dhammadownload.com



သဘောတရားတွေ နာကြားလာခဲ့တာ ယခုဆို တော်တော် များပြီနော်"

"မှန်ပါ၊ များပါပြီဘုရား"

"သဘောလည်း တော်တော်ပေါက်ပြီပေါ့နော်"

"မှန်ပါ သဘောပေါက်ပါတယ် ဘုရား"

"ကဲ...သဘောပေါက်သထက် ပေါက်အောင် ထပ်ပြီး ရှင်းကြ၊ ဆက်ပြီးရှင်းကြရအောင်နော်"

"မှန်ပါ ရှင်းပါဘုရား"

"ဒီလောကမှာ အချို့သူတွေရှိတယ်၊ ဘယ်လိုလူတွေလဲ ဆိုတော့ အသက်ရှိတဲ့ သတ္တဝါတွေကို အလိုရှိတိုင်း စိတ်ရှိ သလောက်သတ်တယ်၊ အစုလိုက်၊ အပုံလိုက်၊ အပြုံလိုက်၊ အတန်း လိုက်သတ်တယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီလောက် အရာ၊ အထောင်၊ အများအပြား သတ်ပြီး သော်လည်း သနားကြင်နာ ကရုဏာတရားအနည်းငယ်မျှ မဖြစ်တဲ့ နေတာကို "သတ္တဝါတို့ကို သတ်ဖြတ်မှုမှ မစောင့်စည်းကုန်"လို့ ဆိုတယ်နော်"

"မှန်ပါဘုရား"

"တစ်ချို့ သတ်လို့သာ သတ်ရတယ် နည်းနည်းတော့ သနား သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အဲ...ဒီမှာကတော့ ဒီလောက် အစုလိုက်, အပြုံလိုက် အရာ,အထောင် သတ်တာတောင်မှ သနားကြင်နာ ကရုဏာ မဖြစ်ခြင်းကြောင့် မစောင့်စည်းဘူးလို့ ဆိုတယ်နော်"

"မှန်ပါဘုရား"

"နောက်ကပြောခဲ့တဲ့ မစောင့်စည်းမှုက ကာမတို့၌ မစောင့် စည်းမှု, ဒီက မစောင့်စည်းမှုက သတ်ဖြတ်မှုတို့၌ မစောင့်စည်း မှုနော်"

"မှန်ပါဘုရား"

"သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်ဘုရား"

## ညှင်းဆဲရန်လုံ့လပြုခြင်း

"ကဲ...သဘောပေါက်ရင် ရှေ့ဆက်မယ်နော်၊ ရှေ့ဆက် တော့ ဘာတဲ့လဲ၊ 'သူတစ်ပါးတို့၏ ဥစ္စာကိုယူ၍ ညှင်းဆဲရန် လုံ့လပြုကုန်၏'တဲ့ ရှင်းရှင်းပြောရရင်တော့ဥစ္စာယူ လူသတ်မှုပေါ့ နော်"

"မှန်ပါဘုရား"

"သူ့တစ်ပါးဥစ္စာကို ယူတယ်၊ အသက်ကိုလည်း သတ်တယ်၊ ကောင်းသေးလား"?

"မကောင်းတော့ပါ ဘုရား"

"ဟိုက တောင်းပန်ရှာတယ်၊ လိုချင်တာအကုန်ယူပါ၊ မသတ် ပါနဲ့၊ မရိုက်ပါနဲ့ စသည် တောင်းပန်တယ်၊ အဲဒီလို တောင်းပန်

http://www.dhammadownload.com



နေစဉ်အတွင်းမှာဘဲ၊ လက်နဲ့, ခဲနဲ့, ဒုတ်နဲ့, လေး, မြှား သေနတ် စတဲ့ လက်နက်တစ်ခုခုနဲ့ သတ်တယ်, ဖြတ်တယ်, ရိုက်နှက်, ထု,ထောင်းညှင်းဆဲတယ်နော်"

"မှန်ပါဘုရား"

"ရှင်းရှင်းပြောရရင် တောင်းပန်ရက်ကနဲ့ သတ်ဖြတ်တယ်၊ ညှင်းဆဲတယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒါမျိုးကို ဒီနေရာမှာ သူတစ်ပါးတို့၏ ဥစ္စာကိုယူ၍ ညှင်းဆဲရန် လုံ့လပြုကုန်၏"လို့ ဆိုတာပဲနော်"

"မှန်ပါဘုရား"

"ရှေးက ကြားဘူးမှာပေါ့၊ သူခိုး ဓားပြတွေဟာ ခိုးပေ, တိုက်ပေမယ့် စည်းကမ်းရှိတယ်၊ ဥစ္စာယူရင် လူကို မညှင်းဆဲ မသတ်ဖြတ်ဘူး၊ လူကိုညှင်းဆဲသတ်ဖြတ်ရင် ဥစ္စာကို မယူ ဘူးတဲ့နော်"

"မှန်ပါဘုရား"

"ယခု ဒီမှာက ဥစ္စာလည်းယူ, လူလည်း သတ်ဆိုတော့ မဆိုးလွန်းဘူးလား"?

"ဆိုးလွန်းပါတယ်ဘုရား"

"အင်း...ဆိုးလွန်းလို့ အညှီအဟောက် အာမဂန္ဓဖြစ်တာ ပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## သီလမရှိကုန်

"ကဲ...နောက် အာမဂန္ဓတစ်ခုက ဘာလဲဆိုတော့ သီလမရှိခြင်းပဲ။ သီလကို အနှံ့မပြယ်တဲ့ပန်း၊ နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် ကြိုင်လှိုင်တဲ့ပန်း စသည်ဖြင့် ထိုထိုပါဠိ–အဋ္ဌကထာတွေမှာ ပြပါတယ်၊ ဒီတော့ သီလရှိရင် ကောင်းရနံ့ မလှိုင်ဘူးလား၊ လှိုင်မလား"?

"လှိုင်ပါမယ်ဘုရား"

"ဒါဖြင့် သီလမရှိရင် ဘယ်လိုရနံ့လှိုင်မလဲ"

"မကောင်းရနံ့လှိုင်ပါမယ်ဘုရား"

"အဲဒီမကောင်းရနံ့ဆိုတော့ အာမဂန္ဓမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း...မကောင်းတဲ့အကျင့်ရှိလို့ သီလမရှိတဲ့ နိဿီလဖြစ်တာနော်"

"မှန်ပါဘုရား"

"ရက်စက်၊ ကြမ်းကြုတ်တဲ့အမှုရှိတဲ့အတွက်၊ လက်မှာအမြဲတမ်း သွေးစွန်းနေတဲ့အတွက် လုဒ္ဒလို့ခေါ်တယ်၊ ဒီနေရာမှာတော့ အမြဲတမ်းသားငါးတွေကို သတ်ဖြတ်နေသူတွေကို ဆိုလိုပါတယ်တဲ့နော်"

"မှန်ပါဘုရား"

"အမြဲတန်း သတ်ဖြတ်နေတယ်ဆိုတော့ ဘယ်မှာလာပြီး သီလရှိပါဦးမလဲ"

"မရှိနိုင်ပါဘုရား"

http://www.dhammadownload.com



"သီလမရှိတော့ အညီအဟောက် အာမဂန္ဓ ဖြစ်တာပေါ့နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"

"သီလရှိအောင် လုပ်ရပါမယ်"

"အင်း...ဟုတ်ပြီ"

## ကြမ်းသောစကား

"ဒါဖြင့် ရှေ့ဆက်ကြစို့နော်၊ ရှေ့ဆက်တော့ '**ကြမ်းတမ်းသော စကားရှိခြင်း**'တဲ့၊ လွှသွားကဲ့သို့ ကြမ်းတယ်စသည်ဖြင့် ပြောရလောက်အောင် ကြမ်းတဲ့စကားပေါ့နော်"

"မှန်ပါဘုရား"

"ဒီနှုတ်ကြမ်း၊ အာကြမ်းကိုတော့ လူတိုင်းပဲ ကြောက်ကြတယ်နော်"

"မှန်ပါ ကြောက်ကြပါတယ်ဘုရား"

"အဲဒီလို နှုတ်ကြမ်း၊ အာကြမ်းနဲ့ သူတစ်ပါးကို ပြောဆိုတာဟာ မိမိကိုယ်ကို ပျက်စီးစေလို၍ တူးဖြို့ဖျက်ဆီးတာနဲ့တူပုံ၊ မည်ပုံကို ဒီလိုဆိုထားတယ်–

"တရားကိုယ်မှာ၊ စဉ်မခွါနှင့်၊ ဝါစာဖရုသ်၊ ဓားနှင့်ခုတ်လျက်၊ ကြမ်းကြုတ်မျက်ရှိန်၊ နှုတ်ပုဆိန်ဖြင့်၊ မမြိန်ဝေါက်ဆတ်၊ သူယုတ်မြတ်အား၊ ပြောတတ်ကုန်ဘိ၊ လူ့ပါပိတို့၊ မိမိကိုယ်ကို၊ အပျက်လို၍၊ တူးဖြိုဆက်ဆက်၊ မိမိဖျက်သည်၊ မည်တုံလတ်၏"တဲ့၊ ဒီတော့ သူ တစ်ပါးကို နှုတ်ကြမ်း၊ အာကြမ်းနဲ့ ပျက်စီးစေလို၍

http://www.dhammadownload.com



ပြောတဲ့သူဟာ ပြောရကျိုးမနပ်ပဲ ကိုယ်ဘဲပျက်စီးတဲ့ မကောင်းကျိုးကို ရတယ်ဆိုတော့ ကောင်းသေးရဲ့လား"?

"မကောင်းတော့ပါဘုရား"

"ဒါဖြင့် ဘယ်လိုပြောမလဲ"

"ချိုချိုသာသာ ပြောရပါမယ်ဘုရား"

"အင်း... အဲဒီလို ချိုချိုသာသာ ပြောဆိုရမယ့် သဘောကိုလည်း **မဃဒေဝလင်္ကာမှာ ဒီလိုဆိုထားပြန်တယ်**–

"ငံငံချေချေ, သားမင်းချေလျှင်, ချိုစေသူ့နား ချဉ်မခါးအောင်, စကားကျစ်လျစ်, အဆစ်ဆစ်၌, မထစ်–မထုန်, မဖုန်–မထိုင်း, မရိုင်း–မဆတ်, ရှဲခတ်ကိုက်စား, သစ်ပျဉ်ပြားနှယ်, ပြတ်သားသိမ်မွေ့, ချောမွေ့ပြေပြစ်, မာန်မယစ်ဘဲ, မြစ်မြစ်ခြေခြေ, လူမိုလ်ခြေအား, သံခြေနူတ်ညှင်း, ရွှေစောင်းငြင်းသို့, မပြင်းမပြ, သာချမ်းမြလျက်, ပျပျရွှင်ပျော, ဆိုမိန့်ပြောလော့"တဲ့ ပြီးတော့ ဘာတဲ့လဲ စကားပုံရှိသေးတယ်၊ "**နှုတ်ချို သျှိုတစ်ပါး** ဆိုမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နှုတ်မချိုဘဲ နှုတ်ကြမ်းရင် လူသားဆိုတာ ဖယ်ထား၊ တိရစ္ဆာန်ဖြစ်တဲ့ နွားလားကပင် မကြိုက်ပုံကို ဇာတ်တော်လာတဲ့အတိုင်း မဃဒေဝလင်္ကာမှာ သီခဲ့တယ်၊ ဘာတဲ့လဲ–

"အတိရှေးခါ, မသာယာ၍, မဟာသဏ္ဍာ, ဝိသာလမည်, နွားကြီးသည်လည်း,မကြည်နှုတ်ကြမ်း ပုဏ္ဏားသွမ်းကို,လောင်းတမ်းဥစ္စာ, သပြာထောင်လုံး, ရှုံးစေဘိ၏"တဲ့၊ ပြီးတော့ ကိုယ်နှုတ်

http://www.dhammadownload.com



ကြမ်း၍ မင်းဘ၀ ဆုံးရပုံနှင့် ကိုယ်နှုတ်နူးညံ့တော့ အငယ်ဆုံး မင်းသားဖြစ်လျက် နန်းစည်းစိမ်ရပုံကို–

"ထိုပြီးတသုတ်, ကိုယ်နှုတ်နှစ်ဖြာ, ကြမ်းကြုတ်စွာကြောင့်, ပြည့်ရွာမှူးမတ်, မညွတ်သော့အား, မင်းကြီးသားလျက်, ပယ်ရှား ကုန်ကြ, ဒုဋ္ဌကုမာ, ရေမှာမျှောဘိ, ဂါမဏိနှင့်, မည်ရှိနာမ, သံဝရကား, မင်းသားအစစ်, ငယ်ဆုံးဖြစ်လည်း, တိုင်းချစ်ပြည်ခင်, **ရွှေနန်းတင်၏**"လို့ မဃဒေဝလင်္ကာမှာ မာန်လည်ဆရာတော် ဘုရားကြီးက ဖာတ်တော်လာတဲ့အတိုင်း ရေးထားတာ အင်မတန် မှတ်သားစရာကောင်းပါတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ နှုတ်ကြမ်းအာကြမ်းဟာ အင်မတန်ညှိတဲ့ အညှိ အဟောက် အာမဂန္ဓမဖြစ်ဘူးလား, ဖြစ်လား"?

"ဖြစ်ပါတယ်ဘုရား"

"ဒါဖြင့် ရှောင်ရမယ်ပေါ့နော်"

"မှန်ပါ ရှောင်ရပါမယ်ဘုရား"

## ရှိုးသားခြင်းကင်းကုန်၏

"အင်း ... ရှောင်ရမှာကို ရှောင်ပေါ့၊ ပြီးတော့လည်းရှေ့ဆက် ပြောရသေးတာပေါ့၊ ရှေ့ဆက်တော့ "**ရှိသေခြင်းကင်းကုန်၏**"တဲ့၊ ဒီမှာ မရှိသေတာ, ရှိသေခြင်းကင်းတာက တမျိုးဘဲ၊ တခြား နေရာတွေနဲ့ မတူပါဘူး၊ အဲဒါကို ကွဲကွဲပြားပြား ခြားနားအောင် မှတ်ထားနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"တခြားနေရာတွေမှာ မရှိသေတာက မိဘ, ဆရာသမား စသည်တို့အပေါ်မှာ မရှိသေခြင်းကို မရှိသေခြင်းလို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဒီနေရာမှာမရှိသေတာက ဒီလိုမဟုတ်ပါဘူး၊ မိမိတွင် ရှိနေတဲ့ အထုံဝါသနာ မကောင်းမှု, အကုသိုလ်အပြု, အပြော, အကြံအစည်တွေကို "ယခုအခါ၌ မပြုလုပ်တော့ဘူး, ဒီလိုသဘောရှိတဲ့ ယုတ်မာမှုတွေကို ရှောင်ကြဉ်ပါတော့အံ့"လို့ ဆောက်တည်မှု ဆုံးဖြတ်မှု မရှိတာကို ရှိသေခြင်းကင်းတယ်လို့ ခေါ်ပါတယ်၊ ဒီတော့ ခြားနားတယ်မဟုတ်လား?

"မှန်ပါ ခြားနားပါတယ်ဘုရား"

ဒီတော့ ပုထုဇဉ်သဘာဝ မကောင်းတဲ့အပြု, အပြော, အကြံအစည်တွေကတော့ ရှိနေတာပေါ့၊ အဲဒါတွေကို မကောင်းမှန်းသိတော့"နောက်အခါတော့ ငါမလုပ်တော့ဘူး, မပြောတော့ဘူး, မကြံစည်တော့ဘူး"လို့ ဆုံးဖြတ်ချက်မချသင့်ဘူးလား"?

"ဆုံးဖြတ်ချက်ချသင့်ပါတယ်ဘုရား"

"အင်း...ဆုံးဖြတ်ချက် ချရမယ်၊ မချရင် အာမဂန္ဓဖြစ်နေမှာပေါ့နော်"

"မှန်ပါဘုရား"

"နောက်အခါမှာ မနိုင်နင်းလို့ လွန်ကျူးခါမှသာ လွန်ကျူးရမယ်၊ ဆုံးဖြတ်ချက်ကတော့ ချကိုချရမယ်ဟုတ်လား"?

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဆုံးဖြတ်ချက်ချလိုက်ရင် ရှိသေမှုဖြစ်သွားတာပေါ့နော်"
"မှန်ပါ ဖြစ်သွားပါတယ်ဘုရား"

## နာလို–ဖြစ်လို–မြဲစေလိုလို

"ကဲ...ဒီလောက်ဆိုရင် သဘောပေါက်ပါပြီနော်၊ ယခုဆိုရင် အာမဂန္ဓအမျိုးမျိုးကို ပြခဲ့တာ ပြပြီးသားပင် ထပ်ပြီးပြတာအထိ ပါပါတယ်၊ ဘာဖြစ်လို့ ပြပြီးသားတွေ ထပ်ပြသလဲဆိုတော့–

"တရားနာ ပရိသတ်တွေ နာကြားလိုသည့်အတွက် တားမြစ် ပိတ်ပင်လိုသည့်အတွက်, မြဲမြဲနိုင်ခဲ့စေလိုသည့်အတွက်"စတဲ့ အကြောင်းတွေကြောင့် ပြပြီးသားတွေကို ထပ်ပြီးပြရ, ပြောရ ဟောရပါတယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲဒါကို စကားထပ်ရကောင်းလားလို့ အပြစ်မတင်နဲ့နော်"

"မှန်ပါ အပြစ်မတင်ပါဘုရား"

## မက်မောခြင်းစသည်

"ကဲ...ကဲ...အပြစ်မတင်ရင် ရှေ့သွားကြစို့ အာမဂန္ဓတရား တွေကို ဘုရားရှင်ဟောခဲ့တာ အများကြီးပဲနော်၊ အဲဒီအာမဂန္ဓ တရားတွေ ကင်းရှင်းရင် ရဟန္တာဖြစ်နိုင်တာပေါ့၊ကဲ...ယခုပြမှာက ဘာတွေလဲ–

"တိဿရသေ့ကြီး၊ အကြင်သူတို့သည် ဤသတ္တဝါတို့၌ မက်မောကုန်၏၊ မုန်းတီးဆန့်ကျင်ကုန်၏၊ ပြစ်မှားကျူးလွန်ခြင်း

http://www.dhammadownload.com



သို့ လျှင်စွာကျရောက်တတ်ကုန်၏၊ အကုသိုလ်ပြုရန် အမြဲမပြတ် လှုံ့လပြုကုန်သည်ဖြစ်၍ တမလွန်ဘဝ၌ အမိုက်တိုက်သို့ သွားကုန်၏၊ ငရဲ၌ ဦးခေါင်းစောက်ထိုးကျကုန်၏၊ ထိုသူတို့၏ ဤမက်မောမှုစသည်ပင် အညှီအဟောက် အာမဂန္ဓတည်း၊ အသားဟူသော ဘောဇဉ်သည် အညှီအဟောက် အာမဂန္ဓမဟုတ်"တဲ့ ဒီမှာ အာမဂန္ဓအနေနဲ့တော့ သုံးပါးဘဲ ပါပါတယ်၊ အဲဒီသုံးပါးကလည်း နောက်ကပြခဲ့တဲ့ အာမဂန္ဓအားလုံးရဲ့ အမြစ်ရင်းမူလဘူတပါဘဲ၊ ဘာတွေလဲ ဆိုတော့–

## မက်မောကုန်၏

"အချုပ်ပြောရရင် လောဘ, ဒေါသ, မောဟတရား သုံးပါးဘဲ၊ အဲဒီသုံးပါးတစ်ပါးနဲ့တစ်ပါး သဘောသွားခြင်းမတူပါဘူး။ လောဘရှိတဲ့ သူတွေဟာ သတ္တဝါတို့အပေါ်မှာ အဲဒီလောဘကြောင့် မက်မောတွယ်တာပါတယ်၊ အဲဒီတွယ်တာမက်မောခြင်းသည်ပင်လျှင် အာမဂန္ဓဘဲမဟုတ်လား"?

"ဟုတ်ပါတယ်ဘုရား"

"ဒီလောဘဟာ သူကိုယ်လည်းအာမဂန္ဓဘဲ၊ တစ်ခြား အာမဂန္ဓ တွေဖြစ်ဖို့လည်း အကြောင်းရင်း မူလဘူတဘဲပေါ့နော်"

"မှန်ပါဘုရား"

## မုန်းတီးဆန့်ကျင်ကုန်၏

"အဲဒီလောဘအတူဘဲ ဒေါသဟာလည်း အာမဂန္ဓ အချုပ်တစ်ခုပဲပေါ့၊ ဒေါသရှိတဲ့ သတ္တဝါတွေဟာ ဒီဒေါသကြောင့်ပဲ

http://www.dhammadownload.com



မုန်းတီးကြတယ်၊ ဆန့်ကျင်ကြတယ်၊ မုန်းတီးဆန့်ကျင်ကြတယ်၊ အဲဒီမုန်းတီး ဆန့်ကျင်ခြင်းသည်ပင်လျှင် အာမဂန္ဓဘဲမဟုတ်လား"?

"ဟုတ်ပါတယ်ဘုရား"

"ဒီဒေါသဟာ သူကိုယ်တိုင်လည်း အာမဂန္ဓဘဲ၊ တစ်ခြား အာမဂန္ဓတွေ ဖြစ်ဖို့လည်း အကြောင်းရင်း မူလဘူတပဲပေါ့နော်"

"မှန်ပါဘုရား"

## ပြစ်မှားကျူးလွန်ခြင်းသို့ လျင်စွာကျရောက်တတ်ကုန်၏

"အဲဒီပြခဲ့တဲ့ လောဘ, ဒေါသတို့နဲ့အတူပါပဲ၊ ဟောဒီမှာ မောဟတဲ့၊ သူကလည်း သူ့နည်း သူ့ဟန်နဲ့သူ အတော်ပဲဆိုးပါ တယ်၊ ဒီမောဟက အပြစ်အနာအဆာတွေကို မသိမမြင်အောင် ဖုံးဖိထားတယ်၊ ဒီတော့ သတ္တဝါတွေက သံသရာရဲ့ အပြစ်အနာ အဆာတွေ မြင်နိုင်သေးလား"?

"မမြင်နိုင်တော့ပါဘုရား"

"အင်း...အဲဒီလို မောဟကြောင့် အပြစ်အနာအဆာတွေ မမြင်တော့ ထပ်ခါ, ထပ်ခါ ပြစ်မှားကျူးလွန်ခြင်းသို့ ရောက်တော့ တာပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ မောဟဟာ သူကိုယ်တိုင်လည်း အာမဂန္ဓ, တစ်ခြား အာမဂန္ဓတွေရဲ့ အကြောင်းရင်း မူလဘူတလည်း ဖြစ်မသွားဘူး လား"?

"ဖြစ်သွားပါတယ်ဘုရား"

http://www.dhammadownload.com



"အင်း...အဲဒီ လောဘ, ဒေါသ, မောဟတရား သုံးပါးရဲ့ သဘော, သဘာဝ အပြစ်ဒေါသ အာဒီနဝကို ဘုရားဟောပါဠိတော်လာအတိုင်း မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက ဒီလိုလင်္ကာသီခဲ့တယ်-

"လူမှာရာဂ, ထိုကမ္မဒ္ဒ, အပ္ပသာဝဇ်, အပြစ်မသည်း, အကျိုးနည်းလည်း, မင်မည်းဆိစက်, စွန်းကွက်မလွဲ, ပြေနိုင်ခဲရှင့်"

"ရဲရဲတောက်ပျံ, ဒေါသကံမူ, ပွက်လျှံဆူပြင်း, ခဏခြင်းမျှ, နန္ဒင်းသဖွယ်, ပြေလွယ်ပြစ်ကြီး-တသီးမောဟ, ကမ္ဗလုံသွေး, ဝံနက်မွေးကို ရေဆေးဖွပ်ကာ, ကြိမ်တရာလည်း, ဖြူငှာပြုရှောင်း, မတတ်ကောင်းသို့, ကျိုးကြောင်းမသိ, ပြုမိအမြဲ, ပြေခဲပြစ်ကြီး, နှစ်စီးနှစ်ဝ, မျက်ဒေါသနှင့် မောဟတို့မှာ အာနန္ဒာရိုက် ထိုက်တတ်ကံမျိုး, ဝိစိအိုး၌, စောက်ထိုးကြာရှည်, ကပ်လုံးတည်၏"တဲ့ ဒီလင်္ကာနဲ့ ဒီနေရာဟာ အင်မတန်ကိုပဲ လျော်ကန် သင့်မြတ်လှပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောဘ-ဒေါသ-မောဟတရား သုံးပါးရှိနေရင် အကုသိုလ်ပြုရန် လွယ်လမပြုဘူးလား, ပြုနေမလား"?

"ပြုနေပါမယ်ဘုရား"

"အဲ...ပါဠိတော်ကလည်း အကုသိုလ်ပြုရန် အမြဲမပြတ်လွယ်လ ပြုကုန်သည်ဖြစ်၍ တမလွန်ဘဝ၌ အမိုက်တိုက်သို့ သွားကုန်၏" လို့ဆိုတယ်မဟုတ်လား"?

"ဟုတ်ပါတယ်ဘုရား"

"ဒကာငွေကိုင်ကြီး စဉ်းစားပါနော်"

http://www.dhammadownload.com



"မှန်ပါ စဉ်းစားပါမယ်ဘုရား"

"လောဘ–ဒေါသ–မောဟရှိရင် ဘာလုပ်မလဲ"

"အကုသိုလ်ပြုရန် လှုံ့လပြုပါမယ်ဘုရား"

"အကုသိုလ်ပြုတော့ ဘာဖြစ်မလဲ"

"တမလွန်ဘဝ၌ အမိုက်တိုက်သို့ သွားရပါမယ်ဘုရား"

"ဒါတင်ဘယ်ကမလဲ၊ "ငရဲ၌ ဦးစောက်ထိုးကျကုန်၏" လို့လည်း ပါတယ်မဟုတ်လား"?

"မှန်ပါ ပါပါတယ်ဘုရား"

## အမိုက်တိုက်နှင့်ငရဲ

"ဒီမှာ ငရဲနှင့် အမိုက်တိုက်က မတူတတ်ဘူးနော်၊ လောကန္တရိက် အမိုက်မှောင်လို့ ဆိုအပ်တဲ့ ယုတ်ညံ့တဲ့အမျိုး စသည်၌ ဖြစ်တာဟာ အမိုက်တိုက်သို့ ရောက်ခြင်းပဲနော်"

"မှန်ပါဘုရား"

"အဝီစိစတဲ့ ငရဲသို့ ကျရောက်တာကိုတော့ "ငရဲ၌ ဦးခေါင်း စောက်ထိုးကျကုန်၏"လို့ ဆိုတယ်နော်"

"မှန်ပါဘုရား"

"အဲဒီနှစ်မျိုး ဘယ်ကိုပဲရောက်ရောက် ကောင်းရဲ့လား"?

"မကောင်းပါဘုရား"

"အင်း...**အရင်းစစ်လိုက်တော့ အမြစ်မြေက**"ဆိုသလိုပဲ၊ အမိုက်တိုက်နှင့်ငရဲသို့ကျခြင်း အကြောင်းရင်းဟာ လောဘ–ဒေါသ–မောဟတို့ပဲ မဟုတ်လား"?

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အင်း...ဒါကြောင့် အဲဒီ လောဘ, ဒေါသ, မောဟ သုံးပါးဟာ သတ္တဝါတွေရဲ့ အမိုက်တိုက်နဲ့ ငရဲကျကြောင်း, မက်မော, ပြစ်မှားကျူးလွန်, ဆန့်ကျင်ကြောင်းဖြစ်လို့ အာမဂန္ဓအားလုံးတို့ရဲ့ မူလဘူတဆိုတာပေါ့နော်"

"မှန်ပါဘုရား"

"သားငါးအစားအစာတွေက အာမဂန္ဓဟုတ်ရဲ့လား"?

"မဟုတ်ပါဘုရား"

အင်း...မဟုတ်တာကို အဟုတ်, ဟုတ်တာကို မဟုတ်, မမှန်တာကို အမှန်, မှန်တာကို မမှန် ယူမိရင်, အဲဒါအယူမှားပဲ၊ မိစ္ဆာဒိဋ္ဌိပဲနော်"

"မှန်ပါဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတော့ ဦးချိုနဲ့လား, အမြီးနဲ့လားလို့ ထင်မနေနဲ့၊ အယူမှားရင် မိစ္ဆာဒိဋ္ဌိပဲနော်"

"မှန်ပါဘုရား"

"အဲဒီမိစ္ဆာဒိဋ္ဌိအယူရှိသူဟာ သေရင် ငရဲသော်လည်းကျမည်၊ သို့မဟုတ် တိရစ္ဆာန်ဘုံ၌သော်လည်း ဖြစ်မည်ဆိုတော့ မနစ်နာဘူးလား"?

"နစ်နာပါတယ်ဘုရား"

## ဒုဂ္ဂတိလမ်း

"ကဲ...ယခုဆိုရင် ကဿပဘုရားရှင်ဟာ ပရမတ္ထအားဖြင့် အညီအဟောက် အာမဂန္ဓကို ဖြေကြားပြီးပြီ, အဲဒီ အာမဂန္ဓတရားတွေရဲ့ ဒုဂ္ဂတိလမ်းကြောင်းရဲ့ အဖြစ်ကိုလည်း ပြပြီးပြီနော်"

http://www.dhammadownload.com



"မှန်ပါ ပြပြီးပါပြီဘုရား"

"ကဲ...ယခုအခါမှာတော့ ရသေ့အလိုအားဖြင့် သားငါးအစား အစာတွေကို အာမဂန္ဓထင်မှတ်တယ်, ပြီးတော့ ဒုဂ္ဂတိလမ်းကြောင်းလည်း ထင်မှတ်တယ်, ပြီးတော့ အဲဒီသားငါး အစားအစာတွေကို မစားခြင်းကြောင့် စင်ကြယ်တယ်လို့ ထင်မှတ်တယ်၊ ထင်မှတ်ပြီး ရသေ့ဟာ သားငါးအစားအစာကို မစားဘူး မဟုတ်လား"?

"ဟုတ်ပါတယ်ဘုရား"

"ကဲ...သားငါးအစားအစာကို မစားရုံသက်သက်နဲ့ စင်ကြယ်နိုင်ပါ့မလား?

"မစင်ကြယ်နိုင်ပါဘုရား"

"စင်ကြယ်နိုင်တယ်ဆိုရင် မျိုးရိုးအလိုက် အသားငါးစားသောက်ခြင်း ရှောင်တဲ့အမျိုးတွေ တစ်ခြားဘာအကျင့်မှ ကျင့်စရာမလိုပဲနဲ့ နတ်ရွာ, နိဗ္ဗာန် ရောက်ကုန်မှာပေါ့နော်"

"မှန်ပါဘုရား"

"ဘုရားကလည်း အပင်ပန်းခံပြီး လေးဆယ့်ငါးဝါပတ်လုံး တရားအမျိုးမျိုး ဟောစရာလိုသေးလား"?

"မလိုတော့ပါဘုရား"

"ဘယ်လိုမလဲ၊ သားငါးစားသောက်မှု ရှောင်ခိုင်းလိုက်ရင် ပြီးတာပဲမဟုတ်လား"?

"မှန်ပါ ပြီးပါတယ်ဘုရား"

"ကဲ...ခုတော့ ဘုရားရှင်ဟာ တရားအမျိုးမျိုး ဟောရတယ် မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါ ဟောရပါတယ်ဘုရား"

"လိုလို့ ဟောရတာလား၊ မလိုပဲနဲ့ အပိုတွေ ဟောနေရတာလား"

"လိုလို့ ဟောရတာပါဘုရား"

"မှတ်ထားပါ၊ ဘုရားရှင်တို့သည် အပိုကို ဘယ်တော့မှ မဟောပါဘူး"

"မှန်ပါဘုရား"

"အလိုလည်း ဟောမှာလား"?

"မဟောပါဘုရား"

"အင်း...ဘုရားရှင်တို့ တရားဟောတာ အပိုမရှိ၊ အလိုမရှိ၊ ထည့်ဖွယ်မရှိ၊ နုတ်ဖွယ်မရှိ ပကတိပြည့်စုံတဲ့ တရားတော်ပါနော်"

"မှန်ပါဘုရား"

## မစင်ကြယ်စေနိုင်

"ကဲ...ဒီမှာ ကိလေသာ စင်ကြယ်ခြင်း၊ ဘဝစင်ကြယ်ခြင်းဖြင့် ယုံမှားမှု ဝိစိကိစ္ဆာမှ မလွန်မြောက်သေးသော သတ္တဝါကို မစင်ကြယ်စေနိုင်တဲ့အကျင့်တွေကို ထုတ်ပြပါမယ်၊ သေသေချာချာ မှတ်ထားနော်"

"မှတ်ပါမယ်ဘုရား"

"ကဲ...ငါးအမဲတို့ကို မစားရုံသက်သက်နဲ့ ယုံမှားခြင်း ဝိစိကိစ္ဆာမှ မကူးမြောက်သေးတဲ့ သတ္တဝါတွေကို စင်ကြယ်စေနိုင်ပါ့မလား"?

http://www.dhammadownload.com



"မစင်ကြယ်စေနိုင်ပါဘုရား"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါဟာ ပါဠိတော်အတိုင်း ပြောနေတာနော်"

"မှန်ပါဘုရား"

"အဋ္ဌကထာက "**န မစ္ဆမံသံ သောဝေတိ မစ္စံ အဝိတိဏ္ဏကင်္ခံ**"တဲ့၊ အဓိပ္ပာယ်က အတူတူပါပဲ၊ ဘာတဲ့လဲ "ငါးအမဲတို့ကို မစားသောအဖြစ်သည် ယုံမှားခြင်းဝိစိကိစ္ဆာမှ မကူးမြောက်သေးတဲ့ သတ္တဝါကို မစင်ကြယ်စေနိုင်ဘူး"တဲ့၊ ရှင်းရဲ့လား"?

"ရှင်းပါတယ်ဘုရား"

"ပြီးတော့ အဝတ်မဝတ်ဘဲ ကိုယ်လုံးတီးနေကာမျှနှင့်ကော ယုံမှားခြင်းမှ မကူးမြောက်သေးတဲ့သတ္တဝါကို စင်ကြယ်စေနိုင်ပါ့မလား"?

"မစင်ကြယ်စေနိုင်ပါဘုရား"

"ကတုံးရိပ်ကာမျှနှင့်ကော စင်ကြယ်စေနိုင်ပါ့မလား"?

"မစင်ကြယ်စေနိုင်ပါဘုရား"

"ဒါဖြင့် ဆံပင်ထုံးကာမျှနှင့်ကော စင်ကြယ်စေနိုင်ပါ့မလား"

"မစင်ကြယ်စေနိုင်ပါဘုရား"

"ခေါင်းမဖြီးဘဲ မြူအလိမ်းလိမ်း ကပ်စေရုံမျှနှင့်ကော စင်ကြယ်စေနိုင်ပါ့မလား"

"မစင်ကြယ်စေနိုင်ပါဘုရား"

"ရသေ့ပရိက္ခရာတွေ ထမ်းပိုး ဆောင်လွယ်ရုံမျှနှင့်ကော စင်ကြယ်စေနိုင်ပါ့မလား"

http://www.dhammadownload.com



"မစင်ကြယ်စေနိုင်ပါဘုရား"

"သစ်နက်ရေကို ဆောင်ရုံ မီးကိုပူဇော်ရုံမျှနှင့်ကော စင်ကြယ်စေနိုင်ပါ့မလား"

"မစင်ကြယ်စေနိုင်ပါဘုရား"

"မီးကို လုပ်ကျွေးရုံမျှနှင့်ကော စင်ကြယ်စေနိုင်ပါ့မလား"

"မစင်ကြယ်စေနိုင်ပါဘုရား"

"အင်း...အဲဒီအကျင့်တွေရဲ့ မစင်ကြယ်စေနိုင်ပုံကို ဟိုပါဠိတော်မှာ–"

"ငါးအမဲတို့ကို မစားသောအဖြစ်သည်လည်းကောင်း၊ အဝတ်မဝတ်ခြင်းသည်လည်းကောင်း၊ ဦးပြည်းခေါင်းတုံးရိတ်ခြင်းသည်လည်းကောင်း၊ ဆံကျစ်ထုံးခြင်း၊ မြူမှုန်အညစ်အကြေး ဆောင်ခြင်းသည်လည်းကောင်း၊ ရသေ့ပရိက္ခရာ, သစ်နက်ရေတို့သည်လည်းကောင်း၊ မီးကိုပူဇော်ခြင်း, မီးကိုလုပ်ကျွေးခြင်းတို့သည်လည်းကောင်း၊ ယုံမှားခြင်းမှမကူးမြောက်သေးသော သတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်"

လို့ ဆိုထားပါတယ်။ အဲဒီပါဠိတော်လာအရ ရှင်းပြတာပါ။ ဦးပဥ္စင်းအာဘော်ဆိုလို့ ဘာတစ်ခုမှ မပါပါဘူးနော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘာတဲ့လဲ၊ အများကြီးရှိပါသေးတယ်။ မစင်ကြယ်စေနိုင်တဲ့ အကျင့်တွေလေ"

"လောကဌ် အကြင်သို့ သဘောရှိကုန်သော မသေရန်တောင့်တချက် ကိုယ်ကိုများစွာ ပူပန်စေတတ်သော အကျင့်

http://www.dhammadownload.com



တို့သည်လည်းကောင်း၊ ဗေဒင်တို့သည်လည်းကောင်း၊ ဟုံးပူဇော်သော အကျင့်တို့သည်လည်းကောင်း၊ ယဇ်ပူဇော်ခြင်းသည်လည်းကောင်း၊ နွေဥတု၌ အပူခံခြင်း၊ မိုးဥတု၌ သစ်ပင်ရင်းနေခြင်း၊ ဆောင်းဥတု၌ ချမ်းအေးသောရေသို့ သက်ဆင်းခြင်း စသော ဥတုကိုမှီဝဲခြင်းတို့သည်လည်းကောင်း၊ ယုံမှားခြင်းမှ မကူးမြောက်သေးသော သတ္တဝါကို မစင်ကြယ်စေနိုင်ကုန်"

တဲ့။ ကဲ...မများဘူးလား။ မစင်ကြယ်စေနိုင်တဲ့ အကျင့်တွေ၊ အဲဒါတွေတော့ ကြိုကြိုဖန်ဖန် လိုက်ကျင့်နေတယ်။ ကျင့်ရမယ့် မဂ္ဂင်ရှစ်ပါးအကျင့်တရားကိုတော့ မကျင့်ဘူးနော်"

"မှန်ပါဘုရား"

"ဒီတော့ စင်ကြယ်ပါဦးမလား"

"မစင်ကြယ်နိုင်ပါဘုရား"

"အဋ္ဌကထာကဆိုတယ်၊ **ကင်္ခါမလေ ဟိ သတိ န ဝိသုဒ္ဓေါ ဟောတိ** တဲ့၊ မြန်မာလိုဆိုတော့ "ယုံမှားသံသယ အညစ်အကြေး ရှိနေရင် စင်ကြယ်မှုမဖြစ်နိုင်"ဘူးတဲ့။ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"အင်း...ရှင်းမှ ရှင်းတယ်ပြောနော်"

"မှန်ပါဘုရား"

"တိဿရသေ့ကြီးဟာ အသားငါးစားမှုရှောင်တယ် မဟုတ်လား"

"မှန်ပါ၊ ရှောင်ပါတယ်ဘုရား"

http://www.dhammadownload.com



"ကဲ–ဘုရားရှင်ထံရောက်တော့ ဘုရားရှင်ကို အာမဂန္ဓ ဘုဉ်းပေးလား၊ ဘုဉ်းမပေးဘူးလား၊ မေးလျှောက်တော့ ဘုဉ်းပေး တယ်လည်းဆိုရော ဘုရားရှင်အပေါ်မှာ ယုံမှားမှုသံသယမလာ ဘူးလား၊ လာလား"

"လာပါတယ်ဘုရား"

"ကဲ...သားငါးရှောင်ရုံမျှနဲ့ ယုံမှားခြင်း လွန်မြောက်နိုင်ရဲ့ လား"

"မလွန်မြောက်နိုင်ပါဘုရား"

"နတ်ရွာ–နိဗ္ဗာန်ကော ရောက်နိုင်၊ ရနိုင်ပါ့မလား"

"မရောက်နိုင်၊ မရနိုင်ပါဘုရား"

## စင်ကြယ်နိုင်သည့်အကျင့်

"ကဲ...ယခု ဟောပြောခဲ့တဲ့ အကျင့်တွေ အာမဂန္ဓတွေဟာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းတွေ မဟုတ်ဘူး၊ ကိလေသာစင်ကြယ်မှု၊ ဘဝစင်ကြယ်မှု မဖြစ်နိုင်တဲ့ အကျင့် တွေပဲ၊ ယခု ဟောပြမယ့် အကျင့်တွေကတော့ စင်ကြယ်ခြင်းငှာ စွမ်းနိုင်တဲ့ အကျင့်တွေပဲး ဘာတဲ့လဲ"

"အကြင်သူသည် ဣန္ဒြေ ၆–ပါးတို့၌ လုံခြုံသည်ဖြစ်၍ ဉာတပရိညာဖြင့် ဣန္ဒြေတို့ကိုသိကာ ဣန္ဒြေတို့ကို ထင်ရှား အောင်ပြုလျက် ကျင့်၏။ သစ္စာလေးပါး မြတ်တရား၌ တည်၏။ ဖြောင့်မတ်သောသူ, နူးညံ့သောသူ၏ အဖြစ်၌ မွေ့လျော်၏။ ရာဂစသော ကပ်ငြိခြင်းကို လွန်မြောက်၏။ ဆင်းရဲအားလုံးကို ပယ်၏။ ခိုင်မြဲသောပညာနှင့် ပြည့်စုံသော

http://www.dhammadownload.com



ထိုသူသည် မြင်အပ်, ကြားအပ်သော အာရုံတို့၌ ကိလေသာ တို့ဖြင့် မလိမ်းကျံတော့ပေ”တဲ့။

အဲ...ယခုဟောပြောခဲ့တဲ့ အကျင့်တွေကတော့ မလွန်မြောက် သေးသော ဝိ စိ ကိစ္စာ ဟူသော အကုသိုလ် တရားရှိသော သတ္တဝါကို ကိလေသာနှင့် ဘဝကို သုတ်သင်နိုင်, စင်ကြယ်စေ နိုင်တဲ့ အကျင့်တွေပဲနော်”

“မှန်ပါ့ဘုရား”

“ဒီမှာ က္ခန္ဓြေဆိုတာ ဘာတွေလဲဆိုတော့ “မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် တို့ပဲ မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အဲဒီ က္ခန္ဓြေတွေကို ဉာတပရိညာဖြင့် ထင်ရှားအောင် ပြုလျက် ကျင့်ပုံကိုတော့ ဒီနေရာမှာ မပြောတော့ပါဘူး၊ သိပ်ပြီး တော့ ကျယ်သွားမှာစိုးလို့၊ အကျယ်သိချင်ရင်တော့ ဦးပဥ္စင်း ရေးတဲ့ ဘာဝနာဝတ္ထု၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် အာယတန ပိုင်းမှာ ကြည့်ပါတော့နော်”

“မှန်ပါဘုရား”

“အဲဒီ က္ခန္ဓြေတို့ကို ဉာတပရိညာဖြင့် ထင်ရှားအောင်ပြုလျက် ကျင့်၏ဆိုတဲ့ စကားအစဉ်ဟာ စင်ကြယ်တဲ့ သီလရှိတဲ့ ယောဂီ၏ နာမ်ရုပ်ပိုင်းခြားသိပုံကို ပြပါတယ်တဲ့နော်”

“မှန်ပါဘုရား”

“နာမ်ရုပ်ပိုင်းခြားသိရင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အမြင်ပျောက်မသွားဘူးလား”

“ပျောက်သွားပါတယ်မယ်ဘုရား”

http://www.dhammadownload.com



"အတ္တဒိဋ္ဌိကော ကွာမသွားဘူးလား"

"ကွာသွားပါမယ်ဘုရား"

"ကဲ...အဲဒီ မိမိပိုင်းခြားသိတဲ့ နာမ်ရုပ်ကို ဆက်လက်ပြီး တော့ ရှုပွားနေမယ်ဆိုရင် အရိယမဂ်ဖြင့် ထိုးထွင်းသိအပ်တဲ့ သစ္စာလေးပါး မြတ်တရား ထင်ရှားဖြစ်ပေါ်မလာနိုင်ဘူးလား"

"ထင်ရှားဖြစ်ပေါ်လာနိုင်ပါတယ်ဘုရား"

"အင်း...အရေးကြီးဆုံးက နာမ်ရုပ်ပိုင်းခြားသိဖို့ပဲနော်"

"မှန်ပါဘုရား"

"နာမ်ရုပ်ပိုင်းခြားသိရင် ရှေ့သွားဖို့က လွယ်ပါပြီ၊ ဒီတော့ ကြိုးစားဖို့ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"ကောင်းရင် ကြိုးစားပေါ့၊ ကြိုးစားတော့ သစ္စာလေးပါး မြတ်တရား၌ တည်လိမ့်မယ်နော်"

"မှန်ပါဘုရား"

"ဒီမှာတော့ သစ္စာလေးပါး မြတ်တရား၌ တည်တယ်ဆိုတာ သောတာပတ္တိမဂ် ဖြစ်ပေါ်လာပုံကို ပြပါတယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲ...သောတာပတ္တိမဂ် ဖြစ်ပေါ်ပြီးတော့ ဒီရုပ်-ဒီနာမ် တွေကို ဆက်လက်ရှုပွားတော့ သကဒါဂါမိမဂ် မဖြစ်ပေါ်နိုင်ဘူး လား"

"ဖြစ်ပေါ်နိုင်ပါတယ်ဘုရား"

http://www.dhammadownload.com



"အဲ…သကဒါဂါမိပုဂ္ဂိုလ် ဖြစ်သွားရင် ဖြောင့်မတ်တယ်, နူးညံ့တယ်တဲ့နော်"

"မှန်ပါဘုရား"

"သကဒါဂါမိပုဂ္ဂိုလ်ဟာ ဖြောင့်မတ်မှု, နူးညံ့မှုဒွိ မွေ့လျော်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ သကဒါဂါမိပုဂ္ဂိုလ်ဟာ ကိုယ်ကောက်ခြင်း, နှုတ်ကောက်ခြင်း, စိတ်ကောက်ခြင်း, စိတ်ကောက်ခြင်းကို ပြုတတ်တဲ့ ရာဂ, ဒေါသတွေ ခေါင်းပါးသွားလို့တဲ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ စိတ်ကြမ်းတမ်းအောင် ပြုတတ်တဲ့ ရာဂ, ဒေါသတွေ ခေါင်းပါးသွားလို့တဲ့နော်"

"မှန်ပါဘုရား"

"ကဲ…ဒီတော့ သကဒါဂါမိပုဂ္ဂိုလ်ဟာ ကိုယ်, နှုတ်, စိတ်ကောက်မှုကို ပြုတတ်တဲ့ ရာဂ, ဒေါသ ခေါင်းပါးတယ်၊ စိတ်ကြမ်းတမ်းအောင် ပြုတတ်တဲ့ ရာဂ–ဒေါသ ခေါင်းပါးတော့ ဖြောင့်မတ်မှုဒွိ မွေ့လျော်တာပေါ့နော်"

"မှန်ပါဘုရား"

"နူးညံ့မှုဒွိကော မမွေ့လျော်ဘူးလား"

"မွေ့လျော်ပါတယ်ဘုရား"

"အဲဒီလို ဖြောင့်မတ်မှု, နူးညံ့မှုဒွိ မွေ့လျော်ပြီးနေတဲ့ သကဒါဂါမိပုဂ္ဂိုလ်ဟာ ဒီရုပ်–ဒီနာမ်တွေကိုပဲ ရှုပွားပြန်တော့ အနာဂါမိပုဂ္ဂိုလ် မဖြစ်နိုင်ဘူးလား"

http://www.dhammadownload.com



"ဖြစ်နိုင်ပါတယ်ဘုရား"

"အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သွားရင် ရာဂ–ဒေါသဆိုတဲ့ ကပ်ငြိမှုတွေ လွန်မြောက်မသွားဘူးလား"

"လွန်မြောက်သွားပါတယ်ဘုရား"

"အင်း...ရာဂ–ဒေါသတို့က သကဒါဂါမိမဂ် အခိုက်မှာပါးရုံပဲပါးတယ်နော်"

"မှန်ပါဘုရား"

"အနာဂါမိမဂ် အခိုက်ကျတော့ ဘယ့်နှယ်လဲ"

"ကုန်သွားပါတယ်ဘုရား"

"အင်း...ရာဂ–ဒေါသ ခေါင်းပါးတဲ့ သကဒါဂါမ်ပုဂ္ဂိုလ်ဟာ ဖြောင့်မတ်တယ်, နူးညံ့တယ်ဆိုရင် ရာဂ–ဒေါသ လုံးဝကုန်သွားတဲ့ အနာဂါမ်ဆိုရင် ဘယ့်နှယ်နေပါ့မလဲ"

"အလွန်ဖြောင့်မတ်, အလွန်နူးညံ့ပါမယ်ဘုရား"

"အင်း...ဒကာငွေကိုင်ကြီး သေသေချာချာလည်း စဉ်းစားနော်"

"မှန်ပါ စဉ်းစားပါမယ်ဘုရား"

"ဒီခေတ်မှာ အတုတွေသိပ်ပြီးတော့ များနေပါတယ်၊ အတုများရင် ဘာဖြစ်တတ်သလဲ"

"အစစ်ပျောက်တတ်ပါတယ်ဘုရား"

"အစစ်ပျောက်ရင် ဘာဖြစ်မလဲ"

"သာသနာကွယ်ပါမယ်ဘုရား"

"သာသနာကွယ်ရင် ဘာဖြစ်မလဲ"

"သတ္တဝါတွေ ဒုက္ခရောက်ကြပါမယ်ဘုရား"

http://www.dhammadownload.com



"ဒုက္ခရောက်ချင်လား၊ မရောက်ချင်ဘူးလား"

"ဒုက္ခမရောက်ချင်ပါဘုရား"

"ဒုက္ခမရောက်ချင်ရင် ဘယ့်နှယ်လုပ်မလဲ"

"သာသနာမကွယ်အောင် ကြိုးစားရပါမယ်ဘုရား"

"သာသနာမကွယ်ချင်ရင် ဘယ့်နှယ်လုပ်မလဲ"

"အစစ်တွေ မပျောက်အောင် ကြိုးစားရပါမယ်ဘုရား"

"အစစ်တွေမပျောက်အောင် ဘယ့်နှယ်လုပ်မလဲ"

"အတုတွေကို လက်မခံရပါဘုရား"

"အင်း...အဲဒီအတုဟာ ကြောက်စရာအကောင်းဆုံးပဲနော်"

"မှန်ပါဘုရား"

"ကဲ...ထားတော့ အနာဂါမ်ပုဂ္ဂိုလ်ဟာလည်း ဒီနာမ်-ဒီရုပ်ကိုပဲ ဆက်လက်ပြီးတော့ ရှုပွားရင် အာသဝါကင်းကွာ ရဟန္တာမဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အင်း...ဒါ့ကြောင့် ဟိုပါဠိတော်မှာကိုပဲ "အလုံးစုံသော ဝဋ်ဒုက္ခ၏ အကြောင်းကို ပယ်သဖြင့် ပယ်အပ်ပြီးတဲ့ အလုံးစုံသော ဒုက္ခရှိသူ" လို့ ဆိုတာနော်"

"မှန်ပါဘုရား"

"ဒုက္ခအားလုံးပယ်ပြီးသူဆိုတော့ ရဟန္တာပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ် လို့ ဆိုတဲ့ ဣန္ဒြေတွေကို ဉာဏပရိညာဖြင့် ထင်ရှားအောင်ပြုလျက် ကျင့်ရင် အရဟတ္တမဂ်-အရဟတ္တဖိုလ် နိဗ္ဗာန်အထိ မရနိုင်ဘူးလား"

http://www.dhammadownload.com



"ရနိုင်ပါတယ်ဘုရား"

"အစဉ်အတိုင်း ရတာလား။ ခုန်ကျော်ရတာလား"

"အစဉ်အတိုင်း ရတာပါဘုရား"

"ကဲ–အစဉ်အတိုင်းရတော့ အရဟတ္တဖိုလ်ရောက်ကော ဆိုပါတော့နော်"

"မှန်ပါဘုရား"

"အရဟတ္တဖိုလ်ရောက်တော့ ခိုင်မြဲသောပညာနှင့် မပြည့်စုံဘူးလား"

"ပြည့်စုံပါတယ်ဘုရား"

"ခိုင်မြဲတဲ့ပညာနဲ့ ပြည့်စုံတဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ မြင်အပ်–ကြားအပ်တဲ့ အာရုံတွေမှာ ကိလေသာနဲ့ လိမ်းကျံ, ကပ်ငြိဦးမလား"

"မလိမ်းကျံ, မကပ်ငြိနိုင်တော့ပါဘုရား"

"စင်စစ်တော့ မြင်အပ်–ကြားအပ်တဲ့ အာရုံတွေမှာလည်း ကိလေသာနဲ့ မလိမ်းကျံ မကပ်ငြိတော့ဘူးနော်""

"ရောက်အပ်, သိအပ်တဲ့ အာရုံတွေမှာလည်း ကိလေသာနဲ့ မလိမ်းကျံ, မကပ်ငြိတော့ဘူးနော်"

"မှန်ပါဘုရား"

"ဒီတော့ အင်မတန် စင်ကြယ်တဲ့ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်မသွားဘူးလား"

"ရောက်သွားပါတယ်ဘုရား"

http://www.dhammadownload.com



## အရဟတ္တဖိုလ်အထွဋ်တင်

"အင်း...ဒေသနာတော်ကတော့ အရဟတ္တဖိုလ် အထွဋ် တင်ပြီး ဟောတဲ့ ဒေသနာတော်ပဲ၊ ကဿပဘုရားရှင် ရှေ့မှောက် မှာရှိတဲ့ ရသေ့ကြီး ဘာဖြစ်လဲ၊ ဂေါတမဘုရားရှင်ရှေ့မှာရှိနေတဲ့ အာမဂန္ဓရသေ့ အမူးရှိတဲ့ ရသေ့ငါးရာ ဘာဖြစ်လဲတော့ ဒီအထိ မပါသေးဘူးနော်"

"မှန်ပါဘုရား"

"မျက်စိလည်း မလည်စေနဲ့ဦးနော်"

"မှန်ပါ မလည်ပါဘုရား"

"တရားက ဘုရားရှင် ၂-ဆူဟောပုံ ဟောပြနေရတဲ့တရား မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အာမဂန္ဓရသေ့ အမူးရှိတဲ့ ရသေ့ငါးရာကို ကဿပဘုရား ရှင်က တိဿရသေ့ကြီးကို ဟောတဲ့နည်းအတိုင်း ဂေါတမဘုရား ရှင်က ပြန်ဟောပုံကို ဟောပြနေတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ကဿပဘုရားရှင်ရှေ့မှာ တိဿရသေ့ကြီး၊ ဂေါတမဘုရားရှင်ရှေ့မှာ အာမဂန္ဓရသေ့ အမူးရှိတဲ့ ရသေ့ငါးရာ ရှိနေတာတော့ အာရုံမပြတ်စေနဲ့နော်"

"မှန်ပါ မပြတ်စေပါဘုရား"

http://www.dhammadownload.com



## သိသွားပြီ

"အဲ...ကဿပဘုရားရှင်ဟာ အာမဂန္ဓရဲ့ အနက်အဓိပ္ပာယ်၊ သဘော-သဘာဝတွေကို အထပ်ထပ်၊ အပြန်ပြန် ဂါထာများစွာတို့ဖြင့် ဟောတယ်၊ ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာဓိဋ္ဌာန်လည်းဟောတယ်၊ ဘယ်လောက်ဟောလဲဆိုရင် တိဿရသေ့ကြီး သိလောက်အောင်ကို ဟောတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုဟောတော့ အဲဒီအာမဂန္ဓရဲ့ အနက်သဘောတွေကို မန္တာန်ပါရဂူ၊ ဗေဒင်ပါရဂူ တိဿရသေ့ကြီး သိမသွားဘူးလား"

"သိသွားပါတယ်ဘုရား"

"ဘာ့ကြောင့် သိသွားလဲဆိုတော့ အနက်အားဖြင့်လည်း ဆန်းကြယ်၊ ပုဒ်အားဖြင့်လည်း ဆန်းကြယ်၊ ဒေသနာနည်းအားဖြင့်လည်း ဆန်းကြယ်တဲ့ ဂါထာတို့ဖြင့် ကဿပဘုရားရှင်က ဟောတော်မူလို့ သိသွားတာတဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဒီနေရာမှာ နည်းနည်းပြောချင်တာလေးကို သတိထားပြီး နားထောင်ပါနော်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ကဿပဘုရားရှင် ဟောပုံကို ပြန်လည်သတိပြုပါ၊ သတိပြုတော့ ဘာတွေ့ရလဲ-

၁။ အနက်အားဖြင့်လည်း ဆန်းကြယ်

၂။ ပုဒ်အားဖြင့်လည်း ဆန်းကြယ်

http://www.dhammadownload.com



၃။ ဒေသနာနည်းအားဖြင့်လည်း ဆန်းကြယ်လို့ ပါတယ် မဟုတ်လား"

"မှန်ပါ၊ ပါပါတယ်ဘုရား"

"အဲဒီမှာ ပုဒ်အားဖြင့် ဆန်းကြယ်ဆိုတာ ပါဠိကိုပြောတာ နော်"

"မှန်ပါဘုရား"

"ဒီတော့ ဒီခေတ်မှာ ဒီပါဠိကို ပုတ်ခတ်, ပုတ်ခတ်ပြီးတော့ ဟောပြောနေတာကို သတိထားပါနော်"

"မှန်ပါဘုရား"

"ကိုယ်က ပါဠိမနိုင်လို့ မဟောချင်နေ၊ နိုင်တဲ့ပုဂ္ဂိုလ်က ပါဠိနဲ့ တန်ဆာဆင်ပြီး အဆန်းတကြယ် ဟောတာကို အပြစ် မတင်ပါနဲ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

## တိဿရသေ့ကြီး ရှိနိုးပြီ

"အဲဒီလို အဆန်းတကြယ် အံ့ဩဖွယ်နဲ့ အညှိအဟောက် **အာမဂန္ဓ** ဆိုတာဘာလဲ, ကိလေသာအညှီအဟောက်မရှိတဲ့ **"နိရာမဂန္ဓ"** ဆိုတာ ဘာလဲ, တဏှာဒိဋ္ဌိနဲ့မှီတယ်ဆိုတာဘာလဲ, တဏှာဒိဋ္ဌိအမှီမရှိဆိုတာဘာလဲ, ဗာဟိရဒိဋ္ဌိအစွမ်းဖြင့် "ဒီဟာ မြတ်တယ်" လို့ တစ်စုံတစ်ယောက်က ဆောင်ခြင်းငှာ မစွမ်း ဆောင်နိုင်လို့ သိနိုင်ခဲတယ်ဆိုတာ ဘာလဲ စသည်ဖြင့်ဟောတော့

http://www.dhammadownload.com



အညှီအဟောက် "အာမဂန္ဓ" နဲ့ အညှီအဟောက် မဟုတ်တဲ့ "နိရာမဂန္ဓ" ကို တိဿရသေ့ကြီး သိသွားတယ်နော်"

"မှန်ပါ၊ သိသွားပါတယ်ဘုရား"

"တိဿရသေ့ကြီးကို ကဿပဘုရားရှင် ဟောတဲ့အတိုင်း အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာကို ဂေါတမဘုရားရှင် ပြန်ဟောတော့ အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာလည်း သိမသွားဘူးလား"

"မှန်ပါ၊ သိသွားပါတယ်ဘုရား"

"သိသွားတော့လည်း နှိမ်ချတဲ့စိတ်ရှိပြီး တိဿရသေ့ကြီးက ကဿပဘုရားရှင်ကို အရိုအသေ ရှိခိုးတယ်နော်"

"မှန်ပါဘုရား"

"အာမဂန္ဓအမှူးရှိတဲ့ ရသေ့ငါးရာလည်း ဂေါတမဘုရားရှင်ကို ရှိခိုးတယ်၊ အရိုအသေပေါ့နော်"

"မှန်ပါဘုရား"

## အားကိုးလွဲလို့

"ကဲ...တိဿရသေ့ကြီးကော, အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့တွေပါ စောစောက ဘုရားရှင်တွေကို ရှိမခိုးကြဘူး၊ သူတို့ဟာ ရဟန္တာလောင်းတွေပဲ၊ ဘာဖြစ်လို့ ရှိမခိုးလဲဆိုတော့ သက်သတ်လွတ်အကျင့်ကို အားကိုးလွဲပြီး အထင်ကြီးခဲ့ကြသော ကြောင့် ရှိမခိုးကြတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ကဲ...ခုတော့ ဘာဖြစ်လို့ ရှိခိုးကြသလဲ"

"သက်သတ်လွတ်အကျင့်ဟာ အားကိုးခံနိုင်တဲ့ အကျင့်ကောင်းတစ်ခု မဟုတ်ကြောင်းသိသွားပြီး အထင်ကြီးပျောက်သွားလို့ ရှိခိုးကြတာပါဘုရား"

"ခုခေတ်မှာလည်း အဲဒီ သက်သတ်လွတ်အကျင့်ကို အကျင့်ကောင်းတစ်ခုထင်ပြီး ကျင့်ကြတဲ့ အချို့ပုဂ္ဂိုလ်တွေဟာ သီလ သမာဓိပညာရှိတဲ့ တကယ့်ဆရာတော် သံဃာတော်တွေကို သက်သတ်လွတ် မစားကြလို့ဆိုပြီး အထင်သေးကြတယ်၊ ရှိမခိုးကြတာတွေ ရှိတယ်မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"အဲဒီအထဲ ကိုယ်မပါစေနဲ့နော်"

"မှန်ပါ၊ မပါစေပါဘုရား"

## ရဟန်းအဖြစ်တောင်း

"အဲဒီရသေ့တွေဟာ အာမဂန္ဓဆိုတာ ဘာလဲ၊ နိရာမဂန္ဓဆိုတာ ဘာလဲ စသည်ဖြင့် အမှား, အမှန်, အကောင်း, အဆိုး, အကြောင်းအကျိုး အကုန်လည်းသိရော, မာန်မာနကျသွားတယ်၊ ရှိခိုးတယ်နော်"

"မှန်ပါဘုရား"

"ရှိခိုးရုံတင်မဟုတ်ဘူး၊ တိဿရသေ့ကြီးက ကဿပဘုရားရှင်ထံမှာ ရဟန်းပြုခွင့်တောင်းတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီတော့ ကဿပဘုရားရှင်က တိဿရသေ့ကြီးကို "**ဟေ့ဘိက္ခု=ရဟန်း လာလှည့်**" လို့ ခေါ်တော်မူလိုက်တယ်၊ အဲဒီဘုရားရှင်ရဲ့ စကားအဆုံးမှာပဲ တိဿရသေ့ကြီး ရဟန်းဖြစ်သွားတယ်၊ "**ဟေ့ဘိက္ခုရဟန်း**" လို့ ခေါ်တာပေါ့နော်"

"မှန်ပါဘုရား"

"ရဟန်းဖြစ်တယ်ဆိုရင်ပဲ ရဟန်းကျင့်ဝတ်အတိုင်း ဆွမ်းခံပြီး ဘုဉ်းပေးရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဆွမ်းခံဘုဉ်းပေးတော့ သက်သတ်လွတ်တာရော, မလွတ်တာရော မျိုးစုံမရဘူးလား, ရလား"

"မျိုးစုံရပါတယ်ဘုရား"

"မျိုးစုံရတော့ မျိုးစုံပဲ ဘုဉ်းပေးရတယ်မဟုတ်လား"

"မှန်ပါ မျိုးစုံ ဘုဉ်းပေးရပါတယ်ဘုရား"

"မျိုးစုံဘုဉ်းပေးတော့ တစ်မျိုးမမျှ, တစ်မျိုးမျှဆိုတော့ အာဟာရသပ္ပါယ မမျှဘူးလား, မျှလား"

"မျှပါတယ်ဘုရား"

"ဟော...မျှတော့ ရဟန်းဝတ်လို့ နှစ်ရက်သုံးရက်အကြာမှာပဲ ရဟန္တာဖြစ်သွားတယ်တဲ့။ ကဲ...မမြန်ဘူးလား"

"မြန်ပါတယ်ဘုရား"

"သက်သတ်လွတ်စားပြီးတော့ တရားကျင့်စဉ်က တရားရရဲ့လား"

http://www.dhammadownload.com



"တရားမရပါဘုရား"

"ဘာရသလဲ"

"ဖြူဖတ်ဖြူရော် ရောဂါရပါတယ်ဘုရား"

"အင်း...ရောဂါရလို့ ရွာပြည်သို့ချည်းကပ်ပြီး ချဉ်ဆား စသည် မှီဝဲရတယ်နော်"

"မှန်ပါဘုရား"

"ကဲ...ထားပါတော့၊ အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာ လည်း မာန်မာနကျပြီး ဂေါတမဘုရားရှင်ကို ရှိခိုးပြီး ရဟန်းပြုခွင့် တောင်းတယ် မဟုတ်လား"

"မှန်ပါ တောင်းပါတယ်ဘုရား"

"ဂေါတမဘုရားရှင်က "**ဧထ ဘိက္ခဝေါ**=ရဟန်းတို့ လာကြ ကုန်လော့" လို့ ခေါ်တော်မူလိုက်တယ်ဆိုရင်ပဲ အာမဂန္ဓရသေ့ အမှူးရှိတဲ့ ရသေ့ငါးရာဟာ ရသေ့အသွင်ပျောက်ပြီး ရှစ်ဖြာပရိက္ခရာ စုံလင်စွာနဲ့ ရဟန်းဘဝ ရောက်ကြတယ်နော်"

"မှန်ပါဘုရား"

"ရဟန်းဘဝ ရောက်တယ်ဆိုရင် ဆွမ်းခံဘုဉ်းပေးကြ တယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဆွမ်းခံဘုန်းကြီးဆိုတာ ရတာအကုန် ဘုဉ်းပေးရတာ ပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲ...အာဟာရသပ္ပာယမျှတော့ မကြာမီ နှစ်ရက် သုံးရက်အတွင်းမှာပဲ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်သွား ကြပါတယ်နော်"

"မှန်ပါဘုရား"

"ဒီတွင်ပဲ ဒီအာမဂန္ဓသုတ္တန်လည်း အဆုံးသတ်ပါတယ်၊ နိဂုံးချုပ်ဖို့ပဲ ရှိပါတယ်နော်"

"မှန်ပါဘုရား"

## သန္တုဋ္ဌိမဖြစ်

"နိဂုံးမချုပ်ခင် ပြောချင်တာက သက်သတ်လွတ်ဝါဒ. သက်သတ်လွတ် အကျင့်သည် ရတာနှင့် ရောင့်ရဲတဲ့ ဘုရားရှင် အလိုတော်ကျ သန္တုဋ္ဌိမဖြစ်ဘူး၊ **သန္တုဋ္ဌိ ပရမံ ဓနံ ရသမျှနဲ့ ရောင့်ရဲခြင်းသည် အမြတ်ဆုံးသောဥစ္စာ**" ဆိုသဖြင့် သန္တုဋ္ဌိ မဖြစ်လျှင် အမြတ်ဆုံးသော ဥစ္စာကြီးမရတော့ အမြတ်ဆုံးသော ဥစ္စာကြီးမှ ရှုံးရတော့သည်။ အမြတ်ဆုံးဥစ္စာမရှိတဲ့ ပုဂ္ဂိုလ် ချမ်းသာပါဦးမလား?"

"မချမ်းသာတော့ပါဘုရား"

## မီးနိုးမစဲရဟာန်းမွဲ

"မချမ်းသာဘူးဆိုတော့ မွဲတာပေါ့၊ ဒါကြောင့် "မီးနိုးမစဲ ရဟန်းမွဲ"လို့ စာဆိုတာပေါ့၊ ရတာနဲ့ မရောင့်ရဲနိုင်တော့ ချက်ရတယ်၊ ချက်ရတော့ ချက်စရာရှာရတယ်၊ ချက်စရာ တွေ

http://www.dhammadownload.com



သိမ်းဆည်းသိုလှောင်ရတယ်၊ ချက်ပြုတ်ပေးမယ့် ကပ္ပိယ ရှာရတယ်၊ အဲဒီ ကပ္ပိယအတွက် ပူရတယ် စသည် ဖြစ်မလာဘူးလား?"

"ဖြစ်လာပါတယ်ဘုရား"

"ဖြစ်လာတော့ ရဟန်းချမ်းသာ ပျောက်မသွားဘူးလား၊ ပျောက်သွားလား?"

"ပျောက်သွားပါတယ်ဘုရား"

"ချက်စရာ ပြုတ်စရာတွေနဲ့ ချက်မဲ့ ပြုတ်မဲ့လူတွေနဲ့ ဆိုတော့ ရဟန်းတို့ကျောင်းနဲ့ တူသေးလား?"

"မတူတော့ပါဘုရား"

"ဘာနဲ့တူနေလဲ"

"အမိန့်ရှိပါဘုရား"

"သာသနာပရသေ့ကျောင်းနဲ့ တူနေပြီနော်"

"မှန်ပါဘုရား"

"အင်း...ဘာမဟုတ်တဲ့ သက်သတ်လွတ် အယူဝါဒ သည် သာသနာတော်ကို များစွာထိခိုက်စေပါသည်။ ပျက်စီး စေပါသည်။ ဒါအထူးသတိထားပါနော်"

"မှန်ပါဘုရား"

"လူတွေကတော့ ကိုယ့်ဘာသာကိုယ် ချက်စားတာ ဆိုတော့ ကိစ္စမရှိပါဘူး၊ သက်သတ်လွတ်သည်ပဲဖြစ်စေ၊ မလွတ်သည်ဘဲ ဖြစ်စေ ထူးလား?"

"မထူးပါဘုရား"

http://www.dhammadownload.com



"ရဟန်းတော်တွေက သူများလှူတာ၊ လောင်းတာ ဘုဉ်းပေးရတော့ လောင်းလှူသူက သက်သတ်လွတ်ဆို လွတ်လိုက် လောင်းလှူသူက မလွတ်လည်း မလွတ်ပေါ့၊ ရတာနဲ့ မျှတရမှာ ပေါ့နော်"

"မှန်ပါဘုရား"

## မွေးမြူခက်

"အဲဒီလို ရတာနဲ့ မမျှတနိုင်ဘူး၊ ဘာမှ, ညာမှ သက်သတ်လွတ်မှဆိုတော့ အဲဒီရဟန်းဟာ ဒကာ ဒကာမတွေက မွေးမြူရတာက ခက်လား၊ လွယ်လားဆိုတော့ ဘယ့်နှယ် ဖြေမလဲ?"

"မွေးမြူခက်ပါတယ်ဘုရား"

"ကိုယ့်ကိုယ်ကိုလည်း မွေးမြူခက်တယ်နော်"

"မှန်ပါဘုရား"

"ကိုယ့်ကို ဒကာ ဒကာမတွေကလည်း မွေးမြူဖို့ရာ ခက်တယ်နော်"

"မှန်ပါဘုရား"

"ဘယ့်နှစ်ခက်ကြိုလဲ"

"နှစ်ခက်ကြိုပါတယ်ဘုရား"

## ကိစ္စများတယ်

"ဘုရားရှင်က ကိစ္စများတာကို နည်းနည်းမှ မနှစ်သက်ပါဘူး၊ ကိစ္စနည်းတာကိုပဲ နှစ်သက်ပါတယ်၊ ချီးမွမ်းပါတယ်၊

http://www.dhammadownload.com



ယခုလို အစားတစ်လုတ်အတွက်နဲ့ ဒကာ ဒကာမအများ လူအများ ကိစ္စများနေရင် ကောင်းပါဦးမလား၊ ဘုရားရှင် ချီးမွမ်းပါဦးမလား?"

"မကောင်းတော့ပါ၊ ဘုရားရှင်မချီးမွမ်းနိုင်တော့ပါဘုရား"

"တရားအားထုတ်တဲ့အခါမှာ ကိစ္စနည်းဖို့ ညွှန်ကြားရ တယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ခဏတာ အစားအတွက် ကိစ္စမများပါစေနဲ့၊ မျှတလျှင် ပြီးတာပေါ့နော်"

"မှန်ပါဘုရား"

## ပေါ့ပါးသောအသက်မွေးခြင်း

"ရတာနဲ့ မရောင့်ရဲနိုင်ဘဲ သက်သတ်လွတ်မှ၊ ဘာမှ၊ ညာမှနဲ့ဆိုတော့ ကိစ္စမများဘူးလား၊ ဟော...ကိစ္စများတယ်၊ ကိစ္စများတော့ အသက်မွေးရတာ ပေါ့လား၊ လေးလားဆိုတော့ ဘယ့်နှယ်လဲ?"

"လေးပါတယ်ဘုရား"

"ဘုရားရှင် အလိုတော်ကျလား?"

"မကျပါဘုရား"

"ဒါ-ဦးပဥ္စင်း အလွတ်ပြောနေတာ မဟုတ်ပါဘူးနော် ဘုရား ဟောအတိုင်း ပြောနေတာပါ"

"မှန်ပါဘုရား"

"မေတ္တာသုတ်ဆိုတာ ဗုဒ္ဓဝါဒီတိုင်း ကြားနားဖူးပါတယ်၊ အဲဒီပါဠိတော်မှာ ဘာတဲ့လဲ-

http://www.dhammadownload.com



၁။ **သန္တုဿကော စ**=တင်းတိမ်ရောင့်ရဲ လွယ်သူလည်း၊ **အဿ**=ဖြစ်ရာ၏၊
၂။ **သုဘရော စ**=အမွေးအမြူလွယ်သူလည်း၊ **အဿ**= ဖြစ်ရာ၏။
၃။ **အပ္ပကိစ္စော စ**=နည်းပါးသောကိစ္စရှိသူလည်း၊ **အဿ**= ဖြစ်ရာ၏။
၄။ **သလ္လဟုကဝုတ္တိ**=ပေါ့ပါးသော အသက်မွေးခြင်းရှိသူ လည်း၊ **အဿ**=ဖြစ်ရာ၏”တဲ့၊ ကဲ...ရှင်းလား၊ တစ်ချို့ သက်သတ်လွတ်သမားတွေဟာ လိုအပ်တဲ့ ဒီအချက် တော့ မကိုးကားဘဲ မလိုအပ်တဲ့ “မာတာ ယထာ နိယံပုတ္တ” စတဲ့ ဂါထာ သွားပြီးကိုးကွယ်နေတယ်နော်”

“မှန်ပါဘုရား”

“အဲဒါက မေတ္တာစိတ် ထားရမည့် သတ္တဝါကို ပြတာ၊ သက်သတ်လွတ် စားရမှာကို ပြတာမဟုတ်ဘူးနော်”

“မှန်ပါဘုရား”

“အသေကောင်ကို မေတ္တာမပွားရကြောင်းကို နောက်က ပြောခဲ့ပြီနော်”

“မှန်ပါ ပြောခဲ့ပါပြီဘုရား”

“အင်း...အသက်ထင်ရှားရှိတဲ့ သတ္တဝါတွေအပေါ်မှာ တော့ သားတစ်ယောက်တည်းရှိတဲ့ မိခင်ဟာ တစ်ယောက် တည်းသောသားကို အသက်ပမာ ချစ်ခင်သလို မေတ္တာထား သလို မေတ္တာထားရမယ် ဒီလိုမဟုတ်လား?”

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"သက်သတ်လွတ်တော့ စားတယ် မတရားပြုလုပ်၊ ပြောဆိုကြံစည်လိုက်တာလည်း လွန်ပါရောဆိုတော့ ဟုတ်ပါဦးမလား?"

"မဟုတ်တော့ပါဘုရား"

"အဲဒါ သဘောပေါက်ရမယ်နော်"

"မှန်ပါဘုရား"

## ဒေဝဒတ်တောင်းဆိုချက်

"ဒီနေရာမှာ ဒေဝဒတ်တောင်းဆိုချက်ငါးချက်ကို အင်မတန်မှတ်သားသင့်ပါတယ်၊ ဒေဝဒတ်ဟာ ဒီတောင်းဆိုချက်ငါးချက်ကို စိတ်ကောင်းနဲ့ တောင်းတာမဟုတ်၊ သံဃာတွေကွဲအောင် ခွဲချင်လို့ တောင်းတာပဲနော်"

"မှန်ပါဘုရား"

"ဘယ်အချိန်မှာ ဘာတွေကို ဘယ်လိုတောင်းလဲဆိုတော့ အခါတစ်ပါး ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တော်မှာ သီတင်းသုံးတော်မူခိုက် အချိန်မှာပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီအချိန်မှာ ဒေဝဒတ်ဟာ ဘုရားရှင်ထံမှောက် ချဉ်းကပ်ပြီး တောင်းဆိုတယ်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် အများအားဖြင့် အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊

http://www.dhammadownload.com



ခေါင်းပါးခြင်း၊ ကိလေသာကို ခါတွက်ခြင်း၊ ကြည်ညို ဖွယ်ကို ဖြစ်စေခြင်း၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးခြင်း၊ လုံ့လ ကြိုးကုတ်အားထုတ်ခြင်း၏ ကျေးဇူးကို ဆိုလေ့ရှိပါသည်။ မြတ်စွာဘုရား၊ ယခု တပည့်တော် တောင်းဆိုမည့် တောင်းဆိုချက် ငါးချက်သည် ဆိုခဲ့ပြီးသည့် ဂုဏ် ကျေးဇူးတွေနဲ့ ပြည့်စုံပါကုန်တယ်ဘုရား၊ တပည့်တော် တောင်းဆိုချက်တွေက ဘာတွေလဲဆိုတော့-

၁။ ဘုရားရှင်တပည့်တွေသည်အသက်ထက်ဆုံး တောမှာ နေပါစေ၊ ရွာသို့ ချဉ်းကပ်အံ့၊ အာပတ်သင့်ပါစေ၊

၂။ ဘုရားရှင်တပည့်တွေသည် အသက်ထက်ဆုံး ဆွမ်းခံ စားပါစေ၊ ပင့်ဖိတ်သည့်ဆွမ်းကိုစားအံ့၊ အာပတ်သင့် ပါစေ၊

၃။ ဘုရားရှင်တပည့်တွေသည် အသက်ထက်ဆုံး ပံသုကူ သင်္ကန်းဆောင်ပါစေ၊ လှူတို့လှူသော သင်္ကန်းကိုဆောင်က အာပတ်သင့်ပါစေ၊

၄။ ဘုရားရှင်တပည့်တွေသည် အသက်ထက်ဆုံး သစ်ပင် အောက်မှာ နေပါစေ၊ အမိုးအောက်ဝင်အံ့၊ အာပတ် သင့်ပါစေ၊

၅။ ဘုရားရှင်တပည့်တွေသည် အသက်ထက်ဆုံး သားငါး မစားပါစေနဲ့၊ စားသောရဟန်း အာပတ်သင့်ပါစေ”

“မြတ်စွာဘုရား ဤတောင်းဆိုချက် ငါးချက်သည် ဆိုခဲ့ပြီး သော ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံပါကုန်တယ်ဘုရား၊ အဲဒီ

http://www.dhammadownload.com



ငါးချက်ကို ပေးတော်မူပါဘုရား၊ ပညတ်တော်မူပါဘုရားလို့ တောင်းဆိုတယ်တဲ့နော်"

"မှန်ပါဘုရား"

အဲဒီလို တောင်းဆိုချက် ငါးချက်ကို ဒေဝဒတ်က တောင်းဆိုတော့ ဘုရားရှင်က–

"ဒေဝဒတ် မသင့်–

၁။ တောမှာ နေလိုတဲ့ရဟန်း တောမှာနေပါစေ၊ ရွာမှာ နေလိုတဲ့ရဟန်း ရွာမှာနေပါစေ၊

၂။ ဆွမ်းခံစားလိုတဲ့ရဟန်း ဆွမ်းခံစားပါစေ၊ ပင့်ဖိတ်ဆွမ်း စားလိုတဲ့ရဟန်း ပင့်ဖိတ်ဆွမ်း စားပါစေ၊

၃။ ပံသုကူသင်္ကန်း ဆောင်လိုတဲ့ရဟန်း ပံသုကူသင်္ကန်း ဆောင်ပါစေ၊ ဒကာတို့လှူသော သင်္ကန်းဆောင်လိုသော ရဟန်း ဆောင်ပါစေ၊

၄။ ရှစ်လပတ်လုံး သစ်ပင်အောက်မှာနေလိုက နေဖို့ ငါ ပညတ်ထားတယ်၊ မိုးလေးလမှု သစ်ပင်အောက်နေရန် ငါမပညတ်၊

၅။ မမြင်၊ မကြား၊ မယုံမှားတဲ့ အစွန်းသုံးပါးလွတ်တဲ့ သား ငါးကို စားသုံးဖို့ ငါပညတ်ထားတယ်"

လို့ ဘုရားရှင်က ဒေဝဒတ်ကို ပြန်လည်မိန့်ကြားလိုက်ပါတယ်။ အဲဒီမိန့်ကြားချက်ကို သတိထားကြည့်ရင် အပိုင်း ၂–ပိုင်း တွေ့ရပါမယ်၊ ဘာတွေလဲဆိုတော့–

၁။ အမှတ်(၁)မှ အမှတ်(၄)အထိ နှစ်ချက်နှစ်ချက် ခွင့်ပြုပါတယ်။

http://www.dhammadownload.com



၂။ အမှတ်(၅)ကျတော့ လုံးဝခွင့်မပြုဘဲ ပိတ်ပင်တားမြစ်လိုက်ပါတယ်၊ စားသုံးကောင်းတဲ့ အသားငါးကို ထုတ်ပြလိုက်ပါတယ်"

"အဲဒီအပိုင်း ၂–ပိုင်းကိုတွေ့ပါတယ်၊ ဒီတော့သက်သတ်လွတ်စားဖို့ ဘုရားရှင် လုံးဝမပညတ်ဘူးဆိုတာ မထင်ရှားဘူးလား?"

"ထင်ရှားပါတယ်ဘုရား"

"အစွန်းသုံးပါးလွတ်တဲ့ သားငါးစားဖို့ ဘုရားပညတ်ခဲ့တယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"လူတွေအတွက်ဆိုရင် အစွန်းသုံးပါးလွတ်တဲ့ သားငါးအားလုံး စားကောင်းတယ်နော်"

"မှန်ပါဘုရား"

"ရဟန်းတော်တွေအတွက်ကတော့ အသားကြီး ၁၀–ပါး နှင့်အစွန်းသုံးပါးလွတ်တဲ့ သားငါးစားကောင်းတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ မစားကောင်းတာကိုလည်း စားကောင်းတယ်လို့မပညတ်ပါနဲ့၊ စားကောင်းတာကိုလည်း မစားကောင်းဘူးလို့မပညတ်ပါနဲ့နော်"

"မှန်ပါဘုရား"

## အကျင့်ကောင်းမဟုတ်

"ကဲ...ဒေဝဒတ် တောင်းဆိုချက်ကို ပြန်ပြီး ကောက်ချက်ချကြည့်ကြစို့၊ ဒေဝဒတ်က ဘုရားရှင်သည် အများအားဖြင့်

http://www.dhammadownload.com



အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ခေါင်းပါးခြင်း၊ ကိလေသာကို ခါထွက်ခြင်း၊ ကြည်ညိုဖွယ်ကိုဖြစ်စေခြင်း၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးခြင်း၊ လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးတွေ ဆိုလေ့ရှိပါတယ်၊ တပည့်တော်တောင်းမဲ့ တောင်းဆို ချက်ငါးချက်ဟာ ယင်းဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံပါတယ်လို့ လျှောက်ပြီး တောင်းဆိုချက်ငါးချက် မတောင်းဘူးလား?"

"တောင်းပါတယ်ဘုရား"

"ဘုရားရှင်ကပေးလား"

"ရှေ့ ၄-မျိုးမှာ ၂-မျိုးခွင့်ပြုပြီး နောက်တစ်မျိုးတော့ လုံးဝ မပေးပါဘုရား"

"အဲဒီလို လုံးဝခွင့်မပြု မပေးတာကို ထောက်ရင် သက် သတ်လွတ်ဝါဒဟာ-

၁။ အလိုနည်းခြင်း=**အပ္ပိစ္ဆ၊**

၂။ ရောင့်ရဲခြင်း=**သန္တုဋ္ဌိ**

၃။ ခေါင်းပါးခြင်း=**သလ္လေခ၊**

၄။ ကိလေသာကိုခါထွက်နိုင်ခြင်း=**ဓုတ-ဓုတင်၊**

၅။ ကြည်ညိုဖွယ်ကို ဖြစ်စေခြင်း=**ပါသာဒိက၊**

၆။ ဝဋ်ဆင်းရဲကို ဖျက်ဆီးခြင်း=**အပစယ၊**

၇။ လုံ့လကြိုးကုတ် အားထုတ်ခြင်း=**ဝီရိယာရမ္ဘ**

စတဲ့ ဂုဏ်ကျေးဇူးတွေ မဖြစ်စေနိုင်တဲ့ ဝါဒဟာ ဒေဝဒတ် ဝါဒဆိုတာ မထင်ရှားဘူးလား?"

"ထင်ရှားပါတယ်ဘုရား"

http://www.dhammadownload.com



## ပရိသတ် ၂-မျိုး

"စာပေကျမ်းဂန်တွေ ကြည့်မယ်ဆိုရင် ပရိသတ်နှစ်မျိုး, နှစ်မျိုးတွေ့ရတယ်၊ ပရိသတ်နှစ်မျိုးက ဘာလဲဆိုတော့ ဘုရားပရိသတ်နဲ့ ဒေဝဒတ်ပရိသတ်ပါပဲ၊ ယခုအခါ ဒေဝဒတ်ဝါဒ ရှိသူတွေဟာ ဒေဝဒတ်ပရိသတ်ဖြစ်ပြီး ဘုရားပွင့်တဲ့အခါ ဘုရားအတိုက်အခံ ဒေဝဒတ်အသင်းအပင်း ဖြစ်မှာပေါ့နော်"

"မှန်ပါဘုရား"

"ယခုအခါ ဗုဒ္ဓဝါဒရှိသူတွေဟာ ဗုဒ္ဓပရိသတ်ဖြစ်ပြီး ဘုရားပွင့်တဲ့ အခါလည်း ဗုဒ္ဓပရိသတ်ဖြစ်ပြီး ကျွတ်တမ်းဝင်မှာပေါ့နော်"

"မှန်ပါဘုရား"

"ဒါဟာ ဦးပဥ္စင်း ဂေါတမဗုဒ္ဓ သာသနာတော်ကို ထောက်ပြီး ပြောတာပါ၊ မေတ္တေယျဗုဒ္ဓလက်ထက်မှာ ဖြစ်ရမည့် ပုံ ပြောတာပါနော်"

"မှန်ပါဘုရား"

"ဒီတော့ ယခုကတည်းက ဗုဒ္ဓဝါဒသက်ဝင်တဲ့ ဗုဒ္ဓ ပရိသတ် ဖြစ်တာပေါ့နော်"

"မှန်ပါဘုရား"

"ဒေဝဒတ်ဝါဒ, သာသနာပရသေ့တွေဝါဒကို ပယ်ရှားနိုင်ပါစေနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလို ပယ်သင့်တာပယ်နိုင်၍ လိုက်နာသင့်တာ, ကျင့်သင့်တာ, လိုက်နာ, ကျင့်ကြံသဖြင့် တိဿရသေ့ကြီးနှင့် အာမဂန္ဓရသေ့အမှူးရှိတဲ့ ရသေ့ငါးရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်၍ နိဗ္ဗာန်ဝင်စံနိုင်ကြသလို နိဗ္ဗာန်ဝင်စံနိုင်ကြပါစေကုန်သတည်းဟု ဆုတောင်းရင်းနှင့် နိဂုံးချုပ်ကြစို့–

❋ ယံ ပတ္တံ ကုသလံ တဿ၊
အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊
ဉတွာ ဓမ္မံ သုခါဝဟံ။ ။

❋ ပါပုဏန္တု ဝိသုဒ္ဓါယ၊
သုခါယ ပဋိပတ္တိယာ။
အသောက-မနုပါယာသံ၊
နိဗ္ဗာန သုခမုတ္တမံ။ ။

(မယာ=တရားဟောပုဂ္ဂိုလ်၊ ခေါ်ဆိုသမုတ်၊ အကျွန်ုပ် သည်) ယံကု-သလံ=မေတ္တာ, ကရုဏာ ရှေ့ထားကာဖြင့်၊ တရားဟောပြ ဝီရိယနှင့် ဉာဏသဒ္ဓါ၊ ယှဉ်ဖက်ပါသော၊ မဟာခေါ်ဆို မြားမြောက်လှသော၊ အကြွင်ကုသိုလ်ကို၊ ပတ္တံ= ယောနိသော ပဒဋ္ဌာန်၊ အကြောင်းခံ၍၊ ကေန်ဆတ်ဆတ်၊ ရောက်အပ် ရအပ်ပါပေပြီ။

**တဿကုသလဿ**=မေတ္တာကရုဏာ, ရှေ့ထားကာဖြင့်၊ တရားဟောပြ၊ ဝီရိယနှင့်၊ ညာဏသဒ္ဓါ၊ ယှဉ်ဖက်ပါသော၊

http://www.dhammadownload.com



မဟာခေါ်ဆို၊ ပြားပြောက်လှသော၊ ထိုကုသိုလ်တော်၏။ **အာနုဘာဝေန**=အမွေခံရိုး၊ ကံတန်ခိုး၏၊ ဖန်ပျိုးရှိန်စော်၊ အာနုဘော်တော်ကြောင့်၊ **သမ္ဗေ**=တစ်ယောက်မကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကုန်သော၊ **ပါဏီနော**=ဇီဝိတိန္ဒြေ၊ ထိန်းစောင့်ခြေ၍၊ ရှည်ထွေခုထိ၊ တည်နေဘိသော၊ သက်ရှိများစွာ၊ သတ္တဝါ အနန္တ၊ မှန်သမျှတို့သည်။ **သဒ္ဓမ္မရာဇဿ**=ပါရမီစာဂ၊ စရိယနှင့်၊ ဘုရားကျေးဇူး တရားထူးတို့ဖြင့်၊ ပွားလူများစွာ၊ သတ္တဝါတို့ကို၊ သဒ္ဒါရွှန်းဝေ၊ နှစ်သက်စေသည့်၊ ပရမေမှန်ကင်း၊ တရားမင်းဘုရင်၊ ဘုရားရှင်၏။ **သုခါဝဟံ**=လူ့,နတ်,နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာ စက်ကို၊ လက်ရောက်ရအောင်၊ ရွက်ဆောင်တော်မူပေထသော။ **ဓမ္မံ**=ဟော်ဖော်ငြိမ့်ညောင်း၊ တရားကောင်းကို။ **ဉတွာ**=သုတ–စိန္တာ၊ ဘာဝနာဟု၊ ပညာသုံးဆိုင်း၊ မြင်းလျင်စိုင်းသို့၊ ပြိုင်းပြိုင်း ထင်ထင်၊ အမှန်အတိုင်း သိမြင်ကြကုန်သည်ဖြစ်၍–

**ဝိသုဒ္ဓိယ**=ကာမသုခလ္လိက၊ အတ္တကိလမထ၊ နှစ်ဖြာ သော အယုတ်တရားတို့မှ၊ ဝေးခြားကင်းကွယ်၊ သန့်ရှင်း စင်ကြယ်လှစွာသော၊ **သုခါယ**=မဂ်ဖိုလ်၏အဟန့်အတား၊ နီဝရဏတရားတို့ကို၊ ပယ်ရှားဖို့ရာ၊ လွယ်ကူချမ်းသာစွာ ထသော။ **ပဋိပတ္တိယာ**=အင်္ဂါကဖြူစင်လှသား၊ မဇ္ဈိမပဋိပတ်၊ အကျင့်မြတ်ဖြင့်၊ **အသောကံ**=ဗျသနငါးမျိုး၊ တရားဆိုးတို့ကြောင့် စိုးရိမ်ပူဆွေး ရခြင်း အလျဉ်းမရှိထသော။ **အနုပါယာသံ**=ရင်ဝမ်းမလင်း၊ ပင်ပန်းပြင်း၍ အတွင်းကြိတ်ဟု မဖိတ်ဆူဘဲ၊ စိတ်ပူလှိုက်ဆွေး၊ ဥပါယာသဘေားလည်း မရှိထသော။ **ဥတ္တမံ**=ဆိုခဲ့ပြီးလတ်၊

http://www.dhammadownload.com



ဂုဏ်သကတ်ကြောင့်၊ မြင့်မြတ်ကဲချွန်၊ သာလွန်စွာထသော။ **နိမ္မာနသုခံ**=ဘဝ ကြီးငယ်၊ အသွယ်သွယ်ကို၊ မြေးတွယ်ချုပ်စပ်၊ တဏှာငတ်မှ၊ ကျွတ်ရာလွတ်ရာ၊ နိဗ္ဗာန်ချမ်းသာသို့။ **ပါပုဏန္တု**= ဒိပ္ပါဘိညာ၊ ဒသဝိပဿနာ၊ ပညာကွန်းပြောက်၊ သွန်းသွန်း ဆောက်၍၊ ဆိုက်ရောက်တော်မူနိုင်ကြပါစေကုန်သတည်း။

"သာဓု-သာဓု-သာဓု"

❊ **စိရံ တိဋ္ဌတု သဒ္ဓမ္မော၊**
**ဓမ္မေ ဟောန္တု သဂါရဝါ။**
**သဗ္ဗေပိ သတ္တာ ကာလေန၊**
**သမ္မာ ဒေဝေါ ပဝဿတု။ ။**

**သဒ္ဓမ္မော**=ပရိယတ်-ပဋိပတ်၊ ပဋိဝေဖော၊ သဒ္ဓမ္မ တွင်ခေါ် သာသနာတော်သုံးရပ်သည်။ **စိရံ**=အနှစ်ငါးထောင်၊ များမြောင် ရှည်ကြာ၊ အခါကာလပတ်လုံး၊ **တိဋ္ဌတု**=ဝိတဏ္ဍာဝါဒီ ရန်မသီဘဲ၊ လျှံခြည်ဝေရွှန်း၊ နေစက်ဝန်းသို့၊ တည်ထွန်း တောက်ပပါစေ သတည်း။

"သာဓု-သာဓု-သာဓု"

**သဗ္ဗေပိ**=တစ်ယောက်မကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ **သတ္တာ**=လူ,နတ်,ဗြဟ္မာ, သတ္တဝါအနန္တ မှန်သမျှ တို့သည်။ **ဓမ္မေ**=ရှင်တော်ဘုရား၊ ဟောကြားမြွက်ဖော်၊ တရား

http://www.dhammadownload.com



တော်၌။ **သဂါရဝါဟောန္တု**=ကိုးကွယ်ရာစစ်၊ ကေန်ဖြစ်ဟု၊ နှစ်နှစ်ကာကာ၊ ယုံကြည်စွာဖြင့်၊ ပညာဆီမီး၊ ထွန်းညှိသီး၍ ကျောက်ထီးအတူ၊ အလေးမူနိုင်ကြပါစေကုန်သတည်း"

"သာဓု-သာဓု-သာဓု"

**ဒေဝေါ**=လူသူအပေါင်း၊ ပွားစီးညောင်းအောင်၊ ကြောင်းရင်းမှန်တုံ၊ ကျေးဖူးပုံသား၊ ပဇ္ဇုန်ခေါ်လျှင်း၊ ရှင်မိုးမင်းသည်၊ **ကာလေန**=ရွာချိန်သင့်ရာ၊ ညဥ့်အခါ၌၊ **သမ္မာပဝဿတု**=အရည်ထန်စွာ၊ မြို့ပြည်ရွာတို့၊ သာယာတင့်မော၊ စည်ပင်ပြောအောင်၊ ဖြောဖြောဝုန်ဝုန်ကြီး၊ ရွာဖြိုးသွန်းပါစေသတည်း"

"သာဓု-သာဓု-သာဓု"

❄ **ယထာရက္ခိံသု ပေါရာဏာ၊**
**သုရာဇာနော တထေဝိမံ။**
**ရာဇာ ရက္ခတု ဓမ္မေန၊**
**အတ္တနောဝ ပဇံ ပဇံ။ ။**

**ပေါရာဏာ**=ရှေးအထက်ကျော်၊ အခါသော်က၊ တေဇော်ထွန်းသစ်၊ ဘုန်းရောင်လှစ်ကြကုန်သော၊ **သုရာဇာနော**=မဟာသမ္မတ၊ ဉာဏ်သို့စသား၊ ဘုရားအလောင်း၊ ရှေးမင်းကောင်းတို့သည်။ ပဇံ=တိုင်းသားပြည်သူ၊ ဗိုလ်လူအပေါင်းကို။ **ဓမ္မေန**=ရာဇဓမ်ဆယ်ပါး မင်းကျင့်တရားဖြင့်၊ **အတ္တနော ပဇံဣဝ**= ရင်မှ

http://www.dhammadownload.com



ပေါက်ဖွား၊ မိမိ၏သားကိုကဲ့သို့။ **ရက္ခိသုယထာ**=မိဘအရာ၊ တည်နေကာဖြင့်၊ ပြစ်ဆာမလိန်း၊ ရန်မာန်ငြိမ်းအောင်၊ ထိန်းသိမ်းစောင့်ရှောက်ကြကုန်သကဲ့သို့။ **တထေဝ**= ထိုဘုရားလောင်း၊ ရှေးမင်းကောင်းတို့၊ အတူသာလျှင်၊ **ရာဇာ**= နှလုံးဉာဏ်ရည်၊ လက်ရုံးရည်ဖြင့်၊ မြန်ပြည်ထောင်စု၊ စိုးမိုးပြုသား၊ သမ္မတိနတ်၊ တို့မင်းမြတ်သည်၊ **ဣမံပဇံ**=မေတ္တာ ချည်နှောင်၊ ညီနှင့်နောင်ဟု၊ ပြည်ထောင်စုသား၊ ဤလူများ ကို။ **ဓမ္မေန**=ရာဇဓမ်ဆယ်ပါး၊ မင်းကျင့်တရားဖြင့်၊ **အတ္တ နောပဇံဣဝ**=ရင်မှပေါက်ဖွား၊ မိမိ၏သားကိုကဲ့သို့၊ **ရက္ခတု**= မေတ္တာဂရုဏာ၊ ဖြန့်ချိကာဖြင့်၊ သဒ္ဓါဆော်နှိုး၊ ဗြဟ္မစိုရ်မိုးကို၊ စွေဖြိုးသွန်ကာ၊ တိုင်းရပ်သာအောင်၊ ပညာဝန်တောက်၊ တန်ခွန်ဆောက်၍ စောင့်ရှောက်ချီးပင့်နိုင်ပါစေသတည်း"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# နိဂုံး

## စချိန်ပြီးချိန်

မိမိသည် ဤ"ဗုဒ္ဓ၏သက်သတ်လွတ်တရား"အမည်ရှိ စာအုပ်ကို မုဒုံမြို့ ပဌာန်းလှူငယ်အဖွဲ့မှ ကြီးမှူးကျင်းပအပ်သော သဘော်ဦးဓမ္မာရုံ ဓမ္မသဘင်၌ ဟောကြားအပ်သော အာမဂန္ဓသုတ္တန်ကို ရန်ကုန်မြို့မှစ၍ အမြို့မြို့၊ အရွာရွာ၌ ဟောကြားခဲ့သော အာမဂန္ဓသုတ္တန်တရားများဖြင့် ညှိနှိုင်းကာ လိုတိုး၊ ပိုနှုတ်ပြုလုပ်လျက် ၁၃၃၈–ခုနှစ်၊ တပို့တွဲလဆန်း ၇–ရက် နေ့မှ လဆုတ် ၃–ရက်နေ့အထိ ရေးမြို့နယ် အစင်ရွာ မွန်စိန် တောရ၌ အနားယူကာ ရေးသားပါ၏။

အပြီးသို့မရောက်ခဲ့ပါ၊ အကြားတွင် တရားပွဲများ၊ သွားလာရသဖြင့် မရေးအားဘဲ ပြတ်သွားပါ၏။ ယင်းကို တစ်ဖန် ၁၃၃၉–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉)ရက်နေ့မှစတင်၍

http://www.dhammadownload.com



အင်္ဂပူမြို့နယ်၊ ကွင်းကောက်တောင်ဘက် တောကျောင်းကြီးရှိ ရွာသာကုန်းနေ ဦးမောင်စိမ့်–ဒေါ်စိန်အေး သမီးမြမြ၊ ဒေါ်စိန်အေး ညီမ ဒေါ်တင်ပုနှင့် မိတ်ဆွေတစ်စုတို့ နေ့ချင်းပြီး ဆောက်လုပ် အပ်သော "**မသိုးကျောင်း**"တွင် အနားယူကာ ရေးသားရာ လဆုတ် ၁၃–ရက်နေ့တွင် အပြီးသတ်ပါ သတည်း"

## ကျေးဇူးတင်ပါ၏

ဤ ဗုဒ္ဓ၏ သက်သတ်လွတ်တရား စာအုပ်ကို ရေးသား ရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် တင်ပေဖူးသော ကျေးဇူးဥပကာရ အထူးရှိပေကုန်သော မိဘနှစ်ပါး၊ ဆရာသမား များ၊ ရဟန်းဒကာ၊ ရဟန်းအစ်မများ၊ ပစ္စည်းလေးပါး ဒကာ– ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟ အများတို့အား ကျေးဇူးတုန့်ပြန်ဆပ်ပါ၏။

## အမျှဝေပါ၏

ဤ ဗုဒ္ဓ၏သက်သတ်လွတ် တရားစာအုပ်ကို ရေးသား ရသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို "မြင့်မိုရ်စက္ကဝါ၊ ပမာဆယ်စု၊ နိူင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ် ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ– ဒါယကာမ၊ ဂေါစရဂံ၊ နီယံမပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ် ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်လုံး၊ သိမ်းကြုံးလုံးစုံ၊ နိဂုံးဇနပဒ၊

http://www.dhammadownload.com



ဝေးနိုးစသည်၊ ရှိကြထိုထို၊ များလှူဗိုလ်ပါ၊ ကိုယ်ကို စောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မာရက္ခ၊ အာကာသစိုး၊ တန်ခိုး မဟိဒ်၊ ပုံညဖိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က၊ ဝါသဝ နှင့်၊ လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂိရ၊ ဟေမဝတ၊ ဣန္ဒစိတ္တ၊ စသည်တွက်ဘွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြိတ္တာသွေ၊ ရေပင်လယ်သွား၊ သူတော်များ အား၊ စောင့်ကြားတတ်သည့်၊ မဏိမေခလာ၊ တဖြာထိုလျှင်၊ အလိုဖြည့်တတ်၊ သူရဿတီ၊ ဒေဝီကျော်စွ၊ နတ်မယ်လှနှင့်၊ ဒသက္ကဿရ၊ လောကသံဟာသ်၊ ဝန်းပတ်ရံခြံ၊ မဟာပြုံတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွေ့ လောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြွင် ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငှမသွေ၊ အမျှ–အမျှ–အမျှ ဝေသည်၊ ရစေငါ့နှယ်အတူတည်း။

## ဆုတောင်းလွှာ

ဤ ဗုဒ္ဓ၏ သက်သတ်လွတ်တရား စာအုပ်ကို ရေးသား ရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား၊ ဝေနေယျသတ္တဝါအများကို တရားစည်ကြီး သောင်းတိုက် ဟီးအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

http://www.dhammadownload.com



## တောင်းပန်တိုက်တွန်းလွှာ

ဤဗုဒ္ဓ၏ သက်သတ်လွတ်တရားစာအုပ်၌ တိမ်းပါး ချွတ်ချော်၊ မလျော်ကန်ရာ အဖြာဖြာတို့၊ အကာယ်စင်စစ်၊ သတိလစ်ကာ၊ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ၊ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း၊ ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့်၊ အပြစ်ကင်းပ၊ လမ်းပြဒေသနာ၊ ကျင့်စရာ အဖြာဖြာတို့ကိုလည်း၊ စိတ်မှာစွဲကပ်၊ သတိချပ်၍၊ မပြတ်ပုံသေ၊ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

တောင်ဂ်–အရှင်ပညာဓောတ
မသိုးကျောင်း–တောကျောင်းကြီး
ကွင်းကောက်တောင်–အင်္ဂပူမြို့နယ်
၁၃၃၉–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃–ရက်
(၁၄–၅–၇၇)

http://www.dhammadownload.com



# နောက်ဆက်တွဲ

ရန်ကုန်မြို့ ကျောက်ကုန်း မေဒိနီကျောင်းတိုက်
နာယကဆရာတော် သိရိပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ, ဝိသိဋ္ဌ
ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ ဘွဲ့တော်ရ
အရှင်ဉာဏဝံသဆရာတော်သည်
အရိယာဂါထာမှ ပထျာဝတ္တဂါထာအဖြစ်
ပြောင်းလဲရေးသားအပ်သော အာမဂန္ဓသုတ္တန် ပါဠိ နိသျ

၁။ **ဉ္မဗုဂ္ဂပတ္တမူလေ,**
**ဓမ္မလဒ္ဓေ သုဘုဉ္စကာ။**
**သပ္ပညာ န ကာမကာမာ၊**
**ဘဏန္တိ အလိကံ ဂိရံ။**

**ဘန္တေ**=ကဿပနွယ်ဖွား မြတ်စွာဘုရား၊ **ဓမ္မလဒ္ဓေ**=တရားသဖြင့် ရအပ်ကုန်သော၊ **ဉ္မဗုဂ္ဂပတ္တမူလေ**=စပါး ပဲနောက် သစ်ရွက်စိမ်း သစ်မြစ် သစ်ဥတို့ကို၊ **သုဘုဉ္စကာ**=ကောင်းစွာ စားသုံးနေကြကုန်သော၊ **သပ္ပညာ**=ရသေ့အပေါင်း သူတော်ကောင်းတို့သည်၊ **ကာမကာမာ**=ကာမကို အလိုရှိခြင်းဟူသော အကြောင်းကြောင့်၊ **အလိကံဂိရံ**=ချွတ်ယွင်းသော စကားကို၊ **နဘဏန္တိ** =မဆိုကြကုန်ပါဘုရား။

http://www.dhammadownload.com



၂။ **သုကတံ သုနိဋ္ဌိတဥ္စ၊**
**မံသံ ပရေဟိ ဒိန္နကံ။**
**သာလိအန္နံ ဘုဥ္ဇမာနော၊**
**ဘုဥ္ဇသိ အာမဂန္ဓကံ။**

**ဘန္တေ**=ကဿပနွယ်ဖွား မြတ်စွာဘုရား၊ **သုကတံ**= ကောင်းစွာပြုပြင်စီရင်အပ်ပြီးသည်လည်းဖြစ်သော၊ **သုနိဋ္ဌိတဥ္စ**= ကောင်းစွာ ချက်ပြုတ်ပြီးသည်လည်းဖြစ်သော၊ **ပရေဟိ**= ကောင်းမှုများလို၊ တစ်ခြားသောပုဂ္ဂိုလ်တို့သည်၊ **ဒိန္နကံ**= ပေးလှူပူဇော်အပ်သော၊ **မံသံ**=မွန်မြတ်သော သားငါးဟင်းလျာ ကိုလည်းကောင်း၊ **သာလိအန္နံ**=သလေးဆွမ်းကိုလည်းကောင်း၊ **ဘုဥ္ဇမာနော**=ဘုဉ်းပေးသုံးဆောင်သော အရှင်မြတ်ဘုရားသည်၊ **အာမဂန္ဓကံ**=အညှီအဟောက်ကို၊ **ဘုဥ္ဇသိ**=ဘုဉ်းပေးသုံးဆောင် သည် မည်ပါ၏ဘုရား။

၃။ **အာမဂန္ဓံ န ဘုဥ္ဇာမိ၊**
**ဝေံ ဘာသသိ မာရိသ။**
**တထာပိ တုဝံ ဘုဥ္ဇသိ၊**
**မံသောဒနံ သုသင်္ခတံ။**
**ပုစ္ဆာမဟံ တေမတ္ထံ၊**
**ကီဒိသော အာမဂန္ဓကော။**

**မာရိသ**=ငါးမာန်အောင်မြင် ဘုရားရှင်၊ **အဟံ**=ငါဘုရား သည်၊ **အာမဂန္ဓံ**=အညှီအဟောက်ကို၊ **န ဘုဥ္ဇာမိဝေံ**=ဘုဉ်းပေး

http://www.dhammadownload.com



တော်မမူဟူ၍၊ **ဘာသသိ**=အရှင်မြတ်ဘုရား၊ မိန့်ကြားခဲ့သည် မဟုတ်ပါလော၊ **တထာပိ**=ထိုသို့သောစကားကို မိန့်ကြားခဲ့ ပါသော်လည်း၊ **တုဝံ**=အရှင်မြတ်ဘုရားသည်၊ **သုသင်္ခတံ**= ကောင်းစွာပြုပြင် စီရင်အပ်သော၊ **မံသေဒနံ**=ငှက်သားနှင့် ရောပြွမ်းသော သလေးဆွမ်းကို၊ **ဘုဉ္ဇသိ**=ဘုဉ်းပေးသုံးဆောင် တော်မူဘိ၏၊ **အဟံ**=တိဿရသေ့အမည်ရှိသော အကျွန်ုပ် သည်၊ **တေမတ္တံ**=ဤအညှီအဟောက် အကြောင်းကို၊ **ပုစ္ဆာမိ**=အရှင် မြတ်စွာဘုရားအား လျှောက်ကြား မေးမြန်းပါ၏၊ **အာမဂန္ဓော**= အော့အန်ရွံကြောက်စရာ အညှီအဟောက် အစားအစာဟူသည်၊ **ကီဒိသော**=အဘယ်သို့ သဘောရှိပါ သနည်းဘုရား။

၄။ **ပါဏာတိပါတော ဝဓဆေဒ ဗန္ဓနံ၊**
**ကူဋံ အဒ္ဓိန္နာဒါနကုက္ကုစ္စံ။**
**မိစ္ဆာစာရော အာမဂန္ဓော၊**
**န တွေဝ မံသဘောဇနံ။**

**တိဿ**=တိဿရသေ့၊ **ပါဏာတိပါတော**=သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ခြင်းသည်လည်းကောင်း၊ **ထေယျံ**=ခိုးယူ ခြင်းသည်လည်းကောင်း၊ **မုသာ**=မဟုတ်မမှန် ပြောဆိုခြင်း သည်လည်းကောင်း၊ **ကူဋံ**=စဉ်းလဲခြင်း၊ လှည့်ပတ်ခြင်းသည် လည်း ကောင်း၊ **အဒ္ဓိန္နာဒါနကုက္ကုစ္စံ**=အကျိုးမရှိသော ကျမ်းဂန်တို့ကို သင်ယူခြင်းသည် လည်းကောင်း၊ **မိစ္ဆာစာရော**=သူတစ်ပါး၏ သားမယားတို့ကို ပေါင်းဖော် မှိဝဲခြင်းသည်လည်းကောင်း၊

http://www.dhammadownload.com



**အာမဂန္ဓော**=အညှီအဟောက်တည်း။ **မံသဘောဇနံ**= အသားငါး ဟူသောဘောဇဉ်သည်၊ **နတွေဝ**=အညှီအဟောက် မဟုတ်သည် သာတည်း။

၅။ **အသညတာ ရသဂိဒ္ဓါ၊**
**အသုစိ ဒိဋ္ဌိဝိသဿမာ၊**
**ဒုရန္နယာ အာမဂန္ဓော၊**
**န တွေဝ မံသဘောဇနံ။**

**ယေ**=အကြင်သူတို့သည်၊ **အသညတာ**=ကာမတို့၌ မစောင့်စည်းကုန်၊ **ရသဂိဒ္ဓါ**=ရသာရုံတို့၌ မက်မောကုန်၏၊ **အသုစီ**=မစင်ကြယ်သော မိစ္ဆာဇီဝအဖြစ်ကိုမှီကုန်၏၊ **ဒိဋ္ဌိဝိသဿမာ**=နတ္ထိက အယူဝါဒရှိကုန်၏, မညီညွတ်သော ကာယကံမှုစသည်နှင့် ပြည့်စုံကုန်၏၊ **ဒုရန္နယာ**=သိစေနိုင်ခဲကုန်၏၊ **တေသံ**=ထိုသူတို့၏၊ **သော**=ဤကာမတို့၌ မစောင့်စည်းမှုစသည်သည်၊ **အာမဂန္ဓော**= အညှီအဟောက်တည်း။ **မံသဘောဇနံ** = အသားငါးဟူသော ဘောဇဉ်သည်၊ **နတွေဝ**= အညှီအဟောက်မဟုတ်သည်သာတည်း။

၆။ **လူခါ ဒါရုဏာ ပဝိဒါ၊**
**နိဒ္ဒယ မိတ္တဒ္ဒုဟကာ။**
**မာနိနော အဒါနသီလာ၊**
**အာမဂန္ဓော န အာမိသံ။**

**ယေ**=အကြင်သူတို့သည်၊ **လူခါ**=ခေါင်းပါးသော အတ္တကိလမထ အကျင့်ရှိကုန်၏၊ **ဒါရုဏာ**=ကြမ်းတမ်းကုန်၏၊

http://www.dhammadownload.com



**ဝါ**=အပြောအဆိုခက်ကုန်၏၊ **အပဝါဒါ**=ရှေ့တွင်ချီးမွမ်း၍ မျက်ကွယ်၌ ကဲ့ရဲ့ကုန်၏၊ **နိဒ္ဒယာ**=သနားခြင်းကင်းကုန်၏၊ **မိတ္တဒ္ဒုဟကာ**=အဆွေခင်ပွန်းတို့ကို ပြစ်မှားကုန်၏၊ **မာနိနော**=အလွန်မာန်မူကုန်၏၊ **အဒါန သီလာ**=တောင်းသော်လည်း မပေး၊ ပေးကမ်းလှူဒါန်းလေ့မရှိကုန်၊ **တေသံ**=ထိုသူတို့၏၊ **ဧသော**=ဤအတ္တကိလမထစသည်သည်၊ **အာမဂန္ဓော**=အညှီအဟောက်တည်း၊ **အာမိသံ**=အသားငါးဟူသော ဘောဇဉ်သည်၊ **န**=အညှီအဟောက်မဟုတ်သည်သာတည်း။

> ၇။ **ကောဓော မဒေါ စ ထမ္ဘော စ၊**
> **ပစ္စုဋ္ဌာပနာ စ မာယာ၊**
>
> **ကုသာ ဝိရောဓ သမ္ဘရိ၊**
> **ဘဿံ ဒမ္ဘော ပါပသိတံ၊**
> **အာမဂန္ဓော န အာမိသံ။**

**ကောဓော**=အမျက်ထွက်ခြင်းသည်လည်းကောင်း၊ **မဒေါစ**=မာန်ယစ်ခြင်းသည်လည်းကောင်း၊ **ထမ္ဘောစ**=ခက်ထန်ခြင်းသည်လည်းကောင်း၊ **ကုသာစ**=ငြူစူခြင်းသည်လည်းကောင်း၊ **ဝိရောဓသမ္ဘရိ**=ဆန့်ကျင်ဘက်ပြုလုပ်ခြင်း, လှည့်ပတ်ခြင်းသည်လည်းကောင်း၊ **ဘဿံ**=ဝါကြွားပလွှား၍ ပြောဆိုခြင်းသည်လည်းကောင်း၊ **ဒမ္ဘော**=အလွန်မာန်မူခြင်းသည်လည်းကောင်း၊ **ပါပသိတံ**=သူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းသည်လည်းကောင်း၊ **အာမဂန္ဓော**=အညှီအဟောက်တည်း၊ **အာမိသံ**=အသားငါးဟူသော ဘောဇဉ်သည်၊ **န**=အညှီအဟောက် မဟုတ်သည်သာတည်း။

http://www.dhammadownload.com



၈။ **ပါပသီလာ ဣဏဃာတာ၊**
**သူစကာ ပါဋိရူပိကာ။**
**ကူဋ္ဌာ ကရောန္တိ ကိဗ္ဗိသံ၊**
**အာမဂန္ဓော န အာမိသံ။**

**ယေ**=အကြည်သူယုတ်မာတို့သည်၊ **ပါပသီလာ**=မကောင်းသောအလေ့ရှိကုန်၏။ **ဣဏဃာတာ**=ကြွေးမြီကိုယူ၍ မပေးမသပ်ဖျက်ဆီးတတ်ကုန်၏၊ **သူစကာ**=ကုံးချောတတ်ကုန်၏၊ **ပါဋိရူပိကာ**=သီလရှိယောင် အတုဆောင်တတ်ကုန်၏၊ **ကူဋ္ဌာ**=တံစိုးစားကာ ကောက်ကျစ်စဉ်းလဲသဖြင့် တရားစီရင်တတ် ကုန်၏၊ **ကိဗ္ဗိသံ**=အမိအဖ စသည်အပေါ်၌ ကြမ်းတမ်းသော အမှုကို၊ **ကရောန္တိ** =ပြုတတ်ကုန်၏၊ **တေသံ**=ထိုသူယုတ်မာတို့၏၊ **ဧသော**=ဤမကောင်းသော အလေ့စသည်သည်၊ **အာမဂန္ဓော**=အညှီအဟောက်တည်း၊ **အာမိသံ**=အသားငါးဟူသော ဘောဇဉ်သည်၊ **န**=အညှီအဟောက်မဟုတ်သည်သာတည်း။

၉။ **အသညတာ ဝိဟေသကာ၊**
**ဒုဿီလာစေဝ လုဒ္ဒကာ။**
**ဖရုသာစ အနာဒရာ၊**
**အာမဂန္ဓော န အာမိသံ။**

**ယေ**=အကြင်သူတို့သည်၊ **အသညတာ**=သတ္တဝါတို့၌ သတ်ဖြတ်မှုတို့မှ မစောင့်စည်းကုန်၊ **ဝိဟေသကာ**=သူ့ဥစ္စာကို လုယူ၍ညှင်းဆဲတတ်ကုန်၏၊ **ဒုဿီလာစေဝ**=သီလလည်း မရှိ

http://www.dhammadownload.com



ကုန်၊ **လုဒ္ဒကာ**=ကြမ်းတမ်းသောအမူ ရှိကုန်၏၊ **ဖရုသာစ**=ကြမ်းတမ်းသောစကားလည်း ရှိကုန်၏၊ **အနာဒရာ**=ရိုသေခြင်းကင်းကုန်၏၊ **တေသံ**=ထိုသူတို့၏၊ **ဧသော**=ဤမစောင့်စည်းခြင်းစသည်သည်၊ **အာမဂန္ဓော**=အညှီအဟောက်တည်း၊ **အာမိသံ**=အသားငါးဟူသော ဘောဇဉ်သည်၊ **န**=အညှီအဟောက် မဟုတ်သည်သာတည်း။

၁၀။ **ဂိဒ္ဓါ ဝိရုဒ္ဓါ တိပါတီ၊**
**နိစ္စုယျုတာ တမူပဂါ။**
**နိရယံ အဝံသိရာ ယေ၊**
**အာမဂန္ဓော န အာမိသံ။**

**ယေ**=အကြင်သူတို့သည်၊ **ဂိဒ္ဓါ**=လောဘကြောင့် သတ္တဝါတို့၌ မက်မောကုန်၏၊ **ဝိရုဒ္ဓါ**=ဒေါသကြောင့် မုန်းတီးဆန့်ကျင်ကုန်၏၊ **အတိပါတီ**=မောဟကြောင့် ပြစ်မှားကျူးလွန်ခြင်းသို့ လျင်စွာကျရောက်တတ်ကုန်၏၊ **နိစ္စုယျုတာ**=အကုသိုလ်ပြုရန် အမြဲမပြတ် လုံ့လပြုကုန်သည်ဖြစ်၍၊ **တမူပဂါ**=လောကန္တရိက် ငရဲဟူသောအမိုက်, ယုတ်သောအမျိုး၌ ဖြစ်ရခြင်းစသော အမိုက်သို့ ကပ်ရောက်ရကုန်၏၊ **နိရယံ**=အဝီစိစသော ငရဲသို့၊ **အဝံသိရာ**=ဦးခေါင်းစောက်ထိုးကျကုန်၏၊ **တေသံ**=ထိုသူတို့၏၊ **ဧသော**=ဤမက်မောမှုစသည်သည်၊ **အာမဂန္ဓော**=အညှီအဟောက်တည်း၊ **အာမိသံ**=အသားငါးဟူသော ဘောဇဉ်သည်၊ **န**=အညှီအဟောက် မဟုတ်သည်သာတည်း။

http://www.dhammadownload.com



၁၁။ **အနာသကတ္တံ နဂ္ဂိယံ၊**
**မုဏ္ဍိယံ ဇဋဇလ္လကံ။**
**အဖိနာနိ အဂ္ဂိဟုတ္တံ၊**
**ဗဟူတပါ ဝိဒါဟုတိ။**
**ယညာ ဥတုပသေဝနာ၊**
**သောဓေန္တိ နဟိ ကခံကံ။**

**အနာသကတ္တံ**=သားငါးတို့ကို မစားသောအဖြစ်သည် လည်းကောင်း၊ **နဂ္ဂိယံ**=အဝတ်မဝတ်ခြင်းသည်လည်းကောင်း၊ **မုဏ္ဍိယံ**=ဦးပြည်းခြင်းသည်လည်းကောင်း၊ **ဇဋဇလ္လကံ**=ဆံကျစ်ထုံးခြင်း၊ မြူမှုန်ဆောင်ခြင်းသည် လည်းကောင်း၊ **အဖိနာနိ**=ရသေ့ပရိက္ခရာ သစ်နက်တို့သည်လည်းကောင်း၊ **အဂ္ဂိဟုတ္တံ**=မီးကို လုပ်ကျွေးခြင်းသည်လည်းကောင်း၊ **ဗဟူတပါ**=မသေရန် အတွက် တောင့်တချက်ဖြင့် ကိုယ်လက်ပူပန်စေတတ်သော အကျင့်သည်လည်းကောင်း၊ **ဝိဒါ**=ဗေဒင်တို့သည်လည်းကောင်း၊ **အာဟုတိ**=မီးပူဇော်မှုကိုပြုခြင်းသည်လည်းကောင်း၊ **ယညာ**=ယဇ် ပူဇော်ခြင်းတို့သည် လည်းကောင်း၊ **ဥတုပသေဝနာ**=နွေဥတု၌ အပူခံခြင်း၊ မိုးဥတု၌ သစ်ပင်ရင်း၌နေခြင်း၊ ဆောင်းဥတု၌ ရေသို့ဆင်းခြင်းတို့သည်လည်းကောင်း၊ **ကခံကံ**=ယုံမှားခြင်းရှိသော သတ္တဝါကို၊ **နဟိ သောဓေန္တိ**=မစင်ကြယ်စေ နိုင်ကုန်သည်သာ တည်း။

http://www.dhammadownload.com



၁၂။ **ဂုတ္တော စရေ ဓမ္မေ ဌိတော၊**
**ရတော အဇ္ဈတ္တမဒ္ဒဝေ။**
**သင်္ဂါတိဂေါ ဒုက္ခက္ခယော၊**
**ဂေါစရေသု န လိမ္ပတိ။**

**ယော**=အကြင်သူသည်၊ **ဂုတ္တော**=ဣန္ဒြေ ၆-ပါးတို့၌ လုံခြုံသည်ဖြစ်၍၊ **စရေ**=ညာတပရိညာဖြင့် ဣန္ဒြေတို့ကိုသိကာ ဣန္ဒြေတို့ကို ထင်ရှားအောင်ပြုလျက် ကျင့်၏၊ **ဓမ္မေ**=သစ္စာလေးပါးမြတ်တရား၌၊ **ဌိတော**=တည်၏၊ **အဇ္ဈမဒ္ဒဝေ**=ဖြောင့်မတ်သောသူ, နူးညံ့သောသူ၏အဖြစ်၌၊ **ရတော**=မွေ့လျော်၏၊ **သင်္ဂါတိဂေါ**=ရာဂစသော ကပ်ငြိခြင်းကို လွန်မြောက်၏၊ **ဒုက္ခက္ခယော**=ဆင်းရဲအားလုံး ကုန်ဆုံး၏၊ **သော**=ခိုင်မြဲသော ပညာနှင့် ပြည့်စုံသော ထိုသူသည်၊ **ဂေါစရေသု**=မြင်အပ်ကြားအပ်သော အာရုံတို့၌၊ **နလိမ္ပတိ**=ကိလေသာတို့ဖြင့် မလိမ်းကျံတော့ပေ။

၁၃။ **တေံ အက္ခာသိ သမ္ဗုဒ္ဓေါ၊**
**အညာသိ မန္တပါရဂူ။**
**နိရာမဂန္ဓော စိတြာဟိ၊**
**ဂါထာဟိ ဒသ္သဟိ မုနိ။**

**သမ္ဗုဒ္ဓေါ**=ဘုရားရှင်သည်၊ **တေံ**=ဤအာမဂန္ဓ၏ အနက်သဘောကို၊ **အက္ခာသိ**=သေချာကျန ဟောဖော်ညွှန်ပြတော် မူ၏၊ **မန္တပါရဂူ**=တစ်ဖက်ကမ်းခပ် ဗေဒင်တတ်သော တိဿရသေ့ကြီး

http://www.dhammadownload.com



သည်လည်း၊ **အညာသိ**=အာမဂန္ဓ၏ အနက်သဘောကိုသိလေ၏။ **ကသ္မာ**=အဘယ့်ကြောင့်သိလေသနည်း?၊ **ယသ္မာ**=အကြင့်ကြောင့်၊ **နိရာမဂန္ဓော**=ကိလေသာ အညှီအဟောက် ကင်းတော်မူသော၊ **မုနိ**=ကဿပ ဘုရားရှင် သည်၊ **စိတြာဟိ ဂါထာဟိ**=အတ္တ-ပဒ-ဒေသနာနယအားဖြင့် ဆန်းကျယ်သော ဂါထာတို့ဖြင့်၊ **ဒဿယိ**=သေချာကျန ဟောဖော်ညွှန်တော်မူပြီ၊ **တသ္မာ**= ထို့ကြောင့်၊ **အညာသိ**= သိလေ၏။

၁၄။ **နိရာမဂန္ဓံ သုတွာန၊**
**သဗ္ဗဒုက္ခပ္ပနူဒနံ။**
**နီစစိတ္တော မုဒ္ဓံ ဝန္ဒိ၊**
**အယာစိ ဥပသမ္ပဒံ။**

**သော**=ထိုလက်ျာရံ အဂ္ဂသာဝကအလောင်း တိဿရသေ့ကောင်းသည်၊ **နိရာမဂန္ဓံ**=ကိလေသာ အညှီအဟောက် ကင်းသော၊ **သဗ္ဗဒုက္ခပနူဒနံ**=ဝဋ်ဆင်းရဲအားလုံးကို ကုန်ဆုံးစေတတ် ကဿပဘုရားရှင်၏ တရားမြတ်ကို၊ **သုတွာန**= ကြားနာရ၍၊ **နီစစိတ္တော**=နှိမ့်ချသောစိတ်ရှိလျက်၊ **မုဒ္ဓံ**=ကဿပ ဘုရားရှင်ကို၊ **ဝန္ဒိ**=ရှိခိုးလေပြီ၊ **ဥပသမ္ပဒံ**=သာသနာဝန်ထမ်း မြင့်မြတ်သော ရဟန်းအဖြစ်ကိုလည်း၊ **အယာစိ**=ပေးသနား တော်မူရန် တောင်းပန်လျှောက်ကြားလေပြီ။

ပြီးပါပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

K-2500